www.burmeseclassic.com

TWO CATS PUBLICATION

BURMESE CLASSIC .com

ကလျာ

(ဝတ္ထုသစ်)

# ဆိတ်ငြိမ်ရာကျွန်း

www.burmeseclassic.com

ဒုတိယအကြိမ်

www.burmeseclassic.com

"ချစ် ဝမ်းနည်းနေသလားဟင်"

"ဒီလိုလုပ်ရင် ဒီလိုဖြစ်မယ်ဆိုတာ အစကတည်းက သိပြီးသားပါ ကိုကို ရယ်။ အမေနဲ့အဘကိုတော့ သနားတယ်။ ခက်နွယ်ကို သမီးအဖြစ်က စွန့်လွှတ်လိုက်သလို သူတို့ရင်ထဲက ချစ်ခြင်းမေတ္တာတွေပါ စွန့်လွှတ်ချုပ်ငြိမ်းသွားပါစေလို့ ဆုတောင်းပါတယ်။ အဘနဲ့အမေက ခက်နွယ်ကို သိပ်ချစ်ကြတာ မဟုတ်လား"

ချစ်ဇနီး၏ ကြေကွဲမှုမျက်ရည်စများ မျက်ဝန်းအိမ်မှာ ပြည့်အိုင်လာသည်ကို မြင်ရတော့ ရင်၌နင့်သွားမိသည်။

"ဖြစ်ပြီးမှတော့ ဘာမှတွေးမနေပါနဲ့တော့ချစ်ရယ်။ ကိုကိုလေ . . အချစ်ဆုံးခင်ပွန်းသည်တစ်ယောက်အနေနဲ့သာ မကဘဲ အဘနဲ့ ကြီးဒေါ်တို့ကို ကိုယ်စားပြုတဲ့မေတ္တာနဲ့ပါ ပေါင်းစပ်ပြီး ခက်နွယ်ကို ယုယမယ်၊မြတ်နိုးမယ်၊ ကြင်နာပါ့မယ် ကိုကို့ချစ်လေးရယ်"

ငယ်ချစ်ဦး ဇနီးမောင်နှံနှစ်ယောက်မှာ နူးညံ့လှပသော မေတ္တာများ အကြင်နာများဖြင့် သူတို့၏အိမ်ထောင်ရေးကို ထုံမွှမ်းတည်ဆောက်ရုံမျှဖြင့် မလုံလောက်နိုင်ကြောင်း လက်တွေ့သိရှိကြရလေပြီ။

ကိုတင်အောင်မင်း တစ်ကိုယ်တည်းဘဝက ဖြစ်သလို နေ၍ ဖြစ်သော်လည်း . . 'အိမ်ထောင်တစ်ခု' ဆိုသော ဖွဲ့စည်း





မှုဖြစ်လာသည့်အခါ လိုအပ်ခြင်းများစွာနှင့် ကြုံကြိုက်ရတော့သည်။

ဤကွက်လပ်များစွာကို ဖြည့်ဆည်းပေးသူက ကိုတင်အောင်မင်း၏ အိမ်နီးချင်းမိတ်ဆွေ 'ဒေါ်နန်းခမ်းအေးနှင့် ဦးမြတ်စံ ဇနီးမောင်နှံ'ပါတည်း။

ဦးမြတ်စံမှာ မူဆယ်သူ နန်းခမ်းအေးနှင့် အိမ်ထောင်ကျပြီး ဤနမ့်ခမ်းမူဆယ်တစ်ဝိုက်တွင် အခြေချနေထိုင်လျက်ရှိသော ပြည်မသားတစ်ဦးဖြစ်ပါ၏။

စိတ်သဘောထား ကောင်းလွန်းရှာသော ဤဇနီးမောင်နှံမှာ . . .

ရခါစ ကိုတင်အောင်မင်းတို့ ချစ်သူနှစ်ယောက်ကို သနားခြင်းကြီးစွာဖြင့် အသေးအမွှားကိစ္စလေးမှအစ ကြီးကြီးမားမားပြဿနာများအထိ ကိုယ်ဖိရင်ဖိ ကူညီပေးကြလေတော့သည်။

သူတို့သည် လက်ဖက်ခြောက်ခြံများစွာကို ပိုင်ဆိုင်၍ စီးပွားရေး တောင့်တင်းသော အိမ်ထောင်စုဖြစ်လေသည်။

ကိုတင်အောင်မင်းတို့ ကြင်စဦးဇနီးမောင်နှံမှာ သူတို့နှစ်ဦးကို အစ်ကိုကြီး အစ်မကြီးအဆင့်လောက်သာမက မိဘများကိုယ်စား အားကိုးစိတ်နှင့် ချစ်ခင်တွယ်တာနေကြခြင်းဖြစ်လေသည်။


www.burmeseclassic.com

www.burmeseclassic.com



ယခု စောခက်နွယ်၌ ကိုယ်ဝန်ရှိစမို့ အားငယ်စိတ်များဖြစ်ထွန်းနေသည်ကို ဒေါ်နန်းခမ်းအေးက အဘက်ဘက်မှ လိုလေသေးမရှိအောင် ကူညီပေးနေချိန်ဖြစ်ပေသည်။

"ရော့ပါကွယ်၊ လိမ္မော်သီးလေးစားပါလားနော်"

ကိုယ်တိုင်နွှာ၍ပေးရှာသဖြင့် အားနာစိတ်ကြောင့် ယူစားလိုက်ရသော်လည်း ရင်ထဲမှာပျို့တက်လာသည်။ ဘာဆို ဘာမှစားချင်စိတ်မရှိ။

"ကဲ . . . ဒါဆို တစ်ရေးလောက် အိပ်လိုက်ပါဦးလား ဟင် . . စောခက်နွယ်"

အိပ်ရာထက်မှာ စောခက်နွယ် လဲလျောင်းလိုက်တော့ . .

"အို . . ငါ့သား တကယ်လိမ္မာတာပဲ"

နန်းခမ်းအေး၏ပေါင်ပေါ်တွင် ထိုင်နေသော လေးနှစ်ရွယ်သားလေး "ကိုကို"သည် စောခက်နွယ်၏ခြေရင်းမှ ဂွမ်းကပ်စောင်ကိုလွှမ်းခြုံပေးလိုက်သောကြောင့် . . .

"ကျေးဇူးပါပဲ ကိုကိုရယ်"

စောခက်နွယ်က ဖြူဖြူဖွေးဖွေး ပါးဖောင်းဖောင်းလေးနှင့် ချစ်စရာ ကောင်းလှသောကလေးကို တစ်ချက်နမ်းရှိုက်လိုက်ပြီးမှ . . .

"ကိုကိုလေး လေးနှစ်တောင်ကျော်နေပြီ၊ နောက်ထပ်ကလေးမရအောင် မမအေးဘာလုပ်ထားလဲဟင်"



BURMESE CLASSIC .com



"အို . . . ဘာမှမလုပ်ပါဘူး။ ဘာမှလဲမလုပ်တတ်ဘူး။ ကိုမြတ်စံရော မမရော ကလေးလိုချင်နေကြတာ။ သူ့သဘာဝအရ မရတာ"

"အင်း . . လိုချင်တဲ့သူကျတော့လည်း မရ၊ မလိုချင်သေးတဲ့လူမှာမှ လာပြီးရနေတယ် မမအေးရယ်"

"ဒီလို မပြောကောင်းဘူးလေ စောခက်နွယ်ရယ် . . သားသမီးဆိုတာ ရတနာပဲ။ အိမ်ထောင်ကျစ ဘယ်သူမှ မလိုချင်ကြဘူး။ရလာတော့လည်း ချစ်လိုက်ရတာမှအသည်းခိုက်ခိုက်တုန်လို့ . . နော် သားကြီး . . ."

စောခက်နွယ်ကိုပြောရင်း ရင်ခွင်တွင်းမှ သူ့သားကြီးကိုဖက်ပြီး ပြောလိုက်တော့ သားကြီးကိုကိုက သူ့မိခင်ကိုလည်ပင်းမှသိုင်းဖက်ပြီး အားပါးတရရှိုက်နမ်းလိုက်သည်။ ဤမြင်ကွင်းကြောင့် ညှိုးရော်နေသော စောခက်နွယ်၏မျက်နှာမှာ မေတ္တာအရိပ်အငွေ့နိဒါန်းများကြောင့် ကြည်ရွှင်လန်းဆန်းလာရသည်။

"ကဲ . . ကဲ . . တစ်ရေးအိပ်လိုက်၊ ကိုယ်ဝန်ဆောင်ဆိုတာ အားရှိမှ"

နန်းခမ်းအေးတို့သားအမိ အပြင်ဘက်ထွက်သွားတော့ ဝမ်းတွင်းမှ လူးလွန့်နေသော ရင်သွေးလေးခိုမှီရာကိုမှန်း၍ ဝမ်းပြင်ပေါ် အသာလေးလက်တင်ပြီး အိပ်ပျော်နိုင်



www.burmeseclassic.com

www.burmeseclassic.com

အောင်ကြိုးစားရရှာသည်။

"ဘယ်နှယ့်လဲ"

တစ်ဖက်ခြံမှကိုမြတ်စံ၏ မေးငေါ့၍မေးသော မေးခွန်းကြောင့် သားကိုလက်ဆွဲပြီး နန်းခမ်းအေးမှာ ခင်ပွန်းသည်ရှိရာသို့ ချဉ်းကပ်၍ လေသံတိုးတိုးဖြင့်. . .

"စောစောက အလူးအလဲအန်နေတာ၊ ခုတော့ နေသာသွားပါပြီ"

"အင်း. . စောခက်နွယ်က ပါးပါးနွဲ့နွဲ့ရယ်. . သနွေ့သားကလည်း ထွားပုံရတယ်"

"ဟုတ်တယ်၊ ကျွန်မတော့ စိတ်လေးတယ်၊ သွေးအားလည်း သိပ်နည်းတယ်တဲ့၊ သူ့ကြည့်ရတာ စိတ်ပူစရာပဲ"

"အေးပေါ့ကွာ. . တို့ရှိရာကို အားကိုးတကြီး ရောက်လာရှာတဲ့ မိန်းကလေးမို့ သူ့ ဒုက္ခအပေါင်းကို တို့ပါဝေမျှခံစားပြီး အစွမ်းကုန်ကူညီ ပေးရတော့မှာပေါ့လေ"

✦





BURMESE CLASSIC .com

## အခန်း(၂)

နမ့်ခမ်း ဆေးရုံ. . .

နမ့်ခမ်းတစ်မြို့လုံး၏ အမြင့်ဆုံးကုန်းမြေမှာ တည်ဆောက်ထားသော ဆေးရုံ။

မြန်မာပြည်အရပ်ရပ်ရှိ မည်သည့် အဆောက်အအုံပုံစံနှင့်မတူသော ဆန်းသစ်လှပသည့်ပုံစံ။

လှုံးချော ကျောက်တုံးအကြီးအသေးနှင့် ရွှယ်တူစသည်တို့ကို အဆင့်ဆင့်ရွေးချယ်ပြီး ကျောက်တုံးတစ်တုံးပေါ် တစ်တုံး အဆင့်ဆင့်စီထပ်ပြီး အင်္ဂတေနှင့် ကပ်ဆက်ထားသော နံရံများနှင့် အဆောက်အအုံများဖြစ်လေသည်။

ဆေးရုံဝင်းအတွင်းရှိ အဆောက်အအုံကြီးငယ် အားလုံး အုတ်တစ်ချပ်မျှမပါရှိ။

အင်္ဂတေနှင့် ကျောက်တုံးများချည်းသာ ဆောက်လုပ်ထားပါသဖြင့် ကြည့်ရသည်မှာ ဆန်းသစ်လှပလှလှသည်။


www.burmeseclassic.com

www.burmeseclassic.com

ဤနမ့်ခမ်းမြို့နယ်အထိ သိန္နီစော်ဘွားမှ လှမ်း၍ အုပ်ချုပ်ခဲ့သဖြင့် မြေဧက(၃၀)ကျော်ကို အမေရိကန်နှစ်ခြင်းသာသနာပြုအဖွဲ့က သိန္နီစော်ဘွားထံမှ တောင်းယူခဲ့ပြီး သာသနာပြုကိစ္စ၊ ဆေးရုံကိစ္စ၊ စာသင်ကျောင်းကိစ္စများကို ဆောင်ရွက်ခဲ့လေသည်။

ဤနမ့်ခမ်းဆေးရုံကြီးကို (၁၉၀၂)ခုနှစ်တွင် အမေရိကန်သာသနပြု ဆရာဝန်ကြီးဒေါက်တာဟားပါး (Dr.Harper) ဆိုသူက သစ်သားအဆောက်အအုံဖြင့် ဆေးရုံကိုစတင် တည်ဆောက်ခဲ့ပြီး . . . .

အနှစ် နှစ်ဆယ်အကြာ. . .

(၁၉၂၂)ခုနှစ်တွင်မှ ဒေါက်တာ ဂေါ်ဒင်စတစ်ဖလားဆီးကရေ့ဗ် (Dr. Gordon Stiffler Seagrave) က ဆက်လက်တည်ဆောက်ခဲ့သည်။

ဤ ဒေါက်တာဆီးကရေ့ဗ်သည် သူ့ဘဝကို နမ့်ခမ်းမြေမှာပင် မြှုပ်နှံခဲ့ရှာသည်။

(၁၉၆၅)ခုနှစ်၊မတ်လ(၂၈)ရက်နေ့တွင် ဤဆေးရုံဝင်းအတွင်း၌ပင် ကွယ်လွန်သွားရှာသည်။ နှစ်ပေါင်း လေးဆယ်ကျော်ကြာအောင် သူ့ဘဝကို ဤနမ့်ခမ်းရှိ မောရှမ်းတို့၏ ကျန်းမာရေးအတွက် ပေးဆပ်သွားခဲ့ရှာသော ဆရာဝန်ကြီးကို ဂုဏ်ပြုထိုက်လှပေသည်။





နှစ်ထပ်တိုက်ဆေးရုံကြီး၏ နောက်ဘက် တစ်ထပ်တိုက်မွေးလူနာ ဆောင်ရှေ့မှာ ရပ်လျက် ဆရာဝန်ကြီးဆီးဂရေ့ဗ်နေထိုင်သွားခဲ့ရာ အိမ်ကိုကြည့်ပြီး ခဏတာမျှ စဉ်းစားတွေးတောလိုက်ပြီးမှ. . .

"မအေးလည်း ထွက်မလာသေးပါလားအစ်ကို"

"စောင့်နေလို့ဖြစ်မှာပေါ့"

"ခက်နွယ်ရဲ့ အခြေအနေက သိပ်မကောင်းဘူးဆိုလို့ ကျွန်တော် မအိပ်နိုင်တာ တစ်ပတ်လောက်ရှိပြီ။ စိတ်ပူတယ် အစ်ကိုရာ။ ပြီးတော့ ကျွန်တော် ခက်နွယ်ကို သိပ်သနားတယ်ဗျာ"

သောကမျက်ရည်စများ မျက်ဝန်းမှာစွန်းထင်းလျက် မျက်စိပျက် မျက်နှာပျက်ဖြစ်နေသော တင်အောင်မင်းကို ကြည့်ပြီး ကိုမြတ်စံက သူ တတ်သမျှသော စကားပရိယာယ်များဖြင့် နှစ်သိမ့်နေရှာသည်။

"မွေးပြီ. . . မွေးပြီ"

"ဟာ"

နန်းခမ်းအေး ပြေးလာပြီးပြောတော့ တင်အောင်မင်း ဘာပြောရမှန်း မသိတော့။ ဝမ်းသာအားရခြင်းသတင်းက သူ့ရင်မှာဆို့ပိတ်နေ၏။

"ဟဲ့ . . . . ဘာလေးလဲ"



www.burmeseclassic.com

www.burmeseclassic.com

ဟုတ်ပါရဲ့။ ကိုမြတ်စံမေးမှ ဒီမေးခွန်းကို သူမေးရမှာပါလားဟု သတိရသည်။

"သမီး . . . , သမီးလေး"

ယောကျ်ားလေးမှလို ချင်ကြသော ယောကျ်ားတို့သဘာဝအတိုင်း တစ်ချက်စိတ်ယင့်သွားပြီးမှ. . .

အို. . . ဘာလေးပဲဖြစ်ဖြစ် အရေးကြီးတာက. . .

"မအေး. . ခက်နွယ် နေကောင်းရဲ့လားဟင်. . . ကျွန်တော်လာ ကြည့်လို့ရမလား. . . လာကြည့်ခွင့်ပြုပါလို့ ပြောပေးစမ်းပါ"

"အင်း . . . အင်း"

နန်းခမ့်အေးပြေးပင်သွားပြီး တော်တော်နှင့်ပေါ်မလာ။

စိုးရိမ်စိတ်သည် တင်အောင်မင်း၏ နှလုံးသည်းပွတ်ကို မီးညွှန့် မီးခွက်တို့နှင့် ရှို့မြှိုက်နေသလိုခံစားရသည်။

ခဏကြာတော့ ဆရာမတစ်ယောက်ထွက်လာသည်။

"စောခက်နွယ်ရဲ့ခင်ပွန်းလာပါတဲ့ . . တိုမြတ်စံလည်း လိုက်ခဲ့လေ"

ဆရာမလေးက ကိုမြတ်စံ၏အသိ. . .

အမျိုးသားနှစ်ယောက် အမျိုးသမီးမွေးလူနာခန်းဆောင်များကို ဖြတ်လျှောက်ပြီး မွေးခန်းရှေ့အရောက်တွင်. .

"ဝင်ကြည့်ပါ ကိုတင်အောင်မင်း"





မပြေးရုံတမယ်သာ အခန်းတွင်းဝင်သွားတော့. . . ခုတင်ထက်မှာ ခက်ခဲလွန်းစွာ အသက်ရှူနေသော ချစ်ဇနီး၏ ရုပ်လွှာ . . .

သူ့မှာ သတိမရှိတော့. . .

ချမ်းသာခြင်းအပေါင်းကို စွန့်လွှတ်ရဲသော အချစ်သတ္တိရှင်မလေး စောခက်နွယ် . . . .

"ဝမ်းနည်းပါတယ် ကိုတင်အောင်မင်း. . . သူ့မှာ အခြေခံရောဂါတွေရှိနေတော့ ကျွန်တော်တို့ ဘယ်လိုမှကြိုးစားလို့ မရတော့ဘူးဗျာ"

"ဟင်. . ဟင်. . ဒါ. . ဒါဆို"

သူ့စကားကို သူမဆက်ဝံ့။

ဒါဆို သူ့အချစ်ဆုံးကို ထာဝရစွန့်လွှတ်ရတော့မှာပေါ့နော်။

အချစ်ဦးဇနီးသည်လေးကို အဆုံးရှုံးခံရတော့မှာပေါ့နော်. . ဆိုသော အသိဝင်စိတ်နောက်မှာ တင်အောင်မင်းတစ်ယောက်မှာ ရူးသွပ်သွားတော့မလောက်ချောက်ချားရင်း . .

"ကယ်ပါဦး. . . ကယ်ပါဦး ဆရာရယ်"

"မသေရဘူး. . . ခက်နွယ် မသေရဘူး"

"ခက်နွယ်ကို အဆုံးရှုံးမခံနိုင်ဘူး"

တင်အောင်မင်း၏ ပေါက်ကွဲမှုကိုကြည့်ပြီး ဘာသိသူမှ


www.burmeseclassic.com

www.burmeseclassic.com

မျက်ရက်မဆည်နိုင်ကြတော့။

နှင်းမှုန်ဝေသော မောရှမ်းမြေ၏ညနေဦးဝယ် . . .

အချစ်အတွက် အသက်နှင့်ဘဝကို စွန့်လွှတ်စတေးသွားသော အချစ်ကြီးမလေး 'စောခက်နွယ်'၏ သက်မဲ့ခန္ဓာကိုယ်ကို ရင်မှာပိုက်ဖက်လျက် ငိုရှိုက်နေရှာသော တင်အောင်မင်း၏ အဖြစ်ကို ဘယ်သူမှမကြည့်ရက်၊ မမြင်ရက်ကြတော့။

သူတို့နှစ်ဦး၏ခြေရင်းဆီမှာတော့. . .

သောကအပေါင်းနှင့်ဖွဲ့စည်းရာ ဤလောကအတွင်းသို့ စတင်ဝင် ရောက်လာသော လူသားသစ်တစ်ဦး . .

သို့မဟုတ်. . .

သူ့ မိခင်ကဲ့သို့ အချစ်ကို မြတ်နိုးကိုးကွယ်ကာ တန်ဖိုးထားရှာလေမည့်သူ. . .

မောရှမ်းမြေဖွား မြန်မာမိန်းမလှလေး. . "နန်းခမ်းမို"

✦





## အခန်း(၃)

"မေမေ မောင်မောင်ရေး မွေးမယ်ရား"

"အေး. . သမီးလေးရယ်. . ငါ့သမီးကို ကံဆိုးပါတယ်. . သမီးလေး စကားတတ်စ အခါလည်ကျော်အရွယ်လေးမှာ မေမေနောက်တစ်ယောက် မွေးရမယ်"

နန်းခမ်းအေးစကားကို ဘာမှနားမလည်ဘဲ ငေးကြည့်နေရှာသော မိန်းကလေး။

အမှန်အတိုင်းပြောရလျှင် ကိုယ့်ရင်သွေးလောက် မချစ်သော်လည်း ဤကလေးကို သားကြီးထက်ပင် ဒေါ်နန်းခမ်းအေး အသနားပိုခဲ့ရှာသည်။

ကိုယ့် ရင်သွေးလေးကိုပင် ကြည့်ရှုနိုင်ခွင့်မရအောင် တမလွန်ခရီးရှည်သို့ ထွက်ခွာသွားရရှာသော စောခက်နွယ်၏ ကိုယ်စား သူ့သမီးလေးကို သနားချစ် ချစ်ခဲ့ရှာလေသော ဒေါ်နန်းခမ်းအေး။

စိတ်ထား နှလုံးသားဖြူစင်သန့်ရှင်းလွန်းသော မိန်းမပို့



www.burmeseclassic.com

www.burmeseclassic.com



သွေးမစပ်သောကလေး၏ အနွံ့အတာကို ခံနိုင်ရှာပေသည်။

လောကကို စတင်ဝင်ရောက်လာပြီးသည့် မိနစ်ပိုင်း အတွင်းမှာပင် "အမိမဲ့"ခဲ့ရရှာသော ကလေးလေးမို့ မိခင်စိတ် မိခင်မေတ္တာဖြင့် ဤရက်သမီးလေးကို ရင်ခွင်၌ပွေ့ပိုက်ကာ ပြုစု ကျွေးမွေးခဲ့ရသည့်မှာ သမီးလေးပင် အခါလည်ကျော်၍ စကား တွေတတ်နေခဲ့ချေပြီ။

"ရှမ်းပြည်နယ်မှာမွေးပြီး ကျွန်မရဲ့သမီးလေးအဖြစ် မွေးရမှာမို့ ကျွန်မတို့ ရှမ်းနာမည်ဘဲ ပေးပါရစေနော် ကိုတင်အောင်မင်း။ ခမ်းအေးရဲ့သမီးလေး ခမ်းမိုပေါ့ရှင် နန်းခမ်းမို"

"နန်းခမ်းမို"

"ဟုတ်တယ် . . . . မိုမိုလို့ခေါ်ကြတာပေါ့"

အချစ်အတွက် ဘဝပျက်ခံနေသော ကိုတင်အောင်မင်း က ခေါင်းတညိတ်ညိတ်လုပ်သည်။ ဘာမှ မဆွေးနွေးခဲ့။ စောခက်နွယ်မရှိသည့်နောက်ပိုင်းတွင် သူ့ဘဝ၏အဖော်သည် အရက်။

"မေမေ . . . ကိုကိုရော"

"ကျောင်းသွားတယ်လေ သမီးလေးရဲ့။ လာခါနီးပါပြီ"

ဒေါ်ခမ်းအေးက နာရီကိုမော့ကြည့်ပြီး . . .

"သမီးလေး . . ကိုကို့ကို သွားစောင့်နေနော်။ မေမေ





ထမင်းချက်လိုက်ဦးမယ်"

"ကိုကိုဖို့လည်း ချက်နော်မေမေ"

"ဩော် . . . ချက်မှာပေါ့ သမီးရယ်"

နန်းခမ်းမိုသည် ဒေါ်ခမ်းအေးရှိရာ နောက်ဘက် အဆောင်မှ အိမ်ရှေ့ဆီသို့ပြေးထွက်လာပြီး အိမ်ရှေ့ခါးပန်းမှာ ကျကျနနလေး ခြေချပြီးထိုင်လျက် . . .

"ကိုကိုရေ . . . လာပါတော့"

"ကိုကိုရေ . . . လာပါတော့"

ဟူသော ရင်ထဲမှာ တမ်းတသံအတိုင်း နှုတ်မှရွတ်ဆို လျက် နေ့စဉ် စောင့်မျှော်နေတတ်ရှာသော သံယောဇဉ်မလေး ခမ်းမိုရယ်လေ . . .

လူ့ဘဝမှ လူသားတွေ၏မျက်နှာကို စတင်မှတ်မိစဉ် ကပင် 'ကိုကို' ဆိုသောသူကို စတင်မှတ်မိခဲ့ရှာသော 'မိုမို'။ စတင်သံယောဇဉ်ဖြစ်ခဲ့ရသော အားကိုးရခဲ့သော ချစ်ခင်ခဲ့ရ သော မိုမိုရဲ့ ကိုကိုရယ်လေ . . .

* * *

"ညီမလေး . . ရော့ သကြားလုံး"

သူ့အတွက် ပေးလိုက်သော မုန့်ဖိုးထဲမှမျှဝေလျက်သူ့ အပြန်လမ်းကို ထာဝရမျှော်နေတတ်ရှာသော ညီမလေးစားဖို့



www.burmeseclassic.com

www.burmeseclassic.com

တစ်ခုခုဝယ်လာရသည်က ခုနစ်နှစ်သားလေး ကိုကို၏ နေ့စဉ်ဝတ္တရား. . .

“မေမေ. . . . သမီးလည်းလိုက်မယ်”

“ကိစ္စရှိလို့သွားမှာ၊ ကလေးမလိုက်ရဘူးသမီးရဲ့၊ ကိုကိုနဲ့ကစားနေနော်”

ရသည်။ မိုမိုမငိုပါ။

“ဖေဖေ သမီးလည်းလိုက်မယ်”

“ဖေဖေအလုပ်ရှိလို့. . သမီးရဲ့ကိုကိုနဲ့နေခဲ့နော်”

ရသည်. . . . မိုမို မငိုပါ။

ကိုကိုသည် ကျောင်းဆိုသောအရပ် မဟုတ်ပါပဲ တခြားတစ်နေရာရာ၊ကစားရန်တစ်နေရာရာသို့သွားလျှင်တော့ မိုမို့ကိုဘယ်သူမှ ချော့၍မရတော့။

ကျောင်းဆိုသောအရပ်ကိုသူ မလိုက်ရကြောင်း နားလည်သည်။ တခြားသော နေရာအားလုံးကို သူလိုက်လိုသည်။

ကိုကိုနှင့်ခွဲခွာ၍ မနေရစ်ခဲ့ချင်။ကိုကိုရှိမှ သူ့ဘဝပြည့်စုံသည်။ ပျော်သည်။

ကိုကိုထားရစ်ခဲ့သော ကာလများမှာတော့ နန်းခမ်းမိုကိုဘယ်သူ မှချော့၍မရ။ ကျိကျိတက်အောင်ငိုလေတော့သည်။

နောက်ဆုံးကိုကို ကိုယ်တိုင် ပြန်လာပြီး ချော့မော့လျက်အတူ ကစားလေမှ နန်းခမ်းမို အငိုတိတ်လေ၏။





ဤသို့ဖြင့် ခုနစ်နှစ်သားလေးကိုကို့မှာ ဖြောင့်ဖြောင့်မသွားဖြစ်၊ ဖြောင့်ဖြောင့် မကစားဖြစ်ပါပဲ။ ဘယ်နေရာသွားသွား ညီမလေးက တန်းလန်း။

“ကိုကို ချို”

သူ ညောင်းလေတိုင်း မနိုင့်တနိုင်နှင့် ချီပိုးပြီး ပြန်လာခဲ့ကြပုံများကို နန်းခမ်းမို ပြန်လည်၍ စဉ်းစားလေတိုင်း ရေးရေးပေါ်လာတတ်မြဲပါ။

ကိုကိုနှင့် လက်ချင်းတွဲဆက်လျက် သွားအတူ၊ လာအတူ၊ ဆော့အတူနေခဲ့ရသော ကာလများကိုတော့ နန်းခမ်းမိုဘယ်သောအခါမှ မမေ့ပျောက်နိုင်ခဲ့ပါ။

“ကိုကို”

“ညီမလေး”

ဆိုသောအသံဖြင့် ထာဝစဉ်တွဲဆက်ခဲ့လေသော သံယောဇဉ်ဦး ကာလများ. . .

သည်လိုနှင့် နန်းခမ်းမို လူသားမြို့တော်သို့ရောက်ပြီး တစ်နှစ်ကျော်မျှအချိန်ကာလအတွင်းမှာ . . . .

“မောင်မောင်”

ဆိုသော လူသားတစ်ဦး ထပ်မံမွေးဖွားလာခဲ့လေတော့သည်။

မောင်မောင်သည် ချူချာသော ကလေးငယ်အဖြစ်နှင့်



www.burmeseclassic.com

www.burmeseclassic.com



မိခင်၏ ရင်ခွင်မှဆင်းရသည်မရှိ။

သားသမီးကို အထူးဂရုစိုက်၍ ပိုက်ပွေ့ယုယ တတ်ရှာသော ဒေါ်နန်းခမ်းအေး၏ရင်ခွင်မှာ မိုမို့အတွက် နေရာမရှိတော့။

ဦးတင်အောင်မင်းသည်လည်း . . . . . .

"ချစ်ဇနီးအတွက် အသည်းကွဲသည်"

ဆိုသော အကြောင်းပြချက်ဖြင့် အရက်၏ခြေတော်ရင်း၌ ဝပ်စင်းနေသော သားကောင်များစွာထဲမှ တစ်ခုသောသားကောင်ဖြစ်ခဲ့လေပြီ။

"သမီးလေးကို သူတို့က ချစ်ကြသားပဲ"

"နန်းခမ်းအေးက . . . ကလေးကို မိခင်တစ်ယောက်နဲ့မခြားအောင် ပြုစုပေးနေတာ"

"ငါမှ ကလေးမထိန်းတတ်တာ"

ဟူသော အယူအဆများဖြင့် သူ့ဘက်သို့ ခပ်သာသာလေးတွေးပြီး သူ့ကိုယ်ကိုသူသာ ပထမဦးစားပေးအနေဖြင့်ထားခဲ့သော ဦးတင်အောင် မင်းက အိမ်မှာပြန်လာအိပ်ရုံမို့ နန်းခမ်းမိုအတွက် ဖခင်ရင်း၏ ရင်ခွင်ပျောက်ရုံမက . . .

အနန္တမေတ္တာရှင် မိခင်ကြီး၏ရင်ခွင်မှာလည်း သူ့ကိုယ်စား 'မောင်မောင်'ဝင်ရောက်ခဲ့လေပြီ။

သည်လိုနှင့် . . . .





မောရှမ်းမြေမှာ မွေးဖွားကြီးပြင်းခဲ့ရရှာသော နန်းခမ်းမို ဆိုသည့် မြန်မာမိန်းကလေးသည်. . .

သူ့ဘဝအတွက် တစ်ဦးတည်းသော အားထားရာ၊ မှီခိုရာ၊ မြတ်နိုးရာ၊ ချစ်ကြင်ရာ 'ကိုကို'ဆိုသောသူအတွက် သူ၏ ရစ်ပတ်နိုင်စွမ်းသမျှသော သံယောဇဉ်ကြိုးတို့သည် ကိုကို့ထံ၌သာ စုစည်းချည်နှောင်ပြီး လောကကြီးအတွင်းမှ အချိန်ကာလများစွာကို ဖြတ်သန်းလွန်မြောက်ပြီးသည့် နောက်ဝယ်. . .

✦



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၄)

တောအထပ်ထပ် တောင်အသျှိုသျှိုကြားမှ ရစ်ခွေပတ်ဝေ့ကာ မြန်မာ့နယ်စပ်ကမ်းခြေကို ထိတိုက်ဖြတ်ကျော်စီးဆင်းသွားလေသော. . .

"ရွှေလီမြစ်"

တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံအကြားမှလည်းကောင်း၊ တရုတ်ပြည်တွင်းမှလည်းကောင်း၊ မြန်မာပြည်ထဲသို့လည်းကောင်း၊ ရေကြောင်းများပြောင်းလဲကွေ့ကောက်ကာ စီးဆင်းလာသော ချစ်ကြည်ရေးနှစ်နိုင်ငံ၏ မျှဝေပိုင်ဆိုင်သောမြစ်ရွှေလီ. . .

"ဒီဖောင်မှာ ပါလာပါပြီ၊ ဟောဟိုမှာ အကျီအနီနဲ့"

အဝေးကပင် လှမ်း၍မြင်နေရသော အရပ်ရှည်ရှည်နှင့်သူ. . .





သစ်သားလှေအရှည်ကြီးကို ဘေးနှစ်ဘက်အောက်ခြေဆီမှ ဝါးလုံးများနှင့်တုပ်နှောင်ပြီး ဖောင်သဖွယ်ဆင်ထားသည့် မြစ်ကူးကုတို့ယာဉ်. . .

ရေကတိမ်ပြီး သောင်တွေထွန်းနေသဖြင့် လှေသွားရန်အတွက် လှော်စရာမလို။ ထိုးဝါး ဝါးလုံးရှည်ကြီးများနှင့် ထောက်ကာ ထိုးကာရွှေ့လျား စေရသောရေယာဉ်။

"လာ . . . သွားကြို့ရအောင်"

"နန်းစောမွန်" က သွက်လက် တက်ကြွနေသည်။

သူငယ်ချင်းနှစ်ယောက် လက်ချင်းချိတ်ဆက်လျက်သောင်ပြင်ပြန့်အတိုင်းပြေးကြိုတော့ . . . . .

"ဟေး. . . မွန်"

ဖောင်ပေါ်မှ ခုန်ဆင်းလိုက်ပြီး နန်းစောမွန် လက်တွင်းသို့ သူ ဝယ်လာသော အထုပ်တစ်ထုပ်ကိုထည့်ပေးလျက်. . .

"မွန်ဖို့ပဲ ဝယ်လာတယ်. . သူ့ဖို့ဘာမှဝယ်မလာဘူး။ သူ့က ကိုကို့အချစ်တော်မဟုတ်လား"

"အမယ်လေး. . ဒီကလည်း ဘာမှမလိုချင်ပေါင်"

"ဟဲ. . ဟဲ. . မလိုချင်တဲ့မျက်လုံးကလည်း မွန့်လက်ထဲက အထုပ်ပေါ်မှာချည်းပါလား"

"မောင်မောင်နော်"

နန်းခမ်းမို နှုတ်ခမ်းစူပြီး မျက်စောင်းခဲမိတော့. . .



www.burmeseclassic.com

www.burmeseclassic.com


"အလကားပါ မိုမိုရဲ့အထဲမှာ အမေမှာတာအပြင် . . နင့်ဖို့ ငါးထည်၊ မွန်ဖို့ငါးထည် လက်ကိုင်ပဝါလှလှလေးတွေ ဝယ်လာပါတယ်"

"တော်စမ်းပါမောင်မောင်ရယ်. . မသိရင်ခက်မယ်၊ နင် မွန်မွန်ဖို့ ဝယ်ပေးချင်တာနဲ့ အမေ့အဆူမခံရအောင် ငါ့ဖို့ ပါဝယ်လာတာပါ. . ငါသိပါတယ်"

"မိုမိုကလည်း ဟယ်"

နန်းစောမွန်က မောင်မောင့်ကို အားနာသွားသလိုလို၊ ရှက်သွားသလိုလိုဟန်လေးနှင့် မျက်နှာပျက်သွားရှာသည်။

"လျှာရှည်မ . . အမေ့ ပြန်တိုင်မနေနဲ့ဦး"

မောင်မောင်က မျက်နှာထားနှင့် ဟောက်တော့ နန်းခမ်းမိုက မျက်စောင်းစူးစူးကြီးထိုးပစ်လိုက်သည်။

"နင်တို့မောင်နှမကလည်း အမြဲရန်ဖြစ်နေတာပဲ. . . လာလေ. . သွားကြမယ်"

နန်းစောမွန်က စိတ်ညစ်သွား၍ သူ့အပျော်လေးများ လွင့်စဉ်ကုန်သည်။

"မိုမို. . . ငါတို့ ဒီနေ့ခင်းကားနဲ့ပြန်မလား"

"နင့်သဘောပဲ"

"မပြန်ပါနဲ့ဦးဟယ် မိုမိုရယ်. . သန်ဘက်ခါ မူဆယ်ဈေး နေ့ပြီးမှပြန်ကြပါ"



"မောင်မောင် နေချင်နေခဲ့။ ငါတော့ ပြန်မှာပဲ"

"နင် ကိုကို့ကို မခွဲနိုင်လို့ မဟုတ်လား"

"ဟုတ်တယ်. . ဟုတ်တယ်။ ပြီးတော့ အမေ့ကို ကူမယ့် လူမရှိတာလည်း နင်အသိပဲဟာကို"

"အေးပါ။ ဒါပေမယ့် ဒီမှာ တစ်ရက်လောက် နေကြရအောင်လေ။ မနက်ဖြန်မှပြန်မယ်"

"ဈေးဖိတ်ညကြီးကို သန်ဘက်ခါနေ့လယ်မှ ပြန်ကြပါဆို"

"မဖြစ်လို့ပါ မွန်မွန်ရဲ့၊ ဒီနေ့ပြန်ခဲ့မှာလို့တောင် ကိုကို့ကို ပြောခဲ့တာ"

"ပြောမနေနဲ့ မွန်မွန်၊ သူက သူ့ကိုကိုမှ လူလို့ထင်တာ"

"နင့်ကိုလည်း ငါချစ်တာပဲ မောင်မောင်ရယ်။ နှင်ခိုင်းတာဆို ငါအမြဲလုပ်ပေးခဲ့တာတော့ မပြောဘူးလား"

"အေးပါ. . . အေးပါ၊ ကဲ. . ဒါဆို ဒီတစ်ညတည်း နေပါဟာ. . နော် မိုမို. . "

နန်းခမ်းမို ငြိမ်တွေသွားသည်။ မျက်စိထဲမှာ ကိုကို့ ရုပ်ပုံက ထင်ဟပ်လာတော့သည်။

"မတတ်နိုင်ဘူးလေ။ မောင်မောင် ဒီလောက်နေချင်မှတော့ နေလိုက်မှပဲဖြစ်မှာပါ"

ယင်းအတွေးအဆုံးတွင် နေကြမည်ဟု မိုမိုကပြော



www.burmeseclassic.com

www.burmeseclassic.com

လိုက်တော့ မောင်မောင်နဲ့ နန်းစောမွန်တို့၏အပြုံးများက ရွှေလီမြစ်ဝှမ်းဒေသအနှံ့ ပျံ့နှံ့ သွားလေတော့သည်။

ယခုလို နွေဦးရာသီမှစ၍. . .

ရွှေလီမြစ် ရေစစ်ချိန်တွင် မြစ်ခြေလယ်ကွင်းများလည်း ခြောက်သွေ့နေသဖြင့် လယ်ကွင်းများ၊ ကန်သင်းများပေါ်မှ လမ်းလျှောက်၍ရနိုင်ပေသည်။

ရွှေလီနှင့်နမ့်ခမ်းမြို့သည် အတန်ငယ် အလှမ်းဝေးကွာပါသော်လည်း . . .

မူဆယ်မြို့နှင့် ရွှေလီသည် လှမ်း၍မြင်နေရလောက်အောင်ပင် နီးကပ်ပါချေသည်။

မူဆယ်နှင့်နမ့်ခမ်းမြို့သည် ကားလမ်းခရီး (၁၉)မိုင်မျှသာဝေးကွာပါသဖြင့်. . .

ပြည်မသားနှင့် သွေးချင်းများအားလုံး၏နှုတ်မှာ မူဆယ်၊ နမ့်ခမ်းဟူ၍ တတွဲတည်းတွဲခေါ်လေ့ရှိသော မောရှမ်းမြေတို့၏ အထင်ကရ မြို့မောင်နှမ။

ရွှေလီနှင့် တပြင်တည်းဖြစ်နေသော လယ်ကွင်းမြေပေါ်မှ လျှောက်လာကြပြီးနောက် မူဆယ်တောင်ပေါ်မြို့လေးသို့ ပန်းဟိုက်အောင် တက်ခဲ့ကြရသည်။

ဤ မူဆယ်မြို့၏ ဗိုလ်တဲကုန်းမြေမှ ဆီး၍ကြည့်လိုက်လျှင် တရုတ်ပြည်သူ့သမ္မတနိုင်ငံဘက်မှ သကြားစက်





နှင့်ရွှေလီမြစ်ခြေမှ မြင်ကွင်းများကိုပါ ရှင်းလင်းစွာမြင်နိုင်ပါ၏။

မြင့်မတ်လွန်းသဖြင့် နွားများ မရုန်းနိုင်ကြ။ ကုန်တင်နွားလှည်းများကို လူတို့ကူ၍ တွန်းတင်နေကြသည့်ဘေးမှ ဖြတ်ကျော်လျှောက်လာပြီး ဗိုလ်တဲကုန်းမှပတ်လျက် နန်းစောမွန်တို့၏အိမ်ရှိရာ 'ဟိုမွန်ရပ်'သို့ ပြန်ရောက်လာခဲ့ကြသည်။

ဌာနေတို့သည် အားလုံးလိုလိုပင် 'ရှမ်းကြီး'ဟုခေါ်သည့်မောရှမ်းစကားများသာ ပြောဆိုလေ့ရှိကြသည်။

အောက်ရှမ်းဟုခေါ်သော ကျောက်မဲအောက်ဘက်ပိုင်းဆီမှ မြောက်ပိုင်းရှမ်းပြည်သားများ၏ စကားနှင့်လည်းကောင်း၊ တောင်ကြီး-ကလောစသော တောင်ပိုင်းရှမ်းပြည်နယ်သားများ၏စကားနှင့်လည်းကောင်း အနည်းငယ်ကွဲပြားခြားနားလေသည်။

အလောင်းစည်သူမင်းလက်ထက်ကပင် ရေးထိုးခဲ့သောကမ္ပည်း ကျောက်စာအရ 'မောလူမျိုးတို့နေထိုင်ရာ'ဟုပါရှိချက်အရ ဤဒေသမှ ရှမ်းတို့မှာ ရှမ်းကြီးဟူသော မောရှမ်းတို့ဖြစ်ကြလေသည်။

ဟိုမွန်၊မြောက်ရပ်၊တောင်ရပ်၊ ဈေးရပ်၊ ကောင်းနောင်ရပ်၊ ခရစ်ယာန်ရပ် ဟူ၍ ရပ်ကွက်ပေါင်းခြောက်ခုဖြင့် ဖွဲ့စည်းထားသော မူဆယ်မြို့ပါ။

"ရော့. . ခမ်းမို၊ အမေ့ဖို့ တဘက်တစ်ထည်ယူသွား"


www.burmeseclassic.com

www.burmeseclassic.com

"ဟာ . . မပေးပါနဲ့၊ ခမ်းမိုတို့လာတိုင်း အကြီးက ပေးနေတာပဲ"

"တို့နှစ်ယောက်ကညီအစ်မ ထက်ပိုချစ်ကြတယ်လေ၊ သမီးတို့အပြန်မှာ လက်ဆောင်တစ်ခုတစ်ခုပါသွားမှ သူ့ကို သတိရတယ်ဆိုတာသူယုံ ကြည်မှာပေါ့" နမ်းခမ်းမို ယူလိုက်ရပါသည်။ အိမ်မှအမေဒေါ်နန်းခမ်းအေးသည် မူဆယ်သူမို့. . .

ယခုနန်းစောမွန်တို့၏မိခင် " ဒေါ်နန်းမောက်ဆွယ်" နှင့်ကအချစ်ဆုံး အရင်းနှီးဆုံးသောငယ်သူငယ်ချင်းများဖြစ်ကြပါ၏။

အမေသည်လွန်ခဲ့သော၊ နှစ်ပေါင်းများစွာက မြန်မာအမျိုးသား ဘဘဦးမြတ်စံနှင့်အိမ်ထောင်ကျပြီး နမ့်ခမ်းမြို့မှာ အခြေတကျနေထိုင်လျက်ရှိသည်။

ဒေါ်နန်းမောက်ဆွယ်တို့မိသားစု နမ့်ခမ်းသို့လာလျှင်ဖြစ်စေ. . ဒေါ်နန်းခမ်းအေးမိသားစု မူဆယ်သို့လာလျှင်ဖြစ်စေ တစ်ဦးအိမ်မှာတစ်ဦး တည်းခိုကြသည်။

ယခုလည်းလက်ဖက်ခြောက်များ မန္တလေးပွဲရုံသို့ တင်သွင်းရေးကိစ္စ အတွက်စီးပွားဘက်လည်းဖြစ်သော ဒေါ်နန်းမောက်ဆွယ်တို့အိမ်သို့ မိုမိုတို့မောင်နှမကိုအမေက ခိုင်းလိုက်ခြင်းဖြစ်ပါ၏။

"မိုမိုရော့. . . ဒီဂွမ်းကပ်ထူထူယူ။ဒီမှာကနွေလည်း ချမ်းတာပဲ"





"အမယ်လေး မောင်မောင်ရာ. . မိုမို့ကို ပါးပါးလေး မပေးပါဘူး. . . စိတ်ချပါ"

"သူကဒီလိုပါပဲ နန်းမွန်ရဲ့ ရန်သာဖြစ်ကြတာ၊ မိုမို့ကိုတော့ အမြဲညှာပါတယ်"

"မိုမို မောင်နှမသုံးယောက်က သိပ်ချစ်ကြတာပဲ နော်. . "

"ချစ်တာပေါ့၊ ဒီအစ်မတစ်ယောက်တည်းရှိတာ"

မောင်မောင်က အားရပါးရပြောလျက် အိပ်ခန်းကျယ်ကြီး၏ ကြမ်းပြင်ပေါ်မှာခင်းထားသော အိပ်ရာပေါ်သို့လှဲချလိုက်ပြီး ဂွမ်းကပ်ကြီးကိုဆွဲခြုံလိုက်လေသည်။

"မောင်နှစ်မအရင်းမဟုတ်ဘူး" ဆိုသောအသိကို အားလုံးနှင့်အတူ ကိုကိုရော မိုမိုရော မောင်မောင်ပါ သိထားကြပါသော်လည်းတစ်ကြိမ်တစ်ခါမှ သွေးကွဲစကားမဆိုဖြစ်။

ကိုကိုကလည်းညီမလေးအတွက်. . .

မောင်မောင်ကလည်း မိုမို့အတွက်ဟူ၍ ထာဝရ ဦးစားပေးခံရမြဲပါ။

အမေသည် အလွန်အမင်းစိတ်ထားကောင်းလွန်းသူမို့ မျှတရုံမက အမိမဲ့မလေးမိုမို့ကို အမြဲအရေးပေးလေ့ရှိရှာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ညီမလေးဖို့ချန်ထားဦးနော် . . .

မောင်မောင်နှင့်အစ်မမိုမိုမစားရသေးဘူး။

ဟူသော စကားမျိုးအမြဲပြော၍ အစားအစာကိုပင် ပို၍ကျွေးလေ့ရှိရာသော အမေခမ်းအေး. . .

သူတို့မောင်နှစ်မ သုံးယောက်သည်လည်း အမေပုံသွင်းထားသည့်အတိုင်းပင် ချစ်ခင်စည်းလုံးစွာဖြင့် တကယ့်မောင်နှမအရင်းအတိုင်း နေထိုင်လာခဲ့ကြသည်မှာ ယခုမိုမိုအပျိုလေးဖြစ်လာခဲ့သည့် အသက်နှင့်အမျှပါ။

ဤမှာဘက်ပိုင်းတွင်သာ သားသမီးများများ မွေးလေ့ရှိကြသော်လည်း မောင်မောင့်ကိုမွေးပြီးနောက် အမေ့မှာ သားသမီးမရတော့။

အမေ့ထက်ဆိုသူက အမေ့သူငယ်ချင်း ဒေါ်နန်းမောက်ဆွယ်၊

နန်းစောမွန် . . . ဟူသော သမီးလေးတစ်ဦးသာ ထွန်းကားရှာသော အမျိုးသမီးကြီးပါ။

သည်အတွက် နန်းခမ်းမိုတို့ မောင်နှမတစ်တွေရောက်လာလျှင် အဘွားကြီးပါ ဖျော်နေတတ်ရှာသည်။

နန်းစောမွန်သည်မူ သူ့ကြည်နူးမှုကို ထိန်းသိမ်းနိုင်စွမ်းမရှိလောက်အောင်ပင် လှိုက်လှိုက်လှဲလှဲ ပျော်နေတတ်ပါ၏။

မိုမိုတို့မောင်နှမတွေပေါ်၌လည်း ကြီးကြီးမားမား သံယောဇဉ်ထားရှာသူပါ။





ထိုညဉ့်က သန်းခေါင်ရောက်သည့်တိုင် ဖယောင်းတိုင်တစ်တိုင်ပြီးတစ်တိုင်ထွန်းညှိကာ သုံးယောက်သား ပြောလိုက်ကြသည့်စကားများက မကုန်နိုင်မခန်းနိုင်အောင်ပါ။

ဒေါ်နန်းမောက်ဆွယ်သည်လည်း စားစရာများတစ်ခုပြီးတစ်ခု လုပ်ကျွေးရင်း ဘေးမှတပြုံးပြုံးပါ။

မောင်မောင်သည် တစွပ်စွပ်စားတတ်သော သူ့ဝသီအတိုင်း အိပ်ရာထဲမှာတုံးလုံးလှဲရင်းက ကောက်ညှင်းကင်များ၊ မြေပဲယိုများ၊ နေကြာစေ့များကို ယူယူပြီးစားနေတော့သည်။

"မောင်မောင်ကလည်းဟယ်. . အိပ်ရာတွေ ပေကုန်တော့မယ်"

မိုမိုကအားနာ၍ဟန့်တားသည်။

"ပေပါစေ၊ လျှော်မယ်လို့ပြောလိုက်စမ်း နန်းမွန်"

"ပေပါစေ၊ လျှော်မယ်"

နန်းမွန်စကားအဆုံးတွင် အားလုံး ရယ်မောဖြစ်ကြသည်။ပျော်ရွှင်ဖွယ် မူဆယ်မြို့၏ အမှတ်တရ ညလေးတစ်ည။

✦



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၅)

"ဒီတစ်ခါ တို့ကိုကိုလာရှိုးကပြန်လာတာ ပိုလှလာတယ် သိလား၊ လားရှိုးမှာရည်းစားရခဲ့ပြီလား"

"ကြုံကြုံဖန်ဖန် ညီမလေးရယ်. . ရည်းစားမထားအား သေးပါဘူး"

"ရည်းစားများမထားအားဘူးလို့ ရှိရသေးတယ်လား ကိုကိုရဲ့"

"ရည်းစားထားတယ်ဆိုတည်းက မိန်းမရဖို့ထက်ဝက် လောက် သေချာနေပြီလေ၊ကိုကိုဘယ်လိုလုပ်ပြီး မိန်းမယူလို့ဖြစ် ဦးမှာလဲ မိုမိုရယ်"

"ဘာဖြစ်လို့ မဖြစ်ရတာလဲဟင်"

"ဪ. . ညီမလေးရယ်၊ ဘာမှလဲမသိရှာပါလား အခုအိမ်ရဲ့ စီးပွားရေးကမကောင်းလှဘူးလေ အဖေကလည်း မနှစ်ကစပြီး ကောင်းကောင်းမှ မကျန်းမာတာ. . ဒီမိသားစု တစ်ခုလုံးရဲ့တာဝန်ဟာ ကိုကို့တာဝန်မဟုတ်လား"





"ကိုကို"

"ဟင်"

"မိုမို့အတွက် တာဝန်များကြီးနေကြသလားဟင်. . ကိုကို"

"ဘာ. . . ဘာပြောတယ်"

ကိုကိုအသံမာလာ၍ ဘာမှမပြောရဲမီ. . .

"ခုနစကားပြန်ပြောစမ်းပါမိုမို"

"ဟို. . . ဟို"

"ပြောစမ်း"

"ဪ. . ကိုကိုတို့ညီအစ်ကိုဆိုတာ ဝန်မကြီးဘူး၊ မိုမိုက မိန်းကလေးဆိုတော့ တာဝန်ကြီးနေမလားလို့ပါ၊ ကိုကိုတို့ မိသားစုကြားကို မိုမိုဟာ ဒုက္ခပေးဖို့ရောက်နေသလားလို့ပါ"

"ကြည့်စမ်းခမ်းမို. . ရင်ထဲမှာဒီလိုသွေးကွဲတဲ့ စိတ်တွေ ဝင်နေတာ ဘယ်လောက်ကြာပြီလဲဟင်. . ပြောစမ်း"

"စိတ်မဆိုးပါနဲ့ ကိုကိုရယ်"

"ဆိုးတယ်" ကိုကိုအော်လိုက်တော့ ခမ်းမိုလန့်သွား ရပါပြီ။

"မိုမို. . နင်ဟာ တို့ညီမအရင်း၊ နင့်ကိစ္စဟာတို့ကိစ္စ၊ နင့် တာဝန်ဟာ တို့တာဝန်လို့ယူဆထားတယ်၊ ခံယူထားတယ်. . သိလား. . . "



www.burmeseclassic.com

www.burmeseclassic.com

"ကိုကိုရယ်"

"အေး. . . တာဝန်ကြီးမယ်ဆိုရင် အနှိုးနဲ့ထွေးထားရတဲ့နီတာရဲဘဝတည်းကတို့စွန့်ပစ်လိုက်မှာပေါ့. . ဒီအရွယ်ရောက်အောင်မွေးလာပြီးမှ နင်မို့ ဒီစကားပြောထွက်တယ်"

နန်းခမ်းမိုဧ၏အသက်နှင့်အမျှ ကိုကို၏ဒေါသသံနှင့် ယခုလို အော်ငေါက်ခြင်းမျိုးကိုမခံခဲ့ရဖူးပါချေ။

အနည်းအပါး အဆူခံရခြင်းမျိုးတော့မကြာခဏ ကြုံရသည်။ကြောက် ချင်ယောင်ဆောင်ပြီး ငြိမ်နေလိုက်လျှင်ပြီးသွားတတ်သည်ချည်းသာ။

ယခုတော့ . . .

ရင်ထဲမှာတုန်ခိုက်လှိုက်လှဲသွားအောင် ဝမ်းနည်းအားငယ်စေသော ကိုကို၏ဒေါသစကားများကြောင့် မျက်ရည်တို့က ပေါက်ပေါက်ကျကြွေလာတော့သည်။

"ညီမလေးမှားပါတယ် ကိုကိုရယ်၊ နောက်မပြောတော့ပါဘူး"

"အေး . . . မပြောနဲ့၊ ဘယ်တော့မှ မပြောနဲ့"

ကိုကို့ဒေါသကမပြေနိုင်၊ ထပ်ဆင့်အော်ငေါက်ပြီး နန်းခမ်းမိုနားမှ ထွက်ခွာသွားတော့သည်။ ကိုကို့ခြေသံက ပြင်းထန်လှပါဘိ. . .။

နန်းခမ်းမိုသည် သူငိုနေသည်ကို အမေတို့မြင်မှာ





စိုး၍သူ၏ သီးသန့်ခန်းလေးမှ စာကြည့်စားပွဲပေါ်တွင် ထိုင်လျက် မျက်ရည်တို့ ဆက်လက်ကြွေနေတော့သည်။

ကိုကို စိတ်ဆိုးသွားပြီ. . .

စိတ်မဆိုးပါနဲ့ ကိုကိုရယ်. . ညီမလေး ဝမ်းနည်းလွန်းလို့ပါ. . ရင်တွင်းမှ ပြောစကားများက ထုတ်ဖော်ခွင့်မရလေ၊ ရင်မှာပြည့်သိပ်နာကျင်လေမို့၊ အသင့်ရှိနေသောဘောလ်ပင်ကိုဆွဲပြီး စာရေးစက္ကူကတ်ပေါ်မှာချရေး ဖြစ်လိုက်သည်။

ကိုကိုတို့ကတော့ မိစုံဖစုံဆိုတော့"အားငယ်ခြင်း"ဆိုတဲ့ ခံစားမှုကို မခံစားဖူးဘူးပေါ့။

ညီမလေးမှာတော့လေ. . .

အမေနဲ့ ကိုကိုတို့ စိတ်ညစ်တယ်ဆိုရင် ငါ့ကြောင့်များလား. . အကုန် အကျများတယ်လို့ ပြောနေကြရင် ငါ့ကြောင့်များလား. . .

အို. . . နောက်ဆုံး ကိုကိုတို့ တစ်တွေမျက်နှာညိုနေရင်တောင် ငါ့ကို မကျေနပ်ကြလို့လားလို့ အားငယ်စွာ အမြဲတွေးနေမိခဲ့ပါတယ် ကိုကိုရယ်. . .

ကိုကို့မှာဆိုရင် ချစ်စရာ ညီလေးအရင်းရှိတယ်။ အားကိုးစရာ အဖေရှိတယ်။ ထာဝရခွင့်လွှတ်နိုင်ခြင်းမေတ္တာနဲ့ ချစ်မယ့် အမေရှိတယ်လေ။



www.burmeseclassic.com

www.burmeseclassic.com

ခမ်းမိုမှာ . . ဘယ်သူရှိလို့လဲ . . . .

အမေဆိုတာကို မမြင်ဖူးလိုက်ဘူး။

အမေရဲ့ ရင်ခွင်မှာ တစ်မိနစ်တာလေးမျှ ခိုနားခွင့် မရရှိခဲ့ဘဲ အမေ ဆုံးခဲ့ပါတယ်။

အဖေဆိုရင်လည်း အရက်သမားကြီးဘဝနဲ့ ညီမလေး (၁၀)နှစ်သမီး လေးတန်းကျောင်းသူဘဝမှာ ကွယ်လွန်ခဲ့ရပါပြီ။

ကိုကိုရယ် . . . .

ကိုကိုထင်သလို 'သွေးကွဲစကား' ပြောတာ မဟုတ်ရပါဘူးရှင်။

အားငယ်လွန်းလို့ တွေးထင်မိခဲ့တာပါ။

သွေးကွဲချင်ရအောင် မိုမို့အတွက် ဘယ်မှာလည်း သွေး သားရင်းချာ . . .

ကိုကိုတို့မိသားစုသာပဲ ညီမလေးဘဝရဲ့ အားကိုးရာ မှီခိုရာ၊ ချစ်ကြည်ညိုရာပါရှင်။

အထူးသဖြင့် ကိုကို့ကို ညီမလေး အချစ်ဆုံး အားအကိုးဆုံးပါ။

ကိုကို ဒီတစ်ခါဆူတာ မိုမို သိပ်ဝမ်းနည်းပါတယ် ကိုကိုရယ်။

ညီမလေးဟာလေ . . လောကကြီးအလယ်မှာ တစ်ယောက်တည်းပါ။





မိုမိုတစ်ယောက်တည်းပါ . . .

ခမ်းမိုတစ်ယောက်တည်းပါ . . .

စာရွက်ပေါ်မှာ မျက်ရည်တွေကျကြွေနေဆဲ၊အခန်းဝမှာ မောင်မောင့် အရိပ်ကို တွေ့လိုက်ရ၍ မိုမိုနေရာမှ ထလိုက်မိသည်။

မိုမိုငိုနေသည်ကို မြင်လျှင် သူ စွတ်ဝင်လာတော့မည်။ မရမက မေးတော့မည်မို့ သူ မမြင်စေလို . . . .

အခန်းတွင်းမှနေ၍ ခြံပြင်သို့ ထွက်၍ရသော တံခါးပေါက်မှ နန်းခမ်းမို ဆင်းလာခဲ့သည်။

သူတို့အိမ်ဝန်းမှာ ကုန်းမြင့်လေးပေါ်တွင် တည်ရှိပြီး ခြံဝိုင်းက ကျယ်ဝန်း၏။

အနိမ့်ပိုင်းဘက်ကို ဆင်ခြေလျှောဆင်းသွားပြီးနောက် နန်းခမ်းမို အနှစ်သက်ဆုံးနေရာလေးသို့ သွားထိုင်လိုက်မိသည်။

"မိုမို မြေကြီးပေါ်မှာ ထိုင်ထိုင်နေလို့ ကိုကို တန်းလျားလေးရိုက်ပေးတာ" ဟူသော ကိုကို၏ စေတနာတန်းလျားလေးပေါ်မှာ ထိုင်လိုက်မိသည်။ ဤတန်းလျားလေး ရိုက်ပေးထားသည်မှာပင် သုံးနှစ် သုံးနွေရှိခဲ့လေပြီ။

နမ့်ခမ်းဂစ်မြို့လုံး ဘယ်နေရာမှာပဲကြည့်ကြည့် ရွှေ သွယ်မြောင်းလေးအတွင်းမှာ စမ်းရေကြည်က ထာဝရ[illegible]၍ စီးဆင်းနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com

နန်းခမ်းမိုတို့ခြံ၏ အနိမ့်ပိုင်း 'စိန်ပန်းပြာပင်ကြီး' ခြေရင်းမှာ ထိုရေသွယ်စမ်းချောင်းကလေးက တစိမ့်စိမ့်စီးဆင်းနေလေသည်။

နန်းခမ်းမို ခြေချရာမြေပေါ်မှာ စိန်ပန်းပြာပွင့်ကြွေတွေ ပြည့်လို့ ပွင့်ဖတ်ချင်းထပ်လို့ . . . .

ခုံတန်းလျားပေါ်မှာပင် အပြည့်။

"ခြော် . . မနွမ်းပဲနဲ့လည်း ကြွေတတ်တဲ့ ခရမ်းပြာရောင် နွေပွင့်လေးတွေရယ်"

ပင်စည်ထက်မှ ကြွေသက်လာသော တွယ်ရာမဲ့ပန်းလေးတွေကို ကောက်ကိုင်ပြီး သူ့ဘဝနှင့် ချင့်နှိုင်းကြည့်နေမိသည်။

ပွင့်ဖတ်ကြွေလေးများကို ယူပြီး စမ်းချောင်းငယ်ပေါ်တင်လိုက်တော့ ချက်ချင်းပင် နန်းခမ်းမိုနှင့်ဝေးရာသို့ လွင့်မြောသွားကြရှာသည်။

ပွင့်ကြွေလေးတွေကို ရေမှာမျှောနေရင်း မိုမို ငိုမိပါသည်။

နန်းခမ်းမို၏ မျက်ရည်နွေးတို့သည် စမ်းချောင်းလေးနှင့်ပေါင်းစုံ စီးဆင်းသွားကြတော့သည်။

"မိုမို . . . ညီမလေး"

အသံကြောင့် ရုတ်တရက် မော့ကြည့်လိုက်မိတော့





တံတားထိပ်မှာ ရပ်နေသော ကိုကို . . . .

"ခုထိ ငိုနေတုန်းလားကွယ်"

မျက်နှာပေါ်မှ မျက်ရည်စများကို ကွယ်ဝှက်သိမ်းဆည်းချိန်မရတော့။

"ထစမ်း ညီမလေး . . လာ . . ဒီ ခုံတန်းလျားလေးမှာ လာထိုင်ပါ"

ကိုကိုကိုယ်တိုင် သူ့လက်မောင်းကို ဆုပ်ကိုင်မထူ၍ တန်းလျားလေးရှိရာသို့ ဆွဲခေါ်သွားပြီး ထိုင်စေသည်။

အကြောက်မပြေသေး။ ကိုကို့ အအော်အငေါက်ကို ခံရမှာစိုး၍ မိုမို သည့်ထက်ပို၍ မငိုရဲတော့။ ကြိတ်မြိုု၍ မျက်နှာကို ငုံ့ချလိုက်တော့ . . . .

"ဟင် . . . "

ကိုကို့ လက်ထဲမှာ မိုမို ရေးခဲ့သည့် စာရွက်ပြာပြာလေး။

နန်းခမ်းမိုက ဆွဲလုယူလိုက်ပြီး လက်မှာ လုံးဆုပ်ကိုင်လျက်က . . .

"မိုမို ရှုးရှုးပေါပေါနဲ့ လျှောက်ရေးခဲ့မိတာပါ ကိုကိုရယ်"

"မိုမိုကို စိတ်မဆိုးပါနဲ့နော် . . . ကိုကိုစိတ်ဆိုးသွားမှာ မိုမိုအကြောက်ဆုံးပါ"

"မိုမို့ကို ရိုက်ချင်ရိုက်ပါ ကိုကိုရယ်၊ ခုနလိုကြီး မအော်ပါနဲ့ မိုမို ကြောက်လှပါပြီ"


www.burmeseclassic.com

www.burmeseclassic.com



မိုမို့ နှုတ်ခမ်းလေးတွေ တုန်ခိုက်နေသည်။ မျက်ရည်ဥကြီးတွေ ကြွေဆင်းလာတော့သည်။

"မိုမို. . . ညီမလေးရယ်၊ ဖြစ်မှဖြစ်ရလေကွာ"

ကိုကိုအသံက မချိတင်ကဲအသံ . . . . .

ရုတ်တရက် ထိုင်ရာမှ ထရပ်လိုက်ပြီး မိုမို့ကို သိမ်းဖက်လျက် . . .

"တိတ်စမ်း. . တိတ်စမ်း. . . ကိုကို မှားသွားတယ်၊ သိပ်မှားသွားတယ်ကွယ်. . ကိုကို နောက်မဆူတော့ဘူး. . . မအော်တော့ဘူးနော်။ တိတ်. . . တိတ်စမ်းပါကွယ်. . . ကိုကို မကြည့်ရက်လွန်းလို့ပါ"

ပခုံးစွန်းလေးကို ဖက်လျက်က လက်နှင့်ပုတ်ခတ်နှစ်သိမ့်လိုက်ပြီး နန်းခမ်းမို၏ ပါးပြင်ပေါ်မှ မျက်ရည်စများကို တယုတယလေး သုတ်ပေးနေရှာသော . . . .

ကိုကို့၏ မျက်ဝန်းမှာပါ မျက်ရည်တွေ ပြည့်အိုင်လို့ပါ။

"မှန်တယ်. . . ညီမလေး မှန်ပါတယ်"

"ဟင်"

"ကိုကိုကတော့ ညီမအရင်းလေးလို သတ်မှတ်ထားရာက ညီမလေး စိတ်ထဲမှာ သူစိမ်းစိတ်တွေဝင်နေပါလားလို့ သိရလို့ တအားဒေါပွသွားမိတာပါကွယ်"

ကိုကို့အသံမှာ ပျောင်းနွဲ့လှချေသည်။





နောင်တများနှင့်ရောနှောထားသဖြင့်လည်း ဆို့ဆို့နစ်နစ် ဖြစ်နေသည်။

"ညီမလေးဘက်က အခုလို သဘာဝတရားအတိုင်း အားငယ်စိတ်တွေ ဝင်နေလိမ့်မည်ဆိုတာ ကိုကို လုံးဝမတွေးမိခဲ့ဘူး။ အဲဒီလို အားငယ်စိတ်တွေ မဝင်ရအောင် ကိုကို ပိုပြီး ညီမလေးကို ဂရုစိုက်ပါ့မယ်။ မငိုနဲ့တော့နော်။ ကိုကို မကြည့်ရက်ဘူးကွယ်"

အကြင်နာတွေ၊စေတနာတွေ လျှမ်းပြည့်နေသော ကိုကို့စကားကြားရတော့ ရင်မှာသိမ့်သိမ့်ခါအောင် ကြည်နူးသွားရသည်။

စိတ်ဆိုသည်ကလည်း ဆန်းပြားသားပါလား။

ကိုကို ချော့မော့လေမှ ပို၍ ငိုချင်လာသည်။ မျက်ဝန်းမှ မျက်ရည်တွေ သွယ်ကျနေသော်လည်း ရင်မှာနာကျင်ခြင်းမရှိ။

ကိုကို့ရင်ခွင်မှာ မျက်နှာအပ်ပြီး ငိုချလိုက်တော့ ကိုကို့ဖက်တွယ်မှုက ပို၍တင်းကျပ်လာသည်။

"မငိုပါနဲ့ ညီမလေးရယ်။ ကိုကို နောက် ဘယ်တော့မှ မပြောတော့ဘူး။ မအော်တော့ဘူး. . သိလား။ တိတ်တော့နော်"

သူ့ရင်ခွင်မှာ မြုပ်နေသော နန်းခမ်းမို၏ မျက်နှာလေးကို မေးစေ့မှနေ၍ ဆွဲမော့ယူလိုက်ပြီး အကြာကြီး စိုက်ကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com

ပြီးတော့မှ ထိလိုက်လျှင် ကြွေသွားမှာ စိုးရိမ်ရသည့် အရာဝတ္ထုတစ်ခုကို ထိတွေ့ရသလို နန်းခမ်းမို၏ ပါးပြင်ပေါ်မှ မျက်ရည်စလေးများကို အယုယအညင်သာဆုံးသော ထိတွေ့မှုဖြင့် သုတ်ပေးနေရင်းက. . .

"ကိုကို့ကို စိတ်မဆိုးနဲ့တော့နော်"

"အင်"

"နောက် ဘယ်တော့မှ ကိုကို ဒီလို မအော်တော့ဘူးနော် ညီမလေး"

"ကိုကိုရယ်"

မျက်နှာချင်း အနီးကပ်ရှိနေရာမှ ကိုကို့ ရင်ခွင်ကျယ်မှာ ပြန်လည် ပါးအပ်ပြီး သူ့ခါးကို ဖက်တွယ်ထားလိုက်မိသည်။

ကိုကိုသည်လည်း နန်းခမ်းမို၏ ပခုံးနှစ်ဘက်ကို နောက်ကျောဘက်မှ သိုင်းဖက်ထားသည်။ ကျောပြေပြေလေးကို ပွတ်သပ်နေသည်။

ထိတွေ့ဖက်တွယ်မှုက ကြာမြင့်လာသည်နှင့်အမျှ ရှန်ခုန်သံတွေ ပို၍ပို၍ မြန်လာကြသည်။ သွေးကြောအားလုံး နိုးကြားလာ၍ ခန္ဓာနှစ်ခုလုံး ရှိန်းမြနွေးထွေးလာတော့သည်။ ကိုကို့ ဖက်တွယ်မှုက ပို၍ပို၍ တင်းကျပ်လာ၏။

ရင်ခွင်နံရံနှစ်ခု ခြားထားသည်၏ နောက်ဘက်ဆီမှ နှစ်ခုသော နှလုံးသားတို့သည် ပွင့်ထွက်မတတ်လှုပ်ခါနေကြပါပြီ။





ဤနှလုံးသားလှုပ်ရှားမှုမှ ဖြစ်ထွန်းလာသော ခံစားမှုအပေါင်းတွင် အရိုင်းစိတ်များ ရောနှောမလာဖြစ်အောင် ပိတ်ဆီးထားရသူက ကိုကိုရယ်ပါ။

ကိုကိုက ဖက်တွယ်မှုမှ ဖြေလျှော့လိုက်သော်လည်း နန်းခမ်းမိုသည် အားကိုးတကြီး ဖက်တွယ်ထားဆဲပါ။ နွေးထွေးရှိန်းမြသောခံစားမှုဖြင့် နှလုံးခုန်မြန်နေသည့်အဖြစ်ကို သာယာစိတ်ထက်ဝက်ဖြင့် သည်အတိုင်းနေဖြစ်သည်။

အတွေ့ဦးမို့ သူ့ခံစားမှုများကိုပင် သူသရုပ်မခွဲတတ်နိုင်ရှာသော နန်းခမ်းမို။

"ညီမလေး"

သက်ပြင်းမောရှိုက်သံနှင့်အတူ ခေါ်လိုက်ရင်း သူ့ကို ဖက်တွယ်ထားသော နန်းခမ်းမို၏လက်နှစ်ဘက်ကိုပါ ဖြေလျှော့စေပြီး အနီးကပ်ဖြစ်သော်လည်း မထိတွေ့သောထိုင်ခြင်းဖြင့် တန်းလျားလေးမှာ ပြန်၍ထိုင်လိုက်ကြသည်။

"ညီမလေး. . . ညီမလေး မိုမိုဟာ ကိုကို့ရဲ့ ညီမလေးပါကွယ်"

သူ ဖော်ညွှန်းသော အဓိပ္ပါယ်ကို သူကိုယ်တိုင်မှတစ်ပါး သိရန် ခက်ခဲသောစကား။

"ညီမလေး. . . မိုမို"

"ရှင်. . . ကိုကို"



www.burmeseclassic.com

www.burmeseclassic.com

"ကိုကို့ကို စိတ်ဆိုးသေးလား"

"ညီမလေးက ဘယ်တုန်းက စိတ်ဆိုးလို့လဲလို့။ ကိုကိုပဲ စိတ်ဆိုးတယ်လို့. . အော်ပြီးတော့. . ."

ကိုကိုထံမှအကြည်လင်ဆုံးသော အပြုံးသစ်တစ်ခု လင်းဝေလာသည်။

"ကိုကို ဘယ်တော့မှ မအော်တော့ဘူးသိလား"

"မိုမိုကလည်း ဘယ်တော့မှ စိတ်မဆိုးဘူး သိလား"

ရယ်သံလွင်တို့ ပြိုင်တူ။

"ဒါပေမယ့် ကိုကိုရယ်"

"ဘာဖြစ်ပါသလဲဗျာ"

ခမ်းမို အကောင်းပြောမှာပါ။ ကိုကို အော်ရုံမပြောနဲ့ ရိုက်တောင် စိတ်မဆိုးပါဘူး။ ဒါပေမယ့် သိပ်ဝမ်းနည်းတာပဲ"

"နောက် ညီမလေး ဝမ်းနည်းအောင် ကိုကို ဘယ်တော့မှ မလုပ်တော့ပါဘူးကွယ်"

"ဒီတစ်ခါကို ဘယ်လိုဖြစ်မှန်း မသိပါဘူး ကိုကိုရာ။ အရင်တုန်းကဆို ကိုကိုဆူလိုက်ရင် မောင်မောင်နဲ့ မိုမိုလေ မျက်နှာသေလေးတွေနဲ့ ငြိမ်နေလိုက်ကြတာပဲ။ ကိုကိုက အဟုတ်မှတ်ပြီး နောက်လှည့်သွားရော ကိုကို့ကိုလှမ်းပြီး လျှာထုတ်ပြတယ်။ လက်ခါပြတယ်။ သွားတော့ပုံစံပြတယ်"

"ကြည့်စမ်း"





"မိုမိုတို့ ကြောက်ချင်ယောင်ဆောင်ခဲ့ကြတာချည်းပဲ ကိုကိုရဲ့"

"ခွေးမလေး"

"ဒီတစ်ခါတော့ တကယ်ပါ ကိုကိုရာ။ အူထဲအသည်းထဲ ကကို လှိုက်လှိုက်လှဲလှဲ ဝမ်းနည်းလာတာ ငိုချင်လာတာ. . သိလား"

"ကဲပါဗျာ. . . ဒါ နောက်ဆုံးအကြိမ်ပဲဖြစ်စေရမယ်။ နောက်ကို ညီမလေး စိတ်မကောင်းစရာ ဝမ်းနည်းစရာ စကားမျိုး တစ်လုံးမှ မပြောတော့ပါဘူး. . . ဟုတ်ပြီလား"

"ဟုတ်ကဲ့ပါ ကိုကို" –

"နောက်ကို. . 'ငါက သူစိမ်း၊ ငါ့အတွက် အနှောင့်အယှက်တွေ ဖြစ်နေလိမ့်မယ်' ဆိုတဲ့ အတွေးမျိုး ညီမလေးရင်ထဲမှာ အသက်နဲ့အမျှ မရှိပါစေနဲ့ကွယ်. . . နော် ညီမလေး"

"ကောင်းပါပြီ ကိုကိုရယ်"

ရင်ငြိမ်းဖွယ် ပြေလည်သောစကားများကို ပြောကြားနေပါလျက် ခုန်လှိုက်နေသောရင်က မငြိမ်သက်သေး။

ကိုကိုနှင့်ပတ်သက်၍ ထူးခြားဆန်းသစ်သော ခံစားမှုများ စတင်ဖြစ်ထွန်းရသော နေ့တစ်နေ့ပါ။

ထိုနေ့နေ့က. . .

ခရမ်းပြာရောင် စိန့်ပန်းတွေ ပို၍ကြွေပြီး



www.burmeseclassic.com

www.burmeseclassic.com

စမ်းချောင်းကလေးက သာ၍ အစီးမြန်လေသည်ဟု နန်းခမ်းမို ထင်မိသည်။

✦





## အခန်း(၆)

"သမီး ခမ်းမို . . အမေ့ဆီလာစမ်း"

အမေ ဒေါ်နန်းခမ်းအေးသည် မိုမို့ကို ကိုကိုတို့၊ မောင်မောင်တို့ ခေါ်သလို ဘယ်သောအခါမှ မိုမိုဟုမခေါ်ခဲ့။ ခမ်းမိုဟုသာ ခေါ်လေ့ရှိသည်။

နန်းခမ်းမို ကိုယ်တိုင်ကလည်း . . သူ့ကိုယ်သူ မိုမို ပြောလိုက်၊ ခမ်းမို ပြောလိုက်နှင့်ပါ။ အမေကြိုက်သလို ခမ်းမို ဟူ၍ဖြင့် အပြောများသည်။

အမေ့ကိုလည်း နန်းဟူ၍ထည့်ခေါ်လေ့မရှိ။ "ခမ်းအေး" ဟုသာ ခေါ်ကြပါ၏။ သူ့ထက် ငယ်ရွယ်သူများကတော့ ပီအေး အစ်မအေး ဆိုသည့် အဓိပ္ပါယ်ပါ။ စိုင်း . . ဟူသည်အစ်ကို၊ ပီ . . ဟူသည် အစ်မ။

မြန်မာမလေးဖြစ်သော်လည်း မောရှမ်းမြေမှာ မွေးဖွား ကြီးပြင်းလာရသူမို့ ခမ်းမိုတစ်ယောက် ရှမ်းစကားကို ရေရေ လည်လည် တတ်ကျွမ်းနေသည်။


www.burmeseclassic.com

www.burmeseclassic.com



ဒေသခံတို့ တတ်လေ့တတ်ထရှိကြသော တရုတ်စကားကိုပင် ခမ်းမို ထမင်းစား၊ရေသောက် တတ်ကျွမ်းနေလေပြီ။ ပြန်မပြောနိုင်သော်လည်း သူတို့ ဘာပြောနေကြသည်ဆိုသည်ကို သိနိုင်စွမ်းသောအဆင့်ရှိပါ၏။

"ထိုင်ဦး သမီး"

အမေခမ်းအေးသည် ကုလားထိုင်ပေါ်တွင် ခင်း၍ထိုင်ရန် ဂွမ်းကပ်ဖုံ လေးများကို ချုပ်နေရာက . . .

"သမီး အစ်ကိုကြီးက အခုလာရှိုးကောလိပ်မှာ ဒုတိယနှစ်အောင်ပြီး ပြီမဟုတ်လား"

"ဟုတ်ကဲ့ . . အမေ၊သမီး သိတယ်လေ"

"အေး . . အဲဒါ ဒီနှစ် သူ ကျောင်းပြန်မသွားတော့ဘူးတဲ့"

"ဘာဖြစ်လို့ မသွားရမှာလဲ"

"ကျောင်း မနေချင်တော့ဘူးတဲ့"

"ဟင်"

"အေး . . အဲဒါကြောင့် ညက အမေအိပ်လို့တောင် မပျော်ဘူး။ စာသိပ်ကြိုးစားတဲ့သားကြီးကို ဘွဲ့တစ်ခုရစေချင်တယ်ကွယ်"

"ကိုကိုကလည်းနော် . . . ဘာဖြစ်တာလဲ။ နှစ်နှစ်ကျောင်းဆက်တက် လိုက်ရင် ဘွဲ့ရတော့မယ့်ဥစ္စာ"





"သမီး . . . ခမ်းမို"

"အမေ"

"သမီးရဲ့ ကိုကို ဘာလို့ ကျောင်းဆက်မနေလဲ . . . သိလား"

"သမီး မသိဘူး အမေ၊သမီးကိုလည်း ကိုကိုက ဘာမှ မပြောဘူး"

"အလုပ် လုပ်တော့မယ်တဲ့ကွယ်"

"ဘာအလုပ်လဲ အမေ"

"သြော် . . သူ့အဖေကြီးရဲ့ လက်ဖက်ခြံအလုပ်ပဲပေါ့"

"အဲဒါက လူငှားတွေနဲ့ ဖြစ်နေသားပဲ မဟုတ်လား . . ဟင် . . အမေ"

"လူငှားနဲ့ ဖြစ်တယ်ဆိုပေမယ့် သမီးရဲ့ အဖေက ဦးစီးနေရတယ်လေ။ အခု သားကြီးက သူ့အဖေကို နားခိုင်းပြီး သူအလုပ် လုပ်တော့မှာတဲ့"

ကိုကို့ကို အမေပြောသလို ဘွဲ့ရစေချင် စိတ်တော့ရှိပါသည်။ ဒါပေမယ့် ဘာမှန်းမသိ၊ ကိုကို ကျောင်းပြန်မသွားတော့ဘူးဆိုတာကို ပျော်သွားသလိုလို။

ကိုကို လာရှိုးကောလိပ်သို့ သွားခါနီးတိုင်း ငိုခဲ့ရတဲ့ မျက်ရည်တွေ၊ သွားပြီးနောက် အမေနဲ့ မောင်မောင်မမြင်အောင် ကျိတ်ပြီး ငိုခဲ့ရတဲ့အတွက် ရင်နာခဲ့ရတဲ့ ဝေဒနာတွေရှိခဲ့မည်



www.burmeseclassic.com

www.burmeseclassic.com

မဟုတ်တော့။

"အမေ သိပါတယ်။ သူ အားလုံးအတွက် အနစ်နာခံတာပါ"

"ရှင်"

"အဖေ့ကိုလည်း ကူညီချင်ပြီ။ သူ့ရဲ့ ညီမလေးနဲ့ ညီလေးကိုလည်း ကျောင်းဆက်ထားချင်တယ်တဲ့"

"သမီးတို့လည်း ကျောင်းနေနေတာပဲဟာ"

"မဟုတ်ဘူးလေ သမီးရယ် . . မောင်နှမနှစ်ယောက်လုံး ဆယ်တန်း တက်ကြရတော့မယ် မဟုတ်လား"

"အင်းလေ"

"အဲဒါအောင်ရင် နှစ်ယောက်လုံး ကောလိပ်ကို ပို့ချင်လို့တဲ့ . ."

"ဩော် . . ကိုကိုရယ်"

"အေး . . အဲဒါ အခုကတည်းက လုပ်ငန်းထဲဝင်ထားမှ စီးပွားရေးက အသားကျမှာ . . တဲ့"

အမေက အပ်ချည်ကို ရစ်ခွေပြီး အနားသပ်ချုပ်ပြီးမှ ပါးစပ်နှင့် ကိုက်ဖြတ်လိုက်သည်။

"သားကြီးဟာ မိသားစုအားလုံးကို တကယ်ညာရှာပါတယ်ကွယ်"

"ဟုတ်တယ်၊ အစားကအစ၊အဝတ်ကအစ ညှာရှာတာ





သမီးအသိပါ"

"အဲဒါပဲ အမေက ဝမ်းသာနေရတာပါ။ ကိုယ့်မှာလည်း များများ စားစား ရှိကြတာမှမဟုတ်ဘဲ။ ဒီမောင်နှမသုံးယောက်နဲ့ မိသားစုငါးယောက်ပဲ ရှိကြတာမဟုတ်လား"

အမေသည် ခမ်းမိုရှေ့မှာ . . "စောခက်နွယ်" ဆိုသော အမည်ကိုပင် တစ်ခါမှမရေရွတ်ပါ။ "ကိုယ့်မိသားစု" "သားသမီးသုံးယောက်" ဆိုသော စကားဖြင့် ခမ်းမိုအပေါ်မှာ ရင်အုပ်မကွာ ရှိနေစေခဲ့သည်သာ။

"အဲဒါ သမီးဘယ်လိုသဘောရသလဲဟင်"

"သမီးတို့အတွက်တော့ ကိုကိုကျောင်းထွက်ဖို့ မလိုပါဘူး အမေရာ။ ပြီးတော့ ဆယ်တန်းက ခက်လည်းခက်၊ အောင်ချက်ကလည်းနည်းတော့ သမီးနဲ့ မောင်မောင်လည်း ဒီတစ်နှစ်တည်းနဲ့ အောင်ချင်မှ အောင်ကြမှာပါ"

"အင်း . . တကယ်လို့များ နှစ်ယောက်လုံးအောင်ခဲ့ရင်တော့ သားသမီးသုံးယောက်လုံး ကောလိပ်ပို့နိုင်တဲ့ အင်အားမရှိဘူးကွယ်"

"ဒါဆို သမီးကျောင်းမတက်ပါဘူး အမေ။ ကိုကိုနဲ့ မောင်မောင်ဘဲတက်ပါစေ"

"မဟုတ်တာ၊မိန်းကလေးလည်း ပညာအရေးကြီးတာပဲ။ အမေတို့မှာ ဒီသမီးလေးတစ်ယောက်တည်းရှိတာ အနစ်နာခံ


www.burmeseclassic.com

www.burmeseclassic.com



စရာရှိရင် သားတွေက အနစ်နာခံရမှာပေါ့ သမီးလေးရဲ့"

အမေ၏ အတုမဲ့ စေတနာစကားကြောင့် နန်းခမ်းမိုမှာ မျက်ရည်များ စို့ခဲ့ရပါပြီ။

"အဲဒါ သမီးရဲ့ ကိုကိုနဲ့ ဆွေးနွေးတိုင်ပင်ကြည့်ကြလေ။ ကိုကိုက သမီးလေးရဲ့စကားဆို ဂရုတစိုက်အရေးတယူရှိပါတယ်။ မောင်မောင်ဆိုတဲ့ ကောင်ကတော့ ပျော်မယ်၊ ဆော့မယ်။ ဒါလောက်ပဲ နားလည်သေးတာ"

"သူလည်း အသိဉာဏ်ကြီးပါတယ် အမေရဲ့၊ ကလေး စိတ်မကုန်ချင် သေးလို့ပါ။ သူ့မှာလည်း မိသားစု သံယောဇဉ် ရှိပါတယ်"

"ဟုတ်တယ်. . ဟုတ်တယ် . . တို့မိသားစုငါးယောက် ဟာ သိပ်ချစ်ကြတာပဲလို့ လူတိုင်းကအားကျနေကြတာ"

အမေ၏စကားက အားပါးတရရှိလှချေသည်။

"အေး . . အေး၊အမေပြောချင်တာ ဒါပါပဲ။ သမီး ကိုကိုနဲ့သာ ဆွေးနွေး ကြည့်ကြလေ"

"ဟုတ်ကဲ့ . . အမေ"

ကိုကိုရှိနေတတ်သည့် စာကြည့်ခန်းမှာလည်းမတွေ့။ ရေတွင်းဘေး မှာလည်းမရှိ၍ ခြံတွင်းမှာ လှည့်ပတ်ရှာနေဆဲ မောင်မောင်က . . .

"နင် ဘာလုပ်မလို့လဲ မိုမို"





"ကိုကို့ကိုလိုက်ရှာနေတာ"

"နင် ဘာကြောင်နေတာလည်း၊ ကိုကို မနက်ကတည်းက ခြံထဲလိုက် သွားတယ်လေ"

"ဟယ် . . . ဟုတ်သားပဲ"

"ဘာလုပ်မလို့လဲ"

"ဘာမှမလုပ်ပါဘူး"

"ဘာမှမလုပ်ဘဲ ဘာလို့ လိုက်ရှာနေတာလဲ"

"ကိစ္စရှိလို့ပေါ့ဟ"

"ဘာကိစ္စလဲ"

"နင့်ကို မပြောသေးဘူး"

"နင့်တို့မောင်နှမက ငါ့ကို အမြဲအေးဖယ်ထားတာ"

"မောင်မောင်နော်"

မောင်မောင်က နဖူးစောင်းမှာ လက်တင်ပြီး အလေးပြု ဟန်ဖြင့် . .

"ငါကလည်း ဘေးဖယ်တာကြိုက်ပါတယ်။ နင်တို့ စကားလုံးကြီးတွေက ကြီးကျယ်လွန်းလို့ ငါလည်းမနိုင်ပါဘူး"

"ဘာလဲ"

"ဪ . . ဘဝပြဿနာတို့ စီးပွားရေးတို့ နိုင်ငံတကာရဲ့ နိုင်ငံခြား ရေးဝါဒတွေပါ ပါလာတတ်လို့ အေးအေးပဲနေရတာ စေနော်"



www.burmeseclassic.com

www.burmeseclassic.com

"နင်ကမှ တို့လိုမှ ဗဟုသုတမရှိဘဲ"

"ထားပါ . . ထားပါ။စာမရရင်သာ ငါ့ကို ပြပေးပါလို့ လာပြီး မတောင်းပန်နဲ့"

"ဈေးမကိုင်စမ်းပါနဲ့ မောင်မောင်ရာ။ နင်ပြောမှ ငါ တကယ် သတိရတယ်။ သင်္ချာတစ်ပုဒ် ရှင်းပြမယ်ဆို"

"အေးပါ"

"ဒါဆို ခုပဲ တွက်ပေးပါလားဟာ၊ နက်ဖြန်ပြရမှာ . . ."

"အဲဒါ ငါ အဖြေထွက်ပြီးပါပြီ၊ နင့် ပြလိုက်ရင် ခဏလေး ပါပဲ"

"ဒါဆို ပြပါဟယ်၊ ငါ အခု ဘာမှလုပ်စရာမရှိဘူး။ ထမင်းချက်ပြီးပြီ၊ ကြမ်းတိုက်ပြီးပြီ"

"အလကားတော့ ပြမပေးနိုင်ဘူး"

"မုန့်ဖိုး ဘယ်လောက်ပေးရမလဲ"

"ဒီတစ်ခါ မုန့်ဖိုးမလိုချင်ဘူး၊ ဒါ . . ."

မောင်မောင်က သူ့ဂုတ်ကို ကိုင်ပြီး ဟိုလှည့်ဒီလှည့် လုပ်နေ၍ . . .

"ဘာလဲ၊ ဒါ ဆိုတာ"

"ငါ့ နှိုပ်ပေးမလား"

"နင်က အမြဲဒီလိုပဲ၊ပညာတွန့်တိုရင် နောက်ဘဝ ခွေး ဖြစ်တတ်တယ်"





"ဘာ"

"ဒီဘဝ ပညာမျှဝေရင် နောက်ဘဝ ပညာရှိဖြစ်မှာပေါ့။ တွန့်တိုနေရင် ခွေးဖြစ်တာတောင် အ,နေမှာ"

"ခွေးပဲဖြစ်ဖြစ် ဝက်ပဲဖြစ်ဖြစ် နင်ချောက်တိုင်း ငါကမ ကြောက်သေးဘူး။ စာပြပေးစေချင်ရင် ငါ့ကို အချက်ငါးဆယ် နှိပ်ပေးမပေးချင်ရင်လည်း ရတယ်နော်။ ငါက ဈေးမကိုင်ပါဘူး"

"နှိပ်မပေးရင် စာပြမပေးတာ ဈေးမကိုင်တာလား။ နင်ဟာ ငါ့ ဆို အမြဲအနိုင်ကျင့်တယ်။ ကဲ . . လာပြပေး . . တစ်ပုဒ်တည်းပြရမှာ။ အချက် ငါးဆယ်တော့ မနှိပ်နိုင်ဘူး"

"လေးဆယ့်ငါး"

"မရဘူး"

"လေးဆယ်"

"နေပေါ့"

"သုံးဆယ်ငါးတော့လုပ်ဟာ"

"များသေးတယ်"

"ကဲ . . ဒါဆို သုံးဆယ်ဟာ"

"လျှော့ဦး"

"ကဲ . . အချက်အစိတ်"

"များသေးတာပဲ"

"တော်ပြီ၊ ဒီထက်လျှော့ရင် ဈေးပျက်လိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com

"ကဲ . . . ကဲ . . . ဒါဆိုလည်း ပြပါတော့"

"အရင် နှိပ်"

"နှိပ်ပြီးရင် နင်က ပြချင်မှပြပေးတော့မှာ"

"ပြမှာပါ"

"နင့် . . . ငါ မယုံဘူး"

"ယုံပါဟာ၊ ဒီနေ့ ဇက်ကြောတွေ တက်နေလို့ပါ"

"အေး . . ဒါဆို စာအရင်ပြပေးလိုက်။ ပြီးတော့မှ ဇိမ်နဲ့အနှိပ်ခံ၊ ငါ ကောင်းကောင်းနှိပ်ပေးပါမယ့်"

"အေး . . . အေး . . နင်က ကတိတည်ပါတယ်၊ ကဲ . . စာအုပ် သွားယူချေ"

✦

"ခုမှ တကယ်နားလည်သွားတယ်။ငါက ပိုပြီး စာကြိုးစားပေမယ့် စာမကြိုးစားတဲ့ နင့်ကို မီကိုမမီဘူး။ ငါ တကယ် ကျေးဇူးတင်ပါတယ်။ ဟိုဘက်လှည့် ငါးချက်အဆစ်ထည့်ပြီး အချက်သုံးဆယ် နှိပ်ပေးပါမယ်။ အဲ . . ဟုတ်ပြီ၊ စမယ်၊ တစ် . . နှစ်"

မောင်မောင်၏ မာနေသောဇက်ကြောများကို သူ့လက်ကလေးဖြင့် ပေါက်အောင် နန်းခမ်းမိုက အားနှင့်နှိပ်ပေးနေရှာ





သည်။ တကယ်စေတနာနှင့် ဂရုစိုက်နှိပ်ပေးနေတော့ မောင်မောင်က အချက်နှစ်ဆယ် မပြည့်မီမှာပင် . .

"တော်ပြီ . . တော်ပြီ၊ နင့်လက်တွေ နာကုန်လိမ့်မယ်"

"ရပါတယ် . . ပျောက်အောင်ခံပါ။ ငါ တစ်ကယ်နှိပ်ပေးပါမယ်"

"တော်ပါပြီ"

"နေပါဦး"

"တော်ပြီ"

"နေပါဦးဆို"

တစ်ယောက်နှင့်တစ်ယောက် ဈေးဆစ်လိုက်ကြ၊ ရန်ဖြစ်လိုက်ကြနှင့် တကယ်တမ်း လုပ်ပေးရတော့လည်း တစ်ယောက်နှင့်တစ်ယောက် သက်ညှာ လို့မဆုံးနိုင်ကြပါ။

ကိုကိုသည် ခမ်းမိုအပေါ် တွင် သနားစိတ်နှင့် ထာဝရ ငဲ့ညှာတတ်သလို . . .

မောင်မောင်သည် တစ်နှစ်ကျော်မျှသာကြီးသော အစ်မ အပေါ် ချစ်ခင် ရင်းနှီးစိတ်နှင့် အမြဲအသာပေးခဲ့ရှာပါသည်။

မိဘမဲ့သွေးသားရင်းချာ မရှိသော်လည်း . . စိတ်ထား ဖြူစင်လှသော၊ ညှာတာစိတ်ထားများရှိသော၊ စေတနာကြီးမား လှသော ဤမိသားစုလေး အတွင်းမှာ နေထိုင်ကြီးပြင်းခွင့် ရခဲ့သော နန်းခမ်းမိုအတွက် . . .



www.burmeseclassic.com

www.burmeseclassic.com

လှပသော ကံတရားသည် ယခုအချိန်အထိ သူ့ဘက်မှာ ရှိနေဆဲပါ။

✦





## အခန်း(၇)

သမိုင်းတင်စကပင် ကြီးမားသော သစ္စာတရားဖြင့် နေထိုင်လုပ်ကိုင် စားသောက်ခဲ့ကြသော မောရှမ်းတို့၏ ဓလေ့များကို ယနေ့ထက်တိုင်အောင် စောင့်စည်းထိန်းသိမ်းလျက် ရှိကြသော စည်းကမ်းမှာ . . . .

တစ်ရွာက တစ်စုံတစ်ခု ပြုလုပ်ရောင်းဝယ်လျှင် နောက်တစ်ရွာက ထိုလုပ်ငန်းကို ဘယ်သောအခါမှ ဘယ်လိုနည်းနှင့်မှ လိုက်၍ လုပ်ကိုင်လေ့မရှိကြပါ။

ဥပမာ . . .

မြေအိုးများ လုပ်ကိုင်ရောင်းချရာရွာသည် 'မန့်ဟောင်းရွာ'၊ ပဲပုပ် လုပ်ကိုင်ရောင်းချရာရွာသည် 'ကွန့်လုံရွာ' ကောက်ညှင်းကျည်ထောက်ထွက် သောရွာသည် 'ကောင်းဆာရွာ'စသည်ဖြင့် သတ်မှတ်ထားကြသည်။

ဤရွာသည် ဤအလုပ်ဖြင့်သာ အသက်မွေးပြီး ထိုရွာသည် ထိုအလုပ်ဖြင့်သာ အသက်မွေးကြပါ၏။ ဟိုရွာမှ အလုပ်ကို


www.burmeseclassic.com

www.burmeseclassic.com



သည်ရွာသူရွာသားများက ဘယ်သောအခါမှ လုပ်ကိုင်ပြိုင်ဆိုင်လေ့မရှိကြပါ။

'မန့်နားရွာ'က ကြိမ်ကုလားထိုင်များပြုလုပ်ပြီး၊ ဝါးခမောက်ကို တော့ 'ပေါက်နေရပ်ကွက်'မှ လုပ်ကိုင်ကြသည်။ ငွေပန်းထိမ်၊ ရွှေပန်းထိမ်လုပ်ငန်းကိုတော့ 'စယ်ဟိုင်း' တစ်ရွာတည်းသာ လုပ်ကိုင်ပါ၏။ နောက်ဆုံး . . မုန့်လေပွေလို စားစရာလေးကအစ 'နမ့်တီး'တစ်ရွာတည်းသာ လုပ်ကိုင်လျက်၊ ထန်းလျက်မျှင် စားစရာကိုတော့ 'ဝိန်းဆာရွာ'မှ ကြိုချက်လုပ်ကိုင်ကြလေသည်။

တစ်ရွာ၏လုပ်ငန်းကို နောက်တစ်ရွာက လုံးဝမလုပ်ကိုင်၊ မနှောင့်ယှက်၊ မစွက်ဖက်။ စင်ပြိုင်မရှိသည့်ဓလေ့မှာ ဘယ့်လောက်များ ချစ်စရာကောင်းလိုက်ပါသလဲ။

ပြည်မမြို့တော်များဆီမှ တစ်ယောက်ကြီးပွားသည့်လုပ်ငန်းကို တစ်ဦးက မရမကလိုက်၍ လုပ်တတ်ကြသည့်လောဘသားတို့နှင့်ကွာခြားလှ ပါဘိ။

အွယ်လောကျေးရွာ၊ ပန်းခါးရွာ၊ နန့်ဆရီး၊ မန့်လုံ၊ ဆာလု၊ နမ့်တီး၊ ဟိုပုံ၊ ကောင်းကတ်၊ မန်းပူး၊ မိုင်းဝီး၊ မန့်ဟောင်း၊ ကွန်လုံ၊ မန့်ဆွမ်း၊ နောင်ခန်၊ လွယ်လွမ်လိရှော၊ မန့်မိုင်၊ တာကွန်း၊ မန့်စပ်၊ လော့နော်၊စယ်နေလွယ်၊မန့်ပန်လွယ်၊ တွန့်ဟုန်း၊ နောင်ခမ်း၊ ရန်ဝူးမော်ဆွေ၊ လွယ်ရိုင်း၊ လွယ်ချက် . . . အစရှိ





သော ကျေးရွာပေါင်း (၄၄)ရွာနှင့် နမ့်ခမ်းမြို့မရပ်ကွက်ကြီး (၄)ရပ်ကွက်၊ စုစုပေါင်း(၄၈)ရပ်ကွက်ကျေးရွာအုပ်စုများဖြင့် ဖွဲ့စည်းထားပါသော မောရှမ်း တို့ရဲ့ နမ့်ခမ်းမြို့တော် . . .

မြို့ပေါ်၌ လူဦးရေ(၁၃၂၈၀)ယောက် နေထိုင်ပြီး၊ ဝန်းကျင်ကျေးရွာ၌ (၆၄၂၄၁)ယောက်တို့ နေထိုင်ကြလေသည်။

နမ့်စန်ပြီးလျှင် မြန်မာပြည်၌ ဒုတိယလက်ဖက်ခြောက် အများဆုံး ထွက်သောဒေသမှာ ဤနမ့်ခမ်းဒေသဖြစ်လေသည်။

"နှစ်စဉ်လက်ဖက်ခြောက် ပိဿာချိန် ဆယ့်နှစ်သိန်းခွဲ" ထွက်ရှိပြီး "နမ့်ခမ်းလက်ဖက်ခြောက်"ဟူ၍ မြန်မာပြည်အနှံ့ နာမည်ကြီးနေသော လက်ဖက်ခြောက်မြို့တော်တွင်းမှ ဆယ်ကေမျှကျယ်ဝန်းသော လက်ဖက်ခြောက်ပင်များ စိုက်ပျိုးရာခြံကြီးကို ဦးမြတ်စံတို့ မိသားစုပိုင်ဆိုင်ကြပါ၏။

လက်ဖက်ပင်သည် သာမန်အားဖြင့် လူ့တစ်ရပ်စာ . . တစ်ရပ်စာကျော်ကျော်မျှသာရှိပြီး အကိုင်းများစွာ အခက်များစွာနှင့် ဝေဆာနေတတ်သော အပင်မျိုးဖြစ်ပါ၏။

နှိုင်းပြရလျှင် မြေပြန့်မှ မာလကာရွက်ပမာ အညှာ၏ဘေးမှာအရွက်တွေကားထွက်ပြီး ထိပ်ဖျားအညွန့်နီနီလေးများကို ဆွတ်ခူး၍ လက်ဖက်စို၊ လက်ဖက်ခြောက်လုပ်ကြလေသည်။

လက်ဖက်ခူးနိုင်လေ . . ရွက်သစ်၊ရွက်နုများ ပို၍ ထွက်လာလေပါ။



www.burmeseclassic.com

www.burmeseclassic.com



တောင်ခြေမြေပြန့် မရှိသလောက်ရှားသည် တောင်စောင်း တောင်ကုန်းနှင့် တောင်မြင့်များပေါ်တွင် စိုက်ပျိုးယူရသော အပင်မျိုးဖြစ်ပါ၏။

ဦးမြတ်စံသည် သူ၏ လက်ဖက်ခြံထဲ၌နေတတ်သည်။ တစ်ခါတစ်ရံ တစ်ပတ်၊ဆယ်ရက်အထိ နေလေ့ရှိသဖြင့် ခြံတွင်း၌ သွပ်မိုး၊ဝါးထရံကာအိမ်ငယ် လေးတစ်လုံး အခိုင်အမာဆောက်ထားရ၏။

ထိုနေ့ လယ်က အိမ်ကပြင်ပေါ်မှာ အဖေဦးမြတ်စံက ကြိမ်ကုလားထိုင် ပေါ်တွင်ထိုင်၍ ဆေးတံအိုးကို လက်ကကိုင်လျက် ဖွာရှိုက်ရင်း စဉ်းစားနေဆဲ. .

ကိုကိုသည် လက်ထဲ၌ စာတစ်ရွက်ကိုကိုင်ပြီး အဝေးဆုံးနေရာသို့ လှမ်းကြည့်ရင်း ငိုင်ငေးနေရှာသည်။

“ငါ့သားကြီး သဘောတစ်ခုတည်းနဲ့ ဆုံးဖြတ်ပါလို့ဆိုခဲ့ရင် သား ဘယ်လို ဆုံးဖြတ်မလဲဟင်”

ဦးမြတ်စံဘက်သို့လေးကန်စွာပြန်လှည့် ကြည့်ပြီးရင်မောဖွယ် သက်ပြင်းကြီးချလျက် . . .

“သား မဆုံးဖြတ်တတ်ဘူးအဖေ။ ဆုံးလည်း ဆုံးဖြတ်မပေးချင်ဘူး”

“အင်း”

“အဖေတို့ သင့်သလိုစီမံပါ။ ကျွန်တော် အဖေ့ကို





တစ်ခုပဲ ကြိုပြီး တောင်းပန်ထားနှင့်ပါရစေ”

“ဘာလဲသား”

“သူ မသွားချင်ဘူးဆိုရင်တော့ အတင်းပြန်မခိုင်းပါနဲ့ဗျာ”

“အဖေ နားလည်ပါတယ် သား။ သမီးလေးပြန်သွားရင်တို့မိသားစုရဲ့ အူအသည်း ဆွဲနှုတ်လိုက်သလို ခံစားကြရမယ်ဆိုတာ အဖေ သိပါတယ်ကွယ်။ အခုဟာက သူ့အတွက်ပါ။ သူ့ဘဝရဲ့ ကောင်းစားရေးမို့ပါ”

အဖေ့ပြောသံသည်ပင်ဝမ်းနည်းမှုကြောင့်တုန်ခါနေသည်။ ကိုကို့ ရင်ထဲကနှလုံးသားလှုပ်ရှားမှုကဖြင့် ဆိုဖွယ်ရာမရှိတော့။

သားအဖနှစ်ယောက်လုံး နောက်ထပ်ဘာစကားမှမပြောဖြစ်ကြ။

ကိုကိုသည် သူ့လက်တွင်းမှာ ကိုင်ထားဆဲစာရွက်ကိုအထပ်ထပ် ဖတ်ပြီးပါလျက် နောက်တစ်ခါထပ်၍ ဖတ်ကြည့်နေမိသည်။

မတ်လ ၄-ရက်၊

မန္တလေးမြို့။

ဦးမြတ်စံခင်ဗျား . . .

ကျွန်တော်ဟာ မန္တလေးမြို့က ဦးဘအိုဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

စာခက်နွယ်ရဲ့ ဖခင်ပါ။

ကျွန်တော်တို့ရဲ့ တစ်ဦးတည်းသမီးလေးကို စွန့်ပစ်မိလို့သာ တောရပ်ရွာမှာမီးဖွားရင်း သေဆုံးသွားရတယ်ဆိုပြီး ကျွန်တော်တို့လင်မယားနှစ်ယောက်စလုံး ယူကျုံးမရပူဆွေးသောကဖြစ်ကြရတာ ယနေ့ထက်တိုင်ပါပဲ။ သူ့အမေ မစိန်ခက်လည်း အဲဒီစိတ်အပါအဝင် နှလုံးရောဂါနဲ့ လွန်ခဲ့တဲ့နှစ်နှစ်က ဆုံးသွားခဲ့ပါပြီ။

သမီးရဲ့ရင်သွေးမိန်းကလေး အဖတ်တင် အသက်ရှင်လျက် ရှိနေတယ် လို့ သတင်းကြားပါတယ်။ ဒါပေမယ့် ဒင်းဖခင် တင်အောင်မင်းမျက်နှာကို မကြည့်ချင်တာနဲ့ လုံးဝအဆက်သွယ် မလုပ်ဘဲ နေခဲ့မိပါတယ်။

တလောက မူဆယ် နမ့်ခမ်းဘက်ကို အရောက်အပေါက်များတဲ့ လားရှိုးက မိတ်ဆွေတစ်ဦးနဲ့ဆုံဖြစ်တော့မှ တင်အောင်မင်းဆုံးတာကြာပြီ။ ကျန်ခဲ့တဲ့မြေးကလေးပင်လျှင် အရွယ်ရောက်ပြီ။ အပျိုလေးဖြစ်နေပြီ။ ဦးမြတ်စံတို့မိသားစုက ကောင်းစွာပြုစုကျွေးမွေးထားကြောင်း ကြားသိခဲ့ရပါတယ်။ အထူးပဲကျေးဇူးတင်မိရကြောင်းပါ ခင်ဗျား။

ယခုတော့ ကျွန်တော့်မှာ အသက်ကလည်းကြီးပြီ။ သွေးသားရင်းချာလည်း အနားမှာတစ်ယောက်မှမရှိဘူး။ ပြီးတော့ ငယ်စဉ်ကရှာဖွေခဲ့တဲ့ ပစ္စည်းဥစ္စာတွေလည်း လျှုသင့်





တာလှူပြီး စံစားသင့်တဲ့မြေးလေးကို အမွေဆက်ခံစေချင်တယ်။

ဒါကြောင့် ကျွန်တော့်မြေးမလေးကို ကျွန်တော့် လက်ပြန်အပ်ကြပါလို့ တောင်းပန်ပါတယ် ခင်ဗျာ။

ဦးမြတ်စံတို့ လာပို့မယ်ဆိုရင်လည်း ပို့ပါ။ ဒီက လူလွှတ်ခေါ်ခိုင်းရမယ်ဆိုလည်း အကြောင်းကြားပါ။ မိန်းမဖော်နဲ့ အခေါ်ခိုင်းလိုက်ပါ့မယ်။

အကျိုးအကြောင်း အမြန် ပြန်ကြားစေချင်ပါတယ် ခင်ဗျား။

ကျန်းမာချမ်းသာကြပါစေ . . . . .

ဘအို

မန္တလေးမြို့

ဤစာသည် လားရှိုးမြို့မှတဆင့်အဆင့်ဆင့် ရောက်ရှိလာရသဖြင့် ရေးထားသည့် ရက်စွဲအရဆိုလျှင် တစ်လနီးပါး ရှိခဲ့ပြီ။

အဖေ့လက်သို့မူ မနေ့က “နမ့်ခမ်း-မန်း”ကားဆိုက်တော့မှ ကားဂိတ်ကတဆင့် ရောက်ရှိလာခဲ့သည်။

သည်ကိစ္စကို အိမ်၌မဆွေးနွေး။ အမေ့ကိုလည်း အသိမပေးသေး။

ယနေ့မနက်မှ သားအဖနှစ်ယောက် ခြံသို့ ထွက်လာခဲ့


www.burmeseclassic.com

www.burmeseclassic.com

ကြပြီး တိုင်ပင်နေကြခြင်းဖြစ်ပါ၏။

တိုင်ပင်နေသည်ဆိုသော်လည်း သားအဖနှစ်ဦး၏ ရင်တွင်းမှာသာ စကားများစွာ ပြောနေကြသည်။ တစ်ဦးမှ တစ်ယောက်သို့မူ စကားလုံးပေါင်း များစွာဖြင့် ပြောဆိုတိုင်ပင်နိုင်စွမ်းပင်မရှိခဲ့ကြပါ။

"ခမ်းအေးသိရင်တော့ ငိုမှာ သေချာတယ်"

သံယောဇဉ်ကြီးတတ်ရှာလွန်းသော ဇနီးသည်၏ ပူဆွေးမှုကို ကြို တင်မြင်နေရှာသော ဦးမြတ်စံ။

"အဖေ"

"ပြော သား"

"လုပ်သင့်တာကတော့ ညီမလေးကို အမှန်အတိုင်းပြောပြပြီး ဒီစာပြလိုက်ကြရင် မကောင်းဘူးလား"

"လုပ်လေ"

"သူက လိုလိုချင်ချင် သွားချင်တယ်ဆိုရင်တော့လည်း သွားပါစေပေါ့ အဖေရယ် . . သူ့ အဘိုးက သိပ်ချမ်းတာတယ် မဟုတ်လား"

"မသွားချင်ဘူးဆိုရင်ကောကွယ်"

"သူ မသွားချင်ဘူးဆိုရင်တော့ အဖေရယ် . . နေပါစေဗျာလို့ပဲ ကျွန်တော်တောင်းပန်မယ်"

"အင်း . . ငါ့သားရဲ့ သံယောဇဉ်ကို အဖေရိပ်မိပါ





တယ်၊ နားလည်ပါတယ်။ အဖေက ဘယ်အထိမှန်းထားသလဲ သိလား"

"ဘာကိုလဲအဖေ"

"ခမ်းမိုလေး အတွက်ပေါ့"

"ဟုတ်ကဲ့ . . ပြောပါ"

"တို့ မိသားစုလေးယောက်လုံး သူလေးကို သည်းသည်းလှုပ် ဝိုင်းချစ်နေကြတာမဟုတ်လား။ ဒါကြောင့် ခမ်းမိုကို ဘယ်မှ အရောက်မခံနိုင်ဘူးလို့ ခမ်းအေးနဲ့တောင် တိုင်ပင်ထားကြတာ"

"ဘာကိုလဲ အဖေ"

အဖြေသိနေပြီး ရေးချရန်သာ ကျန်တော့သည့် ပုစ္ဆာတစ်ခုကို တွက်ချက်နေရသလိုမို့ သိလျက်နှင့် စိတ်လှုပ်ရှားစွာ မေးလိုက်မိတော့ . . . . .

"သားကြီးနဲ့ပဲဖြစ်ဖြစ်၊ သူနဲ့အရွယ် အတိမ်းမယိမ်းဖြစ်တဲ့ မောင်မောင်နဲ့ပဲဖြစ်ဖြစ် ပြန်ပြီးပေးစားကြရအောင် . . . လို့"

ဤ တောင်ထွတ်ဆီသို့ တက်လာစဉ်ကထက်ပင် ရင်ဒို မောဟိုက် နွမ်းလျသွားရသည်။

"ဩော် . . . ငါနဲ့ . . . သဘောတူပါတယ်၊ ပေးစားမယ်လို့အဖေပြောတော့မယ်ထင်ခဲ့မိတာ ခုတော့ . . .

"သူနဲ့အရွယ်မတိမ်းမယိမ်းဖြစ်တဲ့ မောင်မောင်နဲ့ပဲ ဖြစ်ဖြစ် . . . ဆိုတဲ့ အဖေ့စကားက ငါ့ရင်ထဲက မိုမို့အတွက်



www.burmeseclassic.com

www.burmeseclassic.com


ဖြစ်ထွန်းဆဲ မေတ္တာအားအင်တွေကို ပိတ်ဆီးလိုက်သလိုပါပဲ
လား . . .

"ဟုတ်တယ်လေ ငါနဲ့ညီမလေးက ငါးနှစ်တောင်
ကွာကြတာ . . .

"မောင်မောင်နဲ့သူကလည်း တတန်းတည်းမို့ တတွဲတွဲ
နေပြီးသံယော ဇဉ်ကြီးနေကြတာ ငါ့အမြင်ပါ . . .

"အင်း . . . ငါ့အဖြစ်က နောင်တော် . . . နောင်တော်
တွေရဲ့လမ်းစဉ်အတိုင်း . . .

"စိတ်ကူးယဉ်ဇာတ်လမ်းပေါင်းများစွာထဲက ဇာတ်သိမ်း
ခန်းအတိုင်း အစ်ကိုကြီးလုပ်သူကအနစ်နာခံ ရှောင်ဖယ်ပေးရ
မယ့် အဖြစ်မျိုးထင်ပါရဲ့လေ"

"ကိုကို . . . သားကြီး"

"ဗျာ . . . ဗျာ"

အတွေးလွန်နယ်မြေမှပြန်ခေါ်ခံလိုက်ရသော အဖေ့
အသံကြောင့် ကိုကိုလန့်ဖျပ်သွားမိသည်။ အဖေက အလုံးစုံသိနေ
သော်လည်း ဘာမှမသိဟန် ဆောင်နေရင်းက . . .

"သမီးကိုမပြခင် မင်းအမေ အရင်ပြမှဘဲသားရဲ့
ခမ်းအေးနဲ့အရင် တိုင်ပင်ပြီး သူ့သဘောဆန္ဒယူပြီးမှ ဒီကိစ္စကို
ဆုံးဖြတ်ကြတာပဲ ကောင်းပါတယ်ကွာ။ ကဲ . . . ကဲ သား
ခြံထဲ ဆင်းချင်ဆင်းလိုက်ဦး"



သားကြီး၏ ဝေဒနာရင်ကိုမကြည့်ရက်၍ပဲလား၊
သားကြီး တစ်ကိုယ်တည်းတွေးနေပါစေဟူသော စေတနာ
ကြောင့်ပဲလားမသိ၊ ဦးမြတ်စံသည် သူ့အပါးမှ သားကို
ခွဲထွက်သွားစေလိုက်သည်။

ကိုကိုသည် ကုန်းမြင့်ထက်ရှိ အိမ်ကလေးဆီမှ ရွှေ့ရှုံ
လေးဆင်းသက်လာခဲ့သည်။ ခြံ၏အရှေ့ဘက် လှည်းလမ်း
ကြောင်းအတိုင်း ဆင်းလာပြီးကာမှ တချက်မျှ တွေဝေစွာ
ရပ်လိုက်ပြီးကုန်းပေါ်ပြန်တက်လျက် အနောက်ဘက်လမ်း
အတိုင်း ခပ်သွက်သွက်ဆင်းခဲ့သည်။

တောင်ခြေနှင့် တောင်ထိပ်တို့၏ အလယ်လောက်မှ
မြေခပ်ပြေပြေ ပေါ်တွင်ယှဉ်ပြိုင်တည်ရှိနေကြသော "ခရမ်း
ပြာရောင် စိန်ပန်းနှစ်ပင်"

ကလေးဘဝကပင် စိန်ပန်းပြာပွင့်ကြွေများနှင့် ဆော့
ကစားတတ် သောညီမလေး။

အခုအရွယ်ရောက်လာတော့လည်း ဤအပင် ဤအပွင့်
များကို နှစ်သက်မြတ်နိုးတတ်လေသော ညီမလေး . . .

ညီမလေး ကြည်နူးစွာထိုင်လေ့ရှိတတ်သော ဤစိန်ပန်း
နှစ်ပင်ရှိရာ သို့ ဆင်းလာခဲ့သည်။

ဤနေရာ၌လည်း ဝါးခုံတန်းလျားလေးတစ်ခု ကိုကို
ရိုက်ပေးထားခဲ့သည်။ နန်းခမ်းမိုလိုက်လာသည့်အခါ သူ၏



www.burmeseclassic.com

www.burmeseclassic.com

ကြည်နူးရိပ်ကလေးမှာ နားနေ ခွင့်ရအောင်ပါ။

မြေပြင်ပေါ်မှာ . . ဝါးလုံးစိမ်းတန်းလျားလေးပေါ်မှာ ခရမ်းပြာရောင် အဝတ်စတွေ ပုံချထားသလို ရက်များစွာ ကြွေနေခဲ့သော ပွင့်ဖတ်တွေက ထပ်ပိတ်လို့နေသည်။

ကိုကိုက ယောက်ျားမို့ ပန်းမကြိုက်သော်လည်း မောရှမ်းတို့၏ အလှအပ သင်္ကေတတစ်ခုဖြစ်သော နွေဦးပန်းလေးများကို ကြည့်ပြီး ညီမလေး မြတ်နိုးသလို သူလည်း လိုက်၍ မြတ်နိုးနေမိသည်။

ဤနေရာလေးမှာ . . .

ကလေးဘဝအရွယ်က ခြံသို့လိုက်လာခွင့်ရသည့်အခါ ပျော်ရွှင်မြူးထူးစွာ ဆော့ကစားနေပုံလေးများ . . .

အရွယ်ရောက်လာသည့်အခါ စံနှိုင်းစရာ ဥပမာရှာမရအောင် လှလွန်းသောညီမလေး ဤပွင့်ကြွေများကြားမှာ ပြုံးပျော်နေပုံလေးများကို . . . .

ကိုကို့ရှေ့၌ ယခုပင်ရှင်သန်လှုပ်ရှားနေသလို ပြန်လည်၍ မြင်နေမိသည်။

မကြာသေးခင် ကာလဆီက . . .

ညီမလေးငိုတော့ အယုယဆုံး ချော့မိသည်။ သူ့ကို ဖက်တွယ်လာသော ကိုယ်ခန္ဓာလေးကို ပိုက်ထွေ့ပွတ်သပ်ရင်း အငိုတိတ်အောင် ချော့ခဲ့မိသည်။





ထိုနေ့က ညီမလေးနှင့် ပတ်သက်ပြီး ရင်ခုန်သံ အသစ်များဖြစ်ထွန်း လာခဲ့ကြောင်းသူကိုယ်သူညာ၍မရ။

ရက်သမီးလေးဘဝမှစ၍ ရင်ခွင်တွင် ပိုက်ထွေ့ချီပိုးခဲ့ရသောညီမလေး အပေါ်တွင် သံယောဇဉ်ကြိုးများ ပို၍ပို၍ တင်းကျစ်စွာအထပ်ထပ်ရစ်ပတ်ပြီးချိန် ကျခါမှ . . .

"ပြည့်စုံခြင်း၊ကြွယ်ဝခြင်းများနှင့် ဖွဲ့စည်းထားသော ဘဝသစ်ကလေးဆီသို့ ညီမလေး ကူးပြောင်းသွားတော့မယ်"

ဆိုသော အသိဝင်စိတ်ကြောင့် "ညီမလေးရယ် . . . ကိုကို့ရင်ထဲက နှလုံးသည်းပွတ်ဟာ အခု ပွင့်ကြွေတွေလို ကြွေရတော့မယ်ထင်ပါရဲ့၊ ရင်ထဲမှာ နာလှချေရဲ့ကွယ်"

"ညီမလေးကို ကိုကို မခွဲနိုင်တော့ဘူး . . ."

"ညီမလေးကို ကိုကို မစွန့်လွှတ်ပါရစေနဲ့နော် . . ."

"ညီမလေး ဘယ်လို ဆုံးဖြတ်မှာလဲကွယ်"

စိန်ပန်းပြာ ပင်စည်ကိုမှီပြီး မော့လိုက်တော့ . . . . အပွင့်တွေ အကိုင်းတွေ အားလုံးရောဆက်နေသည်။ အမြင်အားလုံး ဝေဝေဝါးဝါး။

ကိုကို၏ မျက်ဝန်းမှာ အလွမ်းမျက်ရည်တွေ ဆို့ပိတ်ပြည့်သိပ်လျက် . . . .


www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၈)

နမ့်ခမ်းမြို့မှာ ပင်လယ်ရေမျက်နှာပြင်အထက် (၂၄၈၉) ပေမြင့် သော တောင်ပေါ်မြို့လေးဖြစ်သော်လည်း တောင်ဘက် တလျှောက်တွင် ပေ(၇၀၀၀) ကျော်မြင့်သော သက်ရင့်တွန့် ခေါက် တောင်တန်းများရှိလေသည်။

နမ့်ခမ်းနှင့် မူဆယ်မြို့များအနီးမှ ဖြတ်စီးနေသော ရွှေလီမြစ်ကြောတစ်လျှောက်၏ ဝဲယာလွင်ပြင်သည် "ရွှေလီ ချိုင့်ဝှမ်းဒေသ"ဖြစ်လေသည်။

ဤ ရွှေလီချိုင့်ဝှမ်းမှာ အလျား(၁၂)မိုင်နှင့် အနံ(၅)မိုင် ခန့်မျှသာ ကျယ်ဝန်း၏။

ဤဒေသ၏ အရှေ့ဘက်တွင် မူဆယ်မြို့နယ်၊ တောင် ဘက်တွင် ကွတ်ခိုင်မြို့နယ်၊ အနောက်ဘက်တွင် နမ့်တူ မြို့နယ်နှင့် မြောက်ဘက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့ တည်ရှိလေသည်။

ဤဝန်းကျင်တို့၏အလယ်မှ တောတောင်ရေမြေ





သဘာဝ၏ အလှအပများစွာနှင့် ဖွဲ့စည်းထားပါသော ဤရွှေလီ ချိုင့်ဝှမ်းဒေသတွင် မွေးဖွားကြီးပြင်းခဲ့သော သမီးလေးခမ်းမိုမှာ လားရှိုးမြို့မှ အောက်သို့ မဆင်းဖူးခဲ့။

မန္တလေးဆိုသော မြန်မာပြည်၏ ဒုတိယမြို့တော်ကို သူကြားဖူးရုံသာရှိမည်။ မြေပြန့်မြို့များကို သူခြေပင် မချဖူး ပါပဲလျက် သွားရရှာတော့မည်။

ဒေါ်နန်းခမ်းအေးသည် အေးအေးဆေးဆေး ကာတွန်း စာအုပ် ကလေးဖတ်နေရှာသော သူ့သမီးငယ်ကို ကြည့်ပြီး ရင်၌ ဆို့လိုက်တက်လာသည်။

မိသားစုလေးယောက်လုံးက တစ်နေရာဆီမှာ သူ့ကို ကြည့်နေကြကြောင်း သူကဖြင့်မသိရှာ။

"စွန့်လွှတ်ခွဲခွာရတော့မည်"

ဆိုသော အသိစိတ်က သူတို့လေးဦးစလုံး၏ နှလုံးသား ကို ရိုက်ပုတ်ထုနှက်နေသည်သို့ပါလား။

"သမီးလေးမိုမို"

အဖေသည် မြန်မာဆန်စွာ မိုမိုဟု ထာဝရခေါ်သော် လည်း အမေကမူ ခမ်းမိုဟူ၍သာ ခေါ်လေ့ရှိခဲ့သည်။

"သမီး . . ."

"အာ ဟာ . . အဖေ ခေါ်နေတာကိုး၊ ဒီထဲမှာ စိတ်ရောက်နေလို့ အဖေရဲ့၊ ဘာ ခိုင်းစရာရှိလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com

နန်းခမ်းမိုက စာအုပ်ကို မှောက်လျက်ချထားပြီး မြူးမြူး
ကြွကြွလေး အဖေနားရောက်လာရှာသည်။

"ထိုင်ဦး သမီးလေးခမ်းမို"

အမေက မျက်နှာပျက်နှင့်နေလေပြီ။

"သားတို့လည်း လာထိုင်ကြလေ"

ညီအစ်ကိုနှစ်ယောက်လုံးလည်း ကုလားထိုင်ခုံမှာ
ဝင်ထိုင်လိုက်ကြတော့ မိသားစုငါးယောက်၏ မျက်နှာစုံညီ
ဆုံစည်းမှုလေးဖြစ်သွားသည်။

အားလုံးငြိမ်သက်နေကြသည်။

ခမ်းမိုကို တစ်ခုမဟုတ်တစ်ခုနှင့် စနေရမှ၊ နောက်နေ
ရမှ ပျော်ရွှင်နေတတ်သော မောင်မောင်သည်ပင် ခံပြင်းသလို
အံကြိတ်ကြိတ်ထားသည်။

ကိုကိုကတော့ ခေါင်းငိုက်စိုက်ချလျက်။

အားလုံး မျက်နှာမကောင်းကြ။

ကြည်လင်စွာ ပြုံးရွှင်နေသော နန်းခမ်းမို၏ မျက်နှာ
လေးမှာ အပြုံးတွေ တဖြည်းဖြည်းလျော့ပြယ်လာပြီး အားလုံးကို
လှည့်လည်ကြည့်လိုက်သည်။

"ဘာ . . ဘာဖြစ်လို့လဲဟင် . . အမေ"

"ခမ်းအေးကလဲကွယ်"

ဘာစကားမှမပြောရသေးမီ အမေက အငိုနှင့်စ၍





အဖေကထိန်းသိမ်း လိုက်ဟန်ဖြင့် ပြော၏။

"ဘာဖြစ်လို့လဲအမေရယ် . . ဟင်၊ အို . . သမီးကို
ပြောကြပါဦး"

ခမ်းမို ထိတ်ထိတ်ပျာပျာ မေးလာတော့ အဖေက
စတင်ရှင်းပြသည်။

"အသက်နဲ့အမျှ အဖေတို့နဲ့နေရမယ့် သမီးလေးလို့
သတ်မှတ်ထားတာပါ။ တို့မိသားစုအားလုံး သိကြပါလျက်နဲ့
ဘယ်သောအခါမှ မပြောဖြစ်ကြတဲ့စကားကို အခု အဖေ
ပြောရတော့မယ် သမီးရယ်။ ရော့ . . သမီး ရဲ့ အဘိုးအရင်း
ဆီက စာကို သမီးပဲဖတ်ကြည့်ပါတော့ကွယ်"

ဘာတစ်ခုမှ နားမလည်သေးသော နန်းခမ်းမိုမှာ အစ်ကို
တွေ မိဘတွေကို တလှည့်စီကြောင်စီစီနှင့် ကြည့်လိုက်ဖြီးမှ
စာကိုယူလျက် ကြာမြင့်စွာ ဖတ်နေသည်။

စကားသံများ တိတ်ဆိတ်နေသော်လည်း အသီးသီး၏
ရင်တွင်းမှ ရင်ခုန်သံများက ရင်တွင်းမှ ဆူညံလျက်ပါ။

နန်းခမ်းမို စာဖတ်ပြီးသွားခဲ့ပြီ။ မမျှော်လင့်သော ဖြစ်ရပ်
ကြောင့် သူ့ရင်မှ ဘာကစပြီး ခံစားရမှန်းမသိ။ ပြီးတော့ တစ်
ယောက်ပြီးတစ်ယောက် ဖြတ်ကနဲ၊ ဖြတ်ကနဲ လှည့်လည်ကြည့်
လိုက်ပြီးမှ . . . "

"အမေတို့ ပြောကြလေ၊ သမီးမှာ ဘာမှ ပြောရော


www.burmeseclassic.com

www.burmeseclassic.com



မရှိဘူး”

ပြတ်သားစွာ ပြောလိုက်သော နန်းခမ်းမိုကို ကိုကိုပင် အံ့ဩရပါပြီ။

“အမေ . . အမေတို့ကတော့ ဘယ်ခွဲချင်ပါ့မလဲကွယ် ဒါပေမယ့် . . .”

“မင်းကလည်း ငိုတာကအရင်ကို၊ ပြောလိုက်လေကွာ”

“ပြောပါ အမေ၊ ဒါပေမယ့် ဘာဖြစ်သလဲရှင်”

“ဩော် . . အမေတို့က ဆင်းရဲတယ် မဟုတ်လား။ ဟိုရောက်သွားရင် ငါ့သမီးလေး ချမ်းချမ်းသာသာနေရမယ် ဆိုပြီး . . .”

“တော်ပါ အမေ၊ တော်စမ်းပါ အမေရယ်”

ဒေါ်နန်းခမ်းအေးက စကားရပ်သွားသော်လည်း အငို မတိတ်ပါ။

“သမီးရဲ့အမေ . . သူတို့ရဲ့ သမီးအရင်းကိုတောင် ရက်ရက်စက်စက် စွန့်ပစ်ထားခဲ့ကြတဲ့သူတွေကို သမီးမုန်းတယ် အမေရဲ့”

နန်းခမ်းမို ချုံးပွဲချ၍ ငိုလေပြီ။

“မငိုပါနဲ့ သမီးရယ်၊ အဖေတို့လည်း သမီးကို ခုလိုခွဲခွာဖို့ ဖြစ်လာမယ်လို့ လုံးဝမထင်ခဲ့မိပါဘူး။ အဲဒီဦးဘအိုလည်း နောင်တ တွေရနေပြီနဲ့ တူပါရဲ့။ အခုလိုပြောရတာကို သမီးစိတ်ထဲမှာ





တစ်ခုသိထားစေချင်တယ်”

“ဘာများလည်း အဖေရယ်”

“သမီးကို အဖေတို့ မိသားစုနဲ့အတူ မထားချင်လို့ လုံးဝ မဟုတ်ပါဘူး။ ငါ့သမီးလေး ချမ်းချမ်းသာသာ နေရပါစေဆိုတဲ့ အဖေတို့ရဲ့ တကယ့် စေတနာပါဆိုတာ သမီးယုံပါကွယ်။ ကဲ. . ခမ်းအေး ထစမ်း”

“ဘာလုပ်မလို့လဲရှင်”

“သမီးကိုယ်တိုင် ဆုံးဖြတ်ပါစေကွယ်”

အဖေနှင့်အမေတို့နှစ်ယောက် မတ်တတ်ရပ်ပြီး ထွက် ခွာခါနီးမှာ . .

“အဖေ”

“အမေ”

နန်းခမ်းမိုက ကြေကြေကွဲကွဲ အသံလေးနှင့် လှမ်းခေါ် လိုက်ပြီး

“သမီး သွားရမှာလားဟင်၊ အမေတို့နဲ့ခွဲပြီး တကယ်ပဲ သွားရမှာလား”

“အို မငိုနဲ့လေ။ အဖေတို့ဆန္ဒကို ပြောပြီးပြီလေ။ သမီးလေး ကိုယ်တိုင်ပဲ ဆုံးဖြတ်ပါလို့”

ဦးမြတ်စံက ဒေါ်နန်းခမ်းအေး၏ လက်ကိုဆွဲပြီးခြံထဲသို့ ဆင်းသွားကြတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"မိုမို ငိုမနေနဲ့၊ နင့်ကို ဘယ်သူမှ မနှင်ဘူး။ သွားလည်း မသွားနဲ့ နှင်ပြောတာဟုတ်တယ်။ နင့်အဘိုးက သိပ်ရက်စက်တဲ့လူကြီး နင့်ကိုလည်း ချစ်မှာမဟုတ်ပါဘူးဟာ၊ လုပ်မနေနဲ့ မသွားနဲ့."

မောင်မောင်လေသံက ဒေါကန်နေသည့်အသံပါ။ သူ့အစ်မ မိုမို ငိုနေ၍ အလကားနေရင်း မန္တလေးမှအဘိုးကြီးကို သူဒေါပွနေသည်။

မောင်မောင် ဆုံးဖြတ်ချက်က ပြတ်သားလှ၏။ "မသွားနဲ့" တဲ့။

မသွားချင်သော ခမ်းမိုက ကိုကို့ဘက်ကို အားကိုးတကြီး လှည့်ကြည့် လိုက်သည်။

ကိုကိုက ငြိမ်တွေနေဆဲမို့ . . .

"ကိုကိုကရော ဘယ်လိုဆုံးဖြတ်ပေးမှာလဲ"

စကားသံထွက်မလာ။ သက်ပြင်းချသံကိုသာ အရင်ကြားလိုက်ရသည်။

"ပြောလေ ကိုကို"

"ညီမလေးဆုံးဖြတ်ပါလို့ အဖေတို့က ပြောသွားကြတယ်မဟုတ်လား"

"ဟုတ်တယ်၊ အဖေနဲ့အမေက သမီးဆုံးဖြတ်တဲ့၊ မောင်မောင်က မသွားနဲ့တဲ့ မိုမိုသိချင်တာက ကိုကို့ဆန္ဒ"





ခံစားမှုပြင်းပြလွန်းတော့လည်း စကားတွေက ပြတ်သားသွားသည်။

ကိုကိုသည် အင်အားကြီးမားသော တန်ခိုးရှင် တစ်ယောက်နှင့် ရင်ဆိုင်နေရသလိုပင် မိုမို့ကို မကြည့်ရဲ ကြည့်ရဲနှင့် ကြည့်လိုက်သည်။

မိုမိုနဲ့မခွဲချင်ဆုံး လူတွေထဲမှာ ထိပ်ဆုံးကရှိနေသူဟာ ကိုကိုပါ မိုမိုရယ်လို့ . . ပြောချင်သည့်ဆန္ဒက ရင်တွင်းမှာ . . .

ပြောဖြစ်သည်ကတော့ . . .

"ကိုကိုကလည်း သွားစေချင်တာတော့ မဟုတ်ပါဘူး။ ဒါပေမယ့် ညီမလေးရဲ့ဘဝတစ်ခုလုံး ကောင်းစားစေဖို့ပါ။ ကိုကိုတို့က ဆင်းရဲတယ် မဟုတ်လားကွယ်"

"ဒီမှာ ကိုကို"

"ဟင်"

"ဆင်းရဲတယ်ချမ်းသာတယ်ဆိုတာ သံယောဇဉ် စည်းဝိုင်းထဲမှာ မလိုအပ်ပါဘူး ကိုကိုရယ်။ ကိုကို့ပါးစပ်က တစ်ခွန်းတည်း ပြောလိုက်စမ်းပါ"

"ဘာကိုလည်း မိုမို"

"သွားရမလား၊ မသွားရဘူးလား . . . ဒါပဲပြော၊ မောင်မောင့်လို ပြတ်ပြတ်သားသား ပြောစမ်းပါကိုကိုရဲ့"

သည်ပွဲမှာ သူရဲကောင်းကြီးဖြစ်နေရသော မောင်မောင်



www.burmeseclassic.com

www.burmeseclassic.com

မှာ သူတို့ မောင်နှမကြားတွင် မနေချင်တော့၍ လှစ်ကနဲ ထထွက်လာခဲ့သည်။ သူ့တာဝန် ကျေပြီ၊ သူ့ဆန္ဒတင်ပြခဲ့ပြီးပြီ။ ဟို မောင်နှမနှစ်ယောက်ကလည်း နေပါဦးဟု မပြောကြ။

“ကိုကို”

ခမ်းမို၏ခေါ်သံက ကျယ်လောင်တင်းမာနေ၏။

“ပြောစမ်းပါ ကိုကိုရဲ့၊ ကိုကို နေဆိုနေမယ်။ ကိုကိုက သွားဆို အခု သွားမယ်။ ကိုကို့ဆန္ဒဟာ . . . ခမ်းမိုဘဝ အတွက် စီရင်ချက်ပါပဲ ကိုကို”

ဆွတ်ကျင်ကြေကွဲသော အကြည့်ဖြင့် ကြည့်လိုက်ပြီး . .

“ကိုကိုကတော့ မခွဲချင်ပါဘူး။ ဒါပေမယ့် သွားသင့်တယ်လို့ ထင်လို့ပါ”

“သူရဲကောင်းကြီးဟန်ဆောင်ပြီး ဝေ့ဝိုက်မနေစမ်းပါနဲ့ ကိုကိုရဲ့၊ အပြတ်ပြောစမ်းပါ”

“ကိုကို့ကို ပြန်ပြီး အကျပ်မကိုင်ပါနဲ့ ညီမလေး”

“ဘယ်မှာ အကျပ်ကိုင်လို့လဲ ကိုကိုရဲ့။ သွားဆိုသွားမယ်၊ နေဆို နေမယ်ဆိုတဲ့ ကိုကိုရဲ့ အမိန့်ကို နာခံနေတဲ့ မိခမ်းမိုပါ”

“ခမ်းမိုရဲ့ဘဝကို ဒီထိအောင် လွှမ်းမိုးချုပ်ကိုင်တာမျိုး မဖြစ်ပါ ရစေနဲ့”

“ကိုကိုယောက်ျားမဟုတ်ဘူးလား”

“ဘာဆိုင်လဲ ခမ်းမို”





“မပြတ်သားလို့ ပြောတာ၊ ကဲ . . ဒီမှာ ခမ်းမိုနေရာမှာ ကိုကိုဆိုရင်ကော ဘယ်လိုဆုံးဖြတ်မလဲ”

“သွား သင့် တယ်”

“ဘာ . . သွားသင့်တယ် ဟုတ်လား”

ကိုကိုမဖြေတော့။ သူ့အကြည့်ကို အိမ်၏ ပြင်ပသို့ စူးစိုက်ထားလေသည်။

“ဩော် . . ခမ်းမိုကို မွေးစားထားကြတယ်ဆိုတာ သိပေမယ့် ကိုကို တို့နဲ့ ဘယ်တော့မှမခွဲရဘူး။ အသက်နဲ့အမျှ အတူနေရမယ်လို့ ယုံကြည်မိခဲ့ တယ်။ ခုတော့ ကိုကို့ပါးစပ်က ဒီလိုပြောထွက်တာ ခမ်းမို အသည်းအနာဆုံးပဲ။ သွားမယ် . . . သွားမယ်၊ အခု ချက်ချင်းပဲ သွားပါမယ်”

မျက်ရည်စတွေ လွင့်စဉ်ကြွေကျရင်း ခြေသံပြင်းပြင်း နင်းပြီး နန်းခမ်းမို သူ့ အိပ်ခန်းအတွင်းသို့ ဝင်သွားတော့သည်။

ကိုကို ထိုင်ရာမှ ရုတ်တရက်ထရပ်လိုက်သည်။ အခန်းတွင်းလိုက် ဝင်ရတော့မလိုလို၊ အပြင်ထွက်ပြေးရတော့ မလိုလို၊ ထိုင်ရမလိုလို ထရမလို လိုနှင့် ဆောက်တည်ရာ မရနိုင်တော့။

ဤအရေးအခင်းကို ပြတင်းပေါက်မှ ချောင်းကြည့်နေသော မောင်မောင်က အကုန်ကြားရမြင်ရသည်။

“သူမှ မသွားချင်တာ . . နေပါစေလားဗျာ”

ကိုကိုရှိရာသို့ အမြန်ရောက်လာပြီး မောင်မောင်က

www.burmeseclassic.com

www.burmeseclassic.com
ပြောလိုက်တော့ . . .

"ငါလဲ မလွတ်ချင်ပါဘူး။ သူ့ . . . သူ့ အတွက်ပါကွာ"

"ဟာ . . ကိုကိုက ငိုလို့ပဲ"

မျက်ရည်တွေ စီးကျနေသည်ကိုပင် သူ့ကိုယ်သူမသိ။

"မောင်မောင်"

"ဗျာ"

"သူ တကယ်သွားတော့မှာလား"

"အခုတော့ ဘယ်သွားလို့ရမလဲ။ မနက်ဖြန်တော့ သွားမှာပေါ့။ ကိုကိုကပဲ ဆရာကြီးလုပ်ပြီး သွားသင့်တယ်လို့ ပြောလိုက်တာကို သူ စိတ်နာသွားမှာပေါ့"

"ငါမှားသွားပြီထင်တယ်နော် မောင်မောင်"

"ဟား . . ဟား . . . ၊ ကိုကို့ဟာက ဘာလဲဗျ"

"မလှောင်ပါနဲ့ မောင်မောင်ရယ်။ ငါပြောတာ မှားတယ်လို့ မင်းပါ ထင်ရင် မိုမို့ကို တားပေးပါကွာ။ သူ မပြန်ပါစေနဲ့တော့"

"ကောင်းပြီ . . ရတယ်၊ ပြောပေးမယ်"

လက်ဝဲလက်ကို မြှောက်ပြီး ခေါင်းငုံ့လျက် ကိုကျော်ပို့စ်နှင့် ပြောပြီး မောင်မောင် ခမ်းမိ၏အခန်းတွင်းသို့ ဝင်လာခဲ့သည်။

ရှိုက်ကြီးတငင်ငိုကြွေးရင်း သူ့ပစ္စည်းများကို ဆောင့်ကြီး




အောင့်ကြီးနှင့် သိမ်းဆည်းနေသော နန်းခမ်းမိုသို့ . . .

"မိုမိုရေ . . . တို့ ကိုကိုကလည်း ရယ်ရသားဟ"

"ဘာလဲ"

"သူ မှားတယ်ထင်ရင် နင့်ကို တားပေးပါတဲ့၊ နင် မပြန်ပါစေနဲ့တော့တဲ့"

"မမှားပါဘူး . . . မှန်ပါတယ်။ သိပ်မှန်ပါတယ်လို့ ပြောလိုက်စမ်း ပါမောင်မောင်ရယ်။ မိသားစုဝင် မဟုတ်တဲ့သူကို သွားသင့်တယ်လို့ ပြောတာ သိပ်မှန်ပါတယ်လို့ ပြောလိုက်စမ်းပါ မောင်မောင်ရဲ့"

"နင်တို့မောင်နှမကလည်း ရယ်စရာပဲနော်။ နင်က လည်း ငိုလို့၊ ဟိုကလည်း ငိုလို့"

"ဘာ"

"ကိုကိုလေ မျက်ရည်တွေကျလို့ဗျ"

ကိုကိုငိုတယ်ဆိုတော့ ရင်ထဲမှာ ကျင်ကနဲ ခံစားလိုက်ရသည်။ ဒါပေမယ့် ငယ်စိတ် ငယ်မာန်နှင့် . . . .

"အလကား . . သူက ငါ့ကို ဒီမှာ နေစေချင်တာ မဟုတ်ပါဘူး မောင်မောင်ရာ"

"ဒီလိုတော့လဲ မဟုတ်ဘူးဟ၊ သူက နင့်ပေါ်မှာ စေတနာ လွန်နေတာဖြစ်မယ်"

"ဒီ ဦးဘအိုဆိုတဲ့ အဘိုးကြီးဆီမှာ ငါရနိုင်တာ ရွှေတွေ၊


www.burmeseclassic.com

www.burmeseclassic.com

ငွေတွေ ဖြစ်ချင်ဖြစ်မယ်၊ မေတ္တာဆိုတာမရနိုင်ပါဘူး မောင်မောင်ရယ်။ ရနိုင်သည့်တိုင်အောင်လည်း ဒီကလို မိသားစုလိုက် မေတ္တာမျိုး ဘယ်ဟုတ်ပါ့မလဲ။ ငါ ပျော်မှာမဟုတ်ပါဘူး။ ဒီအိမ်ကနေ ငါ ဘယ်မှ မသွားချင်ဘူး"

"မငိုပါနဲ့ဟာ၊ ငါ စိတ်မကောင်းဘူး"

"အဖေတို့ ကိုကိုတို့က နင့်လို အပြတ်ဆုံးဖြတ်ပေးရင် ကောင်းမှာပဲနော်"

မိုမို၏ ပြောပုံလေးနှင့် ငိုပုံလေးကိုကြည့်ပြီး မောင်မောင်ပင် စိတ် ထိခိုက်ရပါပြီ။ ထာဝရပျော်ပျော်နေတတ်သော မငိုဖူးသော မောင်မောင်ပင်လျှင် မျက်ရည်တွေဝဲလို့ . . .။

သည်အချိန်မှာ သူတို့နှစ်ဦးရှိရာသို့ ဝုန်းကနဲ ဝင်ရောက်လာသူက ကိုကို . . .

"ဒါ ဘာလုပ်နေတာလဲ မိုမို"

"ပစ္စည်းတွေ သိမ်းနေတာလေ။ နှင်ထုတ်တဲ့လူက နှင်ထုတ်နေတော့ သွားရတော့မှာပေါ့"

"ငါ့ကို အရွဲ့မတိုက်နဲ့၊ ဒီအချိန်ကြီး ဘာကားနဲ့သွားလို့ ရမှာလဲ။ ပြီးတော့ နင့်တစ်ယောက်တည်း လွှတ်လိုက်ရက်မယ်လို့ ထင်နေလို့လား"

"အို . . စွန့်လွှတ်ပြီးမှတော့ ဘာမှ လိုက်ပူနေစရာ မလိုဘူး။ လမ်းမှာ သေသွားပါစေပဲ ဆုတောင်းမယ်။ ဒါမှ





မသွားချင်တဲ့နေရာ မရောက်ရဘူး။ သေပါစေ"

"တိတ်စမ်း မိုမို"

ခမ်းမိုက ကြမ်းပြင်ပေါ်မှာထိုင်၍ အဝတ်များသိမ်းနေရာက ခြေဆန့်ထုတ်လိုက်ပြီး မျက်စိကို လက်ခုံနှင့်ပွတ်၍ ကလေးတုန်းကလို အားရပါးရကြီး အော်ငိုပစ်လိုက်တော့သည်။

"ဟဲ့ . . ဟဲ့ . . သမီးလေး . . အစ်ကိုရေ . . လာပါဦး"

ဒေါ်နန်းခမ်းအေးကပြေးဝင်လာပြီး ဦးမြတ်စံကိုပါ အော်ခေါ်လိုက်၏။

သမီးငယ်ကို ဘယ်နေရာကစ၍ ချော့ရမှန်းမသိအောင် ပျာပျာလောင်လောင် ဖြစ်နေရှာသည်။

"အို . . ငါ့သမီး ဘာလို့ ဒီလောက်တောင်ငိုနေရသလဲ။ ကဲ . . ဒါဆိုလည်း မသွားနဲ့။ အဖေတို့နဲ့ပဲနေကွယ်"

"အဖေက နေစေချင်ပေမယ့် ကိုကိုကမှ မနေစေချင်တာ"

"ဩော် . . ဟော် . . ငါ့သမီးက သူ့ကိုကိုကို စိတ်ဆိုးနေတာကို"

"မဆိုးပါဘူး . . . မဆိုးပါဘူး။ သူ့ကို အားကိုးတာသိလို့ သူ့ တာဝန်ကြီးမှာစိုးလို့ သမီးကို နှင်ထုတ်နေတာ"

"မိုမို ဘာတွေလျှောက်ပြောနေတာလဲ"


www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်ကို လက်ခုံနှင့် သုတ်ချလိုက်ပြီး ရန်တွေ့ရှာ စစ်ရေးစပြင်နေသော မိုမို့စကားမစခင် . . .

"ကဲ . . ကဲ . . ဒီမှာ သူတို့နှစ်ယောက် ဘာဖြစ်နေတယ်ဆိုတာ သားသိတယ်အဖေ။ ဒီတော့ သားစကားကို အားလုံးနားထောင်ကြပါ"

"ဘာများလဲ မောင်ရယ်"

"ဒီကိစ္စ သား ဆုံးဖြတ်ပေးမယ်"

အဖေနဲ့အမေကပြုံးလို့ ကိုကိုက ထိတ်လန့်တကြီး ကြည့်ပြီး မိုမိုက တော့အငိုရပ်သွားသည်။

"ဒီနှစ် သားတို့နှစ်ယောက် ဆယ်တန်းမဟုတ်လား . . ဒီ နမ့်ခမ်းမှာပဲဆက်နေပြီး အောင်အောင်ကြိုးစားဖြေကြမယ်။ ဆယ်တန်းအောင်ပြီးမှ မိုမို မန္တလေးကိုသွားနေ သားလည်း မန္တလေးတက္ကသိုလ်တက်မယ်။ မိုမို့ကို သူ့ အဘိုးက ကျောင်းထားပေးလိမ့်မယ်လေ။ ဒါဆို . . . . ကိုကိုလည်း ကျောင်းထွက်စရာမလိုတော့ဘူး။ ဘွဲ့ရပြီးတဲ့အချိန်အထိ မိုမို . . နင်က လည်းသည်းခံ ပြီးနေဟုတ်လား။ အဲ . . ဘွဲ့ရပြီးတော့မှ မန္တလေးမှာ နင်ပျော်ရင်လည်းဆက်နေ။ မပျော်ရင်လည်း ပြန်လာကြတာပေါ့။ အဲဒီအစီအစဉ် မကောင်းဘူးလား"

"ဒါဆို . . . မိုမိုဒီမှာ တစ်နှစ်ဆက်နေရဦးမှာပေါ့ ဟုတ်လား"





"အေး ဟုတ်တယ် . . . ငါ့သားလေးကဒီတစ်ခါတော့ တုတ်သွားပြီကွာ၊ ဒီအစဉ်အတိုင်း သမီးလိုက်နာပေါ့ အခုလို ဦးဘအို ပေါ်မလာရင်လဲ၊ ဆယ်တန်းအောင်ရင် အဖေတို့နဲ့ခွဲပြီး ကျောင်းသွားတက်ရမှာ မဟုတ်လား"

"ကျောင်းပိတ်ရင်ရော"

"ပြန်လာမှာပေါ့ဟာ၊ နင်နဲ့ငါနဲ့ အတူတူပြန်လာကြရုံ ပေါ့"

"ဒီအစီအစဉ်ဆို ကြိုက်ပါတယ်၊ ဒါပေမယ့်မိုမို့ကို မနေစေချင်တဲ့ ကိုကိုက သဘောတူရဲ့လား မေးကြည့်စမ်းပါဦး"

"ညီမလေးရယ် . . . ကိုကို့ကို အထင်မလွဲစမ်းပါနဲ့။ ကိုကိုပြောမိတာ တောင်းပန်ပါတယ်။ ဒီအစီအစဉ်ဟာ အကောင်းဆုံးပါပဲ။ ဒီတစ်ခါ ငါ့ညီတော်တယ်ကွာ။ အရှုံးက တဖူးသာ သွားတယ်ဆိုတာ ဒါမျိုးပေါ့။ အဟဲ"

"ရှုံးတာက ကျွန်တော်မဟုတ်ဘူး။ ကိုကိုဗျ . . ကိုကို့ . ."

"ဟား . . ဟား . . ပော့ကောင် နာတယ်ကွ . . . အဟား . . ဟား"

မောင်မောင်က ကိုကို့လက်မောင်းကြီးကို တအားစွတ် ထိုးနေသဖြင့် ညီအစ်ကိုနှစ်ယောက်၏ရယ်သံက လွင်ကြည် နေသည်။



www.burmeseclassic.com

www.burmeseclassic.com

အားလုံးမျက်နှာ၌ အပြုံးတွေဝေလို့. . . . .

မိသားစုအတွင်းမှ လိပ်ခဲတည်းလည်းဖြစ်နေသော ပြဿနာတို့ အေးငြိမ်းဖြေရှင်းပြီ။

နန်းခမ်းမိုက ရွှန်းလဲ့သော မျက်လုံးကြီးဖြင့် ကိုကို့ကို မျက်စောင်းထိုးတော့ ကိုကို၏ခွင့်လွှတ်ကြည်နူးသော အပြုံးက လက်လက်တောက် အောင် လှပဝေဆာသွားတော့သည်။

✦





## အခန်း(၉)

နမ့်ခမ်းဖောင်ချောင်း၊ နမ့်ဆရီချောင်း၊ နမ့်မချောင်း၊ နမ့်ပူအွန်ချောင်း၊ နမ့်ပူလုံချောင်း၊ နမ့်ဝီးချောင်းစသော ချောင်းသွယ် ချောင်းငယ် တို့မှာ တောင်ဘက်ရှိ တောင်ကုန်း၊ တောင်ထွတ်များဆီမှ မြစ်ဖျားခံ၍ စီးသွယ်ဆင်းသက် လာကြပြီး ရွှေလီမြစ်မှာ ပေါင်းဆုံ၏။ (ရှမ်းဘာသာစကားအရ နမ့်သည်ရေ ဖြစ်ပါ၏။)

မိုးရာသီတွင် ဤသို့သော ချောင်းများမှ တောင်ကျရေ အကျကြမ်းလာလျှင် ရွှေလီသည် ဝန်းကျင် မြေပြန့်လွင်ပြင် များကို ရေလွှမ်းလေ့ရှိပါ၏။

ဤဒေသတွင် တောတောင်ထူထပ်ပြီး ပျမ်းမျှအပူချိန် ၇၄ဒသမ ၇ဒီဂရီ ဖာရင်ဟိုက်သာရှိပြီး ဆောင်းရာသီ မူဆယ် ထက်အေးပြီး ရေခဲမတတ် ခိုက်ခိုက်တုန်ချမ်းလေသည်။

တောတောင်ထူသည်ဆိုသော်လည်း အင်၊ ကျွန်းသစ်၊


www.burmeseclassic.com

www.burmeseclassic.com

ပိတောက် စသော သစ်တောထွက် အဖိုးတန်အပင်များ မပေါက်ရောက်ပါချေ။

ဝါးသည်ပင်လျှင် အလေ့ကျမပေါက်။ စိုက်ပျိုးယူရ၏။ ဝါးပိုးဝါး၊ ကျသောင်းဝါးစသည်များကို စိုက်ပျိုးယူရသည်။

အသုံးဝင်သော သစ်ပင်များ မရှိသော်လည်း မောရှမ်းမြေကို လှပ ဝေဆာစွာ အုံ့ဖြာရိပ်ဆိုင်းနေသော သစ်ပင်များစွာ ရှိပါ၏။

သစ်အယ်ပင်၊ ယင်းကိုပင်၊ မယ်ဇလီပင်၊ မအူပင်၊ မအူလက်တံရှည်၊ လက်ပံပင်၊ လောက်ယားပင်၊ ပင်စိမ်းပင်၊ ချယ်ရီပင်နှင့် နန်းခမ်းမို မြတ်နိုးလှ သော စိန်ပန်းပြာပင်များဖြင့် အလှဆင်ထားသော မောရှမ်းမြေရွှေလီ ချိုင့်ဝှမ်းဒေသ။

"ရွှေးလီ"ဟူသော အမည်ဖြင့် တရုတ်ပြည်တွင် မွေးဖွားခဲ့ပြီး၊ မြန်မာပြည်သားဖြစ်နေသော ရွှေလီမြစ်သည် . . . အရှေ့မှအနောက်သို့ စီးဆင်း နေရာမှ "ကွန်ကျိုင်းကျေးရွာ" အနီးမှစ၍ အနောက်တောင်တန်းဘက်သို့ တည့်မတ်ကျဉ်းမြောင်းသော မြစ်အဖြစ်နှင့် တောင်ကုန်းတောင်တန်းဒေသများစွာကို ဖြတ်သန်းစီးဆင်းပါ၏။

"ရှမ်းပြည်နယ်" နှင့် "ကချင်ပြည်နယ်" ဟူသော မြန်မာပြည်၏ ပြည်နယ်ကြီးနှစ်ခုကို ဆက်သွယ်သွားလာ၍ ရနိုင်အောင် . . . .





ဤရွှေလီမြစ်ကြီးကို ကျော်လွှားကူးဆက်၍ ဆောက်လုပ်ထားသည့် မြန်မာပြည်၏ ကြီးကျယ်ခမ်းနားလှသော ကြိုးတံတားကြီး . . . .

### "ရွှေလီကြိုးတံတား"

နမ့်ခမ်းမြို့မှ သုံးမိုင်မျှသာ ဝေးကွာသော တောတွင်းတောင်အလယ်မှာ ခန့်ထည်စွာတည်ရှိနေပါ၏။

ရွှေလီမြစ်တွင်းသို့စီးဝင်သော 'နမ့်မချောင်း' တံတားကိုဖြတ်ပြီး "ထွန်လုံရွာ"ကိုကျော်ပြီးသည်နှင့် ရွှေလီကြိုး တံတားကိုမြင်ရပါပြီ။

ရွှေလီသည် အရှေ့မှအနောက်သို့ စီးနေရာမှ ဤတံတားနားအနီးမှာ မြောက်မှတောင်သို့ ကွေ့လှည့် စီးဆင်းသွားလေသည်။

"ဟို ရေလယ်မှာ စေတီလေးပါလား"

"ဟုတ်ကဲ့ . . . ဒီတံတားမှာတာဝန်ကျတဲ့ တပ်မတော်သားနဲ့ အရာရှိများ အပါအဝင် စေတနာရှင်များတည်ထားတဲ့ စေတီငယ်လေးပါ"

"ဒီတံတားမှာ ခုလိုပဲ တပ်မတော်သားတွေအမြဲစောင့်ရတယ်လား"

"စောင့်ရတာပေါ့။ အဖျက်သမားဆိုတာက ဖျက်ဆီးဖို့



www.burmeseclassic.com

www.burmeseclassic.com

လောက်ပဲ စောင့်ကြည့်နေတာ မဟုတ်လား၊ တချိန်က ဒီနေရ
မှာ မကြာခဏ တိုက်ပွဲဖြစ်ပါတယ်၊ ခုတော့ ဒီနယ်မြေတစ်ခုလုံ
အေးချမ်းသွားပါပြီ"

"မိုမိုက မြန်မာအစစ်ဆိုပေမယ့် စကားသံဝဲတယ်နော်"

"ဟုတ်လား၊ ကိုယ့်ကိုယ်ကိုတော့ မသိဘူး။ မြန်မာ
အစစ်ဆိုပေမယ့် ဒီရွှေလီချိုင့်ဝှမ်းမှာ အစွန့်ပစ်ခံဘဝနဲ့ နေခဲ့ရ
တာကို . . . ကိုနေဦးနိုင်ရယ်"

ခပ်ထေ့ထေ့လေး ပြောလိုက်သော စကားကြောင့်
မန္တလေးသား "နေဦးနိုင်"က နန်းခမ်းမိုကို တွေဝေစွာ ကြည့်လာ
ပါ၏။

"ညီမလေးခမ်းမို . . . ဧည့်သည်တွေ လေ့လာပါစေ
ကွယ်။ ကဲ . . လာပါ ကိုနေဦးနိုင်၊ ကျွန်တော် ခွင့်တောင်း
ပြီးပါပြီ။ ဟိုဘက်ကမ်းကို ကူးကြည့် ကြရအောင်ပါ"

ကိုကိုက ညီမငယ်၏စကားကို အားနာသလို ဖုံးဖိလိုက်
ပြီး တံတားပေါ်မှ ဖြတ်လျှောက်ရန် ရှေ့မှဦးဆောင်သွားနေ
သည်။

ယခုဧည့်သည်များ ရောက်ရှိလာခြင်းကို နန်းခမ်းမို၏
စိတ်မှာ ကြည်လင်ကြည်နူးခြင်းမရှိမိ။

ယခု ရောက်လာသူမှာ မန္တလေးမှ ဦးဘအိုဆိုသော
အဘိုးကြီးက စေခိုင်း၍ ရောက်လာရပါသည်ဆိုသော





ကိုနေဦးနိုင်နှင့် သူ၏သူငယ်ချင်း "ကိုရဲလွင်"တို့ ဖြစ်ကြလေ
သည်။

"နွေရောက်လို့ မိုမို မန္တလေးကိုလာတဲ့အခါ စိမ်းမနေရ
အောင် လွှတ်လိုက်တယ်။ မိုမို့ကိုခေါ်ရင်လည်း သူပဲ လာခေါ်ပါ
လိမ့်မယ်"

ဆိုသော ဦးဘအို၏ စာရှည်အတွင်းမှ ကိုနေဦးနိုင်ကို
ရည်ညွှန်းသော စာပိုဒ်ဖြစ်ပါ၏။

တောရပ်ရွာမလေ့၊ ပြည်နယ်တို့ထုံးစံအတိုင်း ဧည့်သည်
ကို မြတ်နိုးတတ်ကြသူများထဲတွင် အမေခမ်းအေးတို့လည်း
ရှေ့ဆုံးက အပါအဝင်ပါ။

"မန္တလေးက ဧည့်သည်"

ဟု ဟိုလူ့ပြော၊ ဒီလူ့ပြော၊ ဟိုနေရာလိုက်ပြ၊ ဒီနေရာ
လိုက်ပြ၊ သူ၏ အကောင်းဆုံးသော လက်ရာများနှင့် ချက်ကျွေး
ပြုစုပြီး တစ်အိမ်လုံး ဝမ်းပန်းတသာနှင့် ကြိုဆိုခဲ့ကြသော
မန္တလေးမှ ဧည့်သည်တော်ကိုနေဦးနိုင်။

ယနေ့လည်း . . . .

"နမ့်ခမ်း-မန်း ကားသင်း"မှ တိုယိုတာ ဒိုင်နာကား
တစ်စီးကို အကူအညီတောင်းပြီး ရွှေလီကြိုးတံတားဆီသို့
တပျော်တပါးကြီး ရောက်ရှိလာကြခြင်းဖြစ်ပါ၏။

အဖေက ခြံမှာမို့ ဤအဖွဲ့ကို အမေက ဦးဆောင်သည်။


www.burmeseclassic.com

www.burmeseclassic.com

လူကြီးမို့ ကားရှေ့ခန်းမှာ ထိုင်ရ၏။ မှန်ခြားထားသော ပစ်ကပ် ကားမို့ နောက်မှ လူငယ်များ လွတ်လပ်စွာ ပြောဆိုလာနိုင်ခဲ့ကြ လေသည်။

ကိုကိုရော မောင်မောင်ပါသာမက မောင်မောင့် သူငယ်ချင်း "စိုင်းဆိုင်လိုင်းနွမ်" ပါ ကင်မရာတစ်လုံးလွယ်ပြီး လိုက်ပါလာခဲ့သည်။

ခမ်းမိုတို့ မောင်နှမသုံးယောက်၏ အထူးဧည့်သည် တော် တစ်ယောက်လည်း ပါရှိလာသည်။

သူကတော့ မူဆယ်မြို့မှ နန်းစောမွန်။

ခမ်းမိုတို့အိမ်သို့ သူ့အမေ ဒေါ်နန်းမောက်ဆွယ် ခိုင်းလိုက်သည့် ကိစ္စနှင့်ရောက်လာရင်းက နန်းခမ်းမိုတို့ ဆွဲထား ကြသဖြင့် မပြန်ဖြစ်သေးဘဲ ဤခရီးငယ်သို့ လိုက်ပါလာခြင်းဖြစ် ပေသည်။

"ညီမလေး . . ကိုနေဦးနိုင်ဟာ ဘယ်လိုလူစားပဲ ဖြစ်ဖြစ်၊ ကိုယ့်အိမ်ကိုရောက်လာတဲ့ ဧည့်သည်ကို ဧည့်ဝတ် ကျေပါလေ"

ဤစကားစုကို ကိုကိုသည် မောရှမ်းဘာသာနှင့် ပြောကြား လိုက်ခြင်း ဖြစ်ပေသည်။

ဤရွှေလီချိုင့်ဝှမ်းဒေသတစ်ဝိုက်တွင် ရှမ်းစကားပင် အပြောများ ကြသည်။ ဈေးနေ့များတွင် ဈေးဝယ်လျှင်ပင် ရှမ်းလို





မပြောတတ်ရင် မလွယ်။ ဘာသာပြန်သူမပါဘဲ ဈေးဆစ်၍မရ။ မုန့်ဝယ်စား၍မဖြစ်။

မြန်မာမလေး ခမ်းမိုတို့ကတော့ ရှမ်းစကားကို မွတ် ညက်နေအောင် တတ်ကျွမ်းနေပေပြီ။ မြန်မာစကားကိုပင် တစ်ခါတရံ စဉ်းစားနေရသေးသည်။ ဟထိုးသံ မပါသော ဥပမာ 'လှတယ်' ကို 'လတယ်' 'မှတ်မိတယ်' ကို 'မတ်မိတယ်' ဟူသော စကားသံလေးဝဲဝဲဖြင့် ပြောနေတတ်သော နန်းခမ်းမိုကို နေဦးနိုင် စိတ်ဝင်စားနေပုံရလေပြီဟု သိ၍မဟုတ်။

သူ့အဘိုးဦးဘအိုက သူ့ထံသို့ ပဏ္ဏာမတစ်ခေါက် ကြိုတင်၍ လွှတ်လိုက်သည်ကိုပင် စိတ်ထဲမှာ နည်းနည်းလေးမှ မကျေနပ်မိ။

ဤသည်ကိုသိသော ကိုကိုက ညီမငယ်အတွက် ဖေးမ ကာကွယ်နေခြင်းသာဖြစ်ပါ၏။ ဘာပဲဖြစ်ဖြစ် ကိုယ့်ထံသို့ ရောက် လာသော ဧည့်သည် အတွက် ဧည့်ဝတ်ကျေသင့်သည်ဟု ကိုကို ခံယူထားသည်။

ထုံးစံအတိုင်း ဘာပဲလုပ်လုပ် ပျော်နေသူက မောင်မောင်၊ နန်းစောမွန်ပါ, ပါသဖြင့် သူ့မှာ မိုမို့ကိုစလိုက်၊ မွန်မွန့်ကို နောက်လိုက်နှင့် . . . .

မောင်မောင် ဘာပဲလုပ်လုပ် မွန်မွန် စိတ်ဝင်စားနေ တတ်သည်။ အရေးတယူရှိလှသည်။


www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်ကတော့ နန်းစောမွန်အပေါ်တွင် သူငယ်ချင်းတစ်ယောက်လို ခင်မင်သော စိတ်ထက်မပို။ နန်းခမ်းမိုနှင့်တန်းတူလိုထားပြီး စိတ်ဆိုးအောင်စလိုက် . . . နောက်လိုက်လုပ်ပြီး တဟားဟား ရယ်နေတတ်သူပါ။

မွန်မွန်သည် မောင်မောင့်အတွက် ထာဝရအဆင်သင့်တိမ်းညွှတ်နေသော်လည်း မောင်မောင်သည် မွန်မွန့်အတွက်မဟုတ်ပါပေ။ သာမန် ဆက်ဆံမှုမှ အစွန်းထွက်ဖို့ စိတ်ကူးပင်မရှိပါကြောင်း ခမ်းမိုသိပါသည်။

"အို"

သူတို့နှစ်ဦးအတွက် စဉ်းစားနေမိရာမှ ကိုနေဦးနိုင်နှင့်အတူပါလာသော သူ့သူငယ်ချင်း၏ အကြည့်နှင့် အမှတ်မထင်ဆုံမိခိုက် ရင်၌လှိုက်ဖိုသွားအောင် ချောက်ချားရပါလေပြီ။

သူ့အကြည့်က ထူးခြားစူးရဲလှချေသည်။

နန်းခမ်းမိုလို ကြည့်မဝနိုင်အောင်လှသော မိန်းကလေးသို့ အလှမက် မျက်စိနှင့်ကြည့်နေခြင်းမဟုတ်။

လေးနက်စူးရှသော ခံစားမှုများနှင့် ကြည့်နေပုံကရက်ရက်စက်စက်။

သူ မျက်နှာလွှဲသွားသည့်တိုင် နန်းခမ်းမို၏ ရင်ထဲမှာရှုံ့ထိတ်မှုဖြင့် လှုပ်ခါ၍ ကျန်ရစ်ခဲ့လေသည်။

"အောက်ခြေမှာ ရေစီးကျနေပုံက လှလိုက်တာနော်၊





မိုမို . . . အဲ . . . မခမ်းမို"

"ဟုတ်ကဲ့ . . ဘယ်လိုခေါ်ခေါ်ရပါတယ် ကိုနေဦးနိုင်"

သူ့ကိုပြောပြီး သူနှင့်အတူ ငုံ့ကြည့်မိတော့ ကျောက်တုံး၊ ကျောက်စိုင်များပေါ်မှ ဖြတ်ကွေ့တိုးဝင် ကျော်လွှားစီးဆင်းနေရှာသော ချစ်စရာ ရွှေလီကို ချမ်းမြေ့စွာမြင်ရသည်။

"မခမ်းမိုကို ခမ်းမို၊ မိုမို၊ နန်းခမ်းမိုလို့ အမျိုးမျိုးခေါ်နေကြလို့ပါ"

"ဟုတ်ကဲ့"

စကားမဆက်မီ သူ့သူငယ်ချင်း 'ကိုရဲလွင်' ဆိုသူကိုတစ်ချက်ငဲ့ကြည့်လိုက်တော့ သူက နန်းခမ်းမိုကို လုံးဝလှည့်မကြည့်တော့ပါ။

တစ်ဘက်ကို စတီးကြိုးအလုံးကြီးကြီး ခုနစ်ချောင်းနှင့်ဆိုင်း၍ ဆွဲထားသော ကြိုးတံတား၏အားပြုရာ ကြိုးကြီး(၁၄)ချောင်းကို ကိုရဲလွင် မော့ကြည့်နေသည်။

တစ်ချိန်က မိုင်းခွဲခံရ၍ ကြိုးတစ်ချောင်း ပြတ်ထွက်သွားသည်ကို ပြန်ဆက်ထားရသဖြင့် တံတားက ဟန်ချက်မညီတော့၍ ကုန်းကြောင်းနှင့် စက်ဘီးများမှတစ်ပါး ကားများကိုဖြတ်ခွင့်မပြုတော့။

ကိုရဲလွင်က နန်းခမ်းမိုကို မကြည့်လေမှ နေဦးနိုင်၏အမေးကို ရှင်းပြရသည်။



www.burmeseclassic.com

www.burmeseclassic.com

“ခမ်းမိုဆိုတာ အမေခမ်းအေးမှည့်ပေးတဲ့နာမည်ပါ။ အဖေနဲ့အစ်ကို တွေက မိုမိုလို့ ချစ်စနိုးနဲ့ခေါ်ကြတာဖြစ်ပါတယ်။ ဒီမှာတော့ ခမ်းမို့. . ခမ်းမြ. . ခမ်းနွဲ့. . ဒီလိုပဲ ခေါ်ကြပါတယ်။ နန်းဆိုတာတော့ ရှမ်းတို့ရဲ့ ‘မ’ ပါ။ နန်းခမ်းမိုဆိုရင် မခမ်းမိုပေါ့”

“ခမ်းမိုလို့ ခေါ်ရတာလေးကလှတယ်။ မ, မပါလို့ ရိုင်းများနေမလားလို့”

“မရိုင်းပါဘူး။ ဒီမှာ နန်းထည့်ပြီးခေါ်လေ့မရှိကြပါဘူး”

“ဒါဆို ကို . . ကိုကိုတို့နဲ့တူတူ မိုမိုလို့မခေါ်ဘဲ ခမ်းမိုလို့ဘဲခေါ်ပါရစေ”

သူ့ကို တစ်ချက်ဝင့်ကြည့်လိုက်မိပါသေးသည်။ ကိုကိုတို့နှင့်ကွဲပြားအောင် ခေါ်ချင်သည်ဆိုခြင်းကိုတော့ သိပ်မကြိုက်လှ။

“အထမ်းတွေနဲ့ ခရီးသည်တွေ ဒါဘယ်သွားကြမှာလဲဟင်။ ဟိုဘက်မှာ ရွာရှိလား ခမ်းမို”

“ရွာတွေရှိပါတယ်။ ဒါပေမယ့် သူတို့ သွားကြမှာက ဗန်းမော်အထိ”

“ဟာ. . . ဗန်းမော်အထိသွားမှာ ဟုတ်လား။ ဒီလောက် ပစ္စည်း တွေနဲ့ ဒီလောက်ဝေးတဲ့ခရီးကို သွားနိုင်ကြတယ်လား”

“ဒီလိုပဲ ဥဒဟိုသွားနေကြပါတယ်။ ဗန်းမော်အသွား အပြန် ခရီးသည်တိုင်းဟာလည်း ဒီရွှေလီတံတားကို ဖြတ်ကြရပါတယ်”





“ဘယ်နှစ်ရက် သွားကြရလဲဟင်”

“ခရီးက (၆၇)မိုင်ပါ။ တစ်ချို့လည်း သုံးရက်၊ လေးရက်သွားတယ်။ များသောအားဖြင့်တော့ တစ်ညအိပ်ပြီး နှစ်ရက်နဲ့ရောက်အောင်သွားကြပါတယ်။ ခရီးကလည်း မြေပြန့်မရှိသလောက်ပါပဲ။ တောင်ဆင်းတောင်တက်နဲ့ တောလမ်း တောင်လမ်း ချောင်းကူး၊ မြောင်းကူးသွားရပါတယ်”

“အာဂသတ္တိတွေပါလား။ ရှမ်းမလေးတွေကြည့်လိုက်ရင် ဖြူဖွေးပြီး နုလိုက်တာမှ ဥနှေ့တာပဲ။ ဒီလိုခရီးကြမ်းကို ရှေ့တစ်တောင်း၊ နောက်တစ်တောင်းထမ်းပိုးနဲ့ထမ်းပြီး သွားနိုင်တယ်နော်။ အံ့ရောဗျာ”

“ဟုတ်ကဲ့၊ ခမ်းမိုတို့ ဒီဘက်ရှမ်းပြည်နယ်က ရှမ်းမလေးတွေအားလုံး ထမ်းပိုးနဲ့ထမ်းကြပေမယ့်၊ ကချင်ပြည်ရောက်တော့ အထမ်းနဲ့သွားတာ လုံးဝမရှိတော့ပါဘူး”

“ဘာနဲ့ သယ်ကြလဲ”

“ပလိုင်းနဲ့ပါ”

“သြော် . . နဖူးမှာ လွယ်ကြတာလား”

“ဟုတ်ပါတယ်။ ကြိမ်ကြိုးပြားကို နဖူးမှာချိတ်ပြီး ကျောပေါ်မှာ ပစ္စည်းတောင်းကို သယ်ယူသွားကြပါတယ်။ ကိုယ်ကို ခပ်ကိုင်းကိုင်းထားပြီး တောင်တွေကို တက်ကြတာပါ။ သူတို့ရဲ့ အဝကျယ် အောက်ရှုံ့ဝါးပလိုင်းထဲမှာ ပိဿာချိန် (၁၀)ကနေ



www.burmeseclassic.com

www.burmeseclassic.com

(၄၀)ပိဿာလောက်အထိလေးအောင် သယ်နိုင်ကြပါ တယ်"

"ရှမ်းမလေးတွေ၊ကချင်မလေးတွေဟာ တကယ် အလုပ်လုပ်ကြပါလားဗျာ"

"ဟုတ်ကဲ့။ သဘာဝကကို ဒီလိုဖြစ်လာတာကို တစ်ဘက်နိုင်ငံကထွက်တဲ့ မျက်နှာသုတ်ပဝါ၊ အိပ်ရာဖုံး၊ ချည်ထည်တွေနဲ့ ဖိနပ်ကအစ ကြွေရည်သုတ် အိုးခွက်၊ ကြွေပန်းကန် အစုံလိုက်တွေကိုသယ်ပြီး ရောင်းချကြတာပါ"

"ဪ . . ဒါကြောင့် ဗန်းမော်၊ မြစ်ကြီးနားဘက်မှာ တရုတ်ပစ္စည်းပေါတယ်လို့ ပြောကြတာကို"

"အဲဒီအားလုံးဟာ အခုလမ်းက ကုန်ကြောင်းသယ်ယူသွားကြတာချည်းပါပဲ"

"ဪ. . အခု ထမ်းသွားတဲ့ ပစ္စည်းတွေဟာ ကချင်မြေထဲရောက်တော့ ပလိုင်းနဲ့ လွယ်သွားကြသလား"

"ဒီလိုမဟုတ်ပါဘူး ကိုနေဦးနိုင်၊ ကချင်ပြည်နယ်မှာ ရှမ်းရွာတွေရှိသလို. . ရှမ်းပြည်နယ်ထဲမှာလည်း ကချင်အမျိုးသားတွေအများကြီး နေထိုင်ကြပါတယ်၊ ကချင်ရွာတွေရှိပါတယ်၊ ကွတ်ခိုင်ဘက်မှာဆို ပိုပြီးများပါတယ်"

"ဪ. . . ဒီလိုသိရတာ ကျေးဇူးတင်ပါတယ်ဗျာ"

"ဟုတ်ကဲ့၊ ကချင်မလေးတွေဟာ ရှမ်းပြည်နယ်မှာနေပေမယ့် ပလိုင်းကိုပဲ လွယ်ကြသလို၊ ကချင်ပြည်မှာနေကြတဲ့





ရှမ်းမလေးတွေဟာလည်း တောင်းနှစ်လုံးကိုထမ်းပိုးနဲ့ ထမ်းပိုးပြီး သယ်ကြပါတယ်။ ဒါ ခမ်းမိုကိုယ်တိုင် မြင်တွေ့ဖူးတာပါ။ ဘယ်မှာနေနေ ကိုယ့်ပြည်နယ်နဲ့ကိုယ့်လူမျိုးတွေရဲ့ဓလေ့ကို ထိန်းသိမ်းကြတဲ့သဘောပါ"

ပစ္စည်းတွေတလွယ်ကြီးနှင့် ဗန်းမော်အထိ ခရီးရှည်ကြီးကို ခြေလျင်သွားကြမည့် ခရီးသည်များကို ကိုနေဦးနိုင်တို့ တအံ့တဩကြည့်နေကြသည်။

ရွှေလီတံတားအောက်မှ ရွှေလီမြစ်ရေကိုတော့ မထိဝံ့ကြ။ ရန်သူ့အတွက် ကြိုတင်ကာကွယ်ထားခြင်းများရှိနေ၍ ခမ်းမိုတို့ အောက်ဆင်းခွင့်မရခဲ့။

"ဆိုင်လိုင်းနွမ်"

မောင်မောင် သူ့သူငယ်ချင်း ကင်မရာဆရာကိုခေါ်ပြီး ဓာတ်ပုံရိုက်ကြသည်။ ကိုရဲလွင်က. . .

"ကိုစိုင်းဆိုင်. . အဲ. . ဟို. . လနွမ်၊ အာ မဟုတ်ပါဘူး"

မောရှမ်းအမည်ကို ပီအောင်မခေါ်နိုင်သော ကိုရဲလွင်ကို ဝိုင်းဟားနေကြသည်။ ပြီးတော့မှ တစ်လုံးချင်း. . .

"ကိုစိုင်း. . ဆိုင်. . . လိုင်း. . နွမ်"

"အမယ်လေး. . ခင်ဗျားနာမည်က တစ်လုံးချင်းခေါ်မှ ဖြို။ တစ်ဆက်တည်းခေါ်ရင် တယ်လျှာလည်တာပဲ"

"ကိုနဲ့ စိုင်း ထည့်မခေါ်လည်းရပါတယ်"


www.burmeseclassic.com

www.burmeseclassic.com

"အင်း . . ဆိုင် . . လိုင်းနွမ်"

သူက ခပ်ဝဲဝဲခေါ်လိုက်သော်လည်း ရှမ်းသံဝဲပုံမျိုး မဟုတ်၍ ရယ်စရာပင်။

တာဝန်ကျ တပ်မတော်သားများ၏ ချမ်းမြေ့ဖွယ်အပြုံး ကို ကြည့်လျက်. . .

အသက်နှင့် တကယ့်ကိုရင်းပြီး ကာကွယ်ပေးနေရှာ သော အားကိုးဖွယ်၊ လေးစားကြည်ညိုဖွယ် ရှေ့တန်းစခန်းမှ တပ်မတော်သားရဲဘော်များကို လေးစားစွာနှုတ်ဆက်ပြီး ခမ်းမို တို့အဖွဲ့ ပြန်ခဲ့ကြသည်။

"မခမ်းမို"

တံတားလမ်းဆုံးခါနီးမှာ ကိုရဲလွင်က လေသံတိုး တိုးလေးနှင့် ခေါ်လိုက်ပြီး အနားကပ်လျက်. .

"ခင်ဗျား မန္တလေးအိမ်ကို အမြန်ဆုံးသွားသင့်တယ်ဗျာ။ ဟိုမှာ သိပ်ရှုပ်နေကြပြီ"

"ရှင်"

"မခမ်းမိုရဲ့ အဘိုးနဲ့အမြန်ဆုံးတွေ့လိုက်ပါ"

သည်စကားစုကို ပြောနေစဉ်မှာ သူ့အကြည့်က ကိုနေဦးနိုင်၏ထံမှာ . . .

ယင်းလျှို့ဝှက်စကားကို နေဦးနိုင် မကြားသာအောင် သူပြောကြားလိုက်ခြင်းပါ။





နန်းခမ်းမို တစ်စုံတစ်ခု မမေးဖြစ်လိုက်နိုင်မီမှာပင် ကားပေါ်တက်သွားတော့သည်။

သူ့အကြည့်နှင့် သူ့အပြောများကိုတအံ့ဖြစ်ရင်း ကျန်ရစ်ခဲ့၏။

နန်းခမ်းမို ကားပေါ်တက်တော့ နောက်ဆုံးထိုင်ခုံမှာပဲ နေရာရသည်။

"အို"

လွတ်နေသော ဘေးနေရာတွင် ဝင်ထိုင်လာသူက နေဦးနိုင်။

"မောရှမ်းမြေတစ်နယ်လုံးမှာ ဘယ်နေရာကိုပဲကြည့်ကြည့်၊ ဘာကိုပဲကြည့်ကြည့်သိပ်လှတယ်ဗျာ"

နန်းခမ်းမိုကို တည့်တည့်ကြည့်ပြီး အနီးကပ်ပြောလိုက်သဖြင့် နန်းခမ်းမို ၏မျက်နှာတစ်ခုလုံးနီထွေးသွား၏။

ကိုနေဦးနိုင်၏အကြည့်စူးစူး အပြောရဲရဲကြောင့် ရှက်သွေးများ ပူနွေးစွာ တစ်ကိုယ်လုံးပျံ့နှံ့သွားရလေပြီ။

သူ့ဘေးမှာ ရဲရဲတင်းတင်း ဝင်ထိုင်သူကို ဧည့်သည်ပင်ဖြစ်စေကာမူ သူ စိတ်မကြည်နိုင်ပါ။

မောင်မောင်သည် ကိုယ့်အစ်မ ဘယ်လိုအခက်အခဲ အကျဉ်းအကျပ်များနှင့်ရင်ဆိုင်နေရသလဲဟု သူမတွေးမိ၍ လှည့်၍ပင်မကြည့်။ ဆိုင်လိုင်းနွမ်နှင့် နန်းစောမွန်တို့နှင့်


www.burmeseclassic.com

www.burmeseclassic.com

တပြုံးပြုံးတဟားဟားဖြင့် နောက်ကြောင်းမေ့နေသော်လည်း. .

တစ်ခုံကျော်မှ ကိုကိုသည်မူ. . .

ညီမ၏ ရှက်မျက်နှာလေးကို စိုးရိမ်တကြီး လည်ပြန် လှည့်၍လှည့်၍ ကြည့်လာခဲ့သည်မှာ လမ်းတစ်လျှောက်လုံးပါ

နေဦးနိုင်နှင့်ယှဉ်တွဲပြီး မြင်လိုက်ရသော ထိုခဏ၌ ကြေ ကွဲမှုမှ စိတ်ဖြာခွဲထွက်အက်သော ခံစားမှုမျိုးပေါင်းစုံတို့သည် ကိုကို၏ နှလုံးသားကိုနှိပ်စက်၏။ ညှဉ်းပန်း၏။

"ကိုကိုနှင့် မိုမို"တို့ချင်း ခံစားမှုကူးစက်နေကြချိန်မှာ. .

"မောင်မောင်နှင့်မွန်မွန်" တို့သည်လည်း ကြည်နူးပျော် ရွှင်သော အကြည့်များဖြင့် တစ်လမ်းလုံး အပြုံးများလှိုင် ဝေလျက်. .

ထိုနေ့အပြန်လမ်းတွင် နမ့်ခမ်းတစ်မြို့လုံးသို့ လှည့် လည်ပြသကြသည်။ စေတီပုထိုးများ၊ တောရကျောင်းများ မြို့မရုပ်ရှင်ရုံနှင့် ဈေးကြီးတို့ကို ဝင်ပြီး "အိုလံပစ် အအေးနှင့် ကဖီးဆိုင်" မှာ နေ့လယ်စာစားသောက်ရန် ဧည့်ခံ ဧည့်ဝတ်ပြု ပါ၏။

ကိုရဲလွင်က ဆိုင်ထဲမှ နမ့်ခမ်းတစ်မြို့လုံး၏ ရှုခင်း ပန်းချီကားကြီးကို ငေးမောကြည့်ရှုနေသော်လည်း ကိုနေဦးနိုင် သည် နန်းခမ်းမိုသို့သာ သူ့အကြည့်က မကြာခဏ ကျရောက် နေတော့သည်။





## အခန်း(၁၀)

"ဒီ ဓာတ်ပုံလေးတွေမြင်လိုက်ရင် ခမ်းမိုရဲ့အဘိုးက တော့ သိပ်ချစ်သွားမှာပဲ"

နေဦးနိုင်က ရွှေလီမြစ်ကမ်းမှ နန်းခမ်းမို၏ ဓာတ်ပုံများ ကိုကြည့်ပြီးပြောနေသည်။ သူ့ မျက်နှာမှာလည်း ကြည်ကြည် လင်လင် ပြုံးရွှင်လို့ပါ။

"ကြည့်စမ်း. . ဒီပုံလေး သိပ်လှတာပဲနော်။ မဂ္ဂဇင်း မျက်နှာဖုံး ထည့်ဖို့တောင်ကောင်းတယ်"

တောင်နောက်ခံ ရေအောက်ခံနှင့် ရွှေလီမြစ်ကမ်း ပေါ်မှာရပ်နေသော နန်းခမ်းမို၏ရုပ်လွှာ. . .

"မိုမိုက မလှပါဘူး။ မျက်နှာဖုံးထည့်လို့ရခဲ့ရင်တောင် ကိုကိုကခွင့်ပြုမှာ မဟုတ်ဘူး"

"ကိုကိုက မိုမို့ကို ချုပ်ချယ်တယ်လား"

"ချုပ်ချယ်တာ မဟုတ်ပါဘူး။ ခမ်းမိုကို ကိုကိုက


www.burmeseclassic.com

www.burmeseclassic.com

တာဝန်ယူ စောင့်ရှောက်လာခဲ့တာပါ"

"မိုမို့က ကိုကို့ကို သိပ်အရေးထားတယ်နော်"

"ဟုတ်တယ်. . မိုမို သူ့ ဆန္ဒအတိုင်းပဲနေတယ်"

"ဒါဆို နွေရောက်မှ မန္တလေးကို သွားပါဆိုတာလည်း သူ့ ဆန္ဒပဲလား"

"ဟုတ်တယ်"

စကားအရှည်မချဲ့ချင်၍ ခေါင်းညိတ်၍ ပြောလိုက်ရသည်။

"အမှန်တော့ ဦးဘအိုခေါ်တုန်း မြန်မြန်သွားသင့်ပါတယ်လေ"

"အမှန်ပြောရရင်တော့ လုံးဝမသွားချင်ပါဘူး ကိုနေဦးနိုင်၊ အမေတို့က သွားသင့်တယ်ဆိုလို့ သွားရမှာပါ"

"မသွားချင်ဘူးဆိုတာက ဒီအိမ်က မခွဲနိုင်တဲ့ သံယောဇဉ်ကြောင့်လား"

"အဲဒါလည်း ဟုတ်တယ်။ နောက်တစ်ကြောင်းလည်း ရှိပါသေးတယ်"

"ဘာများလဲဗျာ"

"ခမ်းမိုရဲ့အမေကို ရက်ရက်စက်စက်စွန့်ပစ်ခဲ့ကြတဲ့ အဘိုးဆိုတဲ့ လူကြီးကိုမုန်းတယ်"

"ဟာဗျာ"





"ခမ်းမိုရဲ့အမေရင်းက ခမ်းမို မွေးပြီးကတည်းက သေသွားခဲ့တာ မဟုတ်လား။ ဒီကအမေ 'ခမ်းအေး' တို့ကသာ ကောက်ယူမမွေးခဲ့ရင် မိုမိုသေချင် လည်းသေသွားမယ်။ မသေလည်း တစ်စုံတစ်ဦးလက်ထဲမှာ ဒုက္ခတွေရောက်နေမှာ။ အဲဒီလို အရွယ်တုန်းကတော့ ပြန်ခေါ်မယ် စိတ်မကူးဘဲ၊ ခုမှ ခေါ်ခိုင်းတာ သူတို့ဆီမှာ အိမ်ဖော်လိုလို့လားပဲ"

"ဟာဗျာ . . မခမ်းမိုကလည်း ပြောတတ်လိုက်တာ၊ ဒီလိုမဟုတ်ပါဘူး။ ဒါကြောင့် တွေ့ကြည့်လိုက်ပါဦး၊ အမြန်ဆုံး သွားသင့်ပါတယ်လို့ ပြောတာပေါ့"

"မိုမို့ရဲ့ အဘိုးဆိုတဲ့လူကြီးက ကျန်းမာရဲ့လား"

"အင်း. . ခုတလော နည်းနည်းနေမကောင်းဘူး။ အဲ စိတ်လည်းညစ်တယ်ထင်ပါရဲ့"

ဘာကြောင့် စိတ်ညစ်ရသလဲဟု မမေးဖြစ်။ ကိုယ် စိတ်မဝင်စား သူ့ရဲ့အကြောင်းရာကို သိချင်စိတ် မရှိတတ်ကြသည်မှာ သဘာဝပါ။

နေဦးနိုင်သည်မူ ဦးဘအိုနှင့်ပတ်သက်၍ တစ်စုံတစ်ရာ ပြောစရာ ရှိနေပုံရသည်။ နန်းခမ်းမိုက ဦးဘအိုကို စိတ်နာပါသည်ဆို၍ သူ မပြောရဲခြင်းလား။

"ဒါနဲ့ အမေက . မေးခိုင်းတဲ့စကားတောင် မမေးရသေးဘူး"


www.burmeseclassic.com

www.burmeseclassic.com



"ဘာများလဲ မိုမို"

"ကိုနေဦးနိုင်က ဦးဘအိုနဲ့ ဘယ်လိုများပတ်သက်သလဲတဲ့"

"တူလို၊ သားလိုနေခဲ့တာပါ။ အဘအိုက ကျွန်တော့်ကို သိပ်ချစ်တယ်။ အားလည်းကိုးပါတယ်။ ဒါကြောင့်သာ သူ့ဘဝရဲ့ အရေးကြီးတဲ့ကိစ္စ တစ်ရပ်ဖြစ် တဲ့ မခမ်းမိုဆီကို ကျွန်တော့်ကို လွှတ်လိုက်တာပေါ့"

"ဪ. . . ဪ"

"စာမေးပွဲဖြေပြီးရင် လာမှာမဟုတ်လား။ ဆယ်တန်းစာမေးပွဲကြီးပြီးချိန်လောက်ကို ကျွန်တော်မှန်းပြီး လာခဲ့မယ်နော်"

"အို. . ကိုကိုက ထည့်လိုက်မှာ မဟုတ်ပါဘူး။ သူကိုယ်တိုင် လိုက်ပို့မှာပေါ့။ အမေတို့ကရောပဲ"

"ကျွန်တော်နဲ့ စိတ်မချနိုင်ဘူးဆိုတဲ့သဘောလား"

"ဘယ်သူနဲ့မှ စိတ်မချနိုင်ဘူးဆိုတဲ့ သဘောပါ"

စကားစပြတ်သွားကြသည်။ ကိုနေဦးနိုင်သည် စကားများစွာ ပြောချင်နေသော်လည်း မျိုသိပ်ထားပုံရပါ၏။

ငြိမ်သက်ခြင်းကိုကာကွယ်ရန် သူ စီးကရက်တစ်လိပ်ကို ထုတ်သောက်လိုက်သည်။

"ကိုနေဦးနိုင်"

"ဟုတ်ကဲ့"





"နဂိုကတည်းက မသွားချင်တာ။ ဟိုမှာ ဇာတ်ရှုပ်ရှိနေမယ်ဆိုရင်တော့ ခမ်းမို ဒီနမ့်ခမ်းက ဘယ်တော့မှမခွာဘူး"

ကိုရဲလွင် သတိပေးစကားကို ရည်ညွှန်းမိသည်။

"ဒီလို ဘယ်ဖြစ်မလဲ"

"ဘာလို့ မဖြစ်ရမှာလဲ။ အမေတို့ နှင်မချသမျှ ခမ်းမို မလိုက်ဘူးလို့ ပြောနိုင်ခွင့်ရှိနေတာပဲ"

"ကဲဗျာ . . ဒီလိုလုပ်ပါ။ နွေကျရင် မခမ်းမိုလာဖြစ်အောင်တော့လာပါ။ ကျွန်တော် လာမခေါ်နဲ့ဆိုလည်း မခေါ်ပါဘူး။ မခမ်းမိုနဲ့အတူ ကိုကိုတို့၊ မောင်မောင်တို့လည်း ပါလာကြမှာဘဲ မဟုတ်လား"

"အင်း. . တစ်ယောက်တော့ ကျိန်းသေပါမှာပါ"

"ဒါဆိုလည်း ဟိုမှာ မကျေနပ်ခဲ့ရင် ပြန်လာဖို့ရတာပဲဗျာ။ မလာဘဲနဲ့တော့မနေပါနဲ့"

"ကောင်းပြီလေ"

"ကျွန်တော်လာခြင်းဟာ ကောင်းသောလာခြင်းပါဆိုတာတော့ မခမ်းမို ယုံကြည်ပါဗျာ"

နန်းခမ်းမို ခေါင်းညိတ်ပြလိုက်ရပါသည်။ ကိုယ်က အိမ်ရှင်ပါဆိုသော အသိကိုဖြင့် မမေ့ပါ။

နေဦးနိုင်နှင့် ကိုရဲလွင်တို့နှစ်ယောက်မှာ စိတ်တူကိုယ်တူဆန္ဒတူဖြင့် နမ့်ခမ်းမြို့ရှိ နန်းခမ်းမိုထံသို့ ရောက်လာ



www.burmeseclassic.com

www.burmeseclassic.com

ကြခြင်း မဟုတ်ပါ။

သီးခြားဆန္ဒများဖြင့် ရောက်လာသူနှစ်ယော
အကြောင်းကိုပင် နန်းခမ်းမိုအနေနှင့် ခွဲခြမ်းစိတ်ဖြာ
မလေ့လာတတ်။

သည်သို့ဆိုပါလျှင် ရတနာပုံနေပြည်တော်မှ သူဌေး
ဦးဘအိုတို့၏ အိမ်ဂေဟာရောက်သွားခဲ့လျှင်. . .

နန်းခမ်းမိုအနေနှင့် အဘယ်သို့ရင်ဆိုင်ရမည်ကို
မတွေးတတ် မတွေးရဲတော့ပါချေ။

ကိုယ့်အတွေးနှင့်ကိုယ် ‌တွေတွေငေးငေးလေးဖြစ်နေ
သော နန်းခမ်းမိုကို နေဦးနိုင်က အားရပါးရကို ထိုင်ကြည့်နေ
တော့သည်။

မောရှမ်းမြေမှ ရှမ်းမလေးများ၏ အလှက ပထမဆုံး
အသားအရည်ပါ။ အသားလှပုံက ဆင်စွယ်နှစ်လို ဖြူပြီး
ကြည်နေသည်။ တကယ့်ကို နုနုအိအိလေး။ ရှမ်းမျိုးနွယ်အသား
အရည်နှင့် မြန်မာမချောချောလေး၏ မျက်နှာနှင့် နန်းခမ်းမို
ဤအလှရှင်မလေးမျိုးကို ရာသက်ပန်မြတ်နိုးခွင့်မျာ
ရလျှင်. . . ဟူသော အတွေးဖြင့် နေဦးနိုင်စိတ်ကူးယဉ်
ကြည့်နေမိသည်။

အမှန်တော့ ချစ်၍လှလာခြင်းမဟုတ်ပါဘဲ။ လှသော
သူမို့ ချစ်မိလေခြင်းသာပါ။ ဘယ်အမျိုးသားကို ကြည့်ကြည့်





အကြောင်းတိုက်ဆိုင်မှုဖြင့်သာ အရုပ်ဆိုးမလေးများနှင့်ရကာ
ရှရော လိုချင်တာ၊ မျှော်လင့်တာ၊ စိတ်ကူးယဉ်ကြတာက
ချောချောလှလှလေးများကိုသာ လိုချင်ကြသည်သာ။

'သိပ်လှတဲ့မိန်းမကို ကြောက်တယ်'ဆိုသော အကြောင်း
ချက်မျိုးက အလှကို ကြောက်ခြင်းမဟုတ်။ အလှနောက်မှ
မာနတို့၊ ပြဿနာတို့ကို ကြောက်ခြင်းသာဖြစ်ပါ၏။

နန်းခမ်းမို မေ့မေ့လျော့လျော့ဖြင့် ငေးနေလေ. .
နေဦးနိုင်အတွက် ရှုစားခွင့်ရလေ ဖြစ်နေခိုက်. . .

"တောက်. . . ကြည့်နေလိုက်တာ၊ လက်သီးနဲ့ဆွဲထိုး
ပစ်ဖို့ကောင်းတယ်"

အခန်းတွင်းမှ လှမ်းမြင်လိုက်ရသော ကိုကို၏ခံစားမှု
ဒေါသတရား။

မနေနိုင်တော့၍ ခြေသံပြင်းပြင်းနင်းပြီး အခန်းတွင်းမှ
ထွက်လာတော့ နေဦးနိုင်လည်း လန့်ဖျပ်ကာ ပြုံး၍နှုတ်ဆက်ပြီး
ထွက်သွားတော့သည်။

သူတို့ ဒီအိမ်မှာမတည်း။

မြို့လယ် ဘုရားကြီးအနီး ပဒေသာကပွဲရုံနားမှာ. .
လှကျော် တည်းခိုရိပ်သာမှာ အိပ်ကြသည်။ တစ်နေကုန်တော့
ဒီအိမ်မှာ။ ယခု ပြန်သွားကြပါပြီ။

"ထိုင်ပြီး အကြည့်ခံနေတာလားဟင် မိုမို"



www.burmeseclassic.com

www.burmeseclassic.com

"အို . . ကိုကိုရယ်"

"ဟိုကောင် မျက်လုံးကြီး ကျွတ်ကျမတတ် ကြည့်နေတာ သိရက်နဲ့"

"အို . . ကိုကိုကလည်း ဘာတွေလာပြောနေတာလဲ။ စိတ်ညစ်ရတဲ့အထဲ"

နန်းခမ်းမိုက တကယ်ကိုမသိလိုက်၊ မွန္တလေးအိမ်ဆိုသော အတွေးသစ်ကြောင့် ဘေးကို လုံးဝသတိမထားလိုက်မိပါ။

ကုလားထိုင်ပေါ် ဆောင့်ထိုင်ချလိုက်ပြီး မျက်နှာတစ်ခုလုံး နီနေသည်။

"ကိုကိုပဲ သူတို့က ဒေ့သည်ဆို၊ ဘာပဲဖြစ်ဖြစ် ကိုယ်က ပြေလည်အောင်နေပါဆို"

"ဒါက စကားပြောခိုင်းတာ။ ဒေ့ဝတ်ကျေခိုင်းတာ၊ ထိုင်ပြီးအကြည့်ခံခိုင်းနေတာ မဟုတ်ဘူး"

"မိုမို့ကို ဒီလိုမအော်ပါနဲ့ ကိုကိုရဲ့၊ မိုမို ဝမ်းနည်းတယ် သိလား။ အကြည့်ခံရရုံမကဘူး။ နွေကျရင် သူတို့လက်ထဲတောင် ကိုကိုထည့်လိုက်ဦးမှာပဲ။ ဘာမှပြောမနေနဲ့"

ရန်တွေ့အပြောများသာမက မျက်ဝန်းဝိုင်းမှာ မျက်ရည်တွေပါ ပြည့်အိုင်လာသည်။

ကိုကို့ရင်၌ ထိခိုက်စေသော အမြင်၊ နှလုံးသားကို စူးနစ်စိုက်ဝင်စေသော အသံများ။





ညီမလေးသို့ နှစ်သိမ့်လိုသည့် စကားများက ရင်နှင့်အပြည့်။ အတွင်းခန်း၌ အမေရှိနေသည်။ သူ့ဝန်တိုမှုကြောင့် ဖြစ်ထွန်းလာသော ပြဿနာများကို ဖြေရှင်း၍မဖြစ်။ အမေကြား၍မသင့်လျော်။

သည်အဖြစ်ကို ညီမလေး နားမလည်ရှာ။ ညှိုးမာန်ဝင့်သော မျက်စောင်းတစ်စုံပစ်လွှတ်ခဲ့ပြီး အခန်းတွင်း ဝင်သွားတော့သည်။

ဩော် . . ညီမလေးရယ်။ ညီမလေး ဘာကိုတောင့်တနေတယ်ဆိုတာ ကိုကိုသိတယ်။ ကိုကို့ဆီက ဘာကို မျှော်လင့်တတ်နေပြီဆိုတာ ကိုကို နားလည်ပါတယ်ကွယ်။

ကိုကိုလည်းလေ. . .

ကိုကို့ရင်ထဲက နှလုံးသည်းပွတ်ကို ခွဲထုတ် စွန့်လွှတ်ပေးရမယ်ဆိုရင်တောင် ဒီလောက်နာကျင်မယ်မထင်ပါဘူး မိုမိုရယ်။

ညီမလေးနဲ့ ခွဲခွာရတော့မယ်ဆိုတဲ့အသိ ရင်ထဲမှာရှိလာတာတောင် ကိုကို ဘယ်ထိအောင် ခံစားနေရတယ်ဆိုတာ ညီမလေးသိမှမသိဘဲ. . .

တကယ် ခွဲခွာရပြီးတဲ့အချိန်ကျရင် ကိုကို ရူးသွားမလားပဲဗျာ. . .

ညီမလေးကို ကိုကို မခွဲနိုင်ဘူး. . မခွဲရက်ဘူး. .


www.burmeseclassic.com

www.burmeseclassic.com


မခွဲချင်ဘူး။

အဲဒီခံစားမှုများစွာတွေ ညီမလေးသိအောင် ပြောရမလား။

ကိုကိုတစ်ယောက်တည်း ကျိတ်မြိုခံစားနေမလား။ ကိုကို မဆုံးဖြတ်တတ်တော့ပါဘူးကွယ်။

ကိုကိုလေ. . တစ်ယောက်တည်း ခုလို သဲသဲမဲမဲ ခံစားနေရတာတွေဟာ ညီမလေးကိုချစ်လို့. . သိပ်ချစ်လို့. . . ကိုကို့နှလုံးသား မဆံ့လောက်အောင် ချစ်လွန်းလို့ပါ ညီမလေးရယ်။

ကိုကို ဘာလုပ်ရမလဲကွယ်။

✦



## အခန်း(၁၁)

"မိုမို နင်က စာတွေချည်း ဖိကျက်မနေနဲ့။ သင်္ချာလည်း တွက်ဦးလေ"

"နင် ပြပေးမှာဆို"

"အေး. . နင်ကလည်း ငါ့အားကိုး၊ ငါကလည်း နင့်အားကိုးနဲ့ပဲ စာမကျက်ဘူး"

"မကျက်လို့ရမလား မောင်မောင်ရဲ့"

"သမိုင်း နင်ပြောပြလေ"

"နင်အရင် သင်္ချာပြ"

"နင်အရင် ပြောပြပါဟာ"

"ဟာ မပြောဘူး။ နင်ပြောပြီးရင် နင် ငါ့ကို ပညာပြတော့မယ်။ ခံရပေါင်းများနေပြီနော် မောင်မောင်။ ဒီတစ်ခါတော့ ရဘူး"

"အဟဲ. . . ဟဲ"

မောင်မောင်က ဆရာတွေ ချီးမွမ်းယူရလောက်အောင်


www.burmeseclassic.com

www.burmeseclassic.com

သချာ်တော်သည်။ ကျက်စာကိုဖြင့် လုံးဝမကိုင်ချင်။ စာကျက်

ပျင်းသည်။

မိုမိုကတော့ သချာ်မတော်။ မောင်မောင်ထံ တပည့်ခံ

ရသည်။ စာကြိုးစားသော မိန်းကလေးမို့ စာကျက်အားကောင်း

သည်။

သမိုင်းဆို မောင်မောင် ဘယ်တော့မှမကျက်။ ခုနှစ်

သက္ကရာဇ်တို့ကို ထုတ်နုတ်ပြီး သမိုင်းကြောင်းကို မိုမိုက ပြောရ

၏။

သူ့အလှည့်ရောက်လျှင် လွယ်လွယ်နှင့် မပြီး။ မိုမို့ မုန့်ဖိုး

ထဲက ငွေတစ်ကျပ်တောင်းလိုတောင်း၊ နှိပ်ခိုင်းလို့ နှိပ်ခိုင်းနှင့်

အနိုင်ကျင့်နေကျမို့ မိုမိုတို့ နပ်နေပြီ. . .

သူ့အပြစ်သူသိသော မောင်မောင်ကလည်း သည်

တစ်ခါတော့ စပ်ဖြဲဖြဲနှင့်အရှုံးပေးပြီး သချာ်တွေပြပေးနေ

တော့သည်။

"သည်အိမ်မှ ခွဲခွာရတော့မည်"

ဟူသော အသိစိတ်ဝင်လာချိန်မှာ စာကျက်လို့ပင်

မရတော့။ ကျက်ချင် စိတ်ကိုမရှိ။ နယ်မြေသစ်အတွက်

မျှော်မှန်းတွေးများ. . သည်အိမ်၏ သံယောဇဉ်ကြိုးစများကို

တွေးမိတိုင်း မျက်ရည်ဝိုင်းလာတော့သည်။

"အို. . ဖြစ်ချင်ရာဖြစ်. . စာမေးပွဲအောင်ဖို့က အဓိက





ဟူသော ဆုံးဖြတ်ချက်များနှင့် စိတ်တင်းလိုက်တော့

ည်း စာထဲသို့ စိတ်ဝင်စားသွားဖြစ်၏။

နန်းခမ်းမိုတို့ ကျောင်းတွင် မောင်မောင်က စာအတော်

ဆုံး။ သချာ်ဘာသာရပ်ဆိုလျှင် အမှတ်ပြည့်။

မောင်မောင် ပထမဆိုလျှင် နန်းခမ်းမို တတိယလောက်

တော့ ချိတ်သည်သာ။ သူတို့မောင်နှမ စာတော်သည်ဟူ

သောသတင်းက ကျောင်းသားလောကတွင်းမှာ ပျံ့နှံ့၏။

"ဒီ မောင်နှမတော့ ဒီနှစ်အောင်မှာပါ"

ဟူသော ဆရာတို့၏ အားထားစကားများအရ

နန်းခမ်းမိုတို့လည်း စာကျက်ဖို့ အားတက်ခဲ့ကြရသည်။

နန်းခမ်းမိုမှာ ပညာအတွက် အားတက်စိတ်ဝင်လိုက်၊

ဘဝအတွက် အားငယ်စိတ်ဝင်လိုက်နှင့်ပင်။

ခရမ်းပြာပန်းတို့ ပွင့်ဝေတတ်သော နွေရာသီကို

ရောက်ခဲ့ရပါပြီ။

နမ့်ခမ်းမြို့မှာပင် ဆယ်တန်းစာမေးပွဲကို ဖြေဆိုခဲ့ရ

သည်။

မောင်မောင် သချာ်အမှတ်ပြည့်ရပြီး ကျန်ဘာသာများ

လည်း ဖြေဆိုနိုင်၍ အောင်မှာသေချာခဲ့ပါပြီ။ အမှတ်ကောင်း

ကောင်းတော့ မမှန်းတတ်နိုင်ကြသေးပါ။



www.burmeseclassic.com

www.burmeseclassic.com

နန်းခမ်းမိုသည့်မူ ဘာသာရပ်တိုင်း၌ ဖြေဆိုနိုင်ပါသော်လည်း အားရကျေနပ်လောက်ဖွယ်မရှိလှ။

အောင်မြင်ခြင်းနှင့် ကျဆုံးခြင်းနှစ်ခု၏ အလယ်မှာ ရှိနေသည်။ အပိုင်တွက်ဆ၍မရ။

ဆယ်တန်းကိုဖြင့် သိပ်အောင်ချင်သည်။ မောင်မောင်နှင့်အတူ မန္တလေးတက္ကသိုလ်သို့ သွားရောက်ပညာသင်ချင်ပါသည်။

တစ်ခါတစ်ရံ ကျပြန်တော့လည်း. . .

"အို. . ကျလည်း ကောင်းတာပဲ။ ဆယ်တန်းအောင်ပြီးမှ သွားပါရစေဆိုပြီး တစ်နှစ် ဒီမှာထပ်နေခွင့်တောင်းချင်တယ်"

မောင်မောင်နဲ့ မန္တလေးတက္ကသိုလ်ကို သွားတက်ချင်ပေမယ့်. . .

ကိုကို့ကို သနားတယ်. .

ကျောင်းထွက်ပြီး အဖေနဲ့ ခြံအလုပ်,လုပ်နေရရှာတဲ့ ကိုကို့ကိုမခွဲခဲ့ချင် ဘူး။

တကယ်သွားရတဲ့အခါကျရင် ကျောင်းတက်ချင်စိတ်မှ ရှိပါ့မလား။ ကိုကို့ကို လွမ်းတာနဲ့သေရလိမ့်မယ်ထင်ပါရဲ့။

ကိုကို့ကို သိပ်သနားတာပဲ။ ကိုကိုနဲ့ ပတ်သက်လာရင်လေ နှလုံးသားရဲ့အတွင်းပိုင်းကနေပြီး ခံစား လှုပ်ရှားရပါတယ် ကိုကိုရယ်။





ခမ်းမို ရင်ထဲကို ကိုကိုဝင်ကြည့်. . .

ကိုကိုနဲ့ ပတ်သက်ပြီး ဘယ်ထိအောင် ခံစားနေရပါတယ်ဆိုတာ ကိုကို သိလာမှာပါရှင်။

✦


www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၂)

နွေမှာစီးတဲ့ စမ်းချောင်းလေးက ပိုပြီးကြည်လင်စွာ အေးမြနေသည်။

ခရမ်းပြာပန်းကြွေတစ်ဆုပ်ကို စမ်းရေလမ်းပေါ် တင်ပေးလိုက်တော့ ရေစီးနှင့်အတူ ညင်ညင်သာသာလေး မျောပါသွားလေ၏။ သူ ဖူးပွင့်ခဲ့ရာ၊ မှီခိုခဲ့ရာ မိခင်ပင်စည်ကြီး ကိုခွဲခွာပြီး စမ်းရေစီးရာ လမ်းအတိုင်း ဘဝကို ခရီးဆက်သွား ရရှာတဲ့ ခရမ်းပြာပွင့်ကြွေလေးတွေလိုပဲ. . .

ခမ်းမိုလည်း မွေးဖွားကြီးပြင်းခဲ့ရာ ဒီမောရှမ်းမြေနဲ့ အမေ့အိမ်ကို စွန့်ခွာပြီး. . .

အတိုင်းအဆမရှိအောင် ကျယ်ပြန့်ရှုပ်ထွေးလှတဲ့ လောကသစ်တစ်ခုထဲကို တိုးဝင်ရတော့မယ်လေ။

နန်းခမ်းမို မန္တလေးကို သွားဖို့အတွက် "ရှမ်းတောင် တန်းကားအသင်း" မှာ လက်မှတ်ပင်ဝယ်ခဲ့ပြီးခဲ့လေပြီ။ အားလုံး ထည့်သို သိမ်းဆည်းပြီးခဲ့ပြီ။ သူငယ်ချင်းများကိုနှုတ်ဆက်၍





ဆရာများကိုကန်တော့သည့်ကိစ္စများ လည်းပြီးခဲ့ပါပြီ။

ပတ်ဝန်းကျင်သည် အဖြစ်မှန်ကို မသိကြ။ အဖေနဲ့ အမေက သည်ကိစ္စကို အုပ်ဆိုင်းထားရန် ညွှန်ကြားသဖြင့် ဤ မိသားစုမှလွဲ၍ ဘယ်သူ့ကိုမှ ပြောမပြခဲ့။

အကြောင်းကြောင်းကြောင့် ဟိုမှာ အဆင်မပြေလို့ ပြန် လာခဲ့ရလျှင် ဥမကွဲ သိုက်မပျက်ပုံစံနှင့် ပြန်၍နေကြရုံသာ။

ခမ်းမိုနှင့် အတူသွားရမည့်သူက မောင်မောင်။

ကျန်ရစ်ရမည့်သူက ကိုကိုရယ်လေ။

ခွဲခွာကျန်ရစ်ခဲ့ရတော့မည့် ကိုကိုနှင့် ခမ်းမိုတို့ စကား ပြောခွင့်ကို မရ။ တမင်ရှောင်နေသလား ထင်ရသည်။ မိသားစု ဝိုင်းတွင်လည်း ထမင်းဝင်မစား။ ကိုကိုမျက်နှာလည်း မကောင်း ရှာ။

ကိုကိုနှင့်ဆုံလေ့ရှိသော ခြံထောင့်မှ ခရမ်းပြာရောင် စိန်ပန်းပင်ကြီး၏ အောက်ခြေမှ စမ်းချောင်းလေးဘေးတွင် နန်းခမ်းမို ထိုင်ရင်းတွေးနေမိခြင်းပါ။

ကိုကိုနှင့် ဆုံတွေ့ရလေတိုင်း စိုပြည်နေကျ သည် ဝန်းကျင်လေးသည်ပင် ယနေ့တော့ တိတ်ဆိတ်ခြောက်သွေ့ လွန်းနေသည်။

စိန်ပန်းပြာပင်ထက်ဆီမှ အထီးကျန်ငှက်ကလေး တစ်ကောင်၏ အော်မြည်သံက ကြေကွဲဆို့နစ်နေသလိုအသံ



www.burmeseclassic.com

www.burmeseclassic.com

လေးက အက်နေသည်။

တေးဆိုသံမဖြစ်နိုင်ပါ။

သူ့ကြင်ဖော်ကို မျှော်လင့်စွာ စောင့်စားနေပါကြောင်း အသံပေး အော်မြည်နေခြင်းသာဖြစ်ပါမည်။

စမ်းချောင်းလေးဘေးမှ ထပြီး ပင်စည်မြင့်ကြီးရှိရာ တောင်ကုန်းထက်သို့ ပြန်တက်လာခဲ့သည်။

ဝန်းကျင်တစ်ခုလုံးမှာ အထီးကျန်ငှက်ငယ်လေးနှင့် သိုက်မြုံကို စွန့်ခွာရတော့မည့် မိန်းမလှလေးနန်းခမ်းမိုတို့ နှစ်ဦးတည်းသာ။

နန်းခမ်းမိုသည် မြေပြင်၌ကြွေသက်နေသော ခရမ်းပြာ ပွင့်ဖတ်ကြွေတို့ကို စုစည်းကောက်ယူပြီး ပင်စည်ကို မှီတွယ် ထားသည့် ခုံတန်းလျားလေးပေါ်မှာ တင်ပလ္လင်ထိုင်လိုက်သည်။

ပြီးတော့ ပွင့်ဖတ်တို့ကို တစ်ခုချင်းယူပြီး စာလုံးလေး တွေဖြစ်လာအောင် ထိဆက်စီခြယ်နေသည်။ ထို စာလုံးလေး များသည် နန်းခမ်းမို၏နှလုံးသားပေါ်မှာရှိနေသော စွဲထင်နေ သော စာလုံးများနှင့်ထပ်တူ။

ကိုကို. . .

နန်းခမ်းမို လှုပ်ရှားသမျှကို ပင်စည်၏ ဟိုမှာဘက်မှ ပုန်းကွယ်ရင်း ရပ်ကြည့်နေသူက ကိုကို ကိုယ်တိုင်. . .

ပွင့်ကြွေစာလုံးလေးများကို ကိုကိုလှမ်းဖတ်ကြည့်





လိုက်ပြီးချိန်မှာ ကွယ်နေရာမှ ရုတ်တရက်ထွက်လာပြီး စီခြယ်၍ ပြီးသေးသော ပွင့်ကြွေများနှင့် ထိတွေ့နေဆဲ လက်ကလေးကို ရုတ်တရက် ဖမ်းချုပ်ဆုပ်ကိုင်လိုက်ပြီး. . .

"ညီမလေး . . . ညီမလေးရယ်"

"အို . . . ကိုကို"

ကိုကို့နှုတ်က စကားလုံးများ ထွက်ကျလာရမည့်အစား မျက်ဝန်းတွင်းမှ မျက်ရည်ပေါက်များသာ စီးသွယ်ကျဆင်းလာ သည်။

စကားပြောသော မျက်ရည်စက်ကလေးများပါပဲလေ။

"ကိုကိုရယ်. . . ကိုကို ဘာလို့ငိုတာလဲဟင်"

ရှားပါးသောယောကျ်ားမျက်ရည်ကို သူကြိတ်ခဲ၍ ထိန်း ချုပ်လိုက်သည်။ ပြင်ပသို့စီးဆင်းခွင့်မရသော မျက်ရည်ပူတို့ သည် နှလုံးသားတွင်းမှာ ပြည့်လျှံဆူပွက်နေသည်မို့ ရင်မှာ ပူလောင်စွာ နာကျင်လှပါလားကွယ်။

"ကိုကိုရယ်. . ကိုကို ထိန်းထားတာ ပင်ပန်းလွန်းလှ ပါတယ်။ ငိုချင်ရင် ငိုချလိုက်ပါ။ ဒါမှမဟုတ်လည်း ကိုကို့အတွက် ခမ်းမိုဘာလုပ်ပေးခဲ့ရမလဲဟင်"

"ဘာလုပ်ပေးခဲ့ရမလဲ"ဆိုကတည်းက သွားမှာ သေချာ သည့်စကား၊ ခွဲခွာဖို့ ဆုံးဖြတ်ပြီးသည့်အဖြေ။

ကိုကို ဖြေးညင်းစွာ ခေါင်းခါယမ်းပြသည်။


www.burmeseclassic.com

www.burmeseclassic.com

ကြေကွဲခြင်းဒဏ်သင့်နေသော ကိုကို့မျက်နှာ သောကနှစ်များစွာကို ဖြတ်သန်းလာခဲ့ရသည်သို့ ရင့်အိုစွာ ညှိုးနွမ်းချေသည်။

"ကိုကို"

"ဟင်"

"ကိုကို ဘာဖြစ်လို့ ငိုနေတယ်ဆိုတာ ခမ်းမိုရင်ထဲက သိပါတယ်။ ဒါပေမယ့် ကိုကို ကိုယ်တိုင်ပြောတာကို ခမ်းမိုကြား ပါရစေ"

ကိုကိုဆိုသော ခရမ်းပြာစာတမ်းလေးကို ဝဲ့စောင်း၍ ကြည့်ရင်း နန်းခမ်းမို ပြောလိုက်သည်။ ကိုကို့ကို တည့်တည့် မကြည့်ရဲ။

"ညီမလေးမိုမိုကို လွမ်းလွန်းလို့ပါ"

"ကိုကို မခွဲနိုင်တော့ဘူး" ဆိုသော စကားများ ထွက်လာ လိမ့်မည်ဟု ယုံကြည်စွာ မျှော်လင့်နေသော နန်းခမ်းမို။

"ညီမလေးရယ် . . . ကိုကိုတို့ ပွင့်လင်းကြပါစို့။ ညီမလေးကို ကိုကို သိပ်ချစ်နေပြီ။ ကိုကို့ကို ခွဲမသွားပါနဲ့ တော့နော်"

ဆိုသော နှစ်လိုချိုမြိန်ဖွယ် ချစ်ရသ စကားလုံးလေး များကို နန်းခမ်းမို၏ နှလုံးသားက တောင့်တင့်လင့်စွာ ကြိုဆို နေပါသော်လည်း . . .

ကြောင်နှစ်ကောင်စာအုပ်တိုက်



စက္ကန့်များစွာ ဖြတ်သန်းသွားပြီးသည့်တိုင် ကိုကို့နှုတ်မှ ဆိတ်ငြိမ်နေသည်။ ဘာစကားသံမှ ထွက်ပေါ်မလာ။

"ကိုကို"

သူမထူး။

"ညီမလေး မေးနေပါတယ် ကိုကိုရယ် . . . ကိုကို ဘာလို့ ငိုနေတာလဲလို့"

တော်တော်နှင့်မဖြေ။

"ပြောလေကိုကို၊ ဘာလို့ငိုတာလဲလို့"

နန်းခမ်းမိုဘက်ကို ဖြည်းညင်းစွာ လှည့်လာပြီး ကြာမြင့် စွာ စိုက်ကြည့်နေလေသည်။

မျက်ဝန်းတစ်ဝိုက်ဆီမှ စိုစွတ်ဆဲ မျက်ရည်စလေးများက ကိုကို့ရင်တွင်းမှ ခံစားမှုများကို နှလုံးသားကိုယ်စားပြောကြား နေကြပါ၏။

ဤသို့ ခံစားမှုစကား ပြောကြားတတ်လေသော မျက် ရည်စက်ကလေးများ သက်သေတည်ရုံနှင့်လည်း မဖြစ်သေး။

ကိုကို့နှုတ်မှ ခံစားမှု၏ အစွန်းအစလေးကိုဖြစ်ဖြစ် ပြောကြားပါမှ၊ မိုမို နားထောင်ခွင့်ရပါမှ၊ ခံစားမှုချင်း လဲလှယ် လို့ဖြစ်မှာပါ။ ပွင့်လင်းခြင်းများဖြင့်သာ နှလုံးသားနှစ်ခုချင်း ငြိမ်းသာကြမှာပါ။

ယခုတော့ ကိုကိုက . . .

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တယ်၊ ကိုကို ငိုတယ်။ အဲဒါ ဘာကြောင့်လဲလို့ ညီမလေး သိဖို့မလိုပါဘူး။

ခံပြင်းမှုသည် အရှိန်ဟုန်ကြီးစွာ နှလုံးသားကို ဖုံးအုပ်၏။

"သွားပါကွယ်. . ကိုကို တစ်ယောက်တည်းနေခဲ့ပါရစေ"

သည်းခံနိုင်ခြင်းတို့ ပြယ်လွင့်လေပြီ။ ဒေါသတရားသည် ခံစားမှုအားလုံး၏ အထွတ်ထိပ်မှ စိုးမိုးလာ၏။

"သွားပါကွယ်တဲ့လား ကိုကိုရယ်. . ဟင်"

ကိုကို့ပခုံးကို ဆုပ်ခြေကိုင်တွယ်ရင်း. . .

"သွားပါဆိုလို့လည်း သွားရတော့မှာပါ။ ရေခြားမြေခြားတဲ့အရပ်ကို သွားရတော့မှာပါ၊ ကိုကိုရဲ့"

"ခွဲခွာရမယ့်ကာလက တစ်သက်တာ ကြာချင်လည်း ကြာမှာပါ။ အဲဒီလိုဖြစ်အောင်လည်း ကိုကိုပဲ ဦးဆောင်စီစဉ်ပြီး နှင်လွှတ်ခဲ့ပြီးပါပြီ. . ."

"ဒီကောင်မ သွားရတော့မယ်ဆိုတာလည်း သိရဲ့နဲ့ အနားမှာ ခဏလေးတောင် နေခွင့်မရနိုင်တော့ဘူးတဲ့လား ကိုကိုရယ်. ."

"မိုမိုနဲ့ ပတ်သက်ပြီး ကိုကို့ရင်ထဲမှာ ဒီလောက် ရက်စက်နိုင်တဲ့စိတ်မျိုးရှိလိမ့်မည်လို့ ဘယ်. . ဘယ်တုန်းကမှ မထင်ခဲ့ပါဘူး"





နန်းခမ်းမို ငိုရင်းပြောနေပုံက နင့်နဲစွာ ကြေကွဲနေကြောင်း သိသာလှပါသည်။

"ကိုကိုရယ်. . . ကိုကို ဘာတွေဖြစ်နေတယ်ဆိုတာ မိုမို သိပါတယ်။ ဒီကရင်ထဲမှာ ဘာတွေဖြစ်နေတယ်ဆိုတာလည်း သိရဲ့နဲ့များရှင်. . ."

နန်းခမ်းမို လှိုက်လှဲစွာကြေကွဲစွာ ငိုလေပြီ။

"ခမ်းမို အခင်တွယ်ဆုံး၊အားကိုးဆုံး၊ မျှော်လင့်ဆုံးလူက ခုလို သူရသတ္တိအပြည့်နဲ့ ထိန်းချုပ်ထားနိုင်ပါပေတယ်ရှင်. ."

"ဘာကြောင့်. . ဘယ်သူ့အတွက်. . ဘာဖြစ်လို့. . ကိုကို ခုလို သူရဲကောင်းဘွဲ့ထူးကြီးခံယူပြီး ခမ်းမိုကို နယ်နှင်ဒဏ် အမိန့်ထုတ်ရတာလဲဟင် ကိုကိုရဲ့"

"ဘာတွေ ပြောနေတာလည်း ညီမလေးရယ်"

"အရှက်မဲ့စိတ်နဲ့ ပေါက်ကွဲတဲ့ စကားတွေပြောနေတာလေ"

"အို. . ကွယ်. . ညီမလေး"

"မခေါ်နဲ့၊ ခမ်းမို ရင်ထဲမှ ကိုကိုမရှိဘူး. . မရှိဘူး. . ဘယ်တော့မှ မရှိဘူး"

ကိုကိုဆိုသော ပွင့်ကြွေစာတန်းလေးကို တအားပုတ်ခါ တွန်းဖယ်၏။

ပန်းကြွေများကို ဆုပ်ကျဲပစ်ပေါက်၏။ ပြီးတော့ လှိုက်လှဲ


www.burmeseclassic.com

www.burmeseclassic.com



ကြေကွဲဖွယ် ရှိုက်သံများကို ထားခဲ့ပြီး ကိုကို့ကို ကျောခိုင်းလျက် အိမ်ကြီးရှိရာသို့ အားကုန်ပြေးလွှား သွားလေတော့သည်။

✦





## ၁၃)

မောရှမ်းမြေ၏ ... နှင်းငွေ့မှုန်တို့ လွှမ်းမိုးခြုံ ... ကာထားသည်။ နေခြည်နု ... င်သာနိုင်။

ဘယ်နေရာကိုပဲ ... မှိုင်းမှုန်ဝေသီနေ၍ လွှမ်း ... မောဆွတ်ပျံ့ဖွယ်ကောင်း ... ည်။

ဆောင်းကာလမှာ နမ့်ခမ်းမြို့၏ နေမြင်ရချိန်က နေ့လည်ပိုင်း တစ်နာရီနှစ်နာရီခန့်သာ။ နွေနေ့လည်ခင်းလောက်မှာသာနေကို ပြည့်ပြည့်ဝဝ မြင်ခွင့်ရနိုင်ကြပါသည်။

ဤမြို့နယ်အတွင်းမှာ ရှမ်းအများဆုံးနေထိုင်ပြီး ပလောင်လူမျိုးများကဒုတိယအများဆုံးဖြစ်ပါ၏။

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုသည့် အတိုင်း တိုင်းရင်းသားတို့လည်းရှိကြသည်။' ရှမ်း-(၃၇၅၄၀)ယောက်၊ ပလောင် (၂၄၁၈၈)ယောက်၊ ကချင်-(၅၈၄၉) ယောက်နှင့် လီရှော- (၈၅၀၁)ယောက်၊ ကရင်(၂၉) ယောက်၊ ရခိုင်



www.burmeseclassic.com

www.burmeseclassic.com



(၈)ယောက်၊ ချင်း (၅)ယောက်တို့နှင့်အတူ မြန်မာ (၁၅၀) ယောက်၊ နိုင်ငံခြားသား (၁၂၅၀)ယောက်တို့ စုပေါင်းနေထိုင်ကြသော နမ့်ခမ်းမြို့ကလေးပါ။

(၈၁/၈၂)ခုနှစ် နောက်ဆုံးသန်းခေါင်စာရင်းအရ အမျိုးသားဦးရေ (၃၇၉၀၃)နှင့် အမျိုးသမီး (၃၉၆၁၈)ယောက် ဖြစ်ပါ၏။

အများဆုံး ကိုးကွယ်ကြသည်ကတော့ ဗုဒ္ဓဘာသာဖြစ်လေသည်။

တရုတ်ဗုဒ္ဓဘာသာဝင်များနှင့် သတ်သတ်လွတ်စား ယူနန်ဗုဒ္ဓဘာသာ မယ်တော်ကျောင်းများလည်းရှိလေသည်။ ခရစ်ယာန်ဘာသာကို ယုံကြည်သက်ဝင်သူလည်းရှိပါ၏။ နမ့်ခမ်းမြို့ပြင်တွင် အစ္စလာမ်တို့၏ ဗလီကျောင်း ရှိလေသည်။

ဤသို့နေထိုင်ကြသော မြို့နယ်သူ မြို့နယ်သားများမှာ အဓိက လက်ဖက်ခြောက်နှင့် တောင်ယာလုပ်ငန်း၊ ယက်ကန်းလုပ်ငန်း (နာမည်ကျော် နမ့်ခမ်းလွယ်အိတ်အများဆုံး ယက်လုပ်ပါ၏။)

ဤနယ်မှ အမျိုးသမီးတိုင်း မရှိမဖြစ်သော "ခမောက်လုပ်ငန်း" နှင့် "ရှမ်းစက္ကူလုပ်ငန်း"တို့ လုပ်ကိုင်ကြလေသည်။

ဤသို့ဖြင့် ရိုးသားသော၊ တည်ကြည်သော၊ သစ္စာကြီးမားသော၊ စေတနာပြည့်လျှမ်းသော၊ မောရှမ်းတို့၏ ချစ်စရာ





နမ့်ခမ်းမြို့လေးကို ယနေ့ပင် နန်းခမ်းမို စွန့်ခွာရပါတော့မည်။

ပထမ ခရီးစဉ်က နမ့်ခမ်းမှလာရှိုးသို့ တိုက်ရိုက်သွားဖို့ပါ။

အမေခမ်းအေး၏ အစီအစဉ်တစ်ရပ်ကြောင့် ပထမခရီးစဉ်ကိုဖျက်လိုက်ရပြီး သူ့ဇာတိမြို့ မူဆယ်သို့ အရင်ဦးဆုံးသွားရပါသည်။

မူဆယ်၌ အမေခမ်းအေး၏ အဒေါ်အရင်း "ဒေါ်နန်းယင်းဆိုင်ခမ်း"ဆိုသော အဘွားကြီးရှိ၏။ "ဟိုမွန်ရပ်"၌ နေသည်။

"သမီးရဲ့ခရီးဟာ အင်မတန်မှ ရှည်ဝေးတဲ့ခရီးမျိုးလို ဖြစ်သွားနိုင်တယ်။ ပြန်လာရင်လည်း ဧည့်သည်သွား၊ ဧည့်သည်လာဖြစ်ချင်ဖြစ်မှာဘဲ။ ဒါကြောင့် သမီးရဲ့ကျေးဇူးရှင်တစ်ဦးဖြစ်တဲ့ အမေ့အဒေါ် ဒေါ်ယင်းဆိုင်ခမ်းဆီ သွားကန်တော့ပြီးမှ မူဆယ်ကနေ မန္တလေးကိုဆင်းကြပါ။ မောင်မောင့်ကို အမေမွေးချိန်မှာ သူပဲ သမီးကို အကြာကြီးထိန်းပေးခဲ့ရတာ၊ သမီးကိုလည်း သူသိပ်ချစ်ရှာတာ"

ဟူသော အမေ၏အစီအစဉ်ဖြင့် ယနေ့နံနက်ဦးမှာ နမ့်ခမ်းမြို့ကို စွန့်ခွာပြီး မူဆယ်သို့ အရင်ဦးလာရပါသည်။

နမ့်ခမ်းနှင့်မူဆယ်မှာ ပြည်မသွား ကားလမ်းနှင့် ဘာမှမဆိုင်။



www.burmeseclassic.com

www.burmeseclassic.com



ထိုနှစ်မြို့အတွက်သာ ဖောက်လုပ်ထားသော သီးခြား ကားလမ်း ဖြစ်သည်။

(၁၉)မိုင်မျှသာရှည်ဝေးပါ၏။ နမ့်ခမ်းက ... လားရှိုး သွား၍ရသည်။ မူဆယ်ကလည်း လားရှိုးထွက်ာ ... ကားရှိ၏။ နမ့်ခမ်းမှ မန္တလေးအထိ တိုက်ရိုက်သွားသည့်ကားများပင်ရှိ သော်လည်း. . .

အမေ၏ အစီအစဉ်အရ နန်းခမ်းမိုနှင့် မောင်မောင်တို့ မူဆယ်တို့ အရင်ဦးလာခဲ့ကြရပါပြီ။

နှင်းတွေဝေသော နံနက်ဦးက အမေနှင့်အဖေ့ကို ကန်တော့ပြီး နှုတ်ဆက်ချိန်မှာ အိမ်၌ကိုကိုမရှိ။

သူ့ရင်မှ ဝေဒနာအပေါင်းကို ပိတ်ဆီးပြီး ရှောင်ပုန်းနေ တာတစ်ကိုယ်ကောင်းဆန်သူပါဟု ခမ်းမိုသတ်မှတ်သည်။

ဒီကဝေဒနာ၊ ဒီကအလွမ်း၊ ဒီကခံစားမှုအပေါင်းကို လည်းမျှဝေ သိစေခဲ့ချင်ပါသည်။ ယခုတော့ခမ်းမိုကိုလည်း မကြည့်၊ သူ့ကိုလည်းမြင်ခွင့်မရပဲမူဆယ်သွားဂျစ်ကား၏ ရှေ့ခန်း မှ လိုက်ပါခွင့်ရခဲ့ပါသည်။

ကြေကွဲလွမ်းဆွတ်ရခြင်းက ထက်ဝက်၊ စိတ်၏နာကျည်း ချက်က ထက်ဝက်ဖြင့် ထိုနေ့မနက်က ကိုကို့ကို မြင်ခွင့်မရဘဲ မူဆယ်သွား ဂျစ်ကား၏ ရှေ့ခန်းမှ နန်းခမ်းမိုလိုက်ပါခွင့်ရခဲ့ ပါသည်။





ထိုနေ့က နန်းခမ်းမိုတို့စီးလာသော ဂျစ်ကားမှာ လူ (၁၆)ယောက် တိတိပါရှိပါ၏။ မောင်မောင်ပင်လျှင် ကားခေါင် မိုးပေါ်မှာ။

ဒရိုင်ဘာဘေးမှာ လီရှောအဘွားကြီးတစ်ယောက်၊ ပြီးတော့ခမ်း မို၊ ပြီးတော့ လက်တစ်ဝါးစာပျဉ်ပြားတစ်ချပ်ကို ထိုင်ခုံအောက်မှာ ကလန့်၍ထိုးထည့်ပြီး အစွန်းထွက်နေသည့် ပျဉ်ပြားလေးပေါ်မှာ အမျိုးသမီးတစ် ယောက်၊ ထိုနည်းတူစွာ ဒရိုင်ဘာ၏ဘေးမှာလည်း အမျိုးသမီးတစ် ယောက်။ အဝေးက ကြည့်လျှင် ဂျစ်ကားဘေးမှအတွယ်မပါ ထိုင်စရာမပါဘဲ တန်ခိုး ကဒ္ဒိပါဒ်နှင့် လိုက်လာသူတစ်ယောက်လို လေပေါ်လွင့်နေ သည်။

ဂျစ်ကား၏ရှေ့ခန်းမှာ ဒရိုင်ဘာနှင့် အမျိုးသမီးခရီး သည် လေးယောက်တန်းစီလို့ပါလား။

ယခင်က သည်နေရာသည် အနက်ရောင်နယ်မြေမို့ အပြင်ခရီးသည်တို့ဒုက္ခကြီးလှသည်။ လူတစ်ယောက်၏အသက် ဖက်တစ်ရွက်မျှလောက် တန်ဖိုးမထားအောင် ရက်စက်ခဲ့ကြ သောနေရာ။

ယခုတော့ နမ့်ခမ်းနယ်မြေလည်း အေးချမ်းခဲ့လေပြီ။ ခမ်းမိုတို့လို ခရီးသည်များ စိတ်အေးချမ်းသာစွာ သွားလာ နိုင်ပါပြီ။



www.burmeseclassic.com

www.burmeseclassic.com

နှင်းမှုန်တွေဝေရသည့်အထဲ တစ်ညလုံးငိုထားခဲ့ ... လေသဖြင့် မျက်ဝန်းများနီမြန်းပြီး ကြည့်ရသည်ပင် မကြည် ... လင်တော့ဘူး။

"နမ့်ခမ်းမြို့မှ လှိုက်လှဲစွာကြိုဆိုပါ၏"

ဆိုသော အုတ်တိုင်ကြီးများနှင့် အနိုင်အမာစိုက်ထူ ... ထားသောစာတမ်းကို ကျောခိုင်းလိုက်ရချိန်မှာ ရင်ထဲမှာ ... စူးနစ်သွားအောင် ကြေကြေကွဲကွဲ ခံစားလိုက်ရပါသည်။

မိမိမွေးဖွားရာ ဇာတိမြေတောင်ပေါ်မြို့ကလေးနှင့် ... ချစ်သူအပေါင်းရှိရာ ဤဒေသကို ကျောခိုင်းရလေပြီဆိုသော ... အသိက နှလုံးသားအက်အောင် ထိုးနှက်ဖောက်ထွင်းနိုင်စွမ်း ... ရှိပါ၏။

"မိုမို ကောက်ညှင်းပေါင်းစားမလား"

ကားခေါင်မိုးပေါ်မှ လှမ်းအော်သော မောင်မောင်၏ ... ပလုတ် ပလောင်းသံကြောင့်. . .

"ဟင့်အင်း"

ဟု ငြင်းလိုက်ရပါ၏။

ဤလမ်းပေါ်မှာ မန့်ခမ်းရွာ၊ကုန်းဆာရွာ၊ ပန်ခမ်း ... မန်ဝိန်းနှင့် ကောင်းမူးရွာတို့ ကားလမ်းဘေးမှာရှိကြပါ၏။ ... နမ့်ပေါ်တံတားကိုလည်း ဖြတ်ရသေးသည်။ ဝဲဘက်မှာ မြေပြန့် ... ယာဘက်မှာ လက်ဖက်တောင်တန်းများ။ ဝဲဘက်မြေပြန့်ပေါ်မှ





... တောင်ကုန်းပုံ့ပုံ့လေးတစ်ခုရှိပြီး တောင်ထိပ်မှာ ပရိယတ္တိ ... စေတောင်းပြည့်စေတီလေးတစ်ဆူကို ကြည်ညိုစွာဖူးတွေ့ရပါ၏။

တောတန်း၊တောင်လမ်းနှင့် တစ်ဘက်မှာ မြေပြန့်။ ... ပြီးတော့ ရွှေလီမြစ်၊ လှပသာယာလွန်းစွာဖြင့် ချစ်မြတ်နိုးစရာ ... ကောင်းလှသော မြန်မာတို့၏ အရှေ့မြောက်ဘက်စွန်းမှ ... နယ်ခြားဒေသလေးရွှေလီချိုင့်ဝှမ်း။

မြန်မာပြည်ရှိ ပြည်နယ်ခုနစ်ခုအနက် အကြီးဆုံးသော ... ရှမ်းပြည်နယ်ကို အခေါ်အဝေါ်ခွဲခြားရာမှာ တောင်ကြီး၊ ကလော ... တစ်ဝိုက်ကိုတောင်ပိုင်းရှမ်းပြည်နယ်။ ကျိုင်းတုံ၊ မိုင်းတုံ၊ မိုင်း ... ဆတ်၊ တာချီလိတ်စသည်တို့ကို အရှေ့ပိုင်းရှမ်းပြည်နယ်။ ... သီပေါ၊ ကျောက်မဲ၊ လားရှိုးအထိ မြောက်ပိုင်းရှမ်းပြည်နယ်ဟု ... လူသိများကြပါသည်။ ဤမူဆယ်၊ နမ့်ခမ်းသည်မူ မြောက်ပိုင်း ... ရှမ်းပြည်နယ်၏ အစွန်ဆုံးကျသော နယ်ခြားဒေသမြို့လေးများ ... ဖြစ်လေသည်။

ဤလမ်းပေါ်မှာ "စယ်လန့်"ဟု နှုတ်အခေါ် ခေါ်ကြ ... သည့် "စယ်လရွာ" ရှိလေသည်။ ရှေးယခင်က ဘုန်းတန်ခိုး ... ကြီးထွားခဲ့သော စယ်လစော်ဘွား အုပ်ချုပ်ခဲ့၍ ယခုတိုင် မြို့ရိုး ... များတွေ့နိုင်ပါသေးသည်။

ယနေ့ စယ်လရွာ၌ လူဦးရေ (၂၃၀၀)လက်ရှိ နေထိုင် ... ပါ၏။


www.burmeseclassic.com

www.burmeseclassic.com

ခရစ်နှစ် (၁၀၅၀)ကျော် ဝန်းကျင်လောက် အုပ်စိုးခဲ့သော "စယ်လစော်ဘွား"တွင် အလွန့်အလွန်ချောမော လှပသော သမီးတော်လေး တစ်ပါးရှိခဲ့လေသည်။

ဤသမီးတော်နှင့်ပတ်သက်၍ မြန်မာတို့၏ ပုဂံ ရာဇဝင်တွင် အထူးထင်ရှားကျော်ကြားခဲ့သော ဒဏ္ဍာရီဆန်သည့် အဖြစ်မှန် အချစ်ရာဇဝင်ဇာတ်လမ်းလေးတစ်ပုဒ်ရှိခဲ့ဖူးပါသည်။

စောမွန်လှ. . .

အနော်ရထာ၏ ချစ်မိဖုရားစောမွန်လှ. . .

ရှုချင်ဖွယ် အလှပေါင်းစုံနှင့်ပြည့်ဝစွာ လှပသော စယ်လစော်ဘွား၏ သမီးတော်စောမွန်လှ. . .

မြန်မာတို့ရာဇဝင်၌ မသိသူ မရှိလောက်အောင် ထင်ရှားကျော် ကြားခဲ့သော မိဖုရားစောမွန်လှသည် . . .

ဤ မူဆယ်-နမ့်ခမ်းလမ်းမှ "စယ်လ"ဆိုသောရွာ၌ မွေးဖွားခဲ့သူပါတည်း။

သမီးလှလေးအား အနော်ရထာမင်းမြတ်ထံ ဆက်သ ခဲ့ရာမှ အလွန်လှပြီး အလွန်ဘုရား၊ တရား ကြည်ညိုရှာသော မောရှမ်းနွယ်ဖွား မိဖုရားအလှလေးအား မနာလိုသော နန်းတွင်း သူတို့၏ကုန်းချောမှုကြောင့် အနော်ရထာဘုရင်က နန်းတော်မှာ နေခွင့်မပြုတော့၍ ပုဂံနေပြည်တော်ကို ကျောခိုင်းခဲ့ရရှာသည်။

နားတောင်းကျချောင်းနှင့် စောမွန်လှ၏ အလွမ်း





...တ်တိုင် ရွှေစာရံစေတီတော်တို့သည် မန္တလေး-ပြင်ဦးလွင် လမ်းဘေးအနီးမှာ ယခုထက်တိုင် အထင်ကရရှိနေဆဲပါ။

နုနုနယ်နယ်လေး လှပရှာသော မိဖုရားစောမွန်လှခမျာ ပုဂံနေပြည်တော်မှ စယ်လရွာအထိ (ခန့်မှန်းခြေ မိုင်ငါးရာနီးပါး ခန့်) ခရီးကို ကုန်းကြောင်းလမ်းမှ ပြန်ခဲ့ရရှာသဖြင့် ဇာတိမြေ ဤစယ်လသို့ မရောက်ရှိနိုင်မီ လမ်းခုလတ်၌ပင် ကွယ်လွန်ခဲ့ရ ရှာသည်။

ဤရွာကို ဖြတ်ရတော့ ပဒေသရာဇ်တို့၏ ချစ်မေတ္တာကို ...မှန်းစွာဖြင့် စောမွန်လှဘက်မှ ရင်နာမိခဲ့သော နန်းခမ်းမိုမှာ . .

ကိုကိုနှင့် မိမိ၏အဖြစ်သည်လည်း. . .

အို. . . ဘာကိုမှ ဆက်၍မတွေးချင်တော့။

မိမိချစ်မြတ်နိုးလွန်းရာ ဇာတိမြေဖြစ်သည့် ဤ ရွှေလီ ...ချိုင့်ဝှမ်းဒေသလေးကိုသာ နှမြောတသစွာ တမ်းတမ်းတတ လိုက်လံငေးမော ကြည့်ရှုနေမိပါတော့သည်။

နံနက်(၆)နာရီ မိနစ်(၃၀)မှာ ထွက်လာသော လူအပြည့် ...ကုန်အချို့နှင့် ဂျစ်ကားလေးမှာ မူဆယ်မြို့၏ ဈေးရှေ့ကားဂိတ် ကိုရောက်တော့ နံနက်(၉)နာရီတိတိ။

✦



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၄)

ထိုညက အဘွားယင်းဆိုင်ခမ်း၏ အိမ်တွင် တုတ်(က်)ဗူး အလှူကပွဲကို ဖိတ်ခေါ်ထားသည်နှင့် တိုက်ဆိုင်၏။

"အတော်ပဲ၊ ငါ့မြေးမသွားခင် ဆုတောင်းပွဲလေးနဲ့ တိုက်ဆိုင်တာ။ ဒါနဲ့ ဒီအကြောင်းတွေ ဘယ်သူမှမပြောနဲ့လို့ ခမ်းအေးက စာရေးလိုက်တယ်"

"ဟုတ်ကဲ့. . . အဘွား"

"အေး. . . ဟိုမှာ မဟာန်လို့ ပြန်လာရင်လည်း အရင် အတိုင်းပဲ ဖြစ်အောင်လို့ ခမ်းအေးက ကြိုတင်စီစဉ်ပေးရှာတာပဲ"

"မှန်ပါတယ် အဘွား"

"အေး. . . ငါ့သမီးလေးကို မွေးစားတာလို့ အားလုံးက သိပေမယ့် တို့များသမီးလေးလို မွေးခဲ့ကြတာ ခမ်းမိုအသိနော်"

"သိတာပေါ့ အဘွားရယ်"





"အေး . . မိခင်က မွေးတဲ့နေ့ကသေ၊ အဖေကလည်း သမီးဆယ်နှစ် သမီးမှာ ဆုံးလို့ အားလုံးကအချစ်နဲ့သနားတာ ပေါင်းပြီး ချစ်ခဲ့ကြတာပါကွယ်"

မြန်မာလိုမတတ်ရှာ။ မျက်ရည်လေးစမ်းစမ်းနှင့် ရှမ်းလိုပြောကြားနေသော အဘွားလေးတော်သူ အမေ၏ အဒေါ် ဒေါ်နန်းယင်းဆိုင်ခမ်းကို နန်းခမ်းမိုကလည်း ရှမ်းဘာသာနှင့်ပင် ပြန်လည်နှစ်သိမ့်နေရှာရသည်။

"ဒါနဲ့ ကိုကိုရော ဘာလို့လိုက်မလာလဲ"

"မသိပါဘူး အဘွားရယ်"

"နို့. . . ကန့်ကွက်ခဲ့ရဲ့လား"

"မကန့်ကွက်ရပါဘူး။ ဘယ်သွားနေမှန်းတောင် မသိပါဘူး အဘွားရယ်။ သူက သမီးကိုသံယောဇဉ်ဖြတ်လိုက်ပြီထင်ပါရဲ့။ သူ့ညီမအရင်းမှ မဟုတ်ဘဲကိုး"

"အို. . . ဘယ်လိုပြောလိုက်တာလဲ ခမ်းမိုရယ်။ ဒီကမ္ဘာလောကမှာ ကိုကိုလောက် ခမ်းမိုကိုချစ်နိုင်တဲ့သူမရှိဘူး။ နောက်လည်း ဘယ်တော့မှမရှိနိုင်ဘူး"

"ခမ်းမို ယုံချင်ပါတယ် အဘွားရယ်။ ဒါပေမယ့် သူက တကယ် မချစ်လို့သာ ခမ်းမိုသွားရခါနီးမှာ နှုတ်ဆက်ခွင့် မပေးတာပေါ့"

"အင်း . . . ဒီကောင် ရင်ကွဲပြီး တစ်နေရာရာမှာများ



www.burmeseclassic.com

www.burmeseclassic.com

သွားသေနေပြီလားမသိ”

“အို. . . အဘွားကလဲ”

“တကယ်ပဲ ခမ်းမိုရဲ့၊ သူက နင့်ကို ရင်ကွဲမတတ်ချစ်တာ ငါ အသိပါ”

နန်းခမ်းမို ငြိမ်တွေ့စွာ တွေးဖြစ်သည်။

“ခမ်းမို၏ မျက်ကွယ်မှာ ကိုကိုဘယ်ထိအောင်များ ခံစားနေရရှာသလဲကွယ်. . .”

“ကိုကိုရေ. . . ခမ်းမို စိတ်ပူလာပြီ. .”

“မသွားခင် တွေ့ခွင့်မရလိုက်တာ ခမ်းမို အသည်းနာလှပါတယ်ရှင်. . .”

“ဘာပဲဖြစ်ဖြစ် တွေ့ခွင့်တော့ ပေးသင့်တာပေါ့”

“တွေ့ခွင့်မပေးတာ ကိုကို ရက်စက်တာပါ”

ကိုကိုနှင့်ပတ်သက်၍ နန်းခမ်းမို၏ရင်မှာ ကြင်နာလိုက်နာကျည်းလိုက်နှင့်ပင် ထိုနေ့က တစ်နေကုန်သွားရသည်။

မောင်မောင်ကတော့ အဘွားအိမ်ရောက်ပြီး ကတည်းက စက်ဘီးတစ်စီးဆွဲထွက်သွားသည်။ ခုလောက်ရှိ နန်းစောမွန်နှင့်အတူ ရှိနေလောက်ပါပြီ။

နန်းခမ်းမိုအိမ်ရှေ့မှာ ထိုင်နေဆဲ၊ နမ့်ခမ်းမြို့မှ မူဆယ်အထိသယ်ယူ လာသောအုတ်များကို အိမ်ရှေ့၌ စီသယ်ချခင်းနေကြသည်။ မူဆယ်၌ အုတ်ဖုတ်လုပ်ငန်းမရှိ။





သယ်လာသည့်ယာဥ်က “ထော်လာကျီ”တဲ့။

ဂျစ်ကားနောက်တွဲ ထရေလာများကို သံဂဟေများနှင့် ဆက်သွယ်ပြီး ဧရှေ့မှာထိုင်စရာနှင့် မောင်းစရာဆင်ပြီး တရုတ်ပြည်မှ အင်ဂျင်ငယ်များတပ်ဆင်၍ သွားလာမောင်းနှင်နေသည့် တီထွင်ယာဥ်ငယ်ပါ။

မူဆယ်နှင့် နမ့်ခမ်းမြို့နယ်များ တစ်ဝိုက်မှာရော၊ ရွှေလီအနောက်ဘက်ခြမ်းရှိ တရုတ်ပြည်၏ကမ်းခြေမြို့ ရွှေးလီနှင့် ရွှေးကူတစ်ဝိုက်မှာပါ ဤယာဥ်ငယ်မျိုးနှင့်သာ သွားလာကြ။ သယ်ယူကြနှင့် အဆင်ပြေနေပါ၏။

ဒေသစကားလိုဖြစ်သွားရသော ထော်လာဂျီမှာ အမှန်တော့ အင်္ဂလိပ်ဝေါဟာရနောက်တွဲ(ထရေလာ)နှင့် တရုတ်ဘာသာအရ ကား(ကျီ)ကို ပေါင်းစပ်၍ ထရေလာကျီမှသည် အားလုံးက ထော်လာကျီဟုခေါ်နေကြသည်။

ဤယာဥ်ငယ်များကို မူဆယ်-နမ့်ခမ်းတစ်ဝိုက်မှာ တရားဝင်လိုင်စင်များထုတ်ပေးပြီး ခွင့်ပြုထားခဲ့ပါ၏။

“ဟေး. . . ခမ်းမို၊ မြို့သွားရတော့မှာမို့ တို့အိမ်တောင်မလာတော့ဘူး”

“မဟုတ်ပါဘူး. . . စိတ်ညစ်လွန်းလို့ပါ”

“ဘာလဲ. . ကိုကို့ကို လွမ်းနေလို့လား”

“ဟုတ်တယ်”


www.burmeseclassic.com

www.burmeseclassic.com

နောက်သည့်စကားကို အနွမ်းမျက်နှာနှင့် ခမ်းမိုတုံ့ပြန်လိုက်တော့ နန်းစောမွန်ပင် အားတုံ့အားနာဖြစ်သွားရှာသည်။

"အေးလေ. . . ကိုကိုကလည်း လိုက်လာဖို့ကောင်းပါတယ်"

နန်းစောမွန် စကားအပြီးမှာ အားလုံးငြိမ်သွားကြသည်။ နန်းခမ်းမို၏ မျက်ဝန်းအစုံမှာ မျက်ရည်ကြည်များ လျှံပြည့်စွတ်စိုလာ၍ပါ။

"မွန်မွန် . . နင်ရော ငါ့ကို လွမ်းပါလား"

မောင်မောင်ကအရွှန်းဖောက်၍ တိတ်ဆိတ်ခြင်းကို ရပ်တန့်စေသည်။

"နင်က ငါ့ကို သံယောဇဉ်ရှိတယ်ဆိုရင် ငါလွမ်းမှာပေါ့"

"မရှိဘူးဆိုရင်ရော"

"မသိဘူး"

"ဟင် . . . ကိုယ်လွမ်းတာတောင် ကိုယ်မသိဘူးလားဟ"

"မောင်မောင်ကလည်းလေ ငါ့ကို အမြဲနိုင်တာပဲ ငါ့မှာဖြင့် နင်တို့မောင် နှမသွားမယ်ဆိုကတည်းက ငိုလိုက်ရတာ"

"အေး . . ဒီလို ပွင့်ပွင့်လင်းလင်းပြောလေ"

နန်းစောမွန်မျက်နှာပျက်သွားတော့၊ ခမ်းမိုက အားနာ





ဖြင့် . . .

"မောင်မောင်ကလည်း ဟယ်"

မောင်မောင်က မလျှော့။

"ဒီမှာ ငါ အခု ဆယ်တန်းအောင်၊ နောက်ဘွဲ့ရပြီးရင် ဗမာမလေး တစ်ယောက်ခေါ်လာခဲ့မယ်။ မွန်မွန်ဧည့်ခံဖို့ပြင်ထားနော်"

"နင် တစ်ကယ်ပြောတာလား မောင်မောင်"

"တစ်ကယ်ပေါ့၊ ငါ ဗမာမဘဲယူမယ်။ နင်တို့လိုရှမ်းမလေးတွေက အမြင်ကျဉ်းတယ်"

"ဘာ"

"မွန်မွန် . . နင်မှန်ထဲကြည့်လေ၊ နင့် မျက်ပေါက်ကလေးက ကျဉ်းကျဉ်းလေး၊ အဟား . . . ဟား"

မောင်မောင်က ဟာသလုပ်လေ။ မွန်မွန်ခမျာ မျက်နှာပျက်နေရှာလေ . . . . ခမ်းမို မနေသာတော့။

"အလကား စ,နေတာပါ မောင်မောင်ရယ် . . . ရှမ်းမလေးတွေဟာ အသားအရည်ကအစ ပိုလှပါတယ်။ အမြင်လည်းကျယ်ပါတယ်။ သူပြောတဲ့ အမြင် ကျဉ်းတာကို အခုဆို မျက်ရစ်ဖော်ပြီး ခွဲစိတ်ကုသလို့ရနေပါပြီ"

"မောင်မောင်က မွန်မွန့်ကို ဘယ်တော့မှ အကောင်းမမြင်ပါဘူးကွယ်"



www.burmeseclassic.com

www.burmeseclassic.com


အားငယ်စိတ်နှင့် အားလျော့စကားကို မွန်မွန်ပြော တော့ ခမ်းမိုပင် သနားလာမိသည်။

နန်းစောမွန်သည် မောင်မောင့်မေတ္တာကို မျှော်လင့် တကြီးစောင့်စား နေရှာပါသော်လည်း၊ မောင်မောင်သည်မူ .. နန်းစောမွန်ကို အခုလို နောက်ပြောင်နေရုံမျှဖြင့်ပင် မွေ့လျော် နေသူပါ။ သူ နန်းစောမွန်ကို ခင်မင်သည်။ သူငယ်ချင်း တစ်ယောက်လိုချစ်သည်။ သည့်ထက်ဖြင့် နှင်းရည်တစ်ပွင့်စာမျှ မပိုပါချေ။

အချစ်ကို ပေးဝေလို၊ ရယူခံစားလိုသော အရွယ်သို့ ရောက်လာပြီဖြစ်သော မောင်မောင်၏မေတ္တာတရားတို့သည် မွန်မွန်ရှေ့မှာ ဘာကြောင့်များ ပျောက်ဆုံးတိမ်မြုပ်နေရပါ သည်လဲ။

ဘယ်သူ့အတွက်များလဲကွယ် . . .

နန်းခမ်းမို နက်နဲစွာ တွေးနေဆဲမှာ မောင်မောင်သည် နန်းခမ်းမိုသို့ စူးနစ်နက်နဲစွာ စိုက်ကြည့်နေပါ၏။

ထိုနေ့ညနေက ကိုကို့အတွက် အလွမ်းသည်မလေးမိုမို စိတ်ပြေလက် ပျော်ဖြစ်ပါစေရန်ဟူသော အကြောင်းပြ ချက်ဖြင့် မူဆယ်မြို့တွင်းသို့ လျှောက်လည်ဖြစ်ကြသည်။

တည်းခိုသော ဟိုမွန်ရပ်မှထွက်ပြီး မြောက်ရပ်၊ တောင်ရပ်၊ ဈေးရပ်၊ ကောင်းနောင်ရပ်၊ ခရစ်ယာန်ရပ်ကွက် ဟူသော ရပ်ကွက်ပေါင်း(၆)ရပ်ကွက်နှင့် . . .

ရွှေသမင်ကျောင်းတိုက်သို့သွားခဲ့ကြသည်။ ရွှေချထား သော သမင်ရုပ်များနှင့် ဗုဒ္ဓဝင်ပြတိုက်ကိုကြည့်။ စေတီတော်ကို ဖူးမြော်ပြီး နောက်ဘက်မှ မဟာစည်သာသနာ့ရိပ်သာသို့ဖြင့် မသွားတော့ပါ။ တရားထိုင်သူများ အနှောင့်အယှက်ဖြစ်မှာ စိုးရိမ်ပါ၏။

အပြန် ဆေးရုံဝင်းအနီးမှ အထက်တန်းကျောင်းသစ် ဆောက်လုပ်နေသော အ. မ. က ကျောင်း ကုန်းမြေလွင်ပြင် ပြန့်သို့ ဝင်ကြသည်။

ဆေးရုံမှာ မြို့လူထု၏ချစ်ခင်အားကိုးမှုကို များစွာရရှိနေ သော ဆရာဝန်နှင့် ဆရာဝန်မဇနီးမောင်နှံတို့ နေထိုင်သောအိမ် လေးက ဆေးရုံဝင်းထဲမှာ။

ကွမ်ရင်မယ်တော်၏ သက်သတ်လွတ်၊ တရုတ် ဗုဒ္ဓ ဘာသာကျောင်းများနှင့် ဘာသာရေးကို အလေးထား၍ ရိုသေ ကိုင်းရှိုင်းကြသော မူဆယ်မြို့သူမြို့သားများ၏ . . .

နန္ဒဝန်ကျောင်း၊ ဝေလုဝန်ကျောင်းနှင့် မဟာဝန် ကျောင်းတို့ရှိပါ၏။ မဟာဝန်ကျောင်းရှေ့မှ နှစ်ပင်တွဲဆက်နေ သော ကံ့ကော်ပင်အကြီးကြီး၏ အုပ်အုပ်ဆိုင်းဆိုင်းအရိပ်မှနေ၍ အသံမစဲ ပဌာန်းဒေသနာတော်ကို ရွတ်ဖတ်နေကြသည့် မမွ တေးသံကို ရင်အေးငြိမ်းစွာ ကြားနာခဲ့ရပါ၏။



www.burmeseclassic.com

www.burmeseclassic.com

ဤမူဆယ်မြို့သို့ ဝင်ခါနီးတွင် အုတ်တိုင်ကြီးများစွာ အခိုင်အမာ စိုက်ထောင်ထားသည့် ကွန်ကရိရေတံလျှောက် အကြီးကြီးကိုတွေ့နိုင်ပါသည်။

တောင်ကျစမ်းရေကို သွယ်ယူပြီး မူဆယ်တစ်မြို့လုံးသို့ ရေပေးဝေနေခြင်းဖြစ်ပါ၏။

သို့ပါသော်လည်း မူဆယ်မြို့သည် နမ့်ခမ်းမြို့လို ရေမပေါပါ။

ထိုနေ့က ဈေးဖိတ်နေ့။

နက်ဖြန်ဆိုလျှင် အလွန်အမင်း စည်းကားမည့်ငါးရက်ဈေးနေ့ဖြစ်သော မူဆယ်ဈေးကြီးနေ့ဖြစ်ပါ၏။

ကုန်ရောင်းမည့်သူများ၊ ကုန်ဝယ်မည့်သူများ၊ အနီးပတ်ဝန်းကျင်မှ တောင်ယာထွက်ပစ္စည်းများ ရောင်းမည့်ရှမ်းနွယ်ဖွား တိုင်းရင်းသားများ အစုံအလင်တို့ ဈေးရပ်ကွက်တစ်ဝိုက်မှာ စည်ကားသိုက်မြိုက်နေကြသည်။

ညဈေးတန်းကြီးကလည်းဟည်းလို့။

ဈေးရပ်မှ ကျင်ကျင်ခေါက်ဆွဲဆိုင်၊ လာရှိုးကားဂိတ်မှ ထွန်းလှလက်ဖက် ရည်ဆိုင်နှင့် လမ်းမကြီးပေါ်မှ ပန်ဆိုင်၊ ထမင်းဆိုင်တို့မှာလည်း လူအပြည့်။

ဗီဒီယိုပြသနေသည့် ရုံသုံးရုံလုံးမှာလည်း ကျိတ်ကျိတ်တိုးလို့ပါ။





နမ့်ခမ်းမြို့မှာလည်း ထို့အတူပါ။ ရုပ်ရှင်ရုံမရှိသေး။ ဝေးခေါင်လှသည့် နယ်ခြားမြို့လေးမှာ ဤကဲ့သို့ ဖျော်ဖြေမှုများတော့ရှိသင့်လှပါချေသည်။

အဘွားဆူမှာကြောက်၍ ရှမ်းဟင်းများနှင့် ထမင်းစားပြီး ဈေးရှေ့ညဈေးတန်းမှ အောက်လင်းမီးများအိုင့် ရောင်းနေသော ကြက်ဥကစော်တစ်ပွဲစီသောက်ဖြစ်ခဲ့ကြသည်။

မြစ်ကြီးနားဘက်မှာလည်း ရှိတတ်သော ကြက်ဥကစော်ဆိုသည်မှာ ကြက်ဥနှင့် ကောက်ညှင်းအချဉ်ဖောက်ထားသော ကစော်ရည်နှင့်ပျားရည်တို့ ပေါင်းစပ်ထားသော အာဟာရဖြစ် စားစရာမုန့်တစ်မျိုးပါ။

"ဒီနေ့ အိမ်မှာ တုတ်(က်)စူးရှိတယ်လေ။ နောက်ကျရင် အဘွားဆူနေလိမ့်မယ်။ ပြန်ကြစို့"

နန်းခမ်းမို နှိုးဆော်မှပြန်ဖြစ်ကြသည်။

မနက်ကျလျှင် ပန်းကန်များစွာ၊ ကြွေရည်သုတ် အိမ်သုံးပစ္စည်းများစွာ၊ ဓာတ်ဗူးများစွာနှင့် ချည်သားအထည်အလိပ်၊ မျက်နှာသုတ်ပဝါ၊ အိပ်ရာခင်း၊ သွားတိုက်ဆေး၊ ဆပ်ပြာ၊ အိမ်ဆောက်ပစ္စည်းအစုံအလင်တို့နှင့်အတူ ပြည်မမှလာသော ပုစွန်ခြောက်၊ ငါးခြောက်မှအစ ယိုးဒယားပစ္စည်းစုံ။ မြန်မာပြည်ဖြစ် ငါးပိ၊ သနပ်ခါးကအစ ချိတ်လုံချည်အထိနှင့် တောင်ယာထွက်ပစ္စည်းများစွာတို့ဖြင့် တိုးမရ၊ ထွက်မရအောင် စည်ကား



www.burmeseclassic.com

www.burmeseclassic.com

တော့မည့် မူဆယ်စျေးရုံတန်းကြီးကို ကျောခိုင်းကာ ဟိုမွန်ရပ်သို့ ပြန်ခဲ့ကြရပါပြီ။

"ဟဲ့ . . ရောက်တောင်နေကြပြီ"

အဘွားအိမ်ရှေ့တွင် အောက်လင်းမီးများနှင့် သီဆို ကခုန်နေကြဖူသော ရှမ်းရိုးရာအလှူခံအဖွဲ့။

"မွန်မွန် . . မပြန်နဲ့တော့၊ တို့ပါ ကကြရအောင်"

"အမေ့ကို သွားပြောရအောင်လေ မောင်မောင်ရယ်"

"ရပါတယ်။ အဒေါ် နန်းမောက်ဆွယ့်က တို့နဲ့သွား တာသိတာပဲ။ မနက်ဖြန် တို့ခရီးထွက်တော့ မယ်ဆိုတာလည်း သိတာပဲ။ သွားပြောမနေပါနဲ့တော့ လာပါ"

မောင်မောင့် စကားကို ထာဝရနာခံရှာလေသော နန်းစောမွန် မငြင်းပဲနှင့်ပါလာတော့သည်။

နောင် . . ပေ . . နောင်

နောင် . . ပေ . . နောင်

ဆိုသော နားစွဲဖွယ် ရှမ်းရိုးရာတူရိယာသံကို အဝေးက ပင် ကြားနေရပါ၏။

"ဟဲ့ . . . ခမ်းမိုတို့၊ လာ . . . လာ ဝင်က၊ အခုပဲ တယ်"

ဟိုမွန်ရပ်မှ အရပ်လူကြီး "ဦးစိုင်းဖထီးခမ်း" က လှမ်းအော်ခေါ်သည်။





မောင်မောင်က ဘာမပြောညာမပြောနှင့် မိုမိုနဲ့မွန်မွန် လက်ကို သူ့လက်နှစ်ဘက်နှင့်ဆုပ်တွဲ ဆွဲခေါ်ပြီး ကဝိုင်းတွင်း သို့ အမြန်ဝင်သွားတော့သည်။

နောင် . . ပေ . . နောင်

နောင် . . ပေ . . နောင်

ဆိုသော ခြောက်လုံးတွဲမောင်းကို တစ်ချိန်တည်း တီးလို့ ရအောင် တီထွင်ထားသောမောင်းတန်နှင့် တီးနေသလို . . ခါး လျားရှည်ကြီးနှင့် ရှမ်းအိုးစည်ကြီးကို ဟန်ပါပါ အသံသာသာနှင့် တီးခတ်နေသော "စိုင်းခမ်းဟန်ဖ"က ပြုံး၍ မောင်မောင်တို့ သုံးယောက်ကိုကြိုဆိုသည်။

ချစ်စရာကောင်းလှသော ဒေသဓလေ့အရ အဘိုးကြီး၊ အဘွားကြီးမှအစ လူလတ်ပိုင်းနှင့် လူငယ်ပိုင်းတို့ ဝိုင်း၍ကကြ သော ရှုခင်းလေးပါ။

မူဆယ်လမ်းမကြီးကိုပိတ်ဆီး၍ လူတစ်ရာကျော်မျှ တစ်ယောက်ဆီစီပြီး စက်ဝိုင်းကြီးပုံသဏ္ဌာန်ဝိုင်းဖွဲ့ဝိုင်းလှည့် ပြီး . .

ခြေကျ ၊လက်မြှောက်အချိုးညီစွာ ဘယ်တည့်တည့် လှည့်လိုက်၊ အလယ်တစ်ချက်နားလိုက်။ ညာတည့်တည့်လှည့် လိုက်နှင့် သုံးဘက်လှည့်၍ ကနေကြသူများ၏ကြားတွင် . .

မောင်မောင်က အလယ်က၊နောက်မှ နန်းစောမွန်



www.burmeseclassic.com

www.burmeseclassic.com

မောင်မောင်၏ရှေ့မှာတော့ နန်းခမ်းမို။

သုံးလံစာမျှလောက်မိုမိုတို့က ပြီးသည်နှင့် အချက်ပေး သံကြောင့် အတီးရော၊ အကပါ ရပ်လိုက်ကြရပြီး ရောက်သည့် နေရာမှာပင် ထိုင်သူထိုင်၊ ရပ်သူရပ်၊ ခဏထွက်သူထွက်။

အတီးနှင့်အက ရပ်နားပြီးချိန်မှာ အမျိုးသားတလှည့်၊ အမျိုးသမီးတလှည့် သာယာနာပျော်ဖွယ် ဆုတောင်းမင်္ဂလာ ဓမ္မတေးသံကို ရွတ်ဆိုပါတော့သည်။

တစ်ဦးချင်း အသံနေအသံထားဖြင့် ရှမ်းဘာသာနှင့် ရွတ်ဖတ်ကြသည့် အကြောင်းရာကတော့. . .

ယခု ဟိုမွန်ရပ်ကွက်အတွက် သာရေးနာရေးကိစ္စများ တွင် လိုအပ်သော မီးစက်တစ်လုံး ဝယ်ယူရန်အတွက် ဤအဖွဲ့ ကိုဖိတ်ခေါ်သည့် အိမ်တိုင်းသို့ ညဘက်တိုင်းမှာ “တုတ်(က်)စူး” အလှူခံအဖွဲ့ ထွက်လာပါသည်။

ယနေ့ည “ဒေါ်နန်းယင်းဆိုင်ခမ်း”၏ အိမ်မှ ဖိတ်ကြား သဖြင့် လာရောက်ကခုန် ဆုတောင်းပွဲလုပ်ပါသည်။ အလှူတော် ငွေ ငါးရာပဏာမစ၍ထည့်သော ဒေါ်နန်းယင်းဆိုင်ခမ်း ၏နေအိမ်မှ မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေ။ မိသားစုကျန်းမာ ကြပါစေ။ လုပ်ငန်းကိုင်ငန်းအောင်မြင်ပါစေ ဆိုသော ဆုတောင်း မေတ္တာများပို့သအပ်ပါသည်။

ဟူသော စကားများနှင့် ဘာသာရေးစကားကို အသံနေ





အသံထားနှင့် ကြည်လင်ပြတ်သားစွာ အသံချဲ့စက် မက်ကရိုဖုန်း နှင့် ရွတ်ဖတ်ပြီးချိန်မှာ“အူး” ဆိုသော ဆွဲဆွဲငင်ငင်အသံလေးနှင့် အဆုံးသတ်ပြီးသည်နှင့် . . . .

နောင် . . . ပေ . . . နောင် . . .

ဆိုသော ဆိုင်းချက်က ဝင်လာသည်။

လျော့လျော့လျည်းလျည်းဖြစ်နေကြသော အကအဖွဲ့ သားများ ပြေးလွှားဝင်ရောက်လာပြီး တက်တက်ကြွကြွ ကကြ ပြန်သည်။

အကပိုဒ်အပြီးမှာ အတီးပါရပ်ပြီး စောစောကလို ဆုတောင်းသံဝင်လာပြန်သည်။

ဆုတောင်းသံအပြီးမှာ . . . ပြန်က။

ကပြီး . . . ဆုတောင်း။

ပျော်စရာကောင်းပါဘိတော့။

အလှူငွေကိုလည်း တစ်ကြိမ်တည်း အပြတ်ထည့်၍ မဖြစ်။ အလှူခံအဖွဲ့က ဈေးဆစ်၍ထပ်တောင်းသည်။ အိမ်ရှင်က လည်း ဈေးဆစ်၍ ထပ်လှူသည်။

ငါးရာထည့်ပါဆို သုံးရာထည့်။

သုံးရာထည့်ပါဆို နှစ်ရာထည့်နှင့်၊ အပြန်အလှန် ဈေးဆစ်ကြ၊ ရယ်မောကြနှင့် ထိုညက အဘွားနန်းယင်းဆိုင်ခမ်း ငွေနှစ်ထောင့်နှစ်ရာ လှူဖြစ်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



အကအဖွဲ့လည်း သန်းခေါင်တိုင်တော့သည်။

"တစ်မူးရလို့ တစ်ပဲလျှော့ ရှမ်းတောင်သူ တူနိုင်ရိုး လား" ဟူ၍ကမှည်း ထိုးလောက်အောင်လည်း မောရှမ်းတို့၏ စေတနာကထက်သန်လှပါချေသည်။

ဘာသာတရားကို လေးမြတ်စွာ ကိုင်းရှိုင်းကြသည်။

ရဖာန်း သံဃာများ၊သီလရှင်များ၊ နောက်ဆုံးလူပုဂ္ဂိုလ် အလှူခံများကအစ. . သူတို့အလှူငွေထည့်ကြတဲ့အခါအကြွေ ထည့်လေ့မရှိ၊ တစ်ကျပ်နှစ်ကျပ်မှ ငါးကျပ်၊ တစ်ဆယ်အထိ အသေးသုံးအလှူငွေထည့်ပြီးချိန်မှာ . . .

အလှူခံပုဂ္ဂိုလ်ကမတ်တတ်ရပ်လျက်ဆုပေးသည်။

ဤဆုပေးမှုမဆုံးမချင်း လှူသူက ဒူးတုပ်၍ထိုင်ပြီး လေးစားစွာနာယူသည်။ မည်မျှပင်ကြာပါစေ။

ဤသို့လှုကြတန်းကြ၊ တုတ်(က်)စူးကကြနှင့် အေးချမ်း ပျော်ရွှင်ဖွယ်ကောင်းလှသော မူဆယ်မြို့သူ၊ မြို့သားတို့၏ အကြားမှာ နန်းခမ်းမိုသည် . . .

ဤဒေသဖွားမို့ ဒေသ၏ဓလေ့စရိုက်အရ ကတတ်၍ ကနေရသော်လည်း ဤဝိုင်းအတွင်းမှစေတနာဖြင့် ပါဝင်ကူညီ နေကြသူများလိုဝမ်းမြောက်ခြင်းများဖြင့်မရွှင်မပြနိုင်။

ကျန်ရစ်ခဲ့လေသောကိုကို . . .

အမေနှင့်နေထိုင်ခဲ့ရာ နမ့်ခမ်းအိမ်။





ပြီးတော့ . . .

ခရမ်းပြာပွင့်များကြွေရာ တောင်ကုန်းငယ်လေး. . .

ဤသည်တို့ကိုဆွတ်ကျင်ကြေကွဲစွာ တမ်းတရခြင်း များနှင့်အတူ . .

မန္တလေး နေပြည်တော်ရှိ မမြင်ဖူးသေးသော ဦးဘအို ဆိုသည့် အဘိုးကြီးနှင့်သူ၏အိမ် . . . .

သူနှင့်ပတ်သက်ကြလေမည့် သူ၏အသိုင်းအဝိုင်းများ . .

ကိုနေဦးနိုင်နှင့် ကိုရဲလွင်. . . .

သူတို့တွေနှင့် ဆက်သွယ်ပတ်သက်ကာ နေထိုင်ရ တော့မည့် လောကသစ်အတွက်. . .

နန်းခမ်းမို ရင်လေးလှချေသည်ပါလားကွယ်။

✦



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၅)

"နာမည်က"

"စိုင်းမောင်မောင်ပါ"

နန်းခမ်းမိုက မောင်မောင့်ကိုကြည့်ပြီး မပြုံးမိအောင် သတိထားလိုက်ရသည်။ "စိုင်း"တစ်လုံးက သူ့ဟာသူ တိုးလာ သည်။ အင်းလေ. . . ဘာမဖြစ်နိုင်စရာရှိလဲ။ ဗမာမလေး ငါတောင် နန်းခမ်းမိုဖြစ်ရသေးတာပဲ။ ပြီးတော့. . တို့က ရှမ်းပြည်နယ်က လာကြတာ။

"ဪ . . ကိုကိုဆိုတာ လိုက်ပို့မယ်ထင်နေတာ"

"ကိုကို မအားလို့ခင်ဗျ၊ ဒီနှစ်ခြံက လက်ဖက်ခြောက် တအား အထွက်ကောင်းလို့ လိုက်မလာနိုင်တာပါ"

မောင်မောင်တို့ကြွားနေသည်။ လက်ဖက်ခြောက်[illegible] အထူးလည်း အထွက်မတိုးပါဘဲနှင့်။





သည်အိမ်၏အရှိန်အဝါနှင့် ကြွယ်ဝမှုများကိုကြည့်ပြီး . . . မိုမိုကျင်လည် ခဲ့ရာ ဝန်းကျင်မှာ မချမ်းသာသော်လည်း မနိမ့်ကျပါကြောင်း သူ"ဦးဘအို"ကို သိစေလိုဟန်တူပါ၏။

"ဦးဘအို"

အသက်(၇၀)လောက်ရှိပြီ။ ကတုံးဆံတောက်နှင့် ဆံပင်များက ဖြူစွတ်စွာကျိုးကျဲ၊ ထိုးထောင်နေလေသည်။ အသားမည်းမည်း ပိန်ပိန်၊ အရည်များကတွန့်ရှုံ့ကာ အရေးအကြောင်းများ ထင်နေလေသည်။

"ဪ. . . လွန်ခဲ့တဲ့ မျိုးဆက်တစ်ဆက်က အဖြစ်အပျက်ဆိုပေမယ့် ငါ့အမေပေါ် ရက်စက်လွန်းခဲ့ပါတယ်လေ။ ချစ်သူနောက် လိုက်သွားတာကို မဟာအပြစ်ကြီးလုပ်ပြီး စွန့်လွှတ်ပစ်ခဲ့ကြပြီး ခုမှမျိုးဆက်သွေးကို မွေးချင်ပြန်သတဲ့. ."

"ဒီလောက် ထည်ဝါခမ်းနားလှတဲ့ တိုက်ကြီးမှာလည်း ငါ မနေချင်တော့ပါဘူး. . .

"အို. . မောင်မောင်ပြန်ရင် ငါ ပြန်လိုက်သွားတော့မယ်"

"ငါ့မြေး"

"အင်"

တွေးနေတုန်း ခေါ်လိုက်သဖြင့် လန့်ဖျပ်စွာ ကြည့်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com

"ငါ့မြေးအတွက် ဘဘနဲ့ကပ်လျက် အခန်းမှာနေဖို့ စီစဉ်ထားတယ်။ ရောက်ခါစတော့ ဒီလိုပေါ့ကွယ်။ နောင် တဖြည်းဖြည်းတော့လည်း နေသားကျ လာမှာပေါ့. . ."

"ဟုတ်ပါတယ်ခင်ဗျ"

"အေး. . အေး. . သွားနားကြဦး။ ခရီးပန်းလာတယ် မဟုတ်လား"

မောင်မောင်ကပင် ဦးဆောင်သည်။ ခပ်ကြောင်ကြောင် ဖြစ်နေသော မိုမို၏လက်ကိုဆွဲလျက် ဦးဘအို၏အခန်းမှ ထွက်အံ့ ဆဲဆဲတွင်. . .

"စိုင်းမောင်မောင် တည်းခိုဖို့အတွက် အောက်မှာ တစ်ခန်း ပြင်ခိုင်းထားတယ်"

"ကောင်းပါပြီ ခင်ဗျ"

"နေဦးနိုင်တို့လည်း မနက်ပြန်ရောက်ကြမှာပါ။ မင်း မပြန်ခင်တော့ လည်ခွင့်ပတ်ခွင့်ရမှာပေါ့"

"ဟုတ်ကဲ့ ခင်ဗျ"

မောင်မောင်နှင့် မိုမိုတို့နှစ်ယောက် လက်တွဲထွက်သွား ကြသည်ကို ဦးဘအို ငေးကြည့်နေပုံက အဓိပ္ပါယ်နက်ရှိုင်းလှ သည်။

"တိုက်ကြီးက အကြီးကြီးပဲနော်"

ပွတ်လုံးလှေကားကြီး၏ရှေ့မှာ ရပ်ရင်း မောင်မောင်က





ပြောတော့. . .

"ပုံပြင်ထဲက ရဲတိုက်ကြီးလိုပဲ၊ ဒီမှာ ဘယ်နည်းနဲ့မှ ပျော်မှာမဟုတ်ပါဘူး မောင်မောင်ရယ်"

"အခြေအနေ ကြည့်သေးတာပေါ့လေ"

"မိုမို ပြန်လိုက်ခဲ့ရင် အမေတို့က လက်ခံပါ့မလား"

"တို့ထွက်လာမယ့်မနက်က အမေငိုနေတာ နင်တွေ့တဲ့ အတိုင်း၊ ရင်ကွဲပက်လက်ပဲလေ မိုမိုရယ်. . . နင်ပြန်လိုက်ခဲ့ရင် တို့အားလုံးပျော်ကြမှာပါ"

"ဒါဆို တို့ ပြန်ကြရအောင်လေ"

"ဟာ. . နေဦးလေ၊ စောစောကပဲ ရောက်တာ၊ တစ်ရက်နှစ်ရက်တော့ နေဦးမှပေါ့ မိုမိုရဲ့"

"နင်ရော"

"ငါလည်း နင်နဲ့အတူ နေမှာပေါ့"

"အေး. . . ဒါဆိုလည်း ပြီးရော"

"လှေကားရင်းမှာ မိန်းမကြီးတစ်ယောက် တို့ကိုကြည့် နေတယ်။ ငါ သွားမယ်"

မောင်မောင် အောက်ဆင်းသွားတော့မှ အသက် ငါးဆယ်အရွယ်မိန်းမကြီးတစ်ယောက် ခပ်ဖြည်းဖြည်းချင်း တက်လာသည်။

သူ့ရင်ထဲက အသည်းနှလုံးသည် ကျောက်ဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com

ဟန်ရှိ၏။ သူ့မျက်နှာ၌ အရယ်အပြုံးမရှိ။ ညှာတာမှု၊ ရက်စက်မှုများ ဘာမျှမပြ။ လူသေတစ်ယောက် ထလျှောက်နေသလို မျက်နှာသေကြီးနှင့်။

"ဒီအခန်းမှာ မိန်းကလေးနေတဲ့"

သော့ဖွင့်ပြီး သူက ပြောသည်။

အခန်းတွင်းမှာ မိုမို၏ အဝတ်အစား သေတ္တာလေးနှင့် လက်ဆွဲခြင်း တစ်ခုက ရောက်နှင့်နေလေပြီ။

"ဗီရိုကြီးကလည်း ကြီးလိုက်တာ. . . ငါ့ အဝတ်စားဆို တစ်ကန့်တောင် ပြည့်မှာမဟုတ်ဘူး"

အခန်းတွင်းမှ အဝတ်ထည့် ဗီရိုမှန်တင်ခုံနှင့် ခုတင်၊ စာရေးစားပွဲနှင့် ကုလားထိုင်တို့မှာ ယခုခေတ်ပုံစံမျိုး တစ်ခုမှမရှိ နန်းခမ်းမိုဆက်ပင် အသက်နှစ်ပြန်ကြီးကြမည့် ရှေးဟောင်း ပစ္စည်းများ ဖြစ်လေသည်။

"အင်း. . . အခန်းကလည်း လှောင်အိုက်အိုက်၊ အနံ့ကလည်း အောက်သိုးသိုးနဲ့"

မြေ ကျယ်ကျယ်ပြန့်ပြန့်နှင့်နေပြီး လေသန့်သန့်ကို တဝကြီးရှူလာရသော မောရှမ်းသူ နန်းခမ်းမိုအတွက် မန္တလေး နွေနှောင်းရာသီ၏ ပိတ်လှောင်ပူအိုက်မှုကို မခံစားနိုင် . . .

စိတ်၏ကျဉ်းမြောင်းခြင်း၊ လောကသစ်၌ မမွေ့လျော်ခြင်းများဖြစ်ရုံသာမက နေရာဟောင်း မွေးရပ်မြေနှင့် ချစ်သူ





အပေါင်းကို လွမ်းဆွတ်ရသော ဝေဒနာက နှလုံးသည်းပွတ်တို့ ပဲ့ကြွေသွားမတတ်ပါ။

မူဆယ်မှလားရှိုး၊ လားရှိုးမှမန္တလေးအထိ မိုင်ပေါင်း သုံးရာနီးပါးခရီးကို ကားစီးခဲ့ရသော ခရီးပန်းသည့် ကိုယ်ခန္ဓာ၏ ဒုက္ခဒဏ်ကို ခံစားနိုင်ပါသော်လည်း . . .

ဆွတ်ကျင်ကြေကွဲရသော ဝမ်းနည်းအားငယ်ရသော၊ မပျော်ပိုက် မနှစ်ခြိုက်နိုင်သော ခံစားမှုများကို ခံစားနိုင်ခြင်း မရှိတော့။

အို. . . ဒီနေရာကနေပြီး ကိုကို့ထံ တမုဟုတ်ချင်း ပြန်ပြေးနိုင်တဲ့ အားအင်များ၊ တန်ခိုးကံ့ဒ္ဓိပါဒ်များ ရချင်စမ်းပါဘိကွယ်။

✦


www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၆)

"ည မအိပ်ခင် အဘိုးက သူ့အခန်းကို လာခဲ့ပါဦးတဲ့"

အသက်သုံးဆယ်အရွယ် အမျိုးသမီးတစ်ယောက် ရောက်လာပြီး ပြောသည်။

လားရှိုးမှ ရောက်လာချိန်က ညနေစောင်း၊ ဦးဘအို ထံခဏလေးဝင် တွေ့ပြီး အခန်းတစ်ခုရသည်။ ပြီးတော့ . . ရေချိုး၊ ထမင်းစားရသည်။ အခန်း၌ နားနေခါနီးမှာ လာခေါ်၍ ခေါင်းညိတ်ပြလိုက်ရ၏။

ထိုအမျိုးသမီးက ထွက်ခွာခါနီးမှ . . .

"ဩော် . . . အဘိုးက ပြောတယ်။ သူ့ဆီလာရင် မိမိ တစ်ယောက်တည်းလာခဲ့ပါတဲ့"

ခေါင်းလည်းမညိတ်မိ။ စကားလည်း မတုံ့ပြန်မိ။ သူ့ကို ကြည့်နေဆဲမှာ သူ ပြန်ထွက်သွားသည်။

ဒီအဘိုးကြီးအခန်းကို နောက်တစ်ခါမသွားချင်။ စိတ် ထဲမှာ ကိုယ့်အဘိုးပါလားဟူ၍လည်း မြင်ရုံနှင့်သံယော...





...ဖြစ်မိ။

ခုလိုကျတော့လည်း သွေးက စကားမပြောပါလား။

သူနှင့်ထပ်တွေ့ရမှာကိုလည်း စိတ်ကျဉ်းကျပ်သလိုလိုပါ။

...အခန်းမှာလည်း အနေမကျ၊ အထိုင်မကျ၊ ပိတ်ကျပ်ကျပ် ...န်းလှောင်လှောင်။

ခုတင်ပေါ် လေးကန်စွာထပြီး တစ်ဘက်ခန်းကို လှမ်း ကြည့်လိုက်တော့ တံခါးလေးဟထားသည်။

ဦးဘအို၏ အခန်းနှင့် နန်းခမ်းမို၏အခန်းက မျက်နှာ ချင်းဆိုင်၊ အလယ်တွင် အောက်ထပ်သို့ဆင်းရန် ပွတ်လုံး လှေကားညိုညိုကြီးရှိ၏။

နန်းခမ်းမိုမှာ အခန်းတံခါးကို ပြန်မပိတ်မိ။ ပိတ်ရန် လည်း သတိမရပါပဲနှင့် ဦးဘအို၏ အခန်းတံခါးကို သွားခေါက် တော့ . . .

"ဖွင့်ထားတယ်၊ တွန်းဝင်ခဲ့ပါ"

ဦးဘအို အခန်းတစ်ခုလုံး လင်းနေသည်။ ခုတင်ခြေရင်း ၌ သူနာပြု ဆရာမတစ်ယောက်ထိုင်နေသည်။ တာဝန်ဝတ်စုံနှင့် ဤသူနာပြုဆရာမမှာ ဦးဘအိုအတွက် ငှားရမ်းထားသော အထူးသူနာပြု ဆရာမတစ်ယောက်ဖြစ်ကြောင်း နန်းခမ်းမို မတွေးတတ်သေး။

"နော်ထူးမေ . . . အပြင်ခဏထွက်ပေးပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါပြီ အန်ကယ်လ်"

နော်ထူးမေက သူ့လက်တွင်းမှ မြက်ယပ်တောင်လေး ကို အသာဘေးချပြီး စောင်ဆွဲ၍ ခြေထောက်ကို ဖုံးပေး လိုက်သည်။ ခြင်မကိုက်ရန်ဖြစ်မည်။ မန္တလေးမြို့ဆိုသည်က လည်း ပေါလိုက်သည့်ခြင်။

"ထိုင်ပါ ညီမလေး"

သူထိုင်နေသောခုံပုလေးကိုဆွဲမပြီး ဦးဘအို၏ ခုတင် ဘေး၌ချပေးသည်။ ပြီးတော့ရွှန်းလက်ကြည်ဝေသော အပြုံးဖြင့် ပြုံးပြီးအခန်းထဲမှထွက်သွားပါ၏။

"တံခါးပိတ်လိုက်ပါမိုမို"

အဘိုးဖြစ်သူထံမှ ပထမဆုံးကြားရသော မိမိ၏ အမည် ကိုခေါ်သည့်အသံ။

တံခါးပိတ်ပြီး အဘိုး၏ဘေး၌ရှိ့ကြောက်စွာ ခပ်ရှရှ လေးဝင်ထိုင်လိုက်ရသည်။

"ငါ့မြေးလေးကိုကြည့်ရတာ ဟိုးလွန်ခဲ့တဲ့အနှစ်နှစ်ဆယ် လောက်က သမီး"စောခက်နွယ်" ကိုပြန်ပြီးတွေ့ရတဲ့အတိုင်း ပါပဲကွယ်"

ရောက်စဦး တွေ့ဆုံစဉ်က ဟန်မပျက်ခဲ့သော ဦးဘအို မှာ ခံစားမှုမျက်နှာနှင့် မျက်ဝန်းမှာမျက်ရည်တွေနှင့်ပါလား။

အိုကြီးအိုမအရွယ်မှာ မျက်ရည်စနှင့်မြင်တွေ့ရတော့





ခမ်းမို စိတ်မကောင်းမိ။

သို့သော်လည်းဘယ်လိုနှစ်သိမ့်ရမှန်းလည်းမသိ။ ဘိုးအိုနှင့် ထိုက်တန်မည့်စကားလုံးမျိုး မိုမိုမပြောတတ်ပါ။

"ငါ့မြေး . . . မိုမို"

"ဟုတ်ကဲ့ . . . ခမ်းမို ဘာလုပ်ပေးရမလဲရှင်"

"ခမ်းမိုလို့ ခေါ်ရမယ်လား"

"အို . . . မဟုတ်ပါဘူး။ မိုမိုရော ခမ်းမိုရောခေါ်ကြ တယ်ပါပဲ"

"အင်း . . . ဟိုအရပ်ဒေသမှာ မွေးတော့လဲ ဟိုက လေ့ပေါ့လေ"

ဘာစကားမှ များများစားစားမပြောရသေးမီမှာပင် ဘအို၏အသံက နွမ်းမောလှချေသည်။

"ပါလာတဲ့ စိုင်းမောင်မောင်ဆိုတဲ့ သူငယ်လေးက ဘယ်တော့ပြန်မလဲ"

"ခမ်းမိုကိုလိုက်ပို့တာပါ"

"အေးလေ . . . သူဘယ်တော့ပြန်မလဲ"

"ဘာဖြစ်လို့လဲဘဘရယ်"

"သူပြန်ပြီးမှ ဒီစကားတွေပြောသင့်တယ်။ ဒါပေမယ့် ဘအတွက် အချိန်ဟာ သိပ်အရေးကြီးနေပြီကွယ်"

"သူပြန်ရင် ခမ်းမိုပါပြန်လိုက်ချင်လိုက်သွားမှာ . . "



www.burmeseclassic.com

www.burmeseclassic.com



"ဘာ"

"ဒီအိမ်ကြီးမှာ ခမ်းမိုမနေချင်ဘူး"

"မနေချင်တဲ့အကြောင်းက ဘာလဲ"

"ပျော်မှာ မဟုတ်လို့"

"အပျော်လာနေတာမှ မဟုတ်ဘဲ"

"ခမ်းမိုကိုဘာကြောင့်ခေါ်ရတယ်ဆိုတာသာပြောပါ ပြီးရင်မောင် မောင်နဲ့ပြန်လိုက်သွားပါရစေ"

"မဟုတ်တာပဲကွယ်"

"အမေ့ကိုလည်း မခွဲနိုင်ဘူး၊ ကိုကို့ ကိုလည်းလွမ်းတယ်"

"အေး . . ဒါတွေခဏထားလိုက်ဦး"

"ရှင်"

"ဘာပဲဖြစ်ဖြစ်ဒီအိမ်ကြီးမှာ ဘဘကွယ်လွန်ပြီးတဲ့အထိ တော့ငါ့မြေး နေကိုနေရမယ်"

"ရှင်"

"ဘဘကွယ်လွန်ချိန်ဆိုတာလည်းမကြာတော့ပါဘူး ဘဘဝေဒနာကိုဘဘသိပါတယ်၊ မကြာတော့ပါဘူးငါ့မြေးရယ်"

အဘိုးအို၏နောက်ဆုံးချိန်ဆိုသော အားလျော့ပွယ် စကားများကို ကြားလိုက်ရ၍ပြောလိုသောဆန္ဒစကားလုံးများ အားလုံး ကုန်ဆုံးချုပ်ငြိမ်းသွားရတော့သည်။

"ဘဘတို့ရဲ့ ချမ်းသာကြွယ်ဝမှုကို ငါ့မြေးကြားသိတ





လောက် ကြားသိမှာပါ"

"ခမ်းမိုဘာမှ မသိခဲ့ရသေးပါဘူး"

"ဘဘနဲ့ သမီးရဲ့အဘွားပိုင်ဆိုင်တဲ့ တိုက်ချည်းငါးလုံး ရှိပါတယ်၊ အတွင်းပစ္စည်းနဲ့ငွေကိုဘဏ်မှာအပ်ထားတာလည်း ရှိသေးတယ်"

နန်းခမ်းမို၏ ဝိုင်းစက်ကြည်လင်နေသော မျက်ဝန်းလေး မှာ လောဘ၏ အရိပ်အငွေ့လေးမျှပင် ရိပ်မိုးမလာ။

ဤမြေးငယ်၏လောဘမဲ့ မျက်နှာလေးကိုစိုက်ကြည့် ပြီး . .

"အခုအချိန်မှာ ဘဘဟာဝေဒနာကြောင့် သေရဖို့နီး တာထက် လုပ်ကြံခံရလို့ သေရဖို့က ပိုနီးနေတဲ့အချိန် . . အန္တရာယ်တွေပိုင်းနေတဲ့အချိန်ပါ ငါ့မြေး"

"အို . . ရဲ . . ရဲ မတိုင်ဘူးလား"

"တိုင်လောက်အောင်လည်း ဘာမှလက်ဆုပ်လက်ကိုင် ဖြစ်ရာမရှိသေးဘူးလေ၊ ပြနိုင်တဲ့နေ့ဟာ ဘဘကွယ်လွန်မယ့် နေ့ပဲ"

"ဒီလို သိနေရင်လည်း ကြိုတင်ကာကွယ်ပါတော့လား ဘဘရယ်"

"အင်း . . ခက်တာက . . ရန်ကအပြင်ရန်မဟုတ်ဘူး အတွင်းရန် . . အတွင်းရန် ငါ့မြေးရဲ့"



www.burmeseclassic.com

www.burmeseclassic.com



“အို . . . ဒါဆို”

“အေး . . . ဒီအိမ်မှာချည်း . . . လူကိုးယောက်
ကြတယ် . . .”

“ဒါနဲ့ ခမ်းမိုရဲ့မေမေဟာ ဘဘတို့ရဲ့ တစ်ဦးတည်းသမီ
ဆို”

“ဟုတ်ပါတယ်၊ ဘဘတို့ရဲ့ရင်သွေးဆိုလို့သမီးလေး
စောခက်နွယ် တစ်ဦးတည်းရှိပါတယ်၊ အဲဒီသမီးလေးကမွေးဖွား
ခဲ့တာလည်း ငါ့မြေးတစ်ယောက်တည်းပါ၊ ဒီလောကမှာသွေး
အရင်းဆုံးလူသားနှစ်ယောက်ဟာ ဘဘနဲ့ငါ့မြေးလေးနှစ်
ယောက်တည်းရှိပါတယ်။ ဆိုတာကိုသမီးခံယူပါ . . . ယုံကြည်
ပါနော်”

အဘိုးကြီးမောနေသဖြင့် စကားဆက်ပေးဖို့အတွက်ပင်
ဧည့်ထောက် ခံမပေးရဲ။

“ဒီအိမ်မှာနေကြတဲ့ လူကိုးယောက်လုံးဟာ ငါ့မြေးနဲ့
တော့ သွေးသားတော်ကြမှာပေါ့လေ။ ဘဘနဲ့သာ သူစိမ်းပြင်ပြင်
ကို”

“ဟင်”

“ဒါပေမယ့် ဒီပစ္စည်းတွေပိုင်ဆိုင်သူဟာ ဘဘ၊ ဘဘက
လွဲရင် အမွေဆက်ခံနိုင်သူဟာ ငါ့မြေး။ အဲ . . . ငါ့မြေးက
လွဲရင်တော့ အဲဒီကိုးယောက်ဟာ ဆက်ခံခွင့်ရရှိချင်ကြတဲ့ လူတွေ





ည်းပဲ။ ဒါကြောင့် ဘဘရဲ့အသက်အန္တရာယ်ကို ကြောက်ရွံ့
ရသလို၊ ငါ့မြေးအတွက်လည်း စိုးရိမ်ရတာပဲ။ ဒါကြောင့်
ပေါ်ထပ်က ဘဘနဲ့နီးနီးမှာခေါ်ထားတာ”

ဦးဘအို၏စကားဆုံးတော့ အတွေးက မောရှမ်းမြေ၏
ရွှေလီကမ်း နံဘေးသို့ ပြေးရောက်သွား၏။

ကိုနေဦးနိုင်နှင့် ကိုရဲလွင်တို့အား ရွှေလီကြိုးတံတားကြီး
ကို လိုက်ပို့ခဲ့ကြသည့်နေ့က . . . . .

ကိုနေဦးနိုင် မကြားသာအောင် အနားကပ်၍ ပြောခဲ့
သည့်ကိုရဲလွင်၏ စကားများကို ပြန်လည်ကြားယောင်လာသည်။

“ခင်ဗျား မန္တလေးအိမ်ကို အမြန်ဆုံးသွားသင့်တယ်ဗျာ။
ဟိုမှာ သိပ်ရှုပ်နေကြပြီ . . မခမ်းမိုရဲ့အဘိုးနဲ့ အမြန်ဆုံးတွေ့လိုက်
ပါ”

ဆိုသော စကားများကို ယခုပင်ပြောလိုက်သည်သို့ ပြန်
လည်ကြားယောင်လာမိသည်။ ဟိုစဉ်ကတော့ တလေးတစားဖြင့်
အရေးမထားခဲ့မိ။

လာခါနီးလည်း သတိမရခဲ့။ ကိုကိုနှင့်ပတ်သက်သော
စားမှုဝေဒနာပေါင်းစုံကြောင့် အရာအားလုံးကို မေ့သွားခြင်း
လည်းဖြစ်ပေမည်။

ယခုတော့. . .

ဤဝန်းကျင်သစ်၏လျှို့ဝှက်နက်နဲသော အကြောင်းများ



www.burmeseclassic.com

www.burmeseclassic.com
ဆိဒ်၌ အာရုံမစိုက်၍မဖြစ်တော့။

"ပြောပါဦး ဘဘ၊ သမီး ဘယ်လိုနေရထိုင်ရမလဲ၊ ဘာ တွေလုပ်ပေးရမလဲဟင်။ ဘဘ နေမကောင်းဘူးဆိုတာ ဘာရောဂါလဲ"

"နှလုံးရောဂါပဲ"

"ဟင်"

"ဝေဒနာကျွမ်းနေတဲ့ နှလုံးရောဂါရှင်တစ်ယောက် ရုတ် တရက် သေဆုံးသွားအောင် လုပ်စရာနည်းတွေအများကြီး ရှိတာပေါ့ ငါ့မြေးရယ်"

"ခုဆို သမီးလည်းရောက်လာပါပြီလေ။ သိပ်လည်း အားမငယ်ပါနဲ့ ဘဘရယ်"

ယခုမှ သွေးက တကယ်စကားပြောပါလေပြီ။ အဘိုးကြီး အား ကြင်နာသနားစိတ်၊ စိုးရိမ်ပူပန်စိတ်များဖြင့် "သမီး"ဆိုသော နာမ်စားကိုသုံး၍ လိုအပ်သမျှ ကူညီကာကွယ်တားဆီးပေးချင် သော စေတနာများ ချက်ချင်းပင် ဖြစ်ထွန်းလာမိချေပြီ။

"အနားမှာ ဆရာမလည်း မပြတ်ထားပါတယ်။ ဆရာ လေးက တကယ်တော်ပါတယ်။ ဘဘလေ. . . ငါ့မြေး အကြာကြီးနေမှ လာမယ်ဆိုတော့ အားတောင်လျှော့မိတယ် ဒါပေမယ့် ငါ့မြေးမလေးနဲ့တွေ့ပြီးမှ ငါသေမယ်ဆိုပြီး စိတ် တင်းရင်း ငါ့မြေးအလာကို ဘဘစောင့်နေတာပါ"




"အို . . . ဘဘရယ်"

"ဘဘအတွက် စိတ်မကောင်းမဖြစ်ပါနဲ့ကွယ်၊ အိမ်မှာ ရှိတဲ့ လူကိုးယောက်ဆိုတာကို ဘဘပြောပြမယ်"

"ဖြည်းဖြည်းပြောပါ ဘဘရယ်၊ မောနေပါ့မယ်"

"ရတယ် သမီး . . . ရတယ်"

အဘိုးကြီးက တစ်ဘက်ကို စောင်းသဖြင့် အသာလေး ဝိုင်းရွှေ့ပေးလိုက်ရသည်။

"ဟိုတုန်းက လုပ်ငန်းကလည်းကြီး၊ ပစ္စည်းကရှိတော့ အိမ်မှာ ဘဘနဲ့ ငါ့မြေးရဲ့အဘွားနှစ်ယောက်တည်း မနေရဲကြ တာနဲ့ ဝိုင်းမောင်တို့ကို ခေါ်ထားခဲ့တာ"

"ဝိုင်းမောင်ဆိုတာက"

"သမီး အဘွားမစိန်ခက်ရဲ့ မောင်နှစ်ဝမ်းကွဲတော်တယ်"

"ဪ"

"ဟိုတုန်းကတော့ ရိုးရိုးသားသားပါပဲ။ မစိန်ခက်ဆုံး တော့မှ ဒီအမွေတွေလိုချင်လို့ တစ်စခန်းထလာကြတာ"

"လောဘဆိုတာ ကြောက်စရာကြီးနော်"

"မှန်လိုက်လေ ငါ့မြေးရယ်"

"ကိုးယောက်က ဘယ်သူတွေလဲ"

"ဝိုင်းမောင်တို့ လင်မယားနဲ့အတူ ကလေးနှစ်ယောက် ပါလာတယ်။ ယောက်ျားလေးတွေ။ အခုတော့ အရွယ်ရောက်


www.burmeseclassic.com

www.burmeseclassic.com

လာကြပြီလေ။ တစ်ကောင်က မကောင်းဘူး။ ဆေးစွဲတဲ့ကော
ရယ်၊ အရက်သမားရယ်ဖြစ်နေပြီး အိမ်မှာနေလိုက်၊ မနေလိုက်
လာရင်လည်း ဟိုပစ္စည်းပျောက်၊ ဒီပစ္စည်းပျောက်နဲ့ပဲ"

"ဖြည်းဖြည်းပြောပါ ဘဘရယ်"

"ဘဘ မမောပါဘူးကွယ်၊ အခုလို ပြောချင်နေတ
ကြာပါပြီ။ သမီးကို စောင့်ရတာလည်း တစ်နှစ်နီးပါးတော
ရှိခဲ့ပါပြီ"

"ခုလိုသိရတော့လည်း စိတ်မကောင်းပါဘူး ဘဘရယ်"

"အင်း. . . စိတ်မကောင်းဖြစ်မနေပါနဲ့နော်"

"ဟုတ်ကဲ့. . ရပါတယ်။ ဒါနဲ့ သူတို့မိသားစုက ယေ
ယောက်၊ ကျန်တဲ့ငါးယောက်က ဘယ်သူတွေလဲဟင် ဘဘ"

"စောစောက သမီးကို လာခေါ်တဲ့ အိမ်စေ"ရွှေကြည်
သူ့ကိုလည်း သူတို့သိမ်းသွင်းထားတယ်။ နောက်တစ်ယောက်
တော့ ဘဘရဲ့လူယုံ အောင်ဒင်၊ သူတစ်ယောက်ရှိလို့သာ ဒီ
မကြဲရဲ မစည်ရဲတာပေါ့"

"သမီးတို့လာတုန်းက ခြံတံခါးဖွင့်ပေးတဲ့ မျက်
အမာရွတ်ကြီးနဲ့ လူလား ဘဘ။ ဦးအောင်ဒင်ဆိုတာ"

"ဟုတ်တယ်၊ အဲဒီဒဏ်ရာက ဓားခုတ်ရာလေ။ သူ
ဒီဒဏ်ရာရအောင် ခုတ်တဲ့လူကို သူကလည်း ဓားနဲ့ပြန်ထိုး
ဟိုလူသေသွားတယ်"





"အို"

"ထောင်ခုနစ်နှစ်ကျပြီး ငါးနှစ်ကျော်လောက်နဲ့ ထွက်
လာတာ။ ဘဘ ဆီ သူ ပြန်ရောက်တာပဲ ဆယ်နှစ်ကျော်ပါပြီ"

"သူက အိမ်ထောင်မရှိဘူးနော်"

"မရှိဘူးသမီး"

"အင်း. . . ဦးဝင်းမောင်နဲ့ဇနီးရယ်၊ ဆိုးတေတဲ့သားနှစ်
ယောက်ရယ်၊ မရွှေကြည်နဲ့ဦးအောင်ဒင် ခြောက်ယောက်ရှိသွား
ပြီ။ ကျန်တဲ့သုံးယောက်ကရော ဘဘ"

"အေး . . . တစ်ယောက်က အရေးမဟုတ်ပါဘူး။
ဆယ့်တစ်နှစ် ဆယ့်နှစ်နှစ်ရွယ် ကောင်မလေးပါ။ တောက်တို
မည်ရလေး ခိုင်းရအောင်ခေါ်ထားတာ နာမည်က'စိန်မြိုင်' တဲ့"

"ဟုတ်ကဲ့၊ ဒါဆို သမီးမသိတာ နှစ်ယောက်ပဲရှိတော့
ယ်"

"တစ်ယောက်ကလည်း သမီးသိပြီးသား"

"ဟင် . . . ဘယ်သူလဲ"

"နေဦးနိုင်လေ"

"ဩော် . . သမီးဆီလွှတ်လိုက်တဲ့လူပဲ၊ သူက သမီးတို့
ဘဘမှ မတော်ဘူးဆို"

"ဟုတ်တယ်၊ မတော်ဘူး။ ဒါပေမယ့် ဒီအိမ်မှာပဲ
နေတယ်"



www.burmeseclassic.com

www.burmeseclassic.com

"သြော်. . . သြော်. . ဒါဆို နောက်တစ်ယောက်က ရော ဘယ်သူလဲဘဘ"

"သူ့ဦးလေး"

"ရှင်"

"နေဦးနိုင်ရဲ့ဦးလေး တင်ဌေ . . . တဲ့"

"သူကဘယ်လိုတော်လို့လဲ"

"သူ့အကြောင်းပြောရရင်တော့ ဘဘရဲ့ရာဇဝင် ဟောင်းကိုပါ တူးဖော်ရတော့မယ်ကွယ်"

"မောရင်လည်း မပြောပါနဲ့ဦး ဘဘရယ်"

"ပြောရမယ် သမီး၊ ဒီအကြောင်း မပြောလို့ကိုမဖြစ် တော့ဘူး။ အင်း . . မကောင်းမှုဆိုတာ ဆိတ်ကွယ်ရာမ ဘူးဆိုတာ ဘဘအတွက်ထားခဲ့တဲ့ စကားလိုပါပဲ။ ဘဘ တစ်ချိန် က မိုက်မဲခဲ့တဲ့အပြစ်ဟာ အခု လှလှကြီးခံစားနေရပါပြီ"

"ရှင်"

"သမီးအဘွားကျခဲ့တဲ့မျက်ရည်တွေဟာ ဘဘမသေ အကုန်လုံး ပြီးဆုံးအောင် လောင်မြိုက်ရဦးမှာပါ"

"ဟာ. . . မ. . မငိုပါနဲ့ ဘဘရယ်"

စီးကျလာသော မျက်ရည်များကို တယုတယသုတ်ပေး မိသည်။

"သြော်. . . ငယ်စဉ်တုန်းကတော့ စီးပွားကလည်းတ





ပ်သမျှ လည်းအောင်မြင်နေတော့ ဘာမဆိုငါလုပ်ရင်ဖြစ်ရ ယ်ဆိုတဲ့ မာနစိတ်နဲ့ ကောင်းတာရော မကောင်းတာရော ကုန်လုပ်ခဲ့တယ်။ အလှူအတန်းရက်ရောခဲ့သလို အရက်တွေ ည်းသောက်၊ ဖဲနဲ့ကြံ့လည်းရိုက်ပေါ့၊ သူဌေးဘွဲ့ကြီးခံပြီး ကိုယ့် ိုယ်ကို ဘဝင်မြင့်နေချိန်မှာ သူနဲ့သွားတွေ့တာပါပဲကွယ်"

"သူဆိုတာ ဘယ်သူလဲဟင် ဘဘ"

"သွယ်သွယ်တဲ့"

"သြော် . . မိန်းမလား"

"အေး. . ငါ့မြေးကတော့ ဘာမှနားလည်ရှာမှာ မဟုတ် ဘူး။ ပြောပါရစေတော့ကွယ်။ အပျော်မယားအဖြစ်ထားရာက သွယ်သွယ်က သိပ်လည်တော့ ဘဘလည်း တရားဝင်သဘော ူလိုက်ရတယ်။ သူတို့ရပ်ကွက်ထဲက လူကြီးလေးငါးယောက်နဲ့ အသိအမှတ်ပြုလိုက်ရတယ်ဆိုပါတော့"

ဆုံးသွားသည့်ဖခင်ရင်း ဦးတင်အောင်မင်းရော၊ မွေးစား ခင်ကြီးဦးမြတ်စံတို့ထံမှ ဤစကားမျိုးမကြားဘူးခဲ့သဖြင့် နား ျက်မိသလိုလို။

"အဲဒီကိစ္စကို မစိန်ခက်ဟာ သေတဲ့အထိစိတ်ဆင်းရဲ သွားရှာတယ်။ မျက်ရည်ကျသွားရှာတယ်"

"အဲဒီ ဒေါ်သွယ်သွယ်ဆိုတာရော ရှိသေးလား"

"ရှိတယ်၊ ရှိလို့ပေါ့"



www.burmeseclassic.com

www.burmeseclassic.com

"သူနဲ့ပဲဆက်လက်ပေါင်းသင်းနေထိုင်လို့ရော မဖြစ်ဘူ
လားဟင် ဘဘ"

ဦးဘအိုမှာ မြေးငယ်လေးကို ချစ်မြတ်နိုးစိတ်နှင့်ကြည့်
မိသည်။

ရှမ်းသံဝဲဝဲနှင့် လူကြီးဆန်ဆန်ပြောဆိုနေသော မိန်း
ကလေးပါလား။

"မဖြစ်လို့ပါ သမီးရယ်။ နောက်ပြီး ဘဘကိုယ်တိုင်က
လည်း သူ့ကို ရွံ့ကြောက်ကြီးပါ။ သူနဲ့ ကင်းရှင်းချင်လှပြီ"

"ကင်းရှင်းလို့ မရဘူးလား"

"မရရှိဘယ်ကမလဲ၊ အခု အိမ်ပေါ်မှာ တက်ပြီးနေကြတဲ့
'တင်ငွေ' ဆိုတာက သူ့မောင်အရင်း နေဦးနိုင်ဆိုတာက သူ့တူ
အရင်း"

"ဟင် . . ဒါဆို ဒေါ်သွယ်သွယ်ပါ လာတက်နေချင်လို့
သူတို့ကို အရင်လွှတ်ထားတဲ့သဘောလားဟင် ဘဘ"

"မဟုတ်ဘူး ငါ့မြေး . . သူ ဒီမှာ လာမနေပါဘူး"

"ဟင်"

"ဘယ် လာနေလို့ဖြစ်မလဲ၊ ဘဘနဲ့ မတွေ့ခင်ကတည်း
က သူ့မှာခင်ပွန်းရှိနေသတဲ့"

"အို"

"အဲဒီခင်ပွန်းက ထောင်ကထွက်လာပြီး ဘဘကို သူ





ယားခိုးမှုနဲ့ တရားစွဲမလို့တဲ့ကွယ်၊ သေခါနီး အရှက်တကွဲ
ကျိုးနည်းဖြစ်ရမှာ မကြောက်ဘဲနေပါ့မလားကွယ်"

"ဒုက္ခပါပဲ ဘဘရယ်"

"အေး . . အဲဒီလို အရှက်ကွဲချင်ရင်၊ ထောင်ကျခံ
င်ရင် ငွေတစ်ပြားမှ ပေးဖို့မလိုပါဘူးတဲ့"

"ရှင်"

"တစ်ကယ်လို့ ဒီလိုအဖြစ်မခံနိုင်ဘူးဆိုရင်တော့
ဟာဒီတိုက်နဲ့ အတွင်းပစ္စည်းတွေပေးရမယ်တဲ့ . . ငါ့မြေးရဲ့"

"ဟင် . . ဘဘဥစ္စာကလဲ"

နန်းခမ်းမိုလည်း ဘာမှဆက်ပြီးမပြောတတ်၊ အဘိုးကြီး
ည်း စကားပြောရလွန်းသဖြင့် နွမ်းမောစွာ ငြိမ်ကျသွားရှာပြီ။
ဦးဘအို၏ ဇာတ်ရှုပ်မှာ ဦးဘအိုကိုယ်တိုင် ရှင်းခဲ့ရ
ည့်ကိစ္စပါ။

"ဒါနဲ့များ သမီးကို ဘာလို့ လာခေါ်ခိုင်းတာလဲ။
နောက်ပြီး လွှတ်လိုက်တဲ့လူကလည်း ကိုနေဦးနိုင်။ အဲဒါ သူတို့
က်က လူပဲ"

"တမင်လွှတ်လိုက်တာ"

"အဲဒီ စိတ်ကူးတော့မှားတယ်ထင်တာပဲ"

"နေဦးနိုင်ဟာ လူကောင်း သူကောင်းလေးပါ။ သမီး
ထင်မလွဲပါနဲ့၊ သူက မုံရွာ တစ်ဘက်ကမ်း ဆားလင်းကြီးက၊


www.burmeseclassic.com

www.burmeseclassic.com



မန္တလေးတက္ကသိုလ် လာတက်နေတာ။ မြန်မာစာ နောက်ဆုံးနှ
သူ ဒီကိစ္စတွေ ဘာမှကို မသိရှာဘူး”

“ဟုတ်ပါ့မလား ဘဘရယ်။ သူတို့ချင်းက တူအ
အရင်းဆို”

“ဒီသူငယ်လေး သိပ်စိတ်ကောင်းရှိတယ်။ သူ ဘာမှမ
သေးဘူးဆိုတာ ဘဘ သိပါတယ်”

နန်းခမ်းမို ဘာမှမပြောလိုတော့ပါ။

“ဘဘကလည်း ဟိုးရေစကြိုဘက်က တစ်ကောင်ကြွ
အညာသားပါ။ မစိန်ခက်ဘက်ကလည်း ရင်းရင်းချာချာမရှိကြ
ဘဘတို့မှာ သံယောဇဉ်တွယ်စရာ ဘယ်သူမှမရှိခဲ့ပါဘူးကွယ်
အခု ငါ့မြေးရောက်လာလို့ ဘဘအတိုင်း အဆမရှိအော
ဝမ်းသာနေပါတယ်။ ငါ့မြေးကို နာမည်လွှဲစရာရှိတာလွှဲ
စရာရှိတာပေးပြီးရင် ဘဘသေပျော်ပါပြီ”

“အို . . . ဘဘရယ်”

နန်းခမ်းမိုမှာ စိတ်ညစ်ညူးစွာ ညည်းညူလိုက်ပြီးမှ

“ဒီကို သွားသင့်တယ်လို့ အမေတို့က ပြောလို့လာ
တာပါ။ သမီး ဘာတစ်ခုမှလိုချင်တဲ့စိတ်မရှိပါဘူး။ သမီး ဒီ
လည်း ပျော်မှာမဟုတ်ဘူး။ အိမ်ကို လွမ်းတယ်။ ရှမ်းပြည်န
ပြန်ချင်တယ်”

“ငါ့မြေးလေး မခမ်းမို”





“ရှင် . . ”

“ဘဘ မသေခင် ဒါမှမဟုတ် ကိစ္စတွေ မရှင်းခင်အထိ
တော့ ဒီကမပြန်ပါနဲ့ ငါ့မြေးရယ်။ ဘဘ တောင်းပန်ပါတယ်။
ဘဘ မသိဘဲနဲ့တော့ ထွက်မသွားပါနဲ့ကွယ်”

“မပြေးပါဘူး။ ပြန်ချင်ရင်ပြန်မယ်လို့ ပြောပြန်မှာပေါ့”

“အေး . . အဲဒီ သတ္တိမျိုးတော့ကြိုက်တယ်။ အို . .
တာပဲဖြစ်ဖြစ်၊ ငါ့ မြေးလေးရောက်လာတဲ့အတွက်တော့ ဘဘ
အားရှိလှပါပြီ”

“ဘဘအတွက် သမီး ဘာလုပ်ပေးရမလဲ”

“မလိုဘူး . . . မလိုဘူး . . ၊ ဆရာမလေးက အကုန်
လုပ်ပေးပါတယ်။ အစားအသောက်ကအစ အဆိပ်ခတ်လို့မရ
အောင် ဆရာမတွေ ကျွေးတာပဲစားတယ်”

“မလွယ်ပါလားနော်”

“ငါ့မြေး ညနေကထမင်းစားကောင်းရဲ့လား”

“ဟုတ်ကဲ့ . . . ”

အမှန်တော့ နည်းနည်းမှမစားနိုင်။ ပြောနေလျှင်
ညည်းမည်မို့ ဟုတ်ကဲ့ဖြင့်သာပြီးလိုက်ရသည်။

“ကဲ . . ကဲ . . . ငါ့မြေးလည်း ခရီးပန်းလာတယ်။
နားချင်နားပါတော့ကွယ်”

“ဘဘ သိပ်မောနေသလိုပဲ၊ ရေသောက်မလားဟင်”



www.burmeseclassic.com

www.burmeseclassic.com



"နေပစေ. . နော်ထူးမေ ပြန်လွှတ်လိုက်၊ သမီး. . . ဘာလဲ" အခန်းပြန်နားတော့"

"ဟုတ်ကဲ့ပါဘာဘ"

နန်းခမ်းမို ထွက်လာချိန်မှာ တိုက်ရှေ့ဝရန်တာ၌ ထိုင်နေသော နော်ထူးမေကို ဘာဘအခန်း၌ ပြန်လည်စောင့်ပါရန် ပြောကြားပြီး အခန်းတွင်းဝင်လာခဲ့ရသည်။

"ငါ သွားတုန်းက မီးသေသေချာချာဖွင့်ထားခဲ့တာပါ ဘာလို့ မှောင်နေပါလိမ့်"

မီးခလုတ်ကိုစမ်းပြီး ဖွင့်လိုက်တော့လည်း မီးက ကောင်း မွန်စွာပွင့်လာသည်။ မီးကျွမ်းနေခြင်းမဟုတ်။

အခန်းတံခါးကို အသေအချာပိတ်ပြီး ညဝတ်အင်္ကျီ ဘလောက်(စ)အပါးလေးနှင့်လဲလှယ်ရန် သေတ္တာကိုဖွင့်ရသည်။ သေတ္တာက သည်အခန်းသို့ ဝင်ပြီးကတည်းက ဖွင့်ပြီးသား အဝတ်အစားမှလွဲ၍ ဘာပစ္စည်းမှလည်း အဖိုးတန်မပါ၍ သော့ ကိုပြန်ခတ်မထားခဲ့မိ။

"ပူလိုက်တာနော်၊ ရှမ်းပြည်နယ်သူတစ်ယောက် မန္တလေးရောက်လာတာ ငါးတစ်ကောင်သောင်ပေါ်တင်ထားတဲ့ အတိုင်းပါလား"

စိတ်မှ ညည်းတွားရင်း သေတ္တာကို လှန်တော့ . . .

"အို . . ဒါတွေက ဘာကြောင့် အပေါ်ရောက်နေ





ဆွယ်တာများနှင့် အိမ်ရှန်အင်္ကျီများထည့်ထားသော အထုပ်အောက်မှာ ထည့်လာသောဒိုင်ယာရီတစ်အုပ်၊ ဓာတ်ပုံအယ်လ်ဘမ် အသေးလေး တစ်အုပ်နှင့် ကိုကို့ဓာတ်ပုံသုံးပုံ။

ငါ အသေအချာအောက်မှာထည့်လာတာ လုံးဝထုတ် မကြည့်သေးဘူး။ ဒါဆို. . .

နန်းခမ်းမို အတွေးမဆက်မီ ရင်တို့ဒိတ်ဒိတ်ခုန်လာ သည်။

တစ်စုံတစ်ယောက်သည် နန်းခမ်းမို၏အခန်းကို ဝင်ရောက်မွှေနှောက်သွားခဲ့ချေပြီတကား။

လှေကားမှာ အပြေးဆင်းလာပြီး မောင်မောင့်အခန်းရှေ့ မှာရပ်မိတော့. . .

"စောစောကလေးကပဲ အစ်ကိုနေဦးနိုင် ပြန်ရောက် လာလို့ ကိုစိုင်းမောင်မောင်နဲ့တူတူ ညဈေးတန်းသွားပါတယ်။ မမမို့မိုမေးရင် ပြောလိုက်ပါလို့လဲ မှာသွားပါတယ်"

အိမ်ဖော်မလေး မစိန်မြိုင်၏စကားကြောင့် အားလျော့ စွာအပေါ်ထပ်သို့ ပြန်တက်လာရသည်။

အမျိုးသားကြီးတစ်ယောက်က သတင်းစာဖတ်ဟန် ပြုပြီး အကဲခတ်သလိုကြည့်နေသည်။

ဦးတင်ဌွေဆိုတာပဲဖြစ်မည်ထင်ပါရဲ့။



www.burmeseclassic.com

www.burmeseclassic.com



လှေကားတဆစ်ချိုးကွေ့အရောက်မှာ မိုးပေါ်
ကျလာသလို ဘွားကနဲပေါ်လာသော သူ။ မျက်နှာမှာ ဓားခုတ်
ရာ အမာရွတ်ကြီးနှင့်ဦးအောင်ဒင်။

"ဘာကိစ္စရှိလို့လဲ မိန်းကလေး"

"ရှင်. . ဟို. . . မောင် . . . မောင်မောင့်ဆီလာတာပါ"

"ဘာကိစ္စရှိသလဲလို့"

"မ. . မရှိပါဘူး၊ ကျွန်မ မောင်လေးနဲ့တွေ့ချင်လို့ပါ"

"ပြန်လာတော့ လွှတ်လိုက်မယ်လေ"

"ဟုတ်. . ဟုတ်ကဲ့"

"အန္တရာယ်ကြုံရင် ကျုပ်ကိုခေါ်လိုက်၊ ကျုပ် ဒီအခန်းမှာ
ရှိမယ်. . . ကြားလား"

"ဟုတ်. . . ဟုတ်ကဲ့ရှင်"

"အေး. . . သွားတော့"

ဘီလူးသဘက်စားမည့်ဘေးမှ လွတ်လာရသူလို စိတ်
ပေါ့ပါးသွားတော့သည်။

"အမယ်လေး. . ဘဘရဲ့ လူယုံဆိုတဲ့လူကြီးကလည်း
ကြောက်စရာပါလား. . ."

"သူလည်း အပေါ်ထပ်က ဘုရားခန်းဘေးမှာ နေသ
တဲ့"

"စောစောက ငါ့အခန်းထဲကိုဝင်ပြီး မွှေနှောက်ရှာဖွေ





သွားတဲ့သူဟာ ဦးအောင်ဒင်ကိုယ်တိုင်များလား. . ."

"သူ့ အပြောကလည်း အန္တရာယ်ကြုံရင်တဲ့. . "

"အို. . ဒီအိမ်ကြီးကို လာရတာကိုက ကျက်သရေမရှိသ
လိုပဲ၊ ရှေ့မှာလည်း အန္တရာယ်ဟာ ငါ့ကိုစောင့်နေသလိုပဲ၊ စိတ်
တွေ ချောက်ချားလိုက်တာ"

"ကြည့်ပါဦး၊ မောင်မောင်ကတော့ လည်လိုက်တာ ငါ
တောင် သတိမရဘူး. . ."

"ကိုကိုသာဆို ဒီလိုနေရက်မှာမဟုတ်ဘူး"

"ငါ့တစ်သက်လုံး ငါ့ အရိပ်ကိုကြည့်ပြီး ဂရုစိုက်လာတဲ့
ကိုကို"

"အခုတစ်ခါကျတာမှ ကိုကိုရယ်. . ခမ်းမိုဆိုတဲ့
ညီမလေးကို ဘာလို့များ ဥပေက္ခာပြုလိုက်ရပါသလဲရှင်"

✦



www.burmeseclassic.com

www.burmeseclassic.com



အခန်း(၁၇)

"မမ"

ခေါ်သံကြောင့် လှည့်ကြည့်လိုက်တော့ ဆယ့်လေးနှစ် ဆယ့်ငါးနှစ်ခန့်ရှိ ကောင်လေးတစ်ဦး။

"ဘယ်သူ့ကိုခေါ်တာလဲ"

"မမကိုဗျ"

"ဩော် . . ငါ့မောင်က မမကို သိလို့လား"

"မမ နန်းခမ်းမိုဆိုတာ ကျွန်တော့်အစ်မတဲ့ဗျ"

"ဟင် . . "

"ကြီးဒေါ်မရွှေကြည်ကပြောတယ်ဗျ၊ မင်းသူတဲ့ . . နန်းခမ်းမိုဆိုတာ နင်နဲ့မောင်နှမတော်တယ်တဲ့"

"မမနဲ့မောင်မင်းသူနဲ့မောင်နှမတဲ့လား . . ဟုတ်လား"

"ဟုတ်တယ်ဗျ"





"မောင်လေးကရော ဘဘဦးဘအိုရဲ့မြေးပဲလားဟင်"

"ဘယ်က ဟုတ်ရမှာလဲဗျာ၊ ဒီအဘိုးကြီးကို ကျွန်တော် တစ်သက် မခေါ်ကြဘူး"

"ဟင် . . ဘယ် . . ဘယ်လို"

"ကျွန်တော်က ဦးဘအိုရဲ့မြေးမဟုတ်ဘူး။ ဦးဖိုးမှတ် မြေးဗျ"

"ဦးဖိုးမှတ်"

မကြားဖူးသောအမည်မို့ ရွတ်ဆိုကြည့်သည်။

မယုံရဲ၍ ကောင်လေးကို ပြန်ကြည့်လိုက်တော့ မောင်မင်းသူက နန်းခမ်းမို၏ မျက်ဝန်းရိပ်မှ သံသယကို သူ ဖတ်ရှုတွေ့ရှိသွားပြီထင်သည်။

"ကျွန်တော့် အဘိုးက ဦးဖိုးမှတ်လေ။ ဟိုတုန်းက ဒီ တိုက်ကြီးမှာ ဖိနပ်ချုပ်ရတယ်တဲ့။ ကျွန်တော့် အမေ ဒေါ်အေးပွင့် ရဲ့ အစ်မရဲ့အဖေ ဦးတင်အောင်မင်းနဲ့ မောင်နှမအရင်းတဲ့ဗျ"

"ဟယ်"

မောင်မင်းသူ၏လက်မောင်းကို ဆုပ်ညှစ်ကိုင်တွယ်ထား လိုက်သည်။

တစ်ဘက်သောမျိုးဆက်ကို လုံးဝမတွေးမိခဲ့။

ဟုတ်တာပေါ့၊ အမေ့အမျိုး အဘိုးရှိသလို၊ အဖေ့အမျိုး တွေလည်း ရှိရဦးမှာပေါ့။ ဘာကြောင့်များ ဒီအတွေးမျိုး မတွေး



www.burmeseclassic.com

www.burmeseclassic.com

ခဲ့မိပါလိမ့်။

"မောင်လေးရယ် မမ ဝမ်းသာလိုက်တာ၊ မမတို့ ... မောင်လေးတို့ရဲ့ အဘိုးဦးဖိုးမှတ်ဆိုတာရောရှိလားဟင်. . ."

"ဆုံးပြီဗျ"

"အို. . . ဆုံးတာကြာပြီလား"

"ကျွန်တော် ငယ်ငယ်လေးတည်းက"

"မမအဖေ ဦးတင်အောင်မင်းရယ်၊ ဒေါ်အေးပွင့်ရယ် ... နောက် မောင် နှမအရင်း ရှိသေးလားဟင်"

"အဲဒီနှစ်ယောက်ပဲဗျ"

ဗျနှင့်ချည်း အဆုံးသတ်နေသော မောင်မင်းသူကို ... ပြုံးရွှင်စွာကြည့်ပြီး. . .

"ဒါဆို မမရဲ့ အဒေါ်အရင်းဖြစ်တဲ့ ဒေါ်အေးပွင့်နဲ့ တွေ့ ... ရအောင် မမ လိုက်ခဲ့ပါ့မယ်၊ မောင်လေးတို့က ဘယ်မှာနေ ... ကြလဲဟင်"

"ဒီတစ်ခြံကျော်က အငြိမ့်ထောင်ဆရာဦးလူသာ ပိုင် ... ထဲမှာ"

"မောင်လေး ခဏနေဦး၊ အိမ်ထဲမှာ မှာခဲ့ပြီး၊ မမ ... တစ်ခါတည်း လိုက်ခဲ့မယ်နော်"

"မမ"

"ဟင်"





"ကျွန်တော့်. . ကျွန်တော့် အမေဆုံးပြီဗျ၊ အခု မိထွေး ... နေရတာ"

"ဟယ် . . . "

တက်နေသော စိတ်အားမာန်တို့သည် အလျင်ပြင်းစွာ ... ဆင်း၏။

"မိထွေးနဲ့အဖေက ကလေးနှစ်ယောက် ရနေပြီဗျ"

"မောင်လေးတို့ ညီအစ်ကိုမောင်နှမအရင်း ဘယ်နှစ် ... ယောက် ကျန်ခဲ့လဲ"

"ကျွန်တော် တစ်ယောက်တည်း"

"အို . . . "

"မိထွေးကလည်း ကျွန်တော့်ကိုမုန်း၊ အဖေကလည်း ... ရွှင်ရိုက်နဲ့ မျက်နှာကောင်းကို မရပါဘူးဗျာ၊ ဒါနဲ့ ဒီအိမ်မှာ ... မင်းချက်တဲ့ကြီးဒေါ်မရွှေကြည်က နင့်အစ်မလှလှလေး ... မ်းပြည်နယ်က ရောက်နေတယ်။ သူက ဒီအမွေတွေရမယ့် ... သူဌေးမလေးတဲ့၊ ကျွန်တော်လည်း ပျော်သွားတယ်ဗျ၊ အဲဒါနဲ့ ... က်ချင်း မမဆီ ပြေးလာတာ"

ကလေးဆိုတော့ တောက်လျှောက်ပြောချနေသည်။

"အမွေရမယ့် သူဌေးမ"ဆိုသည်ကို သူ သဘောပေါက် ... မျော်လင့်ချက်နှင့် စကားပြောနေခြင်းမဟုတ်ပါ။ သူ့မျက်နှာ ... လေးမှာ အပြစ်ကင်းစွာဖြင့် ဝမ်းသာကြည်နူးနေရှာသည်။



www.burmeseclassic.com

www.burmeseclassic.com

"ငါ့ရဲ့ အရင်းနှီးဆုံး မျိုးဆက်သွေးပါလား"

ဆိုသော အသိနှင့် မောင်မင်းသူကို ကြည့်မိသည်။

တိုက်ကြီးပေါ်မှ အဘိုးဦးဘအိုနှင့် မောင်မင်း သည်သာ နန်းခမ်းမိုအတွက် အရင်းနှီးဆုံးသောသွေး၊ သူတို့ တစ်ပါးလည်း သွေးသားရင်းချာ မရှိတော့ပါ။

"လာ . . ထိုင်ဦး မောင်လေး"

ခြံထောင့်တစ်နေရာမှ ခုံတန်းလျားလေးမှာ ထိုင်ပြီ မောင်နှမနှစ်ယောက် ချစ်ခင်ရင်းနှီးစွာ စကားပြောနေကြ မှာ . .

"မိုမို . . . နင်ပျောက်လို့ ငါ လိုက်ရှာနေတာ"

"ဘယ်တွေ လျှောက်သွားနေတာ မောင်မောင်ရယ်"

"အနံ့အပျံ့ပဲ၊ မန္တလေးရောက် ရှမ်းတစ်ယော ရဲ့အဖြစ်ဟာ လွယ်ပါတယ်"

စိုင်းထီးဆိုင်က မလွယ်ကြောင်း တေးဆိုသည်ကို သူ ဟာသနှင့် ချေဖျက်၏။

"ဒီချာတိတ်က ဘယ်ကလဲ"

"ဩော် . . ဟိုဘက် ခြံကပါ၊ ငါ ပျင်းလို့ ခေါ်စကားပြေ နေတာ၊ ကဲ . . မောင်လေး ပြန်လိုက်ဦး၊ ညနေကျတော့မှ တ ခေါက်လာခဲ့ . . ဟုတ်လား"

"ဟုတ်ကဲ့ . . . "





မောင်မင်းသူက နာခံစွာပြန်သွားရှာသည်။

မောင်မောင့်ကိုတော့ ပြောရမည်။ သို့သော်လည်း ဦးနိုင်ပါ မောင်မောင့်နောက်မှာ ပါရှိလာ၍ မောင်မင်းသူ၏ တ်လမ်းကို မသိစေချင်သေး။

"ထမင်းစားပြီး မန္တလေးတောင် တက်ကြမလို့၊ မခမ်းမို ိုက်ခဲ့ပါလားဟင်"

"ကျေးဇူးတင်ပါတယ် ကိုနေဦးနိုင်၊ ခမ်းမိုမလိုက်ချင်ဘူး"

"မန္တလေးမှ မရောက်ဘူးတာဗျာ . . မန္တလေးရဲ့ အလှ ပတွေလည်း ခံစားစမ်းပါဦး"

"နောက် ကြုံဦးမှာပါ"

"မောရှမ်းမြေရဲ့ အလှကို မမီပေမယ့် အညာရဲ့ ပသာဒ လည်း မခမ်းမိုကို အမြင်ဆန်းသစ်စေမှာပါ"

မြန်မာစာအမိက ကျောင်းသားမို့ထင်ပါရဲ့ စကားလုံး လေးတွေကို တန်ဆာဆင်တတ်၏။

"နင် လိုက်ခဲ့ပါဟ မိုမိုရ"

"မလိုက်ချင်ပါဘူးဆို"

"ကဲဗျာ . . သူ မလိုက်ချင်လည်းနေပါစေ ကိုမောင်မောင် ျွန်တော်တို့လည်း နောက်နေ့မှပဲ သွားကြတာပေါ့"

"မန္တလေးတောင် မသွားရလည်း တစ်နေရာရာတော့ သွားကြမယ်ဗျာ၊ ဒီတိုက်ကြီးပေါ်မှာတော့ မနေပါရစေနဲ့"



www.burmeseclassic.com

www.burmeseclassic.com

"မောင်မောင် . . နင်က ဧည့်သည်ဆိုပြီး အခွင့်အရေး
ယူမနေနဲ့၊ ကိုနေဦးနိုင် အားလား၊ မအားလားမသိ"

"အားပါတယ်ဗျာ . . ။ကျောင်းပိတ်ထားတာပဲ
ကျွန်တော် နမ့်ခမ်းလာတုန်းက ကိုမောင်မောင်တို့ တအား
ဂရုစိုက်ခဲ့ကြတာပဲ၊ ဒီရောက်တဲ့အခါ ကျွန်တော့်ကို ပြန်ခိုင်းကြ
စမ်းပါ"

"မိုမို"

"ဘာလဲ"

"နင့်ရုပ် နင် မှန်ထဲ ပြန်ကြည့်စမ်း"

"ငါက ဘာဖြစ်နေလို့လဲ"

"အလွမ်းသည်မရုပ်ပေါက်နေပြီ"

"အောင်မယ် . . ကြည့်စမ်း၊ ဒါ နင်ပြောရမယ့် စကား
လား၊ နင် ငါ့ကို ဘာမှပြောစရာမလိုဘူး"

နေဦးနိုင်ရှေ့မှာမို့ နန်းခမ်းမို ဒေါသထွက်ထွက်နှင့်
စွတ်ဟောက်ပစ်လိုက်မိသည်။

မောင်မောင့်မျက်နှာက တပတ်မညိုး၊ နန်းခမ်းမိုနှ
ထိမတတ် နားနားကပ်ပြီး . . .

"နင့်ရင်ထဲက မြည်နေတာ ငါကြားရတယ် . . ကိုကို
ရေ . . ကိုကိုတဲ့ . . "

"သွား . . သွား . . ခွေးမောင်မောင်"





"အာ . . အဟား . . ဟား"

လက်နှစ်ဖက် အပေါ်မြှောက်ပြီး ဟန်ပါပါကွေ့
ဖက်လျက် နန်းခမ်းမို၏လက်သီးများကို ရှောင်ရှားပြီး . . .

"ရေဆာလွန်းလို့ ရေသွားသောက်လိုက်ဦးမယ်၊ အာပါး
ကယ်ပူတဲ့ မန္တလေး"

ပြောပြောပြေးပြေးနှင့် တိုက်တွင်းဝင်သွားသော
မောင်မောင့်ကို ကြည့်ပြီး နေဦးနိုင်က ရယ်မောရင်း . . .

"ကိုစိုင်းမောင်မောင်က တကယ်ပျော်တတ်တယ်နော်။
ခင်ဖို့ကောင်းတာပဲ"

"ထိုင်ပါ ကိုနေဦးနိုင်"

သူနှင့်လည်း စကားပြောချင်စရာရှိ၍ ဖိတ်ခေါ်လိုက်
သည်။

"ဒါနဲ့ ခမ်းမိုတို့ နမ့်ခမ်းကိုပါလာတဲ့ ကိုရဲလွင် တစ်
ယောက်ရောဟင်"

"သူ ရန်ကုန် ခဏဆင်းသွားတယ်၊ သန်ဘက်ခါလောက်
ပြန်ရောက် ပါလိမ့်မယ်။ သူကလည်း မခမ်းမိုတို့ ရောက်နေ
တယ်ဆိုတာသိရင် ဝမ်းသာမှာပါ"

"ဟုတ်တယ်၊ ခမ်းမိုလည်း တွေ့ချင်နေတာ"

"လာမှာပါ၊ ရောက်ရောက်ချင်း ကျွန်တော်ခေါ်လာ
မယ်"


www.burmeseclassic.com

www.burmeseclassic.com

ကိုနေဦးနိုင်ကတော့ နန်းခမ်းမို၏စိတ်ရင်းကို မသိရှ ရွှေလီမြစ်ကမ်း နံဘေးမှာ သတိပေးစကား ပြောကြားခဲ့သူ ထပ်မံဆက်သွယ်ချင်၍ပါ။

"ဘဘဦးဘအိုကတော့ ဘာမဆိုခိုင်းစရာရှိရင်လည် ကျွန်တော့်ပဲ ခိုင်းပါတယ်၊ နေခွင့်ပေးထားလို့လည်း ကျေး တင်လှပါတယ်။ မခမ်းမိုကိုလည်း ကျွန်တော် တဆက်တည် ခွင့်တောင်းရပါဦးမယ်"

"ဘာကိုလဲရှင်"

"ကျွန်တော် ကျောင်းပြီးတဲ့အထိ ဒီမှာ ဆက်ပြီးနေခွ ပေးထားပါဦး လို့ . . . "

"အို . . ဒါ ခမ်းမိုကို ခွင့်တောင်းစရာကိစ္စမှမဟုတ်တာ

"ဟုတ်တာပေါ့၊ ဒီတိုက်ရဲ့ ဒုတိယပိုင်ရှင်ဟာ မခမ်းမို

"ကိုနေဦးနိုင်"

"ပြောပါ မခမ်းမို"

"ဒီတိုက်ကြီးကို မက်မောလွန်းလို့ ကျွန်မ အခုလိုလ နေတယ်လို့ ထင်လို့လားဟင်"

"ဟာ မထင်ပါဘူးဗျာ၊ ကျွန်တော့်စကားမှား ခွင့်လွှတ်ပါ မခမ်းမိုရယ်၊ မခမ်းမို ဒီကို မလာချင်ဘူးဆို နမ့်ခမ်းရောက်ခဲ့တဲ့ ကျွန်တော်က အသိဆုံးပါဗျာ"

"ခမ်းမိုတို့ရဲ့ ရွှေလီချိုင့်ဝှမ်းကိုဘဲ လွမ်းတယ်ရှ





ညာမြေနဲ့လည်း အထာကျမှာမဟုတ်ပါဘူး။ နောက်ပြီး ဒီ တိုက်ကြီးမှာလည်း မနေချင်တာအမှန်ပဲ"

နန်းခမ်းမို၏ မျက်ဝန်းဖြူလေး အရောင်ပြောင်းသွားပြီ။ က်ဝန်းနီပေါ်မှာ မျက်ရည်ကြည်တွေ စို့လာ၏။

မျက်ရည်မကျဖြစ်အောင် ပင်ပန်းကြီးစွာ ထိန်းနေရရှာ ကြောင်း မြင်တွေ့နေရသော နေဦးနိုင်၏ရင်မှာ နန်းခမ်းမိုထက် ယ်ဆသာအောင် ပင်ပန်းရပါပြီ။

ဤမိန်းမလှ၏မျက်ရည်ကို မကြည့်ရက်နိုင်။ သနား ငြင်နာရခြင်းဝေဒနာက နှလုံးအိမ်ပေါ်မှာ အတိုင်းအဆမရှိ အောင် ပြန့်ကျယ်လွှမ်းမိုးလာ၏။

"သိပ်လည်း စိတ်ဆင်းရဲမခံပါနဲ့ဗျာ၊ ကျွန်တော့်ကိုလည်း ာမဆို တိုင်ပင်နိုင်ပါတယ်။ ဟုတ်ပါတယ်လေ . . ကျွန်တော် ် ယောက်ျားလေးတောင် ဒီအိမ်ကြီးမှာ အောင့်အည်းနေရတာ၊ တ်ပျက်လှပါပြီ"

"ဟင် . . . ကိုနေဦးနိုင်လည်း စိတ်ညစ်တာပဲလား"

"ညစ်ပြီလားဗျာ၊ ပညာရေးအတွက်မို့သာနေရတာ၊ န်တော့် မိဘတွေက ဆင်းရဲပါတယ်။ အဆောင်ကြေး မတတ် ်ကြပါဘူး"

"ဪ"

ထင်ခဲ့သည်နှင့် တွေ့ရသည်ကတော့ ခြားနားပြီလာ



www.burmeseclassic.com

www.burmeseclassic.com



ပြီ။

"ကျွန်တော့်ဦးလေးကလည်း သူ့မှာ အဖော်မရှိလို့ဆို
ခေါ်ထားလို့ပါ"

"ဦးတင်ငွေအတွက် အဖော်များတော့ ကောင်းတာ
လေ၊ တူအရင်းတစ်ယောက် လာနေတယ်ဆိုတော့ သူ့အတွ
ဟန်ကျတာပေါ့"

ဘဘဘက်က ခံပြင်းစွာချေပနေသော စကားမျ
ဆိုဖြစ်တော့ . . .

"သူ့ တူအရင်း . . ဟုတ်လား။ ကျွန်တော်နဲ့ဦးတင်
နဲ့က ဘာမှမတော်ဘူးလေ"

"အို . . . ဒါနဲ့ တူအရီးဆို"

"ဘယ်သူကပြောလဲ"

"ဘဘ ဦးဘအိုကိုယ်တိုင်"

"ဩော် . . ဟုတ်မယ် . . ဟုတ်မယ်၊ သူ့တူအရင်း
လို့ပဲပြောပါလို့ ဦးတင်ငွေက တောင်းပန်ထားလို့ဖြစ်မှာပါ"

"ဒါဆို ဘာမှမတော်ဘူးလား"

"ဒီလို . . မခမ်းမိုရယ်၊ ကျွန်တော့် မိဘများက ဟိုတု
က ချောင်လည်ကြတော့ မိသားစုများပြီး ဆင်းရဲတဲ့ ဦးတင်
တို့မိသားစုထဲက ဦးတင်ငွေကို ခေါ်ယူပြီး မွေးစားခဲ့ဖူးတယ်

"ဩော်"





"နောက်တော့လည်း သူ ခွဲထွက်သွားပြီး အိမ်ထောင်ကျတယ်တဲ့ . . အဲ . . အခုတော့ အိမ်ထောင်လည်းကွဲ၊ စီးပွားလည်းပျက်တော့ သူ့အစ်မ ဒေါ်သွယ်သွယ်ရဲ့ညွှန်ကြားချက်အရ ဒီအိမ်မှာ လာနေတာပါ။ ဒီကိစ္စတွေ မခမ်းမိုလည်း သိသင့်သလောက် သိပြီးရောပေါ့"

နန်းခမ်းမို ငြိမ်နေလိုက်သည်။ စောစောဆီက ထိုးနှက်ခဲ့သော စကားလုံးများအတွက်ပင် မျက်နှာပူချင်သလိုလို အားတုံ့အားနာ။

"ကျွန်တော် မန္တလေးတက္ကသိုလ်ရောက်လာတယ်။ အဆောင်က တစ်နှစ်ကျလို့ ထွက်ရပါတယ်။ အပြင်ဆောင်လည်းမတတ်နိုင်လို့ ရွာကိုပြန်ရတော့မလို ဖြစ်နေချိန်မှာ ဦးလေးဦးတင်ငွေနဲ့ ပြန်တွေ့ပြီး ဒီအိမ်ရောက်လာတာပါခင်ဗျာ"

နန်းခမ်းမို သူ့ကိုသာ ကြည့်နေမိသည်။ ဘာစကားမှ မပြန်ကြားမိ။ ပြောစရာလည်း ကုန်လောက်ပြီထင်သည်။

"ကျွန်တော် တစ်ခုကြိုတင် တောင်းပန်ထားချင်ပါတယ်"

"ပြောပါ . . . ကိုနေဦးနိုင်"

"ဘဘဦးဘအိုရယ်၊ ဦးတင်ငွေရယ်၊ ဒေါ်သွယ်သွယ်ရယ်၊ အဲဒီသုံးဦးကိစ္စထဲမှာ ကျွန်တော်လုံးဝမပါဝင်ပါဘူး။ ဒီအကြောင်းတွေလည်း ဘာမှမသိခဲ့ပါဘူး။ ဒီအိမ်ရောက်ပြီးမှသာ



www.burmeseclassic.com

www.burmeseclassic.com

ဦးလေးဝိုင်းတို့က ပြောကြ၊ မရွှေကြည်က စပ်စု စကားပြော ကြနဲ့မှ သိလာရတာပါ”

“ခမ်းမို သံသယရှိနေတယ်လို့လည်း မထင်ပါနဲ့နော် ကိုနေဦးနိုင်”

“မထင်ပါဘူးဗျာ၊ ကျွန်တော်ပေါ်မှာ သံသယရှိရင်လည်း ပြောပါစေလို့ပဲ ကျွန်တော်ဆုတောင်းပါတယ်။ ကျွန်တော်ဟာ ဒီအိမ်၊ ဒီကိစ္စ၊ ဒီက လူတွေနဲ့ ဘာမှမပတ်သက်တဲ့ သီးသန့် လူပါဆိုတာ မခမ်းမို ယုံကြည်စွာ လက်ခံပါဗျာ”

“ကောင်းပါပြီ ကိုနေဦးနိုင်၊ ခမ်းမို ယုံပါတယ်ရှင်၊ ခမ်းမို ရဲ့ စကားထဲမှာ ကိုနေဦးနိုင်အတွက် ထိခိုက်စရာပါသွားခဲ့ ရင်လည်း ခွင့်လွှတ်ပေးပါနော်”

“ရပါတယ်ဗျာ၊ တောင်းပန်နေစရာတောင်မလိုပါဘူး မခမ်းမိုရယ်”

“ကျေးဇူးတင်ပါတယ်၊ ခမ်းမို အိမ်ထဲဝင်လိုက်ဦးမယ် နော်”

“ဟုတ်ကဲ့ခင်ဗျ”

သံသယများစွာကို နေဦးနိုင်၏ခြေရင်းမှာ ချထားခဲ့ပြီး နန်းခမ်းမို နှုတ်ဆက်လျက်ထွက်လာခဲ့တော့သည်။

နောက်ကျောပိုင်းလေးကို နေဦးနိုင်ငေးကြည့်ရင်း ကျန်ရစ်၏။





သည်မျှ အသားအရည်လှသော မိန်းကလေးမျိုးကို ဦးနိုင်မမြင် ဖူးသေး။

မျက်ခုံး၊မျက်လုံး၊နှာတံ၊ နှုတ်ခမ်းလေးများကို တစ်စစီ တ်ယူပြီး ပြိုင် ကြည့်စေဦး . . နန်းခမ်းမို၏အလှကို မီနိုင်သူ းတက္ကသိုလ်ဝန်းကျင်မှာ မတွေ့နိုင်ပါ။

နမ့်ခမ်းမြို့မှာ တွေ့ရစဉ်ကပင် လှလွန်းသော နန်ခမ်းမို အလှနန်းမြေမှာ ခစားချင်စိတ်ဝင်မိသည်။

ဤအတုမဲ့အလှရှင်မထံ အခစားဝင်လိုစိတ်ကို သိမ်နုပ် ည်ဟု မထင်ပါ။

အလှတရားသာမက၊ ဖြူစင်မြင့်မြတ်လှသော စိတ်ထား ်မို့လည်း ကိုးကွယ်ထားချင်သောက်အောင် မြတ်နိုးမိသည်။

ဤမိန်းမလှသာ လိုအပ်မည်ဆိုပါလျှင် သူ့ဒနွှာ၊ အသွေးအသား၊ သူ့နှလုံးသားကို ပူဇော်ဝံ့လောက်အောင် ရင့်ပါသည်။

သို့ပေမယ် . . .

သို့ပေမယ့်ကွယ် . . .

နန်းခမ်းမိုဆိုသော မောရှမ်းမြေဖွားမြန်မာလေး၏ လှနှင့်ကြွယ်ဝမှု အရှိန်အဝါဂုဏ်သတင်းတို့သည်. . .

သူလို ဆင်းရဲသားမြန်မာစာ ကျောင်းသားလေးတစ် ယာက်အတွက် ဝေးကွာမြင့်မားလှပါကြောင်း. . .


www.burmeseclassic.com

www.burmeseclassic.com



နေဦးနိုင် ကိုယ်တိုင်သိရှိခံယူထားပြီးသားပါ။

✦





## အခန်း(၁၈)

သူတို့ကသာ ကိုယ့်ကိုလေ့လာချင်နေကြသည်။ ကိုယ်ကတော့ လေ့လည်းမလေ့လာချင်။ သိလည်း မသိချင်။ နောက်ဆုံး . စကားပင် မပြောချင်၍ ထမင်းကိုသာ ငုံ့စားနေရသည်။

"မမြသိန်း လက်ရာစားမှ စားနိုင်ရဲ့လား မသိဘူး။ ရှုတ်သီးစပ်လား"

"မစပ်ပါဘူးရှင်"

"စားကောင်းရဲ့လား"

"ကောင်းပါတယ်ရှင့်"

ပြောသာပြောရသည်။ မြန်မာဟင်းလျာကို သိပ်ပြီး ခံတွင်းမတွေ့လှ။

ထမင်းဝိုင်းတွင် ထာဝရပါနေကျ မုန့်ညင်းချဉ်ကိုလည်း တမ်းတမိသည်။ နံနက်အိပ်ရာထချိန်၌ ရှမ်းခေါက်ဆွဲတစ်ပွဲကို မုန့်ညင်းချဉ်နိုင်နိုင်နှင့် စားချင် လှသော်လည်း စားနေရသည်က



www.burmeseclassic.com

www.burmeseclassic.com


မန္တလေးထိုးမုန့်၊ လမုန့်၊ ချိုအီအီများနှင့် ကော်ဖီ။ မနက်စာက မဝ၊ ထမင်းစားရတာလည်း အထာမကျ၊ ဟိုခလေ့ ဟိုဒေသ အရ အမေသင်ပေးခဲ့သော တူနှင့်သာ စားချင်သည်။ လက်နှင့် စားကျင့်မရှိ။ ဆီရွှဲရွှဲဟင်းကို လက်နှင့်ကိုင်စားရသည်ကိုပင် ရွံသလိုလို။

မန္တလေးမြို့မှ မြန်မာထမင်းဝိုင်းတွင် မြန်မာ ပန်းကန်ပြား ကို တူနှင့်ယူ၍ စား၍လည်းမဖြစ်။

"ထမင်းထည့်ဦးလေ မခမ်းမို"

"ဝပါပြီ"

ပထမဆုံးတွေ့စကထက် ဒေါ်မြသိန်း၏ မျက်နှာမှာ မျှားစွာချိုသာနေပေသည်။

"သြော်. . မတော်နဲ့ဦး၊ ဒီမှာ သရက်သီးမှည့်လေး စားပါဦး"

သရက်သီးမှည့်စိတ်ပြီးသား ပန်းကန်ကို ထိုးပေးနေ၍ ဆီပေလက်နှင့်ပင် နှိုက်စားလိုက်ရသည်။ ပန်းကန်၌ ဇွန်းတပ် မထား။

"မမြသိန်း. . . သရက်သီးစိတ်ပန်းကန်မှာ ခက်ရင်း တပ်ပေးရတယ်ကွ"

"သြော် . . နေပါစေ၊ ခမ်းမို ဝပါပြီရှင်"

"အဲဒါသာကြည့်တော့ တူမလေးရေ. . ဦးလေးဇနီး



ကတော့ ရိုးတယ်. . အတယ်ကွယ်"

"ရိုးတာ ကောင်းပါတယ်လေ"

နန်းခမ်းမိုက ဦးဝိုင်းမောင်ကိုကြည့်ပြီး ပြောလိုက်၍ ဦးဝိုင်းမောင် နည်းနည်းတော့ မျက်နှာပျက်သွားသည်။

"ဦးလေးက ဒေါ်စိန်ခက်ရဲ့ မောင်နှစ်ဝမ်းကွဲ တော်ပါ တယ်။ ဒေါ်စိန်ခက်မှာလည်း အရင်းရော တစ်ဝမ်းကွဲရောမရှိလို့ သွေးရင်းဆုံးဖြစ်တဲ့ ဦးလေးကို ခေါ်ထားလို့ လာနေရတာပဲ တူမလေးရေ ဦးလေးတို့မှာလည်း လယ်နဲ့ကျွဲနဲ့ပါ၊ အစ်မခေါ်လို့ သာ လာတာပါ"

ဘယ်သူကမှ မမေးပါဘဲနှင့် ရိုက်အစစ်ခံရသလို ဖော် ပြောနေတော့သည်။

"မမဆုံးပြန်တော့လည်း အစ်ကိုကမမာလို့ ဒီမှာ ဆက်ပြီးနေရပြန်ရော"

"ဟုတ်ကဲ့"

"ဦးလေးတို့မှာ သားလေးနှစ်ယောက်ရှိတယ်။ မခမ်းမိုနဲ့ ဆို မောင်နှမတစ်တွေပေါ့ကွယ်။ သူတို့က စစ်ကိုင်းက မမြသိန်း ရဲ့အစ်မကြီးတွေဆီမှာ သွားနေကြတယ်။ ဟိုက အပျိုကြီးတွေ လေ ချမ်းလည်းချမ်းသာတယ်။ သူတို့ကိုလည်း သိပ်ချစ်ကြတာ၊ မှာရဦးမယ် မခမ်းမိုတို့ ဆွေမျိုးချင်းဆုံရအောင်"

"နေပါစေ"ဟူသော စကားကို မကောင်းတတ်၍သာ


www.burmeseclassic.com

www.burmeseclassic.com

မျိုသိပ်ထားလိုက်ရသည်။ ဆေးသမားဆိုသော လူငယ်နှစ်ယောက်နှင့်လည်း မတွေ့ချင် မဆုံချင်ပါ။ အမျိုးဆိုသောသွေးကလည်း ဝေးမှဝေး။

"ဒီအိမ်မှာ လိုတာစားချင်တာရှိရင် မမြသိန်းကိုပြောနော်၊ သူက ဈေးသွားသူ၊ စီမံသူပဲ၊ မရွှေကြည်က သူ ညွှန်ကြားတာချက်ရတာ"

"ဟုတ်ကဲ့ . . ကျေးဇူးတင်ပါတယ်၊ လိုရင်ပြောပါ့မယ်၊ ခမ်းမို လက်သွားဆေးပါရစေတော့"

ဖွတ် နှုတ်ဆက်ပြီးထွက်ခဲ့ရသည်။

ဦးဝိုင်းမောင်၏စကားက ဘယ်တော့မှ ဆုံးမည်မထင်၊ အထင်ကြီးအောင် ကြွားလုံးထုတ်လေ . . ကြားရသူက အထင်မကြီးလေဆိုသည်ကို ဦးဝိုင်းမောင်သိဟန်မတူပါ။

သူ့သားနှစ်ယောက်ကတော့ မပြောတတ်။

ဦးဝိုင်းမောင်နှင့်ဒေါ်မြသိန်းတို့ ဇနီးမောင်နှံနှစ်ယောက်မှာ ဇနီးသည် က ခပ်အအ၊ ခင်ပွန်းသည်က အလုပ်မရှိအကိုင်မရှိ၊ စကားသာကြွယ်ဝသူ။ သူ့ကိုယ်သူ ဟုတ်လှပြီဟု အထင်ရှိနေသူ။ တကယ်တော့ ဘာမှမဟုတ်သည့်သူပါ။

ဤဇနီးမောင်နှံနှစ်ယောက်အနေနှင့် ဦးဘအို၏ အသက်အန္တရာယ်ကို လုပ်ကြံရန်အထိ မစွမ်းဆောင်နိုင်ကြ၊ သတ္တိမရှိကြ။ ဖြစ်မြောက်အောင်မြင်အောင် ဆောင်ရွက်နိုင်စွမ်း . .

ကြောင်နှစ်ကောင်စာအုပ်တိုက်



ကြသူများ မဟုတ်နိုင်ဟုထင်ပါသည်။

သူတို့၏သားဆိုးနှစ်ယောက်ဆိုသည်ကိုတော့ မပြောတတ်။

ဤသားနှစ်ယောက်က အိမ်တွင် ထာဝရမနေကြ။ ယခု နန်းခမ်းမို မမြင်ဖူးသေး။

အိမ်ဖော်မရွှေကြည်နှင့် မစိန်မြိုင်တို့ကိုလည်း ထည့်တွက်စရာမလို။

ဦးဘအိုပြောသော လူကိုးယောက်အနက် လေးယောက်ဖယ်ထုတ်ပြီးနောက်မှာ နေဦးနိုင်သည်လည်း ဦးဘအို၏ အသက်အန္တရာယ်ကိုပေးလောက်အောင် ယုတ်မာမည့်သူ မဟုတ်ပါချေ။

ယခု ဦးဝိုင်းမောင်၊ ဒေါ်မြသိန်းတို့ ဇနီးမောင်နှံနှစ်ယောက်။

ဦးတင်ငွေနှင့် ဦးဘအို၏လူယုံ . . ခြံစောင့်ကြီးအောင်ဒင်တို့သာ ကျန်ရှိပါတော့သည်။

နေ့ဆရာမရော ညဆရာမပါ စိတ်ထားကောင်းမြတ်စွာ ဦးဘအိုကို ပြုစုနေကြကြောင်း မြင်တွေ့နေရပါသည်။

ယခုအတိုင်းဆိုပါလျှင် . .

ဦးဘအို၏အသက်အန္တရာယ်ကို ခြိမ်းခြောက်နေသူ . .

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ဦးတင်ငွေ၊ ဦးအောင်ဒင်နှင့် ဦးဝိုင်းမောင်၏ သ
နှစ်ယောက်သာ စဉ်းစားစရာကျန်ရှိပါ၏။

ဦးတင်ငွေနှင့် ဒေါ်သွယ်သွယ်ဆိုသော ဦးဘအို
ဇနီးငယ်တို့ချင်း ဆက်သွယ်မှုက မည်သည့်အတိုင်းအတာအ
ရှိသည်မသိ။

နန်းခမ်းမိုစတင်ရောက်ရှိသည့် ညကသေတ္တာ
လာရောက်မွှေ နှောက်ရှာဖွေသူမှာမည်သူဖြစ်နိုင်ပါသလဲ။

✦





## အခန်း(၁၉)

"ဟောဗျ၊ မခမ်းမို ငိုနေတယ်၊ ဘာဖြစ်လို့များလဲဗျာ"
နန်းခမ်းမိုခေါင်းသာ ခါယမ်းပြလိုက်သည်။ နှုတ်ကဘာမှ
ပြောနိုင်။ ရှိုက်သံကို ရင်၌ဆို့ပိတ်ကြိတ်မြိုထားရသည်။

မြက်ခင်းစိမ်းပေါ်မှာဒူးထောက်၍ ထိုင်ပြီးလက်မှာ
ဆုပ်ကိုင်ထားသည်က ခရမ်းပြာရောင်ပွင့်ကြွေများ။

စိန့်ပန်းပြာပင်ကြီးအောက်မှ နန်းခမ်းမို၏ မျက်ရည်
စီးကြောင်းကို နေဦးနိုင် နားမလည်နိုင်။

"ခမ်းမို ဒီနေရာမှာ ခဏလေး နေခဲ့ပါရစေလား
ကိုနေဦးနိုင်"

"ရပါတယ်၊ နေပါ . . နေပါဗျာ၊ မခမ်းမို ငိုတာသာ
ဘာဖြစ်လို့ပါလိမ့် ကျွန်တော်တို့ဘက်က ဘာများ အမှားအယွင်း
ရှိလို့ပါလိမ့်လို့ သိချင်တာပါပဲ"

"မဟုတ်ပါဘူး၊ ဒီနေရာမှာ ဘာမှမရှိပါဘူး၊ ဒီပန်းကြွေ
လေးတွေ မြင်ရတော့၊ ကိုယ့်ဇာတိမြေ ရွှေလီချိုင့်ဝှမ်းကို



www.burmeseclassic.com

www.burmeseclassic.com

လွမ်းလွန်းလို့ပါရှင်"

"ဩော်. . . မခမ်းမိုရယ်ဗျာ"

အကြင်နာသည်သာ ရင်မှာဆို့ပိတ်၏။ နှစ်သိမ့်စရာ စကားလုံးတို့ ဖြစ်တည်ပေါ်ထွက်မလာ။

"ခမ်းမိုတစ်ယောက်တည်း နေပါရစေ"

"ကောင်းပါပြီ မခမ်းမို၊ မခမ်းမို ငိုနေတာကို မကြည့် ရက်ပါဘူး။ ဒါပေမယ့် အငိုတိတ်အောင် စွမ်းဆောင်နိုင်တဲ့ အင်အားလည်း ကျွန်တော့်မှာ မရှိပါဘူးလေ"

စကားလုံးတိုင်းမှာ ခံစားမှုဝေဒနာသံတို့ လွှမ်းနေသည်

တရွေ့ရွေ့ထွက်ခွာသွားသော နေဦးနိုင်ကိုလည်း မကြည့်မိ။ ရှေ့နားမှာ စီးဆင်းနေသော ရေတံခွန်၏မြည်ဟည်း သံကိုလည်း မကြားမိ။

ခမ်းမိုမော့ကြည့်လိုက်တော့ စိန်ပန်းပြာပင်၏ ရွက်မွှာ လေးများကြားမှာ ကိုကို၊ တိမ်ညိုဆိုင်ထဲမှာ ကိုကို၊ ခမ်းမိုလက်မှာ ပွင့်ကြွေလေးများထဲမှာ ကိုကို၊ အို. . . ခမ်းမိုရဲ့ မျက်စိထဲမှာ ကိုကို၊ ရင်ထဲမှာ ကိုကို၊ နှလုံးသည်းပွတ်ထဲမှာ ကိုကိုရယ်လေ။

"ကိုကိုလည်း လွမ်းနေမှာပါ"

လို့ ရင်တွင်းကသိသော်လည်း ခွဲခွာခါနီး ကိုကို့၏ လုပ်ရပ်များကြောင့် ရင်ထဲကလည်း အခဲမကြေချင်။

"ကိုကို ရက်စက်နိုင်ပေမယ့် ညီမလေးက ပြန်ပြီး





ကျည်းနိုင်ပါဘူး။ မမေ့နိုင်ဘူး၊ မုန်းလို့မရဘူး ကိုကိုရယ်"

"စိန်ပန်းပြာတွေ ကြွေတဲ့ နွေတစ်နေ့ဦးက ညီမလေးတို့ ယောက် ခြံထောင့်တစ်နေရာမှာ ခံစားမှုသစ်တွေ ဖြစ်ထွန်းခဲ့ တာ ကိုကို သတိမှရသေးရဲ့လားကွယ်"

"ခမ်းမိုတော့လေ. . . ခမ်းမိုရဲ့ ရင်ထဲက နှလုံးသား ကျကြွေပျက်ဆုံးသွားတဲ့နေ့ကိုရောက်မှပဲ မေ့သွားနိုင်မှာ င်"

ခရမ်းပြာ ပွင့်ကြွေလေးများကို စုစည်းပြီး "ကိုကို" ဟု င်လျှသော်လည်း နမ့်ခမ်းခြံမှာလို ပွင့်ကြွေတွေက ဖွေးဖွေး မနေ။

လုပ်သားပြည်သူအပေါင်းတို့ အပန်းဖြေနားနေရာ ဦးလွင်အနီးမှ ဘီအီးရေတံခွန်ကြီး အနားမှာမို့ မြင်သူတို့ တက်ကြ၊ ခြေနှင့်နင်းချေကြ၍ ပွင့်ကြွေလေးတို့ ဘဝဇာတ် းရရှာပြီ။

"မိုမို"

မောင်မောင်၏အသံ။

"နင် ဘာလို့ငိုနေတယ်ဆိုတာ ငါသိတယ်။ ဒါပေမယ့် ပို့တဲ့လူကိုလည်း အားနာဦး၊ ကားကလည်း ငှားလာရတာ၊ ချည်သုတ်၊ သွားကြစို့"

မောင်မောင်က လူကြီးလေသံနှင့် ပြောလာသည်။


www.burmeseclassic.com

www.burmeseclassic.com


နာခံသင့်သော စကားမို့ နန်းခမ်းမိုမျက်ရည်သုတ်ပြီး စိန်ပန်း
မြေပေါ်မှ ထလိုက်ရသည်။

"ရေတံခွန်ပေါ်က တံတားလေးပေါ် တက်ဦးမလာ
ဟင် မခမ်းမို"

နန်းခမ်းမို စတင်ခြေလှမ်းတော့ နေဦးနိုင်က မေးလ
သည်။

"နေပါစေ. . . မတက်တော့ပါဘူး"

"ရွှေလီကြိုးတံတားကြီးနဲ့တော့ ခြားနားချင်တိုင်းခြ
နားတာပဲနော်"

"ဒီလို မဟုတ်ပါဘူး၊ ရေတံခွန်ပေါ်က တံတားလေး
လည်း လှပါတယ်။ ခမ်းမို မသွားချင်လို့ပါ"

"မခမ်းမို ပျော်ပါစေ . . ရွှင်ပါစေဆိုပြီး လာလည်
မှပဲ မောရှမ်းမြေကို လွမ်းစရာ ခရမ်းပြာပန်းလေးတွေနဲ့ လာ
ကြုံတွေ့ရလေတယ်ဗျာ"

"ခမ်းမို အားနာပါတယ်ရှင်၊ နောက်ကို မငိုမိအောင်ထိ
ပါမယ်၊ လာလေ. . . ပြန်ကြပါစို့"

ပြောရင်း လျှောက်သွားနေသော နန်းခမ်းမိုအတွ
အလွမ်းပြေစေမည့် စကားလေးများနှင့် နှစ်သိမ့်ချင်လှပါသေ
လည်း . . မောင်မောင်ပါ အတူရှိနေ၍ နေဦးနိုင်မပြော

ဂျစ်ကားပေါ်၌ ကျကျနနထိုင်စောင့်နေသူ





န်းခမ်းမို၏မောင်လေး မောင်မင်းသူ။

မောင်မင်းသူနှင့် ပတ်သက်သောအကြောင်းစုံကို
န်းခမ်းမိုက သူတို့ နှစ်ဦးအား ပြောပြခဲ့ပြီး ယနေ့ ဘီအီးဖောလ်
ခေါ်သော ပြင်ဦးလွင်အနီးမှ ရေတံခွန်သို့ လာရောက်လည်
တ်နေကြခြင်းဖြစ်ပါ၏။

ဂျစ်ကားပိုင်ရှင်က ကိုရဲလွင်။

သူ ရန်ကုန်မှ ပြန်ရောက်လာခဲ့ချေပြီ။

နေဦးနိုင်၏ သူငယ်ချင်းတစ်ဦးမှတဆင့် ခတ်ဆီ
ကိုတရားဝင်ဈေးနှင့် လျှောက်ယူပြီး ပြင်ဦးလွင်သို့လာရောက်
ည်ပတ်ခဲ့ကြခြင်းဖြစ်လေသည်။

နေဦးနိုင်၊ ကိုရဲလွင်နှင့် မောင်မောင်တို့က အဖွဲ့ကျပြီး
ားမို့ နန်းခမ်းမိုကလည်း မောင်မင်းသူကိုခေါ်လာခဲ့ခြင်းဖြစ်
ပေသည်။

"မမ. . ဟို ဂျစ်ကားပေါ်က လူကြီးက မမတို့အ
ကြောင်း မေးလိုက်တာ အစုံပဲဗျ"

"ဟင်. . . ဘာတွေမေးလဲ"

"မမကို ဘယ်တော့ပြန်မှာလဲတဲ့၊ မမနဲ့ပါလာတဲ့သူက
ဘယ်သူလဲတဲ့၊ မင်းကရော ဘာတော်လဲတဲ့"

"ဒီတော့ မောင်လေးက ဘာပြောလိုက်လဲ"

"ခင်ဗျားနဲ့ ဘာမှမဆိုင်ဘူး၊ ဘာမှ လာမေးနေစရာ



www.burmeseclassic.com

www.burmeseclassic.com

မလိုဘူးလို့ ပြောထည့်လိုက်တာပေါ့"

နန်းခမ်းမို ပြုံးဖြစ်ရပါပြီ။

"မမက သိပ်လှတယ်မို့လားဗျာ၊ ဟိုလူကသိချင် ဒီလူ ကြည့်ချင်နဲ့ ကျွန်တော်က စွတ်ထိုးပစ်ချင်တာ"

"ဟား. . ဟား၊ မင်းအစ်မကို ဒီလောက်ပဲဝန်တို သလားကွ. . . ဟား . . . ဟား"

နန်းခမ်းမိုတို့နားမှာ ကပ်၍ ရပ်နေသော ကိုရဲလွင် ကြားသွားသဖြင့် တဟားဟားရယ်ရင်း မောင်မင်းသူ၏ ခေါင်း ပွတ်၍. . .

"ဘယ်ကောင်မေးတာလဲ၊ ပြောစမ်းပါဦး"

"ဟိုကားပေါ်က သေခါနီးကြီးပါဗျာ"

"မောင်လေး မောင်မင်းသူ၊ ဒီလိုမပြောရဘူးလေ၊ ကားပေါ်တက်၊ သွားကြစို့"

နန်းခမ်းမိုနှင့် မောင်မင်းသူတို့က ကားရှေ့ခန်း တက်ကြပြီးချိန်မှာ နောက်ဖွင့်ဂျစ်ကား၏ နောက်ခန်းမှ သူတို့ သုံးယောက် တက်နေကြဆဲချိန်မှာ ကိုရဲလွင်က. .

"ကိုလှဖေ. . ဟိုကားဟာ ဗောမိကုန်းထဲက ကား မဟုတ်လား"

ဒရိုင်ဘာက ခပ်လှမ်းလှမ်းမှ ကားကိုကုန်းကြည့်လိုက် ပြီး. . .





"အသင်းဝင်ကားပဲ၊ ဟုတ်တာပေါ့၊ ဗောမိကုန်း . . ကိုခြံကလေ"

ဦးလှဖေ စကားအဆုံးတွင် ကိုရဲလွင်က . . .

"ဟောကောင် . . နေဦးနိုင်၊ စောစောက မောင်မင်းသူ ဒေါ်ပွအောင် လာမေးနေတာ တခြားလူမှမဟုတ်ဘဲကွ၊ မင်းသိ တယ်မဟုတ်လား"

"ဘယ်သူလည်း ငါမသိပါလား"

"ကျားကြီးဆိုတဲ့ ဒရိုင်ဘာလေ၊ ကားပိုင်ရှင်က ဒေါ်သွယ်သွယ်လေကွာ"

"ဟာ . . ငါတို့နောက်များ လိုက်ကြည့်နေတာလား"

"မဟုတ်ပါဘူးကွ. . မင်းကလည်း၊ ဟိုမှာ ရပ်ကျန်ခဲ့ ပါပြီ"

ကားစထွက်ပြီး အတော်ကြီးအလှမ်းဝေးသွားသည့်တိုင် ထိုဂျစ်ကား လိုက်မလာပါ။

တိုက်ဆိုင်လို့ပဲလား၊ ကိုရဲလွင် စွပ်စွဲသလိုလား၊ နန်းခမ်းမို မတွေးတတ်။

ဘာပဲဖြစ်ဖြစ် . . .

ဒေါ်သွယ်သွယ်ဆိုသော အမျိုးသမီးသည် ဦးဘအို၏ ပစ္စည်းများကို လိုချင်သူ။

နန်းခမ်းမိုက ဦးဘအို၏အမွေကို ဆက်ခံရမည့်တစ်ဦး



www.burmeseclassic.com

www.burmeseclassic.com


တည်းသော မြေးကလေး။

ယခုအချိန်မှာတော့ သူတို့နှစ်ဦးသည် ဘာမှမပတ်သ
ကြသေး။ ကျောခိုင်းအနေအထားနှင့် ရှိနေကြသည်။

ဆန့်ကျင်ဘက်လမ်းကို ဦးတည်လျှောက်သွားနေ
သူများဖြစ်ပါ၏။

သို့သော်လည်း သူတို့နှစ်ဦးလျှောက်နေကြသ
လမ်းက စက်ဝိုင်းလမ်း။

တစ်ချိန်ချိန်၌ တစ်နေရာရာမှာတော့. . .

မလွဲသာ မရှောင်သာအောင် မျက်နှာချင်းဆိုင် ဆုံ
ကြရပေတော့မည်သာ။

✦



## အခန်း(၂၀)

"အကြောင်းအရာကတော့ ဒါပဲသွယ်"

"ဒါဆို ဘာထူးခြားလို့လဲ ကိုတင်ငွေရဲ့ ကောင်မလေး
ရောက်လာတဲ့အထိတော့ စောင့်ပါဦးဆိုလို့ စောင့်နေခဲ့တာလေ"

"သွယ့်အတွက် ကိုယ် ဘာလုပ်ပေးရမလဲ"

"ရှင်းရှင်းလေးပဲ ကိုတင်ငွေ၊ အဘိုးကြီးရဲ့ပစ္စည်းတွေ
အကုန်မရတောင် ထက်ဝက်တိတိလိုချင်တယ်။ အဲဒီကိစ္စကို
ကိုတင်ငွေပဲကြည့်ပြီး ဆောင်ရွက်ပေးပေါ့"

"အေးလေ. . ဒါဆို ကိုယ် ဘယ်လိုလုပ်ပေးစေချင်သ
လဲ၊ အဘိုးကြီးကို ခြိမ်းခြောက်ထားလို့ အဘိုးကြီးလည်း လန့်နေ
တာသွယ်အသိပဲ"

"အင်း. . . တိုက်ကြီးပေါ်သာ တခါတည်းတက်နေ
ချင်တော့တာပဲ၊ သွယ့်ရန်ကြောက်လို့ ဝိုင်းမောင်တို့ကို ခေါ်တင်
ထားတာလေ၊ အဲဒီကောင်လေးက အရှုံးပဲ၊ သူ့သားနှစ်
ယောက်ကိုတော့ လန့်ရတယ်၊ ဒါကြောင့် သွယ့်ကိုယ်စား


www.burmeseclassic.com

www.burmeseclassic.com


ကိုတင်ဌေ့ကို လွှတ်ထားတာပေါ့"

ဒေါ်သွယ်သွယ်က သူ့လက်မှ စီးကရက်ကို ရဲရဲတောက်နေသော နှုတ်ခမ်းနီ နှုတ်ခမ်းမှာတေ့ပြီး မျက်လုံးလေးမှေးစင်း၍ ဖွာရှိုက်လိုက်သည်။

"အေးလေ . . ဒီကိစ္စ မပြီးမချင်း သွယ်နဲ့ ကိုတင်ဌေ့ခုလိုပဲ ဝေးနေရဦးမယ်ဆိုတာတော့ သိထားပေါ့"

ကိုတင်ဌေ့က တပ်မက်သောမျက်ဝန်းများနှင့် သွယ်သွယ့်ကို စိုက်ကြည့်နေသည်။

သူသည် သွယ်သွယ် ဦးဘအိုနှင့်ယူပြီးမှတွေ့ရသည့်သူ။

သွယ်သွယ်၏တပ်မက်ဖွယ် ကိုယ်ခန္ဓာ၊ မာယာအကြည့်ရမ္မက်သံ အညှုအတာများ၌ သာယာနေမိသော သွယ်သွယ်၏ သားကောင်တစ်ဦးသာ။

မောင်နှမအရင်းဆိုသည်မှာ လုံးဝ မဟုတ်ပါ။

မန္တလေးမြို့တော်ဇာတိများ မဟုတ်ကြ။ ပျံကျများမို့ ဘယ်သူနှင့် ဘာတော်သည်ဟုမသိနိုင်။ ကိုတင်ဌေ့သည် သွယ်သွယ်နှင့် မောင်နှမအရင်းပါဟု ကြေငြာပြီး ဦးဘအို၏ တိုက်ပေါ်၌ တက်နေရဲသည့်သူ။

လူက လူလည်၊ အရင်က ကျောက်ပွဲစားလုပ်ဖူးသည်။ ရှိသမျှပြောင်ပြီး အရင်းပါပြုတ်၍ ဘာအလုပ်အကိုင်မရှိဘဲ ဒုစရိုက်လောက၌ ကျင်လည်နေစဉ်မှာ ဖဲဝိုင်းတစ်ခု၌ သွယ်သွယ်နှင့် တွေ့ဆုံသည်။

ကိုတင်ဌေ့မှာ အသုံးချ၍ရနိုင်မည့်သူဟု သွယ်သွယ်သိသည်နှင့် ကိုတင်ဌေ့နှင့် ပေါင်းစည်းပြီး ဦးဘအို၏ပစ္စည်းများကို တရားနည်းနှင့်ရရှိအောင် ကြံစည်အားထုတ်ကြတော့သည်။

သွယ်သွယ်ဆိုသည်မှာ ငယ်ရွယ်သူမဟုတ်တော့ပါ။ ယခုအသက် လေးဆယ်ကျော်ငါးဆယ်နား နီးနေပေပြီ။ ဦးဘအိုနှင့်တွေ့စက အသက်သုံးဆယ်အရွယ်ခန့်။

အဘိုးကြီးများရှုပ်လျှင် နောက်ဆက်တွဲပြဿနာများနှင့် ရှင်း၍မနိုင်အောင် ဖြစ်တတ်ကြောင်းဦးဘအိုတစ်ယောက် သတိမမူခဲ့မိ။

ဗောမိကုန်း၌ အိမ်တစ်လုံးလည်း ဝယ်ပေးခဲ့ပြီးပြီ။ စိန်နားကပ်၊ စိန်ကို လက်စွပ်နှင့် ရွှေထည်အပြည့်အစုံလည်း ပေးခဲ့ပြီးပြီ။

"ဝင်ငွေရှိရင် တော်ပါပြီ၊ ဂျစ်ကားတစ်စင်းဝယ်ပေးရင် ကျေနပ်ပါပြီ" ဟု ချွဲခဲ့သဖြင့် မြီးပြတ်အောင် ဝယ်ပေးခဲ့ပြီးပါပြီ။

ဒေါ်စိန်ခက် မသေဆုံးမီကတည်းက အဘိုးကြီးကလည်း အသွားအလာမလုပ်တော့။ ပြီးပြီ၊ ပြတ်ပြီထင်ခဲ့ရာမှ ဒေါ်စိန်ခက် သေဆုံးပြီးချိန်မှာ တစ်စခန်းထလာသော သွယ်သွယ်ပါ။

"ကိုတင်ဌေ့တူဆိုတာကလည်း အလကားကောင်ပဲ၊


www.burmeseclassic.com

www.burmeseclassic.com

ဟိုဘက်ကတောင် ပါသယောင်ယောင်ဖြစ်နေတယ်ဆို၊ တစ်...
ကပဲ ဟိုကောင်မလေးနဲ့ ရေတံခွန်မှာတွေ့ခဲ့တယ်လို့ ဒရိုင်...
ကပြန်ပြောပြတယ်"

"ဟုတ်ပါတယ်၊ ဒီကောင့်ဆီက အကူညီမရပေမ...
သွယ်စိတ်ချပါ။ ကိုယ့်အလုပ်ထဲမှာ ဝင်မရှုပ်စေရပါဘူး"

ကိုတင်ငွေက မျက်မှန်လေး ပင့်ကာ ပင့်ကာနှင့် အ...
တယ်ဟု ပြောနေသော်လည်း သွယ်သွယ့်မျက်ဝန်းများက ဘာ...
စိတ်ဝင်စားဟန်မပြ၊ အကြည့်က အရွေ့အလျားများလှသည်...

"ဒီမှာ ကိုတင်ငွေ. . သူမသေခင် ကောင်မလေး...
အားလုံးအပြတ်ပေးခဲ့မှ သွယ်တို့ကောကျန်နေခဲ့ပါဦးမယ်။ ဒ...
နေစမ်းပါဦး၊ အတွင်းပစ္စည်းတွေ ဘယ်မှာထားတယ်ဆိုတာ...
သိပြီလား"

"မသိရဘူး သွယ်၊ ကိုယ်ဘာပဲလုပ်လုပ် ဦးအောင်ဒင်...
တဲ့ အဘိုးကြီးရဲ့ လူယုံက လိုက်ကြည့်နေတာပဲ၊ သူရှိနေ...
ဘာလုပ်လို့မှ မလွယ်တာ"

"သွယ့် အဖွဲ့နဲ့ရှင်းခိုင်းလိုက်ရမလား"

စီးကရက်လက်ကြားညှပ်ရင်း ဟန်ပါပါပြလိုက်သေ...
သွယ်သွယ့်ကို ကြည့်ကောင်းကောင်းနှင့်သာ ကြည့်နေရသည်...

အမှန်တော့ သွယ်သွယ် သည်လောက်မစွမ်းပါ။ ...
တစ်ယောက်ကို ရှင်းပစ်နိုင်လောက်အောင်လည်း သူ့နောက်...





...ဲ့သားများမရှိပါ။ သူမကလည်း ဂိုဏ်းခေါင်းဆောင်ကြီး
...ဟုတ်ပါ။ မြန်မာပြည်သည်လည်း ဥပဒေကို ချိုးဖောက်၍ရသော၊
...ည်ဖျား၍ရသော တိုင်းပြည်မဟုတ်ကြောင်းကို ကိုတင်ငွေ
...ပါသည်။

သွယ်သွယ်သည် ယခုလို ဟိတ်ဟန်အပြည့်နှင့် ကြွားဝါ
...တ်ကြောင်း သိသော်လည်း စွဲမက်ဖွယ်သွယ်သွယ်ကို မစွန့်ခွာ
...င်။

"သွယ်သွယ်"

"အင်း . . ပြော"

"ကိုထွန်းလှရော ရှိရဲ့လား"

"မှာလိုက်ရင် အချိန်မရွေးရတယ်လေ၊ မိတ္ထီလာမှာတင်
...ဟာ၊ ဘာလုပ်မလို့လဲ"

"သြော်. . ကိုထွန်းလှဟာ ထောင်မကျခင်ကတည်းက
သွယ်နဲ့လက်ထပ်ထားသူပါလို့ အဘိုးကြီးကတော့ ယုံနေပါပြီ။
တရားရုံးတက်ခဲ့ရင်သာ သွယ်တို့ဟာ လက်ထပ်စာချုပ်အတုကြီး
လို့ သိကုန်မှာစိုးရိမ်တာတစ်ခုပါပဲ"

"ကိုတင်ငွေနဲ့ ရှင်. . တရားရုံးအထိ ဘယ်အတက်ခံ
...ပါမလဲ၊ အဘိုးကြီးကို ချောက်လှန့်ပြီး ချုဖို့ပဲလိုတာပဲ"

"ဒီကိစ္စ သွယ်ကိုယ်တိုင် ဦးဘအိုကို ပြောပြီးပြီဟုတ်
...လား"


www.burmeseclassic.com

www.burmeseclassic.com

"ပြောပြီးပြီလေ၊ ပေးမလိုလို၊ ဘာလိုလိုပြောပြီး သူ့ပြေ
ဆိုတာလေးကို လှမ်းခေါ်တော့တာပါ"

"သွယ် ကိုယ်တိုင်နဲ့အဘိုးကြီးနဲ့ တွေ့ခွင့်ရရင်ပိုကောင်
မယ်၊ အဘိုးကြီးက သွယ့်ဆို တကယ်ဖြုန်တာ"

"တွေ့ဖို့ ကြိုးစားပါသေးတယ်လေ၊ ရောဂါသည်းနေလို့
ဆရာဝန်က တွေ့ခွင့်မပြုပါဘူးလို့ သူ့နပ်(စ်)မတွေက ပြောနေ
တုန်း ဟိုနှစ်ကောင်က ဆွဲချတော့မလို၊ ကိုင်ပေါက်ပစ်တော့
မလိုလုပ်ကြတာနဲ့၊ နောက် သွားကိုမသွားဖြစ်တော့တာ"

"ဒီကောင်တွေ သိပ်ရိုင်းတယ်"

"ကြောက်တော့ မကြောက်ပါဘူး၊ မတန်လို့ မပြောချင်
တာ"

သွယ်သွယ်က သတ္တိရှိသလိုလိုနှင့် ဝင့်ကြွားသေးသည်။
အမှန်တော့ သည်တိုက်ကြီးကို သူလုံးဝ မလာဝံ့တော့။

အဘိုးကြီး လျှောက်နိုင်သွားနိုင်စဉ်ကာလက သူ့
မောင်အရင်းတစ်ယောက်ထားပါရစေဆိုသည်ကို လိုက်လျော
ခဲ့၍သာ ယခုအချိန်ထိ ကိုတင်ငွေတစ်ယောက် ဟိုအိမ်မှာ
နေထိုင်ခွင့်ရရှိနေခြင်းပါ။

"အဘိုးကြီးက တကယ်ပဲ ရောဂါသည်းနေသလား"

"နည်းနည်းတော့ ဆိုးရွားနေပုံရတယ်"

"ဘုရားဆုတောင်းပေတော့ ကိုတင်ငွေရေ"





"ဘာကိုလဲ သွယ်"

"အဘိုးကြီး မသေပါစေနဲ့ဦးလို့လေ"

"ဟင် . . ဘာဖြစ်လို့"

"ဘာဖြစ်ရမလဲ၊ သူသေမှ လက်သာကိုယ်ကျွတ်ဖြစ်မှာ၊
ကြီးစုံရာ ရှေ့မှာလည်း သွယ် တောင်းသလောက်ပေးပြီးပြီ၊
လက်ထပ်ထားတဲ့ ယောကျ်ားရှိပါတယ်ဆိုတာကလည်း
လည်ခြိမ်းခြောက်မှုလေ၊ သူရှိရင် သူ ကြောက်မှ သွယ်တို့
ချင်တာရမှာပေါ့။ သူ သေသွားမှတော့ ဘယ်သူ့မယား
ဖြစ်ဖြစ် သူ့ကိုဘယ်လိုလုပ် ထောင်ချလို့ရတော့မှာလဲ"

သွယ်သွယ်၏အားမာန်အပြည့်နှင့်စကားကို ခေါင်း
တ်၍ နားထောင်မိသည်။

"ဒါပေမယ့် သွယ်ရယ် . . ဒီအဘိုးကြီး သေမှပဲ သွယ်နဲ့
ယ်နဲ့ နီးရမှာဆို"

"မသေခင် ပစ္စည်းတွေရအောင်ကြံလေကွယ် . . ၊
သွယ်တို့နှစ်ယောက် ချမ်းချမ်းသာသာ လက်တွဲနိုင်မှာ
တက်လား"

မျက်ဝန်းမှေးစင်းပြီး ပြောနေသည့် ပရိယာယ်စကားကို
တင်ငွေ ယုံကြည်သည်တော့မဟုတ်။ ဒါပေမယ့် ဒီမိန်းမကို
က်နေသည့်စိတ်ကတော့ ထိန်းချုပ်ချိုးနှိမ်၍မရနိုင်သေး။

"ကိုတင်ငွေ"



www.burmeseclassic.com

www.burmeseclassic.com

"သွယ်"

"ဒီ ရှမ်းပြည်နယ်ကကောင်မလေးကို ရှင်းပစ်ရင်ရော

"ဘယ်လွယ်ပါ့မလဲ သွယ်ရယ်"

"သူ့မှာ မလွယ်တာချည်းပဲ၊ လွယ်အောင်သွယ်လုပ် ရမလား"

"စမ်းကြည့်လေ"

သည်လိုကျတော့ သွယ်သွယ်တို့ တစ်ပတ်လျှော့လ သည်။

"ခုနေ ကောင်မလေးတစ်ခုခုဖြစ်သွားရင်လည်း သွယ့် စွပ်စွဲကြမှာပဲ ဒီတော့ ဒါ ဒုတိယအဆင့်ထားလိုက်လေ၊ ဒီမှာ

"ပြော . . သွယ်"

"အဘိုးကြီးကို ရအောင်ဝင်တွေ့ပါ၊ အချိန်တောင်းပါ

"ဘာအချိန်လဲ"

"သြော် . . အချိန်အတိုင်းအတာပေါ့၊ တစ်လအတွင်း ပေးမလား၊ ဒါမှမဟုတ် တစ်ပတ်အတွင်းပေးမလား။ မပေးရ တရားစွဲပစ်မယ်၊ မယားခိုးမှုနဲ့ ထောင်ချပစ်မယ်၊ သတင်းစာ ကြေငြာမယ်၊ ဘာမယ်၊ ညာမယ်ပေါ့။ အဘိုးကြီး လန့်သွား အောင်"

"ဟုတ်ပြီ . . ဟုတ်ပြီ . . ကိုယ်ရအောင် တွေ့လိုက်မယ်

"ကောင်းပြီ၊ ဒါဆို ပြန်တော့လေ"





"တကယ်ပဲ ပြန်ရတော့မှာလား သွယ်ရဲ့"

"တကယ်ပေါ့လို့ . . ဟင်း"

"မပြန်ချင်သေးဘူးဗျာ"

"သြော် . . . နောက်တစ်ခုမှာရဦးမယ်"

"ဘာလဲ"

"ကောင်မလေး အခြေအနေကို သွယ်သိပ်သိချင်တယ်။ လှုပ်ရှားသမျှ စောင့်ကြည့်ပြီး သွယ့်ဆီလာပြီး အစီရင်ခံရ ယ်နော်"

"အစီရင်ခံကြေး ဘယ့်လောက်ပေးမှာလဲ"

"သူနော်"

✦


www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၁)

နေ့ဆရာမလေး "ခင်သန်းအေး"အောက်ထပ်မှ စွပ်ပြုတ် ဆင်းယူခိုက်၊ ကိုတင်ငွေက စွတ်ကနဲအခန်းတွ ဝင်သွားတော့သည်။

"ဟင်. . . မင်း. . . မင်း. . ."

"မလန့်ပါနဲ့ ဦးဘအို၊ ကျွန်တော် ခဏလေးဆွေး ရုံပါ"

"ဘာမှ ဆွေးနွေးစရာမလိုဘူး"

"ကျွန်တော့် အစ်မကိစ္စ ဘယ်လိုစဉ်းစားထားလဲ"

"ငါ အပြီးအပြတ်ပေးပြီးပြီကွယ်"

"ဒီလို ပြောလို့ဘယ်ရမလဲ၊ ကိုထွန်းလှက တရားစွဲမ ရှေ့နေတွေနဲ့ ပြင်ဆင်နေပြီ"

"ဒီမှာ မောင်တင်ငွေ"

ဦးဘအိုမောဟိုက်နေသည်ကိုကြည့်ပြီး ကိုတင်ငွေ လာသည်။ ခုနေများ အဘိုးကြီး အသက်ထွက်သွားလျှင် ဒု





"ငါ အသက်ကြီးပြီကွယ်၊ သေခါလည်းနီးပြီ၊ မင်းတို့"

"အို"

အဘိုးကြီး စကားမဆုံးမီ သူနာပြုဆရာမလေး ဝင် လာပြီး. . .

"ကျွန်မ လူနာကို ဒီအိမ်က လူတွေနဲ့ စကားပြောခွင့် ပေးရဘူးလို့ ဆရာဝန်ကမှာထားပါတယ်ရှင်၊ ကျေးဇူးပြုပြီး ထွက်သွားပါ"

ကိုတင်ငွေက ဆရာမလေးကို မထီမဲ့မြင်ကြည့်ပြီး. .

"ကဲ . . . ဦးဘအို၊ စကားကိုဆုံးအောင် ဆက်ပါဦး"

"ဆက်ရမယ်ဆိုရင်တော့ မင်းတို့လုပ်ချင်ရာ လုပ်ကြပေရော့၊ ငါဘာပဲဖြစ်ဖြစ် ရင်ဆိုင်တော့မယ်"

"အသက်ကြီးမှ ဒုက္ခမရောက်ချင်စမ်းပါနဲ့"

"ဒီမှာရှင်. . . ကျွန်မလူနာဟာ"

"နေ သမီး . . နေ . . နေ၊ ဒီကိစ္စ အပြတ်ရှင်းမှဖြစ်တော့မယ်။ ဘဘ ခဏလေး စကားပြောပါရစေ"

"ပြောချင်ရင်တော့ ဖြည်းဖြည်းပြောပါ ဘဘ၊ စိတ်လှုပ်ရှားမခံပါနဲ့နော်"

သူနာပြုစိတ်ဓာတ်ရှိရှိမက စေတနာပါ ပါသောဆရာမလေးက ဦးဘအို၏လက်ကို ဆုပ်ကိုင်ပြီး ပြောနေ၏။

"ဒီမှာ ဆရာမ၊ ကျွန်တော်တို့ကိစ္စကို အပြတ်ဆွေးနွေး



www.burmeseclassic.com

www.burmeseclassic.com

ချင်လို့ အပြင် ခဏထွက်ပေးပါ"

"နားမထောင်စေချင်ရင် နားပိတ်ထားမယ်။ ကျွန်မ လူနာနားကတော့ နည်းနည်းလေးမှ မခွာနိုင်ပါဘူး ဦးတင်

ဒေါသမျက်နှာနှင့်သာ လှမ်းကြည့်၏။ သူ ဘာမှမ သာ။

"ဒီမှာ မောင်တင်ငွေ"

"ပြောပါ"

"မင်း တက်နေတာကိုလက်မခံရင် မင်းတို့အကြမ်းဖ တော့မယ် . . . ငါသိတယ်။ ဒါကြောင့် ငါလက်ခံထားခဲ့တ ခုတော့ ငါ့မြေးလေးလည်း ရောက်လာပြီ၊ ငါလည်းသေဖို့ အသ ပြင်ပြီးပြီ။ သွယ်သွယ်မှာ ခင်ပွန်းရှိကြောင်း ငါလုံးဝမသိ ဖြစ်ခဲ့တာ၊ သံသရာမှာ ငါခံနေစရာမလိုဘူး။ ဒီဘဝအတွက်လ ငါ စိတ်လျှော့လိုက်ပြီ"

"ဘဘရယ် . . ဘာတွေပြောနေတာလည်း မောင် ဦးမယ်။ ဘာလို့ အားလျှော့ရမှာလဲ"

"နေပါ သမီး၊ ပြီးပြတ်အောင် ပြောပါရစေ၊ ကဲ . မောင်တင်ငွေ"

"အင်း . . ပြောပါ"

"မင်းတို့မောင်နှမအတွက် နောက်ဆုံးအနေနဲ့ ငါ တစ်သောင်းပေးမယ်။ မင်းပါ ဒီအိမ်ပေါ်က ဆင်းသွားပေတော့





နောက်ဆုံး ငါ့အဖြေပဲ"

"ကျွန်တော့်အစ်မသွယ်သွယ်ကို ပြောပြလိုက်မယ်လေ"

"ပြောပါ၊ အဲဒီတစ်သောင်းဟာ နောက်ဆုံးပဲ။ စ်သောင်းကလည်း တစ်ပြားမှ ပိုပြီးမပေးနိုင်ဘူး။ မင်းတို့လုပ် တာသာလုပ်ကြတော့။ ဒါ နောက်ဆုံး ငါ့အဖြေပဲ"

ကိုတင်ငွေက ဦးဘအိုလည်ပင်းကို ထညှစ်ချင်လောက် အောင် ဒေါသထွက်နေသော်လည်း သူတို့နှစ်ဦး၏ကြားမှာ ရာမလေးခံနေ၍ သူ ဘာမှမလှုပ်သာ။

ဒေါသမျက်ဝန်းနှင့်ကြည့်နေမိသော ကိုတင်ငွေနှင့် ဘအိုတို့ အကြည့်ချင်းဆုံမိကြ၍ မျက်နှာလွှဲလိုက်တော့ ဘအို၏ခြေရင်းမှ မီးခံသေတ္တာကြီးဆီသို့ အကြည့်ကရောက် း၏။

ဒေါသနှင့်လောဘရောယှက်နေသော ကိုတင်ငွေ၏ က်ဝန်းများက ကြောက်မက်ဖွယ်ကောင်းလောက်အောင် က်ပြောင်လက်နေ၏။

ကိုတင်ငွေအခန်းတွင်းမှ ချာကနဲလှည့်ထွက်ချိန်နှင့် စ်ချိန်တည်းမှာပင် . .

ဝရန်တာဘက်မှချောင်းကြည့်ကာ ခိုး၍နားထောင်နေ သာ ဦးအောင်ဒင်နှင့် . . .

လှေကားရှိရာ အခန်းတံခါးထိပ်မှ နားနှင့်ကပ်၍



www.burmeseclassic.com

www.burmeseclassic.com

နားထောင်နေသော ကိုဝိုင်းမောင်တို့ ပြန်လည်ထွက်ပြေးကာ
ဣန္ဒြေမပျက် ဆက်လက်နေကြတော့သည်။

တစ်ဦးနှင့်တစ်ဦးတော့ မတွေ့လိုက်ကြ၊မမြင်လိုက်ကြ
မသိလိုက်ကြ။

✦





## အခန်း(၂၂)

လူအားလုံးက ဝိုင်းကြည့်နေသဖြင့် နန်းခမ်းမိုမနေတတ်
တော့။

ဘဘဦးဘအို၏ အိပ်ခန်းတွင်းမှာပင် စားပွဲကုလားထိုင်
တစ်စုံချပြီး ဧည့်သည်များကိုထိုင်စေသည်။ ဦးဘအိုကတော့
အိပ်ရာပေါ်မှာ။

ဘဘ၏ မိသားစုဆရာဝန် 'ဦးဇော်ဟိန်း'နှင့် သူ့
တက်ထောက် ဆရာဝန် 'ဒေါက်တာကျော်လင်းမင်း'

ဘဘ၏မိတ်ဆွေ ကျောင်းဒါယကာ သူဌေးကြီး 'ဦးစံလူ'
ဤကိစ္စ၌ အရေးပါဆုံးသော ပုဂ္ဂိုလ်ကြီးဖြစ်သည့်
တ်လုံတော်ရကြီး 'ဦးထင်မောင်'နှင့် သူ၏တပည့်ရှေ့နေ
ပါက်စလေး 'ကိုကျော်ဝင်းအောင်'

လက်ဖက်ရည်နှင့်မုန့်များ သုံးဆောင်အပြီးမှာ
ထင်မောင်ကပင် ဦးဆောင်၍ . . . .



www.burmeseclassic.com

www.burmeseclassic.com

"အခုကိစ္စကတော့ အားလုံးသိကြတဲ့အတိုင်း ဦးဘအို ပစ္စည်းအားလုံးကို သူ့အမြေးအရင်းဖြစ်တဲ့ မနန်းခမ်းမို အပြီးအပိုင် လွှဲပေးဖို့ကိစ္စပါပဲ. . .

"အဲဒီကိစ္စအတွက် ရုံးတော်မှာ တရားရုံးလွှဲပြောင်းဖို တာဝန်ကို ကျွန်တော်ကပဲ ဆောင်ရွက်ပါမယ်. . .

"အခုလို လူကြီးမင်းတို့ကိုခေါ်ယူရတဲ့ကိစ္စကတော့ ရုံးတော်ကို မလိုက်နိုင်ရှာတဲ့ ဦးဘအိုအတွက် ဒီနေ့ ဒီရက်မှာ အပြီးအပိုင်လွှဲပေးပါကြောင်း လက်မှတ်ထိုးတဲ့နေရာမှာ အသိ သက်သေအဖြစ် ဖိတ်ခေါ်ရခြင်းဖြစ်ပါတယ်"

ဟူ၍ အစချီပြီး တရားဥပဒေဆိုင်ရာ စကားများသာ မက လူမှုရေးကိစ္စ များ၊ ဆေးပညာကိစ္စများ၊ ဓမ္မကြောင်းများကို ပြောကြားရင်း တည်ခင်းဧည့်ခံသော နေ့လယ်စာလက်ဖက်ရည် နှင့် မုန့်များကို သုံးဆောင်နေကြသည်။

"မိန်းကလေးကငယ်တော့ ပစ္စည်းတွေ လက်ဝယ်ရရှိတဲ့ အခါမှာ ဆင်ခြင်တိုင်းထွာပြီးသုံးပေါ့ကွယ်. . ."

"ခင်ပွန်းရွေးတဲ့အခါမှာလည်း ပစ္စည်းကိုတိုးပွားအောင် စွမ်းဆောင်နိုင်မယ့် ယောကျ်ားမျိုးကိုပဲရှာပါ။ ကိုယ့်ပစ္စည်းဖြုန်း တီးမယ့် ခင်ပွန်းမျိုးကို ရှောင်ပေါ့"

ရှက်စိတ်ကြောင့် ရင်တွေ ထိတ်ထိတ်ခုန်နေသည်။

ပစ္စည်းပေးပွဲကြီးမှာလည်း ဝမ်းမြောက်ဝမ်းသာဖြစ်





နိုင်ပါ။

ဤပစ္စည်းများအပေါ်၌လည်း တပ်မက်စိတ်မရှိသည်မှာ အမှန်ပါ။

ယခုလို ထိုင်၍ခံယူနေရသည်ကိုပင် ရှက်လှ၊ ကြောက် လှပါပြီ။

ပင်ကိုက ပန်းနုရောင်မျက်နှာလေးမှာ စိတ်လှုပ်ရှားမှု ကြောင့် နီထွေးနေပါ၏။

"ဒီလို ကျောင်းဒကာရေ"

ဦးဘအိုက ဦးစံလူသို့ ရည်ညွှန်းပြီး . . .

"ကျွန်တော်တို့ဟာ ဟိုတုန်းက ငယ်စိတ်ငယ်မာန်နဲ့ သမီးအပေါ် အာဃာတကြီးခဲ့မိတယ်။ ကိုယ်တိုင်ဖိနပ်ချုပ်သမား ဘဝဖြစ်ခဲ့တယ်ဆိုတာကိုမေ့ပြီး ဖိနပ်လုပ်ငန်းပိုင်ရှင် သူဌေးကြီး အဖြစ်နဲ့ ပစ္စည်းဂုဏ်မောက်ခဲ့မိပါတယ်. . ."

"အဲ. . တစ်ဦးတည်းသော သမီးလေးမှာမှ ဖိနပ်ချုပ် သမားရဲ့ သားနဲ့ယူရပါ့မလားဆိုပြီး စွန့်ပစ်ခဲ့မိကြတယ်. . ."

"သမီးလေး စောခက်နွယ်ဟာ မိမဲ့ ဖမဲ့ဘဝနဲ့ တောနယ် ဆေးရုံလေးမှာ မီးဖွားရင်း အသေဆိုးနဲ့သေခဲ့ရရှာတယ်. . . ဒါတွေအားလုံးဟာ ကျွန်တော်တို့ရဲ့ မာနတရားတွေ၊ ငွေကြေး အရှိန်တွေဟပ်မှုကြောင့် ဖြစ်ခဲ့ရတာလို့ . . ."

"ခုလို နှစ်ပေါင်းများစွာကြာမှ နောင်တရခဲ့မိပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

အဲဒီ နောင်တတရားကို အစားထိုးဖြေသိမ့်နိုင်ဖို့ အခွင့်ရေး
တွေးဆမိခဲ့ပါတယ်. . ."

"အဲဒါကတော့ ဆုံးရှုံးခဲ့ရတဲ့သမီးလေးရဲ့ ကိုယ်စား
ကျန်ရှိနေတဲ့ မြေးလေးကိုရှာဖွေခေါ်ယူပြီး ကျွန်တော်တို့ရှာခဲ့
သမျှ ပေးအပ်ခဲ့ရင် ဝဋ်ကြွေးကြေမယ်မဟုတ်ပါလားဗျာ"

အသံတွေတုန်ပြီး စကားဆက်တိုက်ပြော၍ မောဟိုက်
နေသော ဦးဘအိုကို ပြန်လည်နားနေစေပြီး ဆရာဝန်ကြီး
ဦးဇော်ဟိန်းက နားကျပ်နှင့် စမ်းသပ်ပေးနေ၏။ အခန်းဝ၌
စောင့်ဆိုင်းနေသော ဆရာမလေးခင်သန်းအေးကို လိမ္မော်ရည်
တစ်ခွက် တိုက်ကျွေးစေသည်။

ဘုရား ဒါယကာ ကျောင်းဒါယကာကြီး ဦးစံလူက. . .

"ဝဋ်ကြွေးကြေမယ်ဆိုတဲ့စကားတော့ မဟုတ်သေးပါဘူး
ဦးဘအိုရယ်၊ ခင်ဗျားလည်း ကျောင်းဒါယကာတစ်ယောက်ပဲ
သားသမီးကို ပေးတာကျွေးတာ ဝဋ်ကြွေးမှမဟုတ်ကဘဲဗျာ. ."

"စောခက်နွယ်ကို ပစ်ပယ်ခဲ့မိလို့ အခု ကျန်ရှိတဲ့
မြေးလေးကို ပေးကမ်းချီးမြှင့်တာ မင်္ဂလာတရားတော်အရ လူ
သာစုခေါ် နတ်သာစုခေါ် ကိစ္စပါ။ ကဲ. . . ကဲ ခင်ဗျားလည်း
ပန်းပြီ၊ နားပေဦးတော့"

"ဝတ်လုံတော်ရကြီးရေ. . . ကျွန်တော်တို့ အသိ
သက်သေလက်မှတ်ထိုးစရာရှိတာ ထိုးမယ်လေဗျာ"





ဦးစံလူဆော်ဩမှုကြောင့် ကိစ္စအားလုံးပြီးစီး၍ ပြန်ခါ
ဟာ. . .

"ကဲ. . ညည်းကို နောက်ဆုံးစကား မှာခဲ့ချင်တယ်
ကွယ်"

မန္တလေးမှ လူကြီးသူမများက မိန်းကလေးငယ်ကို
ညည်းဟူ၍ နာမ်စားသုံးတတ်ကြောင်း ယခုမှ နန်းခမ်းမိုကြား
သည်။

"ဒီပစ္စည်းတွေဟာ ကိုဘအိုနဲ့မစိန်ခက်တို့ သန့်စင်စွာ
ရှာဖွေထားတဲ့ ပစ္စည်းတွေဖြစ်တယ် . . .

"ညည်းလက်ထက်မှာ မပျောက်ပျက်အောင် ထိန်းသိမ်း
နိုင်ဖို့ကြိုးစား. . . 'မွေခံထိုက်စေ' ဆိုတဲ့ သားသမီးတို့ရဲ့ ဝတ္တရား
နဲ့အညီနေ. . . ကြားလား မိန်းကလေး"

"ဟုတ် . . . ဟုတ်ကဲ့ရှင်"

နန်းခမ်းမို ငိုပစ်လိုက်ချင်သည်။

ဤမျက်နှာစိမ်းလူကြီးများကြားတွင် အနေကျဉ်းကျပ်ရုံမျှ
မက ပစ္စည်းလက်ခံရသူမို့ လောဘသားဟုများ ထင်မလားဟူ
သော စိုးရွံ့စိတ် ရှက်ကြောက်စိတ်များကြောင့် ချုံးပွဲချ၍ ငိုပစ်
လိုက်ချင်ပါပြီ။

မောင်မောင်လည်း အနားတွင်မရှိတော့။ သူပြန်သွား
ခဲ့လေပြီ။


www.burmeseclassic.com

www.burmeseclassic.com

ဤစည်းစိမ်နှင့် ဤတိုက်ကြီးတို့သည် မီးနှယ်ပူသည်ဟု ခံယူမိသည်။

နမ့်ခမ်းမြို့မှ "အမေ့အိမ်" သည်အေးမြငြိမ်းချမ်းခြင်း အပေါင်းနှင့်ဖွဲ့ စည်းထားသော "နှင်းပွင့်အိမ်" လေးနှယ် ရင်ငြိမ်းဖွယ်ကောင်းလှပါပေသည်ဟု တင်စားယှဉ်နှိုင်းနေမိပါ ၏။

လူကြီးများနှုတ်ဆက်ပြန်သွားချိန်ကျကာမှ ဝရန်တာ ဘက်ထွက်ပြီး အသက်ကိုတဝကြီးရှူပစ်လိုက်မိသည်။

ခြံထောင့်ရှိ ကသစ်ပင်အောက်မှာ ထိုင်နေသော နေဦးနိုင်ကို နန်းခမ်းမို မမြင်။

ရိုးတံပြိုင်းပြိုင်းနှင့် သစ်ကိုင်းကြီးများ၏ ထိပ်ဖျားဆီမှ နီရဲနေသော ကသစ်ပွင့်ချွန်ချွန်များကို ငေးကြည့်နေမိသည်။

နီထွေးသော ပန်းသည်ပင်လျှင် ရိုးတံပြိုင်းပြိုင်းများ ကြားမှာမို့ မလှပတော့။

အပူရင်နှင့် ကြည့်လို့လားမသိ။ အညာမြေ၏ နွေသရုပ် က ကြည့်လေတိုင်းမှာ ခြောက်သွေ့ပူပြင်းလှချေသည်။

နွေ၏ဒဏ်ကို ခံစားရခြင်းမှ ထာဝရကင်းလွတ်ခဲ့သော မောရှမ်းမြေမှာဖြင့် ကြည့်လေရာနေရာတိုင်းမှာ နှင်းငွေ့မှုန်နှင့် နှင်းပွင့်လွှာတို့ ခိုနားရာ သစ်ပင်၊ သစ်ကိုင်း အုပ်အုပ်ဆိုင်းဆိုင်း နှင့် စိမ်းမြရောင်ခြယ်နေကြသည်သာ။

ကြောင်နှစ်ကောင်စာအုပ်တိုက်



မောရှမ်းမြေကို တမ်းတစိတ်နှင့်အတူ ကိုကို့ကို လွမ်း ခြင်းဝေဒနာတို့ဖြင့် ကသစ်ပင်ကြီးကိုငေးနေသော နန်းခမ်းမို ကို လှမ်းမော့၍ကြည့်နေသူ နေဦးနိုင်က. . .

ဒီနေ့ ဒီအချိန်ကစပြီး ဒီခြံကြီးနဲ့ပစ္စည်းအားလုံးကို ပိုင်ဆိုင်တဲ့သူဌေးမလေးဖြစ်သွားပြီ။

မခမ်းမိုရယ် . . .

ကျွန်တော်နဲ့မခမ်းမိုက အလှမ်းဝေးကွာလှချေလားဗျာ။

ကျွန်တော့်ဘဝ ကျွန်တော်နားလည်စွာ နောက်ဆုတ် ပါမယ်။ ကျွန်တော့်ရင်က မေတ္တာတရားကို ဘယ်သောအခါမှ ဖွင့်ဟမပြောကြားတော့ပါဘူးလို့ ကျွန်တော်ခုပဲ ဆုံးဖြတ်လိုက် ပါပြီ။ သန္နိဋ္ဌာန်ချလိုက်ပါပြီ မခမ်းမိုရယ်။

မိမိ၏ နှလုံးသားသာ ကြားနိုင်သော စကားများကို ပြော ကြားပြီး သူ့ကိုမမြင်သော နန်းခမ်းမိုကို သူ ကြာမြင့်စွာ မော့ ကြည့်နေခွင့်ရသည်။

လွန်ခဲ့သောသုံးရက်ကပင် မောင်မောင် နမ့်ခမ်းသို့ ပြန် သွားခဲ့လေပြီ။

မောင်မောင့်ကိုယ်စား နှမသားချင်းလေးလို စောင့် ရှောက်လိုသည့် စေတနာများပါ သူ့မေတ္တာတရား၌ ပေါင်းစပ် ပါဝင်ပါ၏။

သိန္ဓိ-ကွတ်ခိုင် အထက်မှ မောရှမ်းဆိုသော ရှမ်းကြီးမျိုး

ကြောင်နှစ်ကောင်စာအုပ်တိုက်
www.burmeseclassic.com

www.burmeseclassic.com

နွယ်စုတို့မှ ရှမ်းမလေးများသည် အလွန်လှပကြသည်။ အ[illegible]သဖြင့် ဝါရွှေကြည်လဲ့သော အသားအရေကို အမျိုးသမီးတို[illegible]ပိုင်ဆိုင်ကြပါ၏။

ဩော် . . တစ်ချိန်က မခမ်းမိုတို့ မွေးရာဇာတိ[illegible]ဖြစ်တဲ့ နမ့်ခမ်းနဲ့ မူဆယ်ကြားက စယ်လ(စယ်လန့်)ရွာ[illegible]စော်ဘွားသမီးတော် စောမွန်လှဟာ သိပ်လှတယ်ဆိုတာ ဖြစ်နို[illegible]ပါတယ်။

လှလွန်းလို့ မြန်မာပြည်ရဲ့ လျှမ်းလျှမ်းတောက် ဘုန်[illegible]တန်ခိုးကြီးရာ အနော်ရထာမင်းမြတ်ထံအထိ ဆက်သခဲ့တယ်[illegible]တာ ဟုတ်မှာပါ။

ဒီလောက်လှတဲ့ မိန်းမမြတ်ဟာ . . မင်းမိဖုရားအဖြစ်[illegible]သာ ထိုက်တန်မှာပါလေ။

သိပ်လှပြီး သိပ်ချမ်းသာသွားတဲ့မခမ်းမိုအတွက်လည်[illegible]ထိုက်တန်မယ့် အနော်ရထာလိုလူ ပေါ်လာမှာပါဗျာ။

ကျွန်တော် တစ်ခုဆုတောင်းပေးလိုက်ချင်ပါရဲ့ မခမ်းမို[illegible]ရယ်။

အနော်ရထာလို ခံ့ညားတာသာမြတ်နိုးပြီး သူတစ်ပါ[illegible]ကြားဝင်တာကို ယုံကြည်စိတ်နဲ့ နှင်လွှတ်လိုက်တဲ့သူမျိုးနဲ့ မတွေ[illegible]ပါစေနဲ့။

စွန့်လွှတ်နိုင်ရက်တဲ့ အနော်ရထာလိုလူစားနဲ့ မဆုံ[illegible]





[illegible]သည်းပါစေနဲ့ဗျာ။

နေဦးနိုင်က နန်းခမ်းမိုကိုကြည့်ပြီး တမ်းတမ်းတတ[illegible]ကျွမ်းကျွမ်းမြည့် မြည့်ဖြစ်နေသည်ကို နန်းခမ်းမို လုံးဝမတွေ့[illegible]မသိ၊မမြင်မိပါချေ။

✦


www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၃)

"ဟာ. . ဟာ. . အို ကိုကို. . ကိုကိုရယ်. . ."

ကိုကို့ကို ပြန်လည်မြင်တွေ့လိုက်ရသဖြင့် ဤလောက ၌ရှိသော အကြီးမားဆုံးအားအင်တို့သည် နန်းခမ်းမို့၏ အားငယ်နေသော နှလုံးသားဆီ သို့ရုတ်ခြည်းခိုဝင်လာ၏။

"ည . . ညမ . . ညီမလေး"

နန်းခမ်းမို့ထက်ပင် တုန်ယင်လှုပ်ရှားနေသူက ကိုကို

သူတို့ရပ်တည်နေသော လောကကြီးတစ်ခုလုံး ပျောက် ဆုံးသွားခဲ့ပြီ။

ဤကမ္ဘာကြီးပေါ်၌ သက်ရှိသတ္တဝါတို့နေကြသည်ဟု မထင်။

ဤဝန်းကျင်၌ သူတို့နှစ်ဦးတည်းသာရှိသည်ဟု ထင်၏ မြင်၏။

"ကိုကို"





"ညီမလေးရယ်"

ရင်ချင်းအပ်လျက် တင်းကျပ်မွတ်သိပ်စွာ ဖက်တွယ် ထားမိကြသည်။

စတင်လှုပ်ရှားသူကတော့ နန်းခမ်းမို့ပါပဲလေ။

"ကိုကို ဘယ်တုန်းက ရောက်တာလဲ၊ ဘာလာလုပ်တာ လဲဟင်"

"ညီမလေးဆီ လိုက်လာတာပေါ့ကွယ်"

"အို . . ကိုကို . . ကိုကို ငိုလို့ပါလား"

ကိုကို့မျက်ဝန်းဆီမှ မျက်ရည်တို့ကိုမကြည့်ချင် မမြင် ချင်။

"ဘာဖြစ်လို့လဲ ကိုကိုရယ်"

"မမေးပါနဲ့ကွယ်"

"မေးပါရစေ . . ကိုကို ဘာလို့ ငိုတာလဲဟင်"

"ညီမလေးနဲ့ ပတ်သက်ပြီး ခံစားရလွန်းလို့ပေါ့ကွယ်"

"ဟင်"

"ကိုကိုငိုတာ ညီမလေးဘယ်နှစ်ခါမြင်ဖူးခဲ့သလဲ"

ဟုတ်ပါရဲ့ ခမ်းမို့နှင့်ခွဲခွာခါနီး ကိုကိုငိုတာကို ပထမဆုံး မြင်ဖူးခဲ့ရခြင်းပါ။

"ညီမလေး မောင်မောင်နဲ့ပေးလိုက်တဲ့ စာဟာ ကိုကို့ ရင်ကို သိပ်ထိခိုက်စေခဲ့ပါတယ်။ ဒါကြောင့် အဲဒီစာ ရပြီးပြီးချင်း


www.burmeseclassic.com

www.burmeseclassic.com



ကို ထလိုက်လာခဲ့တာ"

"ဟင် . . သူများပေးတာ စာမှမဟုတ်တာ"

"စာပေးတာထက် ပိုပြီး ထိရောက်ပါတယ်ဗျာ"

"ကဲ . . လာပါ ကိုကိုရယ်၊ ဧည့်ခန်းမှာထိုင်ပြီး စကား ပြောရအောင်ပါ၊ တော်သေးတယ်။ အိမ်ရှေ့ခန်းမှာ ဘယ်သူ ရှိမနေလို့"

နန်းခမ်းမိုက ဦးဆောင်ပြီး ဧည့်ခန်းထဲကို ခေါ်သွား သည်။

ကိုကိုက မဝံ့မရဲဖြစ်နေရှာသည်။

"ညီမလေး ပိန်သွားတယ်"

"ကိုကို့ကိုလွမ်းလို့"

"အသားတွေလည်း မည်းသွားတယ်နော်"

"ဒါလည်း ကိုကို့ကိုလွမ်းလို့ပဲ"

နန်းခမ်းမိုက ရယ်မောပြီးပြောတော့ ကိုကိုပြုံးလာသည် နှလုံးသည်းပွတ်ထက် မြတ်နိုးရသော ညီမလေးနှင့်ခွဲခွာရသည် မှစ၍ ပထမဆုံး ပြုံးမိသော အပြုံးဖြစ်လေ၏။

"အမေနဲ့အဖေရော နေကောင်းရဲ့လား ကိုကို"

"နေကောင်းတယ်၊ စာတွေလည်း ပေးလိုက် ပါတယ်။ ညီမလေး မရှိတော့လေ. . . တစ်ယောက်နဲ့ ယောက်တောင် စကားမပြောဖြစ်ကြဘူး။ တစ်အိမ်လုံးလ





တိတ်ခြောက်လို့ပါပဲကွယ်။ ညီမလေးမရှိတာ တစ်အိမ်လုံး အတွက် အဓိပ္ပါယ်မဲ့သွားသလိုပါပဲ"

"ကိုကိုပဲ နှင်လွှတ်ပြီးတော့"

"ကိုကို့အသည်းတွေ ကြွေကျရမယ့် စကားတွေမပြော ပါနဲ့တော့လေ"

"ကိုကို ညီမလေးကို တကယ်ပဲလွမ်းရဲ့လား"

"ကိုကို့ရုပ်ကိုပဲ ကြည့်လေ"

ယခုမှ. . . ကိုကိုပြောလေမှ ကြည့်မိသည်။ သတိထား လိုက်မိသည်။ ခွဲခွာရစဉ်ကာလက မကြာလှသော်လည်း ကိုကို့ ရုပ်များစွာ ကျဆင်းသွားသည်။ အတော်ချည်းပိန်ကျသွားရုံမက မုတ်ဆိတ်မွေးနှင့် ပါးမြိုင်းမွေးများပါမရိတ်သိမ်း။ သိပ်လှသော ကိုကို့ရုပ်က သူ့အသက်ထက်များစွာရင့်ရော် အိုစာသွားခဲ့ချေပြီ။

"ဟုတ်ပါရဲ့ ကိုကိုရယ်၊ ဒါတွေ ရိတ်လိုက်ဦးလေ"

ကိုကို့ပါးကို သူ့လက်ဝါးလေးနှင့်ကပ်ပြီး ပြောတော့ ကိုကိုက ခမ်းမို၏လက်ကို အုပ်ကိုင်ဆုပ်ထားရာက. . .

"ဒီတစ်ခါ ကိုကိုလိုက်လာတာ ညီမလေးနဲ့ ဘယ်တော့မှ မခွဲတော့ဘူးဆိုတဲ့ ဆုံးဖြတ်ချက်နဲ့ ကိုကိုလိုက်လာခဲ့တာ မိုမို"

"ဟင်"

"ဟုတ်တယ်၊ ညီမလေး ဒီမှာပျော်နေရင် ကိုကိုပါ နေ ယ်၊ မပျော်လို့ နမ့်ခမ်းကိုပြန်မယ်ဆိုရင်လည်း ကိုကိုနဲ့အတူပြန်



www.burmeseclassic.com

www.burmeseclassic.com

ပြီး ဟိုမှာပဲ အသက်ထက်ဆုံးနေကြမယ်"

"အယ်. . ဘယ်သူက လိုက်မယ်ပြောလို့လဲ၊ ကိုကို့ကို တစ်သက်လုံး မကျေနပ်ဘူး . . သိလား"

"ဘာများလဲဗျာ"

"သူများ ဒီလာခါနီးတုန်းကလေး ကိုကိုအတွေ့မခံတာ နှုတ်မဆက်တာကိုပေါ့"

"ညီမလေး ခမ်းမို"

"ဟင်"

"ကိုကို ဘာလို့ မနှုတ်ဆက်လဲသိလား"

"ဘယ်သိမှာလဲ"

"ကိုကို့မျက်ရည်ကို ညီမလေးမြင်မှာစိုးလို့ပါဗျာ"

"ကိုကို တကယ်ငိုလား"

နှုတ်ခမ်းစေ့ရင်း ပြုံးပြီးခမ်းမိုကို စိုက်ကြည့်နေသည် သူ ဖြေနေစရာ မလိုတော့။

"ညီမလေး"

"ရှင် . . ကိုကို"

"ကိုကို တစ်ခုတောင်းပန်ပါရစေ"

"ပြောပါ ကိုကို"

"ညီမလေးရှိရာ အရပ်ကနေ ကိုကို့ကို ပြန်မခိုင်းပါနဲ့ ကွယ်"





"ကိုကိုရယ်"

"ဟုတ်တယ်၊ အမေက မှာလိုက်တယ်၊ မင်းနဲ့ ခမ်းမိုနဲ့ ကွဲလို့ရတော့မှာ မဟုတ်ပါဘူးတဲ့။ သူနေချင်လည်း မင်းပါနေ၊ သူပြန်ချင်လည်း မင်းပါလိုက်ပြန် လာခဲ့တော့တဲ့"

"ဟင် . . . အမေက . . "

"ဟုတ်တယ်လေ၊ အမေက ခမ်းမိုကို ကိုကိုသိပ်ချစ်နေပြီဆိုတာ သိတာပေါ့"

"ခမ်းမိုကို ကိုကို သိပ်ချစ်နေပြီ"ဆိုသော စကားစုသည် နန်းခမ်းမို၏ နှလုံးသည်းပွတ်မှာ စူးနစ်စိုက်ဝင်လာသည်။

ခမ်းမို ကိုကို့ကို မကြည့်ရဲတော့ ခံစားမှုနှလုံးသားသည် ပွင့်ကွဲတော့မတတ်၊ လှုပ်ခါယမ်းနွဲ့နေ၏။

ကိုကိုလည်း အမှတ်မထင် ပြောလိုက်ပြီးကာမှ နောင်တ ရသွားသလိုလို၊ ဘာစကားမှမဆက်ဝံ့။

နှလုံးသားနှစ်ခု လှိုက်ခုန်လှုပ်ရှားနေသည်နှင့် မလိုက် ဖက်စွာ . .

နှစ်ယောက်သားငြိမ်နေကြသည်။ တစ်ယောက်နှင့် တစ်ယောက် မမြင်ဖူးသော သူစိမ်းများနှယ်၊ မကြည့်ရဲကြတော့။

"သိပ်ချစ်နေပြီ"

ဆိုသော စကားကို အပြောလောသွားသည့်အတွက် ကိုကို ယူကျုံးမရနိုင်လောက်အောင် ရင်၌ထိခိုက်သွားရပါပြီ။



www.burmeseclassic.com

www.burmeseclassic.com

ရည်ရွယ်ရင်းမရှိ၊ စိတ်ထဲရှိသမျှ ပြောချလိုက်မိ၍သာ ယခုလို ညီမလေးစိတ်၌ အနှောင့်အယှက်ဖြစ်ရရှာပြီ။

"ညီမလေး"

မတတ်သာတော့ သတ္တလောကသားအားလုံး ဦးဆောင်ရလေသော ယောကျ်ားသား မိမိကပင်လျှင်. . .

"ကိုကိုပြောတာ စိတ်ဆိုးသွားလားဟင်"

နန်းခမ်းမို ငြိမ်နေသည်။ ခုန်လိုက်သည့်ရင် တစ်ကိုယ်လုံးလည်း ရှိန်းမြပူနွေးပြီး ချွေးသီးဥလေးများပင် ခိုသီးလာ၏။

"ကိုကို့ကို စိတ်မဆိုးပါနဲ့ကွယ်၊ ညီမလေးမကြိုက်ရင် ကိုကို့ရင်ထဲကို စောစောက စကားတွေ ပြန်ထည့်ပြီး တစ်သက်လုံး သိမ်းထားမှာပါ။ ဒီမှာ ညီမလေး"

"အင်"

"ကိုကိုဟာ ကိုကိုမဟုတ်ဘူး၊ ညီမလေးဘဲ။ ညီမလေးဖြစ်စေချင်တာ ကိုကို့ဆန္ဒပဲ၊ ညီမလေးလုပ်ချင်တာဟာ ကိုကို့ရဲ့ဆောင်ရွက်ချက်ပဲ၊ ဒါကြောင့် အရာအားလုံးဟာ ညီမလေးပေါ်မှာဘဲ မူတည်နေပါတယ်ကွယ်"

"ကိုကို"

"ဗျာ"

"ကိုကိုလည်း ခရီးပန်းလာတယ်၊ ရေချိုး . . အဝတ်စားလဲလိုက်ပါလားနော်"





"ကောင်းပါပြီ ညီမလေး"

"ပြီးရင် အပြင်မှာ ထမင်းသွားစားကြမယ်နော် ကိုကို"

"ညီမလေး သဘောပါဗျာ"

"ပြီးတော့လေ. . တစ်နေရာရာကို သွားကြရအောင်လား ကိုကိုရယ်နော်"

ကမ္ဘာလောကကြီးမှ ပိုင်ဆိုင်သော အလင်းရောင်များထက် ပိုမို၍ ကြည်လက်ဝင်းပသော အပြုံးများကို နှစ်ယောက်သားပြိုင်တူ ပြုံးဖြစ်ကြပါသတည်း။

✦


www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၄)

ဧရာဝတီသည် စစ်ကိုင်းတံတားအောက်ခြေမှ ငုံ့လျှိုးကာ မင်းဝံတောင်တန်းပေါ်မှ စေတီပုထိုးများစွာကို ဦးခိုက်ပူဇော်ပြီး အကြွေဘက်သို့ ဆက်လက်စီးဆင်းသွားနေသည်။

ဗေဒါတို့သည် အုပ်စုလိုက် အုပ်စုလိုက် အဖွဲ့ခွဲလေးများခွဲပြီး ဧရာဝတီ မြစ်ကြောနှင့်အတူ သူတို့လည်း ခရီးဆက်ကာ လိုက်ပါနေကြသည်။

မင်းဝံတောင်တန်းတည်ရှိရာ စစ်ကိုင်းဘက်ကမ်းမှနေ၍ မန္တလေးမြို့ရှိရာသို့ 'ငှက်'ဆိုသော သမ္ဗာန်လေးတစ်စင်း ကူးလာနေသည်။

ဧရာဝတီကို ကန့်လန့်ဖြတ်ကူးခဲ့ရ၍ ငှက်ကလေးသည် လှိုင်းတို့အပေါ်မှာ လှိုက်ခုန်လွန့်လူးနေ၏။

လူးနေသော လှေကလေးပေါ်၌ ရွှင်မြူးနေကြသော အချစ်ဆုံးနှစ်ယောက်။





"ကိုကိုနှင့်ညီမလေးမိုမို"

ငှက်သမ္ဗာန်လေးနားသို့ ကပ်လာသော ဗေဒါအုံလေးကိုနန်းခမ်းမို လှမ်းဆွဲယူလိုက်ပြီး ပန်းဗေဒါပင်ရိုးကို ချိုးဖြတ်၏။ ပြီးတော့ ဥစိမ်းဖောင်းဖောင်း လေးများ တွဲနေသည့်ဒိုက်ဖောင်တစ်ဖွဲ့ကိုရေ၌ ပြန်မျှောလိုက်ပြီးကာမှ. . .

"ကိုကိုရေ. . . ကြည့်ပါဦး"

ဗေဒါခိုင် ပြာပြာလေးကိုင်၍. .

"ခမ်းမိုတို့ မောရှမ်းက ခရမ်းပြာရောင် စိန်ပန်းပွင့်လေးနဲ့ အရောင်ချင်းခပ်ဆင်ဆင်ပဲနော် ကိုကို"

"အင်း. . အရောင်ချင်းသာဆင်တာ၊ ပွင့်ပုံချင်းကတော့ တခြားစီပဲ"

"ဟင်. . ကိုကိုကလည်း ၊ အရောင်တူတာ ပြောတာပေါ့ လို့"

"အေးပါ"

"ဟိုစိန်ပန်းပြာက ပင်လယ်ရေမျက်နှာပြင်အထက် ပေပေါင်းသုံးလေး ထောင်လောက်မှာမှ ပွင့်ကြ ကြွေကြတာလေ ကိုကိုရယ်၊ ဒီဗေဒါက ပင်လယ် ပြင်နဲ့တဆက်တည်း လိုဖြစ်နေတဲ့ ဧရာဝတီရဲ့ရေမျက်နှာပြင်ပေါ်မှာ ပေါက်ရတာ၊ ပွင့်ပုံချင်း ဘယ်တူပါ့မလဲ၊ အရောင်ချင်း သွားဆင်နေတာကို ပြောတာပေါ့"

"အဲဒီပန်းနှစ်မျိုးက အရောင်ချင်းတူသလိုလို ရှိပေမယ့်


www.burmeseclassic.com

www.burmeseclassic.com


အနိမ့်အမြင့်ချင်းက သိပ်ကွာနေတယ် ညီမလေးရဲ့"

"ဟုတ်တယ်နော် ကိုကို"

"ကိုကိုနဲ့ ညီမလေး ခမ်းမိုတို့ရဲ့ ဘဝအတိုင်းပေါ့"

"ဟင်. . . ဘာပြောတယ်ကိုကို"

"ရင်ထဲက အရောင်အသွေးချင်း တူပေမယ့် ဘဝရဲ့ အနိမ့်အမြင့်ကျတော့ အဲဒီပန်းလေးနှစ်မျိုးအတိုင်းပါပဲ ခမ်းမို ရယ်"

"ကိုကိုနော်၊ သူများ ငိုပစ်လိုက်မှာ သိလား"

BURMESE CLASSIC .com

"ဒါတော့ မလုပ်လိုက်ပါနဲ့ဗျာ"

သူတို့နှစ်ဦး၏နောက်မှာ သမ္ဘာန်သမားကြီး သမ္ဘာန် ခတ်နေသည် ဆိုသည်ကိုပင် သတိမရကြတော့ . . .

ကိုကို့ပခုံးစွန်းမှာ ခေါင်းမှီလာသော နန်းခမ်းမို၏ ပခုံး ကလေးကို သိုင်းဖက်ထားလိုက်သည်။

မနေ့ကပင် တစ်ဦး၏နှလုံးသားရင်ပြင်ကို တစ်ဦးက မြင်တွေ့ခွင့် ပေးခဲ့ကြလေပြီ။ ပွင့်လင်းသော ချစ်သတင်းလေး များတို့လှယ် ပေးဆက်ခဲ့ကြပြီးပါပြီ။

ဂန္ထဝင်အချစ်ရှင်တို့ထက် မလျော့နည်းသော အချစ် ပိုကဲမည့် အချစ်များနှင့် ချစ်ကြမည့်အကြောင်းလည်း ချစ်ခွန်း ခြွေခဲ့ကြပြီးပါပြီ။

ယနေ့တော့ မနက်အစောကြီးကပင် စစ်ကိုင်းဘက်



ကမ်းသို့ ကားလမ်းမှကူးခဲ့ကြ၏။ မင်းဝံတောင်တန်းပေါ်မှာ သစ္စာတိုင်အချစ်များနှင့် ဘုရားရှင်ရှေ့မှောက်မှာ ပန်ဆုများ တောင်းဆိုခဲ့ကြပြီးပါပြီ။

"ချစ်လေးရယ်. . . ကိုကို သိပ်ပျော်တာပဲကွယ်"

"ခမ်းမိုရောပဲပေါ့"

"ကိုကို့အချစ်လေးကို ပိုင်ဆိုင်ခွင့်များမရတော့ဘူးဆိုရင် ကိုကိုတော့ ရူးသွားမှာပဲထင်တယ်"

"ခမ်းမိုကျရင်တော့ ရူးတဲ့အထိခံစားနေမှာမဟုတ် ဘူး၊ တစ်ခါတည်း ဟောဒီ ဧရာဝတီကြမ်းပြင်ပေါ်မှာ ဆင်းအိပ်နေ လိုက်တော့မယ်"

"မပြောကောင်းပါဘူးကွာ"

"ကိုကို"

"ချစ်"

"ကိုကိုနဲ့ ခမ်းမိုတို့မှာ ပိုင်ဆိုင်ခွင့်မရဘူးဆိုတာများ ရှိနိုင်ဦးမှာလား ကိုကိုရယ်"

"သြော်. . အခြေအနေချင်းက ခြားသွားခဲ့ပြီလေကွယ်"

"ဘာလဲ. . ခမ်းမိုချမ်းသာသွားပြီ ဆိုတာကို ပြောတာ လား"

"ဒါပေါ့"

"ဒီမှာ ကိုကို"


www.burmeseclassic.com

www.burmeseclassic.com

"ဗျာ"

"အခုရရှိမယ်ဆိုတဲ့ ဥစ္စာရတနာတွေထက် အဆ ပေါင်းများစွာ တန်ဖိုးရှိတဲ့ ရတနာဟာ ကိုကိုပါ၊ ကိုကို့ထက် တန်ဖိုးရှိတဲ့အရာ ခမ်းမိုဘဝမှာ ဘာမှမရှိနိုင်ပါဘူး ကိုကိုရယ်"

"ချစ်ရယ်. . ချစ်ကလေးကိုချစ်ရလွန်းလို့ ကိုကို့ရင်တွေ ကွဲထွက်တော့မယ်ထင်ပါရဲ့"

"ကိုကိုရယ်ကွယ်"

ကိုကို့ လက်ခုံကိုဆွဲယူပြီး နှုတ်ခမ်းလေးနှင့်ငုံခဲဖိကိုက် လိုက်ပြီးမှ အားပါးတရ နမ်းရှိုက်ပစ်လိုက်တော့ ကိုကို၏ ကြည် နူးရယ်သံလှိုင်းလေးသည် ဧရာဝတီတစ်ဆုံးထက် ရှည်ဝေးစွာ လွင့်ပျံ့၏။

ကိုကိုဆိုသည့်သူကို နန်းခမ်းမို ချစ်သည့်အချစ်က ဘယ် မိန်းကလေးမှ လိုက်မမီအောင် ချစ်သည့် အတုမဲ့အချစ်မျိုးပါ။

ကိုကို့အတွက်ဆိုလျှင် ဘာမဆိုစွမ်းဆောင်ရဲသလို အရာ ခပ်သိမ်းကိုလည်း စွန့်လွှတ်ရဲသော အင်အားသတ္တိရှိစွာချစ်ပါ ၏။

ကိုကိုသည်သာ သူ့ဘဝအတွက် အလိုအပ်ဆုံးသော ရတနာ။ အရာအားလုံးကိုဖန်တီးစွမ်းဆောင် ပေးနိုင်မည့် တန်ခိုးတော်ရှင်။

ကိုကိုရှိနေလျှင် အရာအားလုံးပြည့်စုံစွာ ဖြစ်ထွန်းနိုင်ပါ





ါ။

ခမ်းမိုဘဝမှာ ကိုကိုမရှိလျှင် မဖြစ်။

ကမ်းကိုကပ်တော့မှ သူတို့နောက်မှာလူတစ်ယောက် ပါလာပါလား ဟူ၍ သတိရသည်။ ကိုကို ကိုယ်တိုင်ရှက်ပြုံးနှင့် သမ္မာန်ခပေးရ၏။ နန်းခမ်းမို ကတော့ ခေါင်းကိုမဖော်ရဲတော့။

"ကိုကို့ချစ်လေး ရှက်နေလား"

"ဟိုလူကြီးပြန်သွားပါပြီ ရှက်တော့ဘူး"

ကမ်းပေါ်သို့ လက်တွဲလျှက်တက်ခဲ့ကြသည်။ သူတို့၏ နောက်ကျောမှ ဧရာဝတီက သူတို့ကိုစောင်းငဲ့ လှည့်ကြည့်ရင်း ဆက်လက်၍စီးဆင်းသွားတော့သည်။

သူတို့၏ဘေးဘက်မှာတော့ ခန့်ထည်သော ဣန္ဒြေကြီး နှင့် သူတို့ကို ကြည့်နေသော အင်းဝတံတားကြီး။

သူတို့ဦးတည်နေသည်က ရွှေကြက်ယက်၊ ရွှေကြက်ကျ ကုန်းမြေဆီသို့ပါ။

"ကိုကိုပြန်ရင် ခမ်းမိုလည်းလိုက်ခဲ့မှာနော်၊ ဒီတစ်ခါခမ်းမို ကို ခွဲမသွားပါနဲ့တော့ကိုကိုရယ်"

"ကိုကို့တစ်ယောက်တည်း နှင်မလွှတ်နဲ့၊ ညီမလေးကို မခွဲနိုင်တော့ပါဘူးလို့ ကိုကိုကလည်းခုပဲပြောမလို့ဗျ"

"အား. . . ကိုကိုရဲ့"

မချင့်မရဲစိတ်နှင့် တအားကျုံးဖက်ပစ်လိုက်တော့ ခမ်းမို



www.burmeseclassic.com

www.burmeseclassic.com

လန့်အော်မိသည်။ ပြီးတော့ တိုးတိတ်သော ကြည်နူးမှုရယ်
လွှင်က မင်းဝံတောင်တန်းသို့တိုင် ရိုက်ခတ်ပြီး ပဲ့တင်သံပြ
လာသည်ထင်ပါ၏။ ချစ်သူ ရယ်သံလေးက တော်တော်နှင့်မလွ
ပြယ်နိုင်။ နားထဲမှာ စွဲနေသည်။ နှလုံးအိမ်ပေါ်မှာ တည်နေ
၏။

"သိပ်ပျော်တာပဲချစ်ရယ်၊ ဒီလိုသာ ပြေလည်မယ်မှန်း
သိရင် ကိုကို အစောကြီးတည်းက လိုက်လာခဲ့တာပေါ့"

"သူ့ဟာသူ ဖြစ်နေပြီးတော့ဟင်း . . သူများလာခါ
အတွေ့မခံတာ တစ်သက်လုံး မကြေဘူး"

"ဘယ်နေရာမှာ ဖုနေသလဲ"

"ကိုကိုနော်"

"အဟား . . ဟား . . အညောင်းကို ပြေသွားတာ

"ဒီဘစ်ခါနာအောင် ထပ်ထုလိုက်မှာနော်"

ရွယ်နေသော လက်သီးဆုပ်ကလေးကို ဆုပ်ဆွဲ
လိုက်ပြီး လှေပေါ်မှာပြခဲ့သော ခမ်းမို၏ချစ်သင်္ကေတကဲ့သို့
ကိုကိုက ခမ်းမို၏လက်ခုံလေးကို ငုံခဲထားပြီးမှ အားပါးတ
နမ်းရှိုက်လိုက်တော့သည်။

"သိပ် ချစ်စရာကောင်းတဲ့ ခမ်းမိုလေးရယ်"

ကိုကိုက ခမ်းမိုမျက်နှာလေးကို ဆွဲမော့ပြီး အနီးက
ပြောလာသည်။ ပါးပြင်ထက် နှုတ်ခမ်းပေါ်သို့ဖြင့် အနမ်းပွ





လေးများမကြွေဖြစ်အောင် ကိုကို ထိန်းသိမ်းထားရှာပါလေသည်။

"တို့ ညီမလေးမှ တကယ်ပညာရှိ"

"အောင်မယ် . . ကိုကိုကလည်း မြှောက်နေပြန်ပါပြီ
ဆယ်တန်းအောင်ရုံ ရှိပါသေးတယ်နော်။ တက္ကသိုလ်တောင်
တက်ခွင့်မရသေးပါဘူး။ အမှတ် စာရင်းတောင် မထွက်သေးလို့
ဘာမေဂျာရမယ်မှန်းတောင်မှ မသိသေးတာ"

"ဒါကို ပြောတာမဟုတ်ဘူး၊ ညီမလေး မောင်မောင်နဲ့
ပေးလိုက်တာကို ပြောတာ"

"သြော် . . . ဒါလား၊ ဒါကြောင့် ကိုကို လိုက်လာတာ
ကိုပြောတာလား"

"ဒါပေါ့"

"ဒါလေးက ဒီလောက် ထိရောက်တယ်လား"

"ထိရောက်လို့သာ ကိုကို ညီမလေးဆီရောက်လာခဲ့
တာပေါ့"

"ဒီလိုမှန်းသိ အစောကြီးတည်းကပေးတယ်"

ရယ်သံတို့ပြိုင်တူ

မောင်မောင်နှင့် နန်းခမ်းမိုတို့ မန္တလေးမြို့သို့ ရောက်
လာကြပြီး ရက်ပေါင်းများစွာကြာမှ ဆယ်တန်းစာမေးပွဲအောင်
စာရင်းထွက်သည်။ မောင်မောင်က သင်္ချာဂုဏ်ထူးတစ်ဘာသာ
ပါပြီး ခမ်းမိုက ရိုးရိုးအောင်သည်။


www.burmeseclassic.com

www.burmeseclassic.com

"အဖေနဲ့အမေဆီ ငါပြန်ဦးမှ မိုမို၊ ငါ ဂျော်လော်ကို လောက်တော့ရမယ်ထင်တယ်။ မန္တလေးတက္ကသိုလ်တက်ဖို့ကိစ္စ ပြန်ဆွေးနွေးဦးမှ၊ နင့်အတွက်က တော့ အမေတို့တာဝန်ယူစရာ မလိုတော့ဘူးလေ"

"အေးပေါ့"

"ငါ အမေကို သိပ်အောက်မေ့နေတယ်လို့ပြောပါ"

"ကိုကို့ကိုလည်း သိပ်လွမ်းနေတယ်လို့ ပြောလိုက် မယ်နော်"

"မပြောပါနဲ့ဟာ သူမှ ငါ့ကိုမလွမ်းတာ၊ ကိုကို့အတွက် ငါ လက်ဆောင်လေးတစ်ခုပဲ ပေးလိုက်ချင်တယ်"

"ပေးလိုက်ပေါ့"

စာအိတ်ထူတစ်လုံးထဲမှာ နန်းခမ်းမိုထည့်ပေး လိုက်သည့်အရာက စာတစ်လုံးမျှမပါ။

စိန်ပန်းခရမ်းပြာပွင့်ခြောက်ကလေးများကို စက္ကူဖြူ တစ်ရွက်ပေါ်မှာ ကော်နှင့်ကပ် အပ်နှင့်ချုပ်ပြီး ကွဲအက်မွကြေ နေသော အသည်းပုံသဏ္ဌာန်လေးလုပ်ပေးလိုက်သည်။

စူဠသုဘဒ္ဒါသည် ဆဒ္ဒန်ဆင်မင်း၏အစွယ်ကို ရင်ဝယ် ပိုက်စဉ်က ခံစားမှုမျိုးလို။

ကိုကိုသည် ခမ်းမိုပို့လိုက်သော ခရမ်းပြာ ပန်းခြောက် လေးများ အသည်းကွဲနေပုံသရုပ်ဖော်ကို ရင်မှာပိုက်လျက်





သုဘဒ္ဒါလို ရင်ကွဲနာကျပြီး လဲ မကျဖြစ်အောင် အားတင်း၍. .

အသည်းတွေကွဲနေရပါပြီဆိုသော ညီမလေး၏ စာမဲ့ သင်္ကေတကြောင့် ချက်ချင်းထလိုက်လာဖြစ်ခဲ့လေသော ကိုကို . .

မဝေးကွာသေးသည့် အတိတ်အကြောင်းလေးများကို ပြန်လည်တွေး မိနေကြသည်။

"မိုးတွေတောင် ညိုလာပြီနော် ညီမလေး၊ ထီးလည်း မပါခဲ့ကြဘူး"

"ညိုပါစေ ကိုကိုရယ်၊ ထီးမလိုပါဘူး။ ကိုကိုရှိနေသားပဲ"

"အချစ်ရယ်"

"နေပူရင် ကိုကိုဟာ ခမ်းမိုရဲ့အရိပ်၊ မိုးရွာရင် ကိုကိုဟာ ခမ်းမိုရဲ့ အမိုးအကာပါရှင်။ ကိုကိုရှိနေရင် ခမ်းမိုအတွက် ဘာဆိုဘာမှ မလိုအပ်တော့ပါဘူး ကိုကိုရေ. . ."

✦


www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၅)

တစ်အိမ်လုံး သိရှိကြလေပြီ။

သိရှိကြသည်ကို နန်းခမ်းမို

ပို၍နှစ်ခြိုက်သဘောကျပါ၏။

ဤမန္တလေးမြို့တော်သို့ မလာမီကာလကပင် ကိုကို

ဆိုသော နန်းခမ်းမိုမွေးစားမိဘတို့၏ သားအရင်းနှင့် နန်းခမ်းမို

တို့ချင်း ချစ်ကြိုက်နှင့် ကြပြီးလေပြီဟူ၍ သူတို့သိကြလေမည်။

သို့ပါသော်လည်း ရည်းစားပါလိုက်လာသည်ကိုဖြင့်

သိပ်ပြီး နှစ်ခြိုက်ပုံမရကြ။ ဘာမှမပြောသာ၍သာ မပြောဘဲနေ

ကြခြင်းဖြစ်လေမည်။

ကိုကိုသည် ပင်ကိုကပင် အေးဆေးတည်ငြိမ်စွာနေ

တတ်လေသူမို့ သည်အိမ်မှ လူများနှင့်လည်း လုံးဝမရောယှက်

သူ့အတွက် သီးသန့်ပေးထားသော အောက်ထပ်၊ ယခင်

မောင်မောင်နေခဲ့သည့် အခန်း၌သာ စာဖတ်လိုက်၊ လဲလျောင်း

လိုက်ရှိနေတတ်သည်။





ထိုနေ့က ကိုဝိုင်းမောင်၏သားအငယ် "ဝိုင်းနန္ဒ"နှင့်

သားအကြီး "ဝိုင်းသီဟ"တို့ တစ်ချိန်စီ ရောက်ရှိလာကြပြီး ဤ

အိမ်၌ဆုံကြသည်။

နက်ဖြန်ခါလည်း ကိုတင်ငွေတစ်ယောက် ဤအိမ်မှ

အပြီးဆင်းရတော့မည်။

ထိုနေ့ နေ့လယ်ကပင် ဘဘပေးသော ငွေတစ်

သောင်းကို လက်ခံရယူခဲ့ပြီးပြီ။ ယနေ့ ညရထားလက်မှတ်

အဆင်မပြေ၍ နက်ဖြန်မနက်စောစောမှ သူပြန်မည်။ ယနေ့

တစ်ညအိပ်ပါရစေဟု သူခွင့်တောင်းသဖြင့် ခွင့်ပြုထားရပါ၏။

ဝိုင်းသီဟနှင့်ဝိုင်းနန္ဒတို့ ညီအစ်ကိုသည် လူဆိုးလူတေ

များဖြစ်ကြောင်း မြင်ရုံနှင့်ပင် သိသာနိုင်လောက်သည်။

ဆံပင်အရှည်ကို လတ်လတ်ဆတ်ဆတ်ဖြတ်ပြီး

ဘူးသယ်စပ်ပြောင် ပြောင်ညှပ်ထားသော ပန့်ကေပုံစံနှင့်။ အကြီး

ဝိုင်းသီဟ၏အကြည့်က စူးစူးရဲရဲ ရှိသလောက် ညီငယ်ဝိုင်းနန္ဒ

၏အကြည့်က ခိုးကြောင်ခိုးဝှက်ပုံစံနှင့်။ အဝတ် အစားများက

လည်း ခပ်နွမ်းနွမ်းဖြစ်ပါလျက် ရှိုးသားယဉ်ကျေးသော ပုံစံမျိုး

မရှိ။

သူတို့ညီအစ်ကိုနှစ်ယောက်၏ အကြည့်ဒဏ်ကို မခံနိုင်၊

မခံရဲတော့ပါ၍ ဧည့်ခန်းမှ ထပြီးအထွက်တွင်. . .

"မနန်းခမ်းမို"



www.burmeseclassic.com

www.burmeseclassic.com

ခေါ်သံကြီးက အာလုပ်သံနှင့် တမင်လုပ်ခေါ်လို
သဖြင့် ခမ်းမိုလန့် သွားရသည်။

ခေါ်သူက အကြီး၊ အငယ်က. . . .

"နာမည်ပြောင်းလိုက်ပါလား၊ ဗမာအစစ်က ရှမ်းနာမည်
ဖြစ်နေတယ်"

"ခမ်းမို ဒီအရွယ်ရောက်အောင် ကျွေးမွေးပြုစုခဲ့
အမေ. . မခမ်းအေးပေးတဲ့ နာမည်ကိုဘဲကြိုက်ပါတယ်။ သေလို
ခေါင်းမှာစာတန်းထိုးတဲ့အထိ ဒီနာမည်နဲ့ဘဲနေမယ်"

"အဟား . . တို့တူမက ပြတ်သားတယ်ဟေ့"

"ဟင်"

"ရန်သူလို မကြည့်နဲ့လေ၊ မင်းနဲ့တို့နဲ့က တူအရီးတော်
တယ်၊ အဖေ ဦးဝိုင်းမောင်နဲ့ ဒေါ်စိန်ခက်က မောင်နှမဆိုတော့
ဒေါ်စောခက်နွယ်က တို့နဲ့ မောင်နှမ၊ မင်းနဲ့ကျတော့ တို့က
ဦးလေးတွေပါ"

အငယ်က နာမည်ပြောင်းခိုင်း၊ အကြီးက ဆွေမျိုးစပ်
နှင့် ဒုက္ခပါပဲ။

"စိတ်ညစ်မနေပါနဲ့၊ ထိုင်စမ်းပါဦး၊ ပြောစရာကိစ္စ
ခဏလေးပါ"

"ဘာများလဲ ရှင်"

"မင်းအဘိုးနဲ့ မင်းရဲ့ကြား၊ မင်းချစ်သူနဲ့ မင်းရဲ့ကြားမှာ
"





ဝင် မနှောင့်ယှက်ချင်ပါဘူး။ ဒါကြောင့် လုပ်ကိုင်စားဖို့
ကြေးလေး နည်းနည်းမစပါ. . . ပြောချင်တာ ဒါပါပဲ"

"အို. . . ခမ်းမိုက မ စ ရအောင် ခမ်းမိုဆီမှာ ငွေ
စ်ရာတောင် ပြည့်အောင်မရှိဘူး"

"ဟိုတလောကပဲ ပစ္စည်းတွေ လွှဲပေးပြီပြီ"

"ခမ်းမိုလက်ထဲကို တစ်ပြားမှရောက်မလာပါဘူးရှင်၊
ဘနဲ့သာ ရှင်းကြပါ။ ခမ်းမို ဘာမှမသိဘူး"

"ဘယ်နှယ့်လဲ"

ညီအစ်ကိုနှစ်ယောက် ဟန်ပါပါကြည့်ပြီး ပြောနေကြ
ည်။

"ဘဘနဲ့သာရှင်းလို့ မင်းတူမက ပြောနေတယ်လေ

"ဟာ ဒါကြီးနဲ့က စကားရှင်းလို့ ရမှာမဟုတ်ဘူး၊ အပြတ်
င်းမှရမှာ"

ဝိုင်းနန္ဒက လက်မကိုအပေါ်ထောင်ပြပြီး ဦးဘအို
ခန်းကို ရည်ညွှန်း၏။

"မင်း ရှင်းနေလည်း အပိုပဲ၊ အားလုံး သူ့ကိုလွှဲပေးပြီးပြီ"

"အို. . . မသာစရိတ်တော့ ထားဦးမှာပေါ့၊ တစ်
ာက်သုံးထောင်စီ မပေးရင် ဒီအိမ်ပေါ်က မဆင်းဘူးပေါ့။



www.burmeseclassic.com

www.burmeseclassic.com

ရန့်ရင်းကြမ်းတမ်းသော စကားများကိုလည်း ဆက
လက်မကြားချင်တော့။ သူတို့အနေနှင့် သည်သို့ပြောနေ
သည်ကိုပင် ဟုတ်လှပြီထင်ပြီး ဘဝင်ခိုက်နေသော လူရမ်းကား
များဖြစ်ကြပါ၏။

နန်းခမ်းမိုမှာ ဆတ်ကနဲထပြီး အပေါ်ထပ်သို့ ပြေ
တက်လာခဲ့ရသည်။

"ဒါလေးနဲ့တော့ မရပါဘူး။ အဘိုးကြီးနဲ့ပဲရအောင်
ညှိကြည့်ရမှာပဲ"

လှေကားအတက်တွင် နောက်ဘက်မှစကားသံများက
လိုက်ပါလာကြသည်။ နန်းခမ်းမိုမှာ အပေါ်ထပ်ရှိ မိမိ၏
အခန်းတံခါးကိုပိတ်ပြီး နွမ်းမောစွာ လဲလျောင်းလိုက်ရသည်။

ဤအိမ်တွင်ရှိသူများ အားလုံး၏ အပြုံးသည် ကြည်
လင်လတ်ဆတ်ခြင်းမရှိ။ လောဘမျက်ဝန်းများနှင့် သံသယ
အကြည့်များကြောင့်လည်း မျက်နှာတို့သည် အကျည်းတန်လ
ချေသည်။

နမ့်ခမ်းမှ မိသားစုများ၏ ကြည်လင်သော စေတန
အပြုံး၊ တစ်ဦးပေါ်တစ်ဦး ညှာတာစိတ်နှင့် ကြင်နာသော
အကြည့်များ တိတ်ဆိတ်အေးချမ်းလှပါသော စိန်ပန်းပြာပင်
ဝေနေသည့် ခြံဝိုင်းလေး။

"ကိုကိုရေ . . ခမ်းမိုတို့ ပြန်ကြပါစို့"လို့ ပြော





ကိုကိုနှင့် လက်ချင်းတွဲဆက်လျက် ယခုပင် မောရှမ်းမြေသို့ပြန်
ပြေးချင်လှပါပြီ။

ကိုတင်ဋ္ဌေ နန်းခမ်းမိုကိုလိုက်ပြီး စကားတွေပြော၊
မေးမြန်းသည့်နေ့ကလည်း တစ်ခါ၊ စိတ်ညစ်ညစ်နှင့် နမ့်ခမ်းကို
ပြန်ပါရစေတော့ဟု ဘဘကို ပြောခဲ့ဖူးသည်။ ဘဘက. . .

"မဟုတ်တာ သမီးရယ်၊ ခဏတဖြုတ် အလည်သွားရုံက
လွဲပြီး သမီး ဘယ်တော့မှပြန်လို့ မဖြစ်တော့ဘူးလို့ ခံယူထားပါ။
ဘဘမရှိတဲ့နောက်ပိုင်း သမီးဆန္ဒရှိရင် နမ့်ခမ်းက မိသားစုကို
ဒီမှာခေါ်ထားပြီး လုပ်ကိုင်စားကြပေါ့။ သမီး တစ်ဦးတည်းဆိုင်တဲ့
တိုက်ကြီးနဲ့ပစ္စည်းတွေကိုပစ်ပြီး သမီးဘယ်တော့မှ ပြန်လို့မဖြစ်
တော့ဘူး။ ကြားလား သမီး"

ဘဘ၏စကားသည် နာခံဖွယ်ရာဖြစ်သော်လည်း ဒီအိမ်
ကို မပျော်ပိုက်။

ငယ်သေး၍လားဖြင့်မသိ။ ပစ္စည်းဆိုသည်များကိုလည်း
တပ်မက်စိတ် အလျဉ်းမရှိ။

အနန္တစကြာဝဠာအတွင်းမှာ နန်းခမ်းမို မြတ်နိုး
အပ်သောအရာတစ်ခု တည်းသာရှိပါသည်။

"ကိုကို"

ကိုကိုမရှိရင် ဘာတစ်ခုမပြည့်စုံ၊ ကိုကိုရှိနေလျှင် လိုအပ်
သောအရာ မရှိပါ။



www.burmeseclassic.com

www.burmeseclassic.com

ယခုတော့ အဆောက်အအုံတစ်ခုအတွင်းမှာ အတူ

နေခွင့်ရနေသဖြင့် စိတ်ဖြေသာပါသေးသည်။

ပိုင်ဆိုင်ခွင့်မရရှိသေးသည့်အတွက်တော့ နေရတာ

မရွံ့မရဲ မလုံ့မလဲ။

စည်းစိမ်ဥစ္စာဆိုသည်များနှင့်ဘဘ. . .

မန်းတက္ကသိုလ်သို့ တက်ရဦးမည်ဆိုသည့် ပညာရေး

ခရီးရှည်. . .

တို့သည် ကိုကိုနှင့် မိုမိုတို့အတွက် မျက်နှာချင်းဆိုင်

ဖြစ်ပါလျက်၊ မျဉ်းပြိုင်နှစ်ကြောင်းပေါ်မှာ ရပ်နေသည်သို့ပါလား။

ထိုနေ့က စိတ်ညစ်ညစ်နှင့် ညနေစောင်းထိတိုင်

အောက်ထပ်သို့ မဆင်းဖြစ်တော့။

"ဒေါက် . . ဒေါက်"

တံခါးခေါက်သံ ခပ်ပြင်းပြင်းကြောင့်. . .

"ဘယ်သူလဲ"

"ဒေါက် . . ဒေါက်"

ထပ်ပြီး ခပ်ကျယ်ကျယ်ခေါက်လာသဖြင့် အိပ်ရာမှ

လူးလဲထပြီး တံခါးကိုဖွင့်လိုက်တော့. . .

"ဦးအောင်ဒင်"

"အေး . . အပြင် ခဏထွက်ခဲ့စမ်း၊ ပြောစရာရှိလို့"

သူ့ပုံစံအတိုင်း မပြုံးမရယ် ခပ်တည်တည် ခပ်ပြတ်ပြတ်





ပြောပြီး တိုက်ဝရန်တာဘက် ထွက်သွားသဖြင့် နန်းခမ်းမို

နောက်မှ လိုက်ခဲ့ရလေသည်။

"ဆရာမလေး နော်ထူးမေ . . . ဒီအိမ်ကို အလုပ်ဆင်း

လာရင်း လမ်းမှာ စက်ဘီးနဲ့တိုက်မိလို့ ပစ်လဲသွားတယ်။ မထ

နိုင်အောင် ဒဏ်ရာရသွားလို့ ဒီညအလုပ်မဆင်းနိုင်ဘူးတဲ့"

"ဟုတ်ကဲ့"

"အဲဒါ ဒီညအတွက် မိန်းကလေးဘဲ ကိုဘအိုကို စောင့်

ပေးပါ"

"ဟုတ်ကဲ့. . ရပါတယ်၊ စောင့်ပေးပါမယ်၊ ဆရာမလေး

ဒဏ်ရာပြင်းသလားဟင်"

"အရိုး ဘာဖြစ်သွားလဲမသိဘူး။ ခြေထောက်မထောက်

နိုင်ဘူးတဲ့"

"သြော် . . သနားပါတယ်၊ ကြာဦးမယ်ထင်တယ်"

"အေးလေ. . ကြာတော့လဲ တစ်ယောက်ယောက်

ထပ်ရှာကြသေးတာပေ့ါ၊ ဒီညတော့ နည်းနည်းအပင်ပန်းခံပြီး

ကြည့်ပေးလိုက်ပါကွယ်"

"ရပါတယ်"

"အေး . . ဒီအိမ်မှာက မလွယ်ဘူး။ ဟိုမှာကြည့်လေ

တစ်ပင်အောက်မှာ အငယ်ကောင် ဝိုင်းနန္ဒ၊ ညည်းနဲ့ ငါတို့

ကြည့်နေလိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com

ယောက်ျားကြီးက ညည်းနဲ့ငါ ပြောနေတာကို နားထ
မှာတစ်မျိုး ဖြစ်နေရသည်ထက် ဝိုင်းနန္ဒ၏အကြည့်စိမ်းများက
ပိုမို၍ ချောက်ချားဖွယ် ကောင်းလှပါချေသည်။

"ကဲ. . ကဲ. . ပြန်ဝင်၊ ဒီကောင်တွေလည်း ဒီညအိပ်
မယ်ထင်တယ်။ တင်ငွေဆိုတဲ့ကောင်ကလည်း ဒီညသွားမယ်
ဆိုပြီး မသွားသေးဘူး။ မနက်ရထားနဲ့မှ သွားမှာတဲ့"

ဦးအောင်ဒင်က ညည်းညူသလို ပြောနေသည်ကိုကြည့်
နေမိဆဲ . .

"အေး. . ဒါပေမယ့် . . . ကြောက်နေစရာ မလိုပါဘူး
ငါလည်း ခေါင်းရင်းခန်းကနေ သတိ၊ ဝီရိယနဲ့ နားစွင့်နေပါမယ်"

"ဟုတ်ကဲ့ . . ."

"ဦးဘအိုရဲ့နှလုံးကဖောက်လာရင်သာ ကြောက်စရာ
ကောင်းတာ၊ 'အတက်'ရတယ်ဆိုလား . . တစ်ခါဖြစ်ဖူးပြီးပြီ
အေး . . သူ နည်းနည်းမောလာမယ်၊ တစ်ခုခုဖြစ်လာမယ်
ထင်တာနဲ့ ဘကြီးကိုလာနှိုး၊ ဒါမှ ဒေါက်တာဇော်ဟိန်းဆီ
ချက်ချင်းသွားခေါ်နိုင်မှာ၊ ဟုတ်ပြီလား"

"ဟုတ်တော့ ဟုတ်ပါပြီ၊ ဒါပေမယ့် ဘကြီးရယ်"

"ဘာလဲကွယ်"

"ခမ်းမို တစ်ယောက်တည်း မစောင့်ရပါစေနဲ့၊ ဘကြီးပါ
စောင့်ပေးပါလားနော်"





"ဘကြီးက အားနေသူပါ၊ ညဆိုလည်း ကြက်အိပ်ကြက်
နိုးပဲ၊ အိပ်ပျက်လည်း ခံနိုင်ပါတယ်။ ဒါပေမယ့် . . ဘကြီး
စောင့်လို့မဖြစ်ပါဘူးကွယ်"

"ဘာဖြစ်လို့လဲရှင်"

"ဩော်. . ဘကြီးနဲ့ ကိုဘအိုက ဆရာတပည့်သာဖြစ်
တယ်၊ ဘာမှ မတော်စပ်ကြဘူးလေ၊ သူတို့အလုပ်မှာ သစ္စာရှိခဲ့
လို့သာ ဘကြီးကို သူ စိတ်ချယုံကြည်စွာခေါ်ထားရှာတာ၊
ဘကြီးကို သူတို့အားလုံးက မလိုလားကြဘူး"

နန်းခမ်းမို ငြိမ်တွေနေမိသည်။ ဘကြီးဦးအောင်ဒင်၏
မျက်နှာမှာ အရုပ်ဆိုးလှသော်လည်း ပြောဆိုပုံနှင့် မျက်ဝန်းတို့က
ထက်မြက်ပုံရသည်။

"ကိုဘအိုကို စေတနာရှိတဲ့လူအားလုံး ကိုဘအိုက
မြင်ပြီး စေတနာထားတဲ့လူအားလုံးကို သူတို့က ရန်သူပဲ"

"သူတို့ဆိုတာ ဘယ်သူလဲရှင်"

"တင်ငွေနဲ့ ဝိုင်းမောင်တို့ မိသားတစ်စုလုံးပေါ့။ အခု
လည်း သားနှစ်ယောက်ရောက်လာပြီး ဘာတွေ ပြောနေ၊
တိုင်ပင်နေကြတယ်မသိဘူး၊ နေ့လယ်ကပဲ ဝိုင်းမောင်နဲ့
အကြီးကောင် ကိုဘအို အခန်းဝင်ဆွေးနွေးတယ်လေ"

"ဟုတ်တယ်၊ ဝင်သွားတယ် တွေ့လိုက်တယ်။ ပြီးတော့
ချက်ချင်းပြန် ထွက်သွားကြတယ်ထင်တယ်။ တံခါးဖွင့်သံ၊



www.burmeseclassic.com

www.burmeseclassic.com


ဆင်းသွားသံတွေ ကြားလိုက်ရတယ်"

"အေး. . ဟိုက ဘာတစ်ခုမှအပြောမခံဘူးလေ

ကျွေးပေးထားနိုင်မယ်၊ ဘာတစ်ပြားမှ မပေးနိုင်ဘူး။မနေ့ချ

အားလုံးဆင်းသွားကြလို့ နှင်လွှတ်လိုက်လို့ လူရမ်းကာ

နှစ်ကောင် စားဆွဲတုတ်ဆွဲဖြစ်လိုက်ကြသေးတယ်လေ"

"ဟင်. . ခမ်းမို ဘာမှမသိလိုက်ဘူး"

"အေး. . သူ့အမေကငို၊ သူ့အဖေက ဖျောင်းဖျလို့

သူတို့ငြိမ်သွားကြတယ်။ ညည်းနဲ့ ကိုကိုတို့ လမ်းထွက်နေကြ

တုန်း ဖြစ်ကြတာလေ"

"ဟိုမှာ ကြည့်နေလိုက်တာ ကြောက်စရာကြီး၊ ဝင်ကြ

ပါစို့နော်"

"အေး . . အေး၊ ကဲ . . ဘကြီးပြောချင်တာဒါပါပဲ"

"ဟုတ်ကဲ့. . အောက်ခဏဆင်းပြီး ကိုကို့ကို အကျိုး

အကြောင်း ပြောပြလိုက်ဦးမယ်"

"အေး. . အေး၊ ဪ. . နေဦးနိုင်ဆိုတဲ့ ကောင်လေး

ရော"

"သူ့အမေ နေမကောင်းလို့ မှာလိုက်လို့ မနေ့ကပဲ

ဆားလင်းကြီးပြန်သွားပါတယ်၊ ဘကြီး မသိဘူးလား"

"ဘကြီးကို ဘယ်သူက အရေးလုပ်ပြီးပြောကြမှာ

လဲကွယ်၊ ဘကြီးအလုပ်က ခြံစောင့်မယ်၊ ကိုဘအိုခိုင်းတာ

ုပ်ရမယ်၊ ဒါပဲပေါ့"

အဘိုးကြီး၏စကားသံ၌ ဆွေးမြည့်ဟန်ပါနေသည်။

ယ်စဉ်က ထက်မြက်သွက်လက်ခဲ့သော်လည်း ဇရာ၏နှုတ်ယူ

ှင်းကို ခံလိုက်ရသဖြင့် စိတ်ဓာတ်ရော လူအင်အားပါ ကျဆုံးနေ

န်ရှိပါ၏။

နန်းခမ်းမို အောက်ထပ်သို့ ဆင်းလာချိန်မှာ အားလုံး

တ်ဆိတ် ငြိမ်သက်နေကြသည်။

အခန်းဝမှနေ၍ မိမိကိုငေးမျှော်စောင့်စားနေရှာသော

ိုကို့ကိုတွေ့ လိုက်ရသည်။

ချစ်သူ၏ စောင့်မျှော်နေဟန်သဏ္ဌာန်လေးကိုပင်

င်၌ခိုက်သွားအောင် သနားကြင်နာလွန်းရပါပြီ။

ကိုကို့ကိုအကြောင်းစုံပြောပြမည်။ ပြီးတော့ ညစာ

အတူစားကြမည်။

ယနေ့ညနေတော့ နန်းမြို့ရိုးကြီးကိုကြည့်ပြီး ထနောင်း

င်ရိပ် ကလေးများအောက်မှ ဖြတ်လျှောက်ကြမည့် ကျုံးဘေး

ဘတ်လှမ်းလျှောက်ဖို့ အစီအစဉ်လေးကို ရပ်ဆိုင်းလိုက်ရပါ

ောမည်။

✦



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၆)

မြို့ကြီးသူများလို ညဥ့်နက်မှအိပ်ပြီး နေမြင့်မှထတတ်သူ
မဟုတ်၍ ညဥ့်ဆယ့်နှစ်နာရီလောက်တွင် မဟန်နိုင်အောင်
အိပ်ချင်လာသည်။

ဘဘသည်မူ နှစ်ခြိုက်စွာ အိပ်ပျော်နေပါ၏။

သို့သော်လည်း တော်တော်ကြာ တစ်ရေးနိုးလာမည်
အိုဗာတင်းဖျော်တိုက်ရမည်ဟူသော အသိကြောင့် အိပ်ချင်စိတ်
ကို ပင်ပန်းကြီးစွာ ဖြေဖျောက်နေရသည်။

"ထိုင်နေတော့လည်း အိပ်ချင်တယ်။ စာဖတ်တော့
ပိုပြီး အိပ်ငိုက်တယ်။ မဖြစ်သေးပါဘူး။ အောက်မှာ မျက်နှ
ဆင်းပြီးသစ်ဦးမှဘဲ"

ဤရည်ရွယ်ချက်ဖြင့် ပက်လက်ကုလားထိုင်မှ ထ
သည်။

အပြင်မထွက်နိုင်သေး။ နီရဲသီးဖုနေသော ခြင်ကိုက်
များကို ကုတ်နေရသေးသည်။ ခြင်သည်သာ အဖိုးတန်သတ္တ





ဖြစ်ခဲ့လျှင် နိုင်ငံခြားသို့တင်ပို့ ရောင်းချနိုင်သော ထုတ်ကုန်ဖြစ်
လျှင် မန္တလေးမြို့သည် ရေနံထွက်သော ကူဝိတ်ထက်ပင်
ချမ်းသာလာမည်ထင်သည်။ ပေါလိုက်သည့် ခြင်. . .

ချမ်းအေးလှသော တောင်ပေါ်မြို့နယ်ခမ်းမှာ ခြင်မရှိ။

နန်းခမ်းမိုမှာ ဇာခြင်ထောင်အတွင်း၌ အေးချမ်းစွာ
အိပ်စက်နေသော အဘိုးဖြစ်သူ ဦးဘအိုကိုတစ်ချက်ကြည့်ပြီး
အသာလေးတံခါးဖွင့်လျက် အပြင်ထွက်လာ၏။

ခြေကို ဖော့ဖော့လေးနင်းပြီး လှေကားထိပ်သို့
ရောက်လာခဲ့သည်။

ဦးဘအိုမှာ သူဌေးကြီးဆိုသော်လည်း အဆောင်
အယောင်ပါးလှ၏။ တိုက်ကြီးသာထည်ထည်ကြီးသည်။ အပေါ်
ထပ်၌ ရေသုံးစရာမရှိ။ အိမ်သာမထား၊ အတွင်းပစ္စည်းများ
ရှိသည်ဆိုသော်လည်း ကားပင်မစီး။ တယ်လီဖုန်းလည်းမရှိ။

အပေါ်ထပ်၏အခန်းပြင်ပ၌ အလင်းရောင်ဖြာကျနေ
သည်။ ဘဘ၏ အခန်း၌ မီးလင်းအောင် ဖွင့်ထား၍ပါ။

"အို. . . အောက်ထပ်တစ်ခုလုံးလည်း မှောင်မည်းလို့
လား"

လှေကားလေးငါးထစ်မျှ ဆင်းလာပြီးချိန်မှ လှေကား
ဆစ်ချိုးမှ လိုလို အောက်ထပ်မှလိုလို . . .

လေပြင်းပြင်းတိုးလိုက်သံလား။



www.burmeseclassic.com

www.burmeseclassic.com

လူတစ်ယောက် ရှုပ်တိုက်ပြေးသွားသံလား။

မကွဲပြား၊ လှစ်ကနဲ ကြားသိလိုက်ရ၍ ဆင်းအုံး ခြေကိုပြန်ရုတ်လိုက်ရ၏။

ကျောထဲမှ စိမ့်သွားအောင် ကြက်သီးများဖြန်း ထလာသည်။

"အို. . . လှေကားကွယ်က ချောင်းပြီး ငါ့ကိုတစ် လုပ်တော့မယ် ထင်ပါရဲ့"

ကြောက်စိတ်သည် လျင်မြန်လွန်းစွာလွှမ်းခြုံလာ တစ်ကိုယ်လုံးရှိန်းမြပြီး ချွေးများပင်စို့လာ၏။ နှလုံးခုန်သံလ မြန်လာသည်။

"အို . . မဖြစ်ဘူး၊ မဖြစ်ဘူး၊ ငါကြောက်တယ်။ မဆ ရဲဘူး"

အပေါ်ထပ်သို့ လှည့်အပြေးမှာ ကျောဘ အန္တရာယ်သည် အရှိန်ပြင်းစွာ လှမ်းဆွဲလိုက်တော့ ချောက်ချားရပါဘိခြင်း . . .

လှေကားရင်းမှ အခန်းတွင်းသို့ ပြန်ပြေးဝင်လာ စက္ကန့်ပိုင်းလေးအတွင်းမှာ စိတ်ဆင်းရဲခြင်းကြီးစွာ ဖြစ်ရ ရတာ။

တံခါးကို ကျောမှီကပ်လိုက်တော့ ရင်၌ဖိုလှိုက်နေသ နှလုံးခုန်နှုန်းက တော်တော်နှင့် ပြန်လည်၍မငြိမ်သက်။





"ကိုကို့ဆီ ပြေးသွားရကောင်းမလား"

စိတ်ကူးမိသေးသည်။

သည်အမှောင်လှေကားကြီးမှဖြတ်သန်းပြီး အောက် ပ်သို့မဆင်းရဲ။

"ခေါင်းရင်းဘက် ဘုရားခန်းဘေးမှ ဘကြီး အောင်ဒင်ကို ခေါ်နှိုးရကောင်းမလား၊ အို . . ဘဘနိုး ားပါဦးမယ်"

တစ်ယောက်တည်း တွေးလိုက်ခြေဖျက်လိုက် လုပ်နေ ဉ်။

"ကျွီ . . ."

"အမယ်လေး"

အခန်းတံခါးသည် တဖြည်းဖြည်းချင်း တရွေ့ရွေ့ဖွင့် သဖြင့် တအားပြေးပြီး ပိတ်လိုက်ရသည်။ စောစောက ကြောက်စိတ်ထက်နှစ်ဆ ကြီးထွားခံစားရပါ၏။

တံခါးကိုပိတ် . . . အတွင်းကန့်လန့်ကို အသေအချာ ပြီးချိန်အထိ ရင်၌ ဖိုလှိုက်နေမိသည်။

အမှန်တော့ ဘာမှမဟုတ်။

ကြောက်ကြောက်နှင့် ဝင်ပြေးလာပြီး တံခါးမပိတ် သည့်အချိန်မှာ လေတိုးလိုက်သဖြင့် ပတ္တာမြည်သံနှင့်အတူ ခါးကတရွေ့ရွေ့ပွင့်လာခြင်းသာပါ။



www.burmeseclassic.com

www.burmeseclassic.com

"သမီး . . မခမ်းမို"

"ဟင် . . ."

တံခါးကို အသံမြည်သွားအောင် ပြေးပိတ်လိုက်မိသဖြ
ဘဘဦးဘအို နိုးသွားရရှာလေပြီ။

"တံခါးပိတ်သံကြောင့် လန့်နိုးသွားတာလား ဘဘ၊
ကောင်းရဲ့လားဟင်"

"ကောင်းပါတယ် သမီး၊ စိတ်မပူပါနဲ့ကွယ်"

ဘဘက ရွှင်ရွှင်လန်းလန်းပြောလေမှ စိတ်သက်သ
ရသွားရပါ၏။ ဘဘက မီးခလုတ်ကို ထပ်ဖွင့်လိုက်သဖြ
တစ်ခန်းလုံးမီးချောင်းဖြင့် ထိန်ထိန်လင်းသွားတော့သည်
စောစောက ဖွင့်ထားသော (၁၅)တိုင်အား မီးလုံးငယ်
ပိတ်လိုက်ရသည်။

"ဘဘ . . ဘာစားမလဲ ဟင်"

"အဖတ်တော့ ဘာမှမစားချင်တော့ပါဘူး။ အိုဗာတ
လေးတစ်ခွက်ပဲ ဖျော်ပေးပါ"

"ဟုတ်ကဲ့ . . . ဘဘ"

အိုဗာတင်းမဖျော်ဖြစ်မီ ဘဘက အိုးနှင့်ဆီးသွ
သေးသည်။

"သမီးလည်းဖျော်သောက်လေ"

"နေပါစေ"





"ဘယ်နှယ့် နေရမှာလဲ၊ ညဥ့်နက်အောင်နေရင် ဆာ
တတ်တယ်။ ဆရာမလေးလည်း ညဆို အမြဲဖျော်သောက်ခိုင်း
တာပဲ၊ ဟိုက မတ်ခွက်ကြီးနဲ့ ဖျော်စမ်းသမီး"

ဘဘဦးဘအို၏ ခိုင်းစေချက်အတိုင်း ဆောင်ရွက်မိ
သည်ကိုက အမှားပါ။ ကံကြမ္မာကိုသာ ကြို၍ သိခွင့်ရပါလျှင်
၍ အိုဗာတင်းကို ဖျော်ဖြစ်မည်မထင်။

"ငါ့မြေးလည်းသောက်ပြီးရင် အခန်းပြန်အိပ်တော့လေ"

"နေပါစေ . . ဒီမှာဘဲ တစ်ညလုံးစောင့်ပါမယ်။
နက်ဖြန်ကျမှ အိပ်မယ် ဘဘ၊ ခမ်းမိုမှာ ဘာတာဝန်မှမရှိဘဲ"

"အားနာလို့ပါကွယ်"

"ကိုယ့်မြေးဘဲ၊ ဘာအားနာစရာရှိလည်း ဘဘရဲ့"

"ငါ့မြေးပြောတဲ့စကားလေးကြားရတာ ဘဘရင်ချမ်းမြေ့
လိုက်ပါဘိကွယ်"

နန်းခမ်းမိုလည်း ကြည်နူးစွာပင် ဘဘနှင့်အတူပြုံး
ဖြစ်ပါ၏။

"မောင်စိုင်းကိုကိုရော ဘယ်တော့ပြန်မလဲ"

မောင်မောင်က စိုင်းတစ်လုံးရှေ့ကထည့်သဖြင့် ကိုကိုပါ
အလိုလို စိုင်းကိုကို ဖြစ်သွားရပါပြီ။

"သူ မပြန်သေးဘူး ထင်တယ်"

"အေး . . နေပါစေလေ. . ဘဘငါ့မြေးလေးကို


www.burmeseclassic.com

www.burmeseclassic.com

ကြိုပြောချင်တာရှိတယ်”

“ပြောပါ ဘဘ”

“မောင်စိုင်းကိုကိုဟာ လူရိုးလူကောင်းလေးပါ၊ တစ်အိမ်
တည်းကြီး ပြင်းလာကြတော့ ငါ့မြေးလေးနှစ်ယောက်ရဲ့
သံယောဇဉ်ဟာ နည်းမှာမဟုတ်ဘူး၊ ဘဘသိပါတယ်။ ဒါပေ
မယ့်”

“ရှင်. . . ”

“အချိန်စောသေးတယ်၊ ငါ့မြေး ငယ်သေးတယ်။ ဘွဲ့ရ
ပြီးမှ အိမ်ထောင်ရေးစဉ်းစားကြကွယ်”

အခဲန်းတွင်းက ဘယ်မှမထွက်နိုင်ပါဘဲလျက် နန်းခမ်းမို
နှင့်ကိုကိုတို့၏ အကြောင်းကို ဘဘသိနှင့်နေလေပြီ။

သတင်းသယ်ဆောင်ပေးပို့သူတို့ ဤအိမ်တွင်ရှိနေ
ကြပါလား။

“စိတ်ချပါ ဘဘ၊ သမီး ကိုကို့ကို သိပ်ချစ်တာကလွဲပြီး
အိမ်ထောင်ရေးအထိ လုံးဝစိတ်မကူးကြသေးပါဘူး။ ပြီးတော့
ဟို. . ဟိုလေ. . . သမီး ဒီမလာခင်ကတည်းက ကိုကိုနဲ့ချစ်နေ
ခဲ့ကြတာပါ”

ခေါင်းငုံ့ပြီးပြောရင်း ဘဘကိုခိုးကြည့်မိတော့ ခွင့်လွှတ်
ကျေနပ်သော အပြုံးမျက်နှာကိုမြင်ရပါ၍ စိတ်သက်သာရာ
ဘဘနားမှထခဲ့ရပါ၏။

ကြောင်နှစ်ကောင်စာအုပ်တိုက်



“အိုဟာတင်းတောင် ကုန်ခါနီးပြီပဲ”

စိတ်မှာ သိမှတ်စွာဖြင့် မတ်ခွက်တွင်း၌ အိုဟာတင်း
နှစ်ခွက်စာ ထည့်၍ဖျော်သည်။ ဘူးတွင်း၌ နောက်ထပ်နှစ်ခွက်စာ
သုံးခွက်စာမျှသာ ကျန်ရစ်ပါ၏။

ဘဘအတွက် ကော်ဖီပန်းကန်အကြီးကြီးမှာထည့်ပြီး
လုံးငြိမ်ဆေး တစ်လုံးနှင့် တိုက်လိုက်ပါ၏။ ကျန်သော
အိုဟာတင်းကို အကုန်မသောက်ဖြစ်လိုက်၊ အရသာတစ်မျိုးမို့
တစ်ဝက်သာ သောက်ဖြစ်လိုက်သည်။

မြေးအဘိုးနှစ်ယောက် အေးငြိမ်းကြည်နူးစွာ စကား
များပြောပြီး ဘဘကအိပ်ချင်လာသဖြင့် ခေါင်းအုံးကို တဘက်
သို့လှန် ခြင်ယပ်၍ ခြင်ထောင်ကိုပြန်ချပြီး မီးကြီးပိတ်၍ မီးသေး
ပြန်ပိတ်ချိန်မှာ ခေါင်းတွင်းမှရီဝေနောက်ကျူလာသည်။

ဘဘကတော့ ချက်ချင်းလိုပင်အိပ်ပျော်သွားလေ၏။

နန်းခမ်းမိုမှာ ကုလားထိုင်ပေါ်ပြန်ထိုင်ပြီးသည်နှင့်
ရင်ထဲမှာ အီလည်လည်နှင့် အန်ချင်သလိုလိုဖြစ်ပြီး မျက်စိများ
ပြာဝေလာသည်။

“ငါ ဘာဖြစ်ပါလိမ့်”

အိုဟာတင်းသောက်မိခြင်း၏အန္တရာယ်ဟု လုံးဝမတွေး
မိ။ မူးနောက်နောက်နှင့် ရင်ထဲမှာလည်းနေမကောင်းသဖြင့်
ရေတစ်ခွက်ခပ်သောက်ရန်အထ. . .

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



"အို"

လုံးဝထ၍မရတော့။ ကကြိုးရုပ်ကလေးကြိုး ဖြတ်ခ
လိုက်သလို ကုလားထိုင်ပေါ်သို့ ပုံလျက်ပြန်လဲကျသည်။

ခြေလက်တို့ မသယ်ချင်တော့၊ အသယ်နိုင်တော့
ကြောက်စိတ်ဖြင့် အားတင်းထားပါလျက် အကူအညီ တောင်း
ခံရန် ကြိုးစားအားထုတ်ပါလျက်နှင့် နှုတ်က ဘာသံမှထွက်မ
လာနိုင်။

ဘာကိုမှ မစွမ်းဆောင်နိုင်တော့။

ခြေလက်တို့လည်း လှုပ်၍ မရတော့။

နောက်ဆုံးတွင် အသိဉာဏ်တရားသည် နန်းခမ်းမိုင်၏
ကိုယ်ခန္ဓာမှ ခွဲထွက်သွားလေတော့သည်။

✦





## အခန်း(၂၇)

"ဆရာမ စောလှချေလား"

"ဟုတ်ကဲ့၊ ညဆရာမ နော်ထူးမေစက်ဘီးတိုက်ခံရလို့
လာနိုင်ဘူး ဆိုတာနဲ့ စောစောလာခဲ့တာပါ"

"ဟုတ်တယ်၊ ညက ကျွန်တော့်ညီမလေးမိုမို စောင့်
အိပ်ပါတယ်။ ခုထိတောင် ဆင်းမလာသေးဘူး"

"ကျွန်မနဲ့ ဂျူတီသွားချိန်ပြီး လွှတ်လိုက်ပါမယ်နော်"

ဆရာမလေးပြောတော့မှ ကိုကိုရှက်ပြုံး ပြုံးဖြစ်သည်။

ညီမလေးမိုမို . . တစ်ညလုံး အိပ်ရရှာမှာ မဟုတ်ဘူး
ဆိုပြီး သူလည်းအိပ်၍မရ။ အခန်းအပြင်မှ အသံကြားလေတိုင်း
ညီမလေးများကိစ္စ တစ်ခုခုကြောင့်လာခေါ် သလားဆိုပြီး သတိ
ထား နားစွင့်နေရသဖြင့် နှစ်ခြိုက်စွာအိပ်မပျော်ခဲ့။

ယနေ့မနက်တော့ လင်းရောင်ခြည်လာသည်နှင့်
အိပ်ရာမှထပြီး ခြံတွင်းကပင် စောင့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



တိုက်ရှေ့အပေါ်ထပ်ဝရန်တာကများ အချစ်ဆုံးလေး ထွက်ကြည့်မလားဟူ၍ တမော့မော့ တမျှော်မျှော် . . .

ခါတိုင်းဆို နံနက်လင်းသည်နှင့် ခြံတွင်း၌ ဦးအောင်ဒင် ခြံရှင်းနေသည်ကိုမြင်ရသည်။

ယနေ့မနက်တော့ သူလည်း ဆင်းမလာသေး။

ကိုကို အိပ်ရာမှထသည်နှင့် မရေးမနှောင်းမှာပင် ကိုတင်ငွေတစ်ယောက် အထုပ်အပိုးများနှင့်ထွက်လာသည်။ "ဘူတာဆင်းတော့မယ်" ဟူ၍ သူ့ကိုပင် နှုတ်ဆက်သွားသေးသည်။

ဦးဝိုင်းမောင်၏ဇနီး ဒေါ်မြသိန်းနှင့်မစိန်မြိုင်လေးတို့ ခြင်းတောင်းနှစ်လုံးနှင့် ဈေးဝယ်သွားကြသည်ကိုလည်း ကိုကို တွေ့လိုက်ရသေးသည်။

သူတို့ကို နှုတ်မဆက်ချင်၍ မမြင်ဟန်ဆောင်ပြီး ဗီဇာရုံ လေးမှာ အပြင်ငေးသလိုလိုနှင့် ရပ်နေလိုက်ရပါ၏။

တိုက်အိမ်ကြီး၏ အပေါ်ထပ်မှာ အချစ်ဆုံးလေး တို့မြေးအဘိုးနှင့် ဦးအောင်ဒင် . . .

အောက်ထပ်တွင် ဦးဝိုင်းမောင်နှင့်သားကြီးဝိုင်းသီဟတို့ အိပ်နေကြသည်။

ဝိုင်းနန္ဒက ညကပင် မကျေမချမ်းနှင့် ပြန်သွားခဲ့ပါ၏။ ပြီးတော့ ထမင်းချက်မရွှေကြည်၊ အပေါ်ထပ်မှာ လူသုံးယောက် အောက်ထပ်၌ လူသုံးယောက် အိပ်စက်နေကြလေမည်။

မိမိအသက်ထက် မိမိ၏ဘဝထက်ပင် ပို၍ ချစ်မြတ်နိုး သူပါလေသော ခမ်းမိုလေးကို စောင့်မျှော်နေဆဲ . . ဆရာမလေး ပြေးဆင်းလာသည်။

"ဦးကိုကို . . မြန်မြန်လာစမ်းပါ။ တံခါးဖွင့်လို့လည်း မရဘူး။ မခမ်းမို အိပ်ပျော်နေပုံကလည်း တစ်မျိုးကြီး"

"ဟင်"

"လာ . . မြန်မြန်လာပါ"

ဆရာမလေးကို ကျော်ဖြတ်ပြေးတက်ပြီး တံခါးကို တွန်းဖွင့်တော့မရ။

"မိုမို . . ညီမလေး"

"ညီမလေး . . တံခါးဖွင့်စမ်း ကိုကိုပါ"

အတွင်းက တုံ့ပြန်သံ လုံးဝမကြားရ။

"ဒီမှာ . . ဒီမှာ လာကြည့်ပါ ဦးကိုကို"

တရုတ်ကတ်မှန်တံခါးဟနေသည်။ နေရာမှ ချောင်းကြည့်လိုက်တော့ . . . .

"ဟာ . . . ဟာဗျာ . . . ကျွန်တော့် ညီမလေး တစ်ခုခု ဖြစ်နေပြီဗျ"

ခေါင်းငိုက်စိုက်ကျကာ ကုလားထိုင်ပေါ်မှာ ခပ်လျော့လျော့ဖြစ်နေသော ပုံစံကိုကြည့်ပြီး ကိုကို၏ စိုးရိမ်မှုက မီးတောင်





www.burmeseclassic.com

www.burmeseclassic.com



ကြီးတစ်ခု ပေါက်ကွဲသွားသလိုပါ။

မှန်တံခါးကို လက်နှင့်တအား ရိုက်ခွဲဖွင့်ချလိုက်ပြ
အခန်းတွင်းသို့ ခက်ခဲစွာဝင်နေဆဲ. . .

"ဘာ . . ဘာဖြစ်ကြတာလဲ"

မှန်ကွဲသံ လဲပြိုသံများကြောင့် ပြေးတက်လာပြီး မေးသူ
က ဦးဝိုင်းမောင်၊ သူ့နောက်မှာ မရွှေကြည် . .

ကိုကိုကတော့ အတွင်းသို့ရောက်သည်နှင့် နန်းခမ်းမို
ကိုဇွေ့ကနဲ ပွေ့ယူလိုက်ပြီးလှုပ်ခတ်ရင်း နှုတ်မှလည်း . . .

"ညီမလေး . . ညီမလေး"

"ခမ်းမို . . . ညီမလေးရယ်"

ခြေလက်များ အေးစက်နေသဖြင့် မတွေးရဲသော အ
တွေးများကြောင့် ရင်၌ ဟုန်းကနဲနေအောင် ပူလောင်လာသော
သောကမီးဖြင့်. . .

"ဆရာမ . . ဆရာမ . . ကျွန်တော့်ညီမလေး
အသက်မှရှိသေးရဲ့လားဗျ"

အသံကုန်ကြုံးအော်သဖြင့် . . . .

"အို . . ဟိုမှာ . . လူနာနိုးပါမယ်"

အရေးထဲ မရွှေကြည်က ဝင်၍ဟောက်နေသေးသည်။

"ဦးကိုကို . . တံခါးဖွင့်၊ တံခါးအရင်ဖွင့်ပါ"

သည်တော့မှ သတိရပြီး သေးသွယ်ကျစ်လစ်သော





န်းခမ်းမိုကို ပွေ့ချီလျက်နှင့်ပင် တံခါးချက်ကို ဖြုတ်ဖွင့်ပေး
ိုက်သည်။

ဆရာမလေးက နန်းခမ်းမို၏ မျက်လုံးကိုဖွင့်ကြည့်သည်
သက်ကို သွေးစမ်းသည်။ ရင်ကို အုပ်စမ်းသည်။ ပြီးတော့. .

"တစ်ခုခုတော့ ဖြစ်ပြီ၊ ဒါပေမယ့် . . အသက်ရှိသေး
တယ်။ အောက်ချလိုက်ပါ"

ကျွမ်းကျင်သော စေတနာရှင် ဆရာမလေး
င်သန်းအေးမှာ နန်းခမ်းမိုထံမှ အမြန်ထပြီးဦးဘအို၏
ျင်တောင်ကို ဖွင့်ပြီး အမြန်စမ်းသပ်လိုက်တော့. . .

"ဟိုက် . . . အသက်မရှိတော့ပါလား"

ရုတ်ရုတ်သဲသဲမဖြစ်ရလေအောင် တည်ငြိမ်စွာ လှည့်
ကြည့်ပြီး . . .

"ဦးဝိုင်းမောင် . . ဒေါက်တာ ဦးဇော်ဟိန်းကို
အမြန်ဆုံးသွားခေါ်ပါ၊ သိပ်အရေးကြီးနေပြီ"

"ဟင် . . ဦး . . ဦးဘအိုရော"

"သူလည်း အိပ်ပျော်နေပါတယ်။ ဆရာဝန်လာမှ ဖြစ်
မယ်။ နန်းခမ်းမိုကို ဆေးရုံတင်သင့်ရင် တင်ရအောင်"

ဆရာမလေး စကားဆုံးသည်နှင့် ဦးဝိုင်းမောင်
ယောင်ချာချာဖြစ်နေပြီးမှ ပြန်လည်သတိရသွားသလို အောက်
ထပ်သို့ ပြေးဆင်းသွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ဆေးရုံခေါ်သွားမယ်။ ခမ်းမိုလေး ဘာ. . ဘာဖြစ်တာလဲဗျာ"

"အိပ်ဆေးလွန်တယ်လို့ထင်ရတာပဲ"

"ဗျာ"

"ကျွန်မရဲ့အတွေးပါ၊ ဘာပဲဖြစ်ဖြစ် ဆရာဝန်လာအောင်တော့ စောင့်ပါဦး။ နန်းခမ်းမို အခြေနေဟာ အဆိုးကြီးမဟုတ်ပါဘူး။ သွေးခုန်နှုန်းလည်း မှန်နေပါတယ်"

"ဘယ်လိုများဖြစ်ရတာလဲဗျာ . . . ညီမလေး . . ညီမလေးရယ်"

ဆရာမလေးမှာ ဦးဘအိုကို လုံးဝကျောခိုင်းထားပြီး နန်းခမ်းမိုကိုသာ ရှေးဦးပြုစုနည်းများဖြင့် ပြုစုနေဆဲ . . . ဆရာဝန်၏ကားသံကြားရသည်။ စက်ဘီးနှင့်သွားခေါ်သော ဦးဝိုင်းမောင်လည်း မရှေးမနှောင်းပင် ပါလာ၏။ အိမ်ချင်းကလည်း တမြေမျှမဝေး။

"ဘယ်လိုဖြစ်တာလဲ၊ ဦးဘအိုအခြေနေရော"

"နန်းခမ်းမိုကိုပဲ အရင်ကြည့်ပါဆရာ"

ကြမ်းပြင်ပေါ်မှာလှဲစေပြီး နားကျပ်ဖြင့် စမ်းသပ်သည်။ မေးမှပင့်ကိုင်၍ ခေါ်တော့ . . . .

"အင်"

ဆိုပြီး နန်းခမ်းမို လူးလွန့်လာတော့မှ ဆရာဝန်က





ဆေးတစ်လုံးထိုး ပေးသည်။ နောက် ဆေးပေးသည်။

နန်းခမ်းမို မျက်စိလေး ဖြည်းဖြည်းပွင့်လာချိန်မှာ ပရိဒေဝဇာင်းစွာ ပြုံးနေသော ကိုကို၏မျက်နှာကို အရင်ဦးတွေ့ရသည်။

"ဦးဘအိုကတော့ ကျွန်မရောက်လာကတည်းကပဲ"

ဆရာဝန်က ဦးဘအိုကို ဆွဲလှန်လိုက်ပြီး စမ်းသပ်စစ်ဆေးသည်။ ပြီးတော့မှ နားကျပ်ကို ဖြုတ်လိုက်ပြီး ဦးဝိုင်းမောင်ဘက်သို့ လှည့်လျက် . . .

"ဦးဘအိုဆုံးတာ လွန်ခဲ့တဲ့ခြောက်နာရီလောက်ကတည်းကပဲ"

"ဗျာ. . . ဗျာ"

ဦးဝိုင်းမောင် လန့်ဖျပ်စွာ မျက်နှာပျက်သွားပုံကြီးက ကြောက်စရာကောင်းလိုက်ပါဘိ။

"ဒေါက်တာ. . ကျွန်တော့် ညီမလေးကို ဆေးရုံတင်ဖို့ လိုသေးလား ခင်ဗျာ"

"မလိုပါဘူး၊ ကောင်းသွားမှာပါ"

ဤအခန်းကျဉ်းလေး၌သာမက ကမ္ဘာလောကကြီးတစ်ခုလုံး ဘာပဲဖြစ်နေကြ ဖြစ်နေကြ နန်းခမ်းမိုသည်သာ အရေးကြီးဆုံးမို့ ကိုကိုက ကြားဖြတ်ဝင်မေးလိုက်သည်။

သူတို့တွေ ရှုပ်ယှက်ခတ်နေသဖြင့် နန်းခမ်းမို၏

www.burmeseclassic.com

အခန်းတံခါးကို ပြေးဖွင့်ပြီး ညီမလေးကို သူ့ရင်၌ပိုက်ဖ
ချီပွေ့ယူလာခဲ့သည်။ ခုတင်ပေါ်၌ ညင်သာစွာချထားလိုက်
ချိန်မှာ ကိုကို၏နှလုံးသည်းပွတ်မှာ ဖခင်ဆန်သော ချစ်ခြင်
မေတ္တာမျိုးဖြင့် နန်းခမ်းမိုပေါ်တွင် စိုးရိမ်ပူပန်ခြင်း၊ ကြင်န
သနားခြင်းစသော စိတ်များသာ ရင်၌ဖြစ်ထွန်းမိသည်။

"အောင်မလေး ဘကြီးရဲ့ . . ဟဲ့"

ဆိုသော အိမ်ဖော် မရွှေကြည်၏ ဟစ်လိုက်သံကြောင့်
နန်းခမ်းမို ကြည်ကြည်လင်လင် မျက်လုံးပွင့်လာပြီး . . .

"ဘာဖြစ်ကြတာလဲ ကိုကို"

"ရော့ . . . ဆေးတစ်လုံးအရင် သောက်လိုက်ဦး"

ရေနှင့်ဆေးကို ယုယစွာ ထွေးပွေ့တိုက်ကျွေးပြီး
ဖြည်းဖြည်းသာသာ အကြောင်းစုံပြောပြလိုက်သည်။

"အို . . ဘဘ . . ဘဘ ဆုံးပြီလား။ ဟုတ်လားဟင်
ကိုကို"

နန်းခမ်းမိုငိုတော့ ကိုကိုသည် ဖျောင်းဖျောင်းဖျ
ချော့မော့ပါ၏။ နေမကောင်းချိန်မှာ စိတ်မကောင်းမဖြစ်သ
ကြောင်း၊ အသက်ကြီးသူမို့ သူ့ကံတရားပဲ ထားလိုက်ပါဟူသော
စကားများကို ပြောကြားချိန်၌ နန်းခမ်းမိုကို သူ့ရင်တွင်း
နှစ်နဲ့စွာထွေးပွေ့ထားလေသည်။

"အရေးထဲ ဘကြီးအောင်ဒင်က ဘယ်ရောက်နေ





တာလဲ"

မရွှေကြည်၏ အော်ကြီးဟစ်ကျယ်အသံ။

သည်တော့မှ ဦးဝိုင်းမောင်က သတိရသွားသလို
ဦးအောင်ဒင်၏ အခန်းဘက်ဆီသို့ ထွက်လာခဲ့သည်။

ကွပ်ပျစ်ပေါ်တွင် သင်ဖြူးတစ်ချပ်ခင်းပြီး တစောင်း
အနေအထားနှင့် မလှုပ်မယှက်ငြိမ်သက်နေသော ဦးအောင်ဒင်။

သူ့ အိပ်ရာဘေးတွင် ဒန်ချိုင့်ဟောင်းလေးနှင့် ပန်း
ကန်ပဲ့တစ်လုံး၊ သောက်လက်စ လက်ဖက်ရည်က တစ်ဝက်တစ်
ဖျက်။

"သူလည်း . . သူလည်း"

"အိပ်ဆေးမိပြီး သေတာထင်ပါရဲ့" ဆိုသော အတွေး
စကားကို မဆက်နိုင် . . . မဆက်ရဲ။

"အောင်မယ်လေးဗျာ . . . လာကြပါဦး"

ဦးဝိုင်းမောင် ကြုံးအော်လိုက်သဖြင့် . .

"အို . . ဘာလဲ"

"ဘယ်သူ ဘာဖြစ်လို့လဲ"

ဆိုသော အမေးများနှင့်အတူ ဦးဝိုင်းမောင်ရှိရာသို့
ပြေးလာကြပြီး

"အို . . ဦးအောင်ဒင်လည်း အိပ်ဆေးမိပြီး စန့်နေပြီ"

"သူ သေများ သေပြီလား၊ ဆရာ . . ဆရာလာပါဦး၊



www.burmeseclassic.com

www.burmeseclassic.com

ဆရာရယ်. . ဘကြီးကို ကြည့်ပေးပါဦး”

မရွှေကြည်က ငိုသံပါကြီးနှင့် ကြုံးအော်နေသဖြင့် ဒေါက်တာဇော်ဟိန်းနှင့် ဆရာမလေးခင်သန်းအေးတို့ ပြေးလာကြပြီး သူတို့တာဝန်အရ စမ်းကြသပ်ကြ နှိုးကြ ဆေးထိုးကြ လုပ်လိုက်တော့ ဦးအောင်ဒင်တစ်ယောက် ကြောင်တောင်တောင်နှင့်ငုတ်တုတ်ထထိုင်သည်။ဘာဖြစ်နေကြမှန်း သူသိပုံမရ

“ခေါင်းထဲက မူးနောက်နောက် ရီဝေဝေနဲ့ဆရာရယ် ကျွန်တော်ဘာ ဖြစ်သွားတာလဲ”

ဆရာဝန်က စဉ်းစားချင့်ချိန်စွာဖြင့်. . .

“ဒီလက်ဖက်ရည်ကို ဘကြီး ဘယ်အချိန်က သောက်တာလဲ”

“အချိန်မသိတော့ဘူး။ ဆယ်နာရီဆယ့်တစ်နာရီ လောက်ရှိမလားဘဲ၊ ကိုးနာရီထိုးပြီး ကာကာဆိုင်ပိတ်ခါနီး သွားဝယ်ထားတာ အိပ်ခါနီးသောက်တော့ အေးနေပြီ။ နေစမ်း ပါဦး။ လူတွေလည်း စုရုံးလို့.အိမ်မှာ ဘာဖြစ်နေကြ လဲ၊ ကျုပ်ရော ဘာဖြစ်နေလို့.လဲ”

“လက်ဖက်ရည်သောက်ပြီး ဘာဖြစ်လာလဲလို့၊ မှတ်မိ လား ဘကြီး”

ဦးအောင်ဒင်က ရီဝေနေဆဲ မျက်ဝန်းများနှင့်ပင် သူ့ ခေါင်းကို သူ့ လက်နှင့်ကိုင်လျက်. . .





“အင်း . . လက်ဖက်ရည်က ခါတိုင်း ဝယ်သောက် တာနဲ့မတူဘူး။ အရသာတစ်မျိုးဘဲ၊ သောက်ရင်း အီလည် လည်ကြီးဖြစ်လာတာနဲ့ အကုန်မသောက်ဘဲ ထားလိုက်တာ”

“နောက်ရော”

“နောက်တော့ ခေါင်းထဲက နောက်တောက်တောက် ဖြစ်လာတာနဲ့ ထိုးအိပ်လိုက်တာပဲ”

နန်းခမ်းမှိ ပြောပုံနှင့်ဖြစ်ပုံနှင့်တစ်ထပ်တည်း။

ဒေါက်တာဦးဇော်ဟိန်းသည် စိတ်မကောင်းလွန်းသော မျက်နှာ၊ ခံပြင်းစိတ်ကို ထိန်းချုပ်ထားရသော မျက်နှာအနေ အထားနှင့်ရှိနေပြီး . . .

“ဒီလက်ဖက်ရည် အကျန်ရော၊ နန်းခမ်းမှိ သောက်ခဲ့တဲ့ အိုဗာတင်း အကျန်ရော၊ ဆရာမ အသေအချာသိမ်းလိုက်ပါ။ စစ်ဆေးစမ်းပို့ရမယ်”

“ဟာ. . အိုဗာတင်းခွက်ကို ကျွန်မအောက်ယူသွားပြီး ဆေးလိုက် ပြီဆရာရဲ့”

မရွှေကြည်က ဝင်ပြောတော့ ဒေါက်တာဦးဇော်ဟိန်းက ဒေါသကို ထိန်းရဟန်မတူတော့။

“ခင်ဗျားတို့ ဘာမှ ဝင်မရှုပ်ကြနဲ့၊ ဘယ်သူမှလည်း ဒီဟာအိုးအလောင်းကို မကိုင်ကြနဲ့၊ ရင်ခွဲရုံပို့ရမယ်”

“ဟင်”


www.burmeseclassic.com

www.burmeseclassic.com

"ဒါ. . . မားဒါးကေစ့်. . လူသတ်မှုဗျ"

"ဟာ . . အို"

"အပေါ်ထပ်မှာရှိတဲ့ နန်းခမ်းမိုနဲ့ ဦးအောင်ဒင်ပါ အ

ဆေးခတ်ပြီး အကြံကြီးကြံတဲ့လူသတ်သမား"

"အမယ်လေး. . အမလေးတော်၊ ဘယ်လိုဖြစ်က

ကြတာလဲ"

ဦးဝိုင်းမောင်၏ဇနီး ဒေါ်မြသိန်းရောက်လာ

အော်ကြီးဟစ်ကျယ် ဖြစ်လာသည်။

"ကဲ . . ဒီမှာ အားလုံးတစ်နေရာတည်းပဲ ထိုင်နေ

ကျုပ်ရဲ့ဒရိုင်ဘာကို ရဲစခန်းလွှတ်လိုက်မယ်၊ ကိုဝိုင်းမောင်

ခင်ဗျား ရပ်ကွက်ကောင်စီလူကြီးတွေ သွားအကြောင်းကြ

ဦးဘအိုရဲ့အလောင်းကို ဆေးရုံသယ်ဖို့လည်းစီစဉ်ရမယ်"

"ဟုတ်. . ဟုတ်ကဲ့ ဆရာ"

ဦးဝိုင်းမောင်သည် ဟန်ဆောင်၍သာ လှုပ်ရှားနေ

သည်။ ကြောက်ရွံ့စိတ်ကြောင့် မေ့မြောလဲကျသွားမတတ် ခံ

နေရပါကြောင်း သူ့မျက်နှာနှင့် နှုတ်ခမ်းများဖြူဆုပ်နေသည်

သက်သေခံနေပါ၏။

"ဘာ. . ဘာ. . ဘာပြောတယ်၊ ကိုဘအိုအလော

ဟုတ်လား"

"ဟုတ်တယ်"





"အောင်မယ်လေးဗျာ၊ ကိုယ်ကျိုးကြီးနဲ့ပါပြီ၊ ဘာလဲ. .

နှလုံးရောဂါ ဖောက်လာလို့လား၊ ကျုပ်မလည်း အိပ်သွားလိုက်

တာ အသေအတိုင်းပဲ . . တောက်"

"ဘယ်က နှလုံးရောဂါဖောက်ရမှာလဲ၊ ခင်ဗျားတို့နဲ့

အတူ အိပ်ဆေးတိုက်ပြီး သတ်လိုက်တာ၊ ဟိုကရောဂါရှင်

အသက်ကြီးသူဆိုတော့ မခံနိုင်ဘဲ နှလုံးခုန်ရပ်သွားတာဖြစ်မ

လားပဲ၊ ရင်ခွဲကြည့်မှပဲသိမယ်၊ ကဲ. . . အားလုံး အပြင်

ထွက်ကြစမ်းဗျာ"

ဦးအောင်ဒင်သည် ဒယီးဒယိုင်နှင့်ဦးဘအို၏ အခန်း

သို့ပြေးသွားပြီး ခုတင်ပေါ်၌ အိပ်ပျော်နေသလို မြင်ရသော

ဦးဘအို၏ သက်မဲ့ရုပ်ကလာပ်ဘေးမှာ ထိုင်ချလိုက်ပြီး . .

"ကိုဘအိုရယ် . . ကျုပ်ကို တစ်ယောက်တည်းထား

ခဲ့ပြီလားဗျာ"

သည်းထန်လှိုက်လှဲစွာ အဘိုးအို ငိုနေရှာသည်။

ခဏကြာမှ အခန်းတွင်းမှ ဒေါက်တာဇော်ဟိန်းကို

ကြည့်ပြီး . .

"လူသတ်မှု ဟုတ်လား၊ ဘယ်သူက သတ်တာလဲဟင်

. . ဆရာ"

"မကြာခင် သိရမှာပေါ့ဗျာ"

"တစ်နေ့ ဒီလိုဖြစ်မယ်ဆိုတာ ကျုပ်သိပါတယ်ဗျာ"

"ဟင် . . ဘာကိုသိတာလဲ ဦးအောင်ဒင်ရဲ့"

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မြသိန်းက ခါးထောက်ပြီး ဝင်ဟောက်သည်။

"ခင်ဗျားတို့ထဲ ကျုပ်မပါပါရစေနဲ့ဗျာ"

"ရှင်က အသံကောင်းဟစ်မနေပါနဲ့"

ဦးအောင်ဒင် ဘာမှမချေပရှာ။ ခေါင်းလေးလေး တဆတ်ဆတ်ညိတ်ပြီး ကြိတ်မနိုင်ခဲမရပုံစံနှင့် ရှိနေလေတော့ သည်။

မကြာမီ ရဲကားရောက်လာ၏။

လူသေအလောင်း ဆေးရုံသို့သယ်ရန်ကားလည်း မရှေး မနှောင်း ရောက်လာခဲ့လေပြီ။

အိမ်တွင်းသို့ အပြင်လူမဝင်စေရ။

အိမ်တွင်းမှ လူများလည်း အပြင်သို့ထွက်ခွင့်မပေး။

အလောင်းကို ဓာတ်ပုံရိုက်စစ်ဆေးမေးမြန်းခြင်းများဖြင့် ရှုပ်ယှက် ခတ်နေလေပြီ။

ဦးဘအို၏အိမ်၊ သူ၏အခန်း၊ သူ၏အိပ်ရာထက်၌ပင် ရက်စက်စွာ လုပ်ကြံခံရရှာလေသော သူဌေးကြီးဦးဘအို၏ ဘဝက ဇာတ်သိမ်းသွားရရှာပါပြီ။

ဤအဘိုးအိုသေစေရန် ကြံတင်ကြံစည်လျက် ရက်ရက် စက်စက်သတ်ခဲ့လေသော လူသတ်သမားက ဘယ်သူလဲ.. ဘယ်သူလဲ. . .

✦





## အခန်း(၂၈)

အိုဗာတင်းဘူးကိုပြတော့ နန်းခမ်းမို ခေါင်းခါရသည်။

"ခမ်းမို မှတ်မိပါတယ်ရှင်၊ ခမ်းမိုဖျော်ပြီးတော့ ဘူးထဲမှာ ကျန်တာ နည်းနည်းလေးရယ်၊ အခုဟာက သုံးဆလောက် များ နေပါတယ်။ ခမ်းမိုဖျော်တာ ဒီဘူးမဟုတ်ပါဘူး"

"မဟုတ်ဘူးဆိုတာ ဖြစ်နိုင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ဦးဘအိုရဲ့ အခန်းထဲမှာ ကျန်ရှိနေတဲ့အိုဗာတင်း၊ နို့ဆီ၊ သကြားတွေကို ဓာတ်ခွဲကြည့်တော့ အအိပ်လွန်သွားစေတဲ့ အိပ်ဆေးခတ်ထားတာ တစ်ခုမှမတွေ့ရဘူး။ ဦးဘအိုကို သေအောင်သတ်ခဲ့တဲ့၊ အိပ်ဆေးပါဝင်တဲ့ အိုဗာတင်းဘူးကို လူသတ်သမားဟာ လဲလှယ်ယူသွားခဲ့ပြီ"

"ဒါဆို အိမ်တွင်းလူပဲဖြစ်မှာပေါ့"

"တခြားလူ ဘယ်လိုလုပ်ပြီး ခြံထဲဝင်မလဲဗျာ"

"အပေါ်ထပ်မှာ အိပ်တဲ့လူနှစ်ယောက်ကို အိပ်ဆေး ခတ်တယ်။ ဦးဘအိုကိုသတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"အိပ်ဆေးခတ်တာချင်း အတူတူဆို အားလုံးသေကုန်မှာပေါ့။ ခုတော့ ဦးဘအိုတစ်ယောက်တည်းမှကွက်ပြီး . . ."

"ဒါကတော့ ဒီလိုရှိတယ်လေ၊ လူသတ်သမားဟာ အားလုံးငြိမ်သက်နေစေချင်တဲ့ ဆန္ဒပဲရှိလိမ့်မယ်။ အိပ်ဆေးရဲ့ ထိရောက်မှုအတိုင်းအတာကို သူ နားလည်ဟန်မတူဘူး။ ဦးဘအို ဟာနှလုံးရောဂါဝေဒနာသည် အသက်ကလည်း ကြီးပြီဆိုတော့ အိပ်ဆေးဒဏ်ကို မခံနိုင်ဘဲ ဖြစ်သွားရတာ"

"သူ့ရဲ့ ရည်ရွယ်ချက်က ဘာလဲ"

"အဲဒါကို သိချင်လို့ အခုလို လူကြီးစုံရာရှေ့မှာ ဦးဘအိုရဲ့ မီးအာမခံသေတ္တာကို ဖွင့်မလို့ပါ"

နန်းခမ်းမိုကို အမွေလွှဲအပ်ပေးစဉ်ကာလက ကြွရောက်ခဲ့ကြသော မိသားစုဆရာဝန်ဦးဖော်ဟိန်းနှင့်ဦးစံလူတို့အပြင် ရပ်ကွက်ကောင်စီလူကြီးများ၊ ရပ်ရွာလူကြီးများပါ ပါဝင်ပါ၏။ အိမ်ကလည်း အသုဘအိမ်မဟုတ်လား။

ယနေ့ နေ့လယ်(၂)နာရီကပင် ဦးဘအို၏ အလောင်းကို ဂူသွင်းသင်္ဂြိုဟ်ပြီးခဲ့ပါပြီ။

ဦးဘအို၏အခန်းကိုမူ တရားဝင်စစ်ဆေးပြီး ရပ်ရွာလူကြီးများ ရှေ့တွင်ချိပ်ပိတ်ထားခဲ့သည်မှာ ဦးဘအိုသေဆုံးကြောင်း စတင်သိရသည့်နေကစ၍ပါ။ ယနေ့သုံးရက်မြောက်ခဲ့ပြီ။





ကိုကို နန်းခမ်းမိုတို့ အပါအဝင် သည့်အိမ်နှင့် ပတ်သက်နေထိုင်ကြသော ဦးဝိုင်းမောင်ဇနီး ဒေါ်မြသိန်းနှင့် သားဝိုင်းသီဟ၊ ဝိုင်းနန္ဒနှင့် ဦးအောင်ဒင် . . .

မရွှေကြည်နှင့် မစိန်မြိုင်တို့ပါအားလုံး ဤအိမ်၌ရှိနေစေရမည်။ ရဲစခန်းကို အသိမပေးဘဲနှင့် ဘယ်နေရာမှ သွားခွင့်မရှိကြောင်း အကျယ်ချုပ်သဘော နေထိုင်ခိုင်းထားပါ၏။

အဝေးရောက် ဦးတင်ငွေနှင့် ကိုနေဦးနိုင်တို့ကိုလည်း ဆက်ဆိုင်ရာ ရဲစခန်းများမှတဆင့် ဤအိမ်သို့ အမြန်ဆုံးပြန်လာခဲ့ကြရန် အကြောင်းကြားထားပြီးဖြစ်ပါ၏။

ဦးဝိုင်းမောင်နှင့်သူ့သားနှစ်ယောက်မှာ ငိုနေသော မိုမိုနှင့်နှစ်သိမ့်နေသော ကိုကိုတို့နှစ်ယောက်ကို စူးရှထက်မြက်သော သံသယမျက်ဝန်းများနှင့် ကြည့်နေကြသည်။

သူတို့သားအဖသုံးယောက်သို့လည်း ဦးအောင်ဒင်က သံသယအကြည့်၊ ဒေါသမျက်ဝန်းများဖြင့် ချည်းကြည့်နေတော့သည်။

ဒေါ်မြသိန်း . . မရွှေကြည်နှင့်မစိန်မြိုင်တို့ကတော့ အားဖယ်ထားလိုက်ပါ။

ဦးဝိုင်းမောင်၊ ဦးအောင်ဒင်နှင့် ဝိုင်းသီဟ၊ဝိုင်းနန္ဒတို့ အစ်ကိုထဲမှ တစ်စုံတစ်ယောက်သည် လူသတ်သမားလား . .

သို့မဟုတ် . . နံနက်စောစောကြီး ထွက်သွားခဲ့သော



www.burmeseclassic.com

www.burmeseclassic.com



ဦးတင်ဝေသည် ပင်လျှင် အိပ်ဆေးခတ်၊ လူသတ်ပြီး ထွက်သွားခဲ့လေသလား . .

နေဦးနိုင်တော့ ဖြစ်နိုင်မည်မထင်ပါ။

အားလုံးရှေ့မှာ တံခါး၏သော့ခလောက်မှ ချိပ်ကိုခွာလိုက်ပြီး ဦးဘအို၏ အခန်းတံခါးကိုဖွင့်လိုက်ကြသည်။

"ဘဘရယ်"

ရင်တွင်းမှ တမ်းတစွာ ခေါ်လိုက်မိသည်။

ပထမဆုံး စတင်ဆက်သွယ်စဉ်က မုန်းတီးစိတ်ဝင်မိသည်။

သည်အိမ်ရောက်ခါစကလည်း မေတ္တာစိတ်မဝင်မိသေး။ တဖြည်းဖြည်း အနေကြာလာတော့မှ၊ ဘဘ၏ တကယ့်စေတနာကို မြင်တွေ့ခွင့်ရလာခဲ့သည်။

"ငါ့မြေး . . ငါ့မြေးလေး"

ဆိုသော အခေါ်အဝေါ်များဖြင့် ဂရုတစိုက်ရှိရုံမက၊ သူတို့ အသက်နှင့်အမျှ ရှာဖွေစုဆောင်းခဲ့သော ပစ္စည်းဥစ္စာအားလုံးကို နန်းခမ်းမို တစ်ယောက်တည်းအတွက် ရက်ရောသောစေတနာ၊ ကြီးမားသောမေတ္တာတို့ဖြင့် လွှဲပြောင်း ပေးအပ်ခဲ့လေသော ဘဘဦးဘအို။

ဤကျေးဇူးရှင် အဘိုးအိုအား မိမိကိုယ်တိုင် ဖျော်တိုက်ခဲ့သော အိုဗာတင်းကြောင့်၊ အသက်ဆုံးရှုံးသွား





ရှာသည့်အဖြစ်သည် အဘယ်မျှရင်နာ ကြေကွဲစရာကောင်းလိုက်ပါသလဲကွယ်။

"ကဲ . . အားလုံးထိုင်ကြပါခင်ဗျာ၊ ဒီမှာ သော့ပါ၊ ဦးဘအိုရဲ့မိတ်ဆွေကြီး ဦးစံလူကိုယ်တိုင်ပဲ ဖွင့်စေချင်ပါတယ်"

ရဲအရာရှိဦးဝင့်ကျော်က သူ့လက်မှသော့ကို ဦးစံလူထံသို့အပ်လိုက်သည်။

"အင်း . . ဒီသော့ကို သူ့ပုဆိုးခါးပုံစနဲ့လိမ်ပြီး ခါးကြားက မချွတ်ထားရှာတာ"

ဦးစံလူက အသံတုန်ရုံမက မျက်ရည်များပင် လည်လာရှာသည်။

သို့သော်လည်း တရားရှင်မို့ ရှေ့ကသွားနှင့်သူ၏နောက်သို့မလွဲ မသွေ လိုက်ရတော့မည့် ကံစီရင်ချက်အတိုင်း အချိန်အပိုင်းအခြားသည်သာ နီးကပ်သလား . . . ဝေးကွာမလား မသေချာ။ သေရမှာတော့ ကျိန်းသေဟု တရားဖြင့်ဆင်ခြင်နိုင်ခဲ့ပါပြီ။

ခုတင်ခြေရင်း၌ လုံခြုံခိုင်မာစွာ တည်ရှိနေသော မီးခံသေတ္တာကြီးကို သော့သုံးချက်၊သုံးကြိမ်မျှ ဖွင့်လိုက်ပြီးသည်နှင့် ဦးစံလူက အတွင်းမှ အံဆွဲနှစ်ခုကို သော့နှင့်ထပ်၍ ခတ်ဖွင့်ပြီးနောက် . . .

စက္ကူကတ်ထူဘူး ခပ်ရွယ်ရွယ်လေးလုံးကို ထုတ်ယူ၍



www.burmeseclassic.com

www.burmeseclassic.com

အားလုံးရှေ့ မှာချလိုက်၏။ နောက်တော့ တစ်ခုချင်းဖွင့်လိုက်သည့်အခါမှာ. . .

"ဟာ"

"မြင်တဲ့အတိုင်း ဂွမ်းစတွေပဲကျန်ရစ်တယ်၊ အတွင်းက အဖိုးတန်စိန် ရွှေရတနာတွေတော့ ပါသွားပြီ"

"ဟာ"

"အို"

"ဒုက္ခပါပဲ"

"ရက်စက်လိုက်တာ"

"နှမြောစရာ ကောင်းလိုက်တာ"

စသော အသံတို့သည် အခန်းတွင်းရှိသူများထံမှ တိုးတိုးတိတ်တိတ် ကြိတ်ကြိတ်ခဲခဲထွက်ပေါ်လာပါ၏။

နန်းခမ်းမိုမှာဖြင့်. . .

သစ္စာစကား ဆိုဝံ့ပါသည်။ နှမြောစိတ်လည်း လုံးဝမရှိ။ ဤရတနာ ဆိုသည်များ၏ တန်ဖိုးကိုလည်း နားမလည်။ ငါတော့ ဘာတွေရတော့မည်ဟူ၍ လည်း တစ်ခါမှတွက်ချက်မကြည့်ဖူးခဲ့။ လိုချင်တပ်မက်စိတ်လည်းမရှိပါ။ ယခု အချိန်မှာ ဘဘကို သနားသည်။ ပြီးတော့. . အကြီးအကျယ် စိတ်ညစ်နေမိသည် ကလွဲ၍ တခြား ထူးခြားသောခံစားမှုများမရှိ။

မခမ်းမိုလုပ်ချင်တာ လက်ကိုဆွဲပြီး ယခုပင်





ရွှေလီချိုင့်ဝှမ်း မောရှမ်းမြေသို့ ပြန်သွားပါမည်။ စိတ်ကူးသာရှိပြီး ယက်တွေ့မှာတော့. . .

"ကဲ. . . မနန်းခမ်းမို၊ ဦးဘအို မရှိတဲ့နောက်မှာ တရားဝင်လွှဲအပ်ပေးပြီးသား မနန်းခမ်းမိုအနေနဲ့ ပိုင်ရှင်ဖြစ်နေပါပြီ၊ ဒီကိစ္စပေါ်မှာ ဘယ်လိုသဘောထားပါသလဲ"

"ဟင့်အင်း . . ဟင့်အင်း . . ကျွန်မ ဘာမှမသိဘူး"

"ဘယ်သူ့ပေါ်မှာရော သံသယရှိသလဲ"

"ကျ. . . ကျွန်မ မထင်တတ်ပါဘူးရှင်"

"ဒီမှာ ခင်ဗျာ"

ကိုကိုက ဝင်ပြီး. . .

"သူ့ကို မေးနေလို့လည်း ဘာမှထူးမှာမဟုတ်ပါဘူး၊ သူဟာ ခုမှ ပတ်ဝန်းကျင်နဲ့ထိတွေ့ဖူးတာပါ။ အိမ်မှာကလေးလိုထားတာပါ။ ဒါကြောင့် သူ့ကို ဘာမှဆက်ပြီး မမေးပါနဲ့လို့ ကျွန်တော် တောင်းပန်ပါတယ်ခင်ဗျာ"

အရပ်မြင့်မြင့် အသားဖြူဖြူ နှာတံပေါ်ပေါ်နှင့်ရှမ်းချောချောလှသော ကိုကို့ကို အားလုံးက ဝိုင်းကြည့်လာကြသည်။

အမှန်တော့ ကိုကိုသည် နန်းခမ်းမို ကြောက်ကြောက်ရွံ့ရွံ့နှင့် ဖြေကြား မနေရရှာသည့်အဖြစ်မှ လွတ်ကင်းအောင် ဝင်၍ ကာကွယ်ပေးလိုက်ခြင်းပါ။

ညီမလေး၏အန္တရာယ်အပေါင်းကို တံတိုင်းသဖွယ်


www.burmeseclassic.com

www.burmeseclassic.com

ကာကွယ်ပေးချင်၏။

ညီမလေး၏အခက်ခဲအပေါင်းကို သူ့ရင်နှင့်ပြောင်းယူခံစားချင်သည်။

ညီမလေး လျှောက်ရမည့်လမ်းမှာ ဆူးကြမ်းလွှမ်းနေလျှင် သူ နင်းလျှောက်သွားနိုင်ဖို့ ကျောခင်းပေးပါမည်။ သူ့ရင်မှာ ဆူးများနစ်ဝင်ပါစေ။

ဤစေတနာအပေါင်းဖြင့် ရှေ့ကရပ်လေသော ကိုကို့ကိုအားလုံးက သံသယမျက်လုံးများဖြင့် ကြည့်နေကြတော့သည်။

"ဒီလိုရှိတယ်၊ မောင်စိုင်းကိုကိုရဲ့"

ဝတ်လုံတော်ရ ဦးထင်မောင်က ခပ်တင်းတင်း မျက်နှာထားနှင့် . .

"ကိစ္စအားလုံးရဲ့ အဓိကတာဝန်ရှိတဲ့ ပုဂ္ဂိုလ်ဟာ နန်းခမ်းမိုပဲ၊ ဒါကြောင့် နန်းခမ်းမိုနဲ့မှ စကားပြောခွင့်မရရင် တို့ဘာမှဆက်ပြီး အလုပ်လုပ်လို့ရမှာမဟုတ်ဘူး"

"ခင်ဗျားတို့အလုပ် ခင်ဗျားတို့ ဆက်လုပ်ကြဗျာ" ဟုပြောပြီး "လာ ညီမလေး"ဟူ၍ နန်းခမ်းမို၏လက်ကို ဆွဲလျက် ဤလုပ်ပုံအလယ် အသုဘအိမ်မှ ထွက်ပြေး၍ နမ့်ခမ်းအိမ်သို့ ယခုပင် ပြန်သွားချင်မိသည်။

ညီမလေးမိုမို၏ရင်ထဲမှာ ကိုကို့လိုပဲ။ ကိုကို့ရင်ထဲမှာလည်း မိုမို့လိုဘဲဆိုသည်ကို တစ်ယောက်နှင့်တစ်ယောက်





ပြောခွင့်မရကြသော်လည်း ရင်တွင်း ဆန္ဒများကတော့ ထပ်တူပါ။

ဤပစ္စည်းများ၏ အရှင်သခင်မလေးအဖြစ် အံ့ဩသူ၊ ဝမ်းမြောက်သူ နန်းခမ်းမိုပဲဖြစ်လိုက်ရပါစေတော့ဟု အားကျသူ၊ မရှုစိမ့်သူ၊ မတန်ပါဘူးဟု ထင်သူများစွာတို့၏ ရှေ့မှောက်မှာ. .

လောဘမဲ့ ချစ်သူနှစ်ဦးတို့သည် ဤစည်းစိမ်ဥစ္စာကြီးများကိုရရန် အလို့ငှာအတွက် ပုဆစ်ဒူးတုတ်ဘဝဖြင့် ငြိမ်သက်စွာဆက်လက်ထိုင်နေရှာသာ ရှိပါတော့သည်။

လောကရှိ လူသားအားလုံးတို့အတွက် လုပ်ချင်တာရယ်၊ လုပ်သင့်တာရယ်၊ လုပ်နေရတာရယ်၊ သုံးမျိုးလုံးဆုံဆည်းတိုက်ဆိုင်ဖို့ အလွန်အမင်း ခဲယဉ်းတတ်ကြပါသည်။

"ကဲ. . ပစ္စည်းတွေမရှိတာတော့ ဦးစံလူပြောလို့သိရပြီး မနန်းခမ်းမိုကိုရော ဦးဘအိုမသေမီက ပစ္စည်းတွေ ထုတ်ပြဖူးသလား၊ ကြည့်ခဲ့ဖူးတယ်ဆိုရင်ရော ပြန်မြင်ရင်မှတ်မိပါ့မလား"

ရဲအရာရှိ ဦးဝင့်ကျော်၏အမေးကို နန်းခမ်းမိုက . .

"ဟိုးအပတ်က ဟောဒီက လူကြီးတွေရှေ့မှာ စာချုပ်စာတမ်းနဲ့လွှဲပေး ခဲ့တာပဲရှိပါတယ်။ ဘဘဟာ ခမ်းမိုကို ဘာမှ မပြောခဲ့ဖူးပါဘူးရှင့်"

ရှမ်းသံလေးဝဲဝဲဖြင့် ကြောက်ကြောက်ရွံ့ရွံ့ ဖြေကြားနေရရှာသော နန်းခမ်းမို၏အဖြူရောင်ရိုးသားမှု မျက်နှာလေးကို ဦးဝင့်ကျော်က ကြည့်ပြီး ယုံကြည်စိတ်ဖြင့် ခေါင်းညိတ်ပြ


www.burmeseclassic.com

www.burmeseclassic.com

လိုက်သည်။

"ကဲ. . ဒါဆို ကောင်းပြီ၊ ကျွန်တော့်အနေနဲ့အခုအမှု
လူသတ်မှု၊ ပစ္စည်းဥစ္စာခိုးယူမှုနဲ့ ဆက်လက်ဆောင်ရွက်ဖို့ပဲ ရှိ
တော့တယ်"

အားလုံးငြိမ်သက်စွာ တစ်ယောက်၏အကဲကို
တစ်ယောက်ခတ်နေကြဆဲ. . .

"အခုကိစ္စက သေချာတယ်။ အပြင်လူ လုံးဝမဖြစ်နိုင်
ဘူး။ ခြံထဲမှာလည်း ခွေး လွှတ်ထားတယ်။ ဒီတော့. ."

"နေပါဦး . . ဦးဝင့်ကျော်ခင်ဗျာ"

ဝတ်လုံတော်ရ ဦးထင်မောင်က ဝင်ထောက်ပြီး. . .

"ခွေးရှိပေမယ့် ခွေးကိုငြိမ်သက်သွားအောင် အစာ
ကျွေးလို့ပဲဖြစ်ဖြစ်၊ တနည်းနည်းနဲ့ငြိမ်အောင်လုပ်ပြီး အပြင်လူ
ဝင်လာတာရောမဖြစ်နိုင်ဘူးလား"

"မဖြစ်နိုင်ပါဘူး ဦးထင်မောင် ခင်ဗျား"

"အခင်းဖြစ်တဲ့ညက ခြံစောင့်ဦးအောင်ဒင်လည်း အိပ်
ဆေးမိပြီး အိပ်ပျော်နေတော့၊ ခြံကို ကျော်တက်ပြီး
ဝင်လာတာရော မဖြစ်နိုင်ဘူးလား"

ရှေ့နေပီပီ လှည့်ပတ်တွေးခေါ်တတ်သော ဦးထင်မောင်
၏စကားကို ဦးဝင့်ကျော်က ခေါင်းခါ၏။

"မဖြစ်နိုင်ပါဘူးခင်ဗျာ၊ ကျွန်တော်တို့ ရဲ့အဖွဲ့က အခင်း





အနေအထား၊ တိုက်အနေအထား၊ ခြံအနေအထားအားလုံးကို
ကြည့်ပြီး စစ်ဆေးပြီးပါပြီ"

"မသင်္ကာစရာ မတွေ့ဘူးလား"

"လုံးဝမတွေ့ရပါဘူးခင်ဗျာ"

"ဪ"

"ဦးဘအိုကို ရက်စက်စွာသတ်ပြီး အဖိုးတန်ရတနာ
များကို ခိုးဝှက်ထားတဲ့တရားခံဟာ ဟောဒီအိမ်သားထဲက
တစ်ယောက်ယောက်ပါပဲခင်ဗျာ"

"ဟာ"

"အို"

"မဖြစ်နိုင်တာဘဲ"

"ဘယ်သူများပါလိမ့်"

ဆိုသော အံ့သြသံများ၊ အမေးများ၊ အတွေးများကြောင့်
အုတ်အုတ် ကျက်ကျက်ပင် ဖြစ်သွားရသည်။

"ဒါဆို ဘယ်သူလဲဗျ"

တစ်ချိန်လုံး ငြိမ်တွေစွာထိုင်နေသော ဦးဘအို၏
ညာဝန်ဒေါက်တာ ဦးဟိန်းဇော်က သိချင်လှပြီဖြစ်သောစိတ်နှင့်
ဝင်မေး၏။

"ကျွန်တော်ကတော့ သိနေပါပြီ။ ဒါပေမယ့် သက်သေ
သက္ကာရနိုင်လုံအောင် ကျွန်တော်စုဆောင်းပါရစေဦး၊ ကျွန်တော်


www.burmeseclassic.com

www.burmeseclassic.com

စုံစမ်းမှုပြီးတာနဲ့ တရားခံအစစ် ပေါ်လာစေရမှာပါခင်ဗျာ"

"ကျုပ်သိချင်လှပြီဗျာ၊ ကျွန်တော့်လူနာဟာ ရုတ်တရက် ဘယ်နည်းနဲ့မှ မသေနိုင်ဘူး။ အမျိုးမျိုးကြိုးစားပြီး နှစ်ပေါင်း များစွာ ကုသထားရတဲ့လူနာ၊ ကျွန်တော့်စိတ်မှာ ဦးလေး တစ်ယောက်လိုခင်တွယ်နေမိတဲ့ဦးဘအိုကို သတ်တဲ့ တရားခံကို အမြန်ဆုံးဖော်ထုတ်စမ်းပါဗျာ"

"စိတ်ချပါ ဒေါက်တာ၊ ဒီအိမ်ကနေ လွင့်ထွက်သွားတဲ့ ကိုတင်ငွေရယ် သွယ်သွယ်ရယ်၊ ပြီးတော့ . . စက်ဘီးအတိုက် ခံရတဲ့ ဆရာမနော်ထူးမေရယ်တို့ ဒီညနေမှာ အားလုံးစုံညီစွာ ရောက်ကြတော့မှာပါ။ မဆီမဆိုင်လို့ထင်ရတဲ့ နေဦးနိုင်ကို တောင် လှမ်းခေါ်ထားပါပြီ"

"တရားခံအမြန်ဆုံးပေါ်အောင် စုံစမ်းဖော်ထုတ်စမ်း ပါဗျာ"

"စိတ်ချပါခင်ဗျာ၊ မကြာခင်အချိန်အတွင်းမှာ သိကြ တော့မှာပါ"

✦





**အခန်း(၂၉)**

လူအားလုံး စုံစုံညီညီရှိနေပြီ။

နော်ထူးမေရောက်လာသည်။

ခြေထောက်က အတော်လေး အထိနာသွားခဲ့၏။ မကျိုး၍သာ တော်သေးသည်။

"ကျွန်မ ည(၇)နာရီ ဂျူတီဝင်ဖို့အလာမှာ လမ်းထဲက လူပြတ်နေပါ တယ်။ နည်းနည်းလည်းမှောင်စပျိုးနေပါပြီ။ အဲဒီအချိန်မှာ နောက်ကစက်ဘီး တစ်စီးလာနေတာကို ဖြတ် ကနဲလှည့်ကြည့်လို့ တွေ့လိုက်ပါတယ်။ ဒါပေမယ့် လမ်းကလည်း အရှင်းကြီးမို့က သူ့ဟာသူသွားလိမ့်မယ် ထင်နေတာ"

"တည့်တည့်ဝင်တိုက်ရော မဟုတ်လား"

ဦးဝင့်ကျော်က တပ်အပ်သိပြီးသားပုံစံနှင့် မေးလိုက် သည်။

"ဟုတ်ပါတယ်ရှင်. . နောက်ကျော တည့်တည့်က ဝင် တိုက်ပစ်လိုက်တာ ခါးကိုမြက်ကနဲနေအောင် အောင့်သွားတာပဲ။


www.burmeseclassic.com

www.burmeseclassic.com

ကျွန်မက ခါးကို လက်ပြန်နှိုပ်ပြီး ကြောင်ရပ်နေစဉ်မှာပဲ စက်
ခွလျက်နဲ့ ကျွန်မကို တအားတွန်းလှဲပစ်လိုက်တာရှင်၊ ကိုင်ပေါ
လိုက်တဲ့အတိုင်းပဲ၊ ကျွန်မပလက်ဖောင်းပေါ် လဲကျသွားခဲ့
တယ်။ ထကို မထနိုင်တော့ဘူး။ အဲဒီအချိန်မှာ သူဟာ မြော
တည့်တည့်ကို တရကြမ်း စက်ဘီးနဲ့နင်းပြေးသွားပါတော့တယ်

"အင်း . . ဆရာမ အဲဒီညက မလာနိုင်အောင် တမ
လုပ်လိုက်တာပါ။ သူ့ပုံစံကိုမှတ်မိသလောက်ပြောပြပါ"

"စစ်ဦးထုပ်ပျော့ကြီးကို စောင်းထားပြီး အနားစတွေ
မျက်နှာတစ် ဝိုက်မှာ ငိုက်ချထားပါတယ်။ စစ်အင်္ကျီအဟောင်း
အပြင်ထုတ်ဝတ်ပြီး . . ပုဆိုးနဲ့ပါ၊ ပုဆိုးအဆင်အသွေးတေ
မမှတ်မိပါဘူး"

"အရပ်ကရော ရှည်သလား . . ပုသလား"

"ခပ်ရှည်ရှည်လို့ပဲထင်တယ်၊ အသေအချာမမှတ်
နိုင်ပါဘူး။ မမျှော်လင့်ဘဲဖြစ်ရတာအပြင် အဖြစ်အပျက်ကလည်
စက္ကန့်ပိုင်းအတွင်းမှာမို့ပါ"

"ဟုတ်လောက်ပါတယ်"

"ကျွန်မကို လမ်းသွားလမ်းလာတွေက တွဲထူပြီးဆိုက်
တစ်စင်းနဲ့ ပြန်ပို့ခဲ့ကြပါတယ်။ အိမ်ရောက်တော့ မောင်လေး
အလုပ်ခွင့်ပေးဖို့ပြောခိုင်း လိုက်ရပါတယ်။ ကျွန်မစိတ်ထဲမှာ ငါ့
ဘာပြုလို့များ အတင်းတွန်းလှဲသွားရတာလဲ၊ ငါ့ကို ဘယ်သူ





နေလို့ တမင်လုပ်တာလဲဆိုပြီး တစ်ညလုံး တွေးနေမိတာ
နက်ကျတော့မှ ဦးဘအိုအသတ်ခံရကြောင်းသိရလို့ လူသတ်
သမားဟာ ငါ စောင့်လို့မရအောင် ငါ့ကို တမင်ဒုက္ခပေးခဲ့တာ
ပဲလို့ တွေးမိလာရပါတယ်ရှင်"

"ဟုတ်ပါတယ်။ နော်ထူးမေ တွေးတဲ့အတိုင်းမှန်
ပါတယ်"

"အဲဒါဆို ကျွန်မကိုပါ နာကျင်အောင်လုပ်တဲ့ တရားခံကို
ကျွန်မအတွက်လည်း အမှုဖွင့်မယ်"

ဦးဝင့်ကျော်က တည်ငြိမ်စွာ ပြုံးလိုက်ပြီး. . .

"ဖွင့်လို့တော့ရပါတယ်။ ဒါပေမယ့် . . ပစ္စည်းတွေ
မတရားခိုးယူမှု နဲ့ကြိုတင်ကြံစည်ထားတဲ့ လူသတ်မှုကြီးဖြစ်လို့
တရားခံဟာ သေဒဏ်တော့ သေချာပါတယ်လေ"

ဦးဝင့်ကျော်က သည်သို့ပြောရင်း တစ်ယောက်စီ၏
မျက်နှာကို သေသေချာချာလိုက်ကြည့်နေသည်။

နော်ထူးမေကတော့ အတော်ဒေါသထွက်နေပုံရပါ၏။
ဝိုင်းနန္ဒက လေသံခပ်မာမာဖြင့် . .

"ကျွန်တော်တို့ ညီအစ်ကိုကတော့ မသတ်ဘူးနော်၊
ရဲဌာနမှာ စာရင်းမဲနဲ့မှတ်တမ်းတင်ခံထားရတယ်ဆိုပြီး ဆွဲတော့
ထည့်နဲ့ဗျ"

"မင်း ပါးစပ်ပိတ်ထားစမ်း ဟေ့ကောင်၊ တရားဥပဒေ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ အပြစ်မရှိသူဘက်က အမြဲကာကွယ်ပေးနေတယ် မင်းကိုလွှတ်သင့်ရင် လွှတ်မယ်၊ ဆွဲထည့်သင့်ရင် ဆွဲထည့်မယ်

သားငယ်၏ လက်ကိုဆုပ်ကိုင်ပြီး ချွေးသီးချွေးပေါက်များ နဖူးပြင်တွင်စို့နေသူက ကိုဝိုင်းမောင် . . .

"ကဲ . . . ကိုတင်ငွေ"

ဦးဝင့်ကျော်၏ခေါ်သံကြောင့် ကိုတင်ငွေ ဆတ်ကနဲ တုန်သွားသည်။ သူ့ကိုပျဉ်းမနားဘူတာမှာ ဖမ်းမိ၏။

ဦးဘအိုသတ်မှုအတွက် အကြောင်းကြားချက်အရ မသက်သာသော တရားခံအဖြစ် ပျဉ်းမနားရဲစခန်းမှ ဖမ်းဆီးပို့အပ် လာခြင်းဖြစ်သည်။

ကိုဝိုင်းမောင်နှင့် ကိုတင်ငွေတို့နှစ်ယောက်ကို တည်ငြိမ်စွာကြည့်နေသူက ဦးအောင်ဒင်။ သူ့ ရင်တွင်းစိတ်လည်း များစွာ လှုပ်ရှားနေကြောင်း ဆေးလိပ်ညှပ်ထားသော သူ့လက်များ မသိမသာ တုန်နေသည်ကသက်သေခံနေပါ၏။

ဦးဝင့်ကျော်က ကိုတင်ငွေနှင့် မသွယ်သွယ်ကိုကြည့် ပြီး . .

"ဒီမှာ ကိုတင်ငွေ၊ ခင်ဗျားနဲ့မသွယ်သွယ်နဲ့အဘိုးကြီးကို ခြိမ်းခြောက်ပြီး ငွေညှစ်ဖို့ကြံစည်ကြတာ မအောင်မြင်တာနဲ့ . .

"အမယ်လေး ဆရာရယ် . . ၊ ဒီကိစ္စမှာ ကျွန် . . ကျွန်တော် ဘာမှမသိရပါဘူး၊ သူ . . သူသတ်သွားတာဆိုရင်





လည်း ကျွန်တော်နဲ့မဆိုင်ပါဘူး၊ ကျွန်တော် ဘာမှလည်းမရပါဘူး။ မယုံရင် အိမ်မှာလိုက်ရှာပါ ဆရာရယ်"

သွယ်သွယ်က မန္တလေးသူတို့၏နာမ်စားအတိုင်း ကျွန်တော် ဟုပြောပြီး အားပါးတရငိုပါလေတော့သည်။

"ငိုမနေပါနဲ့ဗျာ၊ ဒီကိစ္စခင်ဗျား မပါဘူးဆိုတာတော့ ဟုတ်တယ်။ ဒါပေမယ့် . . အဘိုးကြီးကို ခြိမ်းခြောက်ပြီး ငွေညှစ်ဖို့တော့ ကြံစည်နေကြတယ် မဟုတ်လား"

ဒေါ်သွယ်သွယ် ခေါင်းငိုက်ကျသွား၏။

"အဘိုးကြီးဟာ တစ်ချိန်က ခင်ဗျားနဲ့ပတ်သက်ခဲ့ဘူးတာတော့ မှန်တယ်။ ဒါပေမယ့် . . အခုအချိန်မှာ ကင်းရှင်းနေပြီ၊ ကို ခင်ဗျားက ကိုထွန်းလှရဲ့ဇနီးပါဆိုပြီး အဘိုးကြီးကို တရားစွဲမယ်ဘာမယ်နဲ့ ခြိမ်းခြောက်နေကြတယ် မဟုတ်လား"

သွယ်သွယ်မျက်ရည်တွေသာ သွယ်ကျလာသည်။ က ဘာမှမပြောနိုင်တော့။

"ခင်ဗျားတို့နှစ်ယောက်ရဲ့ ထွင်လုံးတွေကို အဘိုးကြီးက တယ်ယုံတယ်။ ဒါပေမယ့် သူ့မိုက်ပစ်နဲ့သူခံမယ်။ နောက်ဆုံး တစ်သောင်းပေးမယ်လို့ ပြောခဲ့တယ်၊ ဟုတ်တယ်ရဲ့လား"

ကိုတင်ငွေ မျက်လုံးအပိုင်းသားနှင့် ကြည့်နေသည်။ က ဆွံ့အနေသူတစ်ယောက်လို ဘာစကားမှ သူ မပြော နိုင်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ . . ပြောပြလိုက်စမ်းပါ ဦးအောင်ဒင်ရာ"

"ဟုတ်ကဲ့ ဆရာ၊ ဒီမှာ မောင်တင်ငွေ မင်းကိုဘအို ရဲ့အခန်းထဲဝင်ပြီး ခြိမ်းခြောက်နေတာ ငါအကုန်ကြားလို့ဆရာ့ ကို ပြန်ပြောပြပြီးပြီ။ မင်း ငွေတစ်သောင်းလည်း တရားဝင် တောင်းယူသွားသေးတယ် မဟုတ်လား။ ဘာမှ လိမ်မနေနဲ့ မင်း ကိုဘအိုကိုသတ်ပြီး ခိုးယူသွားတဲ့ ရတနာတွေ ဘယ်မှာလဲ"

"ကျွန်တော် . . . ကျွန်တော်"

"နေ . . နေ ဦးအောင်ဒင်၊ ကျွန်တော့်ဟာ ကျွန်တော် ထုတ်ဖော်ပါ့မယ်"

"သူ . . သူ ငွေတစ်သောင်း အစ်ကိုကြီးဆီက တောင်းသွားသေးတယ်၊ ဟုတ်လား"

သွယ်သွယ်က တစ်စခန်းထပြီးဦးအောင်ဒင်ကို မေးလာ သည်။

"ဟုတ်တယ်လေ၊ မသေခင် နေ့လယ်ကပဲ ငွေတစ် သောင်း ကျပ်ရွှေ့တင် ထုတ်ပေးလိုက်တာ"

"ကြည့်စမ်း . . သေနာက ငါ့ဆီတော့မလာဘဲ ရန်ကုန် လစ်တာကို"

"မင်းကလည်း မြစ်ကြီးနားက ကိုဇော်မိုင်ဆင်းလာတာ နဲ့ ငါ့ကို လုံးဝလှည့်မကြည့်ဘဲ . . ."

"တော်ကြစမ်းဗျာ၊ ခင်ဗျားတို့ပြဿနာတွေ ဒီမှာ လာ





ရှင်းမနေကြနဲ့"

ဦးဝင့်ကျော် ဟောက်တော့မှ ငြိမ်ကျသွားကြသည်။ သွယ်သွယ်ကတော့ ကိုတင်ငွေ့ကို မျက်စောင်းတခဲခဲ။

နေဦးနိုင်လည်း ယခုဝိုင်းထဲတွင် ပါဝင်နေပါ၏။ သူက ယင်းပြဿနာများကို ဘာဆိုဘာမှ မသိရှာ။

"ဦးဘအို ဆုံးပြီ"

ဟူသော သတင်းစကားကြောင့် ကိုယ် မှီခိုခဲ့ရဖူးသော ကျေးဇူးရှင်၏ ဈာပနကို ကူညီရန်ရောက်လာသူပါ။ ဒီကျကာမှ တိစ္ဆပေါင်းစုံပြဿနာအထွေထွေကို သိခွင့်ရလာခဲ့ရခြင်းဖြစ် သည်။

ဦးဝင့်ကျော်၏ သံသယအကြည့်နှင့်ပင် အကြည့်မခံရ သော နေဦးနိုင်။

ဦးဝိုင်းမောင်နှင့် ပင်ကိုက ခပ်ချာချာမို့ စိတ်လှုပ်ရှားမှုကို မထိန်းနိုင် မသိမ်းနိုင်ဖြစ်နေခဲ့လေသည်။

ဤသည်ကိုကြည့်ပြီး သူ့သားကြီး ဝိုင်းသီဟက . .

"မသိလို့မေးပါရစေ။ ကျွန်တော်တို့တွေကိုတော့ စစ် လိုက် . . ဆေးလိုက် . . ခေါ်ထားလိုက်နဲ့ တကယ်တာဝန်ရှိ တဲ့လူကိုတော့ ဘာလို့မစပ်ကြတာလဲ"

"ဘယ်သူ့ကိုလဲ"

"မိုမိုရွှယ်၊ ကိုကိုရယ် ဆိုတာတွေကိုပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"တကယ် တာဝန်ရှိတဲ့လူလို့ မင်းက ဘာကြောင့်ပြော ရတာလဲ"

"ဟာ . . ရှင်းနေတာပဲ၊ အဘိုးကြီးက ပစ္စည်းတွေအား လုံးပေးပြီးလို့ရနေပြီ . . ပိုင်နေပြီဗျာ၊ အဲဒီနောက်မှာ သူ့ရည်းစား လိုက်လာတယ်။ ဘာလိုတော့လဲ အဘိုးကြီးရှိနေဖို့ ဘာလိုတော့ လဲ"

"ဟုတ်တယ်၊ အစ်ကိုသီဟပြောတာ သိပ်ဖြစ်နိုင်တယ်"

"ဒီမှာခင်ဗျာ၊ ကျွန်တော် နည်းနည်းအစီရင်ခံပါရစေ"

နေဦးနိုင်က နိဒါန်းပျိုးသည်။

"ကျွန်တော်ဟာ ဦးဘအိုရဲ့ခိုင်းစေချက်အရ နမ့်ခမ်း မြို့ကိုရောက်ခဲ့ပြီး သူတို့မိသားစုနဲ့တရင်းတနှီး အတူတကွနေ ထိုင်လာခဲ့ဖူးပါတယ်။ သူတို့ဟာ မောရှမ်းမြေဖွားပီသစွာ အလွန် တရာသစ္စာရှိတဲ့မိသားစုပါ။ ပစ္စည်းတွေ ရမယ်ဆိုတာသိလျက်နဲ့ ဒီကို မလာချင်ပါဘူးဆိုပြီး နန်းခမ်းမိုက တစ်ငိုတည်းငိုနေတာပါ။ ဦးဘအိုခေါ်ပြီး တစ်နှစ်ကြာမှ ရောက်လာခဲ့ကြတာပါ။ ပြီးတော့ ကိုကိုဆိုတဲ့လူဟာ ကမ္ဘာပေါ်မှာ စိတ်ကောင်းရှိသူတွေကို စာရင်း ကောက်ရင် သူရှေ့ဆုံးကပါမယ့်သူပါခင်ဗျာ၊ ကိုကိုနဲ့ နန်းခမ်းမို မှာ ဦးဘအိုကို သတ်ပစ်နိုင်လောက်တဲ့စိတ်မျိုး၊ ရက်စက်မှုမျိုး ဘယ်နည်းနဲ့မှ မရှိနိုင်ဘူးလို့ ကျွန်တော်ရဲဝံ့စွာ အာမခံပါတယ်"

မကျေညက်သောအကြည့်ဖြင့် ဝိုင်းမိသားစုက နေဦးနိုင်





ကို ကြည့်လာ၏။

"ဟုတ်တယ်၊ ကိုနေဦးနိုင်ပြောတာမှန်ပါတယ်။ ကျွန်တော်တို့ ရဲဝန်ထမ်းဆိုတာ လူကဲခတ်ပညာ တတ်ကျွမ်းရ ပါတယ်။ ကိုစိုင်းကိုကိုနဲ့ မနန်းခမ်းမိုဟာ သံသယရှိထိုက်စရာ စာရင်းထဲမှာကို မပါဝင်လို့ ဒီဝိုင်းထဲကို ကျွန်တော်ခေါ်မသွင်း တာပါ"

ဝတ်လုံတော်ရ ဦးထင်မောင်နှင့် ဦးဘအို၏မိတ်ဆွေ ကြီးဦးစံလူက ခေါင်းတဆတ်ဆတ်ညိတ်ပြီး ထောက်ခံသည်။

အရပ်ရှည်ရှည်၊ ဝါရွှေသောအသားအရေနှင့် ချောမော လှပရုံမက၊ ရိုးသားဖြူစင်လှသော အပြစ်မဲ့မျက်နှာလေးများနှင့် ကိုကိုနဲ့မိုမိုတို့၏ရုပ်သွင်ကို မျက်စိမှာမြင်ယောင်လာကြသည်။ သူတို့နှစ်ယောက်လုံး လောဘမဲ့စိတ်ထားရှိ၏။ ယခုပြဿနာ နှင့်ပစ္စည်းဆိုသည်များအတွက် စိတ်ညစ်နေကြပါ၏ဆိုသည် များကို လက်မခံနိုင်စရာမရှိ။

"ကဲ . . ဒီတော့"

ဦးဝင့်ကျော်က သူ့အလုပ်ကိစ္စကို နိဂုံးချုပ်တော့မည့် ဟန်ဖြင့် စကားစလိုက်ပြီး အနီးမှ သူ့တပည့်ရဲသားလေး နှစ်ယောက်ကို လှည့်ကြည့်လိုက်သည်။ အသင့်ပြင်ထားတော့ သည့်သောသဘော။

ညှိနှိုင်းခန်းတွင်း၌ ဦးစံလူနှင့် ဦးထင်မောင်ကို နာယက



www.burmeseclassic.com

www.burmeseclassic.com

ထားပြီး ဦးဝင့်ကျော်က ဒေါက်တာဦးဇော်ဟိန်း၏ဆေး အစီရင်ခံစာများ၊ ခုတ်ခွဲခန်း၏မှတ်ချက်၊ ဆေးရုံ၏ သေဆုံးရခြင်း အကြောင်းရင်း စာတန်းများကို တင်ပြဆွေးနွေးပြီး ဧည့်ခန်းတွင်းမှ လူများကိုကြည့်လိုက်သည်။

ဦးဝင့်ကျော် ခေါ်ယူထားသူများမှာ ကိုတင်ငွေနှင့် မသွယ်သွယ်၊ ဦးအောင်ဒင်၊ ဦးဝိုင်းမောင်နှင့် သားဝိုင်းသီဟနှင့် ဝိုင်းနန္ဒ၊ ဆရာမ နော်ထူးမေတို့နှင့်အတူ နေဦးနိုင်။

ဦးဝိုင်းမောင်နှင့်ဇနီးဒေါ်မြသိန်း၊ အိမ်ဖော် မရွှေကြည်နှင့် မစိန်မြိုင်တို့ကို ဤသံသယဝိုင်းအတွင်းမှ ချန်လှပ်ထားခဲ့သည်။

ကိုကိုနှင့်မိုမိုတို့နှစ်ဦးလည်း မပါဝင်စေခဲ့ပါ။

"ကဲ . . ကျွန်တော်စတင်အစီရင်ခံပါရစေ၊ အခုခေါ်ယူထားကြတဲ့အထဲမှာ မိန်းမသားများဖြစ်ကြတဲ့ နော်ထူးမေနဲ့မသွယ်သွယ်ကိုဖယ်ထားလိုက်ကြရအောင်"

သွယ်သွယ်က သူ့ရင်ဘတ်ကလေးကိုနှိပ်ပြီး မျက်လုံးကို မှိတ်လျက် သက်ပြင်းချလိုက်ပုံကိုက ဟန်ပန်မူယာများလွန်းလှချေသည်။

"ဒီမှာ မသွယ်သွယ် ခင်ဗျားနဲ့ကိုတင်ငွေ ပူးပေါင်းပြီး အဘိုးကြီးကို တရားစွဲမယ်၊ ဘာမယ်နဲ့လုပ်ပြီး လိမ်လည်ကြံစည်ခဲ့တာကို ကျုပ်တရားစွဲရင်ရတယ်နော်"





"အမယ်လေး . . မလုပ်လိုက်ပါနဲ့ဆရာရယ်၊ သေတဲ့လူလည်းသေပါပြီ"

"ဒါကြောင့် မစွဲတော့ပါဘူး။ ခင်ဗျားတို့အတွက် ဦးဘအို မသေခင်က တရားဝင်ပေးခဲ့တဲ့ငွေတစ်သောင်းကိုတော့ ခင်ဗျားတို့ချင်းပဲကြည့်ရှင်းကြတော့"

ဦးဝင့်ကျော်၏စကားအဆုံးတွင် သွယ်သွယ်၏ အကြည့်က ဆူးများနှယ်၊ ကိုတင်ငွေကိုထိုးဖောက်၏။

"ကဲ . . . ဒီတော့ရင် ကျန်တဲ့ဦးဝိုင်းမောင်တို့ သားအဖသုံးယောက်၊ ကိုတင်ငွေ၊ ဦးအောင်ဒင်တို့ကို စဉ်းစားကြရအောင် . ."

"အဲ . . ကိုနေဦးနိုင်ကတော့ အခင်းဖြစ်ချိန်မှာမရှိဘူး။ ဆားလင်းကြီးနယ်မှာ နွေရာသီလုပ်အားပေးနေလေတော့ သူ့အတွက်အလီဘိုင်ကခိုင်လုံတယ်"

"ဟုတ်ပြီ၊ ဒါဆို တရားခံဟာ ကိုတင်ငွေလား"

"သူ လုံးဝမဟုတ်ဘူး။ အဲဒီညက သူအိမ်ပေါ်တက်ခွင့်လည်းမရရှိနိုင်ဘူး။ သူ့ဟာသူ ငွေတစ်သောင်းရတာကို ကျေနပ်ပြီး ဘူတာဆင်းသွားခဲ့တာပါ။ အဲဒီမနက်အစောကြီးက ကိုစိုင်းကိုကို ကိုတောင် အေးအေးဆေးဆေးနှုတ်ဆက် သွားသေးတယ်။ သူသာ လူသတ်ထားရင် ဒီလိုထွက်မသွားရဲပါဘူး။ ဦးဘအိုပေးတဲ့ ငွေတစ်သောင်းကို မသွယ်သွယ်ကို


www.burmeseclassic.com

www.burmeseclassic.com

မပေးချင်တဲ့စိတ်နဲ့ ရန်ကုန်ဆင်းသွားခဲ့တာပဲရှိပါတယ်"

စိတ်သက်သာရာရသွားသော ကိုတင်ငွေမှာ သွယ်သွယ်၏ မျက်စောင်းဒဏ်ကိုပင် ဂရုမစိုက်နိုင်အားတော့။

"ကဲ . . ဒုတိယဖြစ်နိုင်တာက ကိုဝိုင်းမောင်တို့သားအဖသုံးယောက်"

"ဝိုင်းနန္ဒကမရှိဘူး။ ဒီမှာ မအိပ်ဘူး။ သူ့အဖွဲ့တွေနဲ့ စတိတ်ရှိုးကြည့်နေတာ၊ သက်သေပြနိုင်တယ်"

"ဝိုင်းသီဟက ဒီမှာအိပ်ပေမယ့် ဒီကောင်တွေဟာ ခိုးမယ်၊ ပြောင်ရိုက်မယ်၊ ထိုးမယ်၊ ရန်ဖြစ်မယ်၊ လူငယ်လူမိုက်တွေသာဖြစ်တယ်၊ ခုလို ကြိုတင်ကြံစည် ပြီးလုပ်လောက်အောင် သူနားမလည်ဘူး။ ကျွန်တော်ယုံကြည်တယ်"

ဝိုင်းညီအစ်ကိုနှစ်ယောက် ပြုံးသွားနိုင်ကြသော်လည်း သူတို့ဖခင် ဦးဝိုင်းမောင်မှာဖြင့် . . .

"ကျွန်တော် . . ကျွန်တော် မသတ်ပါဘူး ခင်ဗျား ကျွန်တော့် . . ကျွန်တော့်မှာ ဒီလိုသတ္တိမျိုးမရှိပါဘူး"

"မှန်တယ်၊ ဦးဝိုင်းမောင် ခင်ဗျားဟာ သေဆုံးသူအစ်မဒေါ်စိန်ခက်ရဲ့ အရိပ်ကို ခြေကုပ်ယူပြီး ကပ်နေသူသာဖြစ်တယ်။ ခင်ဗျားမှာ ဘာအစွန်းအစမှ မရှိဘူး။ သတ္တိလည်းမရှိဘူး။ ဒါကြောင့် ခင်ဗျားလူမသတ် . . ."

"ဝုန်း . . . ဒုန်း"





"ဟာ . . ဟိတ် . . ဖမ်း . . ဖမ်း"

"ဖမ်းချုပ်လိုက်"

"ရိုက်ချ . . ရိုက်ချလိုက်စမ်း"

ဦးဝင့်ကျော်က အလန့်တကြားအော်ပြီး သူကိုယ်တိုင်ဝင် ရဲသားနှစ်ယောက်ကြားမှာ ရုန်းနေသောသူ၏ဇက်ပိုးကို လက်ဝါးစောင်းနှင့် အားကုန် ရိုက်ချလိုက်သဖြင့် ခေါင်းငိုက်စိုက်ကျလာသူက ဦးအောင်ဒင် . . .

"သူ . . . သူ သတ်တာလား"

"သူ လူသတ်သမားလား"

"ဟုတ်ပါတယ် ဦးထင်မောင် ခင်ဗျား၊ အသေးစိတ်အကွက်ချပြီး ဦးဘအိုကို သတ်ခဲ့တဲ့တရားခံဟာ ဦးဘအိုရဲ့လူယုံထောင်ထွက်ကြီး ဦးအောင်ဒင်ပါပဲ"

"အင်း . . လူယုံသတ်လို့သေဆိုတဲ့ စကားပုံနဲ့တည့်တည့်ကြီး တိုက်ဆိုင်နေပါပေါ့လား"

"ဟုတ်ပါတယ် ဦးစံလူ၊ အဖြစ်က ဒီလိုပါခင်ဗျာ"

* * *

ထောင်မှထွက်လာခါစ တကယ့်ကို နောင်တတရားရလာခဲ့သည်။ ဤဘဝလူ့သက်တမ်း မဆုံးမီကာလအတွင်း အကုသိုလ်အလုပ်ကို မလုပ်ဆောင်တော့ပါဟူ၍လည်း ဆုံးဖြတ်


www.burmeseclassic.com

www.burmeseclassic.com



မိခဲ့၏။

သို့သော်လည်း စိတ်ထားမြင့်မြတ်သော မိုက်လုံးကြီး တတ်သော သူတို့၏နောင်တတရားကို အချိန်ကာလက တိုက်စားချေဖျက်သွားတတ်ပါ၏။

ပထမတော့ ဦးဘအိုနှင့်အတူ အသက်ထက်ဆုံးနေ သွားတော့မည်ဟု ဆုံးဖြတ်ထားသည်။ မကျန်းမာနေသော ဦးဘအိုမှာ သူ့ရောဂါကျွမ်းနေခြင်းကို သူကိုယ်တိုင်လည်း သိသည်။ သူသည် မကြာမီကာလအတွင်းမှာ ဤလူ့လောက က ထွက်ခွာသွားရမည့်သူပါဟူ၍ . . .

ထိုအချိန်မှာ နန်းခမ်းမိုကို မရမကမှာယူသည်။ ရောက် လာပြီး မကြာခင်အချိန်အတွင်းမှာပင် ပစ္စည်းအားလုံး နန်းခမ်းမို တစ်ယောက်တည်းသို့ လွှဲအပ်ပေးပစ်ခဲ့သည်။

သူသည် စေတနာဖြင့် ခြံစောင့် အိမ်စောင့်အလုပ် များကို တာဝန်ကျေ စွာဆောင်ရွက်ပေးခဲ့ပါလျက် သူ့အတွက် ဘာတစ်ခုမှ မပေးခဲ့သော ဦးဘအိုကို သူ မကျေနပ်။

သွေးမတော် သားမတော်နှင့် နေစရာပေး၊ စားစရာ ကျွေး၊ သုံးစရာပေးနေပါလားဟူသော ကျေးဇူးတရားကိုဖြင့် သူ မထောက်ထား။

ဦးဘအိုအနေဖြင့် သူပစ်ပယ်ခဲ့မိသော သူ့သမီး၏ သမီးလေးအတွက်သာ စဉ်းစားနိုင်ပါမည်။ သေသည်၏





အခြားမဲ့၌ ဘယ်သူ့အတွက်မှ သူ စဉ်းစားနိုင်မည်မဟုတ်ပါ။

အမိက စတင်မကျေနပ်သည်ကတော့ ထိုအချက်ပါပဲ၊

အထူးသူနာပြုဆရာမများ မငှားရမ်းခင်၊ နန်းခမ်းမို ရောက်မလာခင် အချိန်များဆီက ဦးဘအို၏အခန်းတွင်းသို့ သူပင်ဝင်ထွက် ပြုစုလုပ်ဆောင်ပေးနေကျမို့ . . .

ခုတင်ခြေရင်းမှ မီးခံသေတ္တာကြီးထဲတွင် စိန်ရွှေ ရတနာ များရှိသည်။ ဤမီးခံသေတ္တာ၏သော့ကို ဦးဘအို၏ ခါးပုံစ ထဲတွင်လိမ့်ပြီး သူ၏ခါးဝတ်ပုဆိုးနှင့်အတူ မြဲမြံသည်ဟူသော အကြောင်းများကို ရှေးကာလကပင် ဦးအောင်ဒင်သိခဲ့သည်။

"တင်ငွေဆိုတဲ့ကောင် ငွေတစ်သောင်းရရင် သွားတော့ မယ်၊ သူသွားခါနီးမှာ ဦးဘအိုကိုသတ်ပြီး ပစ္စည်းတွေသာ ယူ ထားလိုက်ရင် ဒီကောင်သတ်ပြီး ပြေးတယ်လို့ သူ့အပေါ် အပြစ် တွေပုံကျသွားမှာပဲ"

"အမယ်လေး အောင်ဒင်တို့ကံကောင်းချင်တော့ တင်ငွေက ညရထားလက်မှတ်မရဘူး။ မနက်အစောကြီးထသွား ရမှာတဲ့၊ ပြီးတော့ ဟိုကောင်ညီအစ်ကိုကလည်း ဒီည ဒီမှာ အိပ်မှာတဲ့၊ ငါ့အတွက် လုပ်ကြံလို့အကောင်းဆုံးဟာ ဒီညပဲ"

အစောကြီးကတည်းကပင် အခွင့်သာလျှင် လုပ်ကြံ တော့မည်ဟူသော ရည်ရွယ်ချက်ဖြင့် မှောင်ခိုဆေးရောင်းစား သော ဆေးကုလားတစ်ဦးနှင့် ပူပေါင်းပြီး အိပ်ဆေးများ ဝယ်ယူ



www.burmeseclassic.com

www.burmeseclassic.com

ထားသည်။ အိပ်ဆေး၏ အာနိသင်များကို မေးမြန်းထားပြ
ဘယ်ရွေ့ဘယ်မျှတိုက်လျှင် နှလုံးရောဂါရှင်မှာ နှလုံးခုန်ရ
သွားနိုင်ကြောင်းအထိ သူသိထားခဲ့ပြီးဖြစ်လေသည်။

သူ အိပ်သော ဘုရားခန်းဘေးခန်းနှင့် ဦးဘအိုင်
အိပ်ခန်းကို ဝရန်တာမှကူးလာပြီး နေရောင်ဝင်မှန်ကဲလာ
တံခါးမှတဆင့် အသင့်ဖြုတ်ထားသော တံခါးပေါက်မှ သူလျှိုဝ
နိုင်သည်။ ပြီးတော့ ဟန်မပျက်ပြန်တပ်ထားမည်။

ဤရည်ရွယ်ချက်များဖြင့် ထိုညက အိုဗာတင်းမှန်
အနည်းငယ်နှင့် အိပ်ဆေးလုံးကြိတ်ပြီးသားများကိုရောမွှေပြ
အခန်းတွင်းမှာထည့်ထားလိုက်သည်။

နန်းခမ်းမိုပါသောက်ပြီး အတူသေသွားလည်း သူ
မတတ်နိုင်တော့၊ သောက်ဖြစ်ဖို့သာအရေးကြီးသည်။

သူ့အတွက် အလေးသာချင်တော့ နန်းခမ်းမိုပ
အိုဗာတင်း သောက်ဖြစ်ကြောင်း၊ အခန်းအပြင်ဝရန်တာမ
ချောင်း၍ကြည့်နေသော ဦးအောင်ဒင် မြင်လိုက်ရသည်။

ခံတွင်းပျက်နေသော ဦးဘအိုမှာ အိုဗာတင်းအရသာ
ကိုလည်း သိပ်ခံစား၍မရ၊ သူသောက်နေကျအတိုင်း တစ်ခွက်
ကုန်အောင် မော့သောက်လိုက်ပါသော်လည်း . . .

နန်းခမ်းမိုမှာ ရောထားတာကြာပြီဖြစ်သော အိပ်ဆေ
မှုန့်များကြောင့် အရသာတစ်မျိုးဖြစ်နေသည်ကိုသိလိုက်၍





ထက်ဝက်မျှသာ သောက်ဖြစ်လိုက်သည်။

မြေးအဘိုးနှစ်ယောက်လုံး ငြိမ်သက်သွားကြချိန်မှာ
အိုဗာတင်းတစ်ဘူးနှင့် ဦးအောင်ဒင်ကူးလာပြီး လဲယူသည်။
စိတ်လှုပ်ရှားနေ၍ အချိန်အဆမတိ ကျတော့။ ပထမဘူးထက်
များနေသည်ကို နန်းခမ်းမိုသတိတရနှင့် အစစ်ခံခဲ့ပြီးပါပြီ။

ဦးအောင်ဒင်အဖို့ လူသတ်ရတာလည်း အလွယ်လေး။
ပထမတစ်ချိန်က ဓားနှင့်ခုတ်သတ်ခဲ့ရသလို သွေးသံရဲရဲနှင့်
မရှုမလှပုံစံမျိုးလည်းမဟုတ်။

သူ့သားကောင်များသည် ငြိမ်သက်နှစ်ခြိုက်စွာ အိပ်
ပျော်နေကြလေပြီ။ ဦးဘအိုကတော့ ထာဝရအိပ်စက်ခြင်းဖြင့်
အိပ်စက်သွားလေပြီ။

ဦးဘအို လိမ်ကျစ်ထားသော သူ့ခါးကြားမှ သော့ကိုယူ၊
အားဆေးစွာပင် မီးခံသေတ္တာကိုဖွင့်ပြီး စိန်ရွှေရတနာများတစ်ခု
မကျန် သူယူသည်။

ကာလတန်ဘိုး ဆယ်သိန်းအထက်မှာရှိကြောင်းကိုဖြင့်
သူမတွက်တတ်။

ငွေသားတော့ များများမရှိ။ မီးခံသေတ္တာတွင်း၌ ငွေ
လေးထောင်ကျော်သာတွေ့ရှိရသည်။

ငွေယူ၍မဖြစ်၊ သူ့ထံ၌ ငွေများတွေ့သွားလျှင် အခက်။
ငွေများမှလည်း ဘဏ်မှထုတ်ထားသော အသစ်အုပ်များချည်းမို့



www.burmeseclassic.com

www.burmeseclassic.com



နံပါတ်စဉ်အတိုင်းရှိနေ၍ သူ မယူရဲ။

အောက်ထပ် အံဆွဲအတွင်း၌ ဘဏ်နှစ်ခုခွဲပြီး အပ်ထားသောငွေများ၊ ငွေစုစာအုပ်နှင့် ငွေများအပါအဝင်ငွေပေါင်း သိန်းနှစ်ဆယ်နီးပါးမျှရှိနေပါ၏။

၎င်းဘဏ်စာရင်းနှင့် အမည်များအားလုံးနန်းခမ်းမိုနှင့် လွှဲပြောင်းပေးထားပြီးဖြစ်လေသည်။

၎င်းဘဏ်ချက်လက်မှတ်များကိုတော့ ဘာလုပ်၍မျှ မရသဖြင့် ခြေရာလက်ရာမပျက် ပြန်ထားခဲ့ရ၏။

သော့ကို ဦးဘအိုကိုခါးကြားမှာ ပြန်ထည့်၍ ပုဆိုးနှင့်လိမ်လိပ်ပေးခဲ့ပြီး ပြတင်းအပေါ် ရှိ နေရောင်ဝင်မှန်တံခါးမှ ကျော်ဆင်းကာ သူ့အိပ်ရာသို့ ပြန်လာခဲ့ရပါတော့သည်။

အသံတစ်ချက်မျှပင်မထွက်ဘဲ ဦးဘအိုလည်း သေဆုံးခဲ့လေပြီ။ သူ့လက်မှာ စိန်ရွှေရတနာထုပ်များကိုလည်း ပိုင်ဆိုင်ခွင့်ရခဲ့ပြီ။

ဘာလိုသေးလဲ. . .

အားလုံး ပြီးဆုံးပြီ. . .

ငါ သူဌေးဖြစ်ပြီ။

* * *

"တောက် . . ယုတ်မာလှချေလား အောင်ဒင်ရယ်"





ဦးစံလူက သူ့မိတ်ဆွေကြီး ဦးဘအိုအတွက် ခံပြင်းလွန်းစွာ စားပွဲကို လက်သီးနှင့်ထုပြီး ရင်ထုမနာပြောလိုက်ပါ၏။

"နေပါဦး၊ ဒါဆို နော်ထူးမေကို စက်ဘီးနဲ့တိုက်တာလည်း သူပဲလား"

"ဒါပေါ့. . . သူ ကိုယ်တိုင်ပဲပေါ့"

ပြန်လည် သတိရလာပြီဖြစ်သော လူသတ်ကောင် ဦးအောင်ဒင်မှာ ခေါင်းမဖော်ရဲတော့။ ယခုမှ ဒုတိယအကြိမ် နောင်တမျက်ရည်များ တတွေတွေစီးကျနေသော်လည်း အရာအားလုံး နှောင်းခဲ့လေပြီသာ။

"သူလည်းအိပ်ဆေးမိနေတယ်ဆို၊ ဒေါက်တာဇော်ဟိန်းစစ်ဆေး တာပဲ"

"ဟုတ်တယ်လေ. . သူလူသတ် ယူလာတဲ့ပစ္စည်းတွေကို သိမ်းဆည်းပြီးချိန်မှာ အိပ်ဆေးအနည်းငယ်မျှသာ လက်ဖက်ရည်ချိုင့်ထဲထည့်ပြီး သူတစ်ဝက်လောက်သောက်လိုက်ကြတာပေါ့။ မနက်စောစော လူအားလုံးသိကြချိန်မှာ သူတကယ်အိပ်ပျော်နေတယ်လေ"

"အဲဒီကိစ္စကို ဦးဝင့်ကျော် ဘယ်လိုစပြီးတွေးထင်ခဲ့ပါသလဲ"

"အဲဒီ လက်ဖက်ရည်ချိုင့်က စတာပဲ"

"ဟာင်"



www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော် စုံစမ်းကြည့်ပြီးပြီ၊ ဦးအောင်ဒင်ဟာ လက်ဖက်ရည် သောက်ချင်ရင် ဆိုင်မှာဘဲ ထိုင်သောက်မှာပေါ့ . .

"လူလွတ်အဘိုးကြီးတစ်ယောက်ဟာ လက်ဖက်ရည်သောက်ချင်ရင် ဆိုင်မှာသွားထိုင်ပြီး သောက်လိုက်ရုံပေါ့၊ ချိုင့်နဲ့ဝယ်လာသောက်ပြီးရင် ဆေးဟယ်၊ ကျောဟယ်လုပ်ရဦးမယ်၊ ဒါကျွန်တော်တို့လိုယောက်ျားတွေ လုပ်လေ့မှမရှိတာ၊ အဲဒီမနက်ကတည်းက ဒီအချက်ဟာ နည်းနည်းထူးဆန်းတယ်လို့ထင်ခဲ့ပါတယ်၊ ကာကာဆိုင်ကိုမေးတော့လည်း ခါတိုင်းလာဝယ်နေကျမဟုတ်ဘူးတဲ့"

"သဲလွန်စဆိုတာ တစ်နေရာကမရရင် တစ်နေရာကရမှာပဲ"

"ဟုတ်ကဲ့ . . . ဦးဘအိုရဲ့ အခန်းကိုစစ်ဆေးတဲ့ အခါမှာ မျက်နှာကြက်အောက် ပြတင်းပေါက် အထက်က မှန်တံခါးဟာ အရှင်ပြန်တပ်ထားတာ တွေ့လိုက်ရပါတယ်။ ဒီကတည်းက အတွင်းလူပဲ ဦးအောင်ဒင်ပဲလို့ ကျွန်တော်တွေးထင်ပြီးသားပါ။ ဒါပေမယ့် . . . သေချာအောင်အားလုံး စစ်မေးရတာပါ ခင်ဗျာ"

"အင်းလေ . . ဦးဝင်းကျော်က တစ်စချင်း ရှင်းချလိုက်ပြီး နောက်ဆုံး ရစ်ပတ်ကျန်ခဲ့တဲ့ ကြိုးကွင်းဟာ သူ့ဆီမှာလို့လည်းသိရော သူထထွက်ပြေးတာပဲလေ"

"ကဲ . . . ဦးအောင်ဒင်"





ခေါင်းငုံ့လျက် ရှိုက်ငိုနေသည်။သူမော့မကြည့်။

"နောက်ဆုံး မေးစရာ တစ်ခုပဲ ကျန်တော့တယ်"

" ဟင် . . . "

"ပစ္စည်းတွေ ဘယ်မှာဝှက်ထားလဲ"

"မသိဘူး . . မသိဘူး. . . ကျုပ်ဘာမှမသိဘူး"

"အချိန်ဖြုန်းနေဖို့ အချိန်မရှိတော့ဘူး ဦးအောင်ဒင်၊ ခင်ဗျား ပြောမလား၊ မပြောဘူးလား"

" ကျုပ်. . . ကျုပ် ဘာမှမသိတာ"

" ဒါနဲ့ ခင်ဗျားက ဘာလို့ ထွက်ပြေးတာလဲ"

"ဒါက. . ဒါက"

"ငိုမနေစမ်းပါနဲ့ဗျာ. . . ၊ ခင်ဗျား ယောက်ျားပဲ၊ ယောက်ျားမှ လူနှစ်ယောက်တောင်သတ်ဖူးတဲ့ယောက်ျားပဲ၊ ကဲ ညီလေးအောင်မြတ်ကျော် နည်းနည်းပါးပါး ပြုစုပြီးမေးလိုက်စမ်းကွာ"

"အောင်မလေးဗျ"

ရဲသားများလက်စွမ်း မပြရသေးမီမှာပင် ကြုံးအော်နေသော ဦးအောင်ဒင် . .

"ဟာဗျာ. . . ကဲ. . . "

"အမလေးဗျ. . . ကြောက်ပါပြီဗျ"

"နေ. . ညီလေး၊ကဲ. . ပြောစမ်းပါ၊ ဦးအောင်ဒင်



www.burmeseclassic.com

www.burmeseclassic.com



ခြံထဲက ဘယ်နေရာမှာ မြေကြီးတူးပြီးဝှက်ထားသလဲ"

"ဟင်. . ."

ဦးဝင့်ကျော်က ဦးစံလှကိုကြည့်လိုက်ပြီး. .

"သူ့ပဲဖြစ်ရမှာပေါ့၊ သူမှိုလို့သာ ခြံထဲကခွေးတွေငြိမ်နေတာပေါ့"

"ဟုတ်လောက်တာပေါ့"

"သူ့ရာဇဝင်ကိုစုံစမ်းပြီးပြီ၊သူ့မှာ ပစ္စည်းအပ်ထားရလောက်အောင် ယုံကြည့်ရမယ့်သူမရှိဘူး၊ သူဟာ တစ်ကောင်ကြွက်ပဲ၊ ဒါကြောင့် ခြံထဲမှာပဲမြှုပ်ထားတာဖြစ်ရမယ်၊ပြောစမ်း ဦးအောင်ဒင်၊ ကျုပ် ဒေါသမထွက်ခင်"

"အောင်မလေး. . အောင်မလေး. . ပြောပါမယ်ဗျ"

"ပြော. . ဘယ်နေရာမှာမြှုပ်ထားလဲ"

"အား. . ပြောပါ့မယ်ဗျ၊ ဟို. . ခြံ. . ခြံခေါင်းရင်းထောင့်က လဲမှို့ပင်ကြီးနှစ်ပင်ရဲ့ကြား. . ."

စိတ်လှုပ်ရှားလွန်းသဖြင့် ဦးအောင်ဒင် ဆက်၍ပင်မပြောနိုင်တော့။

"ကဲ. . ကောင်းပြီ၊ ဒါဆို သူ့ကိုလူသတ်မှု၊ ပစ္စည်းခိုးယူမှု နန်းခမ်းမိုကို အိပ်ဆေးခတ်မှုတွေနဲ့ စွဲချက်တင်နိုင်အောင် ပုဒ်မတပ်ပြီး မကြာခင်မှာ ရုံးတော်ကို ကျွန်တော်အမှုလွှဲအပ်ပါမယ်ခင်ဗျာ၊ အားလုံးကို ကျေးဇူးတင်ပါတယ်"





"သြော် . . နေပါဦး ဦးဝင့်ကျော်"

"ပြောပါ ဦးစံလှခင်ဗျာ"

"ဒါဆို ပစ္စည်းတွေတူးဖော်ပြီး မိန်းကလေးလက်ထဲ ပြန်အပ်ရုံပေါ့နော်၊ ကျုပ်မိတ်ဆွေကြီးဆန္ဒအတိုင်း သူ့မြေးမလေးဆီရထိုက်လို့ ပြန်ရပြီပေါ့နော်. ."

"ဟုတ်ကဲ့ . . ရမှာပါ၊ ဒါပေမယ့် ချက်ချင်းတော့ မဟုတ်သေးဘူးခင်ဗျ၊ ကျွန်တော်တို့ တာဝန်ရှိပုဂ္ဂိုလ်တွေ၊ သက်သေလူကြီးတွေနဲ့အတူ တူးဖော်ပြီး ရုံးတော်ကိုတင်ပြရပါဦးမယ်။ ပြီးတာနဲ့ မနန်းခမ်းမိုအားလုံးပြန်ရမှာပါ"

"ရပါစေဗျာ . . ရလည်းရထိုက်ပါတယ်။ ငွေတွေကတော့ ရှင်းတယ်လေ။ အားလုံး သူ့နာမည်နဲ့လွှဲပြီးသား"

"ဟုတ်ကဲ့. . ကဲ. . ကျန်တာလေးတွေ ဆက်လက်လုပ်ကြရအောင်၊ အောင်မြတ်ကျော် သူ့ကိုလက်ထိပ်ခတ်ပြီးပြီ မဟုတ်လား၊အေး. . ခေါ်သွားတော့. ."

"အင်း. . အမှုတော့ ရှင်းသွားပြီပေါ့လေ၊ မိတ်ဆွေကြီးကိုဘအို အပ်နှံခဲ့တဲ့အတိုင်း သူ့မြေးမလေးကို စောင့်ရှောက်ရဦးမယ့်တာဝန် ငါ့မှာရှိတယ်။ ဒီတိုက်ကြီးပေါ်ကလူတွေနဲ့ နေရေးထိုင်ရေးက အစပေါ့"

အားလုံး လူစုခွဲကြချိန်မှာ ကျောင်းဒါယကာကြီး ဦးစံလှတစ်ယောက်တည်း တွေးတောလျက်ရှိနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၃၀)

"ကိုကို"

"ဗျာ"

"ညီမလေးကြောင့် သိပ်စိတ်ညစ်နေလားဟင်"

"မညစ်ပါဘူးဗျာ၊ ညီမလေးကို သနားတာပဲရှိပါတယ်။ ကိုကိုကြောင့် . . ကိုကိုကြောင့် . . ."

"ဘာလို့လဲကိုကိုရဲ့"

"ဩော် . . ဒီကိုမလာချင်ပါဘူးလို့ ငိုနေတာကို၊ ကိုကို အတင်းလွှတ်မိလို့ ကိုကို့ညီမလေး ခုလိုသောကတွေနဲ့ကြုံရတာ"

"ခုတော့ အားလုံးပြေငြိမ်းမြီလေ ကိုကိုရယ်"

"အဲဒီ ပြေငြိမ်းမှုအတွက် သောကတွေ၊ ချောက်ချားမှုတွေ၊ မျက်ရည်တွေနဲ့ရင်းရတာပါလေ"

"ဒါတွေပြောမနေပါနဲ့တော့ ကိုကိုရာ၊ ဘာတွေပဲဖြစ်နေဖြစ်နေ ကိုကိုရှိနေတာပဲ တော်သေးတယ်"





"အေးလေ . . ခုလိုအချိန်မျိုးမှာ ကိုကိုမရှိဘဲ ဖြေရှင်းနေရရင်တော့ . . ."

"မဖြေရှင်းသေးဘူး ကိုကို့ဆီပဲပြန်ပြေးလာခဲ့မှာပေါ့"

ရင်ခွင်တွင်းမှ နန်းခမ်းမိုကို နှလုံးသည်းပွတ်သို့ မြုပ်ဝင်သွားမတတ် ကိုကို ဖက်ထားလိုက်မိသည်။

"ကိုကို့"

"ဗျား"

"ကိုကိုပြန်ရင် ညီမလေးမနေခဲ့ဘူးနော် . . ဒါပဲ"

စူနေသော နှုတ်ခမ်းလေးကို ကိုကိုကလက်နှင့် စုဆွဲထားလိုက်ပြီး . .

"ပြောလိုက်တဲ့ မျက်နှာအမူအရာလေးက ချစ်စရာကောင်းလိုက်တာဗျာ၊ အသည်းထဲကိုခိုက်သွားတာပဲချစ်ရယ်"

"ကိုကို"

"ဟင်"

"ကိုကို သိရဲ့လား"

"ဘာကိုလဲ"

"ခမ်းမို ကိုကို့ကို သိပ်ချစ်တယ်ဆိုတာလေ"

"ဘယ်သိပါ့မလဲ"

"ဟင် . . တကယ်"

"တကယ်ပေါ့ ကိုကိုသိအောင် ယုံအောင်ပြပါ"



www.burmeseclassic.com

www.burmeseclassic.com

"ကဲ"

"အား . . ဟား . . ချစ်လေးရယ်"

အချစ်ရဆုံးသော ကိုကို၏ပါးပြင်ကို နန်းခမ်းမိုကပင် စတင်၍ မွှေးရှိုက်လိုက်သည်။

ကိုကို၏ကြည်နူးမှုအပြုံးက လက်လက်တောက်သွား တော့သည်။

သူ့ပါးပြင်ကို နမ်းရှိုက်သည်မထင်၊ ရင်ကိုဖွင့်ခွဲပြီး အသည်းနှလုံးကို တိုက်ရိုက်နမ်းရှိုက်လိုက်သလို . . ရင်၏ ရင်ပြင် တစ်ခုလုံး သိမ့်သိမ့်ခါသွားအောင် ကျေကျေနပ်နပ်ကြီး ခံစား လိုက်ရတော့သည်။

"အား . . သေပါပြီ"

ကိုယ်အားကြီးနှင့် မညှာမတာအတင်းဖက်ပစ်လိုက် မှန်းပင်မသိ၊ နန်းခမ်းမို အသံလေးကြားရမှ အလျှော့ပေးရ မှန်းသတိရလာသည်။

တစ်ဘက်က ဖက်ထားရင်း ရင်ခွင်တွင်းမှ အချစ်ဆုံး လေး၏မျက်နှာကို မေးဖျားမှ သိုင်းမော့ယူလိုက်ပြီး အနီးကပ် ကြည့်၍ . . .

"ဟောဒီ ပါးလေး၊ ဟောဒီနဖူးလေး၊ ဟောဒီမျက်ဝန်း မို့လေးကအစ ကိုကိုနမ်းခဲ့ဖူးတာ နေရာမလပ်ထပ်နေခဲ့ပါတယ်"

"မောင်မောင်မွေးလာလို့ မမေ့ကူ မကြည့်နိုင်တဲ့





မလေးကို ကိုကိုပဲထိန်းခဲ့ရတာ ခုလိုရင်ထဲမှာထားပြီး အိပ်ပျော် တဲ့တိုင်အောင် ချမသိပ်ရက်ခဲ့လို့ ရင်ထဲမှာ ပွေ့ထားခဲ့ရတဲ့ ကိုကို့အချစ်ဆုံးညီမလေးရယ် . . "

"ဟိုတုန်းက အနမ်းတွေကတော့ တကယ်ညီမလေး ရင်းစိတ်နဲ့ ကလေးလေးတစ်ယောက်ကို နမ်းခဲ့တဲ့အနမ်းပါ"

"ခုတော့ အရွယ်တွေပြောင်း၊စိတ်တွေပြောင်းလို့ အချစ် တွေပါပြောင်းလာခဲ့တဲ့အချိန်မှာ အချစ်ရယ်၊ ကိုကိုလေ . . ဟောဒီပါးလေးတွေ၊ နှုတ်ခမ်းလေး တွေ၊နဖူးလေးတွေကို မနမ်း ရက်လောက်အောင်ဘဲ ကိုကိုသိပ်ချစ်တယ်"

ရင်ထဲက နန်းခမ်းမိုကို အနီးကပ်ပွေ့ပိုက်ထားရင်း ပါးချင်းအပ်ထားလိုက်သည်။

နန်းခမ်းမို၏ ဦးခေါင်းထက်မှ သန့်ရှင်းမွှေးကြိုင်နေ သော ဆံနွယ်လေးများကိုသပ်ပြီး ကျောပြင်ပြေလေး၊ လက် မောင်းအိအိလေးများကိုပါ တယုတယ လျှောသပ်ပေးနေရင်း။

နန်းခမ်းမို၏တစ်ကိုယ်လုံး မွှေးညင်းနုလေးကအစ ကြွကျသွားတတ်သည့်အရာလို၊ ယုယမြတ်နိုးလွန်းစွာ ပွေ့ပိုက် ထားရှာသော ကိုကို၊ ချစ်လွန် လွန်း၍ပင် မနမ်းရက် တော့ပါဟု ဆိုရှာလေသော်သူ . . .

"ကိုကိုရယ်"

နန်းခမ်းမိုက ကိုကို့လည်တိုင်ကိုသိုင်းဖက်ပြီး အကျီပွင့်


www.burmeseclassic.com

www.burmeseclassic.com

နေသော ရင်ညွန့်ကိုရှိုက်နမ်းလိုက်ပြီးမှ ပျောက်ဆုံးသွားမှာ စိုးရိမ်နေသလို တအားသိမ်း ကျုံးဖက်ပစ်လိုက်တော့သည်။

"ကိုကို့ကိုချစ်သလားဟင်"

နန်းခမ်းမိုဘာမှမဖြေ။ တင်းပြည့်နေသော လက်မောင်းသားကြီးကို ငုံကိုက်ပစ်လိုက်တော့ . . .

"အား . . ဟား . . ကြည့်စမ်း ခွေးမလေး"

ကိုကိုကနှစ်နှစ်ခြိုက်ခြိုက်ကြီး ရယ်မောလိုက်ပြီး . .

"ချစ်လားမေးတာနဲ့ ကုန်းကိုက်ရတယ်လို့ကွာ"

"သတ္တိရှိ ထပ်မေးကြည့်ပါလား"

"နေစမ်းပါဦး . . ၊ကိုကို့ကို ချစ်သလားမေးတာနဲ့ ဘယ်နှယ့် ခွေးစိတ်ပေါက်သွားရတာလဲ"

"ဘာခွေးလည်း၊ ကျားစိတ်ပေါက်တာသိရဲ့လား။ နောက်တစ်ခါ ထပ်မေးရင် တစ်ကိုယ်လုံးကိုက်စားပစ်လိုက်မယ်"

"တစ်နေရာတော့ချန်ထားပါ"

"ကိုကိုနော် . . "

"မျက်စိနှစ်လုံးချန်ခဲ့ပါ။ ကိုကို့အချစ်ဆုံးလေးကို ကြည့်နေနိုင်ဖို့"

ထိုမျက်ဝန်းချင်းထိခတ်မှုက နှလုံးသား၏တုန်ခါနှုန်းကို ပို၍မြင့်စေနိုင်သည်ပါလားကွယ် . . . .

"နေပါဦး . . ကိုကိုက သိပ်ချစ်လို့ ကိုကို့ကိုချစ်ရဲ့လား





. . မေးတာနဲ့ ဘာဖြစ်ရတာလဲဗျာ"

"ဘာဖြစ်ရမလဲ သေမတတ်ချစ်နေတယ်၊ မခွဲနိုင်အောင် ချစ်နေတယ်ဆိုတာ မသိဘူးလား"

"ဟင် . . ဟာ"

"သူ့ကို အသေအလဲချစ်နေပါတယ်ဆိုတာ သိရဲ့နဲ့များ"

"ဘာ. . ဘာပြောလိုက်တယ်၊ ဦးလေးက နားမကောင်းဘူးကွယ်။ ထပ်ပြောစမ်းပါဦး"

နားရွက်နောက်မှာ လက်ဝါးကာပြီး အဘိုးကြီး တစ်ဦးပုံသဏ္ဍာန်နှင့်ပြောနေသော ကိုကို့ပုံစံကိုကြည့်ပြီး နန်းခမ်းမိုခိုးခိုးခစ်ခစ်ရယ်ဖြစ်၏။

အချစ်ဆုံးနှစ်ယောက်တို့ လွတ်လပ်စွာ တွေ့ဆုံခွင့်ရခိုက်မှာ ရင်လှိုက်ခုန်ဖွယ်အကြည့်များ၊ အထိအတွေ့များနှင့်အတူ ကျီစယ်စကားများ၊ နှလုံးသားခံစားချက်၊ ချစ်မေတ္တာချင်းအားပြိုင်မှုတို့ ပြောခွင့် ဆိုခွင့် ရနေချိန်သည် ဖို-မ ဟူသော လူသားအားလုံး၏ ကြည်နူးချမ်းမြေ့ရဆုံးသော အချိန်သာဖြစ်ပါချေ၏။

"ကိုကို"

"ချစ်"

"ကိုကိုပြန်ရင် လိုက်ခဲ့မှာနော်"

"ချစ်လေးရယ် . . ဒါပဲ ပြောနေတာပဲ၊ ကိုကိုလည်း


www.burmeseclassic.com

www.burmeseclassic.com



တစ်စက္ကန့်တောင် ခွဲချင်တာမဟုတ်ပါဘူး။ ဒီမှာရဲ့ အခြေအနေ
က ညီမလေးအသိဆုံးဘဲလေ။ ခုဆို ဦးစံလူတို့လို လူကြီးတွေ
စီစဉ်ပေးလို့ အားလုံးအဆင်ပြေနေပြီ။ ဒီအိမ်ကြီးကိုပစ်ပြီး
ညီမလေးရုတ်တရက်လိုက်လို့ မဖြစ်သေးဘူးထင်တယ်”

“လုပ်ပြန်ပြီ . . ဟိုမှာတုန်းကလည်း သူပဲ နှင်လွှတ်လို့
ဒုက္ခတွေပင်လယ်ဝေခဲ့ရပြီးပြီ၊ ခုလည်း တစ်ယောက်တည်းထား
ခဲ့ပြီး ပြန်ဦးမယ်လား”

“အခုလည်း မပြန်သေးပါဘူး”

“အခု မပြန်သေးဘူးဆိုတာ နောက်ပြန်မယ်ဆိုတာနဲ့
အဓိပ္ပါယ်အတူတူပါပဲ ကိုကိုရဲ့၊ ကိုကိုချစ်တယ်ဆိုတာ အလကား
ပါ။ ခမ်းမိုဆို ကိုကို့ကို မခွဲ နိုင်အောင်ကိုချစ်တာ၊ ရပါတယ်လေ
သွားပါ။ ထားခဲ့ပါ”

နန်းခမ်းမို တကယ်စိတ်ကောက်သွားလေပြီ။ခါတိုင်း
ဆိုးနေကျလို ကလေးလေးတစ်ယောက် စိတ်ကောက်ပုံမျိုး
မဟုတ်၊ စိတ်နာသွားသည့်ပုံစံမျိုး ဖြစ်နေရှာပြီ။

“မိုမို . . ညီမလေး”

“ဟင်”

“ကိုကို့ကို တစ်ခါတည်း လက်ထပ်ရဲလား”

“ကိုကို့လို ဟိုင်ငဲ့သည်ကြောက် အစားမျိုးမဟုတ်ဘူး
ကိုကို သတ္တိရှိရင် အခုပဲလက်ထပ်မယ်”





အမျိုးသားဟူသည် တခြားသောကိစ္စများ၌ မိုက်မဲတတ်၊
သတ္တိရှိတတ်ကြသော်လည်း အချစ်ရေးနှင့်အိမ်ထောင်ရေးမှာ
ချင့်ချိန်စဉ်းစားတတ်ကြသည်။ အချစ်ကြောင့် မိုက်မဲစွာစွန့်စား
ခြင်းဆိုသည်ကို တွေ့ရခဲလှသည်။

မိန်းမသားများကျတော့ ကိစ္စရပ်တော်တော်များများကို
ချင့်ချိန်သည်။စဉ်းစားသည်။ သတ္တိနည်းတတ်ကြသည်။

အချစ်အတွက်ဆိုလျှင်ဖြင့် ယောကျာ်းတွေထက် သတ္တိ
ရှိ၏။ စွန့်စားဝံ့သည်။ စွန့်လွှတ်ရဲသည်။ မိုက်မိုက်မဲမဲ ဆုံးဖြတ်
တတ်ကြပေသည်။

ခွန်အားသတ္တိအပြည့်ဖြင့် မိမိကို ချစ်တတ်ရှာလွန်းသော
နန်းခမ်းမို၏ ကြေကွဲမှုမျက်နှာလေးကို စိုက်ကြည့်နေပြီ. . .

“ကိုကို့ကို ကြည့်ပါဦး ညီမလေးရဲ့”

လှည့်တော့ ကြည့်လာပါ၏။ နန်းခမ်းမို၏မျက်ဝန်းမှာ
ဖြင့် နာကျည်းမှုအစွန်းအထင်းများနှင့် ဒေါသသင့်နေသော
အကြည့်များ။

“ကိုကိုဟာ ဘာကြောင့်လဲ သိလား”

“သိတယ် . . သိပ်သိတယ် . . ပြောမယ့် စကားတွေ
အလွတ်ရပြီးသား၊ ကိုကိုဟာ ဘွဲ့မရတဲ့ လက်ဖက်ခြံလုပ်သား
တစ်ယောက်၊ တောသား၊ ဘာညာ . . ညီမလေးကလည်းတယ်
. . ယယ်တယ် ။ပြီးတော့ သိပ်ချမ်းသာသွားပြီ၊ ဒါတွေ လာမှာ



www.burmeseclassic.com

www.burmeseclassic.com

မဟုတ်လားပြောမနေနဲ့ . . မကြားချင်ဘူး။ နားငြီးတယ်"

ကြည်နူးမှုလွင်ပြင်လေးမှာ ဒေါသမိုးတွေကြွလာတော့ အနေခက်၊ အခိုခက်ရလေပြီ။

"ညီမလေးရယ် ကိုကို့ကို တကယ်စိတ်ဆိုးမသွားပါနဲ့ ကိုကိုပြောချင်တာ စောစောကဟာတွေမဟုတ်ပါဘူး။ တစ်ချက် တည်းပဲပြောစရာရှိပါတယ်"

"ဘာလဲ"

"ပညာရေး"

"ဘာ ပညာရေးလဲ"

"ညီမလေးရဲ့ပညာရေးပါ။ ဆယ်တန်းနှစ်က ညီမလေး အသေအလဲ ကြိုးစားခဲ့တာ ကိုကို့မျက်မြင်ပါ။ ဟော . . အခု အောင်ပြီ။ မန်းတက္ကသိုလ်ကို တက်နိုင်ဖို့အခွင့်အရေးလည်း ရရှိလာပြီ။ ကိုကို့ ညီမလေးဟာလေ ငယ်ငယ်လေး . . . ချောချောလှလှလေးမို့ တက္ကသိုလ်ကျောင်းသူလေးအဖြစ်နဲ့ပဲ ကိုကို အလှကြည့်နေချင်ပါတယ် ချစ်ရယ်။ ငယ်ငယ်လေးရဲ့ အိမ်ထောင်သည်တစ်ယောက် ဖြစ်သွားရရှာမယ့်ဘဝကို ကိုကို အဖြစ်မခံနိုင်ဘူးညီမလေးရယ်။ ကိုကို့အချစ် . . ကိုကို့စေတနာ ကို ညီမလေးနားလည်စမ်းပါကွယ်"

ကိုကို့ရင်မှ စေတနာစမ်းရေသည် နန်းခမ်းမိုင်၏ နှလုံး သားကမ်းပါးကို ဖြတ်သန်းစီးဆင်းသွားချိန်မှာ ဒေါသတွေ





နာကျဉ်းမှုတွေကိုပါ တိုက်စား သယ်ယူသွားတော့သည်။

ကိုကိုနဲ့နေချင်တာ တစ်ခုပဲသိသော၊ ဆန္ဒရှိသော နန်းခမ်းမိုင် . . . တက္ကသိုလ်ကျောင်းတက်ရမည့်အရွယ်မှာ အိမ်ထောင်သည်တစ်ယောက် အဖြစ်မခံနိုင်ပါဆိုသော ကိုကို့၏ စေတနာသည် အစ်ကိုကြီးတစ်ယောက်ထက်မြင့်၏။ ဖခင် တစ်ဦး၏ စေတနာနှင့်ညီမျှ၏။ ဖခင်ဆန်သော ချစ်ခြင်းမေတ္တာ ဖြင့် ချစ်ရှာသော၊ စေတနာထားရှာလေသော ကိုကိုရယ်လေ။

"ညီမလေးကို ကိုကိုစိတ်ဆိုးသွားယောဟင်"

"ညီမလေးရယ် . . . ကိုကို ဘယ်တုန်းကများ စိတ်ဆိုး ဖူးလို့လဲ၊ ခုလိုပြောတာလေးမပြောနဲ့၊ ကိုကို့ရဲ့နှလုံးသည်းပွတ် ကိုထုတ်ယူစေဦး၊ ကိုကိုရဲ့ မျက်လုံးနှစ်ဘက်ကို ထိုးဖောက် သွားစေဦး၊ ညီမလေးအတွက်ဆိုရင် ကိုကိုဘယ်သော အခါမှ စိတ်ဆိုးရက်မှာ မဟုတ်ဘူးကွယ်၊ အဲဒါ ကိုကို့ရင်ထဲက တကယ့် စေတနာ မေတ္တာထုထည်ရဲ့ အပိုင်းအစမျှသာ ဖြစ်ပါတယ် ညီမလေး"

"ကိုကိုရယ် . . . "

နန်းခမ်းမိုင်၏ မျက်ပြေအနမ်းလေးများဆင့်ဆက်ပြီး . . .

"ကိုကိုဟာ ခမ်းမိုင်ရဲ့ဘဝပဲ၊ ခမ်းမိုင်ရဲ့မိဘပဲ၊ ခမ်းမိုင်ရဲ့ အားကိုးရာ . . မှီခိုရာ . . ကိုးကွယ်ရာပါ၊ အို . . . ခမ်းမိုင်ရဲ့ အမြတ်နိုးဆုံး၊ အချစ်ဆုံး ကိုကိုရယ်ရှင်"



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၃၁)

ဦးဘအိုဆုံးသည်မှာ တစ်လပြည့်ခဲ့ပြီ။ လလည် ဆွမ်းသွတ်ပြီးသည့် ညနေမှာဦးစံလူကိုယ်တိုင် ပြဿနာများကို လာရောက်ဖြေရှင်းပေးနေပါ၏။

ကိုကိုလည်းနမ့်ခမ်းမြို့သို့ မပြန်ဖြစ်သေး။

ညီမလေးက မခွဲနိုင်ပါဆိုသော ငဲ့ညာစိတ်ထက်ကို သူကိုယ်တိုင်က စိတ်မချသဖြင့် မပြန်ဖြစ်နိုင်ခြင်းပါ။

မောင်မောင်က ခြကိစ္စ ဘာမှနားမလည်။

လက်ဖက်ခူးသမားများနှင့်မှအဆင်ပြေပါ့မလား။

အဖေတော့ ပင်ပန်းနေရှာပြီ၊ အမေမှနေကောင်းရဲ့လားဟူသော မိသားစုအပေါ်တွင် သံယောဇဉ်ကြီးလွန်းသည့်စိတ်ဖြင့် နောက်ဆံငင်မိသည် မှန်သော်လည်း . . .

"သည်တိုက်ကြီးမှာ ညီမလေးကို တစ်ယောက်တည်း မထားခဲ့ရက်နိုင်ပါ"

ဆိုသည့် တစ်ချောင်းတည်းသော သံယောဇဉ်ကြိုးက





ဆွဲငင်အားပို၍ ကြီးမားသဖြင့် ကိုကိုတစ်ယောက် မောရှမ်းမြေသို့ မပြန်ဖြစ်နိုင်သေး။

ဧည့်ခန်းမှာပဲ အားလုံးစုံညီစွာ ရှိနေကြသည်။

ဦးဝိုင်းမောင်နှင့် ဒေါ်မြသိန်းတို့၏ ပစ္စည်းများကတော့ ပြောင်းရွှေ့ပြီးကြပြီ ။သူတို့၏ အဝတ်အစားသေတ္တာများသာ ကျန်ပါသည်ဆိုသော်လည်း . .

အနုတ်အစုတ်မက်လေ့ရှိသူ တချို့သော မိန်းမများ အတိုင်း ဒေါ်မြသိန်းမှာ မီးဖိုချောင်မှအိုးပုံး၊ ပုလင်းဟောင်းများကအစ၊ နို့ဆီခွက်ဟောင်းနှင့် အိုတတင်းဘူးခွံများပါမကျန် တောင်းကြီး၊တောင်းငယ်နှင့် ထည့်သိုသိမ်းဆည်း ထားပါပြီ။

"မြသိန်း. . . နင့်ပစ္စည်းတွေကလည်း ကုန် မကုန်နိုင် တော့ပါလား"

"ဟို. . . သူ . . . သူ့ကိုပြောပြီးမှ ယူတာပါ ဦးလေးရဲ့"

"အေးပါ . . နန်းခမ်းမိုကတော့ နင်တို့ဘာပဲယူယူ မယူနဲ့လို့ တစ်ခွန်းမှပြောမယ့်သူမှမဟုတ်ဘဲ"

လောဘမဲ့သူနှင့် လောဘကြီးသူနှစ်ယောက်ဖြစ်သော နန်းခမ်းမိုနှင့် ဒေါ်မြသိန်းကို ကြည့်ပြီး ဦးစံလူက ခေါင်းညိတ်သည်။

"ကဲ. . မင်းတို့ ကျေနပ်လို့ ယူကြတာနော်၊ ဒီမှာလက် မှတ်ထိုးကြ၊ အသိသက်သေက ငါနဲ့ဝတ်လုံတော်ရ ဦးညင်မောင်



www.burmeseclassic.com

www.burmeseclassic.com

ဘဲ၊ ကဲ . . နန်းခမ်းမို၊ ငွေနှစ်သောင်းပေးလိုက်”

အသင့်စီစဉ်ထားပြီးဖြစ်သော ငွေနှစ်သောင်းကို ကိုဝိုင်းမောင်က လက်ခံရယူပြီး လက်မှတ်ထိုးသည်။

ဤအိမ်ပေါ်တွင် ဆက်လက်ထား၍မဖြစ်။ ဦးဘအိုနှင့် ဒေါ်စိန်ခက်တို့ လက်ထက်က ဒေါ်စိန်ခက်၏မောင်အဖြစ်နှင့် ဦးဝိုင်းမောင်နေ၍ အဆင်ပြေခဲ့သည်။ သူ့သားများကြီးပြင်းလာ ချိန်မှာ မပြေလည်တော့။

ယခုအချိန်မှာ ဦးဘအို၊ ဒေါ်စိန်ခက်တို့ ကွယ်လွန် ရုံမက သူ့သမီး လက်ထက်ကိုကျော်ကာ မြေး နန်းခမ်းမို လက်ထက်သို့တိုင် မျိုးဆက်နှစ်ဆက်ကူး ပြောင်းလာခဲ့ပြီဖြစ်၍ ကိုဝိုင်းမောင်တို့ကို ဆက်လက်နေထိုင်ခွင့်ပေး၍ မဖြစ်တော့။

သူ့သားများ၏ အန္တရာယ်ကလည်း မသေးလှ။

ဤသည်ကို ဆင်ခြင်စဉ်းစားမိသော ဦးစံလူကပင် သူတို့ ကိုဆင်းပေးကြရန်ပြောတော့ ငွေသားငါးသောင်းတိတိ တောင်း ဆို၏။

ကယ်တင်ကူညီပြီး နေထိုင်ခွင့်ပေးရုံမက ကျွေးမွေးထား ခဲ့ရသူက တက်လာတုန်းက အလကား၊ ဆင်းသွားတော့ ငွေသား ငါးသောင်းတောင်းသည်ဆိုခြင်းကို ဦးစံလူက လုံးဝမကျေနပ်။

နောက်ဆုံးလူကြီးများ မျက်နှာစုံညီဖြေရှင်းတော့မှ နှစ်သောင်းနှင့် ဈေးတည့်ပြီး ယနေ့ဦးဘအိုသေဆုံးပြီး





တစ်လပြည့်ချိန်မှာ အိမ်ပေါ်မှအပြီး ဆင်းရန်နှင့် နန်းခမ်းမိုက ငွေနှစ်သောင်းပေးအပ်ရန်ကိစ္စအတွက် ဦးဆောင်စီစဉ်ရန် ဦးစံလူ ရောက်ရှိနေခြင်းပါ။

ကုလားထိုင်ဗီရိုနှင့်အပေါ်ထပ်တွင် သိမ်းဆည်းထား သောပန်းကန် အကောင်းစားများမှလွဲ၍ ဒေါ်မြသိန်းက အိမ်မှ ရှိသမျှပစ္စည်းများကို သယ်နေလေတော့သည်။

“အုန်းပင်ပေါက်ကအစ တူးယူသွားတယ်ဆိုတော့ နင့် ဟာ မလွန်လွန်းဘူးလား မြသိန်း၊ ပစ္စည်းဆိုတာ ထိုက်မှစားရ တာနော်။ စောခက်နွယ်တောင် မခံစားထိုက်လို့ သမီးအရင်း ဖြစ်ပေမယ့်မရဘူး။ တစ်ခါ အောင်ဒင်ကိုကြည့် ကိုဘအိုကို သတ်ပြီး ယူတာတောင် တစ်ပြားတစ်ချပ်မှရမသွားရှာဘဲ ထောင် ထဲမှာဘဲ ဘဝဆုံးရရှာမယ်. . ”

“အဲ. . နန်းခမ်းမိုကျတော့ ရထိုက်လို့ကို ရတာ၊ ခံစား ထိုက်လို့ကို စံစားရမှာ၊ အောင်ဒင်လက်ကို ပါသွားပြီး ပစ္စည်း တောင်ပြန်ရတာပဲကြည့်လေ”

“ကဲ. . ကဲ . . ငါပြောနေလည်း အပိုပါပဲ၊ ကာယ ကံရှင်မခမ်းမိုကမှ ဘာမှမပြောတာ ပစ္စည်းတွေ ကားပေါ် တင်လေ . . ဝိုင်းမောင်၊ ငွေပြည့်လား ရေပြီးရင်သွားကြတော့”

ဦးစံလူ၏ အမိန့်အတိုင်း သူတို့ဆောင်ရွက်ပြီးချိန် မှာ . .


www.burmeseclassic.com

www.burmeseclassic.com



"ငါ နောက်ဆုံးတစ်ခုတော့ မှာလိုက်ချင်တယ်ကွယ်"

"ဟုတ်ကဲ့ ခင်ဗျ"

"မင်းတို့တော့ ဧည့်သည်သွား ဧည့်သည်လာ၊ လာချ
လည်း လာကြပေ့ါ၊ ဒါပေမယ့် သီဟနဲ့နန္ဒကိုတော့ ဒီအိမ်ကိုလုံး
မလာစေနဲ့နော်"

"စိတ်ချပါခင်ဗျာ"

"အေး . . အေး . . ကဲ . . သွားကြပေရော့ကွယ်"

သမာသမတ်ရှိလှသော ဦးစံလူ၏စီစဉ်ပေးမှုကြောင့်
အားလုံးချော ပြေစွာပြီးဆုံးခဲ့ရပါပြီ။

တစ်ဘက်သားကို အကောင်းမြင်စိတ်နှင့် မကြည်
တတ်သော၊ ရန်ညှိုးဖွဲ့လိုသော၊ သစ္စာကိုတန်ဖိုးထားရမှန်း
မသိသော မရွှေကြည်ကိုလည်း ဤအိမ်မှာ မထားပါရစေနှင့်
ဟူသော နန်းခမ်းမို၏တောင်းပန်ချက်အရ ငွေငါးရာပေးပြီး အပြ
နှင်ခဲ့ပြီးပါပြီ။

မိမဲ့ ဖမဲ့ဘဝဖြင့် ဒေါ်စိန်ခက်လက်သို့ ကလေးလေ
ဘဝကပင် အပ်နှံထားခဲ့လေသော မစိန်မြိုင်လေးကိုမူ သည်
အတိုင်းရှိပါစေ။

ကလေးက နာခံစိတ်ရှိသည်။ တစ်ခါပြောလျှင် မှတ်သာ
ထားတတ်သည်။ အမှားတစ်ခုကို ကြိမ်ဖန်များစွာ ထပ်မံကျူးလွ
တတ်သည့်အစားထဲကမဟုတ်။ သူ့ကို အဆူမခံရလေအောင်





တာဝန်ကျေကျေနေတတ်သည့် ကလေးပါ။

လှလွန်းသော နန်းခမ်းမိုကိုလည်း သူကချစ်သည့်စိတ်ရှိ
သဖြင့် အဖော်လည်းရအောင် နန်းခမ်းမိုနှင့်ပင် ထာဝရအတူ
နေပါတော့မည်ဟူသော ဆုံးဖြတ်ချက်ဖြင့် မစိန်မြိုင်ကိုအိမ်မှခွဲ
ထွက်မသွားစေတော့။

ဦးစံလူပြန်ရန်နှုတ်ဆက်တော့ နန်းခမ်းမိုက ပျပ်ဝပ်
ရိုကျိုးစွာ ရှိခိုးကန်တော့၏။

"အေး. . ကိုယ်ကျန်းမာ စိတ်ချမ်းသာစွာ အသက်ရှည်
ပါစေတွယ်၊ ရရှိပြီးတဲ့ စည်းစိမ်ဥစ္စာများလည်း တည်မြဲအောင်
ထိန်းသိမ်း၊ ကြားလား . . မိန်းကလေး"

"ဟုတ်ကဲ့ပါရှင်"

"အေး. . မင်းရဲ့ ဘိုးဘွားများတရားသဖြင့် ရှာဖွေ
စုဆောင်းခဲ့တဲ့ ပစ္စည်းတွေပဲ"

"ဟုတ်ကဲ့ . . သမီး နားလည်ပါတယ် ဘဘ"

"အေး. . အေး . . အစစ အရာရာ သတိနဲ့ယှဉ်ပြီး
နေကြထိုင်ကြကွယ်၊ ငါပြန်မယ်၊ နောက်လည်း မလာတော့ဘူး။
ဒါပေမယ့် ဘာအကြောင်းပဲရှိရှိ လိုအပ်ရင် ချက်ချင်းလာခေါ်
ကြားလား၊ ကဲ . . သွားမယ်"

အဘိုးကြီးက နန်းခမ်းမို၏ဦးခေါင်းလေးကို အုပ်ကိုင်
ပြီးပြောဆိုလျှက် ကိုကို့ကိုပါနှုတ်ဆက်ပြီး သူ့ကားပေါ်တက်၍



www.burmeseclassic.com

www.burmeseclassic.com

ခြံထဲမှ ထွက်သွားလေတော့သည်။

ဦးစံလူကို ကျေးဇူးတင်စွာကြည့်ပြီး တိုက်တွင်းသို့ ပြန်လှည့်လိုက်ချိန် မှာ ခရီးဆောင်အိပ်နှင့်စာအုပ်သေတ္တာများကို တိုက်ဝမှာချပြီး ရပ်နေသော နေဦးနိုင် . . .

"ဟင် . . . ကိုနေဦးနိုင်က ဘယ်သွားမလို့လဲ"

"ကျွန်တော်လည်းပြန်မယ်လေ"

"ဟာဗျာ . . . မဟုတ်တာ"

ကိုကိုက နေဦးနိုင်၏ ပခုံးကိုဖက်လျက် တရင်းတနှီး ဖိတ်ခေါ်ရှာသည်။ ခမ်းမိုလည်း အဖော်ရစေ၊ နေဦးနိုင်အတွက် လည်းအဆင်ပြေစေဟူသော အကြောင်းပြချက်များဖြင့် ဆက်လက်နေထိုင်ပေးပါရန် ကိုကိုပြောကြားသည်ကို နေဦးနိုင် က . . .

"ကျေးဇူးတင်ပါတယ် . . . တကယ်ပဲ ကျေးဇူးတင်လှပါ တယ် အစ်ကို၊ သူငယ်ချင်းတွေနဲ့နေဖို့ အားလုံးစီစဉ်ပြီးလို့ ကျွန်တော် သွားပါရစေတော့ ခင်ဗျာ"

"မသွားပါနဲ့လား ကိုနေဦးနိုင်ရယ်၊ ဒီမှာပဲ အတူနေကြရ အောင်ပါ၊ ကျောင်းဖွင့်ရင် မောင်မောင်လည်းလာတော့မှာလေ၊ ဒီအိမ်ကပဲ မန္တလေးတက္ကသိုလ်ကိုအတူတက်ကြရအောင်ပါ"

ခင်မင်နှစ်လိုဖွယ်ကောင်းလှသော စေတနာနှင့် ဖိတ်ခေါ်ရှာလေသော နန်းခမ်းမိုရယ် . . .





နေဦးနိုင်မှာ ဆွေးမြည့်သော အကြည့်ဖြင့် နန်းခမ်းမို ကြည့်မိသည်။ ဤအကြည့်ထဲတွင် နန်းခမ်းမိုကိုမှ မြတ်နိုးမိ သည်ခြင်းဟူသော နောင်တနှောသည့်အကြည့်၊ ငါမှားမိလေ း၊ဟူသော ယူကြုံးမရသည့် အကြည့်များပါ ဝင်နေကြောင်း စ်သူနှစ်ဦးကတော့ မသိရှာ။

"နန်းခမ်းမိုရယ် . . . ကျွန်တော် နန်းခမ်းမိုကိုလေ တင်မြင်ဖူးစဉ်ကတည်းက မြတ်နိုးလိုက်လှဲသော မေတ္တာတွေ ချစ်မိခဲ့တယ်၊ ဒီရောက်လာပြီးတဲ့ နောက်မှာလည်း တမ်းတမ်း တ စွဲစွဲလမ်းလမ်းစိတ်နဲ့ ချစ်ခဲ့မိပါသေးတယ် . .

"ဒါပေမယ့်ဗျာ . . .

"ကိုကိုရောက်လာပြီး နန်းခမ်းမိုနဲ့ ကိုကိုတို့ဟာ ချစ်သူ စ်ဦးပါလို့ သိရချိန်မှာ ကျွန်တော်အတော် စိတ်ဆိုးဆိုက် ားခဲ့မိပါတယ်။ သူများချစ်သူကိုမှ ချစ်မိလေခြင်းဆိုတဲ့ တ်ကြောင့်ရယ်ပါ . . ."

"အဲဒီအချိန်ကစပြီး ကျွန်တော့်မေတ္တာကို ကျွန်တော် န်ရုတ်သိမ်းခဲ့ ပါတယ် . . . ရုတ်သိမ်းပြီး အသည်းနှလုံးထဲ ပဲ မြှုပ်နှံထားပါတော့မယ်ဆိုတဲ့ ခံယူချက်မျိုးလည်း မဟုတ်ဘူး ယကျားပီသစွာ ဘစ်ခါတည်းရုပ်သိမ်း ပယ်ဖျက်လိုက်ပြီးပါပြီ င်ဗျာ . . ."

"အကယ်၍ ကိုကိုနှင့်အဆင်မပြေစေဦး၊ နန်းခမ်းမို



www.burmeseclassic.com

www.burmeseclassic.com

ဆိုသည့် ကိုကို အလွန်တရာ ချစ်မြတ်နိုးခဲ့ရှာသော မိန်းကလေ
ဆိုတဲ့ အသိနဲ့ ကျွန်တော့်အချစ်ကို တစ်ဖန် ပြန်လည် မရှင်သ
စေရပါဘူး . . .”

“ထာဝရ နုတ်ယူပြီး ရာသက်ပန် ပယ်ဖျက်ပေးမ
မေတ္တာပါဆိုတာ ကိုကိုတို့ သိခွင့်ရကြတော့မှာ မဟုတ်ဘူး . .

“အခုလိုဖိတ်ခေါ်တာ ကျေးဇူးတင်ပါတယ်၊ ဒါပေမယ
ကျွန်တော် ထိန်းသိမ်းပြီးသားစိတ်ဟာ တစ်ခါတစ်ရံမှာ အစွ
လေးထွက်လာမှာ စိုးရိမ်မိတယ်၊ မဖြစ်ကောင်းပါဘူးဗျာ
ဒါကြောင့် ထာဝရနှုတ်ဆက်ပြီး အပြီးတိုင်ခွဲခွာ သွားပါရစေတော့

“ကဲ . . . စဉ်းစားမနေပါနဲ့တော့ဗျာ၊ ပစ္စည်းတွေပြ
သွင်းကြရအောင်”

“အာ . . . မဟုတ်ဘူး . . . မဟုတ်ဘူး အစ်ကိုရယ်
ကျွန်တော့် သူငယ်ချင်း မြင်းလှည်းသွားငှားတာတောင် ဟိုမှာ
လာပါပြီ”

“ဟင်”

“ကဲ . . . ကျွန်တော် သွားပါရစေတော့ခင်ဗျာ”

ကိုကိုနှင့် နန်းခမ်းမိုတို့ဘာမှ မပြောသာတော့။

“အစ်ကို ကျွန်တော့်ကိုခွင့်လွှတ်ပါနော်”

“နန်းခမ်းမို . . ကျွန်တော့်ကို ခွင့်လွှတ်ပါခင်ဗျာ”

တစ်ယောက်စီကြည့်ပြီး ခွင့်လွှတ်ပါရန် ပန်ကြားနေ





သော နေဦးနိုင်သို့ . . .

“ခွင့်လွှတ်ပါတယ်ဗျာ . . . သွားပါ၊ အဆင်ပြေသလို
နေပါ”

“ခွင့်လွှတ်ပါတယ် ကိုနေဦးနိုင်၊ နောက်လာလည်ပါဦး
နော်”

အမိပ္ပာယ်အပြည့်နှင့် ကျစ်လျစ်သိပ်သည်းသော အပြုံး
ကို ပြုံးပြီး နေဦးနိုင် ကျောခိုင်းထွက်သွားတော့သည်။

သူ့အဖြစ်၊ သူ့အပြစ်ကို ခွင့်လွှတ်ပါရန်တောင်းပန်သွား
သူက နေဦးနိုင်။

နေဦးနိုင်၏ နှလုံးသား ခံစားမှုနှင့် ရင်တွင်း စိတ်ကိုရိပ်မိ
ခြင်းမျှပင်မရှိ ကြသော ချစ်သူနှစ်ဦးမှာဖြင့် ခွင့်လွှတ်ပါသည်
ဆိုသော စကားကို လွယ်လွယ် ပြောဆိုပေးနိုင်သော သာမန်
တောင်းပန်စကားဟု ထင်ခဲ့ကြသည်။

တစ်သီးတစ်ခြားစီဖြစ်သော ခံစားမှုများဖြင့်ပြောဆို
ကြသော်လည်း စကားအနေဖြင့်မူ အပေးအယူ ချောပြေခဲ့ရ
လေပြီ။

သူတို့နှစ်ဦးအား ထာဝရခွဲခွာဖို့အတွက် နှုတ်ဆက်သွား
ရှာသူ နေဦးနိုင်ဟူ၍ မသိကြရှာသော အချစ်ဆုံးနှစ်ယောက်
တို့မှာ နေဦးနိုင်ကို လက်ပြနှုတ်ဆက်ပြီး တိုက်တွင်းသို့ပြန်ဝင်
ခဲ့ကြတော့သည်။


www.burmeseclassic.com

www.burmeseclassic.com


တစ်အိမ်လုံးမှာ တိတ်ဆိတ်သွေ့ခြောက်လျက် ကျန်ရစ်၏။

မကြာသေးခင်တစ်ချိန်က မှီခိုသူကိုးယောက်နှင့် ဖွဲ့စည်းထားသော တိုက်ကြီးကို အကြောင်းအမျိုးမျိုးကြောင့် အသီးသီးစွန့်ခွာ ထွက်သွားကြလေပြီ။

ပထမဆုံးစွန့်ခွာသူက တိုက်ပိုင်ရှင် ဦးဘအိုကိုယ်တိုင် သက်မဲ့ခန္ဓာဖြင့် ခွဲထွက်သွားခဲ့ရရှာသည်။

ဒုတိယက . . ကိုတင်ဌေး။

ပြီးတော့ . . အဖမ်းခံသွားရရှာသူ ဦးအောင်ဒင်။

နောက်. . ဦးပိုင်းမောင်တို့ မိသားစုလေးယောက်။

အိမ်ဖော် မရွှေကြည်။

နောက်ဆုံးခွဲထွက်သွားလေသူက ကိုနေဦးနိုင်ပါ။

အသီးသီးစွန့်ခွာသွားကြပြီးသည့်နောက်တွင် တိုက်ပိုင်ရှင်သူဌေးမလေးအဖြစ်နှင့် နန်းခမ်းမိုသာ ကျန်ရစ်တော့သည်။

ကိစ္စမရှိပါ။ တစ်လောကလုံး စွန့်ခွာသွားကြပါစေ၊ ခမ်းမိုအနားမှာ ကိုကိုရှိနေလျှင် တစ်လောကလုံးရှိနေသလိုပါ။

စည်းစိမ်ချမ်းသာအားလုံး ပိုင်ဆိုင်ထားသည်နှင့်မခြားပါ။

ခပ်သိမ်းသော သာယာမှုအပေါင်းကို စံစားနေရသည်နှင့်အတူတူပါ။

ကြောင်နှစ်ကောင်စာအုပ်တိုက်

ထိုနေ့က . .

မစိန်မြိုင်လေးကို ထမင်းအရင်ကျွေးပြီး သူ့အခန်းမှာသာ သွားနေစေခဲ့သည်။

ညနေစာကို တစ်ပန်းကန်ထဲမှာ အတူစားဖြစ်ကြသည်။ ထမင်းစားပြီး သကြားလုံးလေးတစ်ခုကိုပင် နှစ်ယောက်အတူကိုက်ပြီး ချိုမြသော နှုတ်ခမ်းနုလေးချင်း ထိပွတ်မိသည့်တိုင် ကိုကို၏ရမ္မက်အနမ်းများ ကျရောက်မလာခဲ့ပါ။

မေတ္တာသက်သက်ဖြင့် အချစ်ကြီးလွန်းစွာ အတားအဆီးမဲ့ချစ်ရှာသော်လည်း ကြီးမားသော သစ္စာတရားကို ကိုကိုသည် နိုင်ခံ့မြဲမြံစွာ ထိန်းသိမ်းထားရှာပါ၏။

✦

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၃၂)

"ဟာ . . ဟာ . . အမေ . . အမေလိုက်လာတယ်၊ သမီးဆီ အမေတကယ် လိုက်လာတယ်"

နန်းခမ်းမိုသည် မွေးစားမိခင်၊ ကျွေးမိခင်ကြီး ဒေါ်ခမ်းအေးကို တအားပြေးဖက်ရင်း ဝမ်းနည်းပန်းနည်းငိုချ လိုက်ပါတော့သည်။

"သမီးလေးရယ်၊ မငိုနဲ့လေ သမီးလေးရယ်"

မငိုနဲ့လေဆိုသော ဒေါ်ခမ်းအေးကလည်းငိုလို့။

"အမေတို့ဟာကလည်းဗျာ . . ဘူတာရုံကြီးမှာ၊ မိုမို ငိုချင်လည်း အိမ်ကျမှ ငို၊ လာ. . . သွားကြမယ်"

မောင်မောင်ကဟောက်တော့ သားအမိနှစ်ယောက် ငြိမ်သွားကြသည်။ မျက်ရည်လေးများကိုယ်စီသုတ်ပြီး မန္တလေး ဘူတာ၏အပြင်သို့ထွက်ခဲ့ကြရပါ၏။

လားရှိုးရထားဆိုက်ချိန်က မှောင်နေပေပြီ။ အမေနှင့် မောင်မောင်သည် နမ့်ခမ်းမြို့မှ လားရှိုးသို့ ကားနှင့်၊ လားရှိုးမှ





လေးသို့ မီးရထားဖြင့် ခရီးရှည်ဝေးလွန်းစွာ လာရောက်ခဲ့ကြ ပါသည်။

ခရီးပန်း၍နွမ်းနယ်နေသော အမေ့မျက်နှာမှာ သူ့ ချစ်ဆုံးသမီးလေးကို မြင်လိုက်ရသဖြင့် လန်းလာရာမှ သမီး ကသူ့ကိုပြေးဖက်ငိုတော့ သူပါ ဝိုင်း၍ငိုဖြစ်ပြန်သည်။

"လာ. . အမေ ကားပေါ်တက်၊ ဒီဂျစ်ကား သမီး ဝယ်ထားလိုက်ပြီ အမေ"

"ဟေ . . တယ်ဟုတ်ပါလား"

"မောင်မောင်နဲ့သမီးနဲ့ ကျောင်းတက်ရအောင်တဲ့ ကိုကို ကြည့်ပြီး ဝယ်ထားတာ"

"အေး. . ငါ့သားတွေကလည်း ကားဝါသနာပါ၊ ကားမောင်းလည်း သင်ထားတယ်၊ ပြင်လည်းပြင်တတ်တော့ သိပ်တော်ပဲပေါ့"

စောစောက ငိုနေကြသော အမေတို့သားအမိ နှစ်ယောက်မှာ မျက်ရည်မခြောက်သေးခင် ပြုံးကြပြန်၏။

ရင်နာကြေကွဲမှုကြောင့် ငိုကြသည်မှာမဟုတ်ဘဲ။ ကွဲကွာ နေရာမှ ပြန်လည်တွေ့ဆုံရသဖြင့် ဝမ်းသာလွန်း၍ကျသော မျက်ရည်ဖြစ်၍ အပြုံးကို အလွယ်တကူဖြစ်ထွန်း၍ ရနိုင်ပါ၏။

"တို့မိသားစုနဲ့ ဒီကားလေးနဲ့ပျော်စရာကြီးနော်"

မောင်မောင်က ကားသစ်ကိုကြည့်ပြီး ရွှန်းအောင်



www.burmeseclassic.com

www.burmeseclassic.com


မောင်းချင်စိတ်နှင့် ပြောလိုက်၏။

"ဩော် . . အမေ၊အဖေ နေကောင်းရဲ့လားဟင်၊ သ... ကိုရော အဖေက အောက်မေ့ရဲ့လား"

"အောက်မေ့ပြီလားကွယ် . . အမေလာခါနီး သ... အကြောင်းပြောပြီး မျက်ရည်တောင်ကျရှာတယ်"

"ဟင် . . သနားပါတယ် အမေရယ်၊ အဖေ့ကိုပါ ခေါ်... ရောပေါ့။ မောင်မောင် . . နင်ကသာပျော်နေ၊ အဖေမပါလို့... ငါတော့ ရာနှုန်းပြည့်မပျော်နိုင်ပါဘူး"

"ငါတော့ ပျော်တယ်၊ ဒီည ငါကားမောင်းကြည့်ဦးမယ်"

"မဋ္ဌလေးက ကားထက် စက်ဘီးသိပ်ရှုပ်တယ်... မောင်မောင်၊ ချက်ချင်းကြီးမောင်းလို့ ဘယ်ဖြစ်မှာလဲ"

ကိုကိုက ကားမောင်းရင်း ခပ်တည်တည်ပြောတော့... မောင်မောင်ငြိမ် ကျသွားရသည်။ သို့ပေမယ့် ကိုကိုလစ်တာ... ယူမောင်းမှာဘဲဟူသော သူ့ခိုးရုပ်ပေါက်နေသည့် မောင်မောင်ကို... နှန်းခမ်းမိုက အခိပ္ပါယ်နားလည်စွာဖြင့် မျက်စိ တစ်ဘက်မှိတ်ပြ... လိုက်ရ၏။

"ဟယ် . . တိုက်ကြီးကလည်း အကြီးကြီး၊ အခန့်ကြီးပါ... လားသမီးရယ်၊ အမေ ဝမ်းသာလိုက်တာ"

"သမီး အမေဒေါ်စောခက်နွယ်ဝတ်ခဲ့တဲ့ လက်ဝတ်... ရတနာတွေ၊ ဘဘတို့စုထားတာတွေလည်း အမေ့ကိုပြရဦးမယ်...



အမေနဲ့တိုင်ပင်ပြီးမှ ဘဏ်အပ်လို့ ကိုကိုကပြောတယ်။ အပ်... မနေတော့ပါဘူး၊ အမေအပြန်ကျရင်ယူသွားလေ၊ သမီး ကျောင်း... ပြီးလို့ ပြန်လာတော့မှ ဝတ်မယ်နော်"

"အမယ်လေး . . . မယူလိုပါဘူး သမီးလေးရယ်"

အမေက ကုလားထိုင်ပေါ်တွင် မောဟိုက်စွာ ထိုင်ချ... လိုက်ပြီးနောက် အလိုက်သိစွာ ရေတစ်ခွက်ယူလာပေးသော... ကိုကို့လက်ထဲမှ ရေကြည်အေးကို ယူသောက်ပြီးနောက်မှာ . .

"အမေ . . သမီးလေးကိုမွေးစဉ်က ဒီလိုအမွေတွေ... ရမယ်၊ သူဌေးမလေး ဖြစ်မယ်၊ အမေတို့ခုလိုမှိုခိုရလိမ့်မယ်လို့... လုံးဝမထင်ခဲ့ပါဘူး သမီးရယ်။ သနားတာ သက်သက်နဲ့အမေ... တယုတယမွေးခဲ့တာပါ"

"အင်းပါ . . အမေကလည်း သမီးဒီအရွယ်ထိအောင်... အမေနဲ့ အဖေကျွေးတဲ့ ထမင်းစားပြီးကြီးခဲ့ရတာပါ။ ဒါတွေ... ပြောမနေပါနဲ့၊ ဒီမှာအမေ သမီးစိတ်ထဲမှာလေ . . အမေ... စောခက်နွယ်ဆိုတာ ခုနေပြန်တွေ့ရရင်တောင် အမေ့ လောက်... ချစ်မှာမဟုတ်ဘူး၊ တကယ်ပဲ"

"သမီးလေးရယ်"

ညီအစ်ကိုနှစ်ယောက်က အလွမ်းသယ်နေကြသော... သားအမိနားမှ ခွာပြီး ကားကိုကြည့်ကြ၊ကလိကြ။

"သမီးပြောမယ် အမေ"


www.burmeseclassic.com

www.burmeseclassic.com

"ပြောပါဦး သမီးရယ်"

"သမီး ဆင်းရဲတုန်းက အမေမွေးခဲ့တာနော်၊ သ... ချမ်းသာတော့လည်း အားလုံးတူတူပေ့ါ၊ အခုရတဲ့အမွေဟ... သမီးတို့မိသားစုအားလုံး ပိုင်ဆိုင်တယ်လို့သမီးခံယူထားပါတယ... အမေရယ်၊ အမေဘဲ စီမံခန့်ခွဲပါ"

ဒေါ်နန်းခမ်းအေးက ကြည်ကြည်သာသာကြီး ပြုံးလိုက်... ပြီး ဖြည်းညင်းစွာ ခေါင်းခါသည်။

"အမေနော် . . ဒီလို မခွဲခြားပါနဲ့ အမေကလည်း သမီး... ဒီလို စဉ်းစားထားတယ်"

"ဘယ်လိုများ စဉ်းစားထားသလဲကွယ်"

"အဖေရော . . အမေရော၊ အားလုံး မန္တလေးကို ပြောင်း... ခဲ့ကြပါတော့နော်၊ ဒီမှာဘဲ သမီးတို့မိသားစုစုပြီး နေကြရအောင် ပါနော် . . အမေ"

"ဒီလိုလည်း ဘယ်ဖြစ်ဦးမလဲကွယ်"

"ဘာဖြစ်လို့မဖြစ်တာလည်းဟင် အမေ"

"ဪ . . သမီးလည်း အမွေရရော အမေတို့ကလည်း တက်ပြီး အပိုင်မစီးချင်ဘူးကွယ်"

"အမေကလဲ"

"သမီးလေးရဲ့ စေတနာကို အမေကြားရတော့ ဝမ်းသာ လွန်းလို့ ပြန်တောင်ငိုချင်လာတယ်၊ ဒါပေမယ့် . . အမေ





...မာရှမ်းမြေကလွဲပြီး ဘယ်မှာမှ မနေချင်ဘူးသမီးရယ်၊ ဟိုမှာ နေပြီး ဟိုမှာဘဲသေချင်တယ်"

"အမေတို့ ဒီကိုမပြောင်းဘူးဆိုရင် ဒီပစ္စည်းတွေပိုက်ပြီး သမီးက အမေတို့ဆီဘဲ ပြန်လာခဲ့ချင်တာအမေရဲ၊ ကိုကိုက ကျောင်းတက်ရဦးမယ်ဆိုလို့"

"ဟုတ်တယ်လေ၊ ဘွဲ့ရအောင်သင်ဦး၊ လေးနှစ်ပြီး တော့လည်း အချိန်ကာလက ပြောင်းလဲချင်ပြောင်းလဲပေးဦး မှာပေ့ါ"

"သမီးတို့မိသားစု အတူနေဖို့လား"

"အေးပေ့ါ"

"အမေ"

"ဟင်"

"အမေတို့ မိသားစုထဲက သမီးကိုခွဲမထုတ်လိုက်ပါနဲ့ အမေရယ်နော်"

"ဒီစကား အမေတို့ကပြောရမှာပါကွယ်"

"အမေတို့ ပြောရအောင် သမီးမှာတခြားမိသားစုမှ မရှိတာကြီးကို အမေကလည်း"

"အဲဒီလို မခံချင်တတ်တဲ့မျက်နှာ၊ စိတ်ဆိုးတော့မယ့် မျက်နှာလေးကို အမေမမြင်ရတာ ကြာလှပြီ"

အမေက နန်းခမ်းမိုင်၏မေးစေ့လေးမှ ကိုင်ပြီး ချစ်စနိုး


www.burmeseclassic.com

www.burmeseclassic.com

ပြောလာတော့ နန်းခမ်းမို မပြုံးဘဲ မနေနိုင်တော့။

"သမီးရဲ့မောင်လေးတစ်ဝမ်းကွဲတဲ့၊ အဖေဘက်က အဲဒါလေးတစ်ယောက်ပဲ ဒီမန္တလေးမှာရှိတယ် အမေ . . . မောင်မင်းသူတဲ့ . . သမီး အခုဒီကောင်လေးကိုခေါ်ထားတယ် ဒီမှာဘဲ အတူနေကြမလို့"

"ကောင်းတာပေါ့ကွယ်၊ ကိုယ့်မောင်နှမချင်းဆိုတော့"

"အမေ"

"ဟေ"

"ကိုကိုက အမေ့ကိုမှာလိုက်တယ်၊ အမေ မန္တလေးမှာ ဆေးလာကုလိမ့်မယ်ဆိုတာကို သမီးမယုံခဲ့ဘူး အမေ၊ အမေ . . . လိုက်လာမယ်ကို မထင်ဘူး"

"ဘာဖြစ်လို့လဲ သမီးရဲ့"

"ဩော် . . အမေက ဘယ်ခရီးမျှား သွားဖူးလို့လဲ မူဆယ်ဘဲ အမေသွားတာ တွေ့ဖူးတယ်၊ သမီးမှတ်မိမှ အမေ . . . လားရှိုးတောင်မသွားပါဘူး"

"အေး . . အမေ ခရီးကြောက်တယ်၊ အိမ်ကိုလည်း စိတ်မချတာတစ်ကြောင်း၊ အမေ့မြို့ အမေ့ဒေသလေးကနေပြီး အမေ ဘယ်မှမသွားချင်ဘူး သမီးလေးရယ်"

"အမေ့အကြောင်းသိလို့ အမေလာမယ်ဆိုတာကို မယုံခဲ့တာပေါ့၊ သမီးတို့ ဘူတာရုံဆင်းကြိုတာ သုံးရက် . . . တောင်ရှိပြီ"





"ဟုတ်လား . . . ရထားလက်မှတ်ကလည်း မလွယ်ဘူး"

"အမေလိုက်လာတာ တကူယ်ပဲဝမ်းသာတယ်၊ အမေ့ကိုလည်း ဆေးစစ်ဆေးပြီး ရောဂါရှာမယ်၊ ဆေးကုပေးချင်တယ်လို့ ကိုကိုက အမြဲပြောနေတာ၊ အမေခုလို ဆေးလာကုတာ သမီး သိပ်ဝမ်းသာတာဘဲ"

"အင်း . . ."

"အမေ့မှာ ဘာရောဂါပဲရှိရှိ၊ ငွေဘယ်လောက်ပဲ ကုန်ကုန်၊ သမီး ကုပေးနိုင်ပါပြီ အမေရယ်"

"သမီး . . အမေ့ သမီးလေး ခမ်းမို"

"ရှင် . . အမေ"

"အခု အမေလာတာ ဆေးလာကုတယ်လို့ သမီးက ထင်လို့လား"

"ကိုကိုက အမေဆေးလာကုဖို့ မှာလိုက်တာဆို"

ထုံးစံအတိုင်း ဒေါ်ခမ်းအေးက သိပ်သည်းစွာ ပြုံးပြီး ငြိမ်သည်းလေးစွာ ခေါင်းယမ်း၍ . . .

"ဆေးကုဖို့သက်သက်ဆို အမေမလာပါဘူး သမီး . . . လေးရယ်"

"ဟင် . . အမေ"


www.burmeseclassic.com

www.burmeseclassic.com

"ဟိုမှာ ဆရာဝန်ကောင်းတွေရှိတယ်၊ ဆေးရုံလည်းရှိပါတယ်၊ ပြီးတော့ . . ဘာရောဂါပဲဖြစ်ဖြစ် အမေ့ရဲ့မောရှမ်းမြေ ရွှေလီချိုင့်ဝှမ်းဒေသမှာဘဲ အမေသေမယ်"

"အို . . "

"အခု မန္တလေးကို အမေဘာလို့လာသလဲ၊ ခရီးကြောက်တဲ့အမေဟာ ဒီခရီးကြမ်းကြီးကို အားခဲပြီးမရောက်ရောက်အောင် အမေ ဘာလို့လာခဲ့သလဲ သမီးသိလားဟင်"

"ဘာကြောင့်လဲ အမေရယ်ဟင်"

"သမီးလေး . . အမေ့သမီးလေးကို တွေ့ချင်လွန်းလို့ တစ်ခါမှမခွဲဘူးဘဲ ခွဲလိုက်ရတဲ့ အမေ့သမီးလေးကို အောက်မေ့လွန်းလို့"

"အို . . အမေ . . အမေ . . သမီးရဲ့ အမေရယ်"

ဒီတစ်ခါတော့မှ နန်းခမ်းမိုသည် ကုလားထိုင်အောက်ကြမ်းပြင်တွင် ထိုင်ချလိုက်ပြီး အမေ့ဒူးကိုဖက်ကာ ရှိုက်ကြီးတငင်ဝမ်းပန်းတနည်း ငိုချလိုက်ပါတော့သည်။

သံယောဇဉ်ကြီးလွန်းရှာသော အမေ့ကိုလည်း ရင်ထဲကဆို့တက်လာအောင် သနားလွန်းရပါပြီ။

"မငိုနဲ့လေ သမီးလေးရဲ့ . . မငိုနဲ့လေ၊ အမေနဲ့တွေ့ရပြီဘဲ၊ သမီးချစ်တဲ့ ကိုကိုနဲ့ မောင်မောင်လည်း ရှိနေကြပြီပဲ၊ တိတ်နော် . . သမီးလေး၊ ခေါင်းကိုက်နေပါဦးမယ်ကွယ်"





အမေသည် သားသမီးငိုသည်ကို ကြည့်ရက်ဖို့မဆိုထားနှင့် မျက်နှာ လေးညှိုးနေလျှင်ပင် "သားဘာဖြစ်လို့လဲ" "သမီးဘာဖြစ်လို့လဲ" ဟူ၍ မနေတတ်အောင် မေးလေ့ရှိသူပါ။

သူသာငိုချင် ငိုမည်။ သားသမီးများငိုသည်ကို မကြည့်ရက်။ သူပဲ အပင်ပန်းခံမည်။ သားသမီးများကို မခိုင်းရက်။ စားစာတွေဆိုလည်း လင်ဖို့၊ သားဖို့၊ သမီးဖို့ ဖွယ်ဖွယ်ရာရာများ ချက်ပြုတ်ကျွေးပြီး စားကောင်းကြသည်ဆိုလျှင် အမေ့မျက်နှာမှာ အပြုံးကကြာရှည်စွာတည်တံ့၏။

"မိုမို . . ငိုကြောမရှည်နဲ့ဟာ၊ ငါတို့ ဗိုက်ဆာလှပြီ"

မောင်မောင့် စကားကြောင့် မျက်ရည်ပြည့်နေသော မျက်ဝန်းနှင့် မျက်စောင်းစူးစူးထိုးပြီး မောင်မောင့်ပေါင်ကို တအားထုပစ်လိုက်၏။

"အေး . . ဖြစ်ကြ၊ ဖြစ်ကြ သမီးတို့မောင်နှမ ရန်မဖြစ်ရတာ အတော်ကြာသွားပြီပဲ"

အမေကမှေးသော မျက်ဝန်းလေးပိတ်သွားအောင် ရယ်မောရင်းပြောသည်။ ကိုကိုကတော့ ကြည်နူးကျေနပ်စွာပြုံးလျက် . .

"အမေဆာမှာစိုးလို့ သိလား၊ နင့်တစ်ယောက်တည်းဆို မကျွေး သေးဘူး"

မောင်မောင့်ကို ဆူဆူဆောင့်ဆောင့်ပုံစံလုပ်သွားသော


www.burmeseclassic.com

www.burmeseclassic.com

နန်းခမ်းမိုကို ကြည့်ပြီး မိသားစုသုံးယောက်လုံး အပြုံးတွေ လှိုင်ဝေရင်း ကျန်ရစ်ရတော့သည်။

✦





## အခန်း(၃၃)

"မောင်လေးရေ . . ကိုကိုတို့ ပြန်လာတာလား"

"ဟုတ်တယ် . . မမ၊ ခြံထဲကို ကားဝင်လာပြီ"

ငါးကြော်အိုးကို မီးဖိုပေါ်မှအမြန်ချပြီး အိမ်ရှေ့ဘက် ထွက်လာရသည်။

သားနှစ်ယောက်၏အလယ်မှာ အမေ။ ကားကို ကိုကိုကမောင်းလို့။

ဆေးရုံမှ ပြန်လာကြခြင်းဖြစ်လေသည်။

လီမှာသော မောင်မင်းသူက သံဆွဲတံခါးကို အဆုံးထိ တွန်းဖွင့်ပြီး ပြေးကြိုရှာသည်။

နန်းခမ်းမို၏ တစ်ဝမ်းတည်းကွဲသော မောင်လေး မောင်မင်းသူကိုလည်း ဤတိုက်ကြီးမှာ အပြီးပိုင်ခေါ်ထားလိုက်သည်။ မောင်မင်းသူကလည်း မိထွေးလက်မှလွတ်ရ၍ဝမ်းသာ၊ မိထွေးကလည်း မောင်မင်းသူကို ကျွေးမွေးစရာမလို၍ တစ်တောရှင်းသွားပြီဟု ကျေနပ်။


www.burmeseclassic.com

www.burmeseclassic.com

နန်းခမ်းမိုအတွက်ဖြင့် အကြီးအကျယ် အဖော်ရသော မောင်လေးတစ်ယောက်ပါပေ။

အရွယ်နှင့်မလိုက်အောင် ခြံကအစ ရှင်းထားသဖြင့် သန့်စင်ကျယ်ပြန့်နေပေသည်။

အိမ်တွင်းမှာလည်း အဖော်မရှာ။ အိမ်ဖော် ခေါ်မထား။ ကိုကိုကိုယ်တိုင် ဈေးဝယ်ပေးသည့်ဟင်းလျာကို နန်းခမ်းမိုနှင့် မစိန်မြိုင်တို့က ချက်ကြသည်။ အမေ့ ကျေးဇူးကြောင့် နန်းခမ်းမို ဟင်းချက်တတ်နေသည်။ ကျောင်းတက်ရမှဘဲ ထမင်းချက်သူ ငှားပါတော့မည်။

နန်းခမ်းမိုတို့ မိသားစုလေးယောက်၊ မောင်မင်းသူနှင့် မစိန်မြိုင် အပါ အဝင်လူခြောက်ယောက်နှင့်အတူ အိမ်လေးမှာ စည်စည်ဝေဝေဖြစ်နေပါ၏။

"ဘယ့်နှယ့်လဲ ဆေးရုံက ဘာပြောလိုက်လဲဟင် အမေ"

အမေ မျက်နှာမကောင်း။

နန်းခမ်းမိုက ကိုကို့ကို အလန့်တကြား မော့ကြည့်လိုက်တော့ ကိုကို က သူ့ရင်တွင်းမှ သောကစိတ်ကို အပြုံးဖြင့် ဖုံးကွယ်လိုက်ပြီး . . .

"ဆေးရုံ တက်ခိုင်းတယ်"

"ဟင်"

"ဆေးရုံတက်ခိုင်းတာကလည်း အနားယူရင်း အနီးကပ်





ကုသဖို့ပါ၊ မတက်ချင်လည်းရပါတယ်။ ရောဂါက ဒီလောက်ကြီး မဟုတ်ပါဘူး၊ စိတ်ရှည်ရှည်နဲ့ကုရင် ပျောက်သွားမှာပါတဲ့"

"အမေ ဆေးရုံမတက်ချင်ဘူး သားကြီးရယ်"

"မတက်ရပါဘူး အမေရဲ့၊ မန္တလေးဆေးရုံတက်ခွင့်ရဖို့ ဆိုတာလည်း လွယ်တာမှတ်လို့၊ အမေကလည်း ကျွန်တော့် သူငယ်ချင်းရဲ့ အစ်ကိုအရင်းက အဲဒီဝဒ်မှာ တာဝန်ကျနေတဲ့ ဆရာဝန်မို့ပါ"

"အင်း . . ရောဂါက ခဲယဉ်းမယ်ထင်တယ်"

"မဟုတ်တာဗျာ. . အမေကလည်း အမေတို့ကိုက ဆေးရုံ ကြောက်လို့ပါ၊ ဆေးရုံမှာ ဝေဒနာရှင်တွေအများကြီးပဲ၊ အမေတွေ့ခဲ့တယ် မဟုတ်လား"

"အေးလေ. . ဘာပဲဖြစ်ဖြစ် အမေနမ့်ခမ်းကိုဘဲ ပြန်ချင်တယ်၊ ဟိုမှာလည်း မင်းအဖေတစ်ယောက်တည်း၊ သူ့ စားရေး၊ သောက်ရေးလည်း ဒုက္ခရောက်ရှာမယ်"

သြော်. . လင်သားအပေါ်တွင် သံယောဇဉ်ကြီးလွန်းရှာသောအမေ၊

အမေ့ကို အောက်ထပ်အိပ်ခန်းတွင်းမှာ နားစေရသည်။

"သိပ်ပူတာပဲနော်"

"ဒါတောင် အမေက မန္တလေးနွေနဲ့ မကြုံလိုက်ရလို့. . အား . . သေအောင်ပူပဲ"


www.burmeseclassic.com

www.burmeseclassic.com

"အေး. . တို့တောင်ပေါ်သူတွေနဲ့မြေပြန့် အညာ ဟန်မကျပါဘူးကွယ်"

နန်းခမ်းမိုတို့ကတော့ လူငယ်မို့ ခံနိုင်ရည်ရှိသော်လည်း ဝေဒနာရှင် အမေမှာ မိုးကြားမှ နေဒဏ်ကိုပင် ခံနိုင်စွမ်းမရှိရာ. . .

ချက်လက်စဟင်းအိုးကို အပြီးသတ်ချက်ရန် နောက်ဖေးခန်းသို့ ဝင်လာစဉ်မှာပင် ကိုကိုနောက်က လိုက်လာသည်။

"ပင်ပန်းနေလား ညီမလေး၊ ဖယ် . . ကိုကို ဆက်လုပ်လိုက်မယ်၊ ရေသွားချိုးလေ"

"ပြီးပါတော့မယ် ကိုကိုရဲ့၊ အသီးအရွက်မပါရင် အမေက မစားတတ်ဘူးလေ၊ ဒါလေးသုတ်ပြီးရင် ပြီးပါပြီ"

ရွှေလီချိုင့်ဝှမ်းမှာ မြန်မာဘာသာနှင့်ခေါ်ကြသည်က မှိုစိမ်း၊ ဒီဘက်မှာ တရုတ်လို ကိုက်လန်ဟုခေါ်သော ဉစိမ်းကိုနုတ်နုတ်လေးစိပ်စင်းပြီး ဝက်သားပါးပါးလှီးနှင့် အမေ့ကို သုပ်ကျွေးရန် စီစဉ်ပြီးဖြစ်သည်။ ငါးကြော်အိုး ကိုလည်း ဖိုပေါ်ပြန်တင်ရ၏။

"ကိုကို"

"ဟင်"

"ဆေးရုံက ဘာပြောလိုက်လို့လဲ၊ အမေမျက်နှာလည်း မကောင်းပါလား"





"ဒီနေ့ သွေးစစ်ထားတာတွေ ဆေးသောက်ပြီး ဓာတ်မှန်ရိုက်ထားတာတွေရဲ့ အဖြေကို ဆရာဝန်က ကြည့်တယ်လေ"

"အင်း . . . ဘာပြောလဲ"

"အစာအိမ်ရောဂါတဲ့၊ ဆေးရုံသုံးပတ်လောက်တက်ပါ။ ပြီးရင် ခွဲမှဖြစ်မယ်တဲ့"

"ဟင် . . အမေ ဗိုက်ခွဲရမယ်"

"တိုးတိုးပြော အမေ မသိသေးဘူး၊ ဆရာဝန်က အန်တီ ဆေးရုံတက်ပြီး အနားယူရင်း ကုပါလားလို့ပြောတာနဲ့ကို အမေ့မျက်နှာပျက်နေတာ"

"စိုးရိမ်ရသတဲ့လား ကိုကိုရယ်"

"စိုးရိမ်တယ်လို့တော့ မပြောပါဘူး၊ ကြည့်ရတာတော့ ခွဲမှပျောက်မယ်လို့ ဆရာဝန်က ယူဆပုံရတယ်"

"ဒါဆိုလည်း ခွဲမှဖြစ်မှာပေါ့၊ ဒီလိုလုပ်ရအောင်လား ကိုကို"

"ညီမလေး လုပ်ချင်တာပြောပါ"

"အမေ့ကို မှာလိုက်ရအောင်ပါ"

"ဟင်"

"ပြီးတော့ မိသားစု စုံစုံညီညီနဲ့နေပြီး အမေ့ကို ဆေးရုံတင်၊ ခွဲသင့်ချိန်ကျရင် ခွဲရအောင်လေ၊ အမေရောဂါပျောက်


www.burmeseclassic.com

www.burmeseclassic.com



မယ်ဆိုရင် အခု ညီမလေးရရှိပိုင်ဆိုင်ထားတဲ့ပစ္စည်းတွေအားလုံး ကုန်သွားပါစေ ကိုကိုရယ်"

"ညီမလေးစေတနာကို ကိုကို အသိဆုံးပါ။ ဒီအစီအစဉ်ဟာလည်း အင်မတန်ကောင်းပါတယ်၊ ဒါပေမယ့် ကိုကိုတော့ လွယ်မယ်မထင်ဘူးကွယ်"

"ဘာဖြစ်လို့လဲ ကိုကိုရဲ့"

"အမေနဲ့အဖေက တယ်ပြီး ဒေသစွဲကြီးတာပဲ၊ အဖေဆို ဗမာစစ်စစ်နော်၊ ဒါပေမယ့် သူမြေပြန့်ကို ဘယ်တော့မှ မပြန်ဘူးလို့ ဆုံးဖြတ်ထားသတဲ့၊ အမေဆိုလည်းသူ့ခြံ၊ သူ့မြေ၊ သူ့အိမ်ကို သိပ်ခင်တွယ်တာ ညီမလေးလည်း အသိပဲ၊ အခုတောင် ညီမလေးကို သူအောက်မေ့လွန်းလို့ လိုက်လာရှာတာ"

"အမေ့ကို ညီမလေးသိပ်သနားတာပဲ ကိုကိုရယ်"

"ဟုတ်တယ် . . အမေဟာ သားသမီးအပေါ်မှာ သိပ်ပြီး ချစ်လွန်းအားကြီးရှာတယ်"

"ကိုကို"

"ဘာလဲညီမလေး"

"ညီမလေးတော့လေ ချမ်းသာတာ ဆင်းရဲတာကို ဂရုမစိုက်ပါဘူး၊ ညီမလေးတို့မိသားစုငါးယောက် ဘယ်နေရာမှာပဲ နေရနေရ အတူတူနေချင်တယ် ကိုကိုရယ်"

"ကိုကို့ ညီမလေးရယ်"





နန်းခမ်းမိုး၏ခေါင်းလေးကို ကိုင်ပွတ်၍ ချစ်မြတ်နိုးစွာကြည့်ပြီး . .

"ညီမလေးဟာလေ ကိုကိုတို့မိသားစုရဲ့ သွေးရင်းချာမဟုတ်ဘူးဆိုတာ သိသွားပြီးတဲ့နောက်မှာလည်း ဝမ်းနည်းရုံကလွဲပြီး သွေးမကွဲရှာဘူး . . "

"ခုလို အမွေပစ္စည်းများစွာ ပိုင်ဆိုင်ပြီးတဲ့နောက်မှာဆိုလည်း ကိုကိုတို့ မိသားစုအပေါ် ပိုပြီးတောင်ငဲ့ညှာလာသေးတယ်၊ ကိုကိုရဲ့သဘောဖြူမလေးရယ်"

"ကိုကိုရယ် . . ဒါကတော့ ကိုကိုတို့ အမေတို့ရဲ့ ကျေးဇူးတရားကိုလည်း ကြည့်ဦးမှပေါ့၊ ကိုယ်ပိုင်ဘဝမှမရှိတာ၊ ကိုကိုတို့ ကျွေးမွေးလာလို့ လူဖြစ် လာရတာပဲဟာ"

"ဒါပေမယ့် ကျေးဇူးတရားဆိုတာ သိတတ်တဲ့လူနည်းပါတယ်"

"ဒီကတော့ သိတတ်ရုံတောင်မကဘူး၊ အားလုံးအပ်ထားပြီးပြီဟာကို"

"ဘာရယ်"

"ဘာလို့ မေးနေတာလဲ။ ခမ်းမိုပိုင်ဆိုင်မှု အပါအဝင် ခမ်းမိုရဲ့ဘဝနဲ့ သိပ်ချစ်တတ်တဲ့ အသည်းနှလုံးကို ကိုကို့ကို အပ်ထားပြီးပြီလေ"

"ကိုကို့ချစ်လေးရယ်"



www.burmeseclassic.com

www.burmeseclassic.com



ပေနေသော နန်းခမ်းမို၏ လက်နှစ်ဘက်စလုံးကို ဆုပ်ကိုင်ဆွဲယူပြီး နဖူးချင်းထိတိုက်ထားလိုက်သည်။

"ပေးအပ်ပါတယ်ဆိုမှ ပိုင်ဆိုင်တဲ့သူက အာဏာတွေပြလိုက်တာတအားပဲ"

"ဟောဗျာ . . ဘာတွေများ ပြမိလို့လဲ"

"သူများ နမ့်ခမ်းမှာဘဲနေချင်ပါတယ်ဆိုတာကို ဒီမှာနေရမယ်တဲ့၊ ကျောင်းလည်းတက်ရဦးမယ်၊ ခမ်းမိုကတော့ ကျောင်းလည်းတက်မနေချင်တော့ဘူး၊ ယောကျ်ားပဲယူချင်တယ်"

"ဟိတ်. . ကြည့်စမ်း၊ ဒီလိုပဲပြောရသလား၊ အရှူးမလေးရဲ့"

ကိုကို့ကို ချွဲနွဲ့ချင်တာနဲ့ စွတ်တင်နေမိသော စကားများက အထိန်းကွပ်မဲ့သွားပြီ၊ ကိုကိုက အရူးမလေးဆိုကာမှ သတိတရားပြန်ရပြီး အရှက်တို့ အဟုန်ပြင်းစွာခိုဝင်၏။

အမှန်တော့ တစ်ခါမှမချစ်ဘူးတဲ့ ခမ်းမိုဟာ ကိုကို့ကိုရူးမတတ်ချစ်ရ လွန်းလို့ အတူနေချင်လွန်းလို့ ပြောမိပြောရာ ပြောလိုက်မိတာပါ။ ခမ်းမို ရှက်လှတယ် . . ကိုကို ခွင့်လွှတ်ကွယ်။

ကိုကို့ရင်တွင်းမှာ ခေါင်းခွေ့ပြီး နှလုံးသားတွင်းမှ ပြောစကားများကို ကိုကိုကြားပါစေသားရှင် . . .

ကြောင်နှစ်ကောင်စာအုပ်တိုက်



လူရိပ်မြင်လိုက်ရ၍ ကိုကို့ရင်ခွင်သာမှ ထွက်ခွာလိုက်ရပါ၏။

ဝင်လာသူက မောင်မောင်။

"အမေတောင် မောမောနဲ့ အိပ်ပျော်သွားပြီ။ ဘာချက်နေကြလဲ ဆာလှပြီ"

"မောင်မောင်နှော် . . နင်က အမြဲငတ်နေတာပဲ၊ ရော့ ဒါ စားထားနှင့် အမေနိုးမှ တူတူစားကြမယ်၊ ငါ မှိုစိမ်းသုပ်လိုက်ဦးမယ်"

နန်းခမ်းမိုချပေးသော ငါးကြော်တစ်ပိုင်းကို တဖူးဖူးမှုတ်ပြီး မောင်မောင်စားနေသည်။

"ဆေးရုံက ပြောလိုက်တာတွေပြောပြီး အမေ့အကြောင်း တိုင်ပင်နေကြတာ မောင်မောင်"

မောင်မောင့်အပြုံးက အဓိပ္ပါယ်များစွာဖြင့် ဖွင့်လှစ်နေ၏။ သူ့အစ်ကိုနှင့် အစ်မ ဖက်နေကြသည်ကို သူမြင်လိုက်ရပြီးပြီဆိုသည်ကို သူတို့မသိကြ။

"ဟုတ်တာပေါ့၊ ဒီအချိန်ဟာ နဖူးတိုက်ဒူးတိုက် ဆွေးနွေးရမယ့် အချိန်ပဲလေ"

ကိုကို မျက်နှာပျက်သွားသလို ခမ်းမိုလည်း ရှက်သွား၏။ မောင်မောင်က ဘာမှမသိသလို ရုပ်တည်တည်နှင့် ငါးကြော် ဝါးရင်း . . .

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

"ကဲ . . ပြောစမ်းပါဦး၊ အမေဆေးရုံတက်ဖို့ကိစ္စ ဘယ်လိုစီစဉ်ကြမလဲ"

"ညီမလေးကတော့ အမေ့ကို ဒီမှာပဲနေစေချင်တယ်၊ အဖေ့ကိုတောင်မှာပြီး ဒီမှာအားလုံးရှိနေခိုက်မှာ အမေ့ကို ဗိုက်ခွဲကုသချင်တယ်တဲ့"

"ကိုကိုကရော"

"ညီမလေးသဘောနဲ့ အမေ့သဘောထပ်တူဖြစ်ခဲ့ရင်တော့ ဝမ်းသာစရာပဲပေါ့"

မောင်မောင်က ခေါင်းယမ်းသည်။

"မထင်ဘူး၊ ဘယ်နည်းနဲ့မှဖြစ်မယ်မထင်ဘူး၊ အမေ့လောက် အိမ်ခင်တာအမေသာရှိတယ်၊ "နန်းအိမ်ခင်" လို့တောင်မှည့်ဖို့ကောင်းတာ"

"မောင်မောင်ကလည်း စကားအကောင်းပြောနေတာကို"

"ငါကလည်း အကောင်းပြောတာပဲ မိုမိုရဲ့၊ နင်ပြောကြည့်လေ၊ ငါ သိတယ်၊ မရပါဘူး"

နန်းခမ်းမို သက်ပြင်းရှိုက်လိုက်သည်။

"တို့ ခြံနောက်ဖေးက စိန်ပန်းပြာပင်ကြီးက ခရမ်းပြာပွင့်တွေလိုပေါ့ကွာ၊ ဟိုမှာပွင့်၊ ဟိုမှာဝေ၊ ဟိုမှာကြွေသလိုပဲ၊ အမေတို့လည်း ဟိုမှာဘဲနေပြီး ဟိုမှာဘဲ အသေခံကြမှာ"





"မောင်မောင်"

ကိုကို့အသံက ဒေါသလှိုင်းခတ်နေလေသည်။ သူ့ထက်ခြောက်နှစ်မျှကြီးသော ကိုကို့ကိုသူချစ်ရ၊ ကြောက်ရ၊ ရိုသေခဲ့ရသည်။ ယခုလည်း စကားပြောလောပြီး စကားပြောမှားသွားသဖြင့် ကိုကို့အဟောက်ခံရသည်ကို ငြိမ်နေလိုက်ရတော့သည်။ မိုမိုက. . .

"ငါ့အမေ့ကို ပြောကြည့်ပါမယ် မောင်မောင်ရယ်. ."

"အေးလေ. . နင်ပြောကြည့်လို့ရရင်လည်း ကောင်းတာပေါ့၊ ဘာပဲပြောပြော မန္တလေးလိုမြို့ကြီးမှာ ဆေးကုသခံသင့်တာပေါ့"

"အေး . . ငါ့အမေ့ကိုပြောမယ်လေ၊ အိမ်ကလည်းကိုယ်ပိုင်အိမ်ရှိပြီ၊ သားသမီးတွေကလည်းဒီမှာ၊ ဆေးကောင်း၊ ဝါးကောင်းဝယ်ဖို့လည်း လက်လှမ်းမီတယ်၊ ကုသစရာငွေလည်းရှိနေပြီ၊ ဒီမှာဘဲနေပါ၊ အမေ မပြန်ပါနဲ့လို့ ငါ တောင်းပန်မယ်မောင်မောင်ရာ၊ အမေနေဖြစ်ပါစေလို့လည်း ငါဆုတောင်းမယ်"

"အေး . . မိုမိုရယ်၊ နင့်ဆုတောင်းပြည့်ပါစေဟာ"

✦


www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၃၄)

နန်းခမ်းမို၏ဆုတောင်းမပြည့်ဝခဲ့ရှာ။

အမေ့ကို တားမရတော့။

မန္တလေးမြို့မှာ နှစ်ဆယ့်ခြောက်ရက်မျှသာနေထိုင်ပြီ
ယခုအချိန်တွင် နမ့်ခမ်းမြို့သို့ပြန်ရန် အမေအသင့်ဖြစ်နေလေပြီ

"မငိုပါနဲ့ သမီးလေးရယ် . . မငိုပါနဲ့ကွယ်၊ အမေ
နောက်လည်း လာခဲ့ဦးမှာပေါ့။ ရွှေဖီချိန်မတိုင်ခင် အဖေ့ကိုလည်
တစ်ခေါက် လွှတ်လိုက်ဦးမယ်လေ"

ရွှေဖီမိုးလွှတ် လက်ဖက်ရွက်များ ခူးချိန်မတိုင်ခင်ပ
အမေရည်ညွှန်းခြင်းဖြစ်ပါ၏။

"အမေ"

"သမီး"

"အမေလည်း လာခဲ့ဦးမှာပါ၊ အဖေ့ကိုလည်း လွှတ်ပ





ယ်ဆိုတာ သမီး ဒီတစ်သက်မှာ နမ့်ခမ်းကို ပြန်မလာရ တော့
ဘူးလား။ ဟုတ်လား . . အမေ ဟင်"

"သြော် . . ငါ့သမီးလေးရယ်၊ မဟုတ်ပါဘူး။ ဒီလို
ဟုတ်ပါဘူး။ သမီးလေးက ကျောင်းတက်ရတော့မှာ မဟုတ်
လား၊ ကောလိပ်ကျောင်းသူကြီးဖြစ်တော့မယ်လေ"

"ဒီလိုမှန်းသာသိရှင် ကျအောင်ဖြေတယ်။

ဒီတက္ကသိုလ်ဆိုတာကြီးကိုလည်း မတက်ချင်ပါဘူး"

ဆူဆူဆောင့်ဆောင့်နှင့် ငိုပြီးပြောနေသော သမီး
ယ်လေးကို အမေက ခွင့်လွှတ်စွာပြုံးပြီး . . .

"ကျောင်းပိတ်တော့ သမီးပြန်လာပေါ့ကွယ်"

"သီတင်းကျွတ်မှ ပိတ်မှာ အမေရဲ့"

"သီတင်းကျွတ်ဆို မိုးမကုန်သေးတော့ လမ်းမကောင်း
ဘူး သမီးလေးရဲ့၊ နွေကျောင်းပိတ်မှ ပြန်လာပေါ့"

"ဟာ . . ကြာလှချေလား။ အမေကတစ်မျိုး၊ ကိုကိုက
တစ်မျိုး"

"မကြာပါဘူး သမီးရယ်၊ အချိန်ဆိုတာ ခဏလေးနဲ့ကုန်
သွားတာပါ သမီးသိပ်ကြိုက်တဲ့ စိန်ပန်းပြာပွင့်တွေပွင့်တဲ့အခါ
ကျရင် ပြန်လာခဲ့ပေါ့ကွယ်နော်"

နန်းခမ်းမို ဘာမှမပြောတော့။အောက်နှုတ်ခမ်းကို
ကိုက်ထားလိုက်သည်။ ရင်ထဲတွင် ဆို့ကျင်ကြေကွဲလွန်းစွာ



www.burmeseclassic.com

www.burmeseclassic.com

လိုက်လိုက်လဲ့လဲ့ ခံစားနေရရှာ ကြောင်း သိသာလွန်းလှပါသည်။

နက်ဖြန်ပြန်ကြတော့မည်။

မောင်မောင်နေခဲ့ပြီး ကိုကိုကအမေနှင့်အတူ ရွှေလီချိုင့်ဝှမ်းဒေသသို့ ပြန်သွားရပါမည်။

နန်းခမ်းမိုကို ထားရစ်ခဲ့ကြပေတော့မည်။

"တိတ်ပါတော့ သမီးရယ်၊ အမေစိတ်မကောင်းလိုက်တာ"

"စိတ်မကောင်းမဖြစ်ပါနဲ့၊ ပြန်ကြပါ၊ အမေတို့ ကိုကိုတို့ ပဲပျော်ကြပါ၊ သမီးတော့ သူငယ်ချင်းတွေကို လွမ်းတာရယ်၊ ရွှေလီချိုင့်ဝှမ်းကို လွမ်းတာရယ်၊ အဖေနဲ့အမေကို လွမ်းတာရယ်၊ ပြီး . . ပြီးတော့ . . ကိုကို့ကို လွမ်းရတာနဲ့ သေမှာဘဲ၊သေတော့မှ ဘယ်သူမှမလာခဲ့ကြနဲ့"

အလွမ်းတွေရော စိတ်ဆိုးတာတွေရောပေါင်းစပ်ပြီး ဆိုးနွဲ့နေကျ၊ အမေ့ကိုပါ ရန်တွေ့သလိုပြောခဲ့ပြီး နန်းခမ်းမို ခြေခပ်ဆောင့်ဆောင့်နင်းလျက် အပေါ်ထပ်သို့ တက်လာခဲ့ပါတော့သည်။

ယခုအခါ အပေါ်ထပ်တွင် "ဒေါ်ခမ်းလု" ဆိုသော အမျိုးသမီးကြီး တစ်ဦးရှိနေလေပြီ။ အမေ့အစီအစဉ်ဖြင့် ကွတ်ခိုင်မြို့မှ ရောက်လာခဲ့ ခြင်းဖြစ်ပါ၏။ ခြံတွင်းမှာလည်း "ဦးအိုက်ပေါင်း" ဆိုသော သစ္စာရှိ ရှမ်းအဘိုးကြီးတစ်ဦးလည်း





နေထိုင်နေလေပြီ။

နန်းခမ်းမို၊ မောင်မောင်၊မောင်မင်းသူ၊ မစိန်မြိုင်ဆိုသော လူငယ်လေးများချည်းထား၍ မဖြစ်သဖြင့် အမေ့အစီအစဉ်ဖြင့် အမေစိတ်ချယုံကြည်သော လူကြီးနှစ်ဦးကို ထားရစ်ပေးခဲ့၏။ အဖော်ရရန် အားကိုးရရန် လူကြီးသူကြီးများရှိ၍ အဟန့်အတားရှိရန် အမေရည်ရွယ် စီစဉ်ပေးခဲ့ရှာသည်။

အပေါ်ထပ်တွင် ဒေါ်ခမ်းလု၊နန်းခမ်းမိုနှင့် မစိန်မြိုင်တို့ အိပ်ကြမည်။

အောက်ထပ်တွင် မောင်မောင်နှင့်မောင်မင်းသူ။

ခြံထဲတွင် ဦးအိုက်ပေါင်း။

အားလုံးအံဝင်ခွင်ကျဖြစ်အောင် အမေစီစဉ်ပေးခဲ့ရုံမက ပစ္စည်းများကို ဘဏ်၌အပ်နှံ၍ ဘဏ်၌ရှိပြီးသားငွေသားထဲမှ ဘဏ်တိုးနှင့်သုံးကြရန် အမေ အားလုံးစီစဉ်ပေးခဲ့ရှာပါ၏။

အမေပြန်သဖြင့် အမေ့ကိုစိတ်ဆိုးသော်လည်း အမေ့ကျေးဇူးတရားများကို တသစွာဖြင့် အပေါ်ထပ်သို့တက်လာမိချိန်မှာ အောက်ထပ်၌ကျန်ရစ်သော အမေနှင့်မောင်မောင့်ရှေ့မှာ ကိုကို အနေခက်နေ၏။

အချစ်ဆုံးလေးရှိရာသို့ သွားချင်လှပါပြီ။ ဤဖြစ်ရပ်ကို သိသော လူပါး မောင်မောင်က . . .

"ကိုကို့ညီမ စိတ်ကောက်သွားပြီ၊ သွားချော့လိုက်ဦး


www.burmeseclassic.com

www.burmeseclassic.com


လေ"

"အဟဲ"

လူကြီးရှက်တော့ ကိုကိုရယ်လေ၏။

"အမေ ခဏနော်"

"သွားပါတော် သွားပါ၊ အကြာကြီးခွဲရမှာ၊ တစ်ညလုံးပဲ စကားပြောကြ . . ပြောကြ၊ မင်းနှမလေးက မင်းကိုတော့ ငယ်ငယ်လေးတည်းက ပုဆိုးစဆွဲပြီး တမ်းတမ်းစွဲ ချစ်ရှာတာ၊ သနားပါတယ် . . သူ့ခမျာ"

အမေတို့ရှေ့မှ ပြုံးထားရသော်လည်း ရင်ထဲမှာဖြင့် ပြောင်းဆန်အောင်ခံစားနေရပါပြီ။

အမေ့ရှေ့မှာ ရှိုက်ရှိုက်လေးထကာ ညီမလေးရှိရာသို့ တက်ခဲ့ရ ပါ၏။

အခန်းတွင်း၌ နန်းခမ်းမို ရှိမနေ၊ လသာဆောင်မှာရပ်လျက် ကသစ်ပင်ကြီးကို ငေးကြည့်နေလေသည်။

အပြင်တွင် အလင်းရောင်ပျောက်ဆုံးပေတော့မည်။ အမှောင်သည် အရှေ့အရပ်ဆီမှစတင်၍ သိပ်သည်းစိုးမိုးလာချေပြီ။

နေဝင်ရာအနောက်ဘက်ကောင်းကင်ပြင်မှာဖြင့် နေမင်း၏အလင်းကြွင်းများကြောင့် အမှောင်ကမလွှမ်းနိုင်သေး။

ပြေပြစ်သော ကိုယ်နေဟန်ထား ကျော့ကျော့ရှင်း၏ နောက်ဘက်မှ ကြာမြင့်စွာငေးကြည့်နေမိသည်။ သူ ရောက်ရှိမှန်း နန်းခမ်းမို မသိရှာသေး။

"သနားချေမိ- ချစ်ခြင်းရှိ၏" ဆိုသော နဝဒေး၏အတိုင်း . . နန်းခမ်းမိုအပေါ်၌ ချစ်ရသောအချစ်ထက် သနားကြင်နာမှုက ပိုကဲသည်။ အသွားအလာ အနေအထိုင်က စိတ်မချနိုင်။

ယခုလို ပွင့်ပွင့်လင်းလင်းချစ်ခဲ့ကြပြီးမှ ကာလကြာမြင့် အတူနေခွင့်ရပြီးခါမှ ခွဲခွာရတော့မည်ဆိုသည့် အဖြစ်က လုံးသားတွေကြွေနိုင်လောက်ပါရဲ့။

"ချစ်ရယ် . . ဖြစ်များဖြစ်နိုင်မယ်ဆိုရင် လောကရဲ့ ပြင်ပမှာ မထားချင်ဘူး၊ ကိုကို့ရင်ထဲကို ခွဲထည့်ပြီး တစ်ခါတည်း နန်းခမ်းမိုကို ပြန်သွားလိုက်ချင်ပါရဲ့"

နန်းခမ်းမိုသည်လည်း . . .

"ကိုကိုရေ . . နေဝင်တော့မယ်ကွယ် . . .

နေဝင်ရင်လထွက်တော့မယ် . . .

လပျောက်တော့ . . နေမင်း ပြန်ရောက်လာမယ်ပေါ့ . .

ခမ်းမိုရဲ့ရင်ထဲက . . နေ မင်း . . လ မင်းနဲ့ တူတဲ့ ကိုကိုရယ် . . .

ခမ်းမိုဆီကို ဘယ်တော့ပြန်လာမှာလဲကွယ် . . .

ကိုကို့ ဘယ်တော့ပြန်လာမှာလဲ . . .



www.burmeseclassic.com

www.burmeseclassic.com


ကိုကို့ကို ခမ်းမို ဘယ့်လောက်ထိကြာအောင်များ ခွဲနေရမှာလဲရှင် . . ကိုကို့ကို ခမ်းမိုချစ်တဲ့အချစ်ဟာလေ . .

ဒီကမ္ဘာပေါ်မှာရှိသမျှ ထုထည်ထက်ကြီးမားပါတယ်၊ လေးနက်ပါတယ်။ တုနှိုင်းပြစရာမရှိလောက်အောင် ကိုကို့ကိုသိပ်ချစ်တယ် . . .

ဒီအချစ်တွေနဲ့တန်မျှတဲ့အလွမ်းတွေဟာ ကိုကိုနဲ့ ဝေးကွာချိန်မှာ ခမ်းမိုနဲ့အတူရှိနေတော့မှာပါ . . .

ဒီအလွမ်းဒဏ်တွေ သင့်ပြီး ခမ်းမိုရဲ့အသည်းနှလုံးတွေ ကြွေကျသွား မယ်ထင်ပါရဲ့ ကိုကိုရယ်"

ငိုနေသော နန်းခမ်းမို၏မျက်ရည်စက်တို့သည် မီးပွင့်လေးများပမာ ကိုကို၏နှလုံးသားရင်ပြင်ပေါ်သို့ လွင့်စဥ်ကျရောက်ကာ စွဲငြိလောင်မြိုက်၏။

✦



## အခန်း(၃၅)

မောင်မောင် ထင်မှတ်မျှော်လင့်ထားသော ဘူမိဗေဒ အဓိကဘာသာရပ်ကို အမှတ်မမီ။

ရူပဗေဒကျောင်းသားတစ်ယောက်အဖြစ်နှင့် မန္တလေးတက္ကသိုလ်တွင် စာသင်ခွင့်ရခဲ့သလို . . .

နန်းခမ်းမိုမှာ သတ္တဗေဒဘာသာအဓိက ကျောင်းသူတစ်ယောက်အဖြစ်နှင့် စာသင်ရက်များစွာကို ကုန်လွန်ဖြတ်သန်းနေပါ၏။

ရှမ်းမလေးရယ် ချော ချောတယ်
ပူအိုက်လှ ရာသီဝယ်
ပါးကလေးတွေ နီးမြန်းလို့ရယ်
ချစ်စရာ ကောင်းလှပေတယ်
ကြိုက်စရာ ကောင်းလှပေတယ်
မိုမိုရယ် . . အစ်ကို ကြိုက်တယ် . . .


www.burmeseclassic.com

www.burmeseclassic.com

ရေနီမြောင်းဘေး ခုံပေါ်မှာ ချိုပြုံးသီချင်းကို ဖျက်ဆိုနေကြသော လောင်တစ်သိုက်၏အသံကြောင့် ခြေလှမ်းမမှားအောင် သတိထားပြီး မောင်မောင့်ကားရှိရာဘက်သို့ ခြေလှမ်းသွက်သွက်နှင့် လျှောက်ခဲ့ရပါ၏။

နန်းခမ်းမိုမြန်မာစစ်စစ်ပါဆိုသည်ကို ဘယ်သူမှမယုံကြ။ မယုံသူများ သည်အတိုင်းရှိကြပါစေ . . ယုံအောင်ရှင်းနေလျှင် မိဘတို့၏ဇစ်မြစ်ကို လှန်နေရပေဦးမည်။ တစ်ချို့ကလည်း ဦးဘအို၏မြေး အမွေရထားသူဟူ၍ သိကြ၏။

နန်းခမ်းမို ဘာကိုမှ စိတ်မဝင်စား။ စာကိုလည်း ဆယ်တန်းတုန်းက ထက် ထက်ဝက်ပင် မကြိုးစားဖြစ်။

"ကိုကိုနဲ့ ခွဲခွာနေချိန်မှာ ကိုကို့စကားတွေနားထောင်နော် ညီမလေး"

ဆိုသော ကိုကို၏စာထဲကအတိုင်း . . အလွဲအပြောင်း အတိမ်းအစောင်းမရှိအောင် နေပြခြင်းဖြင့် ကိုကို့ကိုချစ်မြတ်နိုးလှပါကြောင်း ကိုကိုသိပါစေ။

"နွေရက်များရောက်ပါစေတော့"

ဟူသော ဦးတည်မျှော်လင့်ချက်တစ်ခုတည်းဖြင့်သာ လှုပ်ရှားနေရှာသော နန်းခမ်းမို . . .

သီတင်းကျွတ်ကျောင်းပိတ်ရက်ကလည်း ကိုကို မလာဖြစ်။မောင်မောင် ရှမ်းပြည်နယ်တက်မလို့လုပ်ပြီးမှ နန်းစောမွန်





တို့ မိသားစု မန္တလေးဆင်းလာကြသဖြင့် မောင်မောင်လည်း မသွားဖြစ်လိုက်။

မောင်မောင်သည် ကားတစ်စီးဖြင့် သွားလိုက်၊ လာလိုက်၊ သူငယ်ချင်းတွေ တပြုံကြီးနှင့် ဂစ်တာတီးလိုက်ဖြင့် ပျော်ရွှင်နေသဖြင့် နန်းစောမွန်ကို သတိရဟန်မတူ။ နန်းစောမွန် အကြောင်းကိုပင် မပြောဖြစ်ကြ။

နန်းစောမွန်သည်မူ . . မောင်မောင့်ကို ကြီးမားသော သံယောဇဉ်ဖြင့် တွယ်တာစွာတမ်းတနေကြောင်း နန်းခမ်းမို သိရပါပြီ။

နန်းစောမွန်နှင့်အဒေါ်တစ်ယောက်၊ အစ်ကိုဝမ်းကွဲ တစ်ယောက်တို့ ရောက်လာကြပြီး ခမ်းမိုတို့အိမ်မှာပင် တည်းခိုကြသည်။

နန်းစောမွန် မောင်မောင့်ကို ဂရုတစိုက်ရှိသလောက် မောင်မောင်ကတော့ ဝတ်ကျေရုံညှော်ခံနေသဖြင့် နန်းခမ်းမိုပင် အားနာယူရသည်အထိပါ။

နန်းစောမွန်တို့နှင့်အတူ ကိုကိုပို့ပေးလိုက်သော ပစ္စည်းထုပ်ကြီးအတွက် သယ်ယူလာရသူများကိုပင် အားနာလာမိသည်။

ဒေါ်မြသိန်းတို့သယ်သွားသဖြင့် လိုအပ်နေသော ပန်းကန်များကအစ . . နန်းခမ်းမို ဆောင်းမှာဝတ်ဖို့ ယုန်မွေးပွ


www.burmeseclassic.com

www.burmeseclassic.com



ဆွယ်တာ၊ နွေမှာဝတ်ဖို့ တရုတ်ပြည်ဖြစ်ရှန်သားစများ။ လက်ကိုင်ပဝါ၊ ဆပ်ပြာကအစ ရေအိမ်သုံးစက္ကူပါ ပါ ရှိသည်။

"ဒါတွေ မန္တလေးမှာဝယ်လည်းရပါတယ်၊ ဒါပေမယ့် ကိုကို ပေးလိုက်တာလေးကို တို့ရဲ့သားသမီးတွေ လက်ထပ်အထိ သိမ်းထားမယ်"

ယဉ်လိုက်သည့်စိတ်ကူး။ ကိုကိုနှင့်ပတ်သက်လေတိုင်း ရူးနေရသည့် နန်းခမ်းမိုပါ။

ကိုကို့ ဂရုစိုက်မှုကတော့ ပြောမကုန်နိုင်တော့။

စာကို နေ့စဉ်ရေးသည်။ ကိုကိုဘာတွေလုပ်နေလဲလို့ မေးမိချိန်ကစ၍ပါ။ တစ်နေ့တစ်ခါ သူဘာလုပ်ကြောင်းရေးရုံမက ညီမလေးကို အဘယ်မျှချစ်ရပါကြောင်း၊ မြတ်နိုးရပါကြောင်း၊ လွမ်းရပါကြောင်းနှင့် အဆုံးသတ်သည်။

ဤစာမျိုး ငါးစောင်ပြည့်သော ငါးရက်မြောက်ချိန်မှာ ကိုကို့အသိ ရှမ်းတောင်တန်းကားသင်းမှ ကားတစ်စီးနှင့် ထည့်ပေးလိုက်ပြီး လားရှိုးမှတဆင့် မန္တလေးသို့ စာတိုက်မှပို့၏။ ဤနည်းဖြင့် တစ်ပတ်တစ်ခါ ကိုကို့စာရောက်လာလေတိုင်း . .

"မငိုနဲ့နော် . . ညီမလေး"

"ကိုကို့ကိုချစ်ရင် ငိုမနေနဲ့နော်"

ဆိုသော အငိုတိတ်ဖို့ နှစ်သိမ့်စာက စာလုံးချင်း ထပ်နေသည်။





ကိုကို့စကားကို နားထောင်ပါသည် ဟုပြချင်စိတ်ကြောင့်လည်း နန်းခမ်းမို အငိုမစိပ်တော့။

ယနေ့လည်း ကျောင်းမှပြန်လာပြီး ဒေါ်ခမ်းလုံထည့်ကျွေးသော ထမင်းကိုစား၊ ရေမိုးချိုးပြီး ကိုကို့စာများကို ပြန်ဖတ်နေမိသည်။

ချစ်သူ့စာကို ဆယ့်ခါဖတ်လည်းမဝနိုင်။ အလွတ်ရနေပါလျက်နှင့်လည်း ရင်သိမ့်ဖွယ်ဝါကျလေးများကို ထပ်ထပ်ဖတ်မိတိုင်း ရင်မှပြန်လည်ဆန်း သစ်စွာကြည်နူးရသည့်အရသာကို အဝေးရောက်ချစ်သူရှိသူတိုင်းစာနာမိကြ မှာပါ။

"မိုမိုရေ"

မောင်မောင့်အော်သံကြောင့် ကိုကို့စာများကို သိမ်းဝှက်ပြီးမှ အပြင် ထွက်ခဲ့ရသည်။

"ထမင်းစားရအောင်"

"ငါ စားပြီးပြီ မောင်မောင်"

"ဟာ . . နင်ကလည်း၊ ဒီမှာ နင်ကြိုက်တဲ့ခွန်ရှစ်ခြောက်ကြက်သားသုပ်ဝယ်လာတယ်"

"ဒါဆို ညကျတော့မှ စားမယ်လေ"

"မရဘူး၊ ငါတစ်ယောက်တည်း ထမင်းစားရတာပျင်းတယ်ဟ၊ လာပါ . . . တို့နှစ်ယောက်တူတူစားရအောင်၊ နင်က ကြက်သားသုပ်စား၊ ငါက ထမင်းစားမယ်၊ လာ . ."



www.burmeseclassic.com

www.burmeseclassic.com

မောင်မောင်က နန်းခမ်းမိုဧ၏လက်မောင်းအိအိလေး အားပါးတရညှစ်ပြီး ဆွဲခေါ်လာတော့ လက်ဖျားမှဆွဲခေါ်သ လက်တစ်လှမ်းစာမျှမဝေးကွာ နီးနီးကပ်ကပ်ပုံစံနှင့် လျှေက ပေါ်မှ နှစ်ယောက်သားဆင်းသက်လာကြတော့သည်။

အလုပ်များစွာလုပ်၍ အေးအေးဆေးဆေး နေတတ် သော ဒေါ်ခမ်းလုသည်ပင်လျှင် . . .

"ဒီကောင်မလေးဟာ ဟိုကောင်လေးနဲ့တုန်းကလည တတွဲတွဲ၊ ဒီ ကောင်လေးနဲ့ ကျန်ရစ်တော့လည်း တတွဲတွဲ"

ဟူ၍ပင် မှတ်ချက်ချလေမလား။ အရိုးခံ မောင်မော နှင့်မိုမိုတို့ကတော့ မတွေးမိကြ။

"နင် ကျူရှင်တက်ဦးမလား"

"မလိုပါဘူး။ငါ အတန်းမှန်မှန်လိုက်နေသားပဲ၊ သူ့ဟ သူအောင်မှာပါ"

"ငါတို့ဘာသာက ခက်တယ်"

"နင် အပြင်ထွက်ချင်လို့ ကျူရှင်တက်ချင်တာ၊ ဟ ငါ မသိတာမှတ်လို့"

"အဟဲ. . မဟုတ်ပါဘူးဟ"

"ရပါတယ်နော်. . လည်ချင်သလောက်လည်ပါ။ အ ရောက်တော့ ကိုကိုနဲ့တိုင်ပြောမှာပေါ့"

"မလုပ်ပါနဲ့ဟာ၊ ကိုကိုက ဘယ်မှမသွားရဘူး။ ခမ်းမို





တစ်ယောက် တည်းထားရတာ စိတ်မချဘူးချည်းပဲ ပြောနေတာ၊ ငါ့ကို အိမ်မြဲဖို့ဘဲ စာရေးတိုင်းပါနေတာ"

"ဒါပေမယ့်. . နင် လည်ချင်တိုင်း လည်နေတာပါ"

"အဲဒါ ကျောင်းတက်ခါစကပါ နင်ကလည်း။ ကား ဝယ်ပေးတော့ ကားလည်းမောင်းချင်၊ တက္ကသိုလ်ကျောင်းသား ဆိုတဲ့ ဘဝင်လည်းမြင့်ချင်လို့ပါဟာ။ ခုတော့ဂါည်း နေသာ ထိုင်သာရှိသွားပါပြီ"

"အင်း. . ဟင်းတွေ ထည့်စားလေ. .။ ကြက်သား အသားဖတ်တွေ နင့်ဖို့ ချန်ထားတာ"

"နင်လည်းစားပါ မိုမိုရယ် . . နင် ငါ့ကို သိပ်ညှာတာပဲ"

"ဒီအိမ်ဟာ ငါ့အိမ်ဖြစ်နေပြီလေ၊ နင်ဟာ ငါ့မောင်လေး ပဲ မောင်မောင်ရဲ့။ ငါက ညှာရမှာပေါ့"

"ဟုတ်တယ်၊ ခုဆို ငါလည်းအပြင်လည်ရင်တောင် စိတ်ကမဖြောင့်ပါဘူး။ နင်များ ဘာကိစ္စရှိမလဲ၊ တစ်ယောက် တည်း အားငယ်နေမလားပေါ့"

"ရပါတယ်ဟာ၊ မောင်မင်းသူလေးလည်း ရှိသားပဲ"

"အေး . . ဒါပေမယ့် ငါ့စိတ်ကကို မဖြောင့်နိုင်အောင် သံယောဇဉ်ကြီးလာတာ၊ နောက်ဆို ငါ ညဘက်အပြင် မထွက် တော့ဘူး"

ငယ်စဉ်က အမြဲရန်ဖြစ်ခဲ့ကြသော်လည်း နှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com

တည်းအတူနေရချိန်မှာ ရန်မဖြစ်ရုံမကတော့ တစ်ဦးနှင့်တစ်ဦး ညှာတာမှုတွေပို၍ ရှိလာကြသည်။

နန်းခမ်းမိုကတော့ အရင်အတိုင်းပါ။ ဒါပေမယ့် "ကိုယ့်အိမ်"ဆိုသော အသိဖြင့် မောင်မောင်အားမငယ်ပါစေရန် ပို၍ ဂရုတစိုက်အရေးတယူ ရှိလာခြင်း သာပါ။

မောင်မောင်ကတော့ အနေကြာလာသည်နှင့်အမျှ နန်းခမ်းမိုအပေါ်တွင် သံယောဇဉ်ကြိုးတွေ ပိုမိုခိုင်ကျည်လာရသည်။

"မောင်မောင်ရေ၊ ညဘက်အပြင်ထွက်မလည်တော့ဘူးဆိုလို့ ငါ အကြံတစ်ခုရတယ်"

"ဘာလဲ"

"တီဗွီတစ်လုံး ဝယ်ရအောင်"

"မလုပ်ပါနဲ့ဟာ၊ နင့် ငွေတွေ အများအကြီး ထုတ်နေရမှာပေါ့"

"နင်ရော . . မကြည့်ချင်ဘူးလား"

"ကြည့်တော့ ကြည့်ချင်တာပေါ့၊ ဒါပေမယ့် နေပါစေဟာ"

"သိပ် ဈေးမကြီးတဲ့ ခပ်ငယ်ငယ်လေးတစ်လုံးလောက်ဝယ်မယ်လေ၊ တစ်သောင်းတန်လောက်ပေါ့။ မကောင်းဘူးလား"

"ငါ ကြည့်ချင်တာတော့ အမှန်ဘဲ၊ တို့ဆီရောက်ဖို့က





တို့အသက်နဲ့တောင် မီချင်မှမီမှာ၊ ဒါပေမယ့် နင့်ငွေတွေကုန်မှာ းရတယ်"

"ငွေကဖြစ်ပါတယ်၊ ဘဘထားခဲ့တာ အများကြီးဟာကို ါလည်း ဝယ်ချင်နေတာ၊ ကြည့်ချင်နေတာကြာလှပြီ၊ ကျောင်းမှာဆို ဒီညဘာလာမယ်၊ ညက ဘာလာသွားတယ်နဲ့ ပြောနေကြတာ"

"ဒါဆိုလည်း နင်ပဲ စဉ်းစားလေ၊ ငါကတော့ ရပါတယ်"

"ငါတစ်ခုပဲကြောက်တယ်"

"ဘာလဲ"

"ကိုကိုမျှား ဆူနေမလား မသိဘူး"

"ဒါတော့ နင့် ကိုကိုကို နင် ပိုင်တယ်ထင်ရင်လုပ်လေ"

"ပိုင်တာကတော့ပိုင်ပါတယ်၊ ဒါပေမယ့် သူခွင့်မပြုဘဲ ါ ဘာမှမလုပ်ချင်ဘူး၊ ဒီလိုလုပ်မယ်လေ၊ ငါစာအရင် ရေးလိုက်မယ်၊ ကိုကိုကဝယ်ဆို ဝယ်ကြတာပေါ့နော်"

"အင်း . . နင့်လို ချစ်သူမျိုးရတာ ကိုကိုတကယ် ကံကောင်းပါတယ် မိုမိုရယ်"

မောင်မောင်သည် မိုမို့ကို စူးနစ်စွာစိုက်ကြည့်ပြီး လေးနက်စွာ ပြောကြားလိုက်လေသည်။

"အင်း . . ဘာလိုလိုနဲ့ တို့ကျောင်းပိတ်ဖို့ တစ်လ ကျော်ပဲလိုတော့တယ်နော် မောင်မောင်"


www.burmeseclassic.com

www.burmeseclassic.com



"အေး . . . အမေလည်း နေမှကောင်းရဲ့လားမသိဘူး"

"စာထဲမှာတော့ တို့ စိတ်ပူမှာစိုးလို့ထင်တယ်၊ နေကောင်းတယ်ပဲ ကိုကိုကရေးတယ်"

"အေး . . ငါလည်း ကိုယ့်ဇာတိမြေနဲ့အဖေတို့ အမေတို့ဆီကို ပြန်ချင်လှပါပြီ"

"ငါလည်း ဒီအတိုင်းပါပဲ မောင်မောင်ရယ်၊ အဖေ၊ အမေနဲ့ ကိုကို့ကို သိပ်အောက်မေ့တယ်။ ပြီးတော့ တို့များရဲ့ ရွှေလီချိုင့်ဝှမ်းကိုလည်း လွမ်းလှပါပြီ"

✦





## အခန်း(၃၆)

မောင်မောင်နဲ့ညီမလေးမိုမို

ကျောင်းပိတ်ဖို့တော့ နည်းနည်းလိုသေးတယ်၊ ဒါပေမယ့် အမေက သိပ်တွေ့ချင်နေတယ်၊ အမေ နေမကောင်းဘူး၊ စိုးရိမ်စရာတော့မရှိပါ. . .

အဆင်ပြေမယ်ဆိုရင် အိမ်ကိုအသေအချာအပ်ခဲ့ပြီး မင်းတို့မောင်နှမ နှစ်ယောက် ခဏပြန်လာခဲ့ကြပါ။

ကိုကို

နမ့်ခမ်းမြို့

"ဟင် . . ဘာလို့ ငိုရပြန်တာလဲ"

"အမေ အတော်နေမကောင်းဖြစ်နေပါပြီ။ ငါသိပါတယ်၊ ကော်ရှုံတန်ရုံ ဆို မှာ မှာမဟုတ်ဘူး မောင်မောင်ရဲ့"

"စာထဲမှာတော့ စိုးရိမ်စရာမရှိဘူး ပါတာပဲ"

"နင်ဟာလေ ဘယ်တော့မှ စိတ်မပူတတ်ဘူး။ နည်း



www.burmeseclassic.com

www.burmeseclassic.com

နည်းပါးပါး နေမကောင်းတာဆိုမှာမလား၊ တို့လည်းကျောင်းမပိတ်သေးဘူး၊ အမေ အတော်နေမကောင်းလို့သာ ငါတို့ကိုမှာတာဖြစ်မှာပါ မောင်မောင်ရယ်"

"အေးပါ . . အမြန်ဆုံးသွားကြတာပေါ့၊ မငိုပါနဲ့ မိုမိုရယ်၊ ကဲ . . ဒါဆို သွားဖို့စီစဉ်ထား မနက်ဖြန်လားရှိုးထွက်မယ့်ကားလက်မှတ်ရအောင် ငါ ကားဂိတ်သွားလိုက်ဦးမယ်"

"အေး . . သွား . . သွား"

ကိုကိုသည် ဘယ်သောအခါမှ ခမ်းမိုတို့မောင်နှမနှစ်ယောက်ကို စာတွဲမရေး။ သီခြားဆီသာ အကျိုးအကြောင်းစုံလင်စွာ ရေးလေ့ရှိရာမှ ယခုတော့ တစ်ပေါင်းတစ်စည်းတည်းရေးလိုက်သဖြင့် ကိုကိုတို့သိပ်များ အရေးကြီးနေသလား။

အမေ့အတွက် ပူပန်စိုးရိမ်စိတ်ကတစ်ပိုင်း၊ နမ့်ခမ်းကိုပြန်ရမည်ဆိုသည့်အတွက်ဖြင့် ရင်တွင်းမှာ ပျော်ရွှင်ကြည်နူးနေမိသည်ကတစ်ပိုင်းပါ။

ချစ်လှစွာသော ကိုကိုနှင့် ပြန်လည်ဆုံတွေ့ရတော့မည်ဟူသော အသိကြောင့်လည်း လှုပ်ရှားမှုတိုင်း တက်ကြွနေပါ၏။

ဦးစံလှုထံသွား၍ ကိုကို့စာကိုပြပြီး အကျိုးအကြောင်းပြောတော့ . . . .

"အေး . . အေး၊ ပစ္စည်းတွေလည်း သိမ်းထားပေးမယ်၊





အပေါ်ထပ် သော့လည်းပေးခဲ့၊ ဒီကစိတ်ချရတဲ့လူတစ်ယောက်လည်းလွှတ်ပြီး အိပ်ခိုင်းမယ်၊ ဘကြီးကိုယ်တိုင်လည်း မကြာခဏသွားကြည့်ပေးမယ်၊ စိတ်ချလက်ချသွားကြ၊ ကြားလား"

"ဟုတ်ကဲ့၊ ဘကြီးကျေးဇူးက ကြီးလှပါတယ်ရှင်"

"အေး . . ဘကြီးတစ်ခုတော့ မှာလိုက်ပါရစေ"

"ဟုတ်ကဲ့ . . အမိန့်ရှိပါ"

"ဟိုမှာ ဘာအကြောင်းပဲရှိရှိ ဒီကိုပြန်လာပါ၊ ဒီမှာဘဲအခြေချပါ"

"ရှင်"

"ညည်းနားမရှင်းဘူးထင်တယ်၊ ဘဘရှင်းရှင်းပဲပြောမယ်"

"ဟုတ်ကဲ့"

"မဆိုးစကောင်း၊ ဆိုစကောင်းကွယ်၊ မင်းမိဘများတိမ်းပါးသွားခဲ့ရင်လည်း ဒီကိုပဲ ပြန်လာခဲ့ပါ၊ ပြီးတော့ . . .

အတူတကွ နေလာကြတော့ သံယောဇဉ်တွေကြီးမားနေကြပြီဆိုတာ ဘကြီးနားလည်တယ်"

"ရှင်"

"အေး . . ကိုကိုနဲ့ပဲဖြစ်ဖြစ်၊ မောင်မောင်နဲ့ပဲဖြစ်ဖြစ် သမီးတို့လူငယ်ချင်း မေတ္တာမျှပြီး အိမ်ထောင်ပြုဖြစ်ကြရင်လည်း ဒီကိုပဲပြန်လာခဲ့ပါ"


www.burmeseclassic.com

www.burmeseclassic.com

"အို . . သမီး ကျောင်းတက်ဦးမှာပါ"

"အေးလေ . . လူကြီးဆိုတော့ ကြိုတင်မြင်ပြီး ကြိုတင်မှာထားရတာပါ၊ ဘကြီးဆိုလိုတာက သူတို့နဲ့လက်ဆက်ဖြစ်သည်ဖြစ်စေ . . မဖြစ်စေ၊ နောက်ဆုံး ဘာပဲဖြစ်ဖြစ်ကွယ်၊ ကိုဘအို အင်မတန်မှ နေစေချင်တဲ့ သမီးပိုင်ဆိုင်ထိုက်တဲ့အိပ်ကိုဘဲ ပြန်လာခဲ့ပါ"

"ဟုတ်ကဲ့ရှင့် . . ."

"ငါ့ဘဝကို မန္တလေးမှာဘဲ အခြေချနေထိုင်ပါ့မယ်ဆိုတဲ့ ဆုံးဖြတ်ချက် နဲ့နမ့်ခမ်းကို ခေတ္တသာသွားပါ သမီး"

"ကောင်းပါပြီရှင်"

"အေးအေး . . ကဲ . . ပြန်ပြန်၊ စီစဉ်စရာရှိတာစီစဉ်ကြ ကားကိုလည်း ဘကြီးဝိုင်းထဲမှာဘဲ လာထားခဲ့ကြားလား"

"ဟုတ်ကဲ့ရှင်"

"ကိုဘအိုမရှိတဲ့နောက်ပိုင်းမှာ ဒါဟာ ငါ အားကိုးထိုက်တဲ့ ငါ့ဘဘရဲ့ မိတ်ဆွေကြီးပဲလို့ အမြဲခံယူထားပါလို့ ဘဘ နောက်ဆုံးမှာလိုက်မယ်၊ ဘကြီးဟာလည်း နန်းခမ်းမိုအတွက် တာဝန်ရှိသူပဲလို့ ခံယူထားပါတယ် သမီး"

အဘိုးကြီး၏ ဩဝါဒကိုနာယူပြီး ခရီးထွက်ဖို့ပြင်ဆင်ရန် နန်းခမ်းမို ဦးစံလူ၏အိမ်မှ ပြန်ခဲ့ရပါတော့သည်။

✦





## အခန်း(၃၇)

မန္တလေးမှ လားရှိုးသို့ တစ်နေ့ခရီးလာပြီးသည့်နောက် လားရှိုးတွင် တစ်ညအိပ်ပြီးမှ နမ့်ခမ်းသို့သွား၍ ရနိုင်ပါ၏။ မန္တလေးမှ လားရှိုးသို့ (၁၇၅)မိုင်ကလည်း တစ်နေ့ခရီး။

လားရှိုးမှနမ့်ခမ်းသို့ (၁၀၃)မိုင်ကလည်း တစ်နေ့ခရီးသာ၊ စုစုပေါင်း (၂၇၈)မိုင်မျှသာ ဝေးကွာပါသော်လည်း နှစ်ရက်ခရီးသည် အနည်းဆုံး။

"ရှမ်းတောင်တန်းကားသင်း" "စုပေါင်းသယ်ယူပို့ဆောင်ရေး" "နမ့်ခမ်းမန်း" "မူဆယ်မန်း" စသော ကားအသင်းများစွာရှိသည့်အနက် ဆက်ဆံရေးလည်း အဆင်ပြေ၊ ကားစီးရေလည်းများသည့် "ရှမ်းတောင်တန်းကားသင်း" မှ ကားနှင့်ပင် နန်းခမ်းမိုနှင့် မောင်မောင်တို့ နှစ်ယောက်လိုက်ခဲ့ရသည်။

ယနေ့ နမ့်ခမ်းသို့ ကား(၄)စီး၊ မူဆယ်သို့ ကား(၆)စီး၊ လားရှိုး မြို့မှ ထွက်ခွာသည်။

မူဆယ်သည် နမ့်ခမ်းထက်ပို၍ စည်ကားပြီး ခရီးသည်



www.burmeseclassic.com

www.burmeseclassic.com

များ ပို၍ များပြားပါ၏။

နမ့်ခမ်းကတော့ အေးငြိမ်းခြင်းအပေါင်းကို ပိုင်ဆိုင်ထားသည့် လှပသောမြို့လေးပါ။

ရှမ်းဘာသာနှင့် 'မူ'သည် စုဝေးခြင်း၊ 'စယ်'သည် စည်ကားခြင်း ဖြစ်လေသည်။ မြေပြန့်သူ မြေပြန့်သားတို့ မူဆယ်ဟုခေါ်နေကြသော်လည်း မူစေနှင့် မူဆယ်ကြား ရှမ်းအသံထွက်ဖြစ်၍ မူဆယ်ဟူ၍သာ ခေါ်ဝေါ်မှ ပို၍နီးစပ် မှန်ကန်သည်ဟုဆိုပါ၏။ "နမ့်"သည် ရှမ်းဘာသာအရ ရေ"ခမ်း"သည် ရွှေဟူ၍ အဓိပ္ပါယ်ရပါ၏။

လားရှိုးကားဂိတ်မှ နံနက်(၆)နာရီတိတိ အချိန်မှန်စွာ သတ်မှတ်ထားသော နံပါတ်စဉ်အတိုင်းကားများ စီတန်း၍ စတင်ထွက်ခွာသည်။

ကားအားလုံး Toyota Dyna အသစ်စက်စက်(ထ) နံပါတ်ကားများ ချည်းသာ။

ဘေးတိုက်မထိုင်ရ။ ကားဦးဘက်သို့ မျက်နှာမူ၍ ထိုင်ရအောင် ဆိုဖာခုံများ ဆောက်တည်ထားလေသည်။

စတီရီယိုကက်ဆက်ကလည်း နောက်ဆုံးပေါ် သီချင်းများ၊ အနောက်တိုင်းတေးသစ်များနှင့် တရုတ်သီချင်းများ အစုံအလင်။

နောက်ခန်းမှ ကုန်သည်ရှမ်းမလေးများက သူတို့နား





ဆင်ချင်သော သီချင်းများကို ဒရိုင်ဘာကြားသာအောင် အော်ဟစ်ဖွင့်ခိုင်းနေကြသည်။

အမေ့အတွက် သောကရင်နှင့်လာခဲ့ရသော နမ့်ခမ်းမိုမှာ တေးသံ၌ မသာယာအား။

ရှေ့ခန်းနှစ်ယောက်စာအတွက် ကြိုတင်ဘွတ်ကင်လုပ်ထားသူများနှင့် ဝန်ထမ်းများသာစီးနိုင်ပါ၏။ နောက်ခန်းမှာ (၁၈)ယောက်၊တစ်ယောက်လျှင် လေးဆယ်ကျပ်။

"မိုမို ထိုင်လို့ရရဲ့လား"

"ရတယ် . . ရတယ်"

မကျပ်လှသော်လည်း မကျယ်ဝန်း၍ တစ်ယောက်နှင့်တစ်ယောက် ထိထိတွေ့တွေ့ဖြစ်နေကြသည်။

ပထမအုံးဖြစ်ရသည်က အေ-တီ တံတား၊ သွယ်ယူပို့ဆောင်ရေးတပ်ကို အစွဲပြု၍ မှည့်ခေါ်ထားခြင်းပါ။

လားရှိုးနှင့် (၇)မိုင်ဝေးသော "ဟိုပိတ်ရွာ" ဈေးနေ့ရှုခင်းကို မြင်တွေ့ဖြတ်သန်းရသည်။ ရှမ်းပြည်တစ်ခွင်လုံး ထုံးစံအတိုင်း ငါးရက်တစ်ဈေးပါ။

ဟိုပိတ်အနီးမှာ တာဝန်ရှိပုဂ္ဂိုလ်များက စစ်ဆေးကြသည်။ ဤဒိုင်နာ ကားသည် မြန်မာ့နယ်နိမိတ်အဆုံး တရုတ်ပြည်သူ့သမ္မတနိုင်ငံကမ်းခြေနားအထိ သွားရောက်မည့်ကားဖြစ်ပါ၍ သက်ဆိုင်ရာမှ စေ့စပ်သေချာစွာစစ်ဆေးကြပါသည်။


www.burmeseclassic.com

www.burmeseclassic.com

လူဝင်မှုကြီးကြပ်ရေး၊ အကောက်ခွန်၊ အက်စ်ဘီ၊ ရဲထောက်လှမ်းရေးစသည့် ဌာနတို့မှ တာဝန်ရှိသူများက တာဝန်ကျေစွာစစ်ဆေးကြပါသည်။ ခရီးသည် နန်းခမ်းမိုတို့ မောင်နှမကတော့ ဘာပစ္စည်းမှဖွင့်ပြစရာမပါ၍ မှတ်ပုံတင်သာပြရပါ၏။

လားရှိုးသည်ပင်လျှင် တောင်ပေါ်မြို့ဖြစ်ပါလျက်နှင့် မြောက်ဘက်ခရီးဆက်ခဲ့လျှင် တောင်များကိုထပ်၍ တက်ရပေဦးမည်။

ပထမ(၉)မိုင် တောင်တက်ပြီး (၁၂)မိုင် တောင်ကို စတင်တက်ရပြန်သည်။လားရှိုးမြို့မှ အကွာအဝေးကို သတ်မှတ်မှည့်ခေါ်သောဒေသများဖြစ်ပါ၏။

နွားနို့လုပ်ငန်းဖြင့်သာ အသက်မွေးကြသော ဂေါ်ရခါးရွာ၊ နမ့်ဟူးရွာ၊ လွယ်ငူဟုလည်းခေါ်သော နမ့်တွန်းတောင်ပေါ်ရွာလေးများကို ဖြတ်ကျော်ခဲ့ရသည်။

မူလတန်းကျောင်းသာရှိပြီး စစ်တပ်ဆွယ်လည်းရှိပါ၏။ တောင်တက်လမ်းမှာ လိမ်နေ၍ အန္တရာယ်ကွေ့ဟုအမည်တွင်ရာမှာ လူကိုးယောက် ကားမှောက်သေဖူးသဖြင့် "ကိုးလောင်းကွေ့"ကို ဖြတ်ကျော်တော့ ရင်တလှပ်လှပ်. . .

စံလောင်းရွာ ဈေးနေ့ကိုလည်း မြင်တွေ့ရပြီးနောက်မှာ လက်ဝဲဘက် တောင်ညို့ညို့များကို ငေးကြည့်နေမိသည်။

လားရှိုးရေပူစမ်းလို ရေပူချည်းသက်သက်မဟုတ်၊ ရေပူ





တွင်း ရေအေးတွင်းများ အတူတကွရှိနေသော ရေပူစမ်း၊ ရှေးအခါက စော်ဘွားသမီးများ ရေချိုးသန့်စင်ရာ ရေပူစမ်းရှိသည့်နေရာ၊ ထိုနေရာကိုကျော်၊ တံတားကိုဖြတ်ပြီးသည်နှင့် . .

လားရှိုးမှ (၃၂)မိုင်မျှသာ ဝေးကွာသော "သိန္နီမြို့" သို့ နံနက်(၇)နာရီ ခွဲတိတိမှာ ရောက်ပါ၏။

ရှေးပဒေသရာဇ်ခေတ်က ဤသိန္နီမှနေ၍ မူဆယ်၊ နမ့်ခမ်း၊ ရွှေလီ ချိုင့်ဝှမ်းဒေသအထိ အာဏာစက်ပြန့်နှံ့စွာ သိန္နီစော်ဘွားများ အုပ်ချုပ်ခဲ့ရာ မြို့သိန္နီ. .

ဝက်သချိုဉ်၊ အမဲချိုဉ်. . အကြော်များ လာရောက်ရောင်းချကြသည်ကို မောင်မောင်ကဲ တစ်မျိုးပြီးတစ်မျိုး ဝယ်စားနေတော့သည်။

"နင် စားဦးလေ"

"တော်ပြီ"

နန်းခမ်းမို အမေ့အတွက် ပူပန်စိတ်၊ ကိုကိုနှင့်တွေ့ရတော့မည်အတွက် ဝမ်းမြောက်စိတ်တို့ကြောင့် ပြည့်နေသောရင်ကဘာမှ စားမဝင်နိုင်။

အသွားကား မစစ်ဆေးလှသော်လည်း အပြန်ကားများမှပါရှိသည့် ပစ္စည်းများကို အကြီးအကျယ်စစ်ဆေးသည့် အကောက်ခွန်ဂိတ်ရှိလေသည်။ သိန္နီတံတားမှ ကားတစ်စီးတစ်ဘက်ကမ်းရောက်မှ နောက်တစ်စီးကူးရသည်။ တန်းစီယှဉ်တွဲ


www.burmeseclassic.com

www.burmeseclassic.com

သွားခွင့်မရှိပါ။

သိန္နီမှထွက်ပြီး ကွမ်းလုံလမ်းခွဲကို တွေ့ရပါ၏။

ပုန်းထွန်ဟုခေါ်သော မန့်ပြိန်းရွာ၏ပတ်လည်မှာ တောင်အလုံး(၃၀) ဝိုင်းနေသည်ဟု သတ်မှတ်ထားကြသည်။

ဘဝသံသရာကွေ့ဟူ၍ အမည်ပေးထားကြသော တောင်ပေါ်လမ်း လမ်းကွေ့လေးကိုလည်း ကျော်ဖြတ်ရသည်။

ထိုမှစ၍ တောင်အတက်ချည်းသာ။ အောက်ခြေမှ စတက်ခဲ့သော လမ်းကလေးမှာ မီးခိုရောင်ပဝါလေးတစ်စ ချထားသည်သို့ပင် သေးသွယ် ကောက်လိမ်နေပါ၏။

ပေ(၄၀၀၀)နှင့်(၄၇၀၀)ဟု သတ်မှတ်ထားသော တောင်များကို ဖြတ်ကျော်ပြီးသည်နှင့် မြေပြန့်သားတို့ ကြားဖူးလေ့ရှိကြသော "ကွတ်ခိုင်မြို့"ကို ရောက်ပါပြီ။

မြို့မဝင်မီမှာ လက်ယာဘက် တောင်အမြင့်ကြီးပေါ်၌ ပလောင် ဘုန်းကြီးဦးစီး၍ တည်ထားသော "ရန်ပြေမာန်ပြေ ဆုတောင်းပြည့်စေတီတော်" ကို ပျပျလေးမျှမြင်ရရုံ ဖူးတွေ့ရသည်။ အမေနေကောင်းပါစေ၊ အသက်ရှင်လျက် တွေ့ရပါစေ ဟူသော ဆုထူးတစ်ခုသာပန်ခြွေမိပါ၏။

(၈)နာရီ(၃၅)မိနစ် ကွတ်ခိုင်ဆိုသော တောင်ပေါ်မြို့လေးမှာ ခရီးသည်များအားလုံး နံနက်စာစားကြပါ၏။

လားရှိုးမြို့နှင့် (၄၈)မိုင် ဝေးကွာခဲ့လေပြီ။





ကွတ်ခိုင်မှအထွက် လှပလွမ်းမောဖွယ်ကောင်းလှသော နမ့်ခိုင်တံတား"ကို ဖြတ်သန်းရပါ၏။ မှတ်ပုံတင်စစ်သဖြင့် န်းခမ်းမိုတို့ ခြေလျင်လျှောက်ပြီး စမ်းရေလမ်းကို ငေးမော ကြည့်မိသည်။

ကျောက်သား ကျောက်စိုင်များ သဘာဝအလျောက် လေးဆင့် လေးထပ် ဖြစ်နေ၍ ထိုအပေါ်မှ စီးလာသောရေသည် လှကားလေးထစ်ဆင်းရသည်နှင့် မခြား။ အသွယ်သွယ်ကျဆင်း နေပုံမှာ ရင်ခိုက်အောင် ကြည်နူးစေသော သဘာဝ၏အလှ တရားများပါတကား။

ဘေးပတ်လည် ဝဲ-ယာမှလည်း ညို့ဆိုင်းသော တောင်တန်း၊ စိမ်းမြသော ကွင်းပြင်များ၊ တောင်ကျစမ်းရေများ၊ တောင်ယာတဲလေးများဖြင့် ကြည့်လေရာရာမှာ ရင်ကိုချမ်းမြေ့စေသော မောရှမ်းမြေတို့၏ သာမောဖွယ်မြေ။

ဟိုဇီးရွာ၊မန်းရောင်းရွာနှင့် လွယ်ကုန်းရွာတို့ကို ဖြတ်ချိန်မှာ မောရှမ်းတစ်မြေလုံး ဗုဒ္ဓဘာသာကိုးကွယ်ကြသဖြင့် ဘုရားကျောင်းကန်အတွက် အလှူခံသော နေရာအချို့ကိုလည်း တွေ့ရသေးသည်။

"ငါ့လည်း လှူလေ"

သူဌေးမလေးနန်းခမ်းမိုက ငွေအစိတ်လှူလိုက်သဖြင့် မောင်မောင်က နှုတ်မြောသည့်မျက်လုံးဖြင့် ကြည့်ပြီး သူ့ပါ


www.burmeseclassic.com

www.burmeseclassic.com

အလျှံခံနေတော့သည်။

“နင်စားချင်တာ ပိုက်ဆံအိတ်ထဲက ထုတ်ယူစားပေါ့ သပ်သပ်မပေးနိုင်ဘူး”

“ငွေါလှူလည်း ကုသိုလ်ရတာပဲဟာ”

“ကိုကိုက တစ်လကို ရှစ်ရာပဲ ထုတ်သုံးရမယ်တဲ့”

“ဘဏ်တိုးကိုက မကပါဘူးဟာ”

“ဒါပေမယ့် အမေနဲ့ကိုကို စီစဉ်ပေးခဲ့တဲ့အတိုင်းပဲ ငါနေရမှာပေါ့”

“မောင်မောင်က နှုတ်ခမ်းရွဲ့ပြီး လက်ခါပြလိုက်သည်။ “မလွယ်ဘူး” “မချောင်ဘူး” ဟူသော အဓိပ္ပါယ်ပါ။

သူ့ပေါင်ကို တစ်ချက်ထုပစ်လိုက်တော့ အပြစ်မယူစိတ်နှင့်ရွှင်ပျစွာ ရယ်မောသည်။

**“နမ့်ဖတ်ကာ”**သို့ ဘယ်နှစ်မိုင်၊ မန္တလေးသို့ ဘယ်နှစ်မိုင်ဟူ၍ လမ်းတစ်လျှောက်လုံးမှ အုတ်တိုင်များတွင် ကမ္ပည်းထိုးထားသော “နမ့်ဖတ်ကာ” ဆိုသည့်ရွာကြီးကို ရောက်ခဲ့ပါပြီ။ ထိုရွာကြီးမှ အလွန်ဟန်းကိုင်ရွာကို ကျော်ပြီး နောက်တွင် မူဆယ် . . . နမ့်ခမ်း လမ်းခွဲကို တွေ့ရပါတော့သည်။

လားရှိုးမြို့မှ တစ်လမ်းတည်း တစ်ခရီးတည်းလာကြပြီး ဤနေရာအရောက်တွင် . . .

လက်ဝဲချိုးလျှင် နမ့်ခမ်းသို့ (၂၇)မိုင် . . .





တည့်တည့်သွားလျှင် မူဆယ်သို့ (၃၂)မိုင် . . .

* * *

အို × မြောက်ပိုင်းလမ်း ××

မူဆယ် × နမ့်ခမ်းလမ်း ×

ချော် × မြောက်ပိုင်းလမ်း ×

××××××

တစ်ခါတစ်လေ

ရွှေဖီချိန်မှာ × လက်ဖက်ပေါ်တဲ့အခါမှာ ×

ဂျီ-အမ်-စီလို ကားကြီးမျိုး ×

မန္တလေးဘက်သို့ × ကုန်တင်ကာ သွားတယ် ×

လမ်းတွေက × ဆိုး ဆိုး ××

ချိုင့်တွေက ပေါ ××

ဈေးသွေးလေးများ × ပျံနေအောင် မောင်းတယ် ×

ဒါဟာ × ဒရိုင်ဘာ × မြောက်ပိုင်းလမ်းရဲ့ အဖြစ်ပါ××

မိုင်တစ်ရာ × ကျော်သာရှိတဲ့ ×

လမ်းရဲ့ × အတိုင်းအထွာ ××

တစ်နေ့ကုန်အောင် × မောင်းကြရတာ ×

××××××××

မူဆယ်မြို့ဇာတိဖြစ်ပြီး ယခုယက်တိုင် ကောင်းနောင်



www.burmeseclassic.com

www.burmeseclassic.com

ရပ်၊ မူဆယ်မြို့မှာ နေထိုင်လျက်ရှိသော မြန်မာပြည်သူ၊ ပြည်သားများ၏ အသည်းစွဲအဆိုတော် "စိုင်းဆိုင်မောဝ်" ၏ နာမည်ကျော်ကြားလွှန်ခဲ့သော တေးသီချင်း "မူဆယ်နမ့်ခမ်း လမ်း . . "

သူ့ ကိုယ်ပိုင်အတွေ့ . . အတွေးနှင့် အရေးများ ကြောင့် ကျော်ကြားထိုက်သော သီချင်းကောင်းတစ်ပုဒ်ပါ။

ဤမူဆယ် နမ့်ခမ်းသွားရာလမ်းနှင့် အနီးတဝိုက်မှာ ပေ(၇၀၀၀) ကျော်အထိမြင့်မားသော၊ နှစ်သန်းပေါင်းများစွာက သက်ရင့်တွန့်ခေါက်တောင် တန်းများကြောင့် တောင်တက် ကားလမ်းမှာ ကြောက်တတ်သူတို့ မကြည့်ရဲ လောက်အောင် မြင့်မားမတ်စောက်လှပါပေ၏။

လမ်းကလည်း ဆိုးပါ၏။

သို့သော်လည်း မူဆယ် နမ့်ခမ်းရောက်သည်အထိ အားလုံး ကတ္တရာလမ်းများချည်းသာ။

တစ်ချို့နေရာမှာ လမ်းပျက်ချိုင့်ဖြစ်နေသည်များကို လည်း သက်ဆိုင်ရာမှ ပြုပြင်နေပါပြီ။

အရှေ့ပိုင်းရှမ်းပြည်နယ်စပ်ဖြစ်သော ကျိုင်းတုံနှင့် တာချီလိတ်လမ်းလို မြောက်ပိုင်းလမ်းက မဆိုးလှပါ။ သာယာ ဆွတ်ပျံ့ခြင်းများဖြင့် ဖွဲ့စည်းထားလေသော မောရှမ်းတို့၏ မြောက်ပိုင်းလမ်းပါတည်း။





ညနေ သုံးနာရီမထိုးမီ နမ့်ခမ်းမြို့သို့ရောက်ပါပြီ။

ကားဂိတ်မှဆင်းသက်ပြီး "မေတ္တာလမ်းမကြီး"ပေါ် လျှောက်နေရချိန်မှာ ရင်၌ ဝေဒနာမျိုးစုံ။

အမေ့ကိုလည်း တွေ့ချင်လှပြီ။

အမင်္ဂလာသတင်းနှင့်များ ဆီးကြိုလေမလားဟူ၍ လည်းမရင်ဆိုင်ရဲ. . .

အေးတည်းခိုရိပ်သာနှင့် ဈေးတို့ကိုလွန်ပြီး မြို့လယ် ဘုရားကြီးဘေးမှ ပတ်လျှောက်ခဲ့ကြသည်။

ပြည်ထောင်စုနေ့လို၊ လွတ်လပ်ရေးပွဲလိုနေ့များတွင် တပြလေ့ရှိသော လှကျော်တည်းခိုရိပ်သာရှေ့ရှိ မြို့မပဒေသာ တပွဲရုံလမ်းထဲမှ စက်ဘီးနှင့် ထွက်လာသော ဦးစိုင်းဖိုးလှက. .

"ဟဲ့ . . နင်တို့ မောင်နှမရောက်လာကြပြီလား"

"ဟင် . . ဦးလေး"

ကြောက်လန့်လွန်းသဖြင့် အမေ့အကြောင်းကို မမေးရဲ။

"နင့်တို့ အမေဆေးရုံမှာ၊ တစ်ခါတည်းသွားချင်သွား လိုက်ကြပါလား၊ ဟိုမှာ ကိုမြတ်စံရော၊ ကိုကိုရော စောင့်နေ ကြတယ်"

"အမေ . . အမေ"

နန်းခမ်းမို စကားထစ်နေသဖြင့် . . .

"အမေ ဘယ်လိုနေသေးလဲဟင် . . ဦးလေး"


www.burmeseclassic.com

www.burmeseclassic.com

ဟူ၍ မောင်မောင်က ဝင်မေးလိုက်တော့ . .

"သက်သာမယ် ထင်ပါတယ်၊ မနေ့ကဘဲ ဗိုက်ခွဲပြီး သွားပြီ"

"ဟင် . . အမေ . . အမေ ဗိုက်ခွဲရတယ် ဟုတ်လား ရှင်"

"အေး . . သိပ်လည်း စိတ်ပူမနေကြပါနဲ့၊ ကဲ . . ဒီလိုလုပ်၊ ဒီစက်ဘီးနဲ့ မင်းတို့မောင်နှမတစ်ခါတည်း ဆေးရုံတန်း သွားကြ၊ ပေး . . အဲဒီအိတ်တွေ ငါအိမ် ယူသွားပေးမယ်"

ဦးလေး စိုင်းဖိုးလှမှာ တစ်ခြံကျော်၌ နေထိုင်သော အမေ့ဆွေမျိုး ဖြစ်ပါ၏။

သူ့အစီအစဉ်အတိုင်း မောင်မောင်က စက်ဘီးနင်း . . နန်းခမ်းမိုက နောက်မှထိုင်ပြီး နာမည်ကြီးလှသော နမ့်ခမ်း ပြည်သူ့ဆေးရုံကုန်းသို့ မောင်မောင်နှင့်မိုမိုတို့ အမြန်သွား နေကြပါပြီ။

✦





## အခန်း(၃၈)

"မခမ်းအေး . . သတိထားလေ"

ဦးမြတ်စံ ဖက်ပိုက် ပြုစုနေသည့်ကြားကပင် . . .

"ဝေါ့ . . ဝေါ့"

ဆိုပြီး နှစ်ချက်ဆင့်ထိုးအန်လိုက်သဖြင့် မြော့မြော့လေး ကျန်တော့အောင် နုံးခွေသွားလေပြီ။

"အမေ . . အမေရယ်"

သံယောဇဉ်ကြီးလွန်း၊ သိတတ်လွန်းသော ကိုကိုက အမေ့လက်ဖျား လေးကိုဆုပ်ကိုင်ပြီး ခေါ်နေသည်။

နန်းခမ်းမိုကတော့ အေးစက်နေသော ခြေဖျား လေးများကိုဆုပ်ရင်း မျက်ရည်တွေစီးကျနေတော့သည်။

သည်တစ်ခါတော့ မောင်မောင်လည်း မျက်နှာပျက်ရုံ မက မျက်ရည်များပင် ဝိုင်းနေရှာသည်။

"သတိထားပါ၊ မခမ်းအေးရယ်၊ မင်းသိပ်ချစ်တဲ့ သမီးနဲ့ သားလေးလည်း ရောက်လာကြပြီပဲကွယ်"


www.burmeseclassic.com

www.burmeseclassic.com



ခင်ပွန်းသည်ဦးမြတ်စံ၏ ရင်ခွင်တွင်းမှနေ၍ နွမ်းလျစွာ ခေါင်းညိတ်သည်။ စကားမပြောနိုင်ပါ။ မမြင်ရက်လောက် အောင်ပင် မောဟိုက်နေရှာသည်။

အမေက ခေါင်းအုံးကို လက်နှင့်ပုတ်ပြသဖြင့် အဖေက သူမြတ်နိုးလှသော သူ့ချစ်ဇနီးကို ရွရွလေးပွေ့ရင်း ခေါင်းအုံး ပေါ်မှာ ပြန်သိပ်ပေးရှာသည်။

"အမေ မအန်ပါစေနဲ့တော့"

သူ့ဟာသူဆိုလျှင် မှိန်းနေနိုင်ပါသော်လည်း ပျို့အန်ပြီး သည့်အခါတိုင်း အသက်ပါ ပါသွားတော့မလို၊ မောလိုက်နေ တော့သည်။

"ဖယ် . . မိုမို ခရီးပန်းလာတယ်။ ခဏ နားလိုက်ဦးလေ"

လေသံလေးနှင့် ကပ်ပြောလာသော နန်းစောမွန်။

သူသည် အမေဆေးရုံစတက်ကတည်းက မူဆယ်မှ ရောက်လာပြီး ကူညီပြုစုပေးနေရှာသည်ဟု အဖေကပြောပြ၏။

အမေ့ခြေဖျားလေးများကိုဆုပ်ပြီး မျက်ရည်ဝိုင်းနေ သော မောင်မောင့်ကို ကရုဏာမျက်ဝန်းဖြင့် မွန်မွန်မော့ကြည့် နေရှာသည်။

"အပူ"ဆိုသော မိသားစု၏သောကကို နန်းခမ်းမို နစ်နစ်နဲနဲခံစားနေရ ရှာသည်။ သူချစ်သော အမေ . . သူ့ကို သိပ်ချစ်ရှာသော အမေ၏ဝေဒနာ ခန္ဓာ ကိုယ်ကို မကြည့်ရက်





. . . မမြင်ဝံ့တော့။

သီးသန့် အခန်းဆောင်များဖြင့် စနစ်တကျဖွဲ့စည်းထား သော နမ့်ခမ်းဆေးရုံ၏ပြင်ပသို့ နန်းခမ်းမိုထွက်လာခဲ့သည်။ တောင်ပေါ်ရွာသူတို့ ဖြစ်လေ့ရှိသော လည်ပင်ကြီးရောဂါသည် များ တန်းစီနေသည့် ခွဲစိတ်ကုသ သီးသန့်ဆောင်ကို ဖြတ်သန်း ထွက်လာခဲ့သည်။

နမ့်ခမ်းတစ်မြို့လုံးကို အပေါ်စီးမှလှမ်း၍ မြင်နိုင်သော ဆေးရုံကုန်းထိပ်မှာ နန်းခမ်းမို ရပ်နေသည်။

မောမြေ၏လေအေးသည် အသည်းစိမ့်အောင် ဖြတ် တိုက်နေပါ၏။

ကွင်းပြင်ဘက်ကို မျက်နှာမူလျက် မှန်ချပ်များနှင့် ကာရံ ထား၍ သန့်ပြန့်ကျယ်ဝန်းပြီး ရှုခင်းကောင်းလှသော နမ့်ခမ်း ဆေးရုံ၏ ခွဲစိတ်ခန်းမဆောင်။

"မိခင်ရင်းကို စွန့်ခွာဆုံးရှုံးခဲ့ရတဲ့နေရာ"

လွန်ခဲ့တဲ့ ဆယ့်ရှစ်နှစ်ကျော်ကာလဆီက သူ၊ လူ့ပြည် လူ့ရွာသို့ စတင်ရောက်ရှိခဲ့ရသည့်နေရာ။

ရင်၌လွယ်လျက် ခက်ခဲပင်ပန်းစွာ မိမိကိုမွေးဖွားထား ရစ်ခဲ့ပြီး . . .

လောကကြီး၌ အပြီးတိုင် ထွက်ခွာသွားရရှာသည့် . . ကျေးဇူးရှင် မွေးမိခင်ကြီး . . စောခက်နွယ်၏ နောက်ဆုံး



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းချခဲ့ရာနေရာ။

"နမ့်ခမ်းဆေးရုံ"

ဝေးဝေးဆီမှ . . မန္တလေးခမ်းစေတီတော်ကြီးကို မျှော်မှန်း ဦးခိုက်ပြီး . .

"တပည့်တော်မရဲ့ မွေးမိခင်ကြီးလည်း ဒီနေရာမှာ လူ့လောကစွန့်ခွာသွားခဲ့ရပါပြီဘုရား . . .

အခု . . ဒုတိယမိခင်ကြီးရဲ့အသက်ကို ချမ်းသာရာရ အောင် ကယ်မတော်မူပါ . . .

အမေ . . အမေရယ်

အမေ မသေပါနဲ့ သမီးကို အမေ ခွဲမသွားပါနဲ့အမေရဲ့ . . .

ဒီလောက် ရောဂါကြီးနဲ့တောင် သမီးဆီကို လိုက်လာရှာ တဲ့ အမေရယ်၊ အမေ့ကို သမီး သနားလှပါတယ်ရှင် . . .

အမေ ကျန်းမာပါစေ . . အမေ အသက်ချမ်းသာရာ ရပါစေရှင် . .

ဒီနေရာမှာ ပထမမိခင်လည်း ဆုံးခဲ့ရပါပြီ . .

ဒုတိယမိခင်ကြီးကိုတော့ ထပ်ပြီး အဆုံးရှုံးမခံပါရစေ နဲ့တော့ ကံကြမ္မာရယ်"

မောမြေမြင့်၏ တောင်ကုန်းလေးထိပ်ပေါ်မှာ လက်နှစ် ဘက်ကို ရင်မှာယှက်ထွေးလျက် မျက်ရည်များ တလိမ့်လိမ့်ကျ ကြွေရင်း ရပ်နေရှာသော နန်းခမ်းမို . .





မောမြေ၏ လေပြည်သည် နန်းခမ်းမို၏ ဆံနွယ်များ၊ အကျီလုံချည် အနားစလေးများကို တဖျပ်ဖျပ်လွင့်မျောအောင် တိုက်ခတ်နေလေတော့သည်။

ရာသီ၏ အအေးဒဏ်ကို သူ သတိမရ။ သူ့ရင်မှ သောကကို အခြေတည်၍ မြစ်ဖျားခံကာ စီးသွယ်ကျဆင်းလာ သော မျက်ရည်များနှင့်အတူသာ .

* * *

"ညီမလေး . . သိပ်အေးနေပြီကွယ် . . ၊ လာ . . ဆေးရုံထဲ ဝင်ရအောင်နော်"

လက်ဖျားလေးများကို တစ်ဘက်ကဆုပ်၊ လက်တစ် ဘက်က ပခုံးစွန်းကိုဖက်ပြီး ကိုကိုက ပြန်လည်တွဲခေါ်လာသည်။

"ကိုကိုရယ် . . အမေ့ အခြေအနေမကောင်းဘူး မဟုတ်လားဟင်၊ ခမ်းမို သိပါပြီ ကိုကိုရဲ့"

"မဟုတ်သေးပါဘူး ညီမလေး"

"ဟုတ်ပါတယ်၊ ခမ်းမို သိပါတယ်၊ အမေ အသက်ရှင်တော့မယ် မထင် ပါဘူး ကိုကိုရယ်"

"မဟုတ်ဘူး . . တကယ် မဟုတ်ဘူး၊ ဆရာဝန်က လုံးဝလက်လျှော့တဲ့ အခြေအနေ မရောက်သေးဘူး၊ ကြိုးစား နေကြပါတယ်၊ အစွမ်းကုန်ကုသနေ ကြပါတယ်ကွယ်၊ ကိုကို့ရဲ့



www.burmeseclassic.com

www.burmeseclassic.com

သွေးတွေ ထုတ်ယူပြီး အမေ့ရဲ့ ကိုယ်ခန္ဓာထဲကို သွင်း ပေးထားပါတယ်"

"မန္တလေးဆေးရုံမှာဆို အမေသေမှာမဟုတ်ဘူး"

"မဟုတ်သေးပါဘူး ခမ်းမိုရယ်"

"အမေ စောခက်နွယ်တုန်းကလည်း ဒီမှာသေခဲ့ပြီ၊ ဒီဆေးရုံဟာ ခမ်းမိုအတွက် ကြမ္မာဆိုးဝင်တဲ့ . . ."

"အို . . မပြောကောင်းတာတွေ၊ ဒီမှာ ဆေးတွေလည်း အစုံရပါတယ်၊ ကိုကိုလည်း ဝယ်ထားတယ်၊ သိပ်တော်တဲ့ ဆရာဝန်တွေက တကယ့်ကို ဂရုစိုက် နေကြပါတယ်၊ လာ . . လာစမ်း . . တစ်ကိုယ်လုံးလည်း အေးစက်နေပြီ"

"အမေ့ကို မကြည့်ရဲဘူး ကိုကိုရဲ့"

မိခင်ရင်း မဟုတ်ပါဟုသိပါလျက်နဲ့ သမီးရင်း တစ်ယောက်နှင့်မခြား ပူပန်စိုးရိမ်နေရှာသော ညီမလေးကို သနားကြင်နာစိတ်နှင့် လေးစားစွာမြတ်နိုးရပါပြီ။

"ဘာပဲဖြစ်ဖြစ် ကိုကို့ရဲ့ အချစ်ဆုံးလေးရောက်လာတာ ကိုကို တကယ့်ကို ဝမ်းသာရပြီ၊ အားရှိသွားရပြီကွယ်၊ လာနော် . . သိပ်အေးပြီး ဖျားနေရင် ကိုကိုအသည်းကွဲရလိမ့်မယ်၊ လာ . . ဆေးရုံထဲဝင်ကြစို့၊ အမေ ပြန်အိပ်ပျော်သွားပြီ ညီမလေးရဲ့"

ကိုကိုနှင့် ခမ်းမိုတို့ ဆေးရုံတွင်းသို့ ပြန်ဝင်လာကြချိန်မှာ အမေ့ အန်ဖတ်အဝတ်များ၊ ပန်းကန်များကို နန်းစောမွန်





သိမ်းဆည်းပေးနေရှာသည်။

"မွန်မွန်ထားလိုက်၊ နေပါစေ"

"မဟုတ်တာ . . မိုမို နားပါ"

"ဟုတ်တယ်၊ တို့ မောင်နှမ တကယ်ခရီးပန်းလာတာ၊ မွန်မွန်ဘဲ လုပ်ပစေ"

"မောင်မောင်တို့အတွက်ဆို ဘာပဲလုပ်ပေးရ ပေးရပါ မောင်မှောင်ရယ်"

နန်းစောမွန်ပြောနေချိန်မှာ မောင်မောင်ကတော့ သိပ်ပြီးအရေးတယူ မရှိလှပါ။

"သမီး . . ခုနပဲ ဆရာဝန်လာကြည့်ပြီး အိပ်ဆေး ထင်တယ် ထိုးသွားပြီးကတည်းက အိပ်ပျော်သွားတာ၊ ဒီည စောင့်ကြည့်ရမယ်တဲ့၊ ဒီည အခြေအနေကောင်းရင်တော့ စိတ်ချ ရပါပြီတဲ့ကွယ်"

"သမီးလည်း တစ်လမ်းလုံး ဆုတောင်းလာတာပါ အဖေ ရယ်"

"အေးကွယ် . . တို့မိသားစုအားလုံး အစွမ်းကုန်ပြုစု နေတာပဲ၊ ဆရာဝန်တွေလည်း သိပ်ဂရုစိုက်ကြတယ်၊ သူ့ ကံကောင်းပါစေ"

ဤမျှဆယ်သူကို ချစ်မြတ်နိုးစိတ်နှင့် မြေပြန့်ဇနီးပြည် ကို လုံးဝမပြန်သော အဖေသည် အဘယ်မျှ


www.burmeseclassic.com

www.burmeseclassic.com


ပူလောင်နေပြီဆိုသည်ကို သူ့မျက်နှာက ဖော်ပြနေပါသည်။

ထိုညက မွန်မွန်နှင့် မိုမိုတို့ အမေ့နားမှာ တစ်ည လုံးစောင့်နေကြမည်။

ကိုကိုနှင့်အဖေကတော့ ဆေးရုံ၏ပြင်ပမှာ အသိ ဆရာဝန်အိမ်မှာ စောင့်နေမည်။ မောင်မောင့်ကိုသာ အိမ်ပြန် အိပ်ခိုင်းမည်ဆိုသော အစီအစဉ်များဖြင့် . . .

အမေ၏ ကံကြမ္မာအဆုံးအဖြတ်ကို ထိတ်လန့်ခြင်းကြီး စွာဖြင့် စောင့်ကြိုနေကြရမည့်သည်။

✦



## အခန်း(၃၉)

နမ့်ခမ်းမြို့အနီးမှာ ရှေးယခင်က လူသူအများပင် အနားမသီဝံ့အောင် ချောက်ချားရွံ့ထိတ်ဖွယ် ရှေးဟောင်းစေတီ ပျက်ကြီးတစ်ဆူရှိခဲ့လေသည်။

ရှေးဟောင်းသုတေသနဌာနမှ ဆရာ "မနုဿ ကျော်ဝင်း" နှင့် ဒေသခံတို့ညှိနှိုင်းဆွေးနွေးပြီး (၁၉၈၀)ခုနှစ်၏ နောက်ပိုင်းမှာမှ ရှာဖွေလေ့လာတူးဖော်ကြပြီး ဤစေတီကြီး အားလည်း မကြာသေးမီကပင် ပင်ကိုပုံစံအတိုင်း ပြန်လည် မွမ်းမံကာအပြီးသတ် ပြင်ဆင်နိုင်ခဲ့သည်။

"မန့်ခမ်းစေတီတော်ကြီး"

သမိုင်းကြောင်းအရ အလွန်စိတ်ဝင်စားစရာကောင်း သော စေတီတော်ကြီးဖြစ်ပါသည်။

"အလောင်းစည်သူမင်း၏ ကောင်းမှုတော်များ"ဟူသော ကျောက်စာမှတ်တမ်းအရ . . .

သက္ကရာဇ် (၅၀၄)အလွန်၊ ဝန်းမော်တောင်အရပ်


www.burmeseclassic.com

www.burmeseclassic.com

ရွှေလီမြစ်တစ်ဘက်ကမ်း "မောလူမျိုး" တို့ရွာ ဘုန်းတော်ကြီးသင်္ချိုင်း တောင်ဘက် အနော်ရထာစခန်းချသောနေရာ၌ သင်္ဂြိုဟ်သင်္ချိုင်းတော် သင်္ဂြိုဟ်ခဲ့ကြသောကြောင့်တိုင်း သဂြိုလ်သွန်းတို့အားလွတ်၍ ပုထိုးတစ်ခု ပြုစေ၏။

ဟူ၍ ကျောက်စာဝန်ဆရာကြီး "ဦးလူဖေဝင်း"က ကျောက်စာမှ မြန်မာစာသို့ပြန်ဆို၍ အနက်အဓိပ္ပါယ် ဖွင့်ဆိုထားလေသည်။

စေတီ၏ပုံသဏ္ဌာန်နှင့် တည်ထားပုံ၊ အုတ်ချပ်သဲလွန်စများ စသည်တို့ကို လေ့လာခြင်းအားဖြင့် ဤစေတီကို ခရစ်သက္ကရာဇ် (၁၁၄၂)ခုနှစ်က တည်ခဲ့သဖြင့် ယခုဆိုလျှင် နှစ်ပေါင်း ရှစ်ရာလေးဆယ်ကျော်ခဲ့ပေပြီ။

ဤစေတီဟောင်းကြီး၏အတွင်းပိုင်း အပြင်ပိုင်းမှ အုတ်ချပ်များကို ထုခွဲလေ့လာရာ၌ အုတ်ဖုတ်ရာတွင် စပါးခွံများ ထည့်၍ ဖုတ်ထားသည်ကိုတွေ့ရ၏။ လေဝင်ပေါက်ရှိပြီး ပိုမိုခိုင်ခန့်ရန် ဖြစ်လေသည်။

ဤ အုတ်ဖုတ်နည်းကို လွန်ခဲ့သည့်နှစ်ပေါင်း နှစ်ထောင်ခန့် ပျူခေတ်မှ စတင်ခဲ့သည်။

ဤစနစ်အတိုင်း ပုဂံခေတ်နှင့် အင်းဝခေတ်တို့တွင်လည်း အုတ်ဖုတ်လေ့ရှိခဲ့ကြ၏။

ဤစေတီ၏ အုပ်ချပ်အတွင်းပိုင်းမှ စပါးခွံများမှာ အလွန်တရာ ဟောင်းမြင်းဆွေးမြည့်နေပြီး အပြင်ပိုင်းမှ စပါးခွံတို့





မှာ ပိုမိုလတ်ဆတ်နေ၏။

ဤ အထောက်အထားအရ လွန်ခဲ့သောနှစ်ပေါင်း (၈၄၀)လောက်က တည်ထားခဲ့ပြီး လွန်ခဲ့သောနှစ်ပေါင်း (၂၂၃) ခန့်က တဖန်ပြန်လည်မွမ်းမံလာခဲ့ကြောင်း ကောက်ချက်ချနိုင်သည်။

ဆိုလိုသည်မှာ "ပုဂံခေတ်"က တည်ခဲ့သော ဤမန့်ခမ်းစေတီတော်ကြီးကို "ကုန်းဘောင်ခေတ်"က အသစ်တဖန်ပြန်လည်ပြုပြင်ကြောင်း ထင်ရှားပါ၏။

ရာဇဝင်အဆက်ဆက်၌ ခရီးအသွားဆုံးမင်းမှာ "အလောင်းစည်သူ" ဖြစ်လေသည်။

သူ့ဘုန်းတော်တော်အနော်ရထာလက်ထပ်က ဤဒေသ၌ စခန်းချခဲ့ဖူးရာမှ စောမွန်လှကို ဆက်သခဲ့သည်ဟု ဒေသခံတို့ဆိုစမှတ်ရှိကြ၏။

ယခု အလောင်းစည်သူရောက်ရှိလာချိန်၌ ဤနေရာ၌ ဘုရားတည်ရန် သတ်မှတ်ပြီး တည်ထားခဲ့ခြင်းဖြစ်လေသည်။

ဤမန့်ခန်းစေတီတည်ပြီး နှစ်ပေါင်းခြောက်ရာကျော်ကြာသောကာလ၌ စေတီကြီးမှာ ယိုယွင်းပျက်စီးလာခဲ့သည်။

ကုန်းဘောင်ခေတ်ဆင်ဖြူများရှင် လက်ထပ်တွင် ဤဒေသမှာ ချောမောလှပသော အမျိုးသမီးလေးတစ်ဦးကို မိဖုရားတင်မြှောက်ခဲ့ပြန်သည်။ ထိုမိဖုရားက အသစ်တဖန်


www.burmeseclassic.com

www.burmeseclassic.com

ပြန်လည်မွမ်းမံ ပြင်ဆင်ခဲ့သည်။

ခေတ်အဆက်ဆက်၏ ရာသီဥတုဒဏ်၊ လျှင်ဒဏ်၊ မသမာသူတို့၏ မီးရှို့ဖျက်ဆီးခြင်းဒဏ်များကြောင့် လုံးဝနီးနီး ပျက်စီးပြီး ဘုရားပျက်ကြီးမှ ရောင်ခြည်တော်များ ကွန့်မြူးသည်ကို မြင်ဖူးသူတို့ရှိကြပါ၏။

ယခုအခါမှာဖြင့် ခန့်ထည်မြင့်မားသော "မန့်ခမ်း စေတီတော်ကြီး"မှ အလုံးစုံပြင်ဆင်မွမ်းမံပြီးသည်ကို ကြည်ညို ဖွယ်ရာ ဖူးတွေ့နိုင်ပါ၏။

"ကိုကို့လက်ကို တွဲတက်လေ၊ မောနေပါဦးမယ်"

နမ့်ခမ်းဆေးရုံကုန်းမြင့်၏ နောက်ဘက်မှ အောက် ခြေမြေနိမ့်ချိုင့်ဝှမ်းအထိ ဆင်းသက်လာခဲ့ပြီးမှ . . .

မန့်ခမ်းစေတီတော်တည်ရှိရာ ကုန်းမြင့်မြင့်ကြီးကို ပြန်တက်ရသည်နှင့် နန်းခမ်းမို မောဟိုက်နေသည်။

"အရင်ကဆို ဒီနေရာတွေကို ဘယ်သူမှ မဖြတ်ဝံ့ကြ ဘူးနော် . . ကိုကို"

"ဟုတ်တယ် ညီမလေး၊ စေတီကြီးပြုပြင်ရင်း ပတ်ဝန်း ကျင်ပါ ရှင်းထားလို့ ခုဆိုဆေးရုံကနဲ့ ဘုရားသွားလို့ အဆင် ပြေနေပြီ၊ ဘုရားကနေ ကားလမ်းဘက်လည်း ပြန်ဆင်းလို့ ရပြီပေါ့"

"လာ . . ကိုကို၊ ဘုရားရင်ပြင်ပေါ် အရောက်





တောက်လျှောက်တက်ပြီးမှဘဲ နားကြရအောင်နော်"

တောရှင်းထားသော်လည်း သပြေပင်၊ သစ်အယ်ပင် နှင့် မအူလက်တံရှည်များက အထက်ဆီမှာ အရွက်တွေဆိုင်း ညို့လို့ အောက်ခြေ၌ အလေ့ကျပေါက်နေသော ရင်ငြိမ်းပန်းပွင့် လေးများကရောင်စုံ။

မြင့်မတ်လှသော တောင်ကုန်းပေါ်သို့ ဖောက်ထား သော မြေလမ်းအတိုင်း တက်လာပြီးချိန်မှာ နှစ်ယောက် လက် တွဲလျက်ပင် ဘုရားရင်ပြင်ပေါ်၌ ထိုင်ချလိုက်ပြီးသည်နှင့် . .

"ပျော်လိုက်တာကိုကိုရယ်"

"ကိုကိုနဲ့ ပြန်တွေ့ရလို့လား ဟင်"

"အဲဒါကြောင့်လည်း ဟုတ်တယ်၊ နောက် "**အမေ့ အသက် စိုးရိမ်စရာမရှိတော့**" ဘူးဆိုလို့ ဝမ်းသာလိုက်ရတာ ကိုကိုရောဟင်"

"ပျော်တာပေါ့ ချစ်ရယ်၊ ကိုယ့်မွေးမိခင် ကျေးဇူးရှင်ကြီး သေမှာ အစိုးရိမ်ဆုံးပေါ့"

"ခမ်းမိုလည်း စိုးရိမ်တာပါပဲ၊ ဒါပေမယ့် ခမ်းမိုအမေ့ကို ချစ်ရတာတွေဟာ အရာမှထင့်ပါမလား"

"ဟင် . . ဘာပြောတယ် ညီမလေး"

"ဩော် . . ကိုကိုက ကိုယ့်မွေးမိခင် ကျေးဇူးရှင်ဆို တော့"


www.burmeseclassic.com

www.burmeseclassic.com

"ဟာ . . ညီမလေးရာ၊ ကိုကိုက ဘာရည်ရွယ်ချက်မှ မရှိဘဲ၊ ပြောမိပြောရာ ပြောလိုက်မိတာပါကွယ်။ ဟောဒီမျက်နှာလေး ထပ်ပြီးမညှိုးလိုက်ပါနဲ့တော့၊ ကိုကို အသည်းကွဲရလိမ့်မယ်"

"ကိုကိုရယ်"

မျက်ဝန်းအတွင်းမှ မျက်ရည်ဥတို့ ပွင့်ကွဲပြိုစီးကျမလာအောင် ကိုကို့ ရင်ခွင်မှာ မျက်နှာအပ်ပြီး ထိန်းထားရသည်။

"အမေက ညီမလေးကိုမမွေးရပေမယ့် သိပ်ချစ်ရှာတာပါကွယ်၊ အစာအိမ်ရောဂါကြောင့် ဆေးရုံတက်ပြီးခွဲစိတ်ရတော့မယ်ဆိုတော့ သူ့ကိုယ်သူလည်း သေမယ်ထင်ပြီး "သမီးလေး" "သမီးလေး"နဲ့ တမ်းတလွမ်းလို့ ညီမလေးကို မှာလိုက်တာ၊ တကယ်ပြောတာ၊ မောင်မောင့်ကိုတောင် ဒီလောက်မဟုတ်ဘူး"

"အမေ့မေတ္တာနဲ့ ကိုကို့အချစ်တွေကို ခမ်းမို အပြည့်အဝခံယူရရှိနေတယ်ဆိုတာ သိပါတယ် ကိုကိုရယ်"

"ချစ်"

"ကိုကို"

"ဘုရားရှိခိုးကြရအောင်နော်"

"ဟုတ်ကဲ့ပါ ကိုကို"

"လာ . . ဒီလိုရှိခိုးကြမယ်"





"အို . . . ကိုကိုကလည်း"

လူသူရှင်းနေသော ဘုရားရင်ပြင်မှာ ကိုကိုတို့ ထင်တိုင်းကျဲနေသည်။

လက်ယှက်ရှိခိုးထားသော နန်းခမ်းမို၏ လက်ဝါးနှစ်ဘက်ကြားမှာ သူ့လက်ဝါးတစ်ဘက်ကိုထည့်သည်။ ကျန်လက်ဝါးတစ်ဘက်ကို နန်းခမ်းမို၏ လက်ခုံလေးကို သူ့လက်ဝါးနှင့် ပြန်ကပ်ထားပါ၏။

အစဉ်လိုက်ဆိုလျှင် နန်းခမ်းမို၏လက်ဖဝါး၊ ပြီးတော့ ကိုကို့လက်ဖဝါး တစ်ဘက်၊ ပြီးတော့ နန်းခမ်းမို၏လက်။ ပြီးတော့ ကိုကို့လက်၊ လက်လေးဘက်ကို ထိဆက်ပြီး ဘုရားရှိခိုးကြသည့် အချစ်ဆုံးများရဲ့အဖြစ်သည်းမှုများ . . .

"ကိုကိုနဲ့ပေါင်းရပါစေလို့ ဆုတောင်းရဲ့လား"

"မတောင်းပါဘူး"

"ဟင်"

"တကယ် မတောင်းတာ၊ ဘာ တောင်းနေစရာလိုမှာလည်း ကိုကိုရဲ့၊ ခမ်းမိုဘွဲ့ရအောင်သင်ရမယ်ဆိုလို့ ဟိုမှာနေရတာ၊ ခမ်းမိုကျောင်းပြီးသွားရင် ကိုကို မန္တလေးမှာ လာနေမလားမေးမယ်၊ မနေဘူးဆိုရင် ခမ်းမို ဒီကိုပြန်လာမယ်၊ တစ်သက်လုံး ကိုကိုနဲ့တူတူနေမှာဘဲဟာ နှင်လွှတ်လည်းမပြန်ဘူး၊ ကန်ချလည်း မဆင်းဘူး၊ ကိုကို့ကို ဟောဒီလို တအားဖက်ထားပြီး


www.burmeseclassic.com

www.burmeseclassic.com

တွယ်ကပ်နေမှာဘဲ"

"ခမ်းမိုဆိုတဲ့ ကိုကိုရဲ့အချစ်ဆုံးရယ်"

ရင်ထဲ အသည်းထဲမှာ လှိုက်လှဲသောချစ်ခြင်းများဖြင့် နန်းခမ်းမို၏ ခေါင်းလေးကိုသပ်ပြီး. . .

"လာ ချစ်. . ကိုကိုတို့ ဟိုက ညောင်ပင်ကြီးအောက် သွားရအောင်"

သီးခြားစီ ဦးချကန်တော့ကြပြီးမှ ဘုရားရင်ပြင် ကိုသုံးထပ်ပတ်ဝိုင်းထားသော ညောင်ပင်ကြီးများရှိရာသို့ ရောက်လာခဲ့ကြသည်။

အကိုင်းခက်ပေါင်းမြောက်မြားစွာ ဖြာထွက်ပြီး လူသုံး လေးဖက်စာ ပင်စည်များနှင့် ဧရာမညောင်ပင်ကြီးများ။

"ဒီအပင်တွေကို ဆင်ဖြူများရှင်ရဲ့ မိဖုရားတစ်ပါးဖြစ်တဲ့ ဒီ ရွှေလီချိုင့် ဝှမ်းသူက ပြန်လည်မွမ်းမံချိန်မှာ စိုက်ပျိုးခဲ့တယ်လို့ သမိုင်းအထောက်အထား သိရှိရတယ်၊ ဒီအပင်တွေဟာ ခုဆို နှစ်ပေါင်း"နှစ်ရာ့နှစ်ဆယ်" ကျော်ပြီတဲ့"

"ဟင် . . ဒီညောင်ပင်ရဲ့သက်တမ်းကို ဘယ်လိုလုပ်ပြီး သိမှာလည်း ကိုကိုရဲ့"

"သိတာပေါ့၊ သစ်ကိုင်းကိုဖြတ်၊ အနှစ်ရဲ့အရစ်တွေကို တွက်ချက်ကြည့်နိုင်တဲ့ သိပ္ပံပညာအရ သိနိုင်တာပေါ့ ညီမ လေးရဲ့"





"အဲဒီ မိဖုရားက စိတ်ကူးကောင်းတယ်နော် . . ကိုကို၊ မန့်ခမ်းစေတီကြီးကို ဝိုင်းပြီးသုံးထပ်ပတ်စိုက်ထားတော့ ခမ်းမို တို့လို နှောင်းလူတွေအတွက် နားနေဖို့ အရိပ်အာဝါသကောင်း ကောင်းကြီးရတာပေါ့နော် ကိုကို"

"ဒါပေါ့ကွယ်"

"အရိပ်ဆိုတာ လူသားတွေအတွက် မလိုအပ်ဆုံးပါပဲ လေ၊ ကိုကိုတို့ မိသားစုရဲ့ အရိပ်သာမရခဲ့ရင် ခမ်းမိုရဲ့ဘဝ ဘယ်သောင်ကမ်းဆိုက်မယ်ဆိုတာ မတွေးရဲအောင်ပါ"

"ကျေးဇူးသိတတ်လွန်းတဲ့ ညီမလေးရယ်"

"ကျေးဇူးသိရုံတင် မဟုတ်ပါဘူး၊ ကိုကို့ကို ခမ်းမို လေးစားတယ်၊ မြတ်နိုးတယ်၊ ကြည်ညိုတယ်၊ လူသားတွေ ထားအပ်တဲ့ အမြတ်တရားအားလုံးထားရှိတဲ့စိတ်နဲ့ ညီမလေး ကိုကို့ကိုသိပ်ချစ်တာပဲရှင်"

"အချစ်လေး"

"ကိုကို"

"လာ . . ကိုကိုတို့ အိမ်ပြန်ကြရအောင်"

"ဒီမှာလည်း အေးငြိမ်းသားနဲ့"

"ဒီထက် အေးငြိမ်းတဲ့နေရာလေးရှိတယ်လေ၊ ကိုကိုတို့နှစ်ယောက် ရဲ့ နေရာဟောင်းလေးပေါ့"

"ဪ . . သိပြီ"


www.burmeseclassic.com

www.burmeseclassic.com



"ခုဆို . . ညီမလေး သိပ်နှစ်သက်တဲ့ စိန်ပန်းပြာတွေ ပွင့်နေကြပြီ၊ မြေမှာ ကြွေသက်ပြန့်ကျဲနေကြပြီ၊ အဲဒီကို သွားကြရအောင်နော်"

အချစ်နှင့် မသင့်လျော်သောဘုရားပရိဝုဏ်တွင်းမှ ချစ်သူနှစ်ဦးတို့ လက်တွဲလျက်ထွက်ခွာခဲ့ကြပါတော့သည်။

✦





## အခန်း(၄၀)

ကာလတွေ ပြောင်းသွားသည်။ ရေကြောင်းသစ်ဖြစ်နေ၏။

မနှစ်က ပွင့်ကြွေတွေ ဆွေးမြည့်သွားပြီ . . .

ယခုနှစ် ပွင့်ကြွေတွေ အသစ်တဖန်ဝေနေသည့်ဆိုသော်လည်း ပြီးခဲ့သည့်နွေဦးရာသီ . . ဟို လွန်ခဲ့တဲ့ နွေဦးရာသီများအတိုင်းပင် . .

စမ်းချောင်းလေးက ကြည်လင်အေးမြစွာ စီးသွယ်လျက်။

စိန်ပန်းပြာပင်ထက်မှာ ခရမ်းပြာပွင့်တွေ ဝေနေသလို ကြွေနေသည့်မြေပေါ်မှာလည်း ခရမ်းပြာ ပွင့်ဖတ်လေးတွေ အလှပြ ခင်းကျင်းထားသည်သို့ပါ။

မြင်ကွင်းသည် မပြောင်းလဲ၊ ဟိုး . . နှစ်များစွာက အတိုင်း အေးမြဆဲ . . လှပမြဲပါ . . .



www.burmeseclassic.com

www.burmeseclassic.com



"အား . . ကိုကိုရဲ့"

သူ့ရင်ခွင်ကျယ်အတွင်း မြုပ်ဝင်သွားမတတ် နစ်နစ်နဲနဲကြီး ဖက်ပစ်လိုက်သော ကိုကိုကြောင့် လန့်ပြီးအော်လိုက်မိသည်။

"သိပ်ချစ်တာပဲဆိုတဲ့စကားထက် ပိုပြီး ပြောစရာမရှိတော့ဘူးလားဟင်"

"ကိုကိုကလဲ"

"သိပ် ချစ်တာပဲဆိုတဲ့စကားနဲ့ ကိုကို့ရင်ထဲက အချစ်နဲ့မတန်မျှဘူး"

"ခမ်းမိုကို သိပ်ချစ်တဲ့ကိုကိုရဲ့ချစ်သူဖြစ်ရတာ ခမ်းမို သိပ်ကံကောင်းတာပဲနော် . . ကိုကို"

"ကံဆိုးပါတယ်ဗျာ"

"ကိုကိုနော် . . သူများ စိတ်ဆိုးပစ်လိုက်မှာ"

"မဆိုးပါနဲ့ဗျာ၊ ကိုကိုဝါကယ်ပြောတာပါ။ ကိုကို့ဘဝက ဘွဲ့မရတဲ့ ခြံ သမား၊ သိတဲ့အတိုင်းမိဘကလည်း မချမ်းသာဘူး၊ ကိုကိုဟာ သူည"

နန်းခမ်းမို နှုတ်ခမ်းစူ၍ မျက်စောင်းထိုးနေပြီဆိုသည်ကို သူမကြည့်၊ အနောက်ဘက် လွင်ပြင်ပြန့်သို့ ငေးရင်း . . .

"ညီမလေးဟာ သိပ်ချောတယ်၊ ရက်ရက်စက်စက်လှတယ်၊ အဲဒီ အလှတွေအပြင် လိမ္မာတယ်၊ ပညာတတ်တယ်၊





ပြီးတော့ ဒီဘဝမှာ ဘယ်သောအခါမှ ကိုကိုလိုက်ညှိလို့မရနိုင်တဲ့ စည်းစိမ်ဥစ္စာတွေကို ပိုင်ဆိုင်တယ်၊ ဒါကြောင့် ဘယ် နေရာကပဲ ယှဉ်ယှဉ် ကိုကိုနဲ့မတန်မျှပါဘူး"

ကိုကို့ရင်ခွင်မှ ဆောင့်ပြီးရုန်းထွက်လိုက်သည်။

"သွားခါနီးတုန်းကလည်း ဒီလိုပဲပြော၊ ဒီလိုပဲ ခံယူပြီး အတွေ့တောင်မခံလို့ ဒီကောင်မရင်ကွဲပြီးသွားခဲ့ရဖူးပြီ၊ အခုလည်း လာပြန်ပြီ၊ ခမ်းမိုအသည်း ကျွမ်းအောင်၊ သေအောင် နှိပ်စက်နေတာလား ကိုကို"

"စိတ်မဆိုးလိုက်ပါနဲ့ဗျာ . . ၊ ဒါ ကိုကိုတို့ရဲ့ အကြည်နူးဆုံး၊ အသာယာဆုံး အချိန်လေးပါ"

"အဲဒါကို ကိုကိုပဲဖျက်ဆီးနေတာ"

"ကိုကို့ ရင်ထဲမှာဒီလိုပဲ ခံယူနေမိလို့ပါ ချစ်ရယ်၊ ခွင့်လွှတ်ပါ၊ စိတ်မဆိုးပါနဲ့နော်"

"ဒါဆို ဒီက မကြိုက်တဲ့ စကားတွေ ဘာလို့ပြောနေလဲ ကိုကိုရဲ့"

"ဪ . . . အနိမ့်အမြင့် ကွာဝေးသွားလွန်းလို့ ကိုကို အားငယ်မိလို့ပါကွယ်၊ ခမ်းမို ပိုင်ဆိုင်တဲ့ ပစ္စည်းထဲက ကိုကို တပြားတချပ်မှ မသုံးချင်ဘူး၊ ကိုကို့အတွက် ဘယ်နည်းနဲ့မှ အကုန်မခံစေချင်ပါဘူး၊ ဒါကိုကို့ရဲ့ ဆန္ဒ၊ ကိုကို့ရဲ့ သံဓိဋ္ဌာန်ဖြတ်ချက်ပါ ညီမလေး"



www.burmeseclassic.com

www.burmeseclassic.com

"ကောင်းပါပြီ. . ကောင်းပါပြီ၊ ကိုကို ဒီလောက် မာနကြီးလိမ့်မယ်လို့ ဘယ်တုန်းကမှ မထင်ခဲ့မိဘူး"

"မာနကြီးလို့ မဟုတ်ပါဘူး၊ ခမ်းမို ပိုင်ဆိုင်ထားတာတွေကို ကိုကို မသုံးရက်ဘူး၊ မယူထိုက်ဘူး"

"နားလည်ပါပြီရှင် . . ၊ ဒီလောက် ခွဲခြားရရင် ကျေနပ်ပါတော့၊ ထပ် မပြောပါနဲ့တော့"

နန်းခမ်းမို တကယ်ကို စိတ်ထဲမှာနာကျင်သွားမိသည်။ ပန်းကြွေတစ်ဆုပ်ကို ကောက်ယူပြီး စမ်းချောင်းငယ်လေးရှိရာသို့ ဆင်းသက်လာခဲ့သည်။ စမ်းချောင်းထိပ်က ကမူလေးပေါ်မှာ ထိုင်ချလိုက်ပြီး ခရမ်းပြာပွင့်ဖတ်လေးများ ကို တစ်ခုစီ ဖဲ့ခြွေ၍ စမ်းရေမှာမျှောနေမိသည်။

ပွင့်ကြွေတို့သည် စမ်းရေလမ်းပေါ်မှာ ချာလည်လည်ပြီးမှ ခွဲခွာစီးမျောသွားလေသည်။

မျက်စိတစ်ဆုံးလိုက်ကြည့်ပြီးမှ နောက်တစ်ပွင့်ကို ထပ်မျှောဖြစ်သည်။ ပြီးတော့ နောက်တစ်ပွင့် . . နောက်တစ်ပွင့် . .

"ကိုကို့ကို စိတ်ဆိုးသွားပြီလားကွယ်"

"စိတ်ဆိုးစရာမှ မဟုတ်တာဘဲ"

"ဒါဖြင့် ဘာလို့ မျက်နှာပျက်ရနေရတာလဲ"

"ရင်ထဲက နာလို့ပါ"





"ဟာ . . အချစ်ကလည်းကွာ"

"ကိုကိုနဲ့ ခမ်းမိုရဲ့ကြားမှာ ဘာ အဆီးအတားမှမရှိဘူးလို့ ထင်ခဲ့တာ၊ ခုတော့ ခမ်းမိုချမ်းသာတာဘဲ ပိုင်းခြားမှုကြီးဖြစ်လို့"

"ဒီလိုလည်းမဟုတ်ပါဘူးကွယ် . . ၊ ခမ်းမိုငွေကို မသုံးရက်လွန်းလို့ပါ"

"တော်ပါတော့ ကိုကိုရယ်၊ ခမ်းမို မကြားပါရစေနဲ့တော့"

မျက်နှာပျက်ရုံမက မျက်ရည်ပါဝဲလာသော နန်းခမ်းမို၏ မျက်နှာလေးကိုကြည့်ပြီး ကိုကိုအသည်းခိုက်သွားရပါပြီ။

"ချစ်ရယ် . . ကိုကို တောင်းပန်ပါတယ်၊ ကိုကို့ကို စိတ်မဆိုးပါနဲ့၊ ကိုကို့ကို ခွင့်လွှတ်ပါ"

နန်းခမ်းမို ဘာမှမဖြေ။

"ညီမလေး . . ခမ်းမို၊ ကိုကို့ ချစ်လေးရယ်"

နန်းခမ်းမိုထက် နိမ့်ဝပ်သောနေရာမှာထိုင်၍ နန်းခမ်းမို၏လက်ခုံလေးကို ဆွဲယူပြီး သူ့ပါးမှာ အပ်ထားလျက် . . .

"ညီမလေး ဘယ်တော့ ပြန်မလဲဟင်"

"ကိုကို နှင်လွှတ်တဲ့နေ့ပြန်မှာဘဲ"

နာကျင်ကြေကွဲသော ခံစားမှုများဖြင့် နန်းခမ်းမိုကို မော့ကြည့်ရင်း မျက်ရည်တွေ ဝိုင်းလာသည်။

"ကိုကို တောင်းပန်ပါတယ်ကွယ် . . ၊ ကိုကို့ကို ဒီလို မကြည့်ပါနဲ့"


www.burmeseclassic.com

www.burmeseclassic.com



နန်းခမ်းမို၏ တင်းမာနေသော မျက်နှာလေးမှာ နူးညံ့နွဲ့ ပျောင်းမလာတော့ပါ။

"ချစ်နဲ့ပတ်သက်ရင် ကိုကိုအသည်းခိုက်အောင် ခံစားရပါတယ်၊ ကိုကို့ကို ခုလိုနာကျည်းတဲ့အကြည့်နဲ့ မကြည့်ပါနဲ့ ချစ်ရယ်၊ ကိုကို တောင်းပန်ပါတယ်

ကိုကိုလေ . . ခမ်းမိုနဲ့ပတ်သက်လာရင် သိပ်ပြီး ခံစားမှုပြင်းပြရပါတယ်၊ ညီမလေးနဲ့ ခွဲခွာလိုက်ရတဲ့အချိန်တွေရယ်၊ မန္တလေးကပြန်လာပြီးတဲ့ အချိန်တွေမှာ ကိုကိုလေ . . ဒီနေရာလေးမှာ လာလာပြီး အကြာကြီး ငိုနေမိပါတယ်"

နန်းခမ်းမို၏လက်ကလေးမှာ နွေးကနဲခံစားလိုက်ရသည်။

ငို့နေသော ကိုကို ငိုနေပါလား။

လူကြီးဆန်လွန်းသော ကိုကိုသည် မျက်ရည်လည်း မလွယ်တတ်ပါ။

ယခုတော့ ခမ်းမိုရှေ့မှောက်မှာ ခမ်းမို၏လက်ကလေးကို သူ့ပါးမှာအပ်ပြီး ကြိတ်၍ ရှိုက်ငိုနေရှာသော ကိုကိုရယ်လေ။

နန်းခမ်းမိုက လက်ကို ရုပ်သိမ်းပြီး ကိုကို့မျက်နှာကို မော့ယူကြည့်လိုက်တော့ . .

"ကိုကိုရယ် . . ငိုနေတယ်လား။ ခမ်းမိုငိုရတာထက် ပိုပြီး ရင်ထဲက နာရပြီ ကိုကိုရေ"





"မနာပါနဲ့ ညီမလေးရယ် . . ကိုကိုယောက်ျားပါ၊ မျက်ရည်မလွယ်တတ်တာလည်း ညီမလေးအသိပါ၊ ခုတော့ . . ခမ်းမိုနဲ့ ပတ်သက်လာရင် ကိုကို အလိုလိုနေရင်း အားငယ်နေမိတယ်"

"အားမငယ်ပါနဲ့ ကိုကိုရယ် . . ခမ်းမိုလည်း စိတ်ဆိုးသွားမိလို့ပါ။ ကိုကို့မျက်ရည်ကျလာရင် ခမ်းမို အသည်းကြွေရပါလိမ့်မယ်"

"မငိုပါဘူးဗျာ . . ခမ်းမို ရင်နာရတယ်ဆိုရင် ကိုကို ဘယ်တော့မှ မငိုဘူး ကိုကို့ကိုရော စိတ်ဆိုးပြေပြီလား၊ ခွင့်လွှတ်ပြီလားဟင်"

"စိတ်ဆိုးလည်းပြေပြီ၊ ခွင့်လည်းလွှတ်တယ်၊ ပြီးတော့ သိပ်လည်း သနားတယ်၊ နောက် . . သိပ်ချစ်၊ တအားချစ်၊ အရမ်းချစ်"

"အမယ်လေးဗျာ၊ ကိုကို့ရင်ထဲကို နင့်သွားတာပဲ ချစ်ရယ်၊ ကိုကို့ကို ထပ်ခွင့်လွှတ်တော့၊ ခွင့်လွှတ်တော့"

"အို . . အို . . ကိုကို"

စိန်ပန်းပွင့်များကြွေသည်ထက် ပိုမို၍ မြန်ဆန်စွာ ကြွေကျလာသော ကိုကို၏အနမ်းပွင့်များ . . .

သူ့ရင်ခွင်မှာ နစ်နစ်နဲနဲ ဖက်ပွေ့ပြီးပါးပြင်နှ၊ နဖူးပြေ၊ မေးဖျားလေးများပါမကျန်အောင် အနမ်းများတရစပ် ကျရောက်လာတော့ နန်းခမ်းမိုမျက်လွှာလေး ပိတ်ယှက်ထားလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com

"အင်"

နှလုံးသားတို့ လှိုက်နွေးလာသည်။

တစ်ကိုယ်လုံးရှိန်းမြပူနွေးစွာ ရင်ခုန်နှုန်းမြန်လာ၏။

တင်းကျပ်စွာ ဖက်ပွေ့ထားသော ကိုကို့ရင်ခွင်ဦးမှာ မလူးသာ မလွန့်သာဘဲ ရှည်ကြာသော အနမ်းများကို သာယာမိန်းမူးစွာ ခံယူနေရသော နန်းခမ်းမိုမှာ . . .

✦





## အခန်း(၄၁)

"သားကြီး ဘာကြောင့်များညက ပြန်မလာတာပါလိမ့်"

"ဟုတ်ပါရဲ့ အမေ၊ ညက မရောက်ရင် ဒီမနက်စောစောရောက်မယ်ထင်ပြီး သမီးမျှော်နေတာ"

ယခုအခါတွင် ဒေါ်နန်းခမ်းအေးမှာ ကောင်းစွာကျန်းမာပြီး ဆေးရုံမှ ဆင်းခွင့်ရခဲ့ပါပြီ။ ဗိုက်ခွဲထားသည့် ဒဏ်ရာကြောင့် အလှုပ်အရှားသိပ်လုပ်၍မရ၊ အိပ်ရာထက်တွင် နားနေပါဦးဟူသော ဆရာဝန်များ၏ညွှန်ကြားချက်အတိုင်း နေရရှာ၍ နန်းခမ်းမိုမွန္တလေးသို့ မပြန်ဖြစ်သေး။

အဖေသည်လည်း အသက်ကြီးပြီမို့ စိတ်သွားတိုင်း ကိုယ်မပါနိုင်တော့။

အမေဆေးရုံတက်စဉ်ကာလအတွင်းမှာ လူပင်ပန်း စိတ်ပင်ပန်းလွန်း ခဲ့သဖြင့် အဖေဖျားနေသည်။ အိပ်ရေးမှုကို မထနိုင်ရှာ၊ ဆန်ပြုတ်မှလွဲ၍ ဘာအစာမှ မစားရ။



www.burmeseclassic.com

www.burmeseclassic.com

နမ့်ခမ်းဆေးရုံကြီးမှ ဆရာဝန်များ၏ ဂရုစိုက်မှု၊ စေထနာကြီးမားမှု ကြောင့် အမေ့၏ကျွမ်းလုနေသော ရောဂါကို ကယ်တင်ကုသပေးနိုင်ခဲ့ပါသည်။

အမေ၏အသက်အန္တရာယ်မှာ လုံးဝစိတ်ချသွားခဲ့ရလေပြီ။

သို့သော်လည်း လူမမာတစ်ယောက်သဖွယ် ပြုစုနေရဆဲအချိန်တွင် အဖေပါထပ်၍ဖျားနေသဖြင့် နန်းခမ်းမို အနီးကပ်ပြုစုပေးနေရပါ၏။

"ကျွန်တော်ပဲ ခြံကိုသွားလိုက်ပါမယ်၊ အဖေ့ခြံကို အဖေစိတ်မချဘူး မဟုတ်လား"

"အေး . . အိုက်ကျော်တို့အုပ်စုလည်း ပြန်သွားကြလို့ ခြံကို ဘယ်သူစောင့်နေလဲတောင် မသိဘူး။ အဖေလည်း မင်းအမေ ဆေးရုံတက်ရကတည်းက ပစ်ထားရတာပဲ"

"ကျွန်တော် မနက်စောစော သွားလိုက်ပါ့မယ်၊ ညနေပြန်လာခဲ့မယ်"

ဟူ၍ အဖေနှင့်ပြောဆိုပြီး မနေ့မနက်အစောကြီးတည်းက ကိုကို ထွက်သွားသည်။

ကိုကိုခြံသို့ အစောကြီးသွားမည်ဆိုသဖြင့် ညကပင် အဆင်သင့် စီစဉ်ထားသော ကောက်ညှင်းကျည်တောက်၊ ငါးလေးကြော်နှင့် တို့ဟူးကြော် ရေနွေးကြမ်းများကို ပြင်ဆင်ပြီး





နန်းခမ်းမိုကိုယ်တိုင် ကျွေးလိုက်ပါသေးသည်။

နွေဆိုသော်လည်း မောမြေတွင် ထာဝရဝေမှိုင်းနေတတ်သော နံနက်ဦးနှင်းထုများက ဝန်းကျင်မှာ ပိတ်ဆိုင်းနေသည်။

"ကိုကို သွားတော့မယ်နော် ချစ်"

နဖူးပြင်ပေါ်သို့ အကြင်နာအနမ်းလေးများ ညင်သာစွာ ထိတွေ့ပြီး ဘာမှ ကိုကိုက နှုတ်ဆက်၍ ထွက်သွားခဲ့သည်။

စိတ်၏ ဆန်းကြယ်မှုပေလား . . . .

ထို့နေ့နံနက်ဦးက ကိုကို နှင်းထုထဲသို့ တိုးဝင်ကွယ်ပျောက်သွားချိန် မှာ နန်းခမ်းမို၏ အသည်းနှလုံးတစ်ခုလုံးကို တစ်စုံတစ်ယောက်က နှုတ်ယူဆွဲ ငင်လိုက်သလို နစ်နစ်နဲနဲ နာနာကျင်ကျင်ကြီး ခံစားလိုက်ရသည်။

စိတ်လေးတယ်ဆိုတာ ဒါမျိုးပဲလား။

ကိုကိုနဲ့ ပတ်သက်လေတိုင်း ဒီလိုပဲစိတ်ခံစားမှုက လွန်လွန်ကဲကဲ ချည်းပါ။

"လာမှာပေါ့ သမီးရယ်။ ဒီနေရာနဲ့ ဒီနေရာဟာ တစ်သက်လုံး သွားနေကျပဲဟာ"

"ညကလဲ ပြန်မလာ၊ ဒီမနက်လဲ ပြန်မလာတော့ စိတ်ပူတာပေါ့ အမေရဲ့"

"စိတ်ပူလို့ မဟုတ်ပါဘူး။ သမီးရဲ့ ကိုကိုကို ပိုပ်လွမ်း



www.burmeseclassic.com

www.burmeseclassic.com

နေပြီမဟုတ်လား . . အမေသိပါတယ် . . အဖဲ . . ဟဲ"

"ဟင် . . အမေကလည်း"

ရှက်ရှက်နှင့် အမေ့ပေါင်ပေါ် ကို မျက်နှာမှောက်ချလိုက်မိသည်။

"ငါ့သမီးလေး ဒီလောက် လွမ်းနေမှန်းသိရင် ကိုကို့ကို မှာလိုက်ပါတယ်။ ဟိုမှာ သုံးရက်လောက်နေလို့ . . . . "

"အမေနော် . . အမေ"

အမေ့ပေါင်ကို တွန်းထိုးဆွဲခါပြီး ရှက်ရမ်းရမ်းနေမိ၍ အမေကအော်ပြီး ရယ်နေတော့သည်။

"ငါ့သမီးနဲ့ သားနဲ့ခုလို ချစ်သွားကြတာ အမေ ဘယ်လို ဝမ်းသာမှန်း မသိဘူးကွယ်"

နန်းခမ်းမို မျက်နှာမဖော်ရဲသေး။

"မန္တလေးကပြန်လာပြီးတော့လေ . . . အမေဖြင့် သားကြီးကို မကြည့်ရက်နိုင်အောင်ပါပဲကွယ်၊ ခြံထောင့်က စိန်ပန်းပင်အောက်မှာ ညနေတိုင်းသွား သွားထိုင်ပြီး ကျိတ်ငိုနေတာ"

"ကိုကို သနားပါတယ်နော် . . အမေ"

"အေးကွယ် . . ငါ့ သမီးလေးကို ဘယ်လိုချစ်မှန်း မသိအောင် ချစ်ရှာတာ၊ သူ့အခန်းထဲမှာဆို သမီးဓာတ်ပုံလေး တွေ အနှံ့ကပ်ထားတာ၊ ဘယ်ထောင့်က ကြည့်ကြည့် . .





သမီးကိုမြင်နေရအောင်တဲ့လေ၊ သမီးဆီက စာများလာရင် ခဏခဏထုတ်ဖတ်ပြီးတော့ ရင်ပေါ်ဖိကပ်ထားတာ မြင်ရတာ များ အမေတောင် မျက်ရည်လည်တယ်။ သမီးဆီကို ပန်းစည်းပို့ဖို့ဆို သူကိုယ်တိုင်ထုပ်ပိုးတာ၊ တစ်ခါတစ်လေများ စာတွေရေးနေ လိုက်တာ မိုးအလင်းဘဲ၊ အင်း . . ဒီလောက် ထိအောင်ချစ် တတ်တဲ့ ချစ်နိုင်တဲ့ယောကျ်ားမျိုး ဒီလောကမှာ မရှိနိုင်တော့ပါဘူး သမီး"

ရှည်လျားစွာ ပြန်ပြောနေသော အမေ့စကားကို ပြန်လည် မဖြေကြားမိတော့။

"သမီးလည်းလေ ကိုကိုထက် မလျော့နည်းတဲ့အချစ်၊ ဖိုလို့တောင်သာဦးမယ့် မေတ္တာတွေနဲ့ ကိုကို့ကို အသည်းပေါက် မတတ် ချစ်နေရပါတယ် အမေရယ်"

ဆိုသော စကားတွေကိုတော့ နှလုံးသားတွင်းမှာပင် မြုပ်ကွယ်ဖုံး ပိတ်ထားလိုက်မိပါပြီ။

"မိုမို . . . "

မောင်မောင့်အသံကြောင့် လှည့်ကြည့်လိုက်တော့ မောင်မောင်က ခါတိုင်းလို ရွှင်ရွှင်ပျပျ လောင်လောင်ပြောင်ပြောင် အနေအထားမျိုးနှင့်မဟုတ်ဘဲ တည်ငြိမ်နေသောမျက်နှာနှင့် ခေါင်းညိတ်ခေါ်၍ နန်းခမ်းမိုအပြင်ထွက်လာတော့ . . .

"အမေတို့ သိလို့မဖြစ်ဘူးတဲ့၊ သိပ်အရေးကြီးတဲ့



www.burmeseclassic.com

www.burmeseclassic.com



စာတစ်စောင် ရောက်လာတယ်"

"ဟင် . . မန္တလေးကလား"

"မဟုတ်ဘူး . . တောထဲက"

"ဘာ"

"လာ . . လာ၊ ခြံထဲသွားကြမယ်၊ အမေသိလို့မဖြစ်ဘူး"

ခြံထဲသို့ ပြေးဆင်းလာကြပြီးနောက်မှာ . . .

"ဘာစာလဲ ဟင် မောင်မောင်"

"ခြံထဲက ဦးကြီးစွဲ့လာပေးသွားတာ၊ ဘယ်သူမှပြလို့ မဖြစ်ဘူးတဲ့၊ နန်းခမ်းမို ကိုယ်တိုင်ဖတ်ရမယ်တဲ့၊ တခြားသူသိရင် ဦးကြီးစွဲ့တို့ သေကုန်လိမ့် မယ်တဲ့ . . ."

"ဘယ်လို"

"ကိုကိုနဲ့ပတ်သက်တယ် ထင်တယ်"

"ဟင်"

နန်းခမ်းမိုသည် တုန်ယင်သောလက်ဖြင့် စာကိုဖွင့်ချလိုက်ပြီး ဖတ်ကြည့်လိုက်တော့ . . .

သူဌေးမလေး နန်းခမ်းမို . . .

မင်းရဲ့ကိုကိုတို့လက်ထဲမှာ . .

ငွေငါးသောင်းနဲ့ ရွေးယူပါ။

လက်ဖက်ခြံ အနောက်တောင်ထောင့်က





သစ်အယ်ပင် နှစ်ပင်ကြားမှာ ငွေလာထားပါ။

သုံးရက်အချိန်ပေးမယ်။

ဘယ်သူမှ မသိစေနဲ့၊ ဘယ်သူ့ကိုမှ မတိုင်ပါနဲ့။

မှာတဲ့အတိုင်း မလုပ်ရင် ကိုကိုရဲ့အလောင်းကို

အဲဒီနေရာမှာ လာယူ။

နဂါးမန်အဖွဲ့

"အမယ်လေး . . မောင်မောင်ရယ်၊ ကိုကို့ကို ပြန်ပေးဆွဲသွားပြီ၊ ဘယ်လိုလုပ်ကြမလဲ၊ ဒုက္ခပါပဲရှင်"

နန်းခမ်းမိုလက်မှစာကို ဆွဲယူပြီး မောင်မောင်ဖတ်ကြည့်နေသည်။

"ငါးသောင်းမဟုတ်ဘူး၊ ငါးသိန်းလောက်ပေးစရာရှိပါတယ်၊ အို . . ငွေတင်မကဘူး၊ ငါ့ရဲ့ခြေလက်ဖြတ်ပြီးရွေးရမယ်၊ မျက်လုံးတွေဖောက်ပေးရမယ် ဆိုရင်တောင်ပေးပြီး ကိုကို့အသက်ကိုရွေးယူပါမယ်၊ လုပ်ပါဦး မောင်မောင်ရဲ့"

"နေဦး . . မိုမို၊ သိပ်မလှုပ်ရှားနဲ့၊ ဒါ စိတ်အေးအေးထားပြီးမှ ဖြေရှင်းရမယ့်ကိစ္စပဲ"

"အေးအေးထားလို့ရမလား၊ သုံးရက်အတွင်းတဲ့လေ"

"သုံးရက်အတွင်း ဘယ်မှာလဲ ပေးစရာငွေ"

"ဟာ"



www.burmeseclassic.com

www.burmeseclassic.com

ရှုးမတတ်တုန်လှုပ်သွားသောနန်းခမ်းမို၊ ယခုမှမျက်လုံးပြူးရပြီ။

သူ့မှာ ငါးသိန်းမကချမ်းသာသည် မှန်သော်လည်း ငွေအားလုံးက မန္တလေးမှာ၊ သွားယူပေးဦး . . . သုံးရက်နှင့် ဘယ်လိုမှ ပြန်လို့မရနိုင်သောခရီး . . .

"ဘယ်လိုလုပ်ကြမလဲ၊ ဘယ်လိုလုပ်ကြမလဲဟင် . . . မောင်မောင်"

"ငါ စဉ်းစားနေပါတယ်"

"အမေတို့ကို ပြောရကောင်းမလား"

"အဲဒါကိုပဲ စဉ်းစားနေတာ အဖေကလည်းမထနိုင်၊ အမေကလည်း ဆေးရုံကဆင်းစ၊ သိသွားကြလည်း စိတ်ပူရုံကလွဲပြီး သူတို့ ဘာမှလုပ်ပေးနိုင် ကြမှာမဟုတ်ဘူး"

"ဒီတော့ ဘာလုပ်ကြမလဲ"

"ငါ ခြံထဲလိုက်သွားပြီး အခြေနေကြည့်မယ်"

"ငါလည်း လိုက်မယ်"

"နင် နေခဲ့ပါ၊ ကိုကို့ကို ဘယ်လိုဘယ်နည်း ဖမ်းဆီးသွားတယ်ဆိုတာ ငါသွားစုံစမ်းမယ်၊ ပြီးတော့ ငါပြန်လာခဲ့မယ်"

"ဘယ်နည်းနဲ့မှ ငါမနေခဲ့ဘူး၊ ငါလည်း တစ်ခုခု ကြိုးစားဆောင်ရွက်နေချင်တယ်၊ ငါလိုက်ခဲ့ပါရစေနော် မောင်မောင်. . ကိုကို့အတွက် ငါ့ရဲ့စိုးရိမ် စိတ်တွေဟာ ငါ့ရင်ကိုပေါက်ကွဲထွက်





တော့မယ် မောင်မောင်ရဲ့"

"သိပ်ငိုမနေနဲ့၊ အမေတို့ ရိပ်မိကုန်လိမ့်မယ်၊ အဝတ်စားသွားလဲ၊ အနွေးထည်လည်းယူခဲ့၊ အမေ့ကို ကောင်းသလို ငါကြည့်ပြောထားလိုက်မယ်"

အမေနှင့် မဆုံဖြစ်အောင် ဘေးပေါက်မှတက်ပြီး အနွေးထည်ဝတ်၍ စတင်းဘက်ကလေးကို လွယ်လိုက်သည်။ ဘာအဝတ်စားမှလည်းလဲမနေဖြစ်။

အမေ့ကို မောင်မောင် ဘယ်လိုပြောလာခဲ့သည်မသိ၊ မေးမနေမိတော့။ မောင်မောင့်လက်ကိုတွဲပြီး မြို့ထဲနှင့် ဝေးလံလှသော ကိုကိုတို့မိသားစု ပိုင်တောင်ပေါ် လက်ဖက်ခြံသို့ အပြေးလိုက်လာခဲ့ကြပါတော့သည်။


www.burmeseclassic.com

www.burmeseclassic.com


## အခန်း(၄၂)

ယနေ့လည်း ဘာမှအကြောင်းမထူး။

သစ်အယ်နှစ်ပင်ကြားကို နန်းခမ်းမိုရောက်လာတော့ ဘာထူးခြားမှုမှ မတွေ့ရ။

မနေ့က ထားခဲ့သောစာနှင့် ပစ္စည်းကိုဖြင့် မနေ့ကတည်းက ယူသွား ကြလေပြီ။ ယနေ့ ဘာမှထူးခြားမှုမတွေ့ရသေး . .

**နဂါးမန်အဖွဲ့မှ သက်ဆိုင်ရာလူကြီးမင်းများရှင့် . . .**

ကျွန်မနှင့်အတူ ငွေငါးသောင်းပါမလာပါ၊ ဒီမြို့မှာလည်း လူသိမှာစိုး၍ မည်သူ့ထံမှ မချေးဝံ့၊ မငှားဝံ့ပါ။

ယခု ကျွန်မထံ၌ရှိနေသော ငွေနှစ်ထောင့်နှစ်ရာနှင့် ကျွန်မ၏ စိန်တစ်လုံးနားကပ်တစ်ရံ၊ ရွှေဆွဲကြိုးတစ်ကုံးနှင့် နီလာလက်စွပ်လေးတစ်ကွင်း ကြိုတင်ပေးထားပါသည်။

မောင်မောင် မန္တလေးသို့ဆင်း၍ ငွေသွားယူနေပါသည်။

**ကြောင်နှစ်ကောင်စာအုပ်တိုက်**

အသွားအပြန် ငါးရက်ကြာပါလိမ့်မည်။

ဤအချိန်ကာလလေးကို စောင့်ဆိုင်းပေးဖို့ ကျွန်မ အထူးဘဲ တောင်းပန်ပါသည်။

ယခု ပစ္စည်းများကိုလည်းယူပါ၊ နောက်ထပ် ငွေသား ငါးသောင်းတိတိကိုလည်း ပေးပါမည်ဟု ကတိပြုပါသည်။

ကျွန်မ၏ချစ်မြတ်နိုးလှစွာသော ကိုကို၏အသက်ကို ချမ်းသာပေးပါရန် ကျွန်မရှိခိုးပြီးတောင်းပန်ပါတယ်ရှင် . . .

**နန်းခမ်းမို**

အပူရင်နှင့်ရေးရသောစာမို့ ချောမွေ့ပြေပြစ်မည်မထင်။ ဘာပဲဖြစ်ဖြစ် ဤတောင်းပန်စာနှင့် ရွှေငွေများကို မနေ့က သစ်အယ်ပင်နှစ်ပင်ကြားမှာ ထားခဲ့ပြီးပါပြီ၊ ညနေပိုင်းသွားကြည့်တော့မရှိ။

ယနေ့မနက် ဘာများထူးခြားမလဲဟူ၍ သည်နေရာကို လာတော့လည်း ဘာသဲလွန်စမှမရ။

ယနေ့မနက် မောင်မောင်လားရှိုးသို့သွားလေပြီ။ နက်ဖြန် မန္တလေး ဆင်းမည်။ နန်းခမ်းမို ရေးလိုက်သောစာကို ဦးစံလူအား ပေးလိုက်လျှင် ငွေငါးသောင်းပေးလိုက်လိမ့်မည်။ ထိုငွေထုပ်ကို ပိုက်ပြီး နောက်နေ့လားရှိုးပြန်လာ၊ နောက်တစ်နေ့မှာ နမ့်ခမ်းသို့ ပြန်ရောက် ပြီး၊ ကိုကို့ကိုရွေးယူရန် အချိန်ကာလ ကလေးတစ်မျှ ကြာမြင့်ပေဦးမည်။

**ကြောင်နှစ်ကောင်စာအုပ်တိုက်**

www.burmeseclassic.com

www.burmeseclassic.com

နန်းခမ်းမို ခြံထဲမှာပင်နေခဲ့သည်။ မောင်မောင် ဘယ်လိုမှ ခေါ်၍မရ။ မောင်မောင်မဟုတ် ဘယ်လိုအာဏာရှင်မျိုးမှ ခေါ်၍ ရမည်မဟုတ်။

"ဒီလူဆိုးတွေဟာ ဒီနားတစ်ဝိုက်က တောင်ကုန်း တောင်စွယ်တွေမှာ ခိုအောင်းနေကြလိမ့်မယ်၊ ကိုကိုကိုလည်း သူတို့စခန်းမှာ ဖမ်းချုပ်ထားကြမှာ ကိုကိုနဲ့ပိုပြီးနီးတယ်၊ သတင်း ရနိုင်တယ် . . .

"ငါ့ကိုပါ လာဖမ်းကြရင် ပိုတောင်ကောင်းမယ်၊ ကိုကိုနဲ့ တွေ့ခွင့်ရမယ်၊ ဒီနေရာက ငါ ဘယ်လိုနည်းနဲ့မှကို မပြန်ဘူး"

ဆိုသော အချစ်ရူးမလေး၏ အရိုင်းတွေးဖြင့် အန္တရာယ် ကြီးမားလှသော လက်ဖက်ခြံအတွင်းမှာပင် နန်းခမ်းမို နေတော့ သည်။

အဖေနှင့်အမေ့ကို ဖွင့်မပြော၍မဖြစ်။ နန်းခမ်းမို၏ အစီအစဉ်အတိုင်း မောင်မောင့်ကို မန္တလေးလွှတ်လိုက်ရသည်။ စာထဲမှာတော့ ဘာမှရေးလို့မဖြစ်။

သိပ်အရေးကြီးသောကိစ္စအတွက် ငွေလိုနေသဖြင့် ငွေငါးသောင်း မောင်မောင်နှင့် ပေးလိုက်ပါရန် . . .

ဟူ၍သာ ပါရှိသွားသည်။

အမေနှင့် အဖေလည်း ရူးမတတ်ဖြစ်နေကြလေပြီ။ နန်းစောမွန်ကို မှုဆယ်မှုပြန်မှာပြီး အမေ့ကိုစောင့်နေစေရ၏။





အဖေသည် ဖျားလျက်ကြီးနှင့် သမီးကိုလည်းစိတ်မချ၊ သားကြီးအတွက်လည်း ကြီးစွာသောပူပန်စိတ်ဖြင့် လက်ဖက်ခြံ ၌ပင် လာနေတော့သည်။

အဖေ၏ လျှို့ဝှက်မှုကို မိုမိုတို့မောင်နှမ မပြောနှင့် ဒေါ်နန်းခမ်းအေးပင်လျှင် သိခွင့်မရလိုက်။

နန်းခမ်းမိုကိုပေးသော နဂါးမန်အဖွဲ့ဆိုသည့် လူဆိုးဂိုဏ်း ၏စာကို သက်ဆိုင်ရာသို့အဖေသွားရောက်ပြသပြီး အကူအညီ တောင်းခဲ့ပြီးလေပြီ။

"အဖေရယ် . . . ကိုကိုကိုများ သူတို့နှိပ်စက်ညှဉ်းပန်း နေကြမလားဟင်"

"လုပ်မယ် မထင်ပါဘူး သမီးရယ်၊ လူကိုမုန်းလို့မှ မဟုတ်ဘဲ၊ ငွေလိုချင်လို့ ဖမ်းထားတာဘဲ"

"ဟုတ်မှာဘဲနော်. . ဒါနဲ့ အဖေနေကောင်းရဲ့လားဟင်"

"နေကောင်းပါတယ် သမီးရယ်၊ အဖေ့ရောဂါက ကိစ္စ မရှိပါဘူး၊ အာဂန္တုအဖျားပါ"

တစ်ဦးနှင့်တစ်ယောက် ဖြေသိမ့်နေကြရသော်လည်း ကမ္ဘာကို အရည်ပျော်စေမည့် လောင်မီးပမာ သားအဖနှစ် ယောက်၏ ရင်မှ လောင်မြိုက်နေကြသည်။

သည်သို့ဖြင့် နှစ်ရက် နှစ်ည လွန်မြောက်ခဲ့ရပြန်သည်။

✦



www.burmeseclassic.com

www.burmeseclassic.com

နက်ဖြန် မောင်မောင်ပြန်ရောက်တော့မည်။ ငွေပါလာမည်။ ကိုကို့ကို ပြန်ရွေးနိုင်တော့မည်။

ကိုကိုရယ် . . ချစ်ရသူနဲ့ သီးခြားစီနေပြီး ပူဆွေးသောကတွေနဲ့ တမ်းတရတဲ့ဒုက္ခမျိုး နောက်တစ်ခါထပ်ပြီး မခံစားပါရစေနဲ့တော့ . .

ငိုရလွန်းလို့လဲ မျက်ဝန်းတစ်ခုလုံး မျက်ခမ်းတစ်ဝိုက်လုံး နီမြန်းရောင်ရမ်းနေပြီ . . .

အိပ်မရသောည၊ စားမရသောနေ့များကို ဖြတ်သန်းနေရသဖြင့် ပုံလဲ တော့မတတ် နွမ်းနယ်နေရပါပြီ။

"ဒီတစ်ခါ ပြန်လည်ဆုံဆည်းခွင့်ရပြီးရင်တော့ ကိုကိုရေ ခမ်းမို ချစ်ရယ် . . မခွဲတော့ဘူး၊ ဘယ်တော့မှ မခွဲတော့ဘူးနော်၊ ကိုကိုလိုက်ရင်လိုက်၊ မလိုက်ရင် ခမ်းမို ဟောဒီမှာရှမ်းမြေက တစ်သက်လုံး မပြန်တော့ဘူး . . သိလား ကိုကို"

နန်းခမ်းမိုတို့ ကြီးပြင်းပျော်မွေ့ခဲ့ရာ အဖေ့လက်ဖက်ခြံထဲမှာသာ နန်းခမ်းမိုကွေ့ပတ်လျှောက်ပြီးမောလာတော့ နန်းခမ်းမိုတို့ထိုင်နေကျ စိန်ပန်းပြာပင်ကြီးအောက်မှာ ထိုင်ငိုနေမိသည်။

"သမီးအပြင်ကအေးတယ်၊ မှောင်လည်းမှောင်တော့မယ်၊ လာ . . တဲထဲမှာ မီးလာလှုံလှည့်"

အဖေသာ အဖျားကြောင့် ချမ်းနေခြင်းဖြစ်မည်။ အပူရင်နှင့် ခမ်းမိုမှာတော့ ဇောချွေးများပင်ပျံနေသည်။





အဖေ့ကြောင့်သာ တဲတွင်းဝင်ခဲ့ရသော်လည်း အဆောက်အအုံထဲမှာ ကို မနေချင်၊ ပတ်ရံဝိုင်းနေသော ရှမ်းတောင်တန်းကြီးများ ကိုလှည့်ပတ်ကြည့်ပြီး . . .

"ကိုကိုရေ"

"ကိုကိုရေ"

လို့ မိုင်ပေါင်းများစွာကကြားသာအောင်၊ ကိုကိုကြားခွင့်ရအောင် အော်ခေါ်နေချင်ပါတော့တယ်။ ကိုကို့ကို တမ်းတခေါ်နေရင်း ရင်ကွဲပြီး လဲသေသွားပါစေတော့။

"ကိုကိုရယ် . . . ကိုကို့အသက်ကိုညီမလေး ပိုင်ဆိုင်သမျှအားလုံးနဲ့ လဲနိုင်ပါတယ်ရှင် . . .

"ကိုကိုသာ အသက်ချမ်းသာရာရပါစေ . . .

"မောင်မောင် အချိန်မီ ပြန်လာပါစေ . . .

"ကိုကို့ကို သူတို့ သတ်မပစ်လိုက်ကြပါစေနဲ့ဦးရှင်"

✦


www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၄၃)

"ဒိုင်း . . ဒိုင်း"

"ဒက် . . ဒက် . . ဒက် . . "

ဆိုသောအသံများ ဆက်တိုက်ပေါ်လာသည်။

"ဟာ . . အဖေ . . သေနတ်သံတွေ"

"အေး . . ဟုတ်တယ်၊ တိုက်ပွဲဖြစ်တယ်ထင်တယ်၊ လာ . . သမီးလေး၊ အဖေ့နားလာပုန်းနေလှည့်"

ထရံခြားရာမှကူးလာတော့ ဦးမြတ်စံသည် နန်းခမ်းမိုကို ဖက်တွယ်ပေးထားရှာသည်။

"အဖေ"

"ဟေ"

"အဲဒါ ကိုကို့ကိုခေါ်ထားတဲ့စခန်းနဲ့များ တိုက်ပွဲဖြစ်ကြတာလားဟင်"

အဖေ့ထံမှ အဖြေမရ။

မချိသော ရင်မှသက်ပြင်းချသံကိုသာ ကြားလိုက်ရသည်။





"ဒိုင်း . . ဒိုင်း . . ဒိုင်း . . "

"သေနတ်သံတွေ ပိုပြီးနီးလာပြီ အဖေ"

"ဟုတ်တယ် . . သမီး"

"ကိုကိုများ . . "

"အို . . မတွေးကောင်းဘူး၊ ဘာမှမဖြစ်နိုင်ပါဘူး၊ ဝပ်နေ ဝပ်နေ . . . ဝပ်နေစမ်း သမီး"

"ဒက် . . ဒက် . . ဒက် . . "

"ဒိုင်း . . ဒိုင်း . . ဖောက် . . ရှို . . "

ဆိုသော လက်နက်မျိုးစုံ၏အသံက တရစပ်ကြားလိုက်၊ နားလိုက်နှင့် နန်းခမ်းမိုတို့၏ တဲနှင့်တော့ တဖြည်းဖြည်းနီးလာနေပြီ။

ခေတ္တမျှ တိတ်ဆိတ်သွားချိန်မှာ . . .

"ညီ . . မ . . လေး"

"ဟာ"

"ညီ . . မ . . လေး . . မိုမို"

ကိုကို့အသံ။

"ညီမလေးရေ . . "

တောင်ကမ်းပါးယံကို ရိုက်ခတ်ပြီးပဲ့တင်ပြန်လာသည့် အသံလို ရင်ခေါင်းထဲမှ နစ်နစ်နဲနဲ ခေါ်လိုက်သံကြီးက ဟိန်းထွက်လာ၍ . .



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို . . . ကိုကို ပြန်လာပြီ"

"ကိုကို ပြန်လာပြီ အဖေ"

ဖခင်၏ရင်ခွင်ဘေးတွင် ဝပ်နေရာမှ ထွေးထပြီးထွက်ပြေးမည်ပြုဆဲ . . .

"သမီး . . သမီး . . မသွားနဲ့ . ."

"အို"

"ဘယ်ကခေါ်မှန်းလဲ မသိ"

"သမီး သိတယ် . . သမီး သိတယ် အဖေရဲ့"

"ဟဲ့ . . ဟဲ့ . . သေနတ်တွေ ပစ်နေတဲ့ကြားက . . အို . ."

ဦးမြတ်စံ၏စကားမဆုံးမီမှာပင် နန်းခမ်းမို ခြံတွင်းသို့ ပြေးဆင်းလာခဲ့သည်။

"ကိုကို . . ."

"ကိုကိုရေ . . . "

ပြန်ထူးသံမကြားရ။

သို့သော်လည်း ကိုကို့အသံ ဘယ်အရပ်ကလာသည် ဆိုသည်ကို ခမ်းမိုသိပါသည်။ သူတို့နှစ်ယောက်၏ လက်ဖက်ခြံမှ နေရာဟောင်း . . . စိန်ပန်းပြာပင်ကြီးနှစ်ပင်ကြား . .

"ကိုကိုရေ . . . ခမ်းမို လာပြီ"

ကုန်းမြေနိမ့်ကို ပြေးဆင်းရင်းအော်နေသည်။

ကြောင်နှစ်ကောင်စာအုပ်တိုက်



နွေညဉ့်၏လသည် ထိန်ထိန်သာနေသဖြင့် ရှင်းပြန့်နေသောခြံအတွင်းမှာ မြင်သာနေသည်။

လရောင်ကွက်ကြား အလင်းပြောက်များကြောင့် စိန်ပန်းပင်အောက် ခြေကို မြင်သာနေသည်။

"လဲနေသော လူတစ်ယောက်"

ဤမြင်ကွင်းကြောင့် နှလုံးသည်းပွတ်တို့ လွင့်စဉ်ကျသွားတော့မလို ချောက်ချားစိတ်နှင့် ပြေးအဆင်းမှာ . .

"ဒိုင်း"

ဆိုသော သေနတ်သံနှင့်အတူ နန်းခမ်းမို၏ ကျောပြင်တဝိုက်မှာ ပူကနဲဖြစ်ပြီး သွေးများဖြာကျလာချိန်နှင့် တစ်ထပ်တည်းပင် နန်းခမ်းမိုသည် ကုန်းမြေမြင့်ပေါ်မှ လဲကျလိမ့်ဆင်းသွားတော့သည်။

✦

ခရမ်းပြာရောင်ပွင့်ကြွေများပေါ်မှာ အချစ်ဆုံးနှစ်ယောက်တို့၏ သွေးနီများက စီးမျောနေသည်။

အရှေ့ဘက်၌ ရောင်နီပျို့လာပြီ . . .

မကြာမီအတွင်း အလင်း၏ အင်အားကို ရရှိကြပေတော့မည်။

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ရှုံ့တွန့်ငင်ငိုကြွေးနေသော ရောဂါသည်ကြီးဦးမြတ်စံကို ရဲတပ်ဖွဲ့ဝင်များကတွဲထူပြီး . . .

"စိတ်မကောင်းလိုက်တာ ဦးမြတ်စံရယ်၊ ကျွန်တော်တို့လည်း အချိန်မီကယ်တာပါပဲ၊ လူဆိုးအားလုံးအသေရ၊ အရှင်မိပြီး စခန်းကိုလည်း သိမ်းလိုက်နိုင်ပါပြီ"

"ဦးရဲ့သား ကိုကိုက ထွက်ပြေးလို့ ဒီကောင်တွေ လှမ်းပစ်ချလိုက်တာ၊ ဒါတောင် ဒဏ်ရာကြီးနဲ့ ဒီတဲရောက်အောင် ပြေးလာရှာသေးတယ်ဗျာ၊ ကိုကို့အဖြစ်က တကယ်ရင်နာကြေကွဲစရာကောင်းပါတယ်"

ရဲအရာရှိ၏စကားအဆုံးတွင် ဖမ်းမိထားသော လူဆိုးအဖွဲ့မှ တပည့်တစ်ဦးက . . .

"ဒီလူ တကယ်ဗျာ . . . သူ့ညီမလေး လက်ဝတ်ရတနာနဲ့ တောင်းပန်စာရတော့ ငိုလိုက်တာ၊ သူ့အတွက်ငွေတွေ ကုန်ရဦးမယ်ဆိုပြီး ရင်ထုမနာဖြစ်နေရှာတာ . . ."

"အခုလဲဗျာ၊ ကျွန်တော်တို့အဖွဲ့တိုက်တဲ့ဘက်ကို အာရုံရောက်နေတုန်း သူဒီဘက် ထွက်ပြေးလာတာ၊ ဟို . . . သေသွားတဲ့ ငတိုးပစ်ချလိုက်တာဗျ"

"ဒဏ်ရာကြီးနဲ့တောင် သူ့ညီမလေးရှိနေတဲ့တဲကို အရောက်လာတာ၊ လဲကျပြီး မထနိုင်တော့မှ 'ညီမလေး . . . ညီမလေး' ဆိုပြီး တအားကြုံးခေါ်လိုက်တာ . . .





"သနားစရာပါ . . . သူ့ ညီမလေးဆိုတဲ့နန်းခမ်းမိုကို သိပ်ပြီးချစ်ရှာတဲ့သူပါ"

အားလုံးခေတ္တမျှ ငြိမ်သက်သွားကြချိန်မှာ ထော်လာကျိုမောင်းနှင်လာသံကိုကြားရသည်။

ရဲအရာရှိကပင် ဦးဆောင်ပြီး . . .

"နန်းခမ်းမိုကာ ကျောပြင်ကို ရုပ်မှန်ပြီး သတိမေ့နေတာ ဖြစ်ပေမယ့် သွေးလွန်သွားမှာ စိုးရိမ်ရတယ်၊ ကဲ . . . ဆေးရုံအမြန်ပို့ဖို့ ထရေလာပေါ် တင်ရအောင်"

သတိမေ့နေသော် လည်းနှုလုံးခုန်သံပုံမှန်ဖြင့် အသက်မှန်မှန်ရှူနေသော ဒဏ်ရာရှင်နန်းခမ်းမို၏ ဘေးမှာပင်ယှဉ်လျက် . . . ချစ်တတ်ရှာလွန်းသောအတုမဲ့ မေတ္တာရှင်ကြီး . . . ကိုကို၏ရုပ်အလောင်း . . . သက်မဲ့ခန္ဓာ။

✦



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၄၄)

ခရမ်းပြာပွင့်ကြွေများအားလုံးမြေပေါ်မှာချည်း ကြွေသက်မနေတော့ . . .

"ကိုကို၏အုတ်ဂူ"

ဖြူဖြူလေးပေါ်မှာ တင်ရှိပြန့်ကျဲနေသည်။

အမေ၏ အသည်းနှလုံးတမျှ ချစ်လှစွာသော သားကြီးမို့ သချိုင်းမြေမှာ မစွန့်ပစ်ရက်။

သူတို့နှစ်ဦး၏ ကြည်နူးပျော်မွေ့ခဲ့ရာ ခြံတွင်းမှ စမ်းချောင်းလေးဘေး စိန်ပန်းပြာပင်ကြီးအောက်မှာပင် . . .

ကိုကို၏ သက်မဲ့ကိုယ်ကို ဂူသွင်းသင်္ဂြိုဟ်ခဲ့လေသည်။

"သားကြီးရယ် . . . ရောဂါဝေဒနာတွေကြောင့် သေမယ်ထင်ခဲ့တဲ့ အမေ့အသက်ကို သားကြီးကယ်ခဲ့တယ်၊ သားကြီးရဲ့ သွေးတွေ အမေ့ကိုယ်ထဲ သွင်းပြီးပေးခဲ့တယ် . . . ခုတော့ ဘာရောဂါမှ မရှိ၊ ဘာဝေဒနာမှမရှိရှာတဲ့ သားကြီးကို အမေ





မကယ်နိုင်ပါတော့ပါလား လူလေးရယ်၊ သေထိုက်တဲ့ အမေက မသေ။ မသေထိုက်တဲ့သားကြီးကသေ။ လူ့လောကဆိုတာ ဒီလိုဖြစ်တတ်ပါလားလို့ အမေတရားနဲ့မဖြေနိုင်ပါဘူး သားရဲ့ . . . စိတ်ကောင်းရှိလှ တဲ့ . . အပြစ်မဲ့လှတဲ့ ကျွန်မရဲ့သားကြီးကိုမှ သတ်ပစ်ကြတယ်နော်၊ ရက်စက်လှချည်လားရှင် . . .

အမယ်လေး သားကြီးရယ် . . . အမေ့အသည်းတွေ ကွဲပါပြီကွယ့်"

မချိုလွန်းသောရင်ကိုထုပြီး ငိုနေသော ဒေါ်နန်းခမ်းအေးကို အဖေ၊ မောင်မောင်နှင့် နန်းစောမွန်တို့က အတင်းဆွဲခေါ်သွားကြလေပြီ။

ဘယ်သူမှမရှိကြတော့ . .

အုတ်ဂူအသစ်ကလေး၏ဘေးမှ . . ခရမ်းပြာပွင့်ကြွေမြေပေါ်မှာလဲ နေသူက နန်းခမ်းမို . . . .

အုတ်ဂူ၏သည်မှာဘက်၌ နန်းခမ်းမိုရှိနေကြောင်း သူတို့မသိကြ။

ယနေ့ . . .

ကိုကို့ကို ဂူသွင်းသင်္ဂြိုဟ်သည့်နေ့မှာမှ နန်းခမ်းမိုလည်း ဆေးရုံမှ ဆင်းခွင့်ရသည်။ သေနတ်ရှပ်မှန်သည့်ဒဏ်ရာက မကျက်သေးသော်လည်း စိတ်ချရပါပြီ၊ ဘာမှမဖြစ်နိုင်တော့။

ကိုကို့ဂူဘေးမှာ ယှဉ်လျက် လဲလျောင်းနေရာမှ



www.burmeseclassic.com

www.burmeseclassic.com



နန်းခမ်းမိုမထချင်တော့၊ ထနိုင်သည့်အင်အားလည်း မရှိတော့။

"ကိုကို . . ကိုကိုရယ် . . ကိုကိုရဲ့"

ဂူဘက်ကို မျက်နှာအပ်ပြီးကပ်ခေါ်သော်လည်း ကိုကို မကြားနိုင်တော့။

"ညီမလေးရေ . . ချစ်ရယ်"

လို့လဲ ဘယ်သောအခါမှ ပြန်လည်မထူးနိုင်တော့ပါလား ကိုကိုရဲ့။ ခမ်းမိုရဲ့နှလုံးသားကို ကျည်ဆန်ဖောက်ပြီးမဝင်လို့ ခမ်းမို မသေပေမယ့် . . ခမ်းမိုရဲ့ နှလုံးသားတော့ တစ်စစီကြွေပြီ။

"ကိုကိုရေ . . ကိုကို"

"ခမ်းမိုခေါ်နေပါတယ်၊ ညီမလေးခေါ်နေပါတယ် ကိုကိုရယ်"

မြေပေါ်က ပန်းကြွေတစ်ဆုပ်ကိုယူပြီး ရင်ဘတ်ပေါ် တင်လိုက်သည်။ အပူရင်က မငြိမ်သက်။ ရေခဲပြင်ကြီးတင်လည်း မအေးချမ်းနိုင်။

နန်းခမ်းမို . . . အမေ့လိုပင် အော်ဟစ်ငိုနိုင်စွမ်း မရှိတော့။ ကိုကို့အုတ်ဂူ ဘေးမှာ ခွေခွေလေး လဲလျောင်းရင်း ကျဆင်းနေသည့် မျက်ရည်များက သူ့ဘေး မှစမ်းချောင်းလေးနှင့် အပြိုင် . . .

ဤစမ်းရေသည်သာ တိမ်ကောခြောက်သွေ့ချင် ခြောက်သွေ့သွားမည်။ နန်းခမ်းမို၏ မျက်ဝန်းနှစ်သွယ်မှ





ထာဝရစီးသွယ်နေမည့် မျက်ရည်မြစ်များကတော့ နန်းခမ်းမို၏ နှလုံးခုန်သံ မရပ်တန့်သမျှ ရပ်တန့်မည်မဟုတ်တော့ပါ။

"ဟင် . . မိုမိုက ဒီမှာဘဲ"

"အို . . မြေကြီးပေါ်မှာ လှဲလို့ပါလားကွယ်"

မောင်မောင်က ပွေ့ထူရန် ဟန်ပြင်သည်။

"နေ . . နေပါ မောင်မောင်"

"ဟင်"

"ငါ ဒီမှာဘဲ နေပါရစေ၊ ကိုကို့နားမှာဘဲ နေပါရစေကွယ်"

"မိုမိုရယ်"

မောင်မောင်၏ အငိုမျက်ဝန်းလည်း ချက်ချင်းနီနေ၏။

"ငါ့ နှလုံးခုန်သံရပ်သွားတဲ့အထိ ဒီနေရာက ငါမခွာတော့ဘူး မောင်မောင်"

"မဟုတ်တာ မိုမိုရယ်"

"ကံကြမ္မာက သိပ်ရက်စက်တယ်"

"အင်း"

"ကိုကိုသေတာ မတရားဘူး၊ ဒီထက် မတရားတာက ငါ့ကိုချန်ထားခဲ့တယ်လေ"

နန်းခမ်းမို အရူးမလေးတစ်ယောက်လို ခံစားနေရှာကြောင်း မောင်မောင်နားလည်ရပါပြီ။



www.burmeseclassic.com

www.burmeseclassic.com

"လာပါ မိုမို၊ မြေကြီးက သိပ်ပြီးစိမ့်အေးနေတယ်"

"အေးပါစေ . . ကိုကိုတောင် ဒီနေရာမှာ နေရရှာသေးတာပဲ"

"မိုမိုကလည်းကွယ်၊ မဟုတ်တာတွေ မပြောပါနဲ့"

"ငါ မရှုးပါဘူး မောင်မောင်ရယ်၊ ငါ အားလုံးကို မေ့သွားရင်လည်း အကောင်းသား၊ ခုတော့ . . . ရူးမတတ် သေမတတ် ခံစားနေရတာက ဆိုးရွားရက်စက်လွန်းတယ်"

"ထပါဦး မိုမို"

"မထဘူး၊ ကိုကို့နားမှာဘဲ ငါနေမယ်၊ ကိုကိုနဲ့အတူ ငါ တမလွန်ဘဝကို လိုက်သွားထိုက်တယ်၊ ငါ့ဘဝက ဘာထူးတော့မှာလဲ"

"ထ . . ထစမ်း မိုမို"

"မထဘူး၊ ကိုကိုရေ . . ညီမလေး ဒီနေရာက ဘယ်မှ မသွားပါရစေနဲ့၊ ကိုကိုနဲ့မခွဲနိုင်ဘူး၊ ကိုကို့ကိုခွဲပြီး ဘယ်မှမသွားပါရစေနဲ့ ကိုကိုရယ် . . "

ပက်လက်အနေအထားမှ ဂူဘက်ကိုလှည့်လျက် ဂူကိုဖက်ပြီး ရင်ပွင့်ကွဲသွားမတတ် ရှိုက်ငင်ငိုကြွေးနေသော နန်းခမ်းမိုကို မောင်မောင်မကြည့်ရက် တော့။

ကျောပြင်ဒဏ်ရာတစ်ဝိုက်မှာ တွယ်ကပ်နေသော ခရမ်းပြာရောင်ပွင့် ကြွေနှင့် မြေသားများကိုဖယ်ရှားရင်း အသား





ချင်းထိတွေ့မိတော့ . . .

"အို . . မိုမို့ ကိုယ်တွေချစ်ချစ်တောက်ပူနေပါလား၊ ဒီအအေးထဲမှာ ထားလို့မဖြစ်ပါဘူး"

ဤဆုံးဖြတ်ချက်နှင့်အတူ နန်းခမ်းမို၏ ကိုယ်လုံးသွယ်သွယ်လေးကို မောင်မောင်ကစွေ့နေအောင် ပွေ့ယူလိုက်သည်။

"ကိုကို့နားမှာ နေပါရစေ"

"ကိုကို့နားမှာ နေပါရစေ"

ဟူသော တောင်းပန်သံ ငိုရှိုက်သံနှင့်အတူ မောင်မောင့်ရင်ခွင်မှာ နွမ်းခွေစွာပါလာရသော မိုမို . . .

နန်းခမ်းမိုကို ယုယစွာ ပွေ့ယူလာသော မောင်မောင့်ကို အိမ်ထဲမှနေ၍ အမေသည် မျက်ရည်ဝေသောမျက်ဝန်းများဖြင့် လှမ်းမျှော်ကြည့်ရင်း . . . ခေါင်းတဆတ်ဆတ်ညိတ်နေလိုက်လေတော့သည်။

✦


www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၄၅)

ရက်လည်ပြီးသည်မှာပင် တစ်ပတ်တိတိရှိသွားပြီ။

ယနေ့ ကိုကို့ကိုထာဝရခွဲခွာရခြင်း၏ ဆယ့်ငါးရက်မြောက်သည့်နေ့။

ခရမ်းပြာပွင့်ကြွေလေးများ ဂူပေါ်မှာ ဖြန့်ခင်းပြီး . . . အဖြူရောင်သစ္စာပန်းတစ်ခိုင်ကို ကိုကို့ဂူပေါ်မှာတင်ပြီး ကန်တော့ခဲ့သည်။ ပြီးတော့ ကိုကို့ဂူကို ဖက်တွယ်ရင်း လွန်မြောက်ခဲ့သောနေ့များစွာကအတိုင်းပင် သည်းသည်းထန်ထန်ငိုကြွေးပြီးမှ အိမ်ဘက်သို့ ယိုင်နဲ့သောခြေလှမ်းများဖြင့် ပြန်လာခဲ့ရပါတော့သည်။

ကျောင်းပြန်တက်ဖို့အတွက် အဖေက လှုံ့ဆော်နေပြီ။ အမေကတော့ ဘာမှ မပြောသေး။

မန္တလေးသို့လည်း လုံးဝမပြန်ချင်တော့။ ဦးစံလူ လုပ်ပုံကိုလည်း ခံပြင်းလွန်းနေသည်။

ဖြစ်နိုင်ပါလျှင် ကိုကို့ခန္ဓာရှိနေရာ ဤမြေမှာပင် နေချင်သည်။ ကိုကို့ ဂူဘေးမှာ ဂူသစ်ကလေးတစ်လုံးဖြင့် ထာဝရ





ယှဉ်တွဲနေခွင့်မျိုး ရယူချင်သည်။

ကိုကို့ကို သေမတတ်ချစ်ခဲ့ပါလျက်၊ ကိုကိုတကယ်သေတော့လည်း လိုက်သေလို့မရပြန်၊ လူ့ဘဝ၏ အလှည့်အပြောင်းကံကြမ္မာကို လူသားတိုင်း ဒီလိုပဲ ခံစားကြရပါသလား . . .

ဘာပဲဖြစ်ဖြစ် ကိုကိုခေါင်းချရာမြေ၊ ကိုကို့ဂူရှိနေရာ ခြံဝင်းလေး အတွင်းက နန်းခမ်းမို တစ်ဖဝါးမျှမခွာချင် . . . မခွဲချင်။

"သား ဆုံးဖြတ်ပြီးလို့လား"

အိမ်ရှေ့ခန်းမှာ လူရှင်းနေသည်။ အခန်းတွင်းမှ အမေနှင့် မောင်မောင်တို့၏ အသံကြောင့် အခန်းဝမှ ခြေတုံ့သွားသည်။

"တတယ်ကို ဆုံးဖြတ်ပြီးပါပြီအမေ၊ အမေစီစဉ်တဲ့အတိုင်း မလိုက်နာနိုင်တဲ့သားကို ခွင့်လွှတ်ပါ"

အမေ့အသံမကြားရ။ မောင်မောင်ကသာ ဆက်ပြီး . .

"မိုမိုဟာ ကိုကို့ကို သိပ်ချစ်တယ်၊ သူ့အချစ်အားလုံးဟာ ကိုကို့ခန္ဓာနဲ့အတူ မြှုပ်နှံသေဆုံးသွားခဲ့ပြီ"

"မင်းကိုလည်း သူ့ . . သံယောဇဉ်ရှိပါတယ်"

"ကျွန်တော်လည်း သူ့ကိုရှိတာပါပဲ၊ ကျွန်တော် သူ့ကိုချစ်လာခဲ့သည့်တိုင်အောင်၊ သူ ကျွန်တော့်ကို ဒီတစ်သက်မှာ ဘယ်သောအခါမှ ချစ်လာနိုင်မှာ မဟုတ်ပါဘူး အမေရယ်"

"အင်း"

"အချစ်မပါတဲ့ အိမ်ထောင်ရေးကို အမေမြန်တီး မပေး



www.burmeseclassic.com

www.burmeseclassic.com



ချင်ပါနဲ့ဗျာ၊နောက် တစ်ခုရှိသေးတယ်၊ အဲဒါက အခုပြောတဲ့ အချစ်ထက် ပိုပြီးအရေးကြီးပါတယ်"

"ဘာများလဲ မောင်မောင်"

"မိုမို ချမ်းသာကြွယ်ဝလာတဲ့ပြဿနာပဲ"

"ဟင်"

"အခုပဲ ကြည့်လေ . . . ကျွန်တော်သူ့တာနဲ့ပဲ မန္တလေးကို ငွေသွားတောင်းတယ်၊ ဘာအကြောင်းလဲလို့ ထပ်တလဲလဲမေးတယ်၊ ဘယ်လိုလုပ်ပြီး သူ့ကိုပြောလို့ဖြစ်မလဲ အမေ၊ မပြောနိုင်တော့၊ မပေးလိုက်ဘူးလေ၊ နန်းခမ်းမို ကိုယ်တိုင်လာယူပါစေတဲ့"

"အဲဒါ သားတို့မဆိုင်တဲ့သဘောပဲ မဟုတ်လား"

"ကိုကိုဟာ လူဆိုးရန်ကြောင့် သေဆုံးသွားခဲ့ရတယ်၊ တကယ်လို့ ခုလိုတိုက်ပွဲမဖြစ်ဘဲ ဆက်လက်ဖမ်းဆီးထားမယ်ဆိုရင်လည်း သားပြန်လာချိန်မှာ ကိုကိုအသတ်ခံရမှာ သေချာတယ်၊ ငွေမှ မပေးနိုင်ဘဲ"

နန်းခမ်းမိုရင်ကို လက်နှစ်ဘက်ဖြင့်ဖိပြီး မျက်စိမှိတ်ထားလိုက်ရသည်။

"တကယ်လို့ ကျွန်တော်တို့မိသားစုချည်းပဲဆိုရင်လည်း ဘယ်ပြန်ပေးကမှ မဆွဲပါဘူး၊ ကျွန်တော်တို့ ငမွဲဆိုတာ အားလုံးသိတာပဲ၊ ဘယ်မှာ ငွေပေးပြီးရွေးနိုင်ပါ့မလဲ အမေရယ်"

"အခုတော့ နန်းခမ်းမို သူဌေးမလေးဖြစ်သွားပြီ၊ ငွေတွေပါလာမှာဘဲလို့ထင်ပြီး ကိုကို့ကို ပြန်ပေးဆွဲတာပါဗျာ"





မောင်မောင်စကားသည် နှလုံးသားကို အဆိပ်လူးမြားပေါင်းတစ်ထောင်နှင့် ပစ်ခွင်းခြင်းခံလိုက်ရသည်သို့ရှိ၏။ လဲကျမသွားဖြစ်အောင် နံရံမှာ မှီကပ်ထားလိုက်ရသည်။

"အမေ"

"ဟင်"

"ကျွန်တော် အခုပြောနေတာတွေဟာ နန်းခမ်းမိုကြောင့် ကိုကိုသေရတာလို့ စွပ်စွဲနေတာတော့မဟုတ်ဘူး၊ အဖြစ်အပျက်နဲ့အရင်းအမြစ်ကို စမ်းစစ်တဲ့ သဘောပါ"

"ဟုတ်တယ် . . အမေလည်း အစကမတွေးခဲ့မိဘူး၊ အခု သားပြောမှ . . . ."

"ထားလိုက်ပါတော့ဗျာ"

"ဟုတ်ပါတယ်လေ"

"ဒီတော့ မိုမိုနဲ့ ကျွန်တော်လက်ဆက်ပါလို့ အမေတောင်းဆိုတာကို ခွင့်လွှတ်ပါလို့ပဲ ပြောပါရစေတော့"

"သား သဘောပါပဲလေ၊ ခမ်းမိုကိုလည်း မပြောရသေးပါဘူး၊ သူက လည်းငြင်းချင် ငြင်းမှာပါ"

"ငြင်းမယ်ဘဲ ထင်ပါတယ်၊ သူက ကိုကို့ကို သိပ်ချစ်ခဲ့တာရယ် . . သူ့ရဲ့ ကြွယ်ဝမှုတွေရယ်ဟာ ကျွန်တော်တို့နှစ်ယောက်ကြားမှာ တံတိုင်းကြီးတွေလို ခြားနေပါလိမ့်မယ် အမေ . . ."

"မိုမို ချမ်းသာလို့ အစ်ကိုနဲ့လွဲတာနဲ့၊ ညီက ပြန်ကပ်



www.burmeseclassic.com

www.burmeseclassic.com

တယ်ဆိုတဲ့ အဖြစ်မျိုးလည်း အဖြစ်မခံနိုင်ဘူး အမေ၊ ဆင်းရဲပါစေ၊ ယောကျ်ားလည်း ယောကျ်ားသိက္ခာနဲ့ပါ. . ဒါကြောင့် သူ့ ဘဝနဲ့ သူပဲရှိပါစေ. . . သူပြန်ပါစေတော့လေ အမေ တားမနေပါနဲ့"

"အေးပါ. . အေးပါကွယ်"

နန်းခမ်းမိုမှာ မျက်စိစုံမှိတ်ပြီး အောက်နှုတ်ခမ်းကို ပြတ်လုမတတ် ဖိကိုက်ထားမိသည်။

ငိုနိုင်သည့် အင်အားပင်မရှိတော့။

ပုံလဲမကျသွားအောင် မနည်းအားခဲ၍ ကိုယ်ကို ထိန်းထားရသည်။

"ပြီးတော့ တစ်ခုရှိသေးတယ် အမေရဲ့"

"ဟင်"

"ကျွန်တော် မွန်မွန့်ကိုဘဲ ယူမယ်"

"ဟယ်"

"အခုတော့ မဟုတ်သေးပါဘူး၊ ကျွန်တော်ယူမယ့် မိန်းကလေးဟာ နန်းစောမွန်ဘဲဖြစ်ရမယ်၊ သူက သားကို သိပ်ပြီး ချစ်ရှာ၊ အနစ်နာခံရှာတဲ့ မိန်းကလေးပါ၊ ပြီးတော့ ကိုယ်နဲ့ကတန်းတူ၊ အဆင့်တူ၊ သဘာဝတူ၊ ဘဝတူ . . . .

ကျောင်းကိုလည်း မန္တလေးကနေ လားရှိုးကောလိပ်ပဲ ပြန်ပြောင်းတော့မယ်အမေ၊ မိုမိုနဲ့ဆက်နေဖို့ မသင့်တော့ဘူးလေ"

နန်းခမ်းမိုမှာ အခန်းဝမှနေ၍ သူ့ အိပ်ခန်းကို ရောက်





အောင် ပင်ပန်းခြင်းကြီးစွာ ကြိုးစား၍ လှမ်းလာခဲ့ရသည်။

မောင်မောင့်အတွေးတို့သည် သင့်မြတ်မှန်ကန်လှပါပေသည်။

သူ မတွေးခဲ့မိသော"သူ့ကြောင့်"ဆိုသည့် အသိကြောင့် ကျွမ်းပြီးသား ရင်မှာ မြေမြေဆွေးကြွေခဲ့ရပါပြီ။

နန်းခမ်းမို မောင်မောင့်ကိုမချစ်ပါ။ လက်မထပ်လိုပါ။

သို့သော်လည်း ဤမိသားစုကို တွယ်တာလွန်းသည့်စိတ်၊ သံယောဇဉ်ကြီးလွန်းသည့်စိတ်ဖြင့် အမေစီစဉ်ပေးလျှင် နာခံဖြစ်မည်ထင်သည်။

"ဩော် . . တကယ်တော့ သွေးမစပ်သော သံယောဇဉ်သည် ခိုင်မြဲခြင်းမရှိပါလားကွယ်"

မောင်မောင့်ကို မောင်လေးအရင်းတစ်ယောက်လို သူချစ်နေပါလျက် . . . မောင်မောင်က ဖြစ်သင့်ဖြစ်ထိုက်သော အတွေးများကို တွေးတောဆောင်ရွက်နေချေပြီ။

သံယောဇဉ်နွံမှ ရုန်းထွက်ကွေ့ရှောင်ကာ လူ့လောက၏ သဘာဝလမ်းဖြောင့်ဖြောင့်အတိုင်း လျှောက်သွားရင်း ပြောကြားခဲ့သော မောင်မောင်၏ စကားများက . . .

"သူ့ဘဝနဲ့သူပဲရှိပါစေ"

"သူ ပြန်ပါစေတော့လေ"

"အမေ တားမနေပါနဲ့" . . တဲ့။

✦



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၄၆)

ကိုကိုရေ . . .

မောရှမ်းမြေရဲ့ နွေသင်္ကေတဖြစ်တဲ့ ခရမ်းပြာတွေ ပင်လုံးပွင့်ဝေနေကြတယ်။

ပင်စည်အခြေ၊ မြေပြင်အထက်မှာလည်း ကြွေလွင့်ပြန့်ကျဲလို့ရယ်။

မောရှမ်းမြေတို့ရဲ့ ရွှေလီချိုင့်ဝှမ်းကို အခုတစ်ခါ ခွဲခွာခဲ့ရတာဟာ ထာဝရစွန့်လွှတ်ခြင်းအဖြစ်နဲ့ ခွဲခွာခဲ့ရတာမို့ . . .

အချစ်ရေ . . . ကိုကိုရဲ့ . . .

ဒီလို နာကျင်ကြေကွဲမှုများနဲ့ ထာဝရခွဲကြရလိမ့်မယ်လို့ ဘယ်တုန်းကမှ ညီမလေးမတွေးထင်ခဲ့ပါဘူးရှင်။

အခုတော့ကွယ် . . .

ကိုကို့ကိုလည်း ထားခဲ့ရပြီ။





မောင်မောင်ကလည်း စွန့်ခွာသွားပြီ။

ခမ်းမိုကို ဘာမှ မပြောကြပေမယ့် . .

ကိုကိုသေဆုံးရတာ ခမ်းမိုချမ်းသာလာလို့ဆိုပြီး ခံယူနေကြတယ်နော်။

ကိုကို့ကိုလွမ်းလွန်းလို့ ရွှေလီချိုင့်ဝှမ်းကို ပြန်လာချင်ရင်တောင်မှ ခွင့်ပြုချင်ကြပါတော့မလား။

ကိုကိုရယ် . . စိန်ပန်းပြာပင်အောက်၊ အုတ်ဂူဖြူဖြူလေးထဲက "ကိုကိုရဲ့ ရုပ်ကြွင်း"နဲ့အတူ ညီမလေးရဲ့ အချစ်အားလုံးနဲ့ ဘဝတစ်ခုလုံးကို မြှုပ်နှံထားရစ်ခဲ့ပါပြီဆိုတာ ကိုကိုယုံကြည်ပါနော်။

ဆုံးရှုံးခြင်းများစွာကို ဆောင်ကျဉ်းလာရခဲ့တဲ့ညီမလေးရဲ့ အပြန်လမ်းမှာလေ . . . .

ကိုကိုရေ . . .

ညီမလေးနဲ့ ကိုကိုတို့အချစ်ရဲ့ သင်္ကေတဖြစ်တဲ့ ခရမ်းပြာပွင့်လေးတွေပြန့်ကျဲလို့ နေကြပါတယ်။

အဲ့ဒါတွေကို ခရမ်းပြာပွင့်ကြွေလေးတွေလို့ မမြင်နိုင်တော့ပါဘူး။ ညီမလေးရဲ့ရင်ထဲက နှလုံးသည်းပွတ် အပိုင်းအစလေးတွေ ပြန့်ကျဲနေတာပါလို့ ထင်မိပါတယ် အချစ်ရယ်။

ကိုကို့ကို ဘယ်သောအခါမှ ပြန်လည်ဆုံတွေ့ခွင့်မရတော့ဘူးဆိုတဲ့ အသိတွေနဲ့ ရွှေလီချိုင့်ဝှမ်းမြေကို အပြီးတိုင်



www.burmeseclassic.com

www.burmeseclassic.com



စွန့်လွှတ်ခွဲခွာလာခဲ့ရတဲ့ ညီမလေးရဲ့ ရင်ထဲမှာတော့ . . . ကိုကိုရယ် . . . . . .

* * *

ပြီးပါပြီ

ကလျာ(ဝိဇ္ဇာ-သိပ္ပံ)

၁၄-၅-၁၉၈၅



# ကျေးဇူးမှတ်တမ်း

ဤဇာတ်လမ်း ရေးသားနိုင်ရန်အတွက် မူဆယ်-နမ့်ခမ်း ခရီးသို့ သွားရောက်ခွင့်ရရန် ရှေ့ဦးကူညီသူ "စာရေးဆရာ တင်သွန်းဦး" နှင့် . . . .

"လားရှိုးမြို့မှ တပ်မတော်အရာရှိများ"၊ နမ့်ခမ်း မြို့မှ သမိုင်းကြောင်းအထောက်အထားများကို ကူညီကျေးဇူးပြုသူ "ဦးစိုင်းဘိုးကျော်နှင့် မိသားစု"၊ "ကောင်စီရုံးမှ ဌာနဆိုင်ရာ ပုဂ္ဂိုလ်များ"၊ "နမ့်ခမ်းဆေးရုံဝန်ထမ်းများ"နှင့် . . .

မူဆယ်မြို့တွင် နေထိုင်စဉ်အတွင်း အစစအရာရာ အကူအညီပေးခဲ့ကြသော "ဦးကိုကိုလေး"၊ "ဦးကြည်မြင့်"၊ "ဦးညွှန့်ရွှေ"၊ "ဒေါက်တာကြည်စိုးနှင့် ဒေါက်တာ ကြည်အေးဆွေ တို့ ဇနီးမောင်နှံ" တို့နှင့်အတူ . . .

သွားလေရာ နေရာတိုင်းသို့ အတူတကွလိုက်ပါ ပို့ဆောင်ပြီး၊ တည်းခိုခွင့်ပြုခဲ့သော "နန်းခမ်းမြ" သူ၏သူငယ်ချင်း "နန်းထွေးကြည်" တို့အပြင် . . .

www.burmeseclassic.com

www.burmeseclassic.com

တစ်စုံတစ်ယောက်မှ အသိမရှိပါပဲနှင့် အရဲစွန့်၍သွားခဲ့ရသော ဤခရီးစဉ်တလျှောက်မှာ လိုက်လှဲ့ စွာကြိုဆို၍ စေတနာအပြည့်ဖြင့် အကူညီပေးခဲ့ကြသော "မောရှမ်းမြေမှ ချစ်မိတ်ဆွေအပေါင်း"တို့အား

ထာဝရလှိုက်လှဲစွာ ကျေးဇူးတင်ရှိနေပါကြောင်း မှတ်တမ်းပြုအပ်ပါသည်။

ကလျာ(ဝိဇ္ဇာ-သိပ္ပံ)

www.burmeseclassic.com